http://www.dhammadownload.com




ကျေးဇူးတော်ရှင်

မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

## တရားတော်

အမှတ်စဉ် ၅

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမ္ဘာတလွှားရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင်ဓာတ်အစဉ်၊

အမရပူရမြို့၊ မင်္ဂလာတိုက်တောင်း၊ မိုးကုတ်ဆရာတော်ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း၊ ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင်းနာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျှော်။ ဖြဟ္မာ သိကြား၊ စသည်များက၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုဲမြော်။

(လင်္ကာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မဟာထေရ်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့–ဦးချစ်ဆွေမှမှာရှိ၍

ဟောကြားတော်မူသော

(ခန္ဓာညဏ်ရောက်)

# ဝိပဿနာလုပ်ငန်းစဉ်

# ပဋိစ္စသမုပ္ပါဒ်တရားတော်

အမှတ်စဉ် (၅)

ပညာ့ဂုဏ်ရည်(၁) နဝမအကြိမ်

http://www.dhammadownload.com

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုပွားနည်း

**အပြင်ဧည့်သည် ၆-ယောက်**

၁။ မြန်စိတ်
၂။ ကြွားစိတ်
၃။ နုံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

**အတွင်းဧည့်သည် ၅-ယောက်**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

**အိမ်သည်စိတ် ၂-ခု**

၁။ လောကီထုတ်သောစိတ်
၂။ လောကီသွင်းသောစိတ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုဘက်သော တရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။
အိမ်သည် မရှိပါက အပြင်ဧည့်သည်၊ အတွင်းဧည့်သည် ပေါ်ရာကို ရှုပါ။
ဧည့်သည် မရှိပါက အိမ်သည်ကို အမြဲရှုပါ။

http://www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။
စည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။
ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်
(၁၀/၉၅) (၈)
စာအုပ်မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
(၂၆/၉၅) (၈)
အကြိမ် — နဝမအကြိမ်
အုပ်ရေ — ၁၀၀၀
ခုနှစ် — ၁၉၉၅-ခု၊ အောက်တိုဘာလ
တန်ဖိုး — ၁၂၅ ကျပ်
အဖုံးဓာတ်ပုံ ပုံနှိပ်ခြင်း
ပညာ့ဂုဏ်ရည်ပုံနှိပ်တိုက်
အတွင်းစာသားပုံနှိပ်ခြင်း။ ဦးစံကြည် (မြဲ - ၀၃၁၈၈)
ပညာ့ဂုဏ်ရည် ပုံနှိပ်တိုက်၊
အမှတ် ၄၅၅၊ ကောလိယလမ်း၊
၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ရန်ကုန်မြို့။
ထုတ်ဝေသူ။ ။ ဦးအောင်ချို (မြဲ-၀၈၃၁)
မိုးကုတ် ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဝိပဿနာလုပ်သင့်ကြောင်း တိုက်တွန်းခြင်း တရားတော် | ၁၃ |
| ၂။ | အချိန် မဖြုန်းသင့်ကြောင်း တိုက်တွန်းခြင်း တရားတော် | ၆၈ |
| ၃။ | ဝေဒနာ နုပဿနာ ရှုနည်း အလုပ်ပေး တရားတော် | ၁၂၉ |
| ၄။ | အဖုံးငါးပါးဖွင့်နည်း ။ | ၁၇၉ |
| ၅။ | သမ္မသန ။ | ၂၂၉ |
| ၆။ | မင်ဉာဏ်သို့ကူးပြောင်းပုံ ။ | ၂၈၀ |
| ၇။ | ကိုယ့်ခန္ဓာကိုယ်သုံးသပ်ပုံ ။ | ၃၃၅ |
| ၈။ | ပဗ္ဗတူပမသုတ် ။ | ၃၈၀ |
| ၉။ | ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည် ။ | ၄၄၃ |
| ၁၀။ | ခန္ဓာဝန်ထမ်း ခရီးကြမ်းသွားရပုံ ။ | ၄၈၅ |
| ၁၁။ | အဓိပတိထား၍ အားထုတ်ရမည် ။ | ၅၄၆ |
| ၁၂။ | တရားနာနည်း နိဿရည်း ။ | ၅၈၉ |

http://www.dhammadownload.com

(၁) သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျှော်စွာကျင့်။
မဂ်ဖိုလ်ခွင့်၊ ရလိမ့်ဧကန်သာ။

(၂) ဖြစ်ပျက်သမ္မာ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။

(၃) ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။

(၄) ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။

(၅) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

(၆) ယုံကြည်ကျန်းမာ၊ ဖြောင့်မှန်စွာနှင့်၊ ခန္ဓာနာမ်ရုပ်၊
ဖြစ်ချုပ်ဉာဏ်မြင်၊ ကျွေါးဆင်၊ မှန်ပင်မဂ်ရကြောင်း။

http://www.dhammadownload.com

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓံ

၁။ ကျေးဇူးတော်ရှင်-မိုးကုတ်ဆရာတော်ဘုရားကြီးသည် ၁၃၂၂-ခုနှစ်အတွင်း ဆောင်းရာသီ၌ မန္တလေးမြို့တွင်(၂)လနီးပါး တရားဟောတော်မူခဲ့ရာ ပရိသတ်များ အလွန်ပင် စည်ကားလှပါသည်။ ညစဉ် မရိသတ် ၅၀၀၀-ကျော် ၆၀၀၀ လာရောက် နာကြားကြပါသည်၊ ဤကဲ့သို့ ဟောကြားတော်မူခဲ့သော တရားများကို စာအုပ်အဖြစ်သို့ အမှတ်စဉ်(၃)မှ စ၍ အမှတ်စဉ်(၆)အထိ ဖြန့်ဖြူးရန် အစီအစဉ်ရှိခဲ့သည့် အတိုင်း ယခု အမှတ်စဉ်(၅)ကိုလည်း ရန်ကုန်မြို့ရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ကြီးက ဓမ္မဒါန ပြုလုပ်လျက် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ရာ စက္ကူ အခက်အခဲ အမျိုးမျိုးနှင့် တွေ့ရပါသော်လည်း ဆရာတော်ကြီးက ဤမျှ ဝေနေယျတို့ အပေါ်၌ ဆောင်ရွက်ပြီး သယ်ယူကယ်ဆောင် ပို့ဆောင်တော်မူခဲ့သည်များကို ကိုယ်တိုင် နာကြားရသလို ဖြစ်ပါစေဟူသော အဖွဲ့ကြီး၏ ရည်ရွယ်ချက်ဖြင့် ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



၂။ ဆရာတော်ကြီး၏ ဆန္ဒတော်မှာ ၇-ရက် သားသမီး အားလုံးတို့အား တရား နာနိုင်ကြပါစေ၊ နာသည့်အတိုင်း နားလည်ကြပါစေ၊ နားလည်သည့်အတိုင်း ခန္ဓာဉာဏ်ရောက် တရား အားထုတ်နိုင်ကြပါစေ-ဆိုသည့် စေတနာ မေတ္တာကို ရှေ့ထား၍ ကြီးမားလှသော ကရုဏာတရားဖြင့် ဟောကြား ဆုံးမတော်မူခဲ့ခြင်းဖြစ်ရာ ဤတရားစာအုပ် ဖတ်ရှုသူတိုင်း၊ အား စာဖတ်ရင်း ခန္ဓာဉာဏ် လှည့်ထားပါမှ ခန္ဓာအရှိကို ဉာဏ်နှင့် မှီအောင် နှလုံးသွင်းနိုင်ကြပါမည်။

ဆရာတော်သည် စာအရှိကို အဓိက မထားမူ၍ ခန္ဓာအရှိကို ဖြစ်စဉ်ကိုက် ဟောပြောဆုံးမခြင်းဖြစ်ရာ မိမိ သန္တာန်မှာ ရုပ် နာမ် နှစ်ပါးမျှသာ ရှိသည်။ ၎င်း ရုပ်နာမ် နှစ်ပါးကလည်း ဖြစ်ပြီးပျက်သည့် တရားများသာ ကြာနိမ့်ချ ဖြစ်တယ်ဆိုဘာ ခန္ဓာဉာဏ်ရောက် ဟောပြောတော်မူခြင်း၊ ဖြစ်၍ ခန္ဓာကို ဉာဏ် နှင့် လှည့်ဖြစ်အောင် လှည့်ကြပါရန် တိုက်တွန်းပါသည်။

၃။ ဆရာတော်ကြီးသည် ရံဖန်ရံခါ သံဝေဂဉာဏ် ရမှုကို ရှေးရှုပြီး ဟောတော်မူသဖြင့် အနည်းငယ် ကြမ်းသည်ဟု ထင် ချင် ထင်ကြပေလိမ့်မည်။ ဒကာရင်း ဆရာရင်းပီပီ ဟောတော် မူခြင်းဖြစ်၍ ဒကာဒကာမများ အလိုကို နည်းနည်းမှ မလိုက်ဘဲ မညာမဘောက် ဩတ္တပ္ပ သံဝေဂမှ စ၍ ဓမ္မသံဝေဂအထိ ရစေခြင်းငှာ ဟောတော်မူခြင်းဖြစ်သည်ဟု နားလည်တော်မူ ကြရန် ဖြစ်ပါသည်။ ဤမျှ သံဝေဂဖြစ်အောင် ဟောတော် မူသည်ကိုပင် အိမ်အရောက် ပါကြသူများ အရေအတွက်များ ချင်မှ များပေလိမ့်မည်။

http://www.dhammadownload.com



၄။ ဆရာတော်ကြီးသည် ဒသာဒကာ၊မတို့အား တစ်ဘဝ တည်းနှင့် ကိစ္စပြီးစီးအောင်အထိ အတော်ပင် အပင်ပန်းခံကာ ဆယ်ယူကယ်တင် ပို့ဆောင်တော်မူရှာပါသည်။ မိမိဘက်မှ လိုသေးမရှိရအောင် ကယ်တင် ပို့ဆောင်တော်မူပါသော် လည်း ဒကာဒကာမတွေဘက်က လိုနေကြသေး၍သာဟု ဆိုရ ပေလိမ့်မည်။

ဆရာတော်ကြီးသည် သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် တကျောခိုင်းသမျှ တကျောကျွန် အဖြစ်နှင့် အချိန်တွေ ဖြုန်းတီး နေခြင်းကို အထူးကဲ့ရဲ့တော် မူခဲ့ပါသည်၊ ဆုံးမတော် မူခဲ့ပါ သည်။ သား၊မယားခြေရင်း တကျောကျွန် အဖြစ်နှင့် ခေါင်း စင်းပြီးသေတဲ့လောက် အရုပ်ဆိုးတာ မရှိဘူးဟု စာရေးသူ အား မကြာခဏ ဆုံးမတော်မူခဲ့ပါသည်။

ဤသို့ပြောဆို ဆုံးမခြင်းအားဖြင့် ဆရာတော်သည် စီးပွား ရေးအလုပ် မလုပ်ရဘူးဟူ၍ မဆိုလိုပါ။ မိမိကိစ္စကို ရှေ့ထားပါ။ သားသမီးရေး၊ စီးပွားရေး နောက်ထားပါဟူ၍ ဆိုလိုချင်း ဖြစ်ပါသည်။ မိမိတို့၏ အပါယ်ဘေးကို စိတ်ချရအောင် အလျင် လုပ်ပါဦး၊ အပါယ်စိတ်ချရသည့်အခါ သားရေး၊ သမီးရေး၊ စီးပွားရေးကို လုပ်ပါဟု အထူးသတိပေးတော်မူပါသည်။

၅၊ လူတိုင်း လူတိုင်းဆိုသလို အခွင့်သာလျှင် အပါယ် အကျိုးပေးမည် ဆိုတဲ့ ကံတွေ အနန္တက နောက်ကျောက တန်းလန်းကြီး ပါနေတော့ ဒါန၊ သီလ၊ သမထအစွမ်းကြောင့် နတ်ပြည်၊ ဗြဟ္မာပြည် အကျိုးပေးပြန်ယင်လဲ အထက်မြောက် လိုက်ထဲ့ ခဲလုံးပမာ အချိန်သေတော့ ပြန်ကျပြန်ပါသေးတယ်

http://www.dhammadownload.com



ဆိုတာ အားလုံး သိရှိတော်မူကြပြီးဖြစ်သည့်အတိုင်း အပါယ်ဘေးကို စိတ်ချရလောက်အောင် ပထမအဆင့်အနေနှင့် ကြိုးစားတော်မူကြစေလိုပါသည်။

၆။ ဆရာတော်ကြီးက 'အပါယ်အကျိုးပေးနိုင်တဲ့ ကံတွေ အနန္တရှိတယ်ကွ၊ ဒါကို ဝိပဿနာ တည်းဟူသော ဆား တစ်လျက်နဲ့ ကြေပါတယ်ကွာ၊ လုပ်ကြစမ်းပါဟု' များစွာ တိုက်တွန်းတော်မူသည့်အတိုင်း နည်းလမ်းမှန်သော ဝိပဿနာ တရားကို ရှာဖွေစိစစ်တော်မူကြပြီးလျှင် ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် အစရှိသော ဗုဒ္ဓဘာသာ အခြေခံတရားကို နားလည်အောင် လေ့လာအားထုတ်ပြီးလျှင် သတိပဋ္ဌာန် (၄) ပါးတွင် မိမိ သန်ရာ အနုပဿနာ တစ်ပါးပါးဖြင့် ရုပ်ဆိုလျှင် ရုပ်၏ဖြစ်ပျက်၊ ဝေဒနာဆိုလျှင် ဝေဒနာတို့၏ ဖြစ်ပေါ်ပြီး ပျက်ပျက်သွားတာ၊ စိတ်ဆိုလျှင် ပေါ်လာတဲ့စိတ်တွေ ပေါ်ပေါ်ပြီး ပျက်ပျက်သွားတာတွေကို ပထမမြင်အောင်ရှုပါ။ နောက် ပြန်ပေါ်ပြီး ပျက်ပျက်သွားသည့် တရားတွေကို မုန်းလာသည်အထိ၊ ငြီးငွေ့လာသည်အထိ ကြိုးစား၍ရှုပါ။ နောက် ဖြစ်ပျက်တွေ ဆုံးသွားသည်အထိ ရှုပါဟု တိုက်တွန်းပါသည်။

၇။ ထို့ကြောင့် ဆရာတော်ကြီးက ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှုဟု ဟောကြားဆုံးမတော်မူခဲ့ပါသည်။

http://www.dhammadownload.com



ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဥ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊
ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

အထက်ပါ လင်္ကာကလေးကိုလည်း နှုတ်ငုံဆောင်ထား လျှင် ကောင်းပါမည်။ ရှင်းပြင် ဆရာတော်ကြီး ဟောခဲ့တဲ့ အောက်ပါ လင်္ကာကလေး တစ်ပုဒ်ကိုလည်း ဤနေရာတွင် ဖော်ပြလိုပါသည်။ အားထုတ်မည့် ယောဂီများအတွက် သင့် လျော်ပါသည်။

ယုံကြည် ကျွန်းမာ၊ ဖြောင့်မှန်စွာနှင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့် ရုပ်ကို၊
ဖြစ်ချုပ်သိမြင်၊ ဤငါးအင်၊
မှန်ပင် မဂ်ရကြောင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံခဲ့လျှင် အမှန်ပင် မဂ်ရနိုင်သည် ဆိုတာယုံယုံကြည်ကြည်နှင့်ခန္ဓာငါးပါးပေါ်၌ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတင်၍ (ဝါ) ဖြစ်ပျက်တွေ့ မြင်လာအောင် အားထုတ်လျှင် အမှန် မဂ်ရသည်ဟု ယုံကြည် စွာနှင့် အားထုတ်ကြပါဟု တိုက်တွန်းပါသည်။ တစ်စတစ်စ နှင့် ဖြည်းဖြည်းမှ အားထုတ်ရတာပေါ့ဆိုတဲ့ဟာမျိုးမှာတော့ ဝေးပါသေးရဲ့ဟု ဆရာတော်ကြီးက မကြာခဏ ဆုံးမတော် မူခဲ့ပါသည်။

၈။ ပထမ မဂ်သည် သိပ်အရေးကြီးပါသည်။ ပထမ မဂ် ကို ပေါက်မြောက်အောင် အားထုတ်ထားပြီးနောက် မိမိတို့

# နိဒါန်း

သားရေး၊ သမီးရေး၊ စီးပွားရေး စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါသည်။ ပထမ မဂ် အောင်မြင်ခြင်းသို့ရောက်မှသာ အပါယ်ဒုဂ္ဂတိဘေးက လွတ်မြောက်ကြမည်ဖြစ်ပါသောကြောင့် သောတာပတ္တိမဂ် ရတဲ့သူသည် သိကြားမင်း၊ ဗြဟ္မာမင်း၊ စကြဝတေးမင်းတို့၏ အဖြစ်ကို ရတာထက်ပို၍မြတ်သည်ဟု ဘုရားရှင်က ဟောကြား ထားခဲ့ပါသည်။ အဘယ့်ကြောင့် ဆိုသော် သိကြားမင်း၊ ဗြဟ္မာမင်း၊ စကြဝတေးမင်း အဖြစ်ဆိုတာ ဝိနိပါတဘေးက မလွတ်ကြသုန်သေးသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဝိပဿနာ နည်းမှန် နည်းစစ်များကို သေသေချာချာစုံစမ်းပြီးလျှင် မိမိတို့ကိုယ်ကို မိမိဘို့ ကယ်တင်တဲ့အလုပ်ကိုဖြင့် လုပ်ကြပြီးလျှင် သံသရာခရီးသည် အမြုပ်သမား၊ အမျောသမားဘဝမှ အဆန်သမားဘဝသို့ ရောက်အောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဦးသံဒိုင်
(၂၃-၃-၆၄)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊

မန္တလေးမြို့၊ ဦးချစ်ဆွေမမွှာရုံ၌

ဟောကြားတော်မူသော

(အိုဘေးမစောင့်ဘဲ ဝိပဿနာ လုပ်သင့်ကြောင်း)

# တိုက်တွန်းခြင်း တရားတော်

(၂၅-၂-၆၁)

ဒကာ ဒကာမတွေ အိုဘေး၊ နာဘေး စောင့်နေကြတာနဲ့ တူလွန်းလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အနာဂတ် ဘေးတွေကို ဟောလိုက်ပါတယ်လို့ မှတ်ရမယ်နော်.... (မှန်လှပါဘုရား)။

ဝိပဿနာအလုပ် အားမထုတ်မိ ရှေ့အဖို့ကာလ၌ ဒကာ ဒကာမတွေ ဝိပဿနာများ အားမထုတ်ဘဲ နေခဲ့ကြသည် ရှိသော်၊ (သို့မဟုတ်) လုံ့လစိုက်ပြီးသကာလ လုပ်ရမည့် အလုပ်ကို မလုပ်ဘဲနေခဲ့ကြသည်ရှိသော် ဒီဒကာ ဒကာမတွေ

ဘာဖြစ်နေကြပါလိမ့်မလဲလို့ ဘုရားက သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါကျ လို့ရှိယင်ဖြင့် လုပ်သင့်တာ မလုပ်ဘဲနဲ့ မလုပ်သင့်တာ လုပ်နေကြလို့ ရှိယင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘေးတွေစောင့်ပြီးသကာလ ဘေး လွတ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဘေးစောင့်နေတဲ့အလုပ်နဲ့ အမြဲတမ်း လုပ်နေပါကလားလို့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ 'ပဉ္စက နိပါတ် အင်္ဂုတ္တိုရ်'မှာ မြင်တော်မူတယ်လို့ မှတ်ရမယ်နော်.... (မှန်ပါဘုရား)။

ဒကာ ဒကာမတွေ သူ့ဘော်ကောင်းအလုပ် မလုပ်ဘဲနဲ့ သားရေး၊ သမီးရေး စီးပွားရေးနဲ့ အချိန်ကုန် နေကြတာ သည် ဘေးစောင့်နေတာလို့ ဘုရားက မြင်တော်မူတယ်-(မှန်လှပါဘုရား)။

သူတော်ကောင်းအလုပ် မလုပ်ဘဲနဲ့ ဒကာ ဒကာမတွေ သည် သားရေး၊ သမီးရေး၊ စီးပွားရေး တကာ ခိုင်းဘာနဲ့ အချိန်တွေကုန်ပြီး သကာလ နေကြလို့ရှိယင်ဖြင့် ဒီဒကာ ဒကာမတွေ ဘာလုပ်နေကြတာတုံးမေးယင် ဘယ့်နှယ်ဖြေကြ ပါမလဲ ...(ဘေးစောင့်နေကြတာပါဘုရား)။

ဘေးစောင့်နေတာလို့ မှတ်ပါ၊ ဘေးဆိုတာ စောင့်ရမှာ လား ဒကာဒကာမတို့၊ မတွေ့ခင်ကဘဲ ကိုယ့်ကိစ္စပြီးအောင် လုပ်ထားနှင့်ရမှာလား....(မတွေ့ခင်ကဘဲ ကိုယ့်ကိစ္စပြီးအောင် လုပ်ထားရမှာပါဘုရား)။

မတွေ့ခင်က ကိုယ့်ကိစ္စပြီးအောင် လုပ်ထားရမှာကို ဘေး စောင့်နေတဲ့ ပုဂ္ဂိုလ်များဖြစ်ခဲ့လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ ဒကာ

http://www.dhammadownload.com



ဒကာမတွေ အမိုက်ဖြင့် ထမ်းကုန်နေပေါ့လို့ ဆိုယင် မလွဲဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဦးခင်မောင်တို့၊ ငါဘယ်အခြေအနေတွင်နေပါလိမ့်.... ငါ ဘာလုပ်နေပါလိမ့်.... ငါ လူဘကာလိုပဲလား.... ဘေးစောင့်နေတဲ့ ပုဂ္ဂိုလ်ထဲကပဲလား၊လို့ ရှေ့ပိုင်းမှာ ဒကာဒကာမတွေ မှတ်စရာကလေး၊ ဘုရားရှင်ကဟောလို့ ဝိရိယလျှော့နေမှာစိုးလို့ ဘုရားကဒဟာရှာတယ်၊ အမြင်အတိုင်းပြောတယ်လို့လဲ မှတ်ကြစမ်းပါ.... (မှန်လှပါဘုရား)။

ဒကာဒကာမတို့၊ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလိုရှိယင် ဘယ်အရောက်သွားနေသတုံးလို့ မေးလိုရှိယင်ဖြင့် ပဋိသန္ဓေနေကတည်းက အမိဝမ်းခေါင်းထဲက, ထွက်ကတည်းကစပြီး အိုဘေးရှိရာ ပြေးနေတယ်....(မှန်လှပါ)။

ဒီခန္ဓာကြီးဟာ ပဋိသန္ဓေနေပြီ ဘယ်အရောက် ပြေးပါလိမ့်-(အိုဘေးရှိရာ ပြေးပါ့ဘယ်ဘုရား)၊ဒါကြောင့် ၁-နံပါတ် အိုဘေးရှိရာ ပြေးတယ်....(မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီခန္ဓာကြီးဟာ သြော် .... သူ တာဝန်ဝတ္တရား ဘာများ အလုပ်လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အိုဘေးရှိရာ အရောက်ပြေးတာဟာ ခန္ဓာ့ဝတ္တရားလို့ဆိုယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

ခန္ဓာ့ဝတ္တရားဟာ ဘယ်များ အဆောက်သွားနေပါလိမ့်.... (အိုဘေးရှိရာ အရောက်သွားနေပါတယ်ဘုရား)၊ အိုဘေးရှိရာ အဆောက်သွားနေတယ် ဆိုတာဖြင့် ရှင်းကြ၊ လင်းကြလောက်ပါပြီ....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဝိသုဒ္ဓါကောင်းအလုပ် ကိုယ်ချမ်းသာဖို့အလုပ်၊ ကိုယ်နိဗ္ဗာန်ရောက်ဖို့အလုပ်၊ ကိုယ်ဒုက္ခသိမ်းတဲ့အလုပ်ဆိုတာ ဒကာဒကာမတို့၊ ဆံပင်ကောင်းတုန်း၊ သွားကောင်းတုန်း၊ အသားအရေကောင်းတုန်း၊ ဝေဒနာ အစ်းရှင်းတုန်း၊ လုပ်လိုက်ရမှသာလျှင် ခုနကပြောခဲ့တဲ့ ချမ်းသာအစစ်၊ချမ်းသာမှန်ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရနိုင်ပါတယ် .... (မှန်ပါဘုရား)။

အိုမှလုပ်မယ်ဆိုတော့ ဒကာသစ်တို့ ရဖို့ရာ လွယ်ကြပါ့မလွယ်.... (မလွယ်ပါဘုရား)၊ နို့....ခန္ဓာကိုယ်ကြီး တို့သည် ဖြည်းဖြည်းမှ လုပ်မဟော့....အသက်ကလေးကြီးမှပဲ၊အခုအချိန်တော့မြင့် သားကိစ္စ၊ သမီးကိစ္စ၊ ဆွေမျိုးကိစ္စ၊ ကိုယ့်ခန္ဓာကိုယ်ကိစ္စတွေနဲ့ နေရဦးမှာပဲလို့ ဆိုလို့ရှိယင် နည်းနည်းကလေးကြီးမှ ကြိုးစားရမယ်ဆိုတဲ့ ပုဂ္ဂိုလ်များသည် ကြိုးစားမယ် ပြောတာလား၊ အိုဘေးစောင့်တာလား.... (အိုဘေးစောင့်တာပါဘုရား)။

ဦးခင်မောင် ဘယ်စောင့်ပါလိမ့်.... (အိုဘေး စောင့်တာပါဘုရား)၊ ဒကာဒကာမတို့၊ အင်မတန် မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်ဘုရား)၊ နက်ဖြန် လုပ်မည့်လူတောင်မှ နက်ဖြန်ဟာ ယနေ့ထက် အိုတယ်ဆိုတာ သိပြီးသား ဖြစ်ပါလိမ့်မယ်....(မှန်ပါဘုရား)။

နက်ဖြန်မှ လုပ်မယ်ဆိုတာတောင်မှ နက်ဖြန် ပိုအိုတာ သေသေချာချာ သိရတဲ့အတွက် အိုဘေး စောင့်တဲ့ပါပဲ .... (မှန်ပါဘုရား)၊ ရှင်းကြပဲလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကဲ...ဒါဖြင့် စောင့်ကောင်းတာလား၊ အိုဘေးမလာခင် ကိစ္စပြီးအောင်လုပ်နိုင်တာ ကောင်းသလားဆိုတာလဲ ရွေးချယ်ကြပါ.... (မလာခင် ကိစ္စပြီးအောင်လုပ်တာ ကောင်းပါတယ်ဘုရား)၊ ဒါက ဒကာ-ဒကာမတွေ ဘုရားသခင်က ဆုံးမတာစနော်.... (မှန်ပါ့ဘုရား)။

ဘုရားသခင် ဆုံးမတာ မင်းတို့သည်ကား ဆိုလို့ရှိယင်ဖြင့် ဆံပင်ကောင်းတုန်း၊ သွားကောင်းတုန်း၊ အစာကျေကျက်တုန်း အားအင်ဗလ ရှိတုန်းကို လေးဆယ်၊ ငါးဆယ်အတွင်း မြန်မြန်ကြီး တစ်ခါတည်း အိုဘေး၊ နာဘေး၊ သေဘေး လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို အရယူဖို့အလုပ်ကို ဒီတစ်ခါတွင် တွေ့တော့မယ်၊ နောက်ဖြင့် အတွေ့အကြုံမရှိရအောင် ကြိုးစားပါတော့မယ်ဆိုတဲ့ စိတ်ထားရှိကြအောင် ဒကာဒကာမတွေ အိုဘေးစောင့်ပြီးသကာလ မနေဘဲနဲ့ မအိုခင် မြန်မြန်လုပ်ကြပါလို့ တိုက်တွန်းလိုက်တယ်.... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ်ကြီးက ဘယ်သွားနေလို့ ဒီလောက်ကာကွယ်နေရပူပါလိမ့်....(အိုဘေး၊ နာဘေး၊ သွားနေရပါတယ်ဘုရား)၊ပဋိသန္ဓေနေကတည်းက၊ အမိဝမ်းခေါင်းတွင်းက ထွက်ကတည်းက သူ ဘယ်ပြေးနေပါလိမ့်-(အိုဘေးရှိရာပြေးနေပါတယ်ဘုရား)။

အိုတဲ့ဆီ အမြဲ ပြေးပြီးသကာလ နေတော့ အိုမှ သူတော်ကောင်းအလုပ် လုပ်ပြီးသကာလ ဒုက္ခငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရှာပါတော့မယ်ဆိုတော့ သွားကမကောင်း၊ ခါးက မကောင်း၊ အစာက ကျေကျက်မှုမရှိ၊ အားအင်ချည့်နဲ့ အဲဒီ

http://www.dhammadownload.com



အချိန်ကျမှ တကယ်လိုရင်းအလုပ်ကြီး ရှာမယ်ဆိုလို့ တွေ့နိုင်ကြပါ့မလား....၊ (မတွေ့နိုင်ပါဘုရား)။

ဒါဖြင့် အလုပ်မလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များ အနာဂတ် ဖြစ်တဲ့ ဘဝကလေး စောင့်နေပါလိမ့်.... (အိုဘေးစောင့်နေပါတယ် ဘုရား)၊စောင့်ကောင်း....မစောင့်ကောင်း သတိထားပါဦး.... (မစောင့်ကောင်းပါဘုရား)၊ အားလုံးဒကာဒကာမတွေ စောင့်ကောင်းသလား၊ မစောင့်ကောင်းဘူးလား ဝေဖန်ကြပါဦး.... (မစောင့်ကောင်းပါဘုရား)။

မစောင့်ကောင်း လို့ရှိယင်ဖြင့် အိုဘေးမရောက်ခင်၊ သွားမကျိုးခင်၊ ဆံမဖြူခင်၊ အင်အားဗလ မချည့်နဲ့ခင် မြန်မြန်တစ်ခါတည်း ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်အောင်မရသေးတဲ့ ဓမ္မကြီး အရယူမယ်ဆိုတဲ့စိတ်နဲ့ မွေးပြီးသကာလကြိုးစားကြပါလို့၊မင်းတို့တွေ့ရမည့်ဘေးဟာ အိုဘေးဟာ ကောန်ရှိ၊ တကယ်ရှိ ဖြစ်နေလို့ မလွတ်တမ်း တွေ့မှာ ဖြစ်လို့ အိုဘေးမစောင့်ပါနဲ့၊ အခု လုပ်ပါလို့ တိုက်တွန်းလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

မတိုက်တွန်းသင့်ဘူးလား(တိုက်တွန်းသင့်ပါတယ်ဘုရား)၊ သားကလေး ကြီးမှ၊ သားကလေး လူလားမြောက်မှ၊ သားကလေး ပညာပြည့်စုံမှ၊ သူတို့တာန်းကုန်တော့မှပဲ ကြိုးစားမယ်ဆိုတဲ့ စိတ်သာထားမယ် ဆိုလို့ရှိယင်ဖြင့် အင်း....ဟင်.... အိုဘေးစောင့်တဲ့ အသံတွေကဲ တယ်ထွက်လာပါကလား.... ဦးခင်မောင်ရေ....(မှန်ပါ့)၊

http://www.dhammadownload.com



အိုဘေးစောင့်တော့ မယ်ဆိုတာနဲ့, ကိုယ့်ကိုယ်ကို အနစ်နာခံတော့မယ်ဆိုတာနဲ့ ဒိန္နစ်ချက်ဟာ တစ်သားတည်း မသွားဘူးလား.... (သွားပါတယ်ဘုရား)၊တယ်လဲဆိုးရွားပါကလား-(ဆိုးရွားပါတယ်ဘုရား)၊သူက မဆိုးရွားဘူးလား....၊(ဆိုးရွားပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဘေးဟာ ရှောင်ရမည့် ဘေးလား၊ စောင့်ရမည့်ဘေးလား....(ရှောင်ရမည့်ဘေးပါဘုရား)၊ ရှောင်ရမည့် ဘေးကို ဘာဖြစ်လို့ ဒီ ဒကာ ဒကာမတွေ စောင့်နေပါလိမ့်မတုံး မေးလို့ရှိယင်ဖြင့် တဏှာလှည့်စားမှုကို ခင်ဗျားတို့ ယောင်နေလို့ပဲ....(မှန်လှပါဘုရား)၊ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ,....၊(တဏှာလှည့်စားမှုကို ယောင်နေလို့ပါဘုရား)၊

တဏှာလှည့်စားမှုကို ယောင်တယ်၊ တဏှာက နင့်သားကလေး လူလားမမြောက်သေးဘူး၊ နင့်မောင်ကလေး လူလားမမြောက်သေးဘူး၊ နင်တို့ပဲ လုပ်ကိုင် ကျွေးနေရ သေးတာ၊ အဲဒီတော့ သူတို့ အခြေကလေး ကျတော့ သူတော်ကောင်းအလုပ်ကို ကိုယ်လုပ်တာပေါ့ ဆိုတဲ့ဥစ္စာ ဘယ်သူက ဝင်လှည့်လိုက်တာပါလိမ့်.... (တဏှာက ဝင်လှည့်လိုက်တာပါဘုရား)။

ဩြော်....ခင်ဗျားတို့က နဂိုက အဝိဇ္ဇာတဏှာကြောင့် ဒုက္ခရောက်နေတာ သိလျက်သားနဲ့ သူလှည့်စားတာ နောက်တစ်ခါ ခံပြန်တယ်ဆိုတော့ ဒကာ ဒကာမတို့ တစ်ခါမိုက်လား၊ နှစ်ခါမိုက်လားဆိုတဲ့ မေးခွန်းဟာ ပေါ်လာတယ်....(မှန်လှပါဘုရား)၊

http://www.dhammadownload.com



ဘယ်လိုဖြေကြမယ်.... (နှစ်ခါမိုက်ပါဘုရား)၊ နှစ်ခါမိုက်ဖြစ်နေတယ်ဆိုတာ ဆေချာပလား-(သေချာပါတယ်ဘုရား)။ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကတဲ့....တကျော့လှည့်စားတာ မခံနိုင်ကြဘဲ ဖြစ်ပြီးသကာလ နေထောကြောင့် အချိန်တွေကုန်ပြီး အိုဘေးစောင့်နေတဲ့ အလုပ်ကြီး မစောင့်ချင်ဘဲနဲ့ စောင့်နေတယ်ဆိုလို့ရှိယင်လဲ လွဲပါ့မလား....(မလွဲပါဘုရား)၊ တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

ဒကာဒကာမတို့ ရိပ်မိကြပလား....၊ (ရိပ်မိပါပြီဘုရား)။ ဦးဇံရင်တို့ .... ဘာစောင့်နေတုံးဆိုယင်....(အိုဘေးစောင့်နေပါတယ်ဘုရား)၊ ဩြော်....အိုဘေးဆိုတာ ဒကာဒကာမတို့ တွေ့ကောင်းတဲ့အလုပ်လား....ဇရာပိ ဒုက္ခသစ္စာလို့ ဘုရားက ဟောခဲ့လျက်သားနဲ့ ခင်ဗျားတို့က ဒါကိုစောင့်ပြီးတွေ့ချင်လို့ဆိုတော့ မိတ်ဆွေကောင်းမို့ တွေ့ချင်တာလား....မိတ်ဆွေဆိုးမို့ တွေ့ချင်တာလား....(မိတ်ဆွေဆိုးပါဘုရား)။

အဲဒီတော့ မိတ်ဆွေဆိုးမှန်း မသိလို့ တွေ့ချင်တဲ့ အဓိပ္ပာယ်မရောက်ဘူးလား-(ရောက်ပါတယ်ဘုရား)၊ အဲဒီတော့ ဇရာပိ-ဒုက္ခသစ္စာဆိုတာ ဒကာဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနှင့်တကွ တကယ့်အမြင်ကျယ်တဲ့ပုဂ္ဂိုလ်တွေ ရှောင်သွားတဲ့လမ်းပါဇလား.... (မှန်ပါ)၊ ခင်ဗျားတို့က စောင့်ပြီးအတွေ့ယူကြမယ်ဆိုတော့ ကိုယ်ကျိုးမနည်းသေးဘူးလား.... (နည်းပါတယ်ဘုရား)။

စီနေ့ဆစပြီး သကာလ တစ်ခါတည်း အိမ်ကျတော့ ဆရာဘုန်းကြီး ဆုံးမတဲ့အတိုင်း ဟုတ်လား....ခုနက တကျော့ကနေပြီး

http://www.dhammadownload.com



သကာလ သားကလေး လူလားမြောက် သမီးကလေး နေရာချထားရေး အစရှိသဖြင့် မင်းလှည့်စားတာသည် ငါ့ကို အိုဘေး အစောင့်ခိုင်းတာ။

တော်ပြီ မင်းညာတာ မင်းလိမ်တာ များလှပြီ၊ ငါ့အလုပ် ငါလုပ်တော့မယ်၊ အိုဘေး နာဘေး ရှောင်တဲ့ အလုပ်လုပ်ပါ တော့မယ်ဆိုပြီးသကာလ အဘင်းဇွတ် တွန်းလှန်ပြီး ကိုယ့် အလုပ် ကိုယ်လုပ်ရစ်ပါ.... (မှန်ပါ)၊ ဝိပဿနာအလုပ်ကို လုပ်ဖစ်ကြပါနော် ... (မှန်လှပါဘုရား)။

စောင့်တော့ စောင့်တာ ဆိုးဆိုးပါဆိုဘာ သချာကြပ လေး.... (သေချာပါတယ်ဘုရား)၊ အိုဘေးဟာ ဘာပါလိမ့် ဒကာ ဒကာမတို့-(ဆိုးဆိုးပါဘုရား)၊ ဆိုးဆိုးစောင့်ထာနဲ့ မတူ ဘူးလားဗျာ.... (မှန်ပါဘုရား)၊ အဲ....ဆိုးဆိုးဟာ စောင့် ကောင်း မစောင့်ကောင်း သတိထားကြစမ်းပါ.... (မစောင့် ထောင်းပါဘုရား)၊ မစောင့်ကောင်းပါဘူး၊ ခင်ဗျားတို့က မိတ်ဆွေမှတ်ပြီးသကာလ စောင့်နေတာ အတော်မဆိုးရွားဘူး လား.... (ဆိုးရွားပါတယ်ဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖော် မပြောတော့လဲ မသိဘူး.... (မှန်ပါဘုရား)၊ ဦးခင်မောင် ဖော် မပြောတော့....(မသိပါဘုရား)၊ဒါကြောင့်ဘုရားက ဒါ-အနာဂ ဂတ်ဘေးကွ၊ မင်းတို့စောင့်နေတာ- (မှန်ပါ)၊ ဘယ့်နှယ်ဆိုကြ မလဲ.... (အနာဂတ်ဘေးပါဘုရား)။

အနာဂတ်ဘေးဆိုတာ ရှောင်လွဲသွားရမှာလား- ဒကာ ဒကာမတို့၊ ခင်ဗျားတို့ တွေ့ကြုံတာ ကောင်းသလား-ရှောင်

http://www.dhammadownload.com



လွှဲရတာ ကောင်းပါ့မလား....၊ (ရှောင်လွှဲရတာ ကောင်းပါတယ်ဘုရား)။

အဲ-ခန္ဓာကြီးက အမြဲသွားနေတော့ အနာဂတ်ဘေးတွေမှ၊ အိုဘေးကြီးတွေမှ ဒုက္ခဒုက္ခမတွေ့က အင်း.... ဟင်.... သူဌေးကောင်းအလုပ်-လုပ်မယ်၊ တကယ့်အဖိုးတန်တဲ့ မအို မသေ အမြဲနေတဲ့နိဗ္ဗာန်ကြီး အရယူမယ်ဆိုတော့ ကံမဲ့ဉာဏ်မဲ့တွေနဲ့ ကြိုးစားရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ.... 'ကံမဲ့ဉာဏ်မဲ့တွေနဲ့ ကြိုးစားရလိမ့်မယ်'၊ အံမာလေး.... ကံကောင်း၊ ဉာဏ်ကောင်းနဲ့တောင် အတော်ကြိုးစားယူရတာ အဝိဇ္ဇာထုက ထူလွန်းလို့ (မှန်ပါ့ဘုရား)၊ ကံမဲ့ ဉာဏ်မဲ့များ ကြိုးစားတော့မယ်ဆိုလို့ရှိယင် ဘုန်းကြီးတို့ ဒုက္ခဒုက္ခမတွေ့လဲ သေအောင်လုပ်မရတော့ပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကံကောင်း ဉာဏ်ကောင်းတုန်းကို အရယူကြပါဆိုတာ တိုက်တွန်းလိုက်ပါတယ်.... (မှန်လှပါဘုရား)၊ ဒါဖြင့် ယနေ့ ဝ-နံပါတ် ဘာကို မစောင့်နဲ့လို့ပြောပါလိမ့်....(အိုဘေးကို မစောင့်ပါနဲ့ဘုရား)။

ကိုင်း....အိုဘေးမစောင့်နဲ့ဆိုတဲ့ အိုဘေးမလာခင် မြန်မြန် ဝီရိယစိုက်ပြီး ကြိုးစားလိုက်ပါလို့ ဦးခင်မောင်ကြီး၊ ဦးဇံရှိန်တို့ကို တိုက်တွန်းတယ်....(မှန်လှပါဘုရား)၊ ကိုမြရွှေဆားတွေ သမီးတွေကြီးမှဆိုလို့ရှိယင် အိုဘေးစောင့်တာနဲ့ မတူဘူးလား။ (တူပါတယ်ဘုရား)။

http://www.dhammadownload.com



စောင့်သင့် မစောင့်သင့်-(မစောင့်သင့်ပါဘုရား)၊မစောင့်သင့်တာကြီး စောင့်ပြီးသကာလနေလို့ရှိယင် မပေါင်းကောင်းတာကြီး ပေါင်းချင်လို့ စောင့်နေတယ်၊ မတွေ့ကောင်းတာကြီး တွေ့ချင်လို့ စောင့်နေတယ်ဆိုတာလောက် အသိနည်းတာ ညဏ်မဲ့တာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

တယ်လဲ ဆိုးရွားပါကလား.... (ဆိုးရွားပါတယ်ဘုရား)၊ အင်မတန် ဆိုးရွားတယ်ဆိုတာ သဘောပါကြပလား....(ပါပါပြီဘုရား)၊ ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ယနေ့ကစပြီး သကာလ အိုဘေးမလာခင် ကိုယ့်အရေး သိအောင်လုပ်ပါ.... (မှန်ပါဘုရား)။

ဘာပါလိမ့်.... (အိုဘေးမလာခင် ကိုယ့်အရေးသိအောင် လုပ်ရပါမယ်)၊ အိုဘေးမလာခင် ကိုယ့်အရေးသိအောင် လုပ်လိုက်ကြပါဆိုတာကိုဖြင့် ဒကာဒကာမတွေ တွေ့ရမည့်ဘေးက သေချာနေလို့ ဘေးမလာခင် ပြီးအောင်လုပ်ထားနှင့်လို့ရှိယင်ဖြင့် ဘေးတွေ့ယင်လဲ အို....ဒီတစ်ခါ တွေ့တော့မယ်၊ နောက်ဖြင့် လွတ်ပဟ-ဆိုပြီး ဝမ်းမြောက်ပြီးသကာလ မနေရဘူးလား....(နေရပါတယ်ဘုရား)။

အဲ့ဒါကြောင့် အိုဘေးလဲ မစောင့်ကြပါနဲ့.... (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)၊ အကယ်၍ အခုအချိန်မှာ ဒကာဒကာမတွေက မလုပ်ပြန်ဘူးဆိုလို့ရှိယင်ဖြင့် သူတော်ကောင်းအလုပ်ကြီး၊အိုဘေး နာဘေး သေဘေးလွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကြီး မဂ်အလုပ်ကြီး မလုပ်ကြ

http://www.dhammadownload.com



ဘူးဆိုလို့ရှိယင်လဲ တစ်ခါနာသေးဆိလဲ ခန္ဓာက အရောက်ပြေး နေတော့ ဦးခင်မောင်-တွေ့ရဦးမှာပဲ....(မှန်လှပါဘုရား)။

ဒဏာဒဏာမတွေ့ ခန္ဓာက ဘယ်ပြေးနေသတုံး....(နာသေး ပြေးနေပါတယ်ဘုရား)၊ နာသေးဆိပြေးနေတယ်....(မှန်လှပါ ဘုရား)၊ပြေးနေတော့ သူကလဲသူ့ အလုပ်တော့ သူလုပ်မှာပဲ.... (မှန်ပါ)၊ ခင်ဗျားတို့က ဒီနာသေးလှည့်ရာဖြစ်တဲ့ အလုပ်ကို အစေခံကြီးက ကိုယ်ပိုင်ကိုယ်ဆိုင် ဖြစ်အောင် လုပ်ထားလို့ ရှိယင် ကိစ္စပြီးကြလိမ့်မယ်.... (မှန်ပါဘုရား)။

ဒါကြောင့် နာသေးကိုလဲ စောင့်နေဖို့ရာ ခင်ဗျားတို့ ဝတ္တရား ရှိပါရဲ့လား.... (မရှိပါဘုရား)၊ မရှိတဲ့အခါကျတော့ မောင်မြတို့ ကိုမြရွှေတို့....နာသေးမလာခင် ကိုယ့်အလုပ်ပြီး အောင် တစ်ခါတည်း ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီး အမြန်ရပြီး သကာလ သွားရအောင် ကြိုးစားလိုက်ပါဆိုတာ တိုက်တွန်း ရပြန်တယ်.... (မှန်လှပါဘုရား)။ မတိုက်တွန်းသင့်ဘူးလား.... (တိုက်တွန်းသင့်ပါတယ်ဘုရား)၊

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါ မတွေ့မှာဖြင့်လဲ ဘုန်း ကြီးက အထူးတိုက်တွန်းဖို့ မလိုပါဘူး.... (မှန်ပါ)၊ သို့သော် ခန္ဓာလမ်းစဉ်က ဒီနေ့ရာကို အမြဲသွားနေဘယ် ဆိုတာလဲ သေချာနေတယ်-(သေချာပါတယ်ဘုရား)၊မသေချာဘူးလား- (သေချာပါတယ်ဘုရား)၊ ခန္ဓာသည် ဘယ်အမြဲသွားနေပါ လိမ့်....(နာသေးဆိ အမြဲသွားနေပါတယ်)၊ နာသေးရှိရာ အမြဲ ပြေးနေတာပဲ-(မှန်ပါဘုရား)။

http://www.dhammadownload.com



အဲ့ဒီတော့ နာဘေးဆိုက်မှ ဩော်....ဘုရားက ဟောထား၊ တို့ဆရာဘုန်းကြီးက ဟောထား၊ တဏှယ့် မအို၊ မသေ အမြဲ နေတဲ့ နိဗ္ဗာန်ရောက်ကြောင်း အလုပ် လုပ်ဖို့ရာသည်တားလို့ ဆိုလို့ရှိယင်ဖြင့် နာဘေးဆိုက်မှလုပ်လို့မဖြစ်ဘူးလို့ပြောသွားတဲ့ အထဲမှာ ငါ နာဘေးစောင့်နေလို့ နာဘေးတွေ့ပြီ၊ အခု အချိန်မှာ ငါသည် အရှုံးကြီးရှုံးပေါ့ဆိုတဲ့ ညည်းလုံးတွေနဲ့ သေသွားလို့ ရှိယင်ဖြင့် ဒကာဒကာမတို့ ယနေ့ သေ၊ ယနေ့ သာသနာအဆုံးအမ ကွယ်ပါတယ်....(မှန်ပါဘုရား)။

ယနေ့သေယင်....(ယနေ့သာသနာအဆုံးအမ ကွယ်ပါတယ် ဘုရား)၊ ယနေ့ ဘုရားနဲ့ အိုးစားကွဲတယ်.... (မှန်ပါဘုရား)၊ ယနေ့ တရားနဲ့ကော.... (အိုးစားကွဲပါတယ်ဘုရား)၊ တယ်လဲ နစ်နာပါကလား ဒကာဒကာမတို့....(နစ်နာပါတယ်ဘုရား)။

ဒါဖြင့် ဒါတွေနဲ့ နစ်နာသွားတော့ ဘုရားကွယ်၊ တရား ကွယ် ဆိုတဲ့ အဓိပ္ပာယ် ဆိုလို့ရှိယင် ခင်ဗျားတို့မှာဖြင့် ဆင်းရဲ နဲ့သာ အမြဲပဲ တွဲစပ်နေဖို့ရှိတော့တာပေါ့....(မှန်လှပါဘုရား)၊ ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အေး .... ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရင်းအခြာတွေမို့ ဒကာဒကာမတို့ ခင်ဗျားတို့က သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ-မျိုးကိစ္စနဲ့ဆိုတော့ ခင်ဗျားတို့ ကိစ္စတွေက ဘယ်တော့မှ ပြီးမည့်ကိစ္စတွေလဲ မဟုတ်ဘူး၊ အဲ့ဒီကိစ္စ မပြီး တာက ကိစ္စမရှိဘူး၊ ခင်ဗျားတို့က ဒီကိစ္စလုပ်ရင်း နာဘေးကြီး စောင့်နေတာက အရှုံးဆိုးလှတယ်....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဦးခင်မောင်....ပြောထိုက်, မပြောထိုက်.... (ပြောထိုက်ပါ တယ်ဘုရား)၊ ဒါဖြင့် နာသေးမလာခင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကား ဆိုလိုရှိယင်ဖြင့် ခုနက သူတော်ကောင်း အလုပ်ကြီးကို အလျင်အမြန် လုပ်မဟဲ့ဆိုတဲ့ စိတ်ကို မွေးလိုက် စမ်းပါ....(မှန်လှပါဘုရား)။

ခေါင်းမကိုက်ခင်၊ ရင်မနာခင် လျင်မြန်စွာ လုပ်လိုက်မဟ၊ တော်တော်ကြာ ခေါင်းကိုက်ယင်၊ ရင်နာလာယင် ခက်လိမ့် မဟ....၊ ဝမ်းနာလာစယင် ခက်လိမ့်မဟ၊ နောက်ကြေစတက် လာစယင် ခက်လိမ့်မယ်၊ သူမလာခင် မြန်မြန်ပြီးအောင် လုပ်ဟဲ့ ဆိုတဲ့စိတ်ဖြင့် နေကောင်းတိုင်း၊ ကောင်းတိုင်း မြန်မြန် တွေးပြီး လုပ်လိုက်စမ်းပါ....(မှန်လှပါဘုရား)၊ သဘောကျကြ ရဲ့လား.... (ကျပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အိုသေးလဲမစောဖို့သင့်၊ နာသေးလဲမစောင့် သင့်....နော်....(မှန်ပါ)၊တစ်ခါ ခန္ဓာကြီးက ဦးခင်မောင်ရေ.... နာပြီးသည်၏ အခြားမဲ့၌ သေတဲ့ဆိုကိုလဲ သူ့ ဝတ္တရားအတိုင်း အရောက်မှပြေးဘူးလား....(ပြေးပါတယ်ဘုရား)၊ဩော်....ပြေး လို့ ဗိုင်းခနဲ လဲမှတော့ ဒကာဒကာမတို့ ဘယ်သူတတ်နိုင်သေး သတုံး....၊(မတတ်နိုင်ပါဘုရား)၊

အဲဒါကြောင့် ခင်ဗျားတို့ အခုမလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များ၊ အခု ဝိပဿနာအလုပ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် လုပ်တဲ့ အလုပ်ကို မလုပ်ဘဲနေတဲ့ပုဂ္ဂိုလ်များ ဩော်....ဘုရားရှင်ကိုယ် တော်မြတ်ကြီးက သေဘေးစောင့်နေပြန်ပြီ၊ ပုထုဇဉ်မိုက်နှယ်

ခက်လိုက်လေခြင်းဆိုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ်....(မှန်လှပါဘုရား)။

ဘာစောင့်နေတာနဲ့ တူသလဲ.... (သေဘေးစောင့်နေတာနဲ့ တူပါတယ်)၊ တယ်လဲ အရုပ်ဆိုးပါကလား....ဒကာ ဒကာမတို့၊ စောင့်ကောင်း မစောင့်ကောင်း-(မစောင့်ကောင်းပါဘုရား)။

ခင်ဗျားတို့ ဆေးလိပ်သောက်ပြီး စကားပြောချင်တာလဲ သေဘေးစောင့်နေတာ....(မှန်လှပါဘုရား)၊ ဖြီးလိမ်းပြီး နေတာကော-(သေဘေးစောင့်နေတာပါဘုရား)၊ အင်း .. ဟင်.... သူတော်ကောင်းအလုပ် မလုပ်ဘဲနဲ့သာ နေကြမယ် ဆိုလို့ရှိယင် ဩော်....သေဘေး ဖြီးလိမ်းပြီး စောင့်နေတာပဲ.... (မှန်ပါဘုရား)။

ထမင်းကောင်း ဟင်းကောင်းတွေ ချက်စားပြီး သကာလ သူတော်ကောင်းအလုပ် မလုပ်ဘဲ နေပြန်တော့ကော....(သေဘေးစောင့်နေတာပါဘုရား)၊ ဩော်-ခင်ဗျားတို့က စားရင်းလဲ စောင့်၊ ဖြီးလိမ်းရင်းလဲစောင့်၊ ဆေးလိပ် သောက်ရင်းလဲ စောင့်တဲ့ စောင့်ကောင်းတာ စောင့်တာလား .... မစောင့်ကောင်းတာ စောင့်တာလား....(မစောင့်ကောင်းတာ စောင့်တာပါ ဘုရား)။

ဒကာဒကာမတို့ မိတ်ဆွေမဟုတ်တာ မိတ်ဆွေ ဖွဲ့ချင်တာဟာ တယ်အရုပ်ဆိုးသဗျာ....(မှန်လှပါဘုရား)၊ မရဏမှီ ဒုက္ခသစ္စံ....ကိုး....(မှန်လှပါဘုရား) ဒုက္ခသစ္စာဆိုတဲ့ ပိုင်းခြားပြီး သဏ္ဍာလှ....တဲ့ နေရစ်တော့ဆိုပြီးသကာလ မဂ်နဲ့ပိုင်းခြားပြီး ထားပစ်ခဲ့ရမှာ.... (မှန်လှပါဘုရား။)

http://www.dhammadownload.com



မင်းနှယ်ထဲက ငါထွက်ပြီဆိုပြီး .... သွားရမည့် အဲ့လုပ်ကြီး ခင်ဗျားတို့ကမျှား မိတ်ဆွေဖွဲ့ပြီး စောင့်နေလိုက်သေးတယ်ဆို တော့ စာယ်ဆိုးလိုက်ပါလား.... (ဆိုးပါတယ်ဘုရား)၊ မဆိုး ကြဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒါ သံဝေဂရအောင် ဟောတာ မဟုတ်ပါဘူး ဒကာ ဒကာမတို့၊ ခင်ဗျားတို့ အလကားနေတာဟာ အလကားနေ တာ မဟုတ်ပါဘူး။ ဒါတွေကို စောင့်တာပါလို့ ဖော်ပြော တာပူါ–(မှန်ပါ့ဘုရား)၊ ရှင်းကြပလား–(ရှင်းပါပြီ)။ အလကား နေတာလား....ခင်ဗျားတို့ ဒါတွေ စောင့်နေတာလား....(ဒါ တွေစောင့်နေတာပါဘုရား)။

အိုဘေးစောင့်လိုက်၊ နာဘေးစောင့်လိုက်၊ သေဘေးစောင့် လိုက်....(မှန်ပါ့) ဘယ်နှစ်ချက်ရှိသွားပြီလဲ.... (သုံးချက်ရှိသွား ပါပြီ)၊ ဒါတွင် မကသေးဘူးတဲ့ သူတော်ကောင်းအလုပ် လုပ် ဆိုတဲ့ဥစ္စာ အခု တိုင်းနိုင်ငံမှာ အမျိုးမျိုးအဖုံဖုံ ဝါဒတွေက ရှိကြတယ်နော်....၊ (မှန်ပါ့)။

အဲဒီဝါဒတွေ လူတွေ သင်းကွဲသွားပြီဆိုမှဖြင့် ကိုယ်ကလဲ တစ်ဘက်ဘက်မှာ ပါရမှာ ဖြစ်နေတော့ သင်းကွဲတဲ့ အခါ တစ်ယောက် တစ်ယောက် မကြည့်နိုင် မရှုနိုင် သတ်ကြပယ်.... ဖြတ်ကြပယ်....ဆိုမှ သူတော်ကောင်းအလုပ် လုပ်မယ်ဆိုလို့ ရှိယင်လဲ ဖြစ်နိုင်ကြသေးရဲ့လား....၊ (မဖြစ်နိုင်ပါဘုရား)။

အဲဒါကျတော့လဲ ဒကာ ဒကာမတွေ အလကားနေတာ မဟုတ်ဘူး ကွဲဘေးစောင့်နေတာ....(မှန်ပါ့ဘုရား)၊ ဘာများ စောင့်နေတာလဲ....(ကွဲဘေးစောင့်နေတာပါဘုရား)၊ ကြော်....

http://www.dhammadownload.com



ဦးခင်မောင်မစောင့်ကောင်း-စောင့်ကောင်း-(မစောင့်ကောင်း ပါဘုရား)။

ကိုယ့်အလုပ် ပြီးနှင့်တာ မအေးဘူးလားဗျာ .... (မှန်ပါ ဘုရား)၊ ဘာစောင့်နေတာလဲ .... (ကျွဲဘေးစောင့်နေတာပါ ဘုရား)၊ လူ သင်းကွဲတဲ့ဘေး စောင့်နေတာ.,..(မှန်ပါဘုရား)၊ တယ်လဲဆိုးရွားပါကလား....(ဆိုးရွားပါတယ်ဘုရား)။

ဒကာဒကာမတွေ ဆေးလိပ် သောက်နေတာ ဘုန်းကြီး မကြည်ညိုလို့ မဟုတ်ပါဘူး၊ ဖြိုးလိမ်းနေတာကို ခင်ဗျားတို့ အတွက် ဝမ်းမသာလို့ မဟုတ်ပါဘူး၊ အလကား စောင့်နေ တာက မဟုတ်တာတွေ စောင့်ပြီးသကာလ ကျွတ်ရေး၊ လွတ် ရေးမလုပ်ဘဲနဲ့ စောင့်နေလို့ ဘုရားကဒီအမြင်ကြီးကို အနာဂတ် ဘေးဆိုပြီး ဟောရခြင်း ဖြစ်ပါတယ် .... (မှန်ပါ ဘုရား)၊ သဘောပါကြပလား....(ပါ,ပါတယ်ဘုရား)။

ဒကာဒကာမတွေ ဒီဘေးတွေဟာ တွေ့ရမည့် ဘေးလား၊ မတွေ့ရမည့်ဘေးလား....(တွေ့ရမည့်ဘေးပါဘုရား)၊ ဟော.... လူ့သင်းကွဲပြီဆိုတော့ လူသင်းကွဲတဲ့ဘေး စတုတ္ထဘေး သင့်ပြီ၊ တော်တော်ကြာတော့ လူက သင်းကွဲတော့ သံဃာတွေကလဲ ကွဲရပြန်တယ်....(မှန်ပါ)၊မကွဲပါနဲ့ဆိုလို့ရသေးရဲ့လား–(မရပါ ဘုရား)၊

အဲဒီသံဃာတွေ သင်းကွဲတဲ့ အခါ ကျလို့ရှိယင်လဲ ဒကာ ဒကာမတွေက ဘယ်ဆရာတော်ဆီသွားပြီး တရားတော်းမယ် ဆိုတော့ ဆရာတော်တွေကလဲ အလုပ်တွေကရှုပ်၊ အမျိုးမျိုး အဖုံဖုံဖြစ်နေတော့ ကိုယ်ကလဲ ဝိတက်တွေက လူသင်းကွဲတဲ့

http://www.dhammadownload.com



ဘေားကလဲသင့်ထားပြန်ဆိုတော့ ဒကာဒကာတွေ ဒီကျတော့လဲ တရားထူးတရားမြတ် အားထုတ်ချင်ပြန်တယ်ဆိုတော့လဲ ဖြစ်နိုင်သေးသလား....(မဖြစ်နိုင်ပါဘုရား)။

ဒီလို မဖြစ်နိုင်ပြန်တော့လဲ ကိုယ်ကျိုး မနည်းဘူးလား.... (နည်းပါတယ်ဘုရား)၊ အဲ....ဒကာဒကာမတို့ ဒါဖြင့် ဒီဘေးငါးဘေးဟာ ရှောင်ရမည့်ဘေး.... (မှန်ပါ့ဘုရား)၊ ရှင်းကြပြီလား .... (ရှင်းပါပြီဘုရား)၊ ဒီဘေးငါးဘေးဟာ ဘာလုပ်ရမယ်....(ရှောင်ရမည့်ဘေးပါဘုရား)၊ရှောင်ရမည့်ဘေးဆိုတာ သေချာကြပြီလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့်ပြန်ပြီး၊နိဂုံးချုပ်ပါမယ်၊ဝေဒနာနုပဿနာမဟောခင် (မှန်ပါ့)၊ဒကာဒကာမတွေ ဒီအတိုင်းနေယင် ၁-နံပါတ် ဘာဘေးစောင့်နေသတုံး.... (အိုဘေးစောင့်နေပါတယ်)၊ အိုဘေးစောင့်နေတယ်ဆိုတာ သေချာကြပြီလား....(သေချာပါတယ်ဘုရား)၊ ဒါဖြင့် ကောင်းပြီ၊ စောင့်ကောင်း မစောင့်ကောင်း- (မစောင့်ကောင်းပါဘုရား)။

တစ်ခါ ဒီကနေပြီးသကာလ တက်သွားပြန်တော့ ဒကာဒကာမတွေ နောက်မလုပ်ဘဲ နေပြန်ပြီ၊ တော်တော်ကလေး အိုနေတာတောင်မှ မလုပ်ပြန်ဘူးဆိုတော့ ဘာစောင့်ပြန်တုံး.... (နာဘေးစောင့်ပါတယ်ဘုရား)၊ ဩြော် .... ခင်ဗျားတို့ဟာ အစောင့်လွဲကြီး ကျနေပါပကောလား.... (မှန်လှပါဘုရား)၊ ဒကာဒကာမတွေ ဘယ့်နှယ်တုံး .... (အစောင့်လွဲကြီး ကျနေပါတယ်ဘုရား)၊

http://www.dhammadownload.com



အစောင့်လွဲချည်း ဖြစ်နေကြပြီဆိုတော့ အင်မတန် မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား)၊ အဲဒါကြောင့် ငယ်တဲ့ ပုဂ္ဂိုလ်များကလဲ စောင့်နေတယ်၊ ကြီးတဲ့ ပုဂ္ဂိုလ်များကလဲ အိုဘေးတွေစောင့် နေတယ်ဆိုတော့ စောင့်ကောင်း မစောင့်ကောင်းလဲ ကိုမြင်အောင်စဉ်းစားပါ-(မစောင့်ကောင်းပါဘုရား)။

မစောင့်ကောင်းပါဘူးဗျ-(မှန်ပါဘုရား)၊ ဒါတွေ ရှောင်ကွင်းရမည့်အလုပ်တွေ မဟုတ်လားဗျာ.... (မှန်လှပါဘုရား)၊ ကိုင်း....ဒကာ ဒကာမတွေ နာဘေးလဲ မစောင့်ကောင်း၊ သဘောကျရဲ့လား-(မှန်ပါဘုရား)၊ တစ်ခါ နာဘေးသင့်လာ နာဘေးကလာယင် မလုပ်ဘဲနေပြန်တော့လဲ ဘာစောင့်တာ ပါလိမ့်....(သေဘေးစောင့်တာပါဘုရား)။

ဩော်....ဖြစ်မှုဖြစ်ရလေခင်ဗျားတို့ဥစ္စာကလဲ လွန်ကုန်ပြီ....(မှန်ပါဘုရား)၊ ဆိုထိုက်,မဆိုထိုက်-(ဆိုထိုက်ပါတယ်ဘုရား)၊ ဒီကြားထဲ နာလန်ကလေးထလာတယ်ဆိုလို့ရှိယင်လဲ အရှေ့ဘက် လှည့်သွား၊ အနောက်ဘက်လှည့်သွားနဲ့ ကိုမြင်အောင် ဘာဘေးစောင့်ပြန်တာတုံး....(သေဘေးစောင့်တာပါဘုရား)။

ရော....ဒကာ ဒကာမတွေဟာ ခင်ဗျားတို့ဟာ မစောင့်ကောင်းတာတွေချည်း စောင့်ပြီးပြီ၊ ဒါတွေ ဘေးတွေမှန်းသိလျက်သားနဲ့ စောင့်နေတာ ခင်ဗျားတို့ဟာ အမိုက်ကြီးခြစ်နေပြီလို့ဆိုယင် ဦးခင်မောင်....လွဲပါ့မလား (မလွဲပါဘုရား)။

ခန္ဓာမသေသေးဘဲနဲ့ လွတ်သွားပြန်တဲ့အခါကျလို့ရှိယင်ဖြင့် တစ်ခါ ဒကာဒကာမတွေ အင်း....ဟင်....နိုင်ငံရေးနဲ့ သင်းကွဲ

http://www.dhammadownload.com



တွေကရော မလှာဘူးလား....(လာပါတယ်ဘုရား)၊ ဒီဟာတွေ လာပြန်တော့လဲ ကိုယ့်အလုပ် ကိုယ်လုပ်နိုင်သေးရဲ့လား (မလုပ်နိုင်ပါဘုရား)။

အဲဒီ ကွဲဘေးသင့်နေတာကိုလဲ စောင့်နေတာနဲ့ မတူဘူးလား....(တူပါတယ်ဘုရား)၊ သူတို့မလာခင် သိအောင်လုပ်ရမယ်....(မှန်ပါဘုရား)၊ရှင်းကြပလား- (ရှင်းပါပြီ)၊နောက်ကျတော့ လူသင်းကွဲတဲ့ ဘေးသင့်ပြီးယင် သံဃာသင်းကွဲတဲ့ ဘေးကလဲ သင့်နိုင်သေးတယ်....(သင့်နိုင်ပါတယ်ဘုရား)၊ မသင့်နိုင်ဘူးလား....(သင့်နိုင်ပါတယ်ဘုရား)။

အဲ....ဒကာဒကာမတွေလဲ ကွဲကုန်ပြီဆိုယင် ဆရာတွေလဲ ကွဲကုန်ကြတာပဲ ဆိုတာလဲ ငြင်းဖို့လိုသေးသလား.... (မလိုပါဘုရား)၊ အဲဒါကြောင့် ဒီဘေးငါးဘေးဟာ အနာဂတ်ဘေးဆိုပြီး ဘုရားဟောလိုက်တယ်-(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ)၊ဒါဖြင့် သူတော်ကောင်းအလုပ် မလုပ်တဲ့ပုဂ္ဂိုလ်မှာ ဘေးငါးဘေး စောင့်နေတဲ့ ပုဂ္ဂိုလ်....(မှန်လှပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဘေးငါးဘေးစောင့်နေတဲ့ ပုဂ္ဂိုလ်ပါဘုရား)၊ ဝိပဿနာအလုပ်မလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များဘာလုပ်နေကြပါလိမ့်.... (ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)ဩော်....ခင်ဗျားတို့ကလဲ တော်တော်ကြာ ညကျတော့ ရှာဇတောဝါ-မှင်းဘေး မသင့်ပါရစေနဲ့၊ စောရတောဝါ-ခိုးသူဘေးမသင့်ပါရစေနဲ့ဆိုပြီး ညကျလုပ်ကုန်ပြီ-(မှန်လှပါဘုရား)။

http://www.dhammadownload.com



ခန္ဓာဓာတော့ ဘာစောင့်နေတုံး.... (ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)၊ ခန္ဓာကတော့ ဘေးစောင့်နေတယ်၊ တော်တော်ကြာကျလို့ရှိယင် ရှုတ်ပြီ၊ သဘောကျရဲ့လား.... (မှန်ပါဘုရား)၊နှစ်ဆယ့်ငါးပါးသောဘေးများဘုရား၊ ဘေးမသိ ရန်မခပါရစေနဲ့ဘုရား....ပြီးတော့ ဘာလုပ်နေသလဲ.... (ဘေးငါးပါး စောင့်နေပါတယ် ဘုရား)၊ ရော....ခင်ဗျားတို့ဟာ အမြောနဲ့အဟော မညီပါကလား....(မညီပါဘုရား)။

ကိုမြရွှေ....ဘယ့်နှယ်ဖြစ်နေသလဲ....(မညီပါဘုရား) ဦးဇံရစ်ကြီး ဘယ့်နှယ်ဖြစ်နေသလဲ-(မညီပါဘုရား)၊မညီပါဘူး....(မှန်ပါ)၊ ဦးစကြီး ဘယ့်နှယ်ဖြစ်နေသတုံး....(မညီပါဘုရား)၊ကိုယ်တောင်းတာကတော့ဖြင့် နှစ်ဆယ့်ငါးပါးသောဘေး ဝေးနိုင်သမျှ ဝေးပါရစေဆိုပြီး ဦးခင်မောင် မလာဘူးလား....(လာပါတယ်ဘုရား)၊ ခန္ဓာကိုယ် နေပုံထိုင်ပုံကတော့ ဘာစောင့်နေသလဲ....(ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)။

ရော....ခင်ဗျားတို့ဟာ ဘုရားရှေ့ကျတော့ လွတ်ပါရစေတဲ့ တပည့်တော် ကိုယ်တိုင်တော့ တွေ့ပါရစေ၊ ဗီအဓိပ္ပာယ် ရောက်နေတယ်....(ရောက်ပါတယ်ဘုရား)။

ဘုရားဆီသွားပြီး ဆုတောင်းတဲ့အခါကျတော့၊ဆုတောင်းပြည့်ဘုရားများ တောင်းတဲ့ အခါကျတော့ ခင်ဗျားတို့က နှစ်ဆယ့်ငါးပါးသော ဘေးတွေ၊ ဘေးမသိ ရန်မခပါရစေနဲ့ ဘုရားလို့ မတောင်းကြဘူးလား.... (တောင်းပါတယ်ဘုရား)။

ခန္ဓာကိုယ်ကတော့ဘာလုပ်နေသလဲ....(ဘေးငါးပါးစောင့်နေပါတယ် ဘုရား) ရော....ဘုရားလဲ မတတ်နိုင်တော့ဘူး

http://www.dhammadownload.com



ခင်ဗျားတို့ လက်လျှော့ရပြီ....(မှန်လှပါဘုရား)၊ ဦးခင်မောင် ဘယ့်နှယ်ဖြစ်နေသလဲ....(လက်လျှော့ပါတယ်ဘုရား)။

ဘုရားကိုလက်လျှော့ရမယ်၊ ဘုရားရှေ့ကျတော့ မတွေ့ပါရစေနဲ့၊ ကိုယ်ကိုယ်တိုင်ကတော့ ဘယ်ကလာပါမတုံး စောင့်နေတယ်-(မှန်လှပါဘုရား)၊ဘယ်လောက် အရုပ်ဆိုး အကျည်းတန်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊

အဲဒါ ဆေးလိပ်သောက်ပြီးသကာလ နေတဲ့အခါ စဉ်းစားကြ၊ ခြေ၁ဝ၀ါသည် ဆေးလိပ်သောက်နေတာလား၊ သူတော်ကောင်းအလုပ် မလုပ်နိုင်အောင်လို့ အိုဘေးစောင့်နေတာလား လို့ ကိုယ့်ကိုယ်ကို မေးပစ်လိုက်-(မှန်ပါ)၊သခင်ဘာကျရဲ့လား.... (မှန်ပါဘုရား)။

အဝတ်ကလေးလဲပြီး ရေလေးချိုးပြီးသကာလ ရေချိုးတုန်း နှလုံးမသွင်းဖြစ်ဘူး၊ အဝတ်လဲတုန်းလဲ နှလုံးမသွင်းဖြစ်ဘူး၊ ဒါ....နှလုံးသွင်းလိုက်တော့ ဘယ်အချိန်မဆို သတိပဋ္ဌာန်ကို ရတယ်မဟုတ်လား....(မှန်ပါဘုရား)၊

"သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ"ဆိုတော့ အဝတ်လဲတဲ့အခါလဲ နှလုံးသွင်းနိုင်တာပဲ.... (မှန်ပါဘုရား)။

ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါကော.... (နှလုံးသွင်းနိုင်ပါတယ်ဘုရား) 'ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီဟောတိ'ဆိုတော့ ဘယ်အချိန်နေနေ နှလုံးသွင်းရမှာပဲ၊ ဒီအတိုင်း ရေချိုး၊ ဒီအတိုင်း အဝတ်လဲနေတာသည် မင်းဘာလုပ်နေတာတုံး မေးလိုက်စမ်းပါ....(မှန်ပါဘုရား)၊ ဘေးငါးဘေးစောင့်

http://www.dhammadownload.com



နေတာလို့ ခန္ဓာက ပြောရမယ်....(မှန်ပါဘုရား)၊ သေချာကြပြလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နည်းနည်းကလေးအားယင် စိတ်ထဲမှာ ဝိပဿနာမရှိတဲ့ အချိန်ကျယင် ကိုယ့်ကိုယ်ကို မေးလိုက်စမ်းပါ၊ မင်း ဘာလုပ်နေတုံး....(မှန်ပါ)၊ ဒကာ ဒကာမတွေ မင်း ဘာလုပ်နေတာတုံး မေးနော်....(မှန်လှပါဘုရား)၊ မေးယင် ခန္ဓာက ဘယ်လို အဖြေထွက်လာမလဲ.... (ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)။

ဩော်....မိုက်လှချည်သားလို့ တစ်ခါသပ်ပြီးမေးဦး၊ မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)၊ မိုက်လှချည်သား.... မင်းဟာ ဒီလိုစောင့်ရမှာသား.... ရှောင်ရမှာလား.... မေးတဲ့အခါ ရှောင်ရမယ်ဆိုတာ မသေချာဘူးသား.... (သေချာပါတယ်ဘုရား)။

ဦးခင်မောင်ရေ၊ကိုယ်မိုက်တာ ကိုယ်သိ၂လား....(သိ၂ပြီဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဒကာဒကာမတွေမစောင့်ကောင်းတာ စောင့်နေတယ်ဆိုလို့ရှိယင်ဖြင့် ခက်တယ်နော်....(မှန်ပါ)။

အင်း...ဒီလိုနဲ့ အချိန်ကုန်နေပြန်လို့ရှိယင်လဲ မင်းဘာလုပ်နေတာတုံး မေးလိုက်စမ်းပါဦး-(မှန်ပါဘုရား)။ ဘယ့်နှယ်ဖြေကြမလဲ....(ဘေးငါးဘေးစောင့်နေပါတယ်ဘုရား)။

သားနဲ့ခင်ပွန်းသည် ဝတ္ထုရားနဲ့ အချိန်ကုန်နေပြန်ယင်ကော (ဘေးငါးဘေးစောင့်နေပါတယ်ဘုရား)၊သားမယားဝတ္ထုရား

http://www.dhammadownload.com



နဲ့ အချိန်ကုန်နေပြန်ယင်ကော....(ဘေးငါးဘေး စောင့်နေပါ တယ် ဘုရား)။

ရော.... ဦးခင်မောင်.... ခင်ဗျားတို့ဟာ အဲ့နေလဲ မတတ် အထိုင်လဲမတတ် ဖြစ်နေပါပေါ့ကလား-(မှန်ပါ့ဘုရား)၊ ကိုယ့် အရေးကို ပါရဲ့လား.... အသေချည်း စောင့်နေတာမဲ့လား.... (အသေချည်း စောင့်နေပါတယ် ဘုရား)၊ စောင့်ကောင်း မစောင့်ကောင်း....(မစောင့်ကောင်းပါဘုရား)။

တော်တော်ကြာ သေပါတော့မယ်ဆိုတော့ ဆရာဝန် ကူပါဦး။ ဒီဝေဒနာကို ကျုပ်ဖြင့် ဘယ်လောက်ကုန်ကုန် ကုစမ်းပါဦး၊ လာပြန်ပြီ စောင့်လဲ နေသေးရဲ့ သူ့ဟာက ဟင်....(မှန်ပါ့ဘုရား)။

အဲဒီတော့ အသေလွတ်တရားတွေလဲ ရှိရဲ့သားနဲ့ အသေ လွတ်တော့ မရှာဘူးဆိုတော့ အတော် မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်ဘုရား)။

ဒါကြောင့် ဒီနေ့ ဘယ်အချိန်မှာ အားလပ်ခွင့်ကလေး နေလိုက်,နေလိုက် ဉာဏ်နဲ့ ခန္ဓာကိုယ် ဖြစ်ပျက် အနိစ္စကို နှလုံး မသွင်းလို့ရှိယင် ဘေးငါးဘေးစောင့်နေတာလို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့ဘုရား)၊ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ဘေး ငါးဘေး စောင့်စောင့်နေတာပါဘုရား)။

ဘေးငါးဘေးကို စောင့်နေတာလို့ ဆုံးဖြတ်ချက်ချလိုက် စမ်းပါ ဒကာဒကာမတို့....(မှန်ပါ့ဘုရား)။

ဩော်....ကျုပ်တို့တော့ဖြင့် ခပ်အေးအေးတလေးနေလိုက် တာပါပဲ၊ အို....အေးတာမဟုတ်ဘူး၊ သေဖို့နေတာ....(မှန်ပါ့

http://www.dhammadownload.com



ဘုရား)၊သဘောကျပလား....(ကျပါပြီ)၊ ခန္ဓာကြီးက အိုဘေး စွန့်ပြီး ဆွေးနေတာ ဆိုဘာကော ငြင်းဖို့ လိုသေးသလား.... (မလိုပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ကိုယ်မိုက်တာ ကိုယ် တယ်သိခဲပါကလား.... (မှန်ပါဘုရား)၊ အခုဘယ်ဟာ သိခဲ ပါလိမ့်....(ကိုယ်မိုက်တာကိုယ် သိခဲပါတယ်ဘုရား)၊

ဟော....ကိုယ်မိုက်တာ ကိုယ်အသိခဲဆုံးပဲ ဒကာ ဒကာမတို့၊ ဘုရားက ဟောတယ်နော်....(မှန်ပါဘုရား)၊ ပြီးတော့လဲ ကိုယ့် ကိုယ်ကိုဟာ အဆုံးအမ အခက်ဆုံးတဲ့....(မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘယ်လိုမှတ်ကြမယ် .... (ကိုယ့်ကိုယ်ဟာ အဆုံးအမ အခက်ဆုံးပါ ဘုရား)၊ ကိုယ့်ကိုယ် အဆုံးအမမှာ ဘယ်သူအခက်ဆုံးလဲ....(ကိုယ်အခက်ဆုံးပါဘုရား)။

'အတ္တာဟိ ကိရ ဒုဒ္ဒမော' ဓမ္မပဒပါဠိတော်၏ အတ္တာဟိ အတ္တာဝေ–မိမိကိုယ်သည်သာလျှင်၊ ဒုဒ္ဒမောကိရ-သူတစ်ပါး ထက် ပိုလွန်၍ ဆုံးမခက်သည်၊ ဟောတိ-ဖြစ်၏တဲ့....(မှန်ပါ ဘုရား)။

အဆုံးအမ အခက်ဆုံး ဘယ်သူတဲ့တုံး .... (ကိုယ့်ကိုယ်ပါ ဘုရား)၊ ကလေးကို တုတ်ပြလိုက်ပြီး ဟင်း....ဆိုလိုက်ယင် ဦးခင် မောင် ငြိမ်ထွက်သွားတယ် .... (မှန်ပါ)၊ ခင်ဗျားတို့က ငြိမ်ရဲ့ လား....(မငြိမ်ပါဘုရား)၊ ဘာဖြစ်ဖြစ် လုပ်မယ်ကွ....တိုးပြီး ထွက်လာတယ်....(မှန်ပါ)၊ ရိမ်မိပလား....(ရိပ်မိပါပြီဘုရား)၊

http://www.dhammadownload.com



ဒါဖြင့် ဘယ်သူဟာ အဆုံးအမအခက်ဆုံးပါလိမ့်....(ကိုယ့်ကိုယ်ဟာ အဆုံးအမ အခက်ဆုံးပါ ဘုရား)။

အဲ....သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ အဆုံးအမဟာ ကိုယ့်ကိုယ်ကို အခက်ဆုံး .... (မှန်ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ခက်လို့ပေါ့ ဒကာဒကာမတွေ အိုဘေး မစောင့်သင့်ဘဲနဲ့ စောင့်နေတာလဲ ဘာဖြစ်ပါလိမ့်....(ဆိုဆုံးမ ခက်လို့ပါဘုရား)၊ ဆုံးမခက်လို့ စောင့်နေတာ....(မှန်ပါဘုရား)။

နာဘေးမစောင့်သင့်ဘဲနဲ့ စောင့်နေတာကော....(ဆုံးမခက်လို့ပါဘုရား)၊ ဆုံးမခက်လို့ စောင့်နေတာဆိုတာ ဆေချာကြပလား....(သေချာပါတယ်ဘုရား)။

သေဘေးစောင့်နေတာကော .... (ဆုံးမခက်လို့ပါဘုရား)၊ ဆုံးမခက်လို့ စောင့်နေတာ၊ ဆုံးမသာ လွယ်မယ်ဆိုယင်ဖြင့်ကော...ဒီသေဘေးနီးပြီကွ၊ မြန်မြန်လုပ်ကွာ၊ မခံသာတန်လို့ နေရအောင်ဆိုပြီး မြန်မြန်မလုပ်ပေဘူးလား-(လုပ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အဆုံးအမ အခက်ဆုံး ဘယ်သူပါလိမ့်....(ကိုယ့်ကိုယ်ကိုပါဘုရား)၊ ရှင်းကြပလား....(မှန်ပါ)၊ အဲဒီတော့ ဦးခင်မောင်ရေ....ဒီဘာရှေ့ မူပြောင်းကြဦးစို့နော်....(မှန်ပါဘုရား)။

အေး .... အလွေးတွေတော့ဖြင့် လိမ္မာ ယဉ်ကျေးဖို့ မိဘဝတ္တရားတော့ ပြောရမှာပဲ၊ ကိုယ့်ကို ဆုံးမဖို့ ကျန်သေးသာဟဲ့ဆိုပြီးတော့ကိုယ့်အရေးကိုယ်လုပ်ကြစမ်းပါ....(မှန်ပါဘုရား)၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကလေးတွေက လူလာ:မမြောက်သေး၊ မလိမ္မာသေးတော့ အပြောမတတ်၊ အဆိုမတတ်၊ အနေမတတ်၊ အထိုင်မတတ် ခက်လိုက်တာလို့ သူများအပြစ်သာ သွားမြင်တယ်၊ ကိုယ့်သူတော်ကောင်းအလုပ် မလုပ်ဘဲနဲ့ ဒကာဒကာမတွေက အိုဘေး၊ နာဘေး စောင့်နေတာတော့၊ ကိုယ်အဆုံးမ ခက်တာတော့ ဘယ်သူမှ မသိလိုက်ဘူး....(မှန်ပါဘုရား)၊ တယ်လဲ ဆိုးရွားပါကလား....(မှန်ပါဘုရား)။

ကဲ....ယနေ့ကစပြီး ဒကာဒကာမတို့ ဘယ်သူ့ကို ဆုံးမဖို့ အရေးတကြီး ထားရမယ်....(ကိုယ့်ကိုယ်ကိုဆုံးမဖို့အရေးတကြီး ထားရပါမယ်ဘုရား)၊ မဆုံးမယင် ကိုယ်က ဘာစောင့်နေတာတုံး....(အိုဘေးစောင့်နေပါတယ်ဘုရား)၊ ဘေးငါးဘေးစောင့်နေတယ်....(မှန်ပါဘုရား)။

အိုဘေး၊ နာဘေး၊ သေဘေး၊ လူသင်းကွဲတဲ့ဘေး၊ သံဃာသင်းကွဲတဲ့ဘေး....(မှန်ပါဘုရား)၊ဒါတွေ အကုန်စောင့်တာပဲ၊ သတော့ကျပလား....(ကျပါပြီဘုရား)၊

အိုဘေး, နာဘေး, သေဘေး တစ်နည်းအားဖြင့်လဲ ငတ်မွတ်ခေါင်းပါးတဲ့ဘေးလဲ သူ စောင့်တတ်တယ် .... (မှန်ပါဘုရား)၊သဘောကျပလား....(မှန်ပါ)၊ ငတ်မွတ်ခေါင်းပါးတဲ့ဘေးလဲ တော်တော်ကြာ လာချင် လာပစ်လိုက်တာကိုး.... (မှန်ပါဘုရား)။

အဲဒါနဲ့ အဲဒီ ငတ်မွတ်ခေါင်းပါးတဲ့ဘေး စောင့်လိုက်၊ သံဃာသင်းကွဲတဲ့ဘေး၊ လူချင်းကွဲတဲ့ဘေး စောင့်လိုက်....(မှန်ပါဘုရား)၊ သူက မလုပ်ဖြစ်တဲ့ဘက်ဆီ မသွားလား-(သွားပါ

http://www.dhammadownload.com



တယ်ဘုရား)၊ အင်မတန်မဆိုးရွားဘူးလား....(ဆိုးရွားပါတယ် ဘုရား)၊

ကိုင်း....ဒါဖြင့် ဒကာဒကာမတွေ ခင်ဗျားတို့ စောင့်လာတာ ဘာသိလောက်ကြပြီလဲ.... (သံသရာနဲ့အချုပါဘုရား)၊ သံသရာနဲ့အမျှ စောင့်လာတာ အခုထက်ထိလဲ မလိမ္မာသေးဘူး၊စောင့်တုန်းပဲဆိုလို့ရှိယင် လွဲပါမလား....(မလွဲပါဘုရား)၊

ကဲ-ယနေ့ကစ၍ မှုပြင်ကြမှာတော့....(မှန်ပါဘုရား)၊ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(မှုပြင်ရပါမယ်ဘုရား)၊

ယနေ့အစပြီး မှုပြင်ကြပါတော့ဆိုတာ ဦးထွန်းကျော်တို့ ဘုန်းကြီးတို့ ဒကာဒကာမတွေကို ယဉ်ကျေးသည်ထက် ယဉ်ကျေးအောင်လို့ ဆုံးမပါတယ်ဆိုတာ သဘောကျကြပါ့စား-(ကျပါတယ်ဘုရား)း

ဘုန်းကြီးက ဆုံးမတာလား၊ ဒကာဒကာမများကဖွဲ့ ဗီဘောင်းပေါ်းဘောင်းရှိတာကို မင်းတို့ သူတော်ကောင်းအလုပ်မလုပ်ယင် စောင့်နေတယ်လို့ ပြောတာလား၊ .... (စောင့်နေတယ်လို့ ပြောတာပါဘုရား)၊ရှင်းပြီနော်....(မှန်ပါဘုရား)၊

ကဲ....ဒါဖြင့် ဦးခင်မောင် အလုပ်လုပ်ကြစို့ .... (မှန်ပါဘုရား)၊ဗီဘောင်းတွေသိပြီနော် .... (မှန်ပါ)၊ ဗီဘောင်းတွေသိတဲ့အခါကျတော့ အလုပ်လုပ်ကြပါစို့တဲ့၊

သတ္တဝါအစ အဝိဇ္ဇာ. တဏှာက ဆိုပြီးသကာလ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာမဖြစ်လားဗျာ....(ဖြစ်ပါတယ်ဘုရား)၊

ခန္ဓာဘယ်နှစ်ပါးဖြစ်ပါလိမ့်-(ငါးပါးဖြစ်ပါတယ်ဘုရား) သြော်....ပဉ္စဝေါကာရဘုံဆိုတော့ ခန္ဓာငါးပါး ဖြစ်တယ်နော်

http://www.dhammadownload.com



(မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ဝေါကာရဘုံဆိုတော့ ခန္ဓာငါးပါးက ဖြစ်တယ်၊ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါးဖြစ်တယ်....(မှန်ပါ)။

လူမိုက်များကျတော့ ခန္ဓာငါးပါးနောက်ကနေပြီး အဝိဇ္ဇာသင်္ခါရလာပြန်တယ်....(မှန်လှပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ လူမိုက်များကျတော့ ဘာသစ္စာပြန်သတုံး-(အဝိဇ္ဇာသင်္ခါရ လာပြန်ပါတယ်ဘုရား)၊

ဩော်....အဝိဇ္ဇာ သင်္ခါရကြောင့် ဒုက္ခသစ္စာကြီးဖြစ်တယ်-(မှန်လှပါဘုရား)၊

ဒုက္ခသစ္စာ ခန္ဓာကြီး ဖြစ်ပြီးသကာလ တင်းမတိမ်တာနဲ့ ဒုက္ခသစ္စာခန္ဓာ ဖြစ်ကြောင်းဖြစ်တဲ့ အဝိဇ္ဇာသင်္ခါရ ပြန်အားထုတ်တယ်....(မှန်ပါဘုရား)၊ မထုတ်ဘူးလား....(ထုတ်ပါတယ်ဘုရား)။

ထုတ်လဲ ထုတ်လိုက်တဲ့ အခါကျတော့ ဘယ်သူက ဘာရမယ်ထင်ကြတုံး.... (ခန္ဓာငါးပါး ရပါတယ်ဘုရား)၊ ခန္ဓာငါးပါးဟာ ဘာသစ္စာတရားပါလိမ့်.... (ဒုက္ခသစ္စာ ဘုရားပါဘုရား)၊

အဲဒီတော့ အဝိဇ္ဇာသင်္ခါရ ပြန်အားထုတ်လိုက်လို့ရှိယင် ခန္ဓာငါးပါး ဒုက္ခသစ္စာ ရဘယ်ဆိုဘာ မသေချာဘူးလား.... လွှဲဦးမလားဟေ့....(မလွှဲပါဘုရား)၊

ကဲ....အဝိဇ္ဇာသင်္ခါရကြောင့် ဦးခင်မောင် ဘာဖြစ်ကြပါလိမ့် ...(ခန္ဓာငါးပါး ဖြစ်ပါတယ် ဘုရား)၊ ခန္ဓာငါးပါးဟာ ဘာသစ္စာတရားပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဇကာဒကာမတို့ ခန္ဓာငါးပါး ဒုက္ခသစ္စာတဆွေးလို့ ဘုန်းကြီးက ဟောချင်လို့ ဟောရတာ မဟုတ်ပါဘူး၊ ဘုရားကျွ

http://www.dhammadownload.com



ဟောချင်လို့ ဟောရတာမဟုတ်ပါဘူး။ သူ့အထဲမှာ ဇာတိက လာသောကြောင့် ဇာတိက တက်လာတဲ့ခန္ဓာဖြစ်သောကြောင့် ဇာတိကလဲ ဒုက္ခသစ္စာပဲ....(မှန်လှပါဘုရား)။

ရင့်ကျက်တဲ့ဇရာကကော....(ဒုက္ခသစ္စာပါပဲဘုရား)။

ဒီအထဲအနာတွေကပါလာလို့ ဗျာဓိကကော....(ဒုက္ခသစ္စာ ပါဘုရား)။

ဒီအထဲ သေတတ်တဲ့ အဆိပ်တွေက ပါလာလို့ မရဏမို့ ဒုက္ခသစ္စာ-ကလဲ ပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဘာသစ္စာပါလိမ့် .... (ဒုက္ခသစ္စာ ပါဘုရား)၊ အင်း....ဟင်....ဒုက္ခသစ္စာကြီး ဘယ်သူတည်ထောင် လိုက်ပါလိမ့်....(အဝိဇ္ဇာက တည်ထောင်တာပါဘုရား)၊

အဝိဇ္ဇာတဏှာနဲ့သင်္ခါရတွေက တည်တောင်လိုက်တဲ့အတွက် ခန္ဓာငါးပါး ရပြီးသကာလ ဒုက္ခသစ္စာ ဒုက္ခသစ္စာမှန်း၊ မသိ ပြန်တော့ ဒီခန္ဓာကြီးကို မသိတဲ့ အဝိဇ္ဇာက၊ ကိုယ့်ကိုယ်ကို ပြန်မသိတဲ့ အဝိဇ္ဇာက ဦးခင်မောင် လာပြန်တယ်....(လာပါ တယ် ဘုရား)။

မသိတော့ခင်လာပြန်သတဲ့ ကိုယ့်ကိုယ်ကို(မှန်လှပါဘုရား)၊ ဘာပြန်လာပြန်ပါလိမ့် .... (တဏှာပြန်လာပါတယ်ဘုရား)၊ အဝိဇ္ဇာနှင့်....(တဏှာပြန်လာပါတယ်ဘုရား)။

အဝိဇ္ဇာနှင့် တဏှာ ပြန်လာပြန်တော့ သူကတော့ဖြင့် ဒီခန္ဓာဖြစ်ကြောင်း၊ကိုက အလျှင်ခန္ဓာကြီးကို မသိတဲ့အဝိဇ္ဇာနှင့် တွဲတဲ့ တဏှာကြောင့် နောက်ခန္ဓာဆိုတဲ့ ခန္ဓာ ငါးပါး

http://www.dhammadownload.com



မောင်ထွန်းလှိုင်တို့ ဒကာမတို့ မလာရပေဘူးလား....(လာရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက် (မှန်ပါ)၊ မပေါက်ကြဘူးလား .... (ပေါက်ပါတယ်ဘုရား)၊ ဒီမျိုးစေ့ကြောင့်....(ဒီအပင်ပေါက်ပါတယ်ဘုရား)။

အဝိဇ္ဇာ တဏှာ မျိုးစေ့ကြောင့် ခန္ဓာဒုက္ခသစ္စာ အပင်ကြီးပေါက်လာတယ်.... (မှန်လှပါဘုရား)၊ ဦးခင်မောင် ဘာပေါက်ပါလိမ့် .... (ခန္ဓာမျိုးစေ့ အပင်ကြီး ပေါက်လာပါတယ်ဘုရား)၊ ခန္ဓာဒုက္ခသစ္စာအပင်ကြီး ပေါက်လာတော့ ဘာတွေများ သီးလာပါလိမ့်မတုံးလို့ အကဲခတ်လိုက်တဲ့အခါကျတော့ အဝိဇ္ဇာနဲ့ တဏှာပြန်သီးတယ်....(မှန်ပါဘုရား)။

ဒါတွေက မျိုးစေ့ကျပြီး ဘာပင်တွေများ ပေါက်မှာပါလိမ့်....(ခန္ဓာအပင်တွေပေါက်မှာပါဘုရား)။

ခန္ဓာငါးပါးဒုက္ခသစ္စာတရားပဲ ပေါက်ပွားလာတယ်ဆိုတာ မသေချာပေဘူးလား....(သေချာပါတယ်ဘုရား)၊

ဩော်....ဒါ လူမိုက်၏လမ်းစဉ်....(မှန်ပါဘုရား)၊ ရိပ်မိကြပလား....(မှန်ပါဘုရား)၊ဘယ်သူ၏လမ်းစဉ်ပါလိမ့်....(လူမိုက်၏ လမ်းစဉ်ပါဘုရား)။

ကိုင်း....ဒကာဒကာမတွေ လူမိုက်၏ လမ်းစဉ်ဆိုတာသည် အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခ သစ္စာ တရားကြီး ပေါက်ပွားလာပါတယ်.... (မှန်ပါဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)၊

ခန္ဓာငါးပါးထဲ သေသေချာချာကြည့်၊ ဒုက္ခသစ္စာ သူ့ထဲမှာ ဇာတိဏကော မစဘူးလား....(စပါတယ်ဘုရား)ဇာပီတီ၊

http://www.dhammadownload.com



ဒုက္ခအစ္စာ သူရှိတယ်၊ ဇရာပိ ဒုက္ခာသစ္စာကော....(လာပါတယ်ဘုရား)၊ဗျာဓိပိ ဒုက္ခသစ္စာကော-(လာပါတယ်)၊အနာတွေလဲ အပြည့်အစုံ ရှိတယ်၊ မရဏမ္ပိ ဒုက္ခသစ္စံ ကော—(လာပါတယ်ဘုရား)။

ကြည့်....အဝိဇ္ဇာ သင်္ခါရကြောင့် ဒုက္ခသစ္စာ ခန္ဓာပင်ကြီး ပေါက်လာတယ်၊ ဦးခင်မောင်ရေ....(မှန်ပါ့ဘုရား)ဒီခန္ဓာပင်ကြီးဟာ လူမိုက်မှာတော့ ဘာတွေများ သီးလာပါလိမ့်ဗျာ....(အဝိဇ္ဇာနဲ့ တဏှာ သီးပါတယ်)၊ အဝိဇ္ဇာနဲ့တဏှာသီးပြီး မြေပေါ်ကျပြန်တယ်....(မှန်ပါ့ဘုရား)။

ကျပြန်တော့ ဘာပင်တွေများ ပေါက်ဦးမယ် ထင်ကြပါလိမ့်....(ဒုက္ခသစ္စာပင်တွေ ပေါက်ပါတယ်ဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားပဲ ပြန်၍ပေါက်ဦးမယ်ဆိုလို့ရှိယင်ဖြင့် ဒကာဒကာမတွေ ဒီဘဝ ဒီသားသမီး၏ ကျွန်ခံ၊ ဟိုဘဝကျတော့ကော....(ဟိုသားသမီး၏ကျွန်ခံရပါမယ်ဘုရား)။

ဒီဘဝ ဒီလင်၏ ကျွန်ခံ၊ ဟိုဘဝကျတော့.... (ဟိုလင်၏ကျွန်ခံရပါ့မယ်)၊ဒကာတွေမှာလဲ ဒီဘဝဒီခင်ပွန်းမ၏ကျွန်ခံ....(ဟိုဘဝ ဟိုခင်ပွန်းမ၏ ကျွန်ခံရပါမယ်ဘုရား)။

နို့....ခင်ဗျားတို့ဟာ ကျွန်ဇာတ်ချည်း ခင်းနေတယ်ဆိုယင်လဲ လွဲပါ့မလား....(မလွဲပါဘုရား)၊ တောင်တောင်ကြာ အိုဘေးနာဘေးတွေနဲ့ပဲ ဒကာဒကာမတွေအချိန်ကုန်၊ တောင်တောင်ကြာလဲ အိုဘေး နာဘေးနဲ့ အချိန်ကုန်ဆိုတော့ ဒီခန္ဓာကြီးဟာ ဒုက္ခ လမ်းခွဲမှ တစ်ပါး အခြား လမ်းခွဲကို မတွေ့တော့ပါဘူးလား....(မတွေ့ပါဘုရား)ပေါ်လာကြပလား....(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် လူလိမ္မာနဲ့ လူမိုက် ဘာထူးတုံ၊ဆိုတော့ ဦးခင်မောင် ဒီကြည့်ပါတဲ့....လူလိမ္မာက အဝိဇ္ဇာတဏှာ မလာဘဲနဲ့ ဝိဇ္ဇာနဲ့ အလောဘ လာတယ်၊လူမိုက်က ဝိဇ္ဇာ၊လောဘ မလာဘဲနဲ့အဝိဇ္ဇာနဲ့ တဏှာလာတယ်၊ ရှင်းပလား....(မှန်လှပါဘုရား)။

လူမိုက်တုန်းကတော့ ဒီနေရာ ဘာတဲ့ဗျာ.... (အဝိဇ္ဇာနဲ့ လောဘလာပါတယ်)၊ လူလိမ္မာကျတော့....(ဝိဇ္ဇာနဲ့အလောဘ လာပါတယ်)၊ ဝိဇ္ဇာနဲ့အလောဘ လာတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဩော်....သူကျတော့ ဒီဘက်ခန္ဓာပင် ပေါက်စရာရှိသေးရဲ့လား....(မရှိပါ)၊ သားတွေ သမီးတွေ၏ ကျွန်သပေါက်ဖြစ်စရာကော-(မရှိပါ)၊သေချာကြပလား-(သေချာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် တို့သည်ကားဆိုယင် လူလိမ္မာ ဖြစ်ချင်လို့ရှိယင် ဒီခန္ဓာကြီးက ဝိဇ္ဇာနဲ့အလောဘ အသီး၊သီးမှသာလျှင် လိုရာခရီး ပြီးတော့မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ ဘာအသီး၊ သီးရမယ်.... (ဝိဇ္ဇာနဲ့ အလောဘအသီး၊ သီးရပါမယ် ဘုရား)၊

အဲ....မဂ္ဂင်အသီး၊ သီးမှ ကိစ္စပြီးတော့မယ် .... (မှန်လှပါဘုရား)၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)၊ ဒကာ ဒကာမတို့ ဘာသီး၊သီးမှ ကိစ္စပြီးမယ်....(မဂ္ဂင်သီး၊သီးမှ ကိစ္စပြီးမှာပါ)၊ ဒါဖြင့် ဒီအချိန်မှာ ဒီဆရာသမားတွေနဲ့ ဒီသာသနာကြုံတုန်းကို ဒီအပြောကလေး ပြောရဲတာနော်....(မှန်ပါဘုရား)။

http://www.dhammadownload.com



နောက်ကျတော့ ကိုယ့်ဉာဏ်ထဲမှာလဲ ပေါ်မယ်မဟုတ်ဘူး ပြောပေးမည့် သာသနာကြီးကလဲ ကွယ်တော့မယ်ဆိုတာကလဲ သိပ်မဝေးကြတော့ပါဘူး....(မှန်လှပါဘုရား)၊ သာသနာကျ ကျန်နေပြန်လဲ ကိုယ်က အသေစောလို့ ကွယ်ချမှာကလဲ ရှိပါသေးတယ်....(မှန်လှပါဘုရား)၊ မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ယခုအချိန်သည် အစာလဲ ကျေကျက်တုန်း အရွယ်ကလေးကလဲရှိကြတုန်း အအိုလဲမစောင့်ပါနဲ့၊ အသေလဲ မစောင့်ပါနဲ့၊ ဝိဇ္ဇာသိး၊ သိးအောင်လုပ်ပါ....(မှန်လှပါ)၊ ဝိဇ္ဇာသီး၊ သီးအောင် မလုပ်သင့်ဘူးလား....(လုပ်သင့်ပါတယ်ဘုရား)၊

ကိုင်၊ .... ဒါဖြင့် လုပ်ကြပါစို့ ဒကာဒကာမတို့၊ ဒီခန္ဓာကြီးမှာ သတိပဋ္ဌာန်လေးပါးနဲ့ ခွဲလိုက်တော့ ခန္ဓာငါးပါးပေမယ့် သတိပဋ္ဌာန်လေးပါးနဲ့ခွဲလိုက်တော့ လေးပါးပဲရှိပါတော့တယ်၊ ရုပ်နာမ်နဲ့ခွဲလိုက်တော့ နှစ်ပါးပဲရှိတော့တယ်....(မှန်ပါဘုရား)၊သေသေချာချာ ရုပ်နာမ်ကိုပဲ တစ်ခါအနိစ္စနဲ့ ခွဲလိုက်တဲ့အခါကျတော့ တစ်ခုသာရှိတော့တယ်.... (မှန်ပါ)၊ အနိစ္စနဲ့ ခွဲလိုက်တော့ ဖြစ်ပျက်တစ်ခုပဲရှိတော့တယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီတစ်လုံးပဲ ရှုရမှာပေါ့....(မှန်ပါဘုရား)၊ဘာရှုကြမယ်....(ဖြစ်ပျက်တစ်လုံးပဲ ရှုရပါမယ်)၊ ဖြစ်ပျက်တစ်လုံးပဲရှုရမယ်....(မှန်ပါဘုရား)၊ ဝေဒနာရှု ဆိုတာလဲ ဖြစ်ပျက်—(မှန်ပါဘုရား)၊စိတ်ရှုဆိုတာကော -(ဖြစ်ပျက်ပါဘုရား)၊ကဲ...ဒါဖြင့်

http://www.dhammadownload.com



နီဂုံးချုပ်လိုက်ဘော့ ဒကာ ဒကာမတို့ ဝီတစ်လုံးတည်းများဘော့ ခင်ဗျားတို့က ဝန်သေးစရာများရှိသေးသလား....(မရှိပါဘုရား)။

ဒီသက်လဲ ချုံးပြီးပေးစရာလဲ မရှိဘော့ဘူး၊ ဒါမှ မရှုလို့ ရှိယင် အိပ်နေရုံရှိဘော့တယ်၊ အိုဘေး, နာဘေး, သေဘေး စောင့်ရုံရှိဘော့တယ် - (မှန်ပါဘုရား)၊ ရိမ်မိပလား–(ရိမ်မိပါပြီ)၊ ကဲ–ဒါဖြင့် ဒကာဒကာမတွေ ဒီအလုပ်အရေးတကြီး လုပ်ကြစို့ရဲ့နော်....(မှန်လှပါဘုရား)။

ကိုင်း .... ဒါဖြင့် ဦးခင်ခေါင်ချေ....မနေ့က ဝေဒနာမှာ သစ္စာဉာဏ်သာ ပြောခဲ့ရတယ်၊ ကိစ္စဉာဏ် မပြောခဲ့ဘူးနော်.... (မှန်ပါ)၊ မနေ့က ဝေဒနာ ဘယ်ဉာဏ် ပြောခဲ့သတုံး....(သစ္စာဉာဏ်ပြောခဲ့ပါတယ်)၊ ကိစ္စဉာဏ် မပြောခဲ့ဘူး.... (မှန်ပါ)၊ ကိုင်း–ဒကာဒကာမတို့ ဝေဒနာရှုရာဌာနကလေး သူ့သချိုင်းရှိဘဲ့ ဌာနကလေး တစ်ခေါက်ဘော့ ပြောကြဦးစို့နော်.... (မှန်ပါဘုရား)။

မျက်လုံးထဲ မြင်တာကလေး ဟူသချိုင်း ဘာဝေဒနာလဲ.... (ဥပေက္ခာဝေဒနာပါဘုရား)၊ နားထဲကြား ဘာကလေး ဟူသချိုင်း .... (ဥပေက္ခာဝေဒနာပါ ဘုရား)၊ နှာခေါင်းထဲ နံတာ, မွှေး ဘာကလေး ဟူသချိုင်း....(ဥပေက္ခာဝေဒနာပါ ဘုရား)၊ အင်း....ဟင်း....လျှာပေါ်မှာ စားဘိ၊ သောက်ဘာကလေး ဟူသချိုင်း....(ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒါ ပေါ်တိုင်း ပေါ်တိုင်း ဒါ....ဥပေက္ခာ ဝေဒနာကလေးဟာ သူ့နေရာနှင့်သူ ဒီသေးခုကို ဆိုဘဲ့ ဥစ္စာ ပေါ်တိုင်း ပေါ်တိုင်း ဥပေက္ခာဝေဒနာ၏ သချိုင်းဆိုဘာ ဒါကို မှတ်ချ

http://www.dhammadownload.com



မယ်.... (မှန်ပါဘုရား)၊ သင်္ချိုင်းဆိုတာ ဗီနေရာမွေး ဗီနေရာ သေတာ....(မှန်ပါဘုရား)။

သင်္ချိုင်းဆိုတာ ဘာပါလိမ့် .... (ဗီနေရာမွေး ဗီနေရာသေတာပါဘုရား)၊ ဗီနေရာမွေး ဗီနေရာ သေတာ သင်္ချိုင်းလို့ ခေါ်ပါတယ်-နော်....(မှန်ပါ)၊ကဲ—ဒါဖြင့် ဥပေက္ခာဝေဒနာလေး နေရာတော့ သိသွားပြီ—တဲ့၊ ကိုယ်ပေါ်ကျလာတော့ တစ်ခါတလေခံသာတဲ့အခါ သုခဝေဒနာပေါ်တယ်....(မှန်ပါဘုရား)၊တစ်ကိုယ်လုံးမှာ သူပေါ်ချင်တဲ့နေရာ ပေါ်တယ်.... (မှန်ပါဘုရား)၊

အဲဒါ သုခဝေဒနာ၏သင်္ချိုင်းဟာ ဦးခင်မောင် ဘယ်နေရာပါလိမ့်.... (ကိုယ်ပေါ်မှာပေါ်ပါတယ်ဘုရား)၊ တစ်ကိုယ်လုံးဆိုကြပါစို့၊သူပေါ်ချင်တဲ့နေရာ ပေါ်လိမ့်မယ်နော်-(မှန်ပါ)၊ သုခဝေဒနာ ဘယ်နေရာက ပေါ်ပါလိမ့်....(တစ်ကိုယ်လုံးမှာ ပေါ်ပါတယ် ဘုရား)၊ အဲ....ပေါ်ချင်တဲ့ နေရာ ပေါ်တယ်၊ တစ်ကိုယ်လုံးဆိုပေမယ့်လို့ ဒကာဒကာမတို့ ပေါ်ချင်တဲ့ နေရာကွက်ပေါ်တာနော်.... (မှန်ပါဘုရား)၊ ပေါ်နိုင်တဲ့ ဌာနသာ ပြောပါတယ်....(မှန်ပါဘုရား)၊

ဒုက္ခဝေဒနာဆိုတာလဲ ဒကာဒကာမတို့ တစ်ကိုယ်လုံးပဲ—(မှန်ပါဘုရား)၊အဲဒီတော့ ဒုက္ခဝေဒနာ၏ မွေးရာဌာန သေရာဌာနဆိုတာကော သိပလား-(သိပါတယ်ဘုရား)၊ သုခဝေဒနာ၏ မွေးရာဌာန သေရာဌာနကော .... (သိပါတယ်ဘုရား)၊ ကိုယ်ပေါ်မှာပေါ်လျှာ....(မှန်ပါ)၊ရိပ်မိကြပြီနော်....(မှန်ပါ)။

http://www.dhammadownload.com



ဒါကလေးကို ကိုမြရွှေတို့ ကိုင်ရင်တို့ သူ့နေရာနှင့်သူ သိမှ သာလျှင် ထင်ရှိုင်း အသုဘအရှု မှန်သလိုပေါ့ဗျာ....(မှန်ပါ ဘုရား)၊ အသုဘရှုရာကို ဉာဏ်ထဲမှာ အသုဘဖြစ်သလိုပေါ့ဗျာ— (မှန်ပါဘုရား)၊ ဒီမှာလဲ သူ့အနိစ္စရှိတဲ့နေရာကို အနိစ္စဉာဏ်နဲ့ တည့်နေမှ အနိစ္စ မိတော့မှာပေါ့- (မှန်လှပါဘုရား)၊ အနိစ္စ ရှိတဲ့နေရာ ဉာဏ်နဲ့ မတည့်လို့ရှိယင် မိကြပါ့မလား—(မမိပါ ဘုရား)။

အဲဒါကြောင့်လဲသေရာဌာနအနိစ္စနေရာအလေးကိုလဲရှေးဦး စွာ ရှင်းလှင်းပြီးပြောနေသေးတယ်ဆိုတာကိုလဲ ဦးခင်မောင် မပျင်းနဲ့၊ မှတ်ရလိမ့်မယ်-(မှန်ပါဘုရား)၊ မမှတ်သင့်ဘူးလား.... (မှတ်သင့်ပါတယ်ဘုရား)။

ကဲ....ဒကာဒကာမတို့ အခု ငါးနေရာ နားလည်သွားပြီ— (မှန်ပါ)၊ ချမ်းသာတဲ့ဝေဒနာဟာ တစ်ကိုယ်လုံးမှာ ပေါ်တယ် နော် - (မှန်ပါဘုရား)၊ ဒုက္ခဝေဒနာ ပေါ်ပြန်ယင်ရော.... (တစ်ကိုယ်လုံးမှာ ပေါ်ပါတယ်)၊ အဲ....ပေါ်ရာကို ကျုပ်တို့က လိုက်ရလိမ့်မယ်....(မှန်ပါ)။

ကဲ-တစ်ခါသွားလိုက်ပါဦးတဲ့၊ သောမနဿဝေဒနာဆိုတော့ ဝမ်းသာတယ်ဆိုတာ ခင်ဗျားတို့ဝမ်းထဲက သာတာ-(မှန်ပါ)၊ အဲဒီတော့ ဟဒယဝတ္ထုပေါ်မှာ ဝမ်းသာတဲ့စိတ်ကလေးပေါ် တော့ ဩော်-သောမနဿကလေးဟာ ဝမ်းသာတာကလေး ဝမ်းထဲမှာဖြစ်ပြီး ဝမ်းထဲမှာ ပျက်ဖို့ပဲလို့ နေရာကလေး မှတ် ထားလိုက်စမ်းပါ....(မှန်ပါဘုရား)။

http://www.dhammadownload.com



ကျုပ် ဒေါမနဿ ဖြစ်လိုက်တာ ဆိုတော့ကော မရှိဘူးလား-(ရှိပါတယ်)၊ အဲ...ဒေါမနဿုပေက္ခာဝေဒနာကလဲ အတွေ့တွေ့မဲ့ ကောဒယာမတို့ ဝမ်းထဲမှာဖြစ်ပြီးတော့-(ဝမ်းထဲမှာ ပျက်ပါတယ်)၊ ဝမ်းထဲမှာပဲပျက်တယ်၊ သူတို့ကို ဖြစ်ပျက်ရှုမယ်ကြံသို့ ရှိယင် ဝမ်းထဲ ဉာဏ်ကလေးလှည့်ရမယ်-(မှန်ပါ့ဘုရား)၊ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

တစ်ခါ ဝမ်းထဲမှာလဲ ဥပေက္ခာဝေဒနာ ပေါ်တာကိုခလား ရှိသေးတယ်တဲ့၊ ဒုက္ခာဒုက္ခာမတွေအားလုံး ဒီကမ္မဿကာထားတဲ့ အခါတွေကော မပါဘူးလား-(ပါ့ပါတယ်ဘုရား)။

အဲ-ကမ္မဿကာ ထားတဲ့အခါကျလို့ရှိယင် ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ အို....ဘယ်သူသေပြီးနိုင်သတဲ့၊ ဩော်.... ကံအမိ၊ ကံအဖ မတတ်နိုင်ဘူး၊ ကံစီမံသလို ခံရုံပဲ၊ ဘယ်သို့ စိတ်မှုမပေါ်ဘဲနဲ့ ဒီအသံကလေးချည်း ထွက်နေလို့ရှိယင်ဖြင့် ဥပေက္ခာ စိတ်ကလေးလို့ သေသေချာချာ မှတ်ထားစမ်းပါ နော်-(မှန်လှပါဘုရား)။

ကမ္မဿကာထားနိုင်တဲ့ ဝမ်းထဲမှာပေါ်တဲ့ စိတ်ကလေး ဟာ ဘာပါလိမ့်-(ဥပေက္ခာစိတ်ပါဘုရား)၊ဥပေက္ခာ ဝေဒနာ လို့မှတ်လိုက်-(မှန်ပါ့ဘုရား)၊ဒါဖြင့် ဝမ်းထဲမှာ သောမနဿ ကော မပေါ်ဘူးလား-(ပေါ်ပါတယ်ဘုရား)။

ဒေါမနဿ ကော-(ပေါ်ပါတယ်ဘုရား)၊

ဥပေက္ခာကော-(ပေါ်ပါတယ်ဘုရား)၊

အင်း-ဟင်-ဒါဖြင့် သောမနဿ ပေါ်ယင် ဝမ်းထဲမှာ ရှုရလိမ့်မယ်၊ဒေါမနဿပေါ်ယင်- (ဝမ်းထဲမှာ ရှုရပါမယ်)၊

http://www.dhammadownload.com



ဥပေက္ခာပေါ်ရင်-(ဝမ်းထဲမှာရှုရပါမယ်)၊ ဝမ်းထဲမှာပဲ ရှုရမယ်၊ အခုနက ပြောခဲ့တဲ့ဝေါးနေရာမှာကော-(ရှုရပါမယ်)။

အဲ-ပေါ်ရာလိုက်ရမှာပေါ့ဗျ-(မှန်ပါ့ဘုရား)၊ဦးခင်မောင်သူ့ဒုက္ခကျတော့ဘယ်လိုက်ကြမယ်-(ကိုယ်ပေါ် လိုက်ရပါ့မယ်ဘုရား)။

အဲ-သိထားတော့ ခြော်-ဝေဒနာ ပေါ်ရာဌာန သိပြီလို့ဆိုတော့မှ ဝေဒနာချုံးလိုက်တဲ့အခါကျတော့ ဝေဒနာသည်ပေါ်ရာဌာနသာ ပြားတယ်, ချုံးပြီးသကာလ ဒကာဒကာမတွေ ဟောကြပါစို့ဆိုတော့ သောမနဿနဲ့ သုခ ပေါင်းလိုက်တော့ အဲဒါ သုခဝေဒနာ-(မှန်ပါ့ဘုရား)။

ဒေါမနဿနဲ့ ဒုက္ခ ပေါင်းလိုက်တဲ့အခါ ကျတော့ ဒုက္ခဝေဒနာ-(မှန်ပါ့ဘုရား)၊ဥပေက္ခာတွေ ထပ်ပေါင်းလိုက်တော့ (ဥပေက္ခာဝေဒနာပါဘုရား)၊ ဝေဒနာဟာ သုံးမျိုးပဲ ရှိပါတယ် - (မှန်ပါ့ဘုရား)၊ရှင်းပလား....(ရှင်းပါပြီ)၊ ဝေဒနာဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးရှိပါတယ်ဘုရား)။

အင်း-ပေါ်ရာဌာနနဲ့ ခန္ဓာတွေ ပြောလိုက်တော့ အခုနက ဘုန်းကြီးပြောတဲ့အတိုင်း နားလည်သွားလိုက်တာပေါ့....(မှန်ပါ့ဘုရား)၊ ချုံးလိုက်တဲ့ အခါကျတော့ ဝေဒနာ ဘယ်နှစ်မျိုးရှိသတုံး....(သုံးမျိုးရှိပါတယ်ဘုရား)၊သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ-(မှန်ပါ့ဘုရား)၊ဘယ်နှစ်မျိုးပါလိမ့်သုံးမျိုးပါဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဒါဖြင့် ဒီဝေဒနာသုံးမျိုး တစ်ခုခု အမြဲရှိတယ် .... (မှန်ပါဘုရား)၊ ဦးခင်မောင်ရေ တစ်ခုခုတော့ဖြင့်

http://www.dhammadownload.com



(အမြဲရှိပါတယ်ဘုရား)၊ တစ်စုံစု ရှိမယ်ဆိုတော့ ဘယ်အချိန် လက်ညှိုးထိုး ထိုး ဝေဒနာ ကင်းကြရဲ့လား .... (မကင်းပါဘုရား)၊ ဘယ်အချိန် ခန္ဓာကိုယ် လက်ညှိုးထိုး ထိုး ဝေဒနာ ကင်းကြပါရဲ့လား....(မကင်းပါဘုရား)။

ဩော်–ဒါဖြင့် ဒီ ဒကာ ဒကာမတွေ အန္တရာယ်ကင်းလို့ သေားရှင်းကြရဲ့လားလို့မေးယင် ဘယ့်နှယ်ဖြေမှလဲ...(မကင်းပါဘုရား)၊

အန္တရာယ်မကင်းပါဘူး....(မှန်ပါဘုရား)၊
ဝေဒနာတွေနဲ့ချည်းပဲ....(မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘာတွေနဲ့ နေကြရသလဲ .... (ဝေဒနာတွေနဲ့ နေရပါတယ်ဘုရား)။

ဝေဒနာတွေနဲ့ နေကြလို့ပေါ့ ဒကာဒကာမတွေ ခုစဉ်းစားကြည့်ပါလား၊ တရားနာတာ နာရီသုံးမတ်လောက် ရှိပြီပဲ ထားပါတော့၊ ဝေဒနာ ထတာနဲ့ ဟိုနေရာကလေး ရောင်းလိုက်ရ၊ဒီနေရာကလေး ပြောင်းလိုက်ရ၊ လက်ကလေး ငြိမ်ငြိမ်မနေနိုင်လို့ ဟိုဖျောက်လိုက်ရ၊ ဒီဖျောက်လိုက်ရ၊ ဟိုအထည်ကလေး ဆွဲခြုံလိုက်ရ၊ ဒီအထည်ကလေး ဆွဲခွာလိုက်ရ မလာဘူးလား... (လာပါတယ်ဘုရား)။

ဟာ....ဒကာဒကာမတွေ ငြိမ်ငြိမ်နေစမ်းပါ၊ ဘာဖြစ်လို့တုံးမေးတော့ ဝေဒနာကြလို့ဘုရား....(မှန်ပါ)၊ ဘယ်လိုဆိုကြပါ့လဲ... (ဝေဒနာ ကြလို့ပါဘုရား)၊ ဒါပဲ၊ ဘယ်သူမှ ငြိမ်ငြိမ်မနေနိုင်ကြဘူး၊ရိုပ်မိပလား....(မှန်ပါဘုရား)၊ ဘာဖြစ်လို့တုံးလို့မေးတော့-(ဝေဒနာသည်တွေမို့ပါဘုရား)၊ရှင်းကြပလား-

(ရှင်းပါပြီ)၊ ဘာဖြစ်ကြပါလိမ့် ... (ဝေဒနာသည်တွေနို့ပါ ဘုရား)။

အဲဒါ ဒကာ့ဒကာမတွေ အန္တရာယ်ဖြစ်လို့သာ ယပ်ခတာပဲ ကလေး ခတ်ကာခတ်ကာနဲ့နေတာ မကောင်းလို့ ခတ်နေတာ သိလျက်သားနဲ့-(မှန်ပါ)၊ မကောင်းလို့ ခတ်နေတာ မဟုတ်လား....(မှန်ပါဘုရား)၊ ခတ်တော့ ဒုက္ခဝေဒနာ ပျောက်နေ့ တာနဲ့ ယပ်ခတ်ချင်ခတ်ရတာ-(မှန်ပါဘုရား)၊ ကျုပ်တို့ ဒီလို နေနိုင်တာ တော်သေးရဲ့၊ ဟာ...ဒီလိုမနေနိုင်လို့ ခတ်နေတာ ချည်း ဘယ်နှယ်ဖြစ်နေရတာတုံး၊ ရိပ်မိကြပလား.... (မှန်ပါ ဘုရား)။

ဒီနားကနေပြီး ဟိုနားခဏ ထိုင်လိုက်ပါဦးလား၊ ကျုပ် ဟိုနား ခဏသွားလိုက်ဦးမယ်၊ လူတော့ ကျန်းမာပါတယ်၊ ဘယ်ကျန်းမာရမတုံး ဒကာဒကာမတို့ ကုရှိ သွားချင်တဲ့ ဝေဒနာ ပေါ်နေတယ်....(မှန်ပါဘုရား)၊ ကျင်ငယ် စွန့်ချင်တဲ့ ဝေဒနာ-(ပေါ်ပါတယ်ဘုရား)၊ ထိုင်လိုက်မဦးတဲ့ ကျုပ်က တော့ ကျန်းမာတော့ ကျန်းမာပါတယ်၊ သို့သော် မလွဲသာ တာတလေး ရှိနေလို့တဲ့....(မှန်ပါဘုရား)။

ဒါ ကျန်းမာတာလား၊ မကျန်းမာတာလား ပြော-ပြော ပါဦး....(မကျန်းမာတာပါဘုရား)၊ မကျန်းမာတာ ဆိုတာ သေချာပလား-(သေချာပါတယ်ဘုရား)၊ ကဲဗျာ-ဒီသြော်သည်နဲ့ ပဲ့ စောင်တော်ကြာတော့ ခေါ်ပြီး ကာဖီကလေး၊ သောက်ကြ ဦးစို့-ဆာခလောင်ကုန်ကြရော့မယ်၊ အချိန်လွန်သွားပြီဆိုတော့ နေကောင်းတုန်း စားနိုင်တာနော်-ဆိုပြီး နေကောင်းတုန်း ပြောလိုက်သေးတယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဟိုဝေဒနာရောက်နေတာ သူသိမှမသိဘဲ- (မှန်ပါ့ဘုရား)၊ နေကောင်းလို့ စားရတာလား- မကောင်းလို့စားရတာလား- (မကောင်းလို့ စားရတာပါဘုရား)၊ သဘောကျပြီလား-(ကျပါပြီဘုရား)၊ကောင်းလို့ စားရတာလား မကောင်းလို့ စားရတာလား....(မကောင်းလို့ စားရတာပါဘုရား)။

မကောင်းလို့ပေါ့၊ ဆာတဲ့အနာ ပေါက်လာလို့ ဆာတဲ့အနာကို ကုရတဲ့အလုပ်ကြီးတစ်ခု ဒါကို နေကောင်းတုန်း စားနိုင်ကြတာ မင်း ဒါဆေးစားလိုက်စမ်းပါ မျှားတောင် လောက္ခတ်ချော်လိုက်သေးတယ်- (မှန်ပါ့ဘုရား)၊ တကယ့်ကို ခက်တဲ့ ဒကာဒကာမတွေ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီအထဲ ဘယ်သူ့ ဝေဒနာကင်းသတုံး....(မကင်းပါဘုရား)၊ အခု အိမ်က ဆေးကုပြီး လာခဲ့ကြရတာ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)၊ တချို့ပြန်မှ ကုကြရမယ်နော်-(မှန်ပါ့ဘုရား)၊ တချို့ပြန်မှကုရမှာ ထမင်းမစားရသေးဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ တချို့ကျတော့လဲ ကုပြီးလာခဲ့ရတယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင်ကြီး-ကုပြီးခဲ့ပလား-(ကုပြီးခဲ့ပါပြီ)၊ ကုပြီးခဲ့ပြီဟုတ်လား....(တင်ပါ့ဘုရား)။

အဲဒါကြောင့် ဘယ်အခါမှ ဝေဒနာ မကင်းဘူးဆိုတာ ဒကာဒကာမတွေ သိကြပလား (သိကြပါပြီ)၊ အဲဒီတော့ အဲဒီ ဝေဒနာကလေးတွေဟာ ဒကာ ဒကာမတွေ ဗိုင်းဗိုင်းလဲမှ ဝေဒနာဆိုတာ ခွေးသိဝက်သိဝေဒနာလို့ မှတ်လိုက်စမ်းပါ- (မှန်ပါ့ဘုရား)၊ သဘောကျပလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဗိုင်းဗိုင်းလဲလာတော့လဲ ဦးခင်မောင်-ခွေးလဲ အောင်နေ တာပဲ-(မှန်ပါ)၊ မအောင်ဘူးလားဗျာ-(အောင်ပါတယ်ဘုရား)။ အဲဒီကျမှကျုပ်ဖြင့် ဝေဒနာနောက်နေလို့ ကယ်ကြပါဦး, ယူကြပါဦးဆိုတော့ ဩော်....ဒါဏတော့ ခက်ပါသေးတယ်။ ဝိပဿနာရှုလို့ရတဲ့ ဝေဒနာလား၊ အနားဘေးစောင့်လို့ အနာတွေတာလား.... (အနာဘေးစောင့်လို့ အနာတွေ့တာပါ.... ဘုရား)။

အနာဘေးစောင့်လို့ အနာတွေ့တာ ဗဏာဒကာမတွေ့ လိုရင်းမဟုတ်ဘူးနော် (မှန်ပါ)၊ အဲဒီတော့ ဉာဏ်နဲ့ရှုရမည့် ဝေဒနာက ဆာယင် ဆာတဲ့နေရာ ဒေါမနဿဝေဒနာ ပေါ်တယ်-(မှန်ပါ)၊ ဝမ်းထဲက ဟာလာပြီဆိုမှဖြင့် စိတ်ထဲ ဘယ့်နှယ် ဖြစ်လာသလဲ....(ဒေါမနဿ ဖြစ်လာပါတယ်)။

ထမင်းကလဲ မကျက်နိုင်သေး၊ ချက်တဲ့လူကလဲ ခပ်နွေးနွေး နဲ့ဆိုယင် ဘယ့်နှယ်များ ဖြစ်လာကြသလဲ....(ဒေါမနဿ ဖြစ် လာပါတယ်)၊ အဲဒါ ဘာလုပ်ရမလဲ....(ဒေါမနဿ ဝေဒနာ ရှုရပါမယ်)၊ ဒေါမနဿ ဝေဒနာကို တစ်ခါတည်း မြန်မြန် ဖြစ်ပျက်ရှုရမယ်....(မှန်ပါ)။

ဒီဝေဒနာ မရှုလိုက်လို့ရှိယင် ဒေါမနဿဝေဒနာ မရှုလိုက် လို့ရှိယင် သောကာ, ကျုပ်တော့ မစားရယင် ကျုပ်က လေနာ တတ်တယ်၊ လာပြီ သောကာ၊ မလာဘူးလား,... (လာပါ တယ်ဘုရား)၊ သောကဟာ လာပြီဆိုတာ သဘောကျပလား- (ကျပါပြီဘုရား)။

ကျုပ်ဖြင့် ငိုများငိုချင်တယ်ဆိုပြီး မျက်ရည်သုတ်ကာသုတ် ကာ လာသေးတယ်။ ပရိဒေဝ-(မှန်ပါ)၊ မလာဘူးလား....

http://www.dhammadownload.com



လာအလား-(လာပါတယ်ဘုရား)၊ ဟော....သောက,ပရိဒေဝ ကိုယ်ကလဲ လွှဲအိပ်ချင်တဲ့ သဘောကလေး မလာဘူးလား ဒုက္ခ....(လာပါတယ် ဘုရား)၊ ဒီလိုဖြင့် ခက်ရချည်ရဲ့ဆိုအဲ့ ဒေါမနဿကော,...(လာပါတယ်ဘုရား)။

ဒါတွေဟာ ဒတာဒတ္တာမတို့ သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿ,ဥပါယာသ ဆိုတာတွေ မလာဘူးလား....(လာပါ တယ်ဘုရား)၊ အဲဒါ ဒုက္ခဝေဒနာကိုဖြစ်ပျက်မရှုလို့ ခင်ဗျားတို့ အပါယ်သွားဘော့မလို့ တန်းလိုက်တာ.... (မှန်ပါဘုရား)၊ ထမင်းစားရတာနဲ့ ထမင်းမစားရသူ အပါယ်သွားတော့မယ်-(မှန်ပါဘုရား)။

ဒီအခိပ္ပာယ် မဆောက်ဘူးလား-ဆောက်သလား.... (ဆောက် ပါတယ်ဘုရား)၊ ဒီအထဲမှာ မသိလို့ဖြစ်တဲ့ အဝိဇ္ဇာကပါပြီး သား မနေဘူးလား.... (နေပါတယ်ဘုရား)၊ ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ-(သင်္ခါရပါဘုရား)၊သင်္ခါရပစ္စယာ အပါယ်လေးပါး (မှန်လှပါဘုရား)၊ဒါပဲရှိတော့တယ်၊ ဒီပြင် ဘာရှိသေးသလဲ-(မရှိပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ထမင်းမစားရတာသည် ကျုပ်ဖြင့် စိတ်များပျက်ပါပေါ့လို့ စိတ်ပျက်မနေနဲ့ အပါယ်သွားတာ (မှန်ပါဘုရား)၊ရိပ်မိပလား-(ရိပ်မိပါပြီ)၊ဒါဖြင့် ဆာသောင် လာတဲ့ ဒေါမနဿဖြစ်လာယင် ဘာလုပ်ကြမယ်-(ဖြစ်ပျက်ရှုရ ပါမယ်)၊ ဝမ်းထဲရှုနော်-(မှန်ပါ)၊မျက်လုံးက ဆာတာမဟုတ် ဘူးဦးခင်မောင်-(မှန်ပါဘုရား)၊ဝမ်းထဲကဆာတာ-ဝမ်းထဲက ဒေါမနဿဖြစ်တာမို့ စာယ်ရှုရမလဲ....(ဝမ်းထဲကရှုရမှာပါ)။

http://www.dhammadownload.com



မရှုလို့ရှိယင်ဖြင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အဝိဇ္ဇာ, သင်္ခါရ လာမသွား၊ မလာဘူးလား-(လာပါတယ်ဘုရား)၊ သံသရာတောက်လျှောက် မသွားသေးဘူးလား-(သွားပါတယ်ဘုရား)၊ အဲဒီတော့ ကျုပ်တို့ ထမင်းဆာတာကျုပ်ဖြင့် စိတ်များပျက်ပါပေါ့လို့ တချို့မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဦးခင်မောင် ခင်ဗျားကလဲ ပြန်လာတဲ့အခါ အိမ်ကလဲ မချက်ရသေးဘူးဆိုယင် ဘယ့်နှယ်ဖြစ်နေသလဲ....(စိတ်ပျက်ပါတယ်ဘုရား)၊ ဒေါမနဿမဖြစ်ဘူးလားဗျာ.... (ဖြစ်ပါတယ်ဘုရား)။

ဖြစ်တဲ့အခါကျတော့ ကိုယ်က ဒေါမနဿ ဖြစ်တာ ကိုယ်ဒေါမနဿကိုယ်မရှုမိလိုက်တဲ့အခါကျလို့ရှိယင်ဖြင့်ပစ္စုပ္ပန်မှာလဲ ခန္ဓာကိုယ်ကြီးဟာ အရှုပ်တွေ အကုန်ပျက်ပြီး အရုပ်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)၊ ဒီစိတ်တွေကလဲ အပါယ်မပို့ကြဘူးလား....(ပို့ပါတယ်ဘုရား)။

ဒါ-ဝေဒနာ မနိုင်တဲ့အတွက်....(မှန်ပါဘုရား)။ ရှင်းကြပလား-(ရှင်းပါပြီဘုရား)၊ဒါဖြင့်ဆာလောင်တိုင်း ဆာလောင်တိုင်း ဘာလုပ်ရမလဲ....(ဝေဒနာရှုရပါမယ်ဘုရား)၊ သဘောကျပြီနော်....(မှန်ပါ)၊ ဆာလောင်တိုင်း ဖြစ်ပျက်ရှုရလိမ့်မယ်ဆိုတာပေါ်ကြပလား-(မှန်ပါ)၊ဆာလောင်တော့ ဒေါမနဿဝေဒနာပေါ်တယ်-(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)၊ ဆာလောင်တော့ မှ်ပျက်ခင် ဘာဖြစ်ကြသလဲ .... (ဒေါမနဿဝေဒနာ ပေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



တစ်ခါဆာလောင်ပြီးသကာလလာပြန်တဲ့အခါကျလို့ရှိယင် ဖြင့် ထမင်းကလေး ဆာလာတယ်၊ ကျုပ် ထမင်းဆာလာတဲ့ စိတ်ကလေးရှိလာတယ်၊ အရင်များ ထမင်းစားချင်တဲ့စိတ် မရှိဘူး၊ ခုတော့ စားချင်တဲ့စိတ်ကလေးရှိတော့ ဝမ်းသာရသေး တယ်ဆိုတာကော မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ကျတော့ သောမနဿ လာပြန်တယ်.... (မှန်ပါ့ဘုရား)၊သောမနဿဝမ်းထဲမှလာဖေဘူးလား-(လာပါ တယ်ဘုရား)၊ အဲဒါ ဘာလုပ်ရမလဲ .... (ဖြစ်ပျက်ရှုရပါမယ်)။ အကယ်၍ သောမနဿ မရှုမိလို့ရှိယင်လဲ စားရလို့ သဘောကျ တယ်ဆိုတဲ့ တဏှာ ဥပါဒါန်-(မှန်ပါ့)၊အင်း—ဟင်—စာယက်, ဝစိတ်နဲ့ ထမင်းလုတ်ကြီးကြီးလွေးတာလေး....(မှန်ပါ့ဘုရား)။ မလာဘူးလား....(လာပါတယ်ဘုရား)၊လာတော့ ကမ္မပစ္စယာ-(ဇာတိပါဘုရား)။

သွားပါပြီကောဗျ....(မှန်ပါ့ဘုရား)၊ ထမင်းဆာလိုက်တာ အပါယ်ရောက်စာရော....(မှန်ပါ့ဘုရား)၊ ရိပ်မိပလား....(ရိပ်မိ ပါပြီ)၊ထမင်းဆာလိုက်တာ ဘယ်ရောက်သွားသတုံး-(အပါယ် ရောက်သွားပါတယ်)၊ ခုနက ထမင်း မကျက်လို့ အပါယ် တစ်ခေါက် ရောက်ခဲ့ပြီ....(မှန်ပါ့)။

အခုထမင်းဆာလို့ မြိန်တာနဲ့ဘယ်ရောက်သွားပြန်သတုံး.... (အပါယ်ရောက်သွားပါတယ်)၊ဩော်....ခင်ဗျားတို့ထမင်းစား တာ သနစ်ရာကြီးပါကလား၊ အပင်းမျိုနေတာ.... (မှန်ပါ့ ဘုရား)၊ ဒီအခိုပ္ပါယ်မကျဘူလား၊ ကျသလား....(ကျပါတယ် ဘုရား)၊သေအောချာချာစဉ်းစားနေ၁ဦးခင်မောင်....(မှန်ပါ့)၊

http://www.dhammadownload.com



ဒါက သဘောပါတဲ့ တရားဆိုတော့ ဦးဝ ရိပ်မိရဲ့လား-(ရိပ်မိပါတယ်ဘုရား)။ မောင်ထွန်းလှိုင် ဒီ စိတ်စဉ်တန်းက လွဲပါ့မလား....(မလွဲပါဘုရား)၊

မလွဲတော့ ဗီအတိုင်းအကျိုးပေးရမယ်၊ ဒါဟာ ဗီခန္ဓာပြီး ဗီခန္ဓာ၊ ဗီခန္ဓာပြီး ဗီခန္ဓာ ရမှာပဲ....(မှန်ပါ့ဘုရား)၊ ခန္ဓာတွေ တန်းမသွားဘူးလား - (သွားပါတယ်ဘုရား)၊ ဟောဒါက တကျော သင်္ခါရက္ခန္ဓာ၊ ဥပါဒါန်-သင်္ခါရက္ခန္ဓာ၊ ကံ-သင်္ခါရက္ခန္ဓာ၊ ဟော-ခန္ဓာတွေ တန်းတန်းမသွားဘူးလား-(သွားပါတယ်ဘုရား)၊

ဟော—ခန္ဓာတွေ တန်းပြီးသဏ္ဌာလှူ စုဒတမနေ သေလွန်တော့ အပယ်ခန္ဓာ မပေါ်ဘူးလား....(ပေါ်ပါတယ်)၊ ခန္ဓာ အဆက်ပြတ်သေးရဲ့လား....(မပြတ်ပါ)၊ ဒါဖြင့် ဒုက္ခတန်းသွားတယ်....(မှန်လှပါဘုရား)။ ရှင်းပလား....(ရှင်းပါပြီဘုရား)၊

အဲဒီတော့ ထမင်းစားလှိုကောင်းတဲ့ သဘောကလေးဟာလဲ ဒကာဒကာမတို့မဆိုးရွားဘူးလား....(ဆိုးရွားပါတယ်)၊ အို.... ကျုပ်တော့ဖြင့် မြိန်တာနဲ့ ဘေးက ပုဂ္ဂိုလ်က ဝမ်းသာတာက တစ်မျိုး၊ စားရတဲ့ ပုဂ္ဂိုလ်က ပြုံးတာက တစ်မျိုးဆိုတော့ နှစ်ယောက်စလုံး စုံသွားမလို့ ဆုံကြတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊ သဘောပါကြပလား....(ပါ၊ ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ ညွှန်ခံကောင်းပေါ့ဗျာ၊ ဟိုကလဲ လောကုတ်ကောင်းပေါ့ဗျာ .... (မှန်ပါ)။ ဦးခင်မောင် ဗီလိုမှ မတွဲလို့ရှိယင် လောကကြီးဟာ စုံတွဲဆပါယ်သွားစရာမရှိဘူး.... (မှန်ပါ)၊ အတော်မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်)။

http://www.dhammadownload.com



အဲဒါ ညာဏ်နဲ့မှသိတာနော်....(မှန်ပါဘုရား)။ အဲဒီတော့ တစ်ယောက်တည်းစား၊ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းစိတ်ကူး၊ တစ်ယောက်တည်း ကမ္မဋ္ဌာန်းရှုတာ ကောင်းတယ်ဆိုတာမပေါ်သေးဘူးလား-(ပေါ်ပါတယ်ဘုရား)၊လှော ကွတ်မလုပ်ယင်လဲ လောကကြီးက တော်ပါ့မလား....(မတော်ပါဘုရား)။

မလုပ်ဘဲနေပြန်တော့လဲ မျက်နှာမကောင်းဘူး–(မှန်ပါ)၊ အဲဒီတော့ မျက်နှာမကောင်းတာနဲ့ အပါယ်ကျတာ ဘယ်ဟာကြိုက်သတုံး–(မျက်နှာမကောင်းတာ ကြိုက်ပါတယ်)၊ ဟာ–မျက်နှာမကောင်းတာ ကြိုက်တယ်သို့ လာပြန်ပြီ။

တော်တော်ကြာ မျက်နှာမကောင်းလို့ရှိယင် လင်နဲ့မယား ရန်ဖြစ်မှာက ရှိသေးတယ်၊ မင်းကိုတ ညော်ခံ၍ သိပ်ညံ့တာကို ဗိကျတော့လဲ့ လောကဓားက သင့်နေပြန်တယ်....(မှန်ပါ)။ မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)၊

အင်မတန် ကြမ်းပါတယ်။ ဒါကြောင့် တစ်ယောက်တည်းနေ၊ တစ်ယောက်တည်း စား၊ တစ်ယောက်တည်း ကျင့်၊ တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုဆုံးမရတာ အကောင်းဆုံးလို့ ဘုရားက ဟောတော်မူတာ၊ ဦးဝ ရိပ်မိလား၊ – (ရိပ်မိပါပြီဘုရား)။ကဲ....အခု ထမင်းဆာတာနဲ့ပဲ စားလို့ကောင်းတော့ ဆာယာတာ တကျာ့စွဲသိမ်းတော့ ဥပါဒါန်၊ ဓာယကာ၊ ဝစီကံနဲ့ မျှားမျှားအလေး ယူမိတဲ့အခါကျတော့ ဦးခင်မောင် ကမ္မဘဝ....(မှန်ပါ)။

စုတေမနေ သေလွန်တော့ – (အပါယ်ဒုဂ္ဂတိပါဘုရား)၊ အပါယ်ဇာတိ မလာဘူးလား–(လာပါတယ်ဘုရား)၊မဆိုးရွား

http://www.dhammadownload.com



ဘူးလားဗျ.... (ဆိုးရွားပါတယ်ဘုရား)၊ အဲဒါ ဝေဒနာ လမ်းဘာ သွားနေတာ....(မှန်ပါဘုရား)၊ ဒါကြောင့် ဝေဒနာ နောက်က တဏှာလိုက်တယ်ဆိုတဲ့ဥစ္စာ အင်မတန် သေချာ ပါတယ်၊ အပါယ်သွားတာနော်....(မှန်ပါဘုရား)။

ကဲ-တစ်ခါ ဥပေက္ခာဝေဒနာ ပေါ်လာတဲ့အခါကျတော့ ဒကာဒကာမတွေ စဉ်းစားပါ၊ ဥပေက္ခာဝေဒနာ ဆိုတာက မျက်လုံးမှာ ပေါ်တယ်၊ မြစ်တော့ မြင်လိုက်တာပဲ၊ မြင်တာ အလေးကို ဥပေက္ခာဝေဒနာ ဖြစ်ပျက်မရှုမိဘူး-(မှန်ပါ)၊ မရှု မိတဲ့အခါကျတော့ ဥပေက္ခာဖြစ်တာ ဖြစ်ပျက်သိလိုက်သေး ရဲ့လား....(မသိပါဘုရား)။

ဥပေက္ခာဝေဒနာ မသိတော့ အဝိဇ္ဇာ-(မှန်ပါ)၊ ဖြစ်ပျက် ကို မသိလိုက်ဘူး.... (မှန်ပါဘုရား)၊ ဥပေက္ခာဝေဒနာဟာ ကိုယ့်ခန္ဓာ မဟုတ်လားဗျ-(မှန်လှပါ)၊ ကိုယ့်ဝေဒနာက္ခန္ဓာ.... (မှန်ပါ)၊အဲဒါ သိလိုက်သေးရဲ့လား....(မသိလိုက်ပါ)၊ဒါဖြင့် ကိုယ့်အသေ ကိုယ်မသိတဲ့အခါကျတော့ သူ့ကို ဘာခေါ်ကြ မယ်....(အဝိဇ္ဇာပါဘုရား)။

အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။
သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား)။

ဟော....ခန္ဓာငါးပါး ဆိုတဲ့ ဇာတိ, ဇရာ, မရဏ လာထိုက် မလာထိုက်....(လာထိုက်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီဝေဒနာ သုံးပါးကို ခင်ဗျားတို့ အသုံးမချတတ်လို့ရှိယင်ဖြင့် ဒီဝေဒနာ တွေသည် ခင်ဗျားတို့ကို အပါယ်ပို့တဲ့ဝေဒနာတွေ(မှန်လှပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

http://www.dhammadownload.com



**အသုံးချတတ်တော့လဲ** လွယ်လိုက်တာ ဒကာဒကာမတို့၊ ဝေဒနာနောက်ကနေပြီး မဂ္ဂင်သာလိုက်ပေး၊ ပညာသာလိုက်ပေးပါဆိုတော့ သုခသာလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါတယ်ဘုရား)။

ဒုက္ခလာလဲ့....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊

ဥပေက္ခာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ဆိုတော့ ဖြစ်ပျက်မဂ်-ဖြစ်ပျက်မဂ်-ဖြစ်ပျက်မဂ်ဆိုတော့ တန်းနေတယ်-(မှန်ပါ)၊ မတန်းဘူးလားကွဲ....(တန်းပါတယ်ဘုရား)၊သံသရာဆက်သေးရဲ့လား-(မဆက်ပါဘုရား)၊

အေး....ဒါကြောင့် ဒကာဒကာမတို့ အင်မတန် အဖိုးတန်ပါတယ်နော်....(မှန်ပါ)။

ဒါထက် ဝေဒနာနုပဿနာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဆဆက္ကသုတ်တို့မှာ သုခဝေဒနာနောက်က တဏှာမသောဘဲနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ငါ....တစ်ခါမှမဟောဘူးတဲ့-(မှန်လှပါဘုရား)။

ဒုက္ခဝေဒနာနောက်က ဒေါသရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူးကွ-တဲ့၊ နိဗ္ဗာန်ရောက်လိမ့်မယ်လို့လဲ ငါ-တစ်ခါမှ မဟောဘူး....တဲ့....(မှန်ပါ)။

ဥပေက္ခာ ဝေဒနာနောက်က ဒကာဒကာမတို့၊ အဝိဇ္ဇာလိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ ငါတစ်ခါမှ မဟောဘူးတဲ့....(မှန်ပါ)၊ သေချာကြပလား....(သေချာပါပြီ)၊ အင်မတန် မဆိုးရွားဘူးလား....(ဆိုးရွားပါတယ်)၊ ဒါဖြင့် သုခဝေဒနာနောက်ကလဲ တဏှာမလိုက်အောင်

http://www.dhammadownload.com



လုပ်ရလိမ့်မယ်.... (မှန်ပါ)၊ ဒုက္ခဝေဒနာနောက်က ဒေါသ မလိုက်အောင်....(လုပ်ရပါမယ်)၊ ဥပေက္ခာဝေဒနာနောက်က (အဝိဇ္ဇာမလိုက်အောင် လုပ်ရပါမယ်ဘုရား)။

အဝိဇ္ဇာမောဟမလိုက်အောင် လုပ်ရမယ်- (မှန်ပါဘုရား)၊ ဒါဖြင့် ဝေဒနာနောက်က လောဘ, ဒေါသ, မောဟ မလိုက်အောင် လုပ်ရလိမ့်မယ်-(မှန်လှပါဘုရား)၊ ဒါဖြင့် မဂ်လိုက်အောင်လုပ်ပါ၊ မဂ္ဂင်ငါးပါးလိုက်အောင်လုပ်ကြပါ....(မှန်လှပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဒီဝေဒနာမည်မျှလောက် ဆိုးတယ်ဆိုတဲ့ ဥစ္စာ ခင်ဗျားတို့ကို ရှင်းပါမယ်တဲ့၊ ဒကာဒကာမတို့ ဝေဒနာ ရှုဖြစ်အောင် ရှုရလိမ့်မယ်နော်....(မှန်ပါ)။ ရှုတဲ့နေရာတွေလဲ ဘုန်းကြီး ပြောပြီးပြီ၊ ခင်ဗျားတို့ မမေ့ကြနဲ့နော်- (မှန်ပါ)။

မေ့လို့ရှိယင် မတော်ဘူး အတော်ဆိုးရွားသွားလိမ့်မယ်.... (မှန်လှပါဘုရား)၊ ရေထဲကငါး ကုန်းပေါ်သေတယ်-(မှန်ပါဘုရား)၊ ဘာတဲ့ ဒကာဒကာမတို့....(ရေထဲကငါး ကုန်းပေါ် သေပါတယ်ဘုရား)၊ ရေထဲကငါး ကုန်းပေါ် သေတယ်.... (မှန်ပါ)၊ ရေထဲကငါး ရေထဲ သေယင် ဘော်တယ်နော်.... (မှန်ပါဘုရား)။

သောင်ကြီးထဲ မွေးတဲ့ငါး သေတော့ ဘယ်နေရာသေဖို့ သင့်သလဲ.... (ရေထဲသေဖို့ သင့်ပါတယ်)၊ မဟုတ်ဘူး ဦးခင်မောင်ရဲ့၊ ရေထဲကငါး ကုန်းပေါ်သေတယ်ဆိုတော့ ဝေဒနာ သတ်တာ....(မှန်ပါဘုရား)။

http://www.dhammadownload.com



ရေထဲကငါး ကုန်းပေါ်သေတယ်ဆိုတာ ဘယ်သူသတ်တာ ပါလိမ့်(ဝေဒနာသတ်တာပါဘုရား)၊မယုံယင်စဉ်းစားကြည့်၊ ဒီက ထံငါသည်က မျှောက်ချိပ်ကလေးနဲ့ ငါးစာချထားတာ ဒီက ငါးစာကလေး ချထားတယ်ဆိုပါတော့ ဦးခင်မောင်မြင့် ရယ်....(မှန်ပါ)။

ငါးက ကူးခတ်လာပြီး သူ့မျက်လုံးကလေးနဲ့ မမြင်ဘူး လား(မြင်ပါတယ်ဘုရား)၊ မျက်လုံးထဲဘာဝေဒနာပေါ်သလဲ (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)။

ဟော....ဥပေက္ခာဝေဒနာက ပြတယ်.... (မှန်ပါဘုရား)၊ ငါးစာကိုပြတာ ဘယ်သူက ပြသလဲ....(ဥပေက္ခာ ဝေဒနာက ပြပါတယ်ဘုရား)။

ဒီငါးကုန်းပေါ်သေချင်ပြီ၊ စိတ်သာချတော့.... (မှန်ပါ ဘုရား)၊ဥပေက္ခာဝေဒနာသတ်တော့မယ်(မှန်ပါ)၊ဘယ်သူက မြင်တာပါလိမ့်-(ဥပေက္ခာဝေဒနာက မြင်တာပါဘုရား)။

ဥပေက္ခာဝေဒနာက မြင်တော့ကို ဥပေက္ခာ ဝေဒနာက မြင်ရုံပဲမြင်တယ်၊ စားချင်တာက ဒကာဒကာမတို့ သော မနဿဝေဒနာ တဏှာက စားချင်တယ်.... (မှန်ပါဘုရား)၊ မစားချင်ဘူးလား....(စားချင်ပါတယ်ဘုရား)။

စားချင်တော့ကို ဒီငါးမျှားချိတ်လေးကို သွားပြီးမမျိုမိ ပေဘူးလား....(မျိုမိပါတယ်ဘုရား)၊ ထကတည်းမျိုတော့ ဒီ တဏှာ သောမနဿဝေဒနာကြောင့် စားရယင် ကောင်းမှာပဲ ဆိုတဲ့ သောမနဿဝေဒနာကြောင့် မျိုမိပါတယ်....(မှန်ပါ)။

မျိုမိတော့ကို ငြိတဲ့ ဥပေက္ခာ ဝေဒနာရှယ်၊ စားတဲ့ သောမနဿ ဝေဒနာရှယ်တဲ့ ဒီငါးမျှားချိတ် မျိုမိတော့ အာခေါင်ချိတ်တယ်....(မှန်ပါဘုရား)။

ချိတ်တဲ့အခါ ကျတော့ တံငါသည်က ကုန်းပေါ်ဆွဲတင်တယ် (မှန်ပါဘုရား)၊ မတင်ပေဘူးလား- (တင်ပါတယ်ဘုရား)၊ ကုန်းပေါ် ဆွဲတင်တဲ့အခါကျ လှီးယင်ဖြင့် အရိုက်ခံရပြီးမှသေရ ဘူးလား....(သေရပါတယ်ဘုရား)။

အဲဒါ ဒုက္ခဝေဒနာ သတ်ပစ်လိုက်တာ- (မှန်ပါဘုရား)၊သူ့ သန္တာန်မှာအလကား သေတာလား၊ သူ့ ဒုက္ခဝေဒနာကြောင့် သေတာလား.... (ဒုက္ခဝေဒနာကြောင့် သေတာပါဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးဟာ ဒကာဒကာမတို့ လူသတ် ယောက်ျားသုံးယောက်-(မှန်ပါဘုရား)၊ ဘယ်လိုဆိုကြမယ်.... (လူသတ်ယောက်ျား သုံးယောက်ပါဘုရား)။

ဥပေက္ခာဝေဒနာက ပြသမား....(မှန်ပါ)။

သောမနဿ ဝေဒနာက မျှိုသမား....(မှန်ပါ)။

ဒုက္ခဝေဒနာက သတ်သမား....(မှန်ပါ)။

ရှင်းကြပလား....(ရှင်းပါပြီ)၊ သဘောပေါက်ရဲ့လား....(ပေါက်ပါ တယ်ဘုရား)။

ဥပေက္ခာဝေဒနာက....(ပြသမားပါဘုရား)။

သောမနဿဝေဒနာက....(မျှိုသမားပါဘုရား)။

ဒုက္ခဝေဒနာက....(သတ်သမားပါဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးဟာ သတ္တဝါတွေငါးတစ်ကောင်ကို သတ်တဲ့အထဲမှာ သူတို့သုံးယောက် ဝိုင်းသတ်တယ်....(မှန်ပါ)။

http://www.dhammadownload.com



ခင်ဗျားတို့လဲ—တဲ့ ဒီဓဝဒနာသုံးပါးသတ်လို့ သေခဲ့ရတဲ့ ဘဝချည်းမှတ်ပါ....(မှန်ပါဘုရား)၊ သဘောကျဖလား....(ကျပါပြီ)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ....သဘော်နဲ့ ဘယ်နေရာမှာ ဘာပစ္စည်းတွေ ရှိတယ် ဆိုပြီး မျက်လုံးက မြင်ခဲ့တဲ့အခါကျလို့ရှိယင်ဖြင့် သဘော်နဲ့ သွားလို့ ဆိုလိုက်ပါစို့....(မှန်ပါ)။

မျက်လုံးကြောင့် သွားဖြစ်တာပေါ့၊ကျုပ်ဒီကုန်တွေ မြင်ခဲ့တယ်၊ သော့မနသာကလဲ သွားသာသွား....ဝယ်ဝယ်ချည်ချည် ဟုတ်လား....(မှန်လှပါ)၊ တောက်လျှောက်ကျတော့ သဘော်ပျက်တယ်၊ လှေပျက်တယ်ဆိုတော့ ဒုက္ခဝေဒနာနဲ့ မသေရဘူးလား....(သေရပါတယ်ဘုရား)။

ကဲ...လူတွေမှာလဲ၊ ကုန်းပေါ်နေတဲ့လူတွေ၊ ရေထဲ ဘာပြုလို့သေတုံး....(ဝေဒနာ သုံးပါးကြောင့်ပါ)၊ ဝေဒနာသုံးပါးကြောင့် သေရတယ်၊သဘောကျပလား-(မှန်ပါ)၊ ကုန်းပေါ်နေတဲ့လူတွေ ကောင်းကင်သေရတာလဲ ဘာကြောင့်ပါလိမ့်....(ဝေဒနာသုံးပါးကြောင့်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒီဝေဒနာသုံးပါးရှိတဲ့ နေရာမှာ နေဖို့ မတော်ဘူး၊ ဒါ နိဗ္ဗာန်မဟုတ်ဘူး....(မှန်လှပါ)၊ အသေလွတ်တာက သူမရှိတဲ့နေရာမှ....(မှန်ပါဘုရား)၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမဘို့ ဝေဒနာကုန်အောင် ရှုရမယ်.... (မှန်ပါဘုရား)၊ ဝေဒနာနဲ့ ကျုပ်ဘို့နဲ့ အိုးစား ကွဲအောင် လုပ်ရမယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီ အိုးစားကွဲအောင်လုပ်လို့ ဝေဒနာ ကျုပ်တို့သန္တာန်မှာ မရှိတော့ဘူးဆိုတဲ့ တစ်နေ့ကျတော့၊ သူနဲ့ တွဲဖက် ဖြစ်နေတဲ့ နာမက္ခန္ဓာတွေကော ရှိသေးရဲ့လား-(မရှိပါဘုရား)၊ ရူပက္ခန္ဓာကော....(မရှိပါဘုရား)။

အဲဒီကဲ့သို့မရှိလို့ရှိယင်ဖြင့် လူသတ်ယောကျ်ားနဲ့ ကျုပ်တို့နဲ့ အိုးစားကွဲမယ်....(မှန်ပါဘုရား)။ ဒါဖြင့် ဝေဒနာ ဆုံးအောင် လိုက်ရလိမ့်မယ်ဆိုဘာကော သဘောပေါက်ကြရဲ့လား.... (ပေါက်ပါတယ်ဘုရား)၊ ဆုံးအောင်လိုက်ဖို့ရာနည်းမှန်က်ဖြန့်မှ ပေးရမယ်-(မှန်ပါဘုရား)၊ ကိစ္စဉာဏ်နဲ့မှ ရှာပေးမယ်၊

ယနေ့ နာရီစေ့ပြီ၊ တော်ကြဦးစို့....၊

သာဓု....သာဓု....သာဓု....

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေဓမ္မာရုံ၌
ဟောကြားတော်မူသော
(ဒုလ္လဘတရားနဲ့ ကြုံခိုက် အချိန်မဖြုန်းပါနှင့်)
တိုက်တွန်းခြင်း

## တရားတော်

(၂၆-၂-၆၁)

ကိုယ့်ကိုယ်ကဲလေးကို အဖိုးတန်ပြီးသကာလနေလို့၊ အခါကာလကလဲ ကောင်းလို့၊ ဒါကလေးကို ဒုလ္လဘ တရား ခြောက်ပါးကလေးကို နှုံးထောင်ကြည့်ပါဦး...တဲ့။

ဒါမှ ကိုယ့်ကိုယ်ကို အလွဲသုံးစား အချိန်တွေနဲ့ မဖြုန်းကြဘဲနဲ့ အဖိုးတန်တဲ့ အချိန်တွေနဲ့ ဖြုန်းပြီးသကာလ အဖိုးတန်တဲ့ အချိန်တွေ သုံးပြီးသကာလ ဒကာ ဒကာမတွေ ကျွတ်တမ်းဝင်ရလို့ရှိယင် ဖြင့်...တဲ့ အဖိုးတန်ကောင်းမှာပဲ...(မှန်ပါ ဘုရား)။

ကိုယ့်ကိုယ်ကို အဖိုးတန်မှန်း သိမှ ဪ... ငါသည် အချိန်တွေ အလကား ဖြုန်းလိုက်တဲ့ အချိန်ပါ ကလား၊ အဲသလိုပဲ ပြောကြစို့ရဲ့။

လိစ္ဆဝီမင်းသားတွေသည် အယူမှားပြီးသကာလ သူတို့သည် ရခဲတဲ့ဒုလ္လဘတွေ တွေးပြီးသကာလ နေကြတယ်။ ဆင်ရတနာ ရခဲတယ်၊ မြင်းရတနာ ရခဲတယ်၊ ဣတ္ထိသမီးရတနာ ရခဲတယ်၊ ပတ္တမြားရတနာ ရခဲတယ်၊ သူဌေးရတနာ ရခဲတယ်လို့ ရခဲတဲ့ အကြောင်းတွေ သူတို့အချင်းချင်း ငြင်းခုံပြီး နေကြတဲ့အခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကြွလာလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါလာတဲ့ အခါ သင်တို့ ဘာများ အတွင်းစကား၊ အပြင်စကားဆိုတာများ ပြောဆိုနေကြသလဲလို့ မေးတဲ့အခါကျတော့ တပည့်တော်တို့ ဒုလ္လဘတရားတွေ၊ ရခဲတဲ့ တရားတွေ ရွေးချယ်ပြီးသကာလ ပြောဆိုနေကြပါတယ်ဘုရား ဟု လျှောက်ကြတယ်။

ဘာများ သင်တို့ ရွေးချယ်နေကြသတုံးလို့ မေးတယ်။

အရှင်ဘုရား....ဆင်ရတနာ ဆိုတာလဲ ကောင်းကင်ပျံနိုင်တဲ့ ဆင်ရတနာအလွန်ရခဲတယ်၊ မြင်းရတနာ ရခဲတယ်၊ ပတ္တမြား ရတနာ ရခဲတယ်၊ ဣတ္ထိယ ဆိုတဲ့ မိန်းမရတနာများလဲ ရခဲ တယ်၊ သူဌေးသူကြွယ်ဆိုတဲ့ကိုယ့်အခြံအရံ ရတနာတွေလဲ ရခဲတဲ့ အကြောင်း၊ တပည့်တော်တို့ ပြောဆိုနေကြပါတယ်ဘုရား။

ဪ–ဒါ သင်တို့သည် ငါးပါးအာရုံ ကာမဂုဏ်နဲ့ ပတ်သက်ပြီး တွေးချင်တာတွေတွေးပြီး၊ ပေါ်ချင်တာတွေ ပေါ် နေတာကိုးကွာ၊ ဒီဟာ မဟုတ်ဘူးကွ၊ ဒုလ္လဘ အစစ်က ရခဲ တာ သင်တို့ သေသေချာချာ မှတ်ကြစမ်းပါ၊ ဒကာဒကာမတို့ ဘုရားပေါ်တော်မူတော့မယ်နော်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဘာရခဲ့သတုံး ဆိုလိုရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်ဖို့၊ ပွင့်တဲ့အခါကြုံဖို့၊ ပွင့်တဲ့သာသနာနဲ့ ကြုံဖို့ရာ အင်မတန် ရခဲပါသတဲ့ ဒကာဒကာမတို့....(မှန်ပါ့ဘုရား)၊

ဘုရားသာသနာ ဘုရားပွင့်တာနဲ့ကြုံဖို့ ဘုရားသာသနာနဲ့ ဆုံဖို့ရာ ဘယ်နှယ်တုံး....(ရခဲပါတယ်ဘုရား)၊ဩြော်....ရခဲတယ်၊ ရခဲတယ်နော်....(မှန်ပါ)။

စဉ်းစားကြည့်စမ်းပါလား ဒကာဒကာမတို့၊ အခုသာအချာ စဉ်းစားကြည့်စမ်း၊ ဘုရားငါးဆူပွင့်တာတောင်မှ ဘုရားတစ်ဆူ တစ်ဆူကြားမှာ မြေကြီးပျမ်းမျှကြေး တစ်ဆယ့်သုံးမိုင်တက်မှ တစ်ဆူပွင့်တယ်ဆိုတော့ ပျမ်းမျှကြေး တစ်ဆယ့်သုံးမိုင်တက်ဖို့ ခဲယဉ်းလိမ့်မယ်၊ ဦးခင်မောင်တို့ ပျမ်းမျှကြေး တစ်ဆယ့်သုံးမိုင် အကုန်တက်ရမယ်ဆိုတော့ လွယ်ကူပါ့မလား-(မလွယ်ကူပါ ဘုရား)၊

အင်မတန် ခဲခဲယဉ်းယဉ်း ရှိလိမ့်မယ်ဆိုတာ ဒကာဒကာမ တွေ သိထားနိုင်ပါလိမ့်မယ်တဲ့။

အဲဒီ တက်ပါမှ ကျုပ်တို့က အဲဒီ တစ်ဆယ့်သုံးမိုင် တက် ပြီးတော့ ရှာတမ်းပွင့်သွားတော်မူတဲ့ ဂေါတမမြတ်စွာဘုရား၊ ဒီသာသနာတော်ကို ထားပစ်ခဲ့တာက အနှစ် ၅၀၀၀၊ နှစ်ထောင်ငါးရာကျော်အလေးမှာ ဒီ ဒကာဒကာမတွေနဲ့ ဒီ သာသနာ တွေ့ရတယ်ဆိုတာ ဩြော်-နောက်တုန်းက တော် တော်ကို ကြိုးစား ပမ်းစား ဒါနဲ့ ကြုံအောင် ဆုအမျိုးမျိုး တောင်း၊ ကုသိုလ်အမျိုးမျိုးတွေလုပ်ပြီး တက်ခဲ့ကြရတဲ့ အဲဖြစ် တာ ကိုယ့်အပြစ်ပဲဆိုယင် လွဲပါ့မလား၊ (မလွဲပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ကိုယ့်အဖြစ်ကလေးကို အင်မတန် အဖိုးတန်ပြီးသကာလ နေခြင်းကြောင့် ဒကာသစ်တို့၊ မောင်မြတို့ အလွဲသုံးစား မလုပ်လိုက်ပါနဲ့ - (မှန်ပါ)၊ ကိုယ့်အဖြစ်ကလေးဟာ ခဲယဉ်းလွန်းလှိုနော်-(မှန်ပါ)။

မြေကြီး တစ်ဆယ့်သုံးမိုင် ပျမ်းမျှကြေ၊ တက်မှ ဘုရားတစ်ဆူတစ်ဆူ ပွင့်တယ်ဆိုတော့ ဒီကြားထဲမှာ အနှစ်တရာ တမ်းကလေးအတွင်းမှာ ဘုရားပွင့်တယ်၊

ဒီကနေ့ သာသနာ့ထားခဲ့တော့ ငါးထောင်၊ ၈ငါးထောင် နှစ်ကလေးဟာ မြေကြီး တစ်ဆယ့်သုံးမိုင် တစ်ယူဇနာပျမ်းမျှကြေး တက်ဖို့ဆိုတော့ ဒါကလေးဟာ ဖြစ်လောက်ပါ့မလား-(မဖြစ်လောက်ပါဘုရား)၊

မဖြစ်လောက်တဲ့အထဲမှာ ခင်ဗျားတို့ ကျုပ်တို့ အကြုံကြီးကြုံ အဆုံကြီးဆုံပြီးနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဒကာဒကာမတွေပဲ ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

အဲဒီတော့ သာသနာနဲ့ ကြုံပြီးသကာလ နေတယ်ဆိုတာ ခင်ဗျားတို့ အင်မတန် ခဲယဉ်းလွန်းလှို ဩော်-ဒကာဒကာမတို့ မိမိစိတ်ကလေးကို မိမိ အလွဲသုံးစား သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်မပြုန်းဘဲနဲ့ အတက်ကြီး တက်လာခဲ့ရတာ အဆုံးဖြစ်တဲ့ဒုက္ခကိုဖြင့် ဒီတစ်ခါနောက်ဆုံးပိတ် သိမ်းပါတော့ မယ်ဆိုပြီးသကာလ မြန်မြန်သာ ကိုယ်ရေးကိုယ်တာ ဖြစ်ပျက် ဝိပဿနာ ဉာဏ်ကနေပြီး မဂ်ဉာဏ်ကူးအောင် လုပ်ဖြစ်အောင် လုပ်ပါ၊ခဲခဲယဉ်းယဉ်းတက်ခဲ့ရလို့,လို့ မှတ်လိုက်ကြစမ်းပါနော်-

http://www.dhammadownload.com



(မှန်လှပါဘုရား)။ ဦးဝ လွယ်ကူကြရဲ့လား .... (မလွယ်ကူပါ ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ ဒါ ၁–နံပါတ် ခဲယဉ်းတာကို ဘုရားက ဟောလိုက်တယ်။

၂–နံပါတ်ကလဲကွာ....တဲ့၊ သင်တို့အပေါ်မှာ နားလည် ပါးလည်နဲ့ ငါဘုရား၏ တရားတော်ကို ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဖို့ရာကလဲ ၂–နံပါတ် ခဲယဉ်းသကွာတဲ့....(မှန်လှပါဘုရား)။

ကဲ ..ဒကာဒကာမတွေ ယခု ဆရာဘုန်းကြီးကလဲ ဒကာ ဒကာမတွေကို သယ်ယူပို့ဆောင်ကာယ်တင်နေတော့ နားမလည် လည်အောင် တစ်ညမှ တစ်လုံးနှစ်လုံးပဲ ပြောပြီး သာသာသာ နေတော့ ဒကာဒကာမတွေမှာ နားမလည် လည်အောင် ပြော တတ်တဲ့ဆရာသမားနဲ့လဲ ယခုလာပြီ၊သကာလ ဘွေပြန်တော့သဲ ကြောင်....ဒါလဲ တော်တော်ခဲယဉ်းတဲ့အလုပ်မှာ၊ ခဲယဉ်းတဲ့အထဲ မှာ တိုးလာကြုံတာပါကလားဆိုယင် လွဲပါ့မလား.... (မလွဲပါ ဘုရား)၊ ဘယ်နှစ်ချက် ရှိသွားပြီလဲ.... (နှစ်ချက်ရှိသွားပါပြီ ဘုရား)၊

ဘုရားသာသနာနဲ့ကြုံဖို့၊ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ကြုံဖို့၊ အခု နှစ်ခါကြုံတာ သေချာပြီနော်-(မှန်လှပါဘုရား)။ဒကာဒကာမ တွေ နှစ်ခါကြုံတာ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)။

http://www.dhammadownload.com



တစ်ခါဘုရားပွင့်တာနဲ့ ကြုံပါရဲ့၊ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့လဲ ကြုံပင်ကြုံငြားသော်လဲ ကိုယ့်မှာ ထောင်တတ်တဲ့နားကလေးနဲ့ ကြုံဖို့ရာက ၃-နံပါတ် ခဲယဉ်းတယ်။ ....(မှန်လှပါဘုရား)။ ကိုယ့်နား....ကိုယ့်နား....(မှန်ပါ)။

ဒကာဒကာမတွေ ဒီမှာ အခုအချိန် အရွယ်မရောက်သေးတဲ့ ကလေးသူငယ် လူငယ် လေးဘက်သွားတကောင်တွေကို ဒကာ ဒကာမတို့ ဘယ်လိုပင် ပြောနေငြားသော်လဲ ရပါ့မလား.... (မရပါဘုရား)။

ဒါလဲပဲ အမိပမ်းထဲမှာရှိတဲ့သူတွေ၊ တိရစ္ဆာန်တွေ၊ ဘာတွေကို ဘယ်သို့ပင်ပြောနေကော....(မရပါဘုရား)။

တချို့ လူထဲကပဲ ဒကာ ဒကာမတွေ စဉ်းစားတော့ပေါ့။ သူတို့မှာ ဘာမှလဲ ဗဟုသုတက မရှိ၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေကလဲ အရေးကြီးဆိုတော့ ထောင်တတ်တဲ့နား ပါဖို့၊ ဗဟုသုတရှိဖို့ရာကလဲ လွယ်ပူ့မလား-(မလွယ်ပါဘုရား)၊

အဲဒီတော့ ဒကာ ဒကာမတွေမှာ....တဲ့ အခုရက်ပေါင်းလဲ များစွာဆိုသလို ဆရာဘုန်းကြီးက သင်ပြပြီး လာတဲ့အတွက် ပြောလိုက်လို့ရှိယင်ဖြင့် ဝေဒနာဆိုတာ ဘယ်မှာ၊ ဘယ်မှာ ရှိတယ်ဆိုတာ နားလည်တဲ့ဉာဏ်ကလေး ရထားတာကလဲ ဒကာ ဒကာမတို့ လွယ်ကူပါ့မလား...(မလွယ်ကူပါဘုရား)။

အဲဒါလဲ ဒုလ္လဘ တစ်မျိုး၊ ထောင်တတ်တဲ့ နားရှိဖို့ကလဲ ဒုလ္လဘတစ်မျိုးလို့ လိစ္ဆဝီမင်းသားတွေကို ဘုရားဟောပါတယ် နော်-(မှန်လှပါဘုရား)၊ဘယ်နှစ်မျိုးရှိသွားကြပြီလဲ-(သုံးမျိုး ရှိသွားပါပြီဘုရား)။

http://www.dhammadownload.com



ဘိုရား၊သာသနာနဲ့ ကြုံဖို့ရာလဲ ဒုလ္လဘ၊ ဟောတော်တော်တဲ့ပုဂ္ဂိုလ်နဲ့ကြုံဖို့ .... (ဒုလ္လဘပါဘုရား)၊ တောင်တတ်တဲ့ နားရှိဖို့ရာ.... (ဒုလ္လဘပါဘုရား)။

အဲ....ဘုန်းကြီးဘက်ကလဲလို၊ ခင်ဗျားတို့ဘက်ကကော.... (လိုပါတယ်ဘုရား)။

လိုတဲ့အထဲမှာမှ အခု အပြည့်ဖြစ်နေကြတဲ့အတွက် ဒကာ ဒကာမတွေ ဩော်....တော်တော် အရေးကြီးပြီး သဏ္ဍာလ တော်တော် နေရာကျနေတဲ့ ခေတ်ကြီးပါကလား၊ ဒီအချိန် ကလေးသည်ကားလို့ ဆိုလို့ရှိယင် ဓိခဏကလေး လွန်သွား မယ်ဆိုယင် တို့ ကိုယ်ကျိုးနည်းရချည်ရဲ့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ကံကောင်းတွေကို ဒကာ ဒကာမတို့ အင်မတန်ကောင်းတဲ့ ကံတွေကို တကျော့ခိုင်းတာနဲ့ အချိန်တွေ အလကား၊ မဖြုန်းလိုက်ပါနဲ့ဆိုတာ ပြောချင်လို့ ဘုရားက ဝီဒုလ္လဘငါးပါးကို ဦးခင်မောင် ဟောတော်မူတယ်·(မှန်လှ ပါဘုရား)၊ အခုဘယ်နှစ်ချက်ရှိသွားကြပလဲ- (သုံးချက်ရှိသွား ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အခုလာတဲ့ ဒကာဒကာမတွေ ဘုရား သာသနာနဲ့ ကြုံကြပါရဲ့လားလို့ မေးယင် ဘယ့်နှယ်ဖြေကြ မလဲ....(ကြုံပါတယ်ဘုရား)၊ ဩော်....အတက်ကြီး တက်ခဲ့ရ တယ်နေဒ်....(မှန်ပါ)၊ လွယ်လွယ်ကူကူပဲလား ဒကာဒကာမ တို့ ခဲခဲယဉ်းယဉ်းပဲလား....(ခဲခဲယဉ်းယဉ်းပါဘုရား)။

http://www.dhammadownload.com



သေသေချာချာ ပြောမယ်ဆိုလို့ရှိယင် ဒကာဒကာမတို့ ခုနစ်ရက်-ခုနစ်လီ မိုးမှောင်ကြီး ကျနေတဲ့အထဲ လျှပ်စစ်ကလေး လင်းသလောက်သာ ဘုရားပွင့်တဲ့ အချိန်ကလေးသာ ရှိတယ်....(မှန်လှပါဘုရား)။

အဲဒီအချိန်ကလေးထဲမှာ ကျုပ်တို့ကြီးလာပြီး အကြုံကြီး ကြုံ-အဆုံကြီးဆုံကြပြီး၊ တို့ပါရမီမှ ရှိလေရော့သလားလို့များ ဆုတ်နစ်တဲ့စိတ်တွေနဲ့ မတွေးလိုက်ပါနဲ့လို့ တောင်းပန်တယ်.... (မှန်လှပါဘုရား)။

ဩော်....တို့မှာပါရမီမှ ရှိကြရဲ့လား၊ ဆရာဘုန်းကြီးကလဲ ဟောလိုက်ရတာ အားပေါက်လို့ တို့ကလဲသိချင်၊ ကျင့်ကြံ ကြိုးကုတ်တာလဲ ထိုက်တန်သလောက် အားထုတ်တာပဲ ဆို ပြီးသကာလ ဒီဘဝ နေရာကျမှ ကျွတ်ပါမလားဆိုတဲ့ ဆုတ်နစ် တဲ့စိတ် ဒကာဒကာမတို့ ဘယ်သူမှ မထားလိုက်ပါနဲ့- (မှန်ပါ့ ဘုရား)။

မထားလိုက်ပါနဲ့ အလွဲသုံးစားကလေး တစ်ခုတော့ ကြောက်ပေးပါနော်....(မှန်ပါ့)၊ အလွဲသုံးစားကလေးတစ်ခု တော့ ဘယ့်နှယ်မှာပါလိမ့်....(ကြောက်ပေးပါဘုရား)။

ကြောက်ပေးပါ-တဲ့၊ ဒီအချိန်သည်ကားလို့ဆိုယင် တဏှာ ခိုင်းတဲ့အချိန်နဲ့ ဉာဏ်ခိုင်းတဲ့အချိန် ခွဲလိုက်စမ်းပါလို့ ဆိုတာ သတိပေးပါတယ်.... (မှန်ပါ့ဘုရား)၊ ပရိယေသနရှာတာက တော့ တဏှာခိုင်းတဲ့ အချိန်ကလေးနော်....(မှန်ပါ့)။

အလကားနေရင်း ထိုင်စကားပြောပြီး မိတ်ဆွေသင်္ဂဟ တွေနဲ့ အချိန်ကုန်တာကတော့ ဘယ့်လိုဆိုကြပါ့မယ်-(တဏှာ

http://www.dhammadownload.com



ခိုင်းတာပါဘုရား)၊ တကျာခိုင်းတဲ့အချိန်ချည်း မကျဘူးလား-(ကျပါတယ်ဘုရား)။

အဲ-တကျာခိုင်းတဲ့အချိန်တွေနဲ့ အတက်ကြီးတက်လာရတာကို ဒကာဒကာမတွေက အင်မတန်ရခဲတဲ့ ပတ္တမြားရတနာကြီး ဆားနဲ့လဲစားလိုက်တဲ့ အဓိပ္ပာယ်မျိုး ဖြစ်သွားမှာ ဘုန်းကြီး အင်မတန် စိုးရိမ်တယ်-(မှန်လှပါဘုရား)၊ မစိုးရိမ်သင့်ဘူးလား....(စိုးရိမ်သင့်ပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်အဖိုးတန်မှန်းသိမှ ကိုယ်အဖိုးတန်မှန်းကို ကိုယ့်ဟာကိုယ် သိပါမှလဲ ဒကာဒကာမတို့ ကိုယ်တက်လာတဲ့ ခရီးက မလွယ်သဖြင့် တက်လာခဲ့ရတာကို အလွယ်နဲ့ဖြုန်းပစ်ကြမယ်ဆိုယင်ဖြင့် ဒကာဒကာမတို့ ဒီ ဘစ်ခါ လွဲသွားယင် ကျောက်ခဲရေကျဖြစ်လိမ့်မယ်....(မှန်ပါဘုရား)။

ဘယ်လိုဖြစ်တတ်ပါလိမ့်....(ကျောက်ခဲရေကျ ဖြစ်တတ်ပါတယ်)၊ ကျောက်ခဲရေကျ ဖြစ်တတ်ပါတယ်ဆိုတာ ကျောက်ခဲရေကျလို့ရှိယင်ဖြင့် ဒကာသစ်တို့....သူ့ဘာသာသူ ပေါ်စရာမြင်သေးသလား-(မပေါ်နိုင်ပါဘုရား)၊ ဦးဇံရင်....(မပေါ်နိုင်ပါဘုရား)၊ အားလုံးဒကာဒကာမတွေ....(မပေါ်နိုင်ပါဘုရား)၊ ကံကောင်းလို့ ပေါ်သေးရဲ့လို့ ဆိုစရာများ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲ့ဒါကြောင့် ဒီဒကာဒကာမတွေ ယခု ဒုလ္လဘသုံးခုဟာ သေသေချာချာ ကြုံနေပြီဆိုတာကော သဘောကျရဲ့လား....(ကျပါတယ်ဘုရား)၊ ဘုရားသာသနာနဲ့ ၁-နံပါတ်ကြုံကြပလား-(ကြုံပါပြီဘုရား)၊ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့လဲ ခင်ဗျားတို့

http://www.dhammadownload.com



ကြုံကြပလား-(ကြုံပါတယ်ဘုရား)၊ ထေ‌ခင်တာတ်တဲ့နာ‌းရှိတ‌ ကော ခင်ဗျားတို့မှာ ကေန်တ‌ယ် ရှိကြပါရဲ့လား....(ရှိပါ တယ်ဘုရား)။

ဩော်....သုံးချက်ကြုံနေပြီဆိုတာ ဦးခင်မောင်ရေ ကျုပ်တို့ ပါရမီဟာ ဒါကိုချိန်ပေတော့.... (မှန်လှပါ)၊ ဩော်....ငါ ပါရမီရှိသေးသလား, မရှိသေးသလားဆိုတဲ့ဥစ္စာ ကူးခတ်ပြီး ဒိနေရာ တက်လာနိုင်ကတည်းက ဒကာဒကာမတွေ စဉ်းစား တော့ ဩော်....ပါရမီပြည့်တဲ့ ဘဝကြီးပါလား....(မှန်လှပါ ဘုရား)။

ဒကာဒကာမတို့ ပြည့်ဝတဲ့ဘဝကို ခင်ဗျားတို့က ဖြည့်ရုံ ကလေး နောက်ထပ်ရှိတာမှ မဖြည့်တော့ဘူးဆိုယင် ဒီပါရမီ အစ, ပျောက်သွားလိမ့်မယ်....(မှန်လှပါဘုရား)၊ မပျောက် ပေဘူးလား....(ပျောက်ပါတယ်ဘုရား)၊ အဲဒါ ဘုန်းကြီးများ က အထူးတလည် စိုးရိမ်ရပါတယ်ဆိုတာ ဒကာဒကာမတို့ မှတ်စမ်းနော်....(မှန်လှပါဘုရား)။

ကဲ....မှန်ပါတ်ပြောပါဦးမယ်၊ ဒကာဒကာမတို့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက လိစ္ဆဝီမင်းသားတို့ ၃-နံပါတ်က ကွာ...တဲ့၊ ထေခင်တာတ်တဲ့ နာ‌းပင်ရှိသော်ငြားလဲ မမွှာန်မမှ ပဋိပတ္တိ ဆိုတဲ့ ခန္ဓာက ဖြစ်ပျက်နဲ့ ကိုယ်ရှုတဲ့မဂ်နဲ့ ကိုက်အောင် လုပ်တတ်ဖို့လဲ ဒုလ္လဘတရားကြီး ခဲယဉ်းသတဲ့ ....(မှန်လှပါ ဘုရား)။

အနိစ္စတစ်လုံးကို မြင်ဖို့ရန်လဲ အတော်ပဲခဲယဉ်းတယ်ကွ– တဲ့ဟောလိုက်ပြန်တယ်....(မှန်ပါဘုရား)၊ဖြစ်ပျက်နဲ့ မဂ်ကိုက်

http://www.dhammadownload.com



ဖို့ပေါ့လေ....၊ဘုန်းကြီးတို့ အပြောမျိုး ဆိုယင်နော်....(မှန်ပါ ဘုရား)။

ဘာနဲ့ဘာ ကိုက်ဖို့ခဲယဉ်းပါလိမ့်-(ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ဖို့ ခဲယဉ်းပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဖို့ရာလဲ အတော် ခဲယဉ်းတယ်ကွဆို တော့ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ဟာတဲ့ အတော်ခဲယဉ်းတယ်လို့ ပြောတာပါပဲ.... (မှန်ပါဘုရား)၊ သဘောကျကြပလား.... (ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လဲ ဒကာ ဒကာမတွေ ဒီအရေးဟာက နားပါငြားသော်လဲ-တဲ့ ဒကာ ဒကာမတို့ သောင်တတ်တဲ့နား ပါငြားသော်လဲ အလုပ်ကျ တော့ ခရီးမပေါက်မှာလဲစိုးရတယ်.... (မှန်လှပါ)၊စတုတ္ထ အချက်က အလုပ်ကိုပြတာ....(မှန်ပါဘုရား)။

တတိယတေခတာ့ဖြင့် ပါရမီကံကောင်းလို့ အကြောင်း သင့်တာတွေ ပြပါတယ်....(မှန်ပါ)၊ တစ်,နှစ်,သုံး ပါရမီကံ ကောင်း၍ အကြောင်းသင့်ပြီး အဘက်ကြီး တက်လာခဲ့လို့ အောင်မြင်မှုသုံးခု ပြပါဘယ်....(မှန်လှပါဘုရား)၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ဘုရားသာသနာနဲ့ ကြုံတာလဲ ခင်ဗျားတို့ အောင်မြင်မှု တစ်ခု....(မှန်ပါ)။

ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့တွေ့ကြုံတာလဲ-(အောင်မြင်မှုတစ်ခု ပါဘုရား)။

သောင်တတ်တဲ့နားနဲ့ တွေ့ကြုံတာလဲ .... (အောင်မြင်မှု တစ်ရပ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီ အောင်မြင်မှုဘွဲ့ အကုန်ပါပြီးသကာလ....နေတဲ့ အတွင်းမှာ တစ်ခါ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့အတိုင်း စာလိုပြော နေယင် ခက်နေမှာစိုးလို့၊ ကိုယ့်ခန္ဓာဖြစ်ပျက်နဲ့ ကိုယ့်ဘက်နဲ့ ရှုလိုက်တဲ့အခါမှာ တန်းခနဲဘန်းခနဲ မဂ်ကလေး ပေါ်သွား လို့ရှိယင်လဲ မဂ်ကလေးပေါ်သွားဖို့ အလုပ်ဟာလဲ အတော် ခဲယဉ်းတဲ့အလုပ်တဲ့ ဒကာဒကာမတို့နော်—(မှန်လှပါဘုရား)။

မခေါင်ထွန်းလှိုင်....ဒါကော မခဲယဉ်းဘူးလား....(ခဲယဉ်းပါ တယ်ဘုရား)၊ ဒကာဒကာမတွေ ဒီအထဲကဘော့ တစ်၊ နှစ်၊ သုံး ကတော့ဖြင့် ကံကောင်း အခြေကြောင်းသင့်ယင် ဖြစ်နိုင်ပါတယ်- တဲ့၊ ၄-ကတော့ဖြင့် ကိုယ်တိုင် အားစိုက်ရလိမ့်မယ်....(မှန်ပါ ဘုရား)။

၄-က ဘယ်လိုပါလိမ့်— (ကိုယ်တိုင် အားစိုက်ရပါမယ် ဘုရား)၊ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင် ဘာလုပ်ကြရမယ်.... (ကိုယ်ဘိုင် အစားထုတ်ရမှာပါဘုရား)။

ဒါကတော့ဆုတောင်းနဲ့မဆိုင်ဘော့ဘူး-(မဆိုင်ပါဘုရား)၊ ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ အခု ဘုန်းကြီး နေ့ဘိုင်း ပြောနေတာသည် ၄-နံပါတ်ကို အရေးတကြီး ပြောနေပါ တယ်....(မှန်ပါဘုရား)။

၃-နံပါတ်ကတော့လဲ ဒီဆရာနဲ့ ဒီဒကာ ဒကာမတွေနဲ့ ဒီသာသနာတော်ကြီးနဲ့ဖြင့် အကြုံကြီးကြုံ အဆုံကြီးဆုံလို့ ဘာမှ အားငယ်စရာမရှိတဲ့ သုံးခုကဘော့ ပြည့်စုံပြီးသား.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ကိုယ်တိုင် အားထုတ်ရမည့် အလုပ်ကလေး ချွတ်ယွင်းချက်ရှိနေမှုကိုဖြင့် ဦးဝတို့ မောင်ထွန်းလှိုင်တို့ အတော်စိုးရိမ်လို့ ပြောတာ-(မှန်လှပါဘုရား)။ ၄-နံပါတ်က ဖြစ်ပျက်နဲ့ မဂ်နဲ့ ဘာဖြစ်ရမလဲ.... (ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

အဲဒါ ကိုယ့်ခန္ဓာထဲမှာရှိတဲ့ ဒုက္ခဒုက္ခမတွေ ဖြစ်ပြီးပျက်နေတဲ့ကိစ္စ တရားကလေးနဲ့ ကိုယ့်ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့ အခါကျ လို့ရှိယင်ဖြင့် ကိုက်ကိုက်-ကိုက်ကိုက် ပြီးသဏ္ဌာလ သွားဖို့ ဒီအရေးကလေးဟာ ဒုက္ခဒုက္ခမတို့၏ အရေးလို့ သေသေချာချာ မှတ်ကြမေ်းပါနော်.... (မှန်ပါဘုရား)။

ဒီအရေးဟာ ဦးခင်မောင် သေသေချာချာ စဉ်းစားကြည့်၊ ဒီအရေး မပါလို့ရှိယင် ဝိပဿနာမဂ်ကို မဖြစ်တော့ဘူး .... (မှန်လှပါဘုရား)။

၄-နံပါတ် မအောင်မြင်လို့ရှိယင် ဝိပဿနာမဂ် ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)၊ မဖြစ်နိုင်တော့ဘူး ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အဲဒီတော့ ဒီ ၄-နံပါတ် မအောင်မြင်တော့ဘူးဆိုလို့ရှိယင် ၁-၂-၃ နံပါတ်တွေက အကုန်ပျက်စီးနိုင်တချည်းမှတ် ရမယ် (မှန်ပါ့ဘုရား)၊ တစ်, နှစ်, သုံးက ဘာဖြစ်နိုင်သတုံး.... (ပျက်စီးနိုင်ပါတယ်ဘုရား)။

ဘြော-ပျက်စီးနိုင်တာတွေချည်းဖြစ်နေတော့ အလုပ်ကြီးလုပ်လာရတာတွေက ၄-နံပါတ် မအောင်မြင်တာနဲ့ တစ်, နှစ်, သုံးတွေ ပျက်ရတော့မယ် ဆိုလို့ရှိယင်ဖြင့် ဗကာကကမ္မတို့

http://www.dhammadownload.com



ကိုယ်ဖျင်းမှုနဲ့ ကိုယ်ပျင်းမှုအပေါ်မှာ သတ္တုချကြပါစေနော်....(မှန်ပါဘုရား)၊ ဘယ်ဟာ သတ္တုချကြမယ်....(ကိုယ်ဖျင်းမှုနဲ့ ကိုယ်ပျင်းမှုအပေါ်မှာ သတ္တုချရပါမယ်ဘုရား)။

ဒါဖြင့် ကိုယ်ဖျင်းမှု ကိုယ်ပျင်းမှုကြောင့် ဒကာ ဒကာမတို့ နောက်က ၃-ပိုင်တယ်ဆိုပေမယ့် ၄-မပိုင်လိုက်ဘဲအတွက် တစ်-နှစ်-သုံးတွေပါ အကုန် အပျက်ကြီး ပျက်သွားရတော့ သိပ်နာသွားမှာပဲ.... (နာပါတယ်ဘုရား)၊ မနာပေဘူးလား....(နာပါတယ်ဘုရား)။

အဲဒါကြောင့် ဦးဇော်ရင်တို့ ဒီ ၄-နံပါတ်ဟာ ကိုယ့်အရေးဆိုတာ သိကြပလား....(မှန်ပါဘုရား)။

၄-နံပါတ်က ဘာပါလိမ့် ဒကာဒကာမတို့- (ကိုယ့်အရေးပါဘုရား)၊ ကိုယ့်အရေးဆိုတာ ကိုယ့်သန္တာန်ရှိတဲ့ အနိစ္စနဲ့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စနဲ့ပေါ့လေ ကိုယ့်ဉာဏ်နဲ့ သွားသွားတွေ့ရမယ်....(မှန်ပါဘုရား)။

ကိုယ့်သန္တာန်ရှိတဲ့ ဖြစ်ပြီးပျက်တဲ့တရားနဲ့.... (ကိုယ့်ဉာဏ်နဲ့ သွားတွေ့ရပါမယ် ဘုရား)။

အဲဒါ ဓမ္မာနု ဓမ္မပဋိပတ္တိပါပဲ....(မှန်ပါဘုရား)၊ တရားနဲ့ လျော်အောင်သိတဲ့ အကျင့်ကို....(မှန်လှပါဘုရား)။

တရားနဲ့လျော်တဲ့ အကျင့်ဆိုတာ တရားကဖြစ်ပျက်၊ ဉာဏ်ကလဲ ဖြစ်ပျက်လို့သိယင် တရားနဲ့လျော်တဲ့အကျင့် မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီ ဥစ္စာကလေးဖြင့် ဒကာဒကာမတို့ တရားတစ်ပွဲလုံး အရေးအကြီးဆုံးပဲ၊ ဒီအလုပ်ကလေးဟာဖြင့် ဩဝါ....ဒါ

http://www.dhammadownload.com



ကလေးနဲ့ ငါတို့ ဒါကလေးမှ မမြင်လို့ ပြန်လျှောကျရမယ် ဆိုယင်ဖြင့် ဟော့....နောက်ဘုရားတွေကာလ တွေ့ချင်မှတွေ့ ကြုံချင်မှကြုံရမယ်၊ အခုကြုံတုန်းမှ အပိုင်မယူလိုက်လို့ ရှိယင်ဖြင့် ကိုယ်ကျိုးဖြင့် လုလုကြီးနည်းပေါ့လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ကိုယ်ကို ဒကာ ဒကာမတွေ အထူးတလှည့်ပဲ အဖိုးတန်တာသိပြီး အဖိုးတန်တဲ့အလုပ် လုပ်ကြစမ်းပါ....(မှန်လှပါဘုရား)။

အဖိုးတန်တာလဲ တစ်-နှစ်-သုံးဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ သာမညတက်ခဲ့ရတာလား၊ အလွန့်အလွန် ကြိုးစားခဲ့ကြရတာလား....(အလွန့်အလွန် ကြိုးစားခဲ့ရတာပါဘုရား)။

အဲဒီ ကြိုးစားတာ အထမြောက်ပြီးသကာလ အဲဒါက ဆုတောင်းနဲ့ အထမြောက်ပြီး သကာလ ဉာဏ်စောင်းနဲ့ အလုပ် လုပ်ရမည့် ၄-နံပါတ်မှာ လျှော်သွားမှာ စိုးရတယ် (မှန်လှပါဘုရား)။

တစ်-နှစ်-သုံးလဲ ဆုတောင်းနဲ့ ပြည့်စုံနိုင်တယ်....နော်.... (မှန်လှပါဘုရား)၊ ၄-နံပါတ်ကျတော့ ဒကာဒကာမတို့ ကိုယ့်အပျက်နဲ့ ကိုယ့်မဂ်နဲ့ ကိုက်ဖို့ဆိုတော့ ဆုတောင်းနဲ့ ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား)၊လုပ်ယူရမည့်တရားလို့ မှတ်ကြပါ.... (မှန်ပါဘုရား)။

ဘယ်လိုမျှား မှတ်ကြမယ်(လုပ်ယူရမည့်တရားပါဘုရား)၊ လုပ်ယူရမည့်တရား၊ကို ဒါကလေး မလွဲကြပါစေနဲ့.... (မှန်ပါဘုရား)၊ သဘောပါကြပလား....(ပါ-ပါတယ်ဘုရား)။

http://www.dhammadownload.com



၄-နံပါတ် ဘာတဲ့ဗျာ.... (လုပ်ယူရမည့်တရားပါဘုရား)၊ လုပ်ယူရမည့်တရား ဘာနဲ့ဘာ ကိုက်ရမှာပါလိမ့်.... (အပျက်နဲ့ မဂ်နဲ့ ကိုက်ရပါမယ်)၊ အပျက်နဲ့ မဂ်နဲ့ကိုက်အောင် လုပ်ရမယ် နော်....(မှန်လှပါဘုရား)၊

အပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ရမယ်ဆိုတော့ ဒကာ ဒကာမတို့က စဉ်းစားတာပေါ့၊ ဘုန်းကြီးက ဥပမာလေး တစ်ခု ပြလိုက်ပါတယ်၊ ဥပမာ ကိုယ့်လက်ဖမိုးကလေးကို ကိုယ့်လက်ညှိုးထဲမှာ ရှိတဲ့ လက်သည်းနဲ့ ဆိတ်လိုက်တဲ့အခါ ကျတော့ ဒုက္ခဝေဒနာလေးမပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)၊

အနာကလေး ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒုက္ခဝေဒနာ ကလေး ရှိ မရှိ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ရှိသေးရဲ့ လား-(မရှိပါဘုရား)၊ မရှိတော့ ဟိုကပျက်စီးမှုနဲ့ ဒီက မရှိတာ မသိမှုနဲ့ သွားကိုက်တယ်....(မှန်လှပါဘုရား)၊

ဒါကြောင့် အပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်.... (မှန်လှပါ ဘုရား)၊ရိပ်မိပလား-(ရိပ်မိပါပြီ)၊ ဘာနဲ့ဘာ သွားကိုက်သလဲ (အပျက်နဲ့ မဂ်နဲ့ သွားကိုက်ပါတယ်ဘုရား)၊

အဲ....အဲဒီလို အခု ပယောဂနဲ့လုပ်ပြီး သတ္တာလ ဥပမာ လက်ဖမိုးကလေး လက်သည်းကလေးနဲ့ ဆိတ်လိုက်တဲ့အခါ ဦးခင်မောင်ရေ နာလုံးကလေး မလာဘူးလား(လာပါတယ်)၊ နာလုံးကလေးလာလဲ ဒီနေရာမှာပေါ်ပြီ၊ ဒီနေရာမှာ မပျက် ဘူးလား....(ပျက်ပါတယ်ဘုရား)၊

http://www.dhammadownload.com



အဲ....သူပျက်တာ သူ့ဟာသူ ပျက်နေတာလို့ ခင်ဗျားတို့က ဒီလိုမထားဘဲနဲ့ ဒီဟာကလေးဟာ ဘယ်လိုသဘောပါလိမ့် မတုံးဆိုပြီး ဉာဏ်ကလေးနဲ့ကြည့်လိုက်....(မှန်ပါ့ဘုရား)။

ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခုနက ဝေဒနာကလေးက ကျုပ်ကို ခင်ဗျားတို့ကြည့်လိုက်အခါ အပျက်နဲ့ တွေ့ပါလိမ့်မယ်လို့ ပြောမသွားဘူးလား.... (ပြောသွားပါ တယ်ဘုရား)။

အဲ·အပျက်တွေ့သွားတဲ့ အခါကျတော့ ဒကာဒကာမတွေ လက်ဖမိုးပေါ်မှာရှိတဲ့ ဒုက္ခဝေဒနာကအပျက်(မှန်ပါ့ဘုရား)၊ ဉာဏ်နဲ့ တွေ့လိုက်တာက....(မှန်ပါဘုရား)။

အဲ....တွေ့တဲ့ဉာဏ်ကလေးက မဂ်....(မှန်ပါ့ဘုရား)၊ ရှေ့က အပျက်ပေါ့ဗျာ-(မှန်ပါ့)၊ တွေ့တဲ့ဉာဏ်ကလေးက.... (မဂ်ပါ ဘုရား)၊ အဲဒါမဂ္ဂါနုဓမ္မပဋိပတ္တိ....(မှန်ပါ့ဘုရား)၊ သူက ဓမ္မ၊ ဒီက ပဋိပတ္တိ(မှန်ပါ့ဘုရား)၊ဒီဓမ္မနဲ့ ဒီပဋိပတ္တိနဲ့ လျော်ရမယ် (မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုလျော်သွားလို့ရှိယင်ဖြင့် ဒကာဒကာမတို့ ခင်ဗျား တို့သည်ကားလို့ဆိုယင် ၄-နံပါတ် ဝိပဿနာမဂ် အောင်သော ကြောင့် ဘာမှပူစရာမရှိတော့ပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်အရေးက ဘယ်နံပါတ်ပါလိမ့်....(၄-နံပါတ် ပါဘုရား)၊ ၄-နံပါတ်ဟာ ဘာနဲ့ဘာ ကိုက်ရမှာပါလိမ့်.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရပါမယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကြီးထဲမှာတော့ ဟိုနေရာက ရှရှ ရှရှ ဒီနေရာက ရှရှ-ရှရှ၊ ဝမ်းထဲကလဲ ဟိုစိတ်ကလေးပေါ်

http://www.dhammadownload.com



လာလိုက်၊ ဒီစိတ်ကလေးပေါ်လာလိုက်၊ အာရုံနဲ့တိုက်ရာ တွေပေါ်ပေါ်လာပြီး ဒါကလေးတွေညက်ကလေးနဲ့ နောက်ကလိုက်-လိုက်ပြီဆိုမှဖြင့် ရှေ့က အပျက်၊နောက်ကရှုတဲ့မဂ်-(မှန်ပါ့ဘုရား)။

ရှေ့က....(အပျက်ပါဘုရား)။

နောက်က ရှုတာက....(မဂ်ပါဘုရား)။

ရှေ့က ဘာပါလိမ့်....(အပျက်ပါဘုရား)။

နောက်က ရှုတာက....(မဂ်ပါဘုရား)။

အဲဒါကိုက်နေလို့ရှိယင် ဒီရှေ့က ခမ္မ၊ နောက်က အနုပဋ္ဌိပတ္တိ....(မှန်ပါ)၊ အနုက=လျော်တာ၊ ပဋ္ဌိပတ္တိက=အကျင့်၊ နောက်က လျော်တဲ့ အကျင့်ကို ကျင့်နေတာ.... (မှန်လှပါ ဘုရား)။

ရှေ့က ဓမ္မက အပျက်နော်....(မှန်ပါ့ဘုရား)၊ အပျက်ကို အပျက်မှန်းသိတော့ နောက်က လျော်တဲ့အကျင့်ဆိုယင် လွဲပါ့ မလား....(မလွဲပါဘုရား)။

အဲဒါကြောင့် ဓမ္မာနုဓမ္မပဋ္ဌိပတ္တိဆိုတာ ခင်ဗျားတို့ကိုယ်ပိုင် လုပ်ရမည့်အလုပ်၊ ဒါကြောင့် ဆုတောင်းယူရမှာက သုံးခု၊ ကိုယ်ပိုင်လုပ်ယူရမှာက.... (တစ်ခုပါဘုရား)၊ လေးခု ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားသာသနာကြုံဖို့ ဆုတောင်းလို့ရှိယင် ရခဲ့ကြ တယ်နော်....(မှန်ပါ)၊ ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံဖို့....(ရခဲ့ကြ ပါတယ်)ထောင်တတ်တဲ့နားနဲ့ကြုံဖို့.... (ရခဲ့ကြပါပြီဘုရား)။

http://www.dhammadownload.com



ဒီဟာကျတော့ အခုမရ-ရအောင် လုပ်ကြပါ....(မှန်ပါ ဘုရား)၊ ဒီဟာကျတော့(မရ-ရအောင် လုပ်ရမှာပါ)၊အပျက်နဲ့ မဂ်နဲ့ ကိုက်အောင်တော့ မရ-ရအောင်လုပ်ရမယ်-(မှန်ပါ ဘုရား)။

ဒကာဒကာမတို့ ဘာလုပ်ရမှာပါလိမ့်.... (မရ-ရအောင် လုပ်ရမှာပါဘုရား)၊ ဘယ်ဟာနဲ့ဘယ်ဟာ ကိုက်အောင်လဲ.... (အပျက်နဲ့မဂ်နဲ့)၊ ကြားထဲမှာ ကိလေသာမခြားဘူးဆိုလို့ရှိယင် ဒကာဒကာမတို့ ဟောဒါက အပျက်၊ နောက်က တစ်ခါတည်း ဝိပဿနာက ရှုလိုက်တဲ့အခါကျတော့ မဂ်ထဲမှာ ဒီကြားထဲမှာ ပေါ့ဗျာ....(မှန်ပါ)၊ ကိလေသာက မခြားလို့ရှိယင် ညနေ အားထုတ်ယင် မနက် မဂ်ဖိုလ်ရမယ်....(မှန်ပါဘုရား)၊ နံနက် အားထုတ်လို့ရှိယင် ညနေရမယ်....တဲ့၊ ကိလေသာကြားခြားယင်တော့ မရဘူးတဲ့....(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ ဒကာဒကာမတို့ ဒီအကြောင်းတွေလဲ သိရပြန်တော့ ဩော်.... တို့အရေးဟာ ၄-နံပါတ်ပါကလား .... (မှန်ပါဘုရား)၊ ဘယ်လို ဆိုကြမယ်.... (တို့အရေးဟာ ၄-နံပါတ်ပါဘုရား)။

၄-နံပါတ် ဦးခင်မောင်ရယ်....၊ တရားတစ်ပွဲလုံးနဲ့ ရှင်းကြစမ်းပါ၊ ၄-နံပါတ်ဆိုတာ ဘာနဲ့ဘာကိုက်ရမှာတုံး....(အပျက်နဲ့မဂ် ကိုက်ရမှာပါဘုရား)။

ကိုယ့်ခန္ဓာကြီးကတော့ သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတော့ ဘယ်အခါမဆို သူပျက်နေတာနဲ့....(မှန်ပါဘုရား)၊စိတ်ကြည့်လိုက်လဲ ပျက်မှာပဲ၊ ဝေဒနာကြည့်လိုက်ယင်လဲ.... ပျက်မှာပဲ ရုပ်ကြည့်လိုက်ယင်လဲ....(ပျက်မှာပါပဲဘုရား)။

http://www.dhammadownload.com



အဲဒါ ခင်ဗျားတို့ သူက ပျက်နေပေမယ့် ကိုယ်က မငိနဲ့ မလိုက်တဲ့အတွက် မဂ်မရကြဘဲဖြစ်နေတယ်-(မှန်လှပါဘုရား)၊ သူကတော့ ပျက်နေတာပဲ၊ ဘယ့်နှယ်ကြောင့် ကျုပ်တို့ မဂ်မရ-ရပါလိမ့်မလဲဆိုတော့ မလိုက်မိလို့ .... (မှန်ပါဘုရား)၊ (သို့မဟုတ်) မကျင့်မိလို့....(မှန်ပါဘုရား)၊ ပေါ်ကြပသား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ အရေးဟာ ဘာနဲ့ ဘာ ကိုက်ရမှာပါလိမ့်....(အပျက်နဲ့ မဂ် ကိုက်ရပါမယ်)၊ အဲဒါဖြင့် ဒါကလေးဟာ ခတော့ဖြင့် ဆုတောင်းယူရမှာပဲလား၊ ကိုက်အောင် ကိုယ်တိုင် အားထုတ်ယူရမှာသား ... (ကိုက်အောင် ကိုယ်တိုင် အားထုတ်ယူရမှာပါဘုရား)။

ဒကာဒကာမတို့ အားလုံး၊ တရား၊ တစ်ပွဲလုံးမဲ နား၊ လည်ကြပါ့မလား-(နားလည်ပါတယ်ဘုရား)၊ ၄-နံပါတ်က ဘာနဲ့ ဘာ ကိုက်ရမှာတုံး-(အပျက်နဲ့ မဂ်နဲ့ ကိုက်ရပါမယ်ဘုရား)၊

အေး....အပျက်နဲ့ မဂ်နဲ့ ဒကာဒကာမတွေ ကိုက်အောင် လုပ်ပါနော်-(မှန်လှပါဘုရား)၊ ကိုက်အောင်လုပ်ရမယ်ဆိုတော့ အချီအချ ညီရမယ်လို့ ဆိုလိုတာပဲ(မှန်ပါ)၊ အချီအချ ညီရမယ် ဆိုတာက အပျက်မရှိဘဲနဲ့ ကိုက်အောင်လုပ်ရမှာလား၊ အပျက်တွေ ရှိလျက်နဲ့ မကိုက်လို့ ဟောနေရတာလား.... မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အပျက်တွေရှိလျက်နဲ့ မကိုက်လို့ဟော နေရတာပါဘုရား)၊

အဲ....အပျက်ကတော့ဖြင့် ဒကာဒကာမတို့ ထိုင်လဲပျက်တာပဲ၊ ထ လဲပျက်တာပဲ၊ စိတ်ကူးတာလဲ ကူးတဲ့စိတ်ကလေးက

http://www.dhammadownload.com



ပျက်သွားတာပဲ၊ ယားယင် ယားတဲ့ နေရာ ပျက်၊ နာယင် နာတဲ့နေရာမှာကော....(ပျက်တာပါပဲဘုရား)။

အဲ....သူ့ဟာသူသာ ပျက်နေတယ်၊ ခင်ဗျားတို့က ပျက်ပါ ကလား၊လို့ သိလိုက်နဲ့ နောက်ကဲ သွားမကိုက်ဘူး.... (မှန်လှပါ ဘုရား)၊ ပျက်ပါကလား ဆိုတဲ့ သိလိုက်နဲ့.... (သွား မကိုက်ပါ ဘုရား)။

နောက်က သွားမကိုက်တော့ကို အပျက်နဲ့မဂ်နဲ့ မကိုက်တဲ့ အခါကျတော့ အပျက်နဲ့ ဒေါသနဲ့ယင်လဲ လာတတ်တယ်.... (မှန်ပါ)၊ အပျက်နဲ့ သောကနဲ့ယင်လဲ-(လာပါတယ်ဘုရား)၊

ငါ့မှာ ဖြစ်ရလေခြင်း၊ ငါ့မှာနာလေခြင်း၊ ဟော....မကိုက် လို့....မကိုက်လို့-(မှန်ပါ)၊ မကိုက်တော့ ဒေါသ သောကတွေ မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)၊ ဒကာဒကာမတွေ မကိုက်တော့ အမှားတွေလိုက်မလာဘူးလား.... (လာပါတယ် ဘုရား)။

အမှားတွေ လိုက်လာတော့ ဘုန်းကြီးတို့ထုံးစံ၊ ဒကာ ဒကာမတို့ ထုံးစံဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တစ်ခါတည်း သံသရာဆက်သွားတယ်-(မှန်လှပါဘုရား)၊ မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား)။

အဲဒီတော့ ဘယ်နှယ်ကြောင့် သံသရာဆက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ အပျက်နဲ့ မဂ်နဲ့ မကိုက်လို့ .... (မှန်လှပါဘုရား)။

http://www.dhammadownload.com



အင်မတန် အဖိုးတန်တယ်နော် ဦးခင်မောင်.... (မှန်လှပါဘုရား)၊ဒီအရေးဟာ ဒကာဒကာမတို့ သာမညအရေး မဟုတ်ဘူးဆိုတာကို သတိထားနားထောင်စမ်းပါ....(မှန်ပါဘုရား)၊

အင်မတန်အရေးကြီးတဲ့ အချက်နဲ့ ၄–နံပါတ်ဟာနော်.... (မှန်ပါ)၊၄–နံပါတ်ဟာအင်မတန်အရေးကြီးပါတယ်၊ကိုင်း– ဒကာဒကာမတို့ ၄–နံပါတ်ဆိုတာ ဘာနဲ့ဘာ အချီအချည်ကြုံရမှာပါလိမ့်....(အပျက်နဲ့မဂ် ကိုက်ရမှာပါဘုရား)၊ အပျက်က ဒကာဒကာမတွေသန္တာန်ဘယ်အချိန်ရပ်စဲပါလိမ့်....(မရပ်စဲပါဘုရား)။

အဲ....ဘယ်အချိန်မှ မရပ်စဲဘော့ နောက်က မဂ်က ရပ်စဲတယ်....(မှန်လှပါဘုရား)၊ ဘယ့်နှယ်ဆိုကြမယ် .... (နောက်က မဂ်က ရပ်စဲပါတယ်ဘုရား)။

နောက်က မဂ်က ရပ်စဲပြီးသကာလ နေဘော့ မဂ်လဲ ရပ်စဲလိုက်ပါရောတဲ့၊ ပျက်တာကိုမကြိုက်တဲ့ ဒေါသ၊ ဟော....လိုက်ချင်လိုက်လာတယ်....(မှန်ပါ)၊ပျက်တာကို စိုးရိမ်တဲ့သောက.... (မှန်လှပါဘုရား)၊မလိုက်ပေဘူးသား·(လိုက်ပါတယ်ဘုရား)၊ ငါ့မှာ ဖြစ်ရလေခြင်းဆိုတဲ့ သောကတွေဟာ .... (လိုက်ပါတယ်ဘုရား)။

ဩော်....ဒါ ဘာနဲ့ဘာ မကိုက်လိုက်တာပါလိမ့်မလဲဆိုတာ ကော ရိပ်မိကြမလား....(ရိပ်မိပါတယ်ဘုရား)၊ အင်း....ဘာနဲ့ ဘာပါလိမ့်....(အပျက်နဲ့မဂ်နဲ့မကိုက်တာပါဘုရား)။

http://www.dhammadownload.com



အဲဒါ ဓမ္မာနုဓမ္မပဋိပတ္တိမဖြစ်လိုက်တာ.... (မှန်ပါ)၊သိပ်ပြီး နာသွားတယ်ဆိုတာ မောင်တွန်း၊လှိုင်တို့၊ ဒကာ၁၀တို့ သေချာ ကြပလား....(သေချာပါတယ်ဘုရား)၊

ကိုင်း .... ဒါဖြင့် ကျုပ်တို့အရေးသည် ၄-နံပါတ်အရေး ကဖြင့် ဒကာဒကာမတို့ ကံပေးလို့မရဘူး၊ညာဏ်နောက်ကလိုက်မှ ရမယ်....(မှန်ပါဘုရား)။

ကံပေးလို့တော့ .... (မရပါဘုရား)၊ညာဏ်က နောက်က လိုက်မှ .... (ရပါတယ်ဘုရား)၊အပျက်၏နောက်က မဂ်ဆိုတဲ့ ညာဏ် လိုက်ယင်ဖြင့်....(ရပါတယ်ဘုရား)၊ ရကြလိမ့်မယ်ဆိုတာ မှတ်တော့သာ၊၊ အိမ်နေလို့လဲ မရဘူး ဒကာဒကာမတို့နေ၁်.... (မှန်ပါဘုရား)၊

သေသေချာချာ ခန္ဓာကို ညာဏ်ကလေးနဲ့ စိုက်တော့ထား၊ ခန္ဓာကို ညာဏ်ကလေးနဲ့ စိုက်ထားတဲ့အခါ ကျလို့ရှိယင်ဖြင့် စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆိုကြပါစို့....(မှန်လှပါ ဘုရား)

စားချင်တဲ့ စိတ်ကလေး ပေါ်လာတဲ့အခါ တစ်ခါတည်း နောက်ကနေ မဂ်နဲ့လိုက်၊ စားချင်တဲ့စိတ်ကလေးဟာ ပေါ်ပြီး ပျက်ရရှာတာကိုးဗျ .... (မှန်ပါဘုရား)၊ မပျက်ဘူးလား .... (ပျက်ပါတယ်ဘုရား)၊

အင်း....ဒါကလေးတွေဟာ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ ဆိုပြီးသကာလ သူက သရာဂစိတ်၊ သူက ပဇာနာတိ နောက်က လိုက်,လိုက်ရမယ်....(မှန်ပါဘုရား)၊

http://www.dhammadownload.com



ပစ္စုပ္ပန်လိုက်ရ လိုက်တော့ သရာဂစိတ်က အပျက်၊ ပစ္စုပ္ပန်ကိုက မှတ်....(မှန်ပါ)၊ သူက သရာဂစိတ်က အပျက်၊ ပစ္စုပ္ပန်ကိုက....(မရှိပါဘုရား)။

ဒီလိုလိုက်ပြီးသွားမယ်ဆိုပါတော့၊ တစ်ခါတည်း နောက် ဒီကြားထဲမှာ ဘဝင်တော့ ဘယ်သောက်ခြားခြား ကိလေသာ တော့ မခြားစေနဲ့....(မှန်ပါဘုရား)။

တစ်ခါတလေ သော့လဲဒေါသတွေခြားပြီးတော့မှ ခြော်.... ခုနကဟာကလေး ပျက်သွားပြီလို့ဆိုတော့ ဒေါသတွေ ခြားပြီး ပြီ၊ လောဘတွေကော....(ခြားပြီးသွားပါပြီဘုရား)၊မသိလိုက် တော့ မောဟတွေကော....(ခြားပြီးပါပြီဘုရား)၊

အဲဒီ ခြားပြီးလို့ရှိယင်ဖြင့် မင်းတို့ဟာကို ညနေ အားထုတ် နံနက်ရလိမ့်မယ်လို့ မဟောနိုင်ဘူးကွတဲ့၊ ကိလေသာ ကြားဝင် တယ်-(ကြားဝင်ပါတယ်ဘုရား)၊ ရှင်းကြပလား-(ရှင်းပါပြီ)၊ ဘာကြားဝင်ပါလိမ့်....(ကိလေသာကြားဝင်ပါတယ်ဘုရား)၊

အဲဒီတော့ ဒကာဒကာမတွေက ကိလေသာ ကြားဝင်တာ ကိုတော့မသိဘဲနဲ့ ကျုပ်ဟာလုပ်ပါတယ်၊ ခန္ဓာကိုယ် ပျက်တဲ့ အထိ ရှုပါတယ်၊ ရှုပေမယ့် ကျုပ်ဖြင့် အပျက်လောက်တောင် ကောင်းကောင်းမမြင်သေးဘူး။

တစ်နည်းအားဖြင့်လဲ အပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ ကျုပ်မမြင်သေးဘူး၊ ကျုပ် ဘာများ ဖြစ်ပါလိမ့်မတုံးလို့ ဒကာဒကာမတွေက တွေးချင်လဲ တွေးကြမယ် .... (မှန်လှပါ ဘုရား)။

http://www.dhammadownload.com



ပါရမီများနည်းလေရော့သလားလို့တစ်ခါတစ်လေ ပါရမီပေါ်ကော ပုံချချင်ချလိုက်လိမ့်မယ်....(မှန်ပါ့ဘုရား)၊ မချပေဘူးလား....(ချပါတယ်ဘုရား)၊ အဲဒါ မဟာ အလွဲတော်ကြီးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ကိလေသာကြားခိုလို့မရတာ....(မှန်ပါ့ဘုရား)၊ရှင်းပလား-(ရှင်းပါပြီ)၊အပျက်နဲ့မဂ်ကြားထဲမှာ....(ကိလေသာ ကြားခိုလို့ မရတာပါဘုရား)။

ဒါဖြင့် အပျက်နဲ့ မဂ်နဲ့ အင်မတန်ဝေးသွားပြီ....(ဝေးသွားပါပြီ)၊ မဝေးပေဘူးလား .... (ဝေးပါတယ်ဘုရား)၊ ကြားထဲ ပဋိစ္စသမုပ္ပါဒ် ဝင်ခုသွားပြီ....(မှန်ပါ့ဘုရား)။

ခုသွားတဲ့အခါကျတော့ မောင်ထွန်းလှိုင်တို့၊ ဒကာ စတို့ ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)၊ ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)၊

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘာနဲ့ အချီအချကိုက်ရမယ်ဆိုတာဖြင့် ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)၊ ဘာနဲ့ဘာတုံး....(အပျက်နဲ့မဂ်နဲ့ ကိုက်ရပါမယ်)၊ ခန္ဓာကြီးမှာတော့ ရှိတာက ဘာတွေရှိသလဲ....(အပျက်တွေ ရှိပါတယ်ဘုရား)။

အဲဒီအပျက်တွေနဲ့ အခု ဘုရားပေးထားတဲ့ ဉာဏ်မဂ်နဲ့ ဩော်....ပျက်ပြီးပျက်တိုင်း ပျက်တိုင်း သိပြီးသကာလ ပေးနေမယ်ဆိုလို့ ရှိယင်ဖြင့် ခန္ဓာ၏သဘေမှုကိုသိ၊ ခန္ဓာ၏ဒုက္ခရောက်မှုကို သိသောကြောင့် သစ္စာဉာဏ်တွေဟာ တစ်ခါတည်း စ့ပေါ် လာတယ်.... (မှန်လှပါဘုရား)။ မပေါ်ဘဲ နေနိုင်ပါ့မလား.... (မနေနိုင်ပါဘုရား)။

http://www.dhammadownload.com



အဲဒါတွေဟာ ဒကာ ဒကာမတွေတဲ့ ခန္ဓာကိုယ် စောင့်ကြည့်နေလို့ရှိယင်ဖြင့် ခန္ဓာကိုယ်က သူရှိတဲ့သဘော သူပြောမှာပဲ....(မှန်လှပါဘုရား)။

သူရှိတဲ့သဘောက သူက သဗ္ဗသခ်ါရာအနိစ္စာ၊ ကျုပ်ဟာတစ်ကိုယ်လုံး အနိစ္စပါဆိုပြီး သူကပြောနေတာတွေ ကျုပ်တို့က စောင့်ကြည့်နေတဲ့ ပုဂ္ဂိုလ်က ဩော်....အနိစ္စပါကလားလို့နောက်ကနေပြီး သိတဲ့မဂ်ကလေးနဲ့ ကိလေသာကြားမခိုဘဲနဲ့ဆက် ဆက် ဆက် သိသွားလို့ ရှိယင်ဖြစ်တဲ့ ပဏ္ဍာသ ပါဠိတော်မှာ သေသေချာချာ ဟောပါတယ် ဒကာ ဒကာမတို့ညနေအားထုတ်ယင် နံနက်ရနိုင်ပါတယ်....(မှန်လှပါဘုရား)။

သတိပဋ္ဌာန်ပါဠိတော်မှာသဲ"ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ"လို့ဟောပါတယ်၊ ခုနစ်ရက်နဲ့ဘောင် ရပါတယ်ကွာတဲ့....(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ ဒကာဒကာမတွေ ပါရမီ ပြည့်ပြီးသားမှလဲ့တစ်-နှစ်-သုံး ဆိုတဲ့ ပါရမီတွေကလဲ ခင်ဗျားတို့မှာ ပြည့်စုံနေပြီဖြစ်လို့ ဆိုခဲ့ပြီးတဲ့ ၁-၂-၃ က ဝန်ခံရာ ရောက်သွားပြီ·(မှန်လှပါဘုရား)၊ မခံသေးဘူးလား....(ခံပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မီးခဲကြီးရဲပြီးသကာလ လာပြောသော်လဲပဲ အဝိဇ္ဇာတဏှာတည်းဟူသော ပြာတွေကဖုံးတယ်....(မှန်ပါ့ဘုရား)၊ မီးခဲကဘော့ တွင်းထဲမှာ- ရဲရဲနေ၁်(မှန်ပါ့)၊ အဝိဇ္ဇာတဏှာ တည်းဟူသော ပြာက.... (ဖုံးပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ့ဒီတော့ အပျက်နဲ့ မဂ်နဲ့ ကိုက်တဲ့ ညဏ်ကလေးနဲ့ မှတ်ပေးမှ ဓါတ်ကလေးက ရဲထွက်လာမယ်.... (မှန်ပါ့ဘုရား)။ ရဲထွက်လာလို့ ရှိယင်တော့ စိတ်ချတော့ မရမရှိတော့ပါဘူး (မှန်ပါ့ဘုရား)။

ဪ....ဒါဖြင့်တို့ဟာစာ ပါရမီမပါခဲ့လို့လား ဟုတ်လား၊ မီးရဲရဲမပါခဲ့လို့လား၊ မှတ်တတ်တဲ့ အပေါ်က မှတ်ပေးမည့် ရဲရဲတောက်အောင်ကလေးမှတ်ပြီးသကာလ ပေးဖို့ရာ လုံ့လ စီရိယပညာဓာတ်ကလေးက ညံ့လို့လားလို့ မေးလိုက်လို့ရှိယင် ဒါ ညံ့လို့သာ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါဘုရား)၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဒီလောက်ပြောလို့ ရှိယင် လဲ အကုန်ပဲ ဒကာဒကာမတို့ ပါရမီတွေ ချမနေပါနဲ့၊ လိုတာ ပြည့်ပါ.... (မှန်လှပါဘုရား)၊ ဘယ်လိုမှာပါလိမ့်....(လိုတာ ပြည့်ပါဘုရား)၊ ပါရမီတော့ဖြင့်....(မချပါနဲ့ဘုရား)။

၁-နံပါတ် ပြည့်စုံသလား....(ပြည့်စုံပါတယ်)၊ ဘယ်ပါရမီ ဖြစ်လို့လဲ....(မှန်ပါ့ဘုရား)။

၂-နံပါတ်ပြည့်စုံသလား.... (ပြည့်စုံပါတယ်ဘုရား)။

၃-နံပါတ်ကော ပြည့်စုံသလား.... (ပြည့်စုံပါတယ်ဘုရား)။

ဟာ....ပြည့်စုံနေတော့ ၄-နံပါတ် ဘယ့်နှယ် ဖြစ်နေကြ သလဲ....(၄-နံပါတ်မှာ ကိလေသာ ကြားခိုနေပါသေးတယ်)၊ ၄-နံပါတ် ကိလေသာ ကြားခိုနေသေးတော့ မခိုအောင် လုပ် လိုက်လို့ရှိယင်ဖြင့် ကိစ္စပြီးတော့မည့်အလုပ်- (မှန်ပါ့ဘုရား)၊ ဦးခင်မောင် ဘာတဲ့.... (မခိုအောင် လုပ်ရပါမယ်ဘုရား)။

http://www.dhammadownload.com



အစားလုံး ဒကာ ဒကာမတွေ ကိလေသာ ကြားမနိုင်လိုက်လို့ရှိယင် ညနေအားထုတ်ယင် နံနက်....(ရပါမယ်ဘုရား)။

ရနိုင်ပါတယ်လို့ဆိုတဲ့ဥစ္စာ ဗောဓိရာဇကုမာရမင်းသားကို သေသေချာချာ ဟောထားတယ်၊ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်မှာကို သေသေချာချာ ရှိတယ်....(မှန်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လိုတာသာ ဖြည့်ပါတော့၊ ပါရမီ မချကြပါနဲ့....(မှန်ပါဘုရား)၊ ဒီစကား အင်မတန် အရေးကြီးတယ်နော်-(မှန်ပါဘုရား) လိုတာသာ (ဖြည့်ကြပါတော့) ပါရမီကိုဖြင့်....(မချပါနဲ့ဘုရား)။

ဒီဟာ တစ်ချက် လုပ်သွားလို့ရှိယင် ဒီ ပါရမီကလေး ကျော်ရပါလိမ့်မယ်.... (မှန်ပါ)၊ မကျော်ရ ပေဘူးလား.... (ကျော်ရပါမယ်ဘုရား)။

ဒါ နည်းနည်းနောနော လုပ်ခဲ့ရတဲ့ အလုပ်သုံးခုလားလို့ မေးပြန်လို့ရှိယင်လဲ အလွန့်ကိုပဲ ဆင်းရဲခံပြီး တက်ခဲ့ရတာ ပါ....(မှန်လှပါဘုရား)။

တရားကိုယ် ပြောကြပါစို့ဆိုတော့ များသောအားဖြင့် အားလုံး ဘုန်းကြီးနှင့်တကွ ဘုန်းကြီးတို့ ဒကာဒကာမတွေ အားလုံးဟာ အပါယ်က တက်လာခဲ့ရတာ များတယ်-(မှန်လှပါဘုရား)၊ ဘယ်က တက်လာတာ များသလဲ....(အပါယ်က တက်လာတာ များပါတယ်ဘုရား)။

"စတ္တာရော အပါယာ သကဂေဟာသဒိသာ"ကိုး၊ ဓမ္မပဒ အဋ္ဌကထာက....(မှန်ပါဘုရား)၊

http://www.dhammadownload.com



စတ္တာရော အပါယာ=အပါယ် လေးဘုံတို့သည်၊ သက-ဂေဟ သဒိသာ=ဘုရားမရှိတဲ့အခါမှာ ကျုပ်တို့ အမြဲနေတဲ့ အိမ်ပဲ....(မှန်လှပါ)၊ ကျုပ်တို့ အကုသိုလ်တွေက အဲဒီကိုချည်း ပို့ထားတယ်....(မှန်လှပါဘုရား)။

အဲဒီတုန်းက စိတ်တွေ ပေါ်ပြီးသောကာလ တက်ခဲ့တာ (မှန်ပါဘုရား)၊ ဒီနေရာ ပြန်မရောက်အောင်လို့ တစ်ခါတည်း ဘုရားနဲ့ ကြုံရပါလို၏၊ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံရပါလို၏။ ဟုတ်လား၊ ထောင်တတ်တဲ့နားနဲ့....(ကြုံရပါလို၏)။

ပြည့်စုံရပါလို၏....ဆိုပြီး အဲဒီတုန်းက ဆင်းရဲလွန်းလို့ ဆည်းပူးလာခဲ့တာတွေ.... (မှန်လှပါဘုရား)၊ အဲဒီ ဆည်းပူး လာတာတွေက အခု လူ့ပြည် ပို့လိုက်တာ....(မှန်ပါဘုရား)၊ ပို့လိုက်တော့ ဒီအင်္ဂါသုံးချက်က ညီမနေဘူးလား.... (ညီပါ တယ်ဘုရား)။

အဲဒီတော့ ဆုအရေးက ဒီအရေး၊ ကိုယ့်အရေးက ၄.... (မှန်ပါ)၊ ဆုအရေးက ၁-၂-၃၊ ကိုယ့်အရေးက.... (၄-ပါ ဘုရား)၊ဆုတောင်းလို့ပြည့်တဲ့အရေးက....(၁-၂-၃-ပါဘုရား)၊ ကိုယ့်အရေးက....(၄-ပါဘုရား)၊ အခုဟာက ကိုယ့်အရေး ဟာနေတာ....(မှန်ပါဘုရား)၊ ဘယ်လို ဆုံးဖြတ်ကြမလဲ.... (ကိုယ့်အရေး ဟာနေတာပါဘုရား)။

ဟာတာကိုတော့ ဘုန်းကြီးကလဲ အပြစ်တော့ မတင်သေး ပါဘူးတဲ့၊ လမ်းညွှန်ကောင်းနဲ့တွေ့မှလဲ့ ဟာတာကို ဖြည့်တတ် တယ်-(မှန်ပါဘုရား)၊ လမ်းညွှန်ကောင်း မတွေ့ပြန်လို့ ရှိယင် လဲ့....(ဟာတာကို မဖြည့်တတ်ပါဘူး)၊ မဖြည့်တတ်ဘူးတဲ့။

အဲဒီတော့ ဖြည့်တဲ့နေရာမှာ ယနေ့အကြီးအကျယ် စကား သုံးတာက ဝေဒနာ နုပဿနာ ကမ္မဋ္ဌာန်းကို သစ္စာဉာဏ် ကိစ္စဉာဏ်နဲ့ ဟောဖို့ပါပဲ-တဲ့။

သို့သော်လဲ ကိုယ်ဖိုးတော်တစ်တလေးကို ဒကာဒကာမ တွေ ဖလွဲသုံးစား အချိန်တွေနဲ့ ဖြုန်းပြီးသကာလ ခုမှတွေ့တဲ့ သားသမီးနဲ့ ခုမှတွေ့တဲ့ သားဆင်ခင်ပွန်းတွေနဲ့ တစ်ခါတည်း မိန်းမောပြီးသကာလ အပါယ်တွန်းဖစိတ်တွေ ဖကုန်ပျောက် ပြီး အရှုံးပေါက်နေတာကြီး ဖျောက်ပါဆိုတာ ပြောတာ.... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

အပါယ်တွန်းကစိတ်တွေ ပြန်ပြီးသကာလ ကြည့်လိုက်တဲ့ အခါကျလို့ရှိယင် နောက် ဗိနေရာ မလာတော့ပါဘူး ဆိုတဲ့ စိတ်နဲ့ တက်လာကြတာ မဟုတ်လား....(မှန်ပါဘုရား)။

အခု ဗိနေရာသွားမည့် အလုပ်တွေနဲ့ မျောနေပြန်တော့ ကောင်းကြသေးရဲ့လား....(မကောင်းပါဘုရား)၊

ကဲ....ဒါဖြင့် ဒကာဒကာမတို့ ဘယ်နံပါတ် ပြင်ကြရမှာ ပါလိမ့်....(၄-နံပါတ် ပြင်ရမှာပါဘုရား)၊ ၄-နံပါတ် ဆိုတာ ဘယ်လိုလုပ်ရမှာပါလိမ့်....(အပျက်နဲ့မဂ် ကိုက်အောင် လုပ်ရ မှာပါ)၊ အပျက်နဲ့မဂ်နဲ့ ကိုက်အောင် လုပ်ရမှာ.... (မှန်ပါ)။

အပျက်ဆိုတာ ခန္ဓာ၊ မဂ်ဆိုတာ ဉာဏ်-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ အပျက်ဆိုတာက-(ခန္ဓာပါ ဘုရား)၊ မဂ်ဆိုတာက-(ဉာဏ်ပါဘုရား)၊ ဘယ်ဟာပျက်ပျက် အပျက်နဲ့မဂ်နဲ့ ကိုက်ယင်ပြီးရော....(မှန်လှပါ)။

ရုပ်ပျက်တာတွေလဲ ရှု၊ ခန္ဓာကိုယ် တစ်ကိုယ်လုံးဟာ ဘယ်ဟာ ရှုစရာရယ်လို့ မဟုတ်တော့ဘူး၊ ဒကာ ဒကာမတို့ သဗ္ဗသင်္ခါရ အနိစ္စလို့ ဟောထားတော့ အကုန်အနိစ္စနဲ့ ချည်းပဲ၊ အနိစ္စနဲ့ မဂ်နဲ့ သာ ကိုက်ပေစေ....(မှန်လှပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)၊ ဘယ်လိုပါလိမ့်ဗျာ.... (အနိစ္စနဲ့ မဂ်နဲ့ ကိုက်ပေစေပါဘုရား)။

အနိစ္စနဲ့ မဂ်နဲ့ သာ ကိုက်ပါခေလို့ ဒကာ၀ ဒါကိုယ့် အခရာ အကြီးဆုံးအချက်ထားပါ....(မှန်ပါဘုရား)။

ဒါဖြင့် ဆုတောင်းလို့ပြည့်တဲ့အရေးက ၁-၂-၃၊ ကိုယ်တိုင်လုပ်မှ ပြည့်ခည့်အရေးက—(၄-ပါဘုရား)၊ ဆုတောင်းလို့ ပြည့်တဲ့အရေးက....(၁-၂-၃-ပါဘုရား)၊ ကိုယ်တိုင် ဖြည့်ရမည့် အရေးက (၄–ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်မှာလဲ ဒီအတိုင်းလှာလို့၊ အဲဒီတော့ ဒကာ ဒကာမတို့ ဒါစတုတ္ထက ဝိပဿနာမဂ်ရပြီ၊ နောက်တစ်ခါ ဘုရားက ဘယ်လိုမျှား ဟောပြန်သတုံးလို့ ဆိုတော့ လိစ္ဆဝီတို့....သင်တို့ ဒုလ္လဘတရား ငါးပါးထဲမှာ တစ်ပါးကျန်သေးတယ်ကွ၊ ကတညုတ ကတဝေဒီ ဆိုတာ ကလေးဟာလဲ ဒုလ္လဘပဲ။

လောကမှာ ဒကာ ဒကာမတွေက ဥပမာ ဘုန်းကြီးတို့ ဒကာဒကာမတွေ လူတစ်ယောက်ကို တစ်သောင်းကို သောင်း ကြည့်လိုက်တယ်၊ သောင်း ကိုးထောင် ကြည့်လိုက်တဲ့အခါ ဟိုကပြန်ပြီး ကျေးဇူးပြုတဲ့ ပုဂ္ဂိုလ်က တော်တော် ရှားသတဲ့.... (မှန်ပါဘုရား)၊ မရှားကြဘူးလား....(ရှားပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ....ဒီက သူ့ကို ကြည်ညိုတုန်းကတော့ လွယ်လွယ်ကူကူ ပေးလိုက်တယ်၊ သူက ပြန်ပေးဖို့ကျတော့ လေးလေးကန့်ကန့် ဖြစ်နေတာတွေလဲ တစ်ပုံကြီးပဲ-(မှန်လှပါ)၊ မရှိကြဘူးလား-(ရှိပါတယ်ဘုရား)။

အဲဒီတော့....ကိုယ်က ကတညုတာ ရှိငြားသော်လဲ သူက ကတဝေဒီဆိုတဲ့ ပြန်တုံ့ပြီးသကာလ ကိုယ့်အပေါ် ငဲ့လုံးရှိတဲ့ ပုဂ္ဂိုလ်လဲ ဦးခင်မေဇင် ရှားသတဲ့.... (ရှားပါတယ်ဘုရား) သဘောကျမလား-(ကျပါပြီ)။

ဒီမှာလဲ ခင်ဗျားတို့ လောကီမှာ ရှားသလို ဒီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတဲ့ စတုတ္ထ ၄-နံပါတ် အောင်မြင်လို့ ၅-နံပါတ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတော့မှ ဪ....ဒါ ဘယ်သူ့ကြောင့် ရပါလိမ့်မတုံးဆိုပြီး တရားနဲ့ ဘုရား ပူဇော်နိုင်ဖို့ အရေးဟာလဲ ကတညုတ ကတဝေဒီ ပါပဲ....(မှန်လှပါဘုရား) တရားနဲ့ ဘုရားကို ပူဇော်နိုင်ဖို့ အရေးဟာ-(ကတညုတ ကတဝေဒီပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဘောကျလိုက်တာကလဲ တရားနဲ့ပူဇော်တာ သူအကျေနပ်ဆုံး-(မှန်ပါဘုရား)၊ သဘောကျပါသလား-(ကျပါပြီ)။

ဘာနဲ့ပူဇော်တာ အကျေနပ်ဆုံးပါလိမ့်-(တရားနဲ့ပူဇော်တာ အကျေနပ်ဆုံးပါ)။ ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ ပြန်ပြီးများ ပူဇော်လိုက်တဲ့အခါ အဲ့ဒါလဲ ကတညုတ ကတဝေဒီနဲ့....

http://www.dhammadownload.com



ဆိုပြီး တိဿရဟန်းကြီးများ ဟောလိုက်တဲ့ နေရာဌာနမှာ ဒကာ ဒကာမတွေ သိလောက် ပါတယ်နော်.... (မှန်ပါ ဘုရား)၊ ဘုရားက သုံးလရှိယင် ပရိနိဗ္ဗာန် စံတော့မယ်ဆိုတော့ တိဿရဟန်းကြီးက သုံးလအစစကနေပြီး ဘုရားထံမှ ကမ္မဋ္ဌာန်း ယူပြီး တောထဲသွား ကမ္မဋ္ဌာန်း အားထုတ်တယ်၊

သွေးဝမ်းလားနေတဲ့အချိန် ဘုရားသခင် ကိုယ်တော်မြတ်ကြီးနားမှာ ရဟန်းတွေကဖြင့် တို့တောင်ကြီး ပြိုတော့မယ်၊ လက်မောင်းကြီး ပြုတ်တော့မယ်၊ ခက်ရချည့်ရဲ့ ဆိုပြီး မျက်ရည်ကြီးငယ်ကျပြီး ပြုစုနေကြတာ တစ်ပုံကြီးပေါ့ဗျာ- (မှန်လှပါဘုရား)။

အဲဒီမှာ တိဿဆိုတဲ့ ရဟန်းကြီးကို တောထဲသွားပြီး ဒီ ပြုစုတဲ့ ရဟန်းတွေက သွားခေါ်လိုက်တယ်၊ ငါ့ရှင်.... လာဦး၊ တို့တောင်ကြီးပမာ ကိုးစားရာဖြစ်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သုံးလပြည့်ယင် ပရိနိဗ္ဗာန် စံတော့မယ်၊ ယခုလဲ ဝမ်းတော်ဆွေ့လားနေပြီ....၊ဟိုက လိုက်မလာဘူး....(မှန်ပါ)၊ သုံးခါသွားခေါ်တယ် ဦးခင်မောင်....မလိုက် လာဘူး....(မှန်လှပါဘုရား)။

ဒါနဲ့....ရဟန်းတွေကလဲ ဘုရားကို သွားလျှောက်တယ်၊ 'အရှင်ဘုရား....အရှင်ဘုရား၏ တပည့် တိဿမထေရ်ဟာဖြင့် အရှင်ဘုရားမှာ ဒီလောက် ဝေဒနာကြီး ပြင်းထန်ပြီး သုံးလ ပြည့်ယင် ပရိနိဗ္ဗာန်စံတော့မည့် အရေးဟာ သေချာပြီးသား ဖြစ်တာတောင်မှ ဝေယျာဝစ္စတွေ လာမပြုဘူး၊ အတော် ဆိုးတဲ့ မထေရ်ပါဘုရား' ဆိုပြီး လျှောက်ကြတယ်။

http://www.dhammadownload.com



ဒါဖြင့်ကွာ ငါ့အမိန့်နဲ့ တိဿ သွားခေါ်ချေလို့ မိန့်တော့ ဦးခင်မောင် တောထဲမှာ တရားကျင့်နေတဲ့ တိဿ ရဟန်းကြီးကို သွားခေါ်ရတာပေါ့ဗျာ....(မှန်ပါ)။

သွားခေါ်လို့ တိဿ ရဟန်းအနား ရောက်တဲ့အခါ တိဿ ငါဘုရားသုံးလရှိယင် ပရိနိဗ္ဗာန်စံမည်ဆိုတာ မသိဘူးလားတဲ့၊ သိပါတယ် ဘုရားလို့ လျှောက်တယ်၊ ဒီတော့ ငါ့မှာဝေဒနာတွေ ပြင်းထန်နေတယ်ဆိုတာ သစ္စ မသိဘူးလား၊ ဘယ့်နှယ်ကြောင့် သင်ဝေယျာဝစ္စတွေ လာပြီးမပြုသတုံးလို့မေးတယ်။

အပည့်တော်ဘုရား....အရှင်ဘုရားဆီက တရားကို ယူထားပါတယ်၊ ဝိပဿနာတရား ယူထားပါတယ်၊ ဒီတရားတွေကို အရှင်ဘုရားရှိတုန်း အထမြောက်ချင်လို့ ဒါနဲ့ ပူဇော်မယ်လို့ ကြိုးစားနေပါတယ်ဆိုတော့ သူ့ကို သာဓုသုံးကြိမ် ခေါ်ပါတယ်.... (မှန်ပါ)၊အခုနက ရဟန်းတွေကို သာဓုမခေါ်ဘူး.... (မှန်လှပါဘုရား)။

တရားနဲ့ ပူဇော်တာကို ဘာတုံး .... (သာဓုခေါ်ပါတယ်)၊ ဝေယျာဝစ္စသမားတွေကို-(သာဓုမခေါ်ပါဘုရား)၊ပေါ်ကြပလား—(ပေါ်ပါပြီ)၊ အဲဒါကြောင့် ခင်ဗျားတို့လဲ ဘုရားကို တကယ်ကြည်ညိုတာဖြင့် အခုကြည်ညိုတာ မမှန်သေးပုါဘူး.... (မှန်ပါဘုရား)။

ကျုပ် ဘုရားကြည်ညိုပါရဲ့၊ ကျုပ်အိမ်လဲ့ လူမမာတွေ များတယ်ဆိုပြီး ဒီဘုရား အိမ်ပေါ်က ပစ်ချင် ပစ်ချဦးမှာ မှာ ခင်ဗျားတို့....(မှန်ပါ)၊ ပစ်ချနိုင်တယ်၊ မချနိုင်ဘူးလား.... (ချနိုင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဥပမာ - တစ်ယောက်သောပုဂ္ဂိုလ်ကပဲ ယုံကြည်လောက်ယင် ဒီဘုရားဟာ ဘာသားလဲ၊ ဟာ....ဘာသားဖြင့် နင်တို့အိမ်နဲ့ မတည့်ဘူး၊ဖြစ်ချင်ဖြစ်ဦးမှာ၊မဖြစ်ပေဘူးလား....(ဖြစ်နိုင်ပါတယ်ဘုရား)။

အဲ့ဒါ ဖြစ်နိုင်သေးတယ်၊ အဲဒါ တကယ်ကြည်ညိုတာမဟုတ်တော့ ခင်ဗျားတို့ ဘုရား ပြောင်း၊လိုက်ဦးမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုရားပြောတဲ့ တရားကို ခင်ဗျားတို့သန္တာန်အကုန်ရောက်ပြီးသကာလ ဘုရားကျေးဇူး အကုန်သိတော့မှ ဩော်....ဘုရားပေးတဲ့တရားနဲ့ တို့ဇရားသိရတယ်၊ ဒီတရားနဲ့ ပြန်ပြီး ပူဇော်ဘော့မယ်ဆိုမှ တရားစစ်တိရားမှန် ရောက်တော့တယ်....(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ ဒါမှ အစလသဒ္ဓါတရားဖြစ်တယ်....(မှန်ပါ့ဘုရား)။ပေါ်ကြပြီနော်-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ ဒုလ္လဘငါးပါးဟာ ဒကာဒကာမတို့ ဘယ်နှစ်ချက်လိုနေပါလိမ့်.... (နှစ်ချက်လိုနေပါတယ်)၊ နှစ်ချက်မှာလဲ ဟောဒီတစ်ချက်ဟာတော့ သူ့အလိုလိုပြီးမည့် တစ်ချက် ဖြစ်သောကြောင့် ၄-နံပါတ်အချက်သာ ပြည့်စုံအောင် လုပ်ကြပါတော့....(မှန်ပါ့ဘုရား)၊ ဘာပြည့်စုံအောင် လုပ်ရမလဲ....(၄-နံပါတ် ပြည့်စုံအောင်လုပ်ရပါမယ်ဘုရား)။

၄-နံပါတ်အချက် ပြည့်စုံအောင် လုပ်ကြပါဆိုတော့ ၄-နံပါတ်ဆိုတာ ဘာနဲ့ဘာ ကိုက်ရအောင် လုပ်ရမှာတုံး....

http://www.dhammadownload.com



(အပျက်နဲ့ မင်္ဂကိုက်အောင်လုပ်ရမှာပါ)၊ မှတ်ထားပါ၊ မှတ်ထားပါ၊ ဝိပဿနာအလုပ်ဆိုတာ ဒီတစ်လုံးဟာ လိုရင်းပဲ.... (မှန်ပါဘုရား)။

ဒီဘဂ်ဆာဒူဂနတွေ ဝိပဿနာ အလုပ်ဆိုတာ ဘာနဲ့ဘာကိုက်ဖို့အရေးကြီးပါသလဲ.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဖို့အရေးကြီးပါတယ်)၊အပျက်နဲ့ မဂ်နဲ့ ကိုက်ဖို့အရေးကြီးတယ်-(မှန်ပါဘုရား)၊ အပျက်နဲ့ မဂ်ကိုက်ဖို့ အရေးကြီးတယ် ဆိုတော့ အဝေးကိုက်လား၊ အနီးကိုက်လား....(အနီးကိုက်ပါဘုရား)။

တစ်ခါတည်း ဒီကြားထဲ ကိလေသာကြားမခိုဘဲနဲ့ ကိုက်သွားယင်ဖြင့် ညနေအားတုတ်ယင်ဘာတဲ့....(နံနက်ရပါတယ်)။ နံနက်မှစ၍ အားထုတ်ယင်....(ညနေရပါတယ်ဘုရား)၊

ဪ....ဒါဖြင့် ကိလေသာ ကြားမခိုယင် ဦးခင်မောင်.... တယ်မြန်ပါကလား.... (မှန်လှပါဘုရား)၊ဒါဖြင့်ဦးခင်မောင်၊ အားထုတ်နေတာ ခုဆရာဘုန်းကြီးနဲ့တွေ့တာဒလဲ ၃-၄နှစ် ရှိနေပြီ၊ တယ်နှယ်များ ဖြစ်ခနဲသတုံးလို့မေးယင် မပြောပါနဲ့တော့ဘုရား....(ကိလေသာ ကြားခိုလို့ပါဘုရား)၊ ကိလေသာကြားခိုလို့... (မှန်ပါ)။ဒဏာဒကာမတွေ ရိပ်မိပလား-(မှန်ပါဘုရား)။

အဲဒီတော့ ပါရမီဆိုကြမလား၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ....(ကိလေသာကြားခိုလို့ပါဘုရား)၊ ပါရမီနဲ့ဘာမှမဆိုင်ဘူး....(မဆိုင်ပါဘုရား)။

http://www.dhammadownload.com



ပါရမီက ၁-ပြည့်စုံရဲ့လား....(ပြည့်စုံပါတယ်)၊ ၂-ပြည့်စုံရဲ့လား....(ပြည့်စုံပါတယ်ဘုရား)၊ ၃-ပြည့်စုံရဲ့လား....(ပြည့်စုံပါတယ်ဘုရား)။

ဟာ....ပါရမီရှိသားပဲဒကာဒကာမတွေ မလိုတော့ပါဘူး....(မလိုပါဘုရား)၊ ကိုယ်တိုင်လုပ်ရမည့် နေရာမှာ လျော့ဘော်တော်ဖြစ်နေတယ်....(မှန်ပါဘုရား)၊ဘယ်လိုများ လျော့နေပါလိမ့်မတုံး မေးတော့မှ .... (ကိလေသာ ကြားခိုနေပါတယ်ဘုရား)။

မဟုတ်ပါဘူး၊ ခင်ဗျားတို့ ကိလေသာက ဒီ့ပြင်နေရာ ကြားခိုယင်ခိုပါ၊ ဒီနေရာတော့ မခိုပါစေနဲ့....(မှန်ပါဘုရား)။ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီ့ပြင်နေရာ ကြားခိုတာတော့ ကိစ္စမရှိပါဘူး၊ထမင်းစားနေတုန်းပဲ ဆေးလိပ်သောက်ချင်တယ်၊ ဩော်....ထမင်းစားနေတုန်းပဲ ဆေးလိပ်သောက်ချင်တဲ့ ကိလေသာကကြားဝင်ခိုသိုက်သေးတယ်....(မှန်ပါဘုရား)၊ ခိုချင်ခိုပါ၊ကိလေသာတောထနေတဲ့အထဲမှာ ကိလေသာအပင် ပြန့်ပေါက်တာ အရေးမကြီးပါဘူး-(မှန်ပါ)၊သန်းခေါင်အပြင် ညဥ့်မနက်ဘူးဆိုကြပါစို့ဗျာ-(မှန်ပါဘုရား)။

အပါယ်သွားရုံမှတစ်ပါး ဒီ့ပြင်ဘာမှမရှိပါဘူး....(မှန်ပါ)၊ တကယ့်နေရာ အပါယ်တားဖြစ်နေတဲ့နေရာမယ် အပါယ်သွားဖို့ရာလို့လုစိုက်နေတဲ့ နေရာမယ် သူက ကြားသာခိုတော့ ဦးခင်မောင်နေလိုက်တာ၊မနေဘူးလား-(နေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ ကိလေသာ ရန်သူဟာ မာရ်နတ်ဆိုတာ ပေါ်ကြလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က ကိလေသာ ရန်သူကို မာရ်နတ်လို့ ထင်နေတဲ့ အခါကျတော့ ဖြုန်းဆို တရားထိုင်ပြီ ဆိုမှဖြင့် ခေါင်းကိုက်သလို လည်နာသလို ရစ်နာသလို ကျုပ်ကို မာရ်နတ်က ဖျက်တယ်....(မှန်ပါဘုရား)။

ဘယ်မာရ်နတ်က ဖျက်ရတုံး ဒကာ ဒကာမတို့၊ ခေါင်းကိုက်တယ်ဆို ခေါင်းကိုက်တဲ့ ဝေဒနာ ရှိပါလား....(မှန်ပါ)၊ လည်နာရင်ကော....(လည်နာတဲ့ ဝေဒနာ ရှိရပါမယ်ဘုရား)။

အခုက အရှုခံသာတာကို ခင်ဗျားတို့က မာရ်နတ်ဖျက်လို့ ကျုပ်တို့တော့ဖြင့် ဒီဘဝ ပါရမီမရှိပါဘူးဆိုပြီး နောက်ထိုင်ယင် သွားရော့ပေါ့ဗျာ....(မှန်ပါ)၊ မသွားသေးဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒီလောက် ကျအောင် ခင်ဗျားတို့ကလဲ အရုပ်ဆိုးနေတော့ ဟိုကဲ အရှုခံလာတာ....(မှန်ပါ)၊ ဘယ်လိုဆိုကြမယ်-(အရှုခံလာတာပါဘုရား)။

ခေါင်းကိုက်တာ လာတာလဲ့ နဂိုက ခေါင်းမကိုက်ဘူး၊ တရားထိုင်ခါနီးမှ ဟိုကစစ်စစ် ဒီကစစ်စစ် ခေါင်းကခဏ နည်းနည်းကိုက်လာတော့ ဦးခင်မောင် ဒါ.... အပျက်လာတာလား-အရှုခံလာတာလား .... (အရှုခံလာတာပါဘုရား)။

ဦးခင်မောင်တို့ စိတ်ထဲမှာ ဘယ့်နှယ်ဖြစ်နေသလဲ- (အပျက်လာတယ်ထင်နေပါတယ်)၊ အို....နဂိုက ပျင်းပျင်းနဲ့ အပျက်နဲ့

http://www.dhammadownload.com



တော့ တွေ့နေပေါ့ဗျာ....နောက်ထိုင်ဖို့ သေချာပြီ.... (မှန်ပါ ဘုရား)။

နောက်ထိုင်ဖို့ အတော် သေချာနေပြီ၊ အဲဒါ ယနေ့က စပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားလုံးပဲမှတ်ပါ။ အဖျက်တစ်ခုမှ မပါဘူး....(မှန်ပါဘုရား)။

ခင်ဗျားတို့ ရှုတတ်ဖို့ ဟေဝိ ပဿိဓောာ....ကျုပ်ကို ရှုပါ၊ ဟေဝိ=လာလော့၊ ပဿ=ကျုပ် ခေါင်းကိုက်နေတဲ့ ဝေဒနာ ကလေးရှုပါလို့ သူကခေါ်တာ-(မှန်လှပါဘုရား)၊ရှင်းပလား (ရှင်းပါပြီဘုရား)၊ သူက အာတုံး.... ဟေဝိ ပဿိကော.... (မှန်ပါဘုရား)။

ဟေဝိပဿိကောဆိုတာ ဘာပါလိမ့်....(လာပါ ရှုပါလို့ ခေါ်တာပါ)၊ လာပါ ရှုပါ....(မှန်ပါဘုရား)။

ဘယ်သူက ခေါ်ပါလိမ့် ဒကာဒကာမတို့.... (ဝေဒနာတွေက ခေါ်ပါတယ်)၊ ခေါင်းကိုက်တဲ့ ဝေဒနာကလေးက ခေါ်နေတယ်-(မှန်လှပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က မသွားချင်ဘူး၊ ခပ်ပျင်းပျင်းကလေး ဖြစ်ပြီးသကာလ မင်္ဂပေါ်မှာစိုးတာနဲ့ ခင်ဗျားတို့က အင်း.... ဟင်....ဒီနေ့တော့ဖြင့် ကျုပ်ကံက ဒီလောကပဲ ထင်ပါရဲ့ အရေးကြုံလာယင် တကယ့်သူတော်ကောင်းအလုပ်-လုပ်မယ် ဆိုယင် မာရ်နတ်က ဝင်လာတယ်၊ နဂိုက ခပ်ပျင်းပျင်းနဲ့မို့ ပြေးတော့မလို့....(မှန်ပါ)၊

ခပ်ပျင်းပျင်းနဲ့ ပြေးတော့မလို့ ဆိုတဲ့အလုပ်ကို ဖန်ဆင်း တယ်....(မှန်ပါဘုရား)၊ နောက်ဆုံးပိတ် တစ်နေ့ကျ လို့ရှိယင်

http://www.dhammadownload.com



ဆေးကလေး ဘာကလေး သောက်လိုက်ဦးမယ်၊ နက်ဖြန်မှပဲ ဆိုတော့ နက်ဖြန်ကနေ သန်ဘက် ရောက်သေ့တာပဲ၊ ဘယ်တော့မှ မလုပ်ဖြစ်တော့ဘူး....(မှန်လှပါ)၊အင်မတန် မဆိုးရွားဘူးလား....(ဆိုးရွားပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဟေိပဿိကောကိုလဲ့ မမေ့ပါနဲ့.-(မှန်ပါ့ဘုရား)၊ ဘာမမေ့ပါနဲ့လဲ....(ဟေိပဿိကောကို မမေ့ပါနဲ့ဘုရား)။

ဟေိက ဘာတဲ့....(လာပါတဲ့)၊ပဿိကက(ရှုပါတဲ့)၊ကဲ.... သူက ခေါ်တယ်ဗျာ....(မှန်ပါ)၊ မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ခင်ဗျားတို့ရဲ့ ညကြမ်းပိုးကိုက်တဲ့အခါကျတော့ ညဥ့်ခမှာင်ထဲတောင် ရအောင်ဖမ်းနိုင်သေးတယ်....(မှန်ပါ့ဘုရား)။

ဟေိပဿိကောကိုး၊ သူကလဲ ခေါ်ဆကိုးဗျ၊ ရအောင်ဖမ်းနိုင်သေးတယ်ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

ဒီထိအောင် မလိုက်ဘူးဆိုတော့ အတော် ခက်နေတာ....(မှန်ပါ)၊ ဒါကို ရအောင်ဖမ်းပါလား၊ ဒီအပျက်ကိုမိအောင်ဖမ်းလိုက်ပါလား....(မှန်ပါ)၊ မရဘူးလား .... (ရပါတယ်ဘုရား)။

အဲ....ရထိုက်ရဲ့သားနဲ့ မရတာ ခင်ဗျားတို့ဟာက ကြောင့်.... ဟေိပဿိကောကိုပဲ ရွတ်သာနေတာ သဘောကျပုံ မရပါဘူး၊-(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကဲ.... ဒကာသစ် ဘယ့်နှယ်တုံး.... (သဘောကျပုံမရပါ)၊ သဘောကျပုံ မရဘူး၊ ရှင်းကြပလား ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား)။

နောက်တော့ နာယင်နာတဲ့နေရာ ဘယ်လို ခင်ဗျားတို့ လုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ယားယင်....(ယားယင်လဲ ဖြစ်ပျက် ရှုရမှာပါ ဘုရား)၊ စိတ်ကလေးတွေက ပျက်ပျက်သွားယင်-(ဖြစ်ပျက်ရှုရပါမယ်)၊

ပျက်ပျက်သွားတဲ့နောက်ကို နောက်ကနေ မင်္ဂလိုက်ပေး.... (မှန်ပါ့ဘုရား)၊ ရှုတဲ့ဉာဏ်ကလေး လိုက်-လိုက်ပေးတဲ့အခါ ကျတော့ ကြာတော့ကို ဒကာဒကာမတို့ နဂိုက အပျက်ခန္ဓာ ကိုယ်ကြီးမို့ တစ်ကိုယ်လုံးမှာ ဘင်္ဂဉာဏ် အပျက်ချည်း လာ တော့မှာပဲ၊ ခင်ဗျားတို့က မကြည့်ရတော့ဘူး၊ အပျက် စတွေ့ တယ်ဆိုကတည်းက ထိသွားမှာပဲ....(မှန်ပါ့ဘုရား)၊မထိသေး ဘူးလား....(ထိပါတယ်ဘုရား)၊

ပထမတော့ ခပ်ကျဲကျဲ လာလိမ့်မယ်....(မှန်ပါ့)၊ နောက် ရှုပါများလာတော့ .... (ထိလာပါတယ်)၊ အဲ....ထိလာတော့ အပျက်တွေ အကုန်သိလာလို့ရှိယင်ဖြင့် အပျက်တွေ မမုန်းပေ ဘူးလား....(မုန်းပါတယ်ဘုရား)၊

မုန်းရုံတင်မကဘူး၊ ဒကာ ဒကာမတွေ နောက်ကျတော့ ဒီအပျက်ကြီးဖြင့် အဖီး-ဟင်-ဇာတ်သိမ်းချင်ပါပြီဆိုတာမလာ ပေဘူးလား,....(လာပါတယ်ဘုရား)။

အဲ....ဇာတ်သိမ်းချင်ပါပြီဆိုယင် ဒီအပျက်တွေဟာ အကုန် ချုပ်သွားမယ်....(မှန်ပါ့ဘုရား)၊

http://www.dhammadownload.com



ဒီအပျက်တွေ အကုန်ချုပ်သွားဘော့ဖြင့် ဝဋ်ကျွတ်ပေါ့ဆို တဲ့ ဉာဏ်ဟာ နောက်ကမလာဘူးလာ- (လာပါတယ်ဘုရား)။

ရှေ့က ဝိပါကဝဋ် ကျွတ်သွားတယ်-(မှန်ပါ့ဘုရား)၊ ရှေ့က ဘာကျွတ်သွားပါလိမ့်-(ဝိပါကဝဋ်ကျွတ်သွားပါတယ်)။

အဲ....ဝိပါကဝဋ်ကျွတ်သွားတာ နိဗ္ဗာန်ပဲ-(မှန်လှပါဘုရား)။ သဘောပါလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဘယ်နံပါတ်သည် ကိုယ့် အရေးပါလိမ့်....(၄-နံပါတ်ဟာ ကိုယ့်အရေးပါဘုရား)၊

၁-၂-၃ သည် ဆုတောင်းအရေး.... (မှန်ပါ့ဘုရား)၊ ၄-သည် ကိုယ်တိုင်လုပ်ရမည့်အရေး- (မှန်လှပါဘုရား)၊ ၅- သည်ကားလို့ဆိုယင် အထမြောက်တဲ့အတွက် ဒကာ ဒကာမတို့ ဘုရားမပြောင်း၊ တရားမပြောင်းတာ ဖြစ်သွားတယ်-(မှန်ပါ ဘုရား)။

ကဘာညတ ကတဝေဒီဆိုတာနေ့-(မှန်ပါ့ဘုရား)၊ ဘုရား တရား ပြောင်းသေးရဲ့လား.... အဲဒီကျတော့ (မပြောင်းပါ ဘုရား)။

အခုအချိန်မှာတော့ ဒကာ ဒကာမတွေ ပြောင်းလိမ့်ဦး မယ်နော်- (မှန်ပါ့ဘုရား)၊ ဘုရားပြောင်း တရားပြောင်း အကုန် ပြောင်းလိမ့်ဦးမယ် မမြဲသေးဘူး ...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ၄-အထမြောက်အောင် လုပ်ပါဆိုတာကို လေးစားစွာနဲ့ သတိပေးလိုက်ပါတယ်.... (မှန်လှပါဘုရား) သဘောပါပလား-(ပါပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဝိပဿနာအလုပ်သက်သက်ကို ဟောကြစို့၊ ဒါက တိုက်တွန်းရင်းဟောတဲ့ ဝိပဿနာ....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သတ္တဝါအစ အဝိဇ္ဇာတဏှာက "အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော၊ အဝိဇ္ဇာ နီဝရဏာနံ တဏှာသံယောဇနာနံ" ဆိုတဲ့အတိုင်း အဝိဇ္ဇာနဲ့ တဏှာကြောင့် ခန္ဓာငါးပါး မဖြစ်ဘူးလား–(ဖြစ်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ အဝိဇ္ဇာနဲ့ တဏှာကြောင့် ဘာဖြစ်သတုံး–(ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)၊ မရှုတဲ့ပုဂ္ဂိုလ်များမှာ၊ မဂ္ဂဗြဟ္မစရိယ အကျင့် မကျင့်တဲ့ လူမိုက်များကျတော့ ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်နေပါတယ်လို့ သိရဲ့လား (မသိပါဘုရား)။

မသိတာက အဝိဇ္ဇာ၊ ဖြစ်ပျက်မှန်းမသိတဲ့ အခါကျတော့ သူပဲ ကျန်းမာဖို့ ကျုပ်ခမတ္တာပို့ပြီးသကာလ သူ့အားကိုးနေရတယ်ဆိုတော့ ဒိဋ္ဌိ-တဏှာ မလာဘူးလား.... (လာပါတယ်ဘုရား)။

လာတော့ ခန္ဓာနောက်က လူမိုက်ကျတော့ အဝိဇ္ဇာနဲ့ တဏှာ ပြန်လိုက်တယ်–(မှန်ပါဘုရား)၊အဝိဇ္ဇာ တဏှာကြောင့်လဲ ဖြစ်သေးရဲ့-(မှန်လှပါဘုရား)၊ သူ့နောက်က တစ်ခါ ဘာပြန်လိုက်သတုံး.... (အဝိဇ္ဇာနဲ့ တဏှာ ပြန်လိုက်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီ အဝိဇ္ဇာနဲ့ တဏှာကလဲ ဒီ အဝိဇ္ဇာ တဏှာတွေနဲ့ ဒီခန္ဓာ မလုပ်ဘူးလား–(လုပ်ပါတယ်ဘုရား)။

အဲ....လုပ်လို့ရှိယင်ဖြင့် ဒါဘယ်သူ့အလုပ်လို့ ဆိုကြမတုံး.... (လူမိုက်တွေအလုပ်ပါဘုရား)၊ သြော်....လူမိုက်တွေဟာ ဒုက္ခကလာပြီးသကာလ အဝိဇ္ဇာ တဏှာကလာပြီး အဝိဇ္ဇာ တဏှာပဲ ပြန်ခေါက်သွားတယ်–(မှန်ပါ)။

http://www.dhammadownload.com



အဝိဇ္ဇာတဏှာကြောင့် ခန္ဓာရတယ်- (မှန်ပါဘုရား)၊ ဒီ အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာရပြီး အဝိဇ္ဇာတဏှာနဲ့ ပြန်ဖြစ် သောကြောင့် အနာဂတ်ခန္ဓာတွေ အယ်နှယ် နေသတုံး.... (ရပါတယ်ဘုရား)။

ဪ....လူမိုက်သည်အား....လို့ဆိုယင် ဟောဒီနေရာမယ် မဂ္ဂဖြပ္ပစ္စရိယအကျင့်ကို ကျင့်ရမယ် (မှန်ပါဘုရား)။

ဒီနေရာမယ် အပျက်နဲ့မဂ်နဲ့ ကိုက်ရမယ်ဆိုတာ ဗီလိုနေရာ၊ သဘောကျကြပလား....(ကျပါပြီဘုရား)။

အပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်ဆိုတာသည် ဒကာဒကာမတို့ သုံးနေရာနဲ့နော်-(မှန်ပါဘုရား)၊တစ်-နှစ်-သုံး ပေါ်ကြပလှား (ပေါ်ပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတွေ ဒီအတိုင်းသွားကြဘော့ မလား၊ မဂ္ဂဖြပ္ပစ္စရိယ အကျင့် ကူကြတော့မလား - (မဂ္ဂဖြပ္ပ စရိယအကျင့် ကူပါမယ်ဘုရား)။

လူသာခုခေါ် နတ်သာခုခေါ် ဖြစ်အောင်လဲ ပြောမနေနဲ့ နော်....ကိုယ့်ကိုယ်ကို သာခုခေါ်နိုင်အောင်လုပ်ပါ....(မှန်ပါ ဘုရား)။

လူသာခုခေါ် နတ်သာခုခေါ် ဆိုတာကတော့ အမည် ကြည့်ပြီး ခေါ်ချင်ခေါ်တာ—(မှန်ပါဘုရား)၊ အဝတ်ကလေး နီနီဝတ် တဘက်ကလေးတင်ပြီး သွားယင် ဪ...သာခု.... သာခု တရားနာသွားတယ် သူတို့၊ ဒါပေမယ့် သူတို့ဝမ်းထဲ မှာ ကိလေသာတောထချွင် ထလှာတာ မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီ လူသာခုခေါ် နတ်သာခုခေါ်ကိုတော့ ခင်ဗျားတို့ အလိုမရှိနဲ့၊ ကိုယ့်ကိုယ်ကို သာခုခေါ်နိုင်အောင် လုပ်စမ်းပါ (မှန်ပါ့ဘုရား)၊ ရှင်းပလား–(ရှင်းပါပြီဘုရား)။

ဒါဖြင့် လူသာခုခေါ် နတ်သာခုခေါ်ကို သဘောကျ သလား၊ ကိုယ့်ကိုယ်ကို သာခုခေါ်ဖို့ရာ အရေးကြီးသလား.... (ကိုယ့်ကိုယ်ကို သာခုခေါ်ဖို့ရာ အရေးကြီးပါတယ် ဘုရား)။

ဩော်...ကိုယ့်ကိုလေသာငြိမ်းလို့ နေရာကျပြီ၊ တော်တော် သေးရဲ့၊ ကိုယ့်ကိုယ်ကိုသာ သာခုခေါ်နိုင်အောင် လုပ်စမ်းပါ– (မှန်ပါ့ဘုရား)၊ ရှင်းပလား–(ရှင်းပါပြီဘုရား)။

သူများ သာခုခေါ်ဖို့ကျတော့ ရေအိုးစင်တည်ခေါ်တယ် ခင်ဗျားတို့ကို စိတ်သာချ– (မှန်ပါ့)၊ မခေါ်ဘူးလား... ခေါ် သလား....(ခေါ်ပါတယ်ဘုရား)။

ရေအိုးစင်သာခေါ်တာကိုးဗျ၊ ခင်ဗျားတို့က နောက်ဘဝ ရေလိုအေးပြီး ပန်းလိုလန်းပါစေ....ဆိုတော့ သွားရောပေါ့– (မှန်ပါ့)၊ မသွားသေးဘူးလား–(သွားပါတယ်ဘုရား)။

ရေလိုအေးပြီး ပန်းလိုလန်းပါစေ ဆိုတော့ လှပါရစေ ပ–ပါရစေ ဆိုတဲ့အဓိပ္ပာယ် ပြန်ရောက်တယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာသစ္စာ ပြန်တောင်းသလဲ.... (ဒုက္ခသစ္စာ ပြန်တောင်းပါတယ်ဘုရား)။

ဒုက္ခသစ္စာ ပြန်တောင်းတာကို သူကတော့ ဒုက္ခသစ္စာပြန် တောင်းနေတယ်၊ဘေးပုဂ္ဂိုလ်က အင်း–သာခု သာခု ဆိုတော့ အင်း... တန့်လန့်ကြီး ဒီအဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါ့

http://www.dhammadownload.com



တယ်ဘုရား)။ အဓိမတန် ဆိုးမနေဘူးလား၊ .... (ဆိုးပါတယ် ဘုရား)၊

ကဲ...ဒါဖြင့် ဒကာဒကာမတို့ ခေါ်တဲ့ ပုဂ္ဂိုလ်မှာတော့ဖြင့် သူ့မှာအပြစ်မရှိဘူး၊ ခံရတဲ့ပုဂ္ဂိုလ်ကာ အတော် လွဲနေတယ်.... (မှန်ပါဘုရား)၊မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

ဒုက္ခရှိလျက်နဲ့ ဒုက္ခရှာတယ်၊ ရှင်းပလား....(မှန်ပါဘုရား)။ ခန္ဓာကြီးက အခုရေအိုးစင်တည်တဲ့ခန္ဓာကဘာသစ္စာလဲ....(ဒုက္ခ သစ္စာပါဘုရား)၊ နောက်ရမှာကော....(ဒုက္ခသစ္စာပါဘုရား)။

အို-ဒါဖြင့်ဒုက္ခရှာတာ ဒီနိဗ္ဗာန်ရှာလို့ရှိယင် ဘယ်လောက်ပဲ ရှာရှာ အင်မတန်ကောင်းတယ်–(မှန်ပါဘုရား)၊ခုတော့ ဒုက္ခ ရှိလျက်နဲ့ ဒုက္ခရှာနေတော့ ဒကာဒကာမတို့ မျက်စိလည်သွား တယ်·(မှန်ပါဘုရား)၊မလည်ဘူးလား·(လည်ပါတယ်ဘုရား)။

အဲဒီလို မလည်ကြပါနဲ့၊ နေ့စဉ်လူဒါန်းပေးတာမီးပါ၊ ဒုက္ခ ဝဋ်မှ ကျွတ်ရပါလို၏လို့ ဆုတောင်းပါ၊ ဒီဒုက္ခမလာအောင်– (မှန်ပါဘုရား)၊ရိုပ်မိပလား·(ရိပ်မိပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့၊ ဝိပဿနာအလုပ်ကို လုပ်ကြ ပါစို့ ဆိုတော့ ဒီအထဲမှာ ခန္ဓာငါးပါးရှိတယ်နော်·(မှန်ပါ)။ ခန္ဓာငါးပါးဟာ ချုံးလိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ သိတဲ့အတိုင်း ရုပ်နာမ်ပဲရှိတယ်....(မှန်ပါဘုရား)။ ဒီထက်ချုံး လိုက်တဲ့အခါကျတော့ ဖြစ်ပျက်ပဲရှိတော့တယ်.... (မှန်ပါ ဘုရား)၊ ဒီ့ထက်ချုံးလိုက်တဲ့အခါ .... (အပျက်ပဲရှိပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီအထဲက အပျက်မီအောင် ရှုနိုင်လို့ရှိယင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဖြစ်တော့ကိုတဲ့-မနေ့က ဝေဒနာမဆုံးလို့ခန္ဓာငါးပါးထဲမှာ ဝေဒနာတစ်ပါးတည်းမဟုတ်ဘူး၊ ဝေဒနာသည်ကားလို့ဆိုလို့ရှိယင် ဒကာဒကာမတို့ဖြန့်ကြည့်ယင် သုံးခု ရှိမှာပဲ....(မှန်ပါ့)၊ ဒီ့ထက် ဖြန့်လို့ရှိယင်လဲ ငါးခုရှိမှာပေါ့ဗျာ၊ မရှိပေဘူးလား-(ရှိပါတယ်ဘုရား)။

သုခဝေဒနာ၊ဒုက္ခဝေဒနာ၊သောမနဿဝေဒနာ၊ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာ ဘယ်နှစ်မျိုး ရှိပါလိမ့်မယ်....(ငါးမျိုးရှိပါတယ်ဘုရား)။

အဲဒီငါးမျိုးရှိတော့ သူ့နေရာနဲ့ သူလဲ ဒကာ ဒကာမတွေ ဟောပြီး ပြောပြီးဘွဲ့ဖြစ်နေဘော့ အချိန်ဘွဲ့လဲ ကုန်သွားမှာစိုးတဲ့အတွက် ဒကာဒကာမဘို ဒီဝေဒနာတွေသည် ဘာတရားတွေတုံးဆိုတာရှုဘတ်အောင်ဘုန်းကြီးရှင်းပြမယ်နော်....(မှန်ပါ့ဘုရား)၊

ဒီဝေဒနာတွေဟာ ဘာတရားတွေတုံးဆိုတော့ ခင်ဗျားတို့ကတော့ဖြင့် သြော်....သောမနဿဝေဒနာဆိုယင်လဲ ခင်ဗျားတို့ကပြုံးနေရယင် တယ်ကျေနပ်ဘာပေါ့....(မှန်လှပါဘုရား)။ သုခဝေဒနာဆိုလို့ ချမ်းသာလို့ရှိယင်ဖြင့် ခင်ဗျားတို့က အင်း-ဒီလိုချမ်းသာကလေးနဲ့ နေရလို့ ဘော်ပဲ ဘော်သေးရဲ့ဆိုပြီး သုခမဲ ဦးခင်မောင်တို့ကသဘောကျမှာဖွဲ့-(ကျပါဘယ်ဘုရား)။

သောမနဿ တစ်အိမ်လုံး ပြုံးနေတဲ့ အခါမျိုးဘော....(သဘောကျပါတယ်ဘုရား)၊ အင်း....မသိသေးတော့သဘော

http://www.dhammadownload.com



ကျတယ်....(ကျပါတယ်)။ သိတော့ သေသေချာချာ ကြည့်ပါ တဲ့ ဒကာဒကာမတို့ နော်။

ရှာမ ရဟန်းက မေးလိုက်တယ်၊ သံယုတ်ပါဠိတော်မှာ ရာမသံယုတ်ဆိုတာရှိတယ်....(မှန်ပါဘုရား)၊ မာရောမာရောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ ဘန္တေ မာရောတိ ဝုစ္စတိ။

သူသတ်ယောကျ်ား၊ သူသတ်ယောကျ်ားဆိုတာ အရှင်ဘုရားတပည့်တော်မသိလို့ သူသတ်ယောကျ်ားဆိုတာ အမိန့်ရှိပါအရှင်ဘုရား၊ ရာမ ရဟန်းက မေးတယ်....(မှန်ပါဘုရား)။

ဘုရားကဖြေလိုက်တယ်၊ဘုရားက ဖြေပြီ၊ ဒကာဒကာမတို့၊ ဝေဒနာ မာရော၊ ဝေဒနာ = ဝေဒနာသည်၊ မာရော = သူသတ်ယောကျ်ားကွ....(မှန်ပါ)၊

ဟော....ခင်ဗျားတို့ထဲမှာရှိတဲ့ ဝေဒနက္ခန္ဓာဟာ ဘာပါလိမ့်....(သူသတ်ယောကျ်ားပါဘုရား)၊ ပေါ်ပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့မှာရှိတဲ့ဝေဒနာဟာ ဘယ်ဝေဒနာမဆို သူသတ်ယောကျ်ားချည်း မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

မယုံယင် ဘယ်မသာသည်ကားဆိုလို့ရှိယင် ဒကာဒကာမတွေ ဘယ်မသာသွားမေးမေးဒကာဒကာမတို့ ဘာဝေဒနာတုံး မေးရမှာကောနော်....(မှန်ပါဘုရား)။ မမေးရဘူးလား(....မေးရပါတယ်ဘုရား)။

မသာတွေကို ခင်ဗျားတို့ ပို့ဖူးပါတယ်၊ စုံပါရော့မယ်....(မှန်ပါဘုရား)၊ စုံဖူးတဲ့အခါကျလို့ရှိယင် ဟိုလူလက်တို့၊ ဒီလူလက်တို့ပြီး ဒီမသာဟာ ဘာမသာတုံးဗျမေးခဲ့သော် ခင်ဗျား

http://www.dhammadownload.com



**တို့အ ယောကျ်ား-မိန်းမလို့ ထင်နေမယ်၊ စင်စစ်တော့ မဟုတ်ဘူး၊** ဝေဒနာသတ်လိုက်တဲ့မသာ....(မှန်ပါ့ဘုရား)။

ယောကျ်ား မသာ၊မိန်းမ-မသာမရှိဘူး၊ ဘာပါလိမ့်မယ်.... (ဝေဒနာသတ်လိုက်တဲ့ မသာပါ ဘုရား)။ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်ဝေဒနာ သတ်လိုက်တာတုံးလို့ ခင်ဗျားတို့ မေးတဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့၊ ဝေဒနာဟာ သတ်နိုင်တဲ့ ဝေဒနာချည်းလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

အစာလွန်ပြီး မေ့သွားတယ်၊ စားလို့ကောင်းတာနဲ့ စားလိုက်တာ .... (မှန်ပါ)၊ သုခဝေဒနာ သတ်ချလိုက်တာပဲ.... (မှန်ပါ့ဘုရား)။

အစားလွန်လို့ သေသွားတယ်ဆိုတော့ သုခဝေဒနာသတ်ချလိုက်တာ....(မှန်ပါ့ဘုရား)။ သဘောကျပလား—(ကျပါပြီ)၊ အစားမှားလို့ သေသွားတယ်ဆိုလို့ရှိယင်ဖြင့် ဒကာဒကာမတို့ စားမိစားရာ တစ်ခါတည်း ဘာမှမပါဘဲနဲ့ စားတယ်ဆိုလို့ ရှိယင်ဖြင့် ဒေါမနဿနဲ့စားလိုက်တဲ့အတွက် ဒေါမနဿဝေဒနာ သတ်လိုက်တာကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အို-မသိလို့စားလို့သေတယ်၊ မသိဘဲနဲ့ သူ့ဟာစားလိုက်တာ၊ ဒါကြောင့် သေသွားတယ် ဆိုတော့ မသိတော့ ဒကာဒကာမတို့ ဥပေက္ခာဝေဒနာ....(မှန်ပါ)။ ဥပေက္ခာဝေဒနာ သတ်ချလိုက်တာ... (မှန်ပါ့ဘုရား)၊ဒါဖြင့်ဝေဒနာသုံးပါးလုံး ဘယ်နှယ်ဆိုကြမလဲ....(သူသတ်ယောကျ်ားပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတွေ ဒီဝေဒနာက္ခန္ဓာကြီးနဲ့ ခင်ဗျားတို့ နတ်ပြည်သွားလဲ သေပါလိမ့်ဦးမယ်-(မှန်ပါဘုရား)၊ သေဘာကျပလား....(ကျပါပြီ)၊ ဗြဟ္မာ့ပြည်သွားလဲ.... (သေမှာပါပဲဘုရား)၊

ဘာကြောင့်တုံး ... (ဝေဒနာကြောင့်ပါ)၊ ဝေဒနာတွေပါသွားတယ်၊ ဝေဒနာတွေက ဘာတွေပါလိမ့်.... (သူ့သတ်ယောကျ်ားတွေပါဘုရား)။

ဩော်....ခင်ဗျားတို့ခက်ပြီ....(မှန်ပါ)၊ ဒကာဒကာမတွေ သေသေချာချာ တွေးပါ၊ ဒီဝေဒနာက္ခန္ဓာကြီးကလဲ နေ့ရစ်မှာလား....(မနေရစ်ပါဘုရား)။

နို့....ဘာလုပ်ဖို့ လိုက်ပါလိမ့် သူက-(သတ်မလို့ပါဘုရား)၊ သတ်မလို့ လိုက်တာ-(မှန်ပါ)၊ အမယ်လေး ဒကာဒကာမတို့ 'ဝေဒနာ မာရော'ဆိုတာ ဝေဒနာ=ဝေဒနာသည်၊ မာရော=သူသတ်ယောကျ်ားတည်း....(မှန်ပါဘုရား)၊

ဒကာ ဒကာမတွေကလဲ ဝေဒနာသုံးပါး ဘယ်ဝေဒနာသည်ကားလို့ဆိုယင် ခင်ဗျားတို့ မေတ္တာ ပို့နေတာ ဘာဝေဒနာတုံးမေးယင် ဘယ့်နှယ်ပြောကြမယ်၊ပါရဲ့လား-(မပါ-ပါ)။

သုခဝေဒနာကလဲ အစားလွန်ပြီးသကာလ သတ်ဖို့ သူ့စိတ်ကူးနေတယ်-(မှန်ပါ)၊ ဝမ်းမြောက် ဝမ်းသာနဲ့ သေစေချင်တယ်-(မှန်ပါ)၊ ဝမ်းမြောက်ဝမ်းသာနဲ့ သတ်တာ မရှိဘူးလား-(ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



သုခဝေဒနာကလဲ ပြုံးပြုံးသတ်တာ-(မှန်ပါ)၊ ဒုက္ခဝေဒနာကတော့ မျက်နှာထားနဲ့သတ်တာ-(မှန်ပါ)၊ ဥပေက္ခာဝေဒနာကတော့ ဘိန်းစားများ သတ်သလိုပေါ့ဗျာ-(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ ဥပေက္ခာ ဝေဒနာကတော့ဖြင့် မသိလို့ အသတ်ခံလိုက်ရတာ-(မှန်ပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီ)၊ ဒါဖြင့် ဝေဒနာသုံးမျိုးကို ဒကာဒကာမတွေက ဘာတွေလို့ ဆိုကြပါမလဲ....(သူသတ်ယောက်ျားတွေပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ယခု ခန္ဓာကိုယ်ထဲမှာ ဘာတွေနဲ့ နေကြပါလိမ့်....(သူသတ်ယောက်ျားတွေနဲ့ နေတာပါဘုရား)၊ ဝေဒနာတွေနဲ့ နေကြသပေါ့ဗျာ....(မှန်ပါ)။

ဝေဒနာတွေနဲ့ နေကြတဲ့အခါကျတော့ ဒီဝေဒနာတွေက ခင်ဗျားတို့ကို ဘယ်လိုများ ကူညီ စောင့်မပါလိမ့်မတုံးဆိုတော့ သတ်ဖို့ရာ အချက်စောင့်နေကြတယ်.... (မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သတ်ဖို့ရာ....(အချက် စောင့်နေပါတယ် ဘုရား)၊ အင်း.... တချို့များ အစားလွန်လို့ သေသွားတော့ သုခဝေဒနာသတ်လိုက်တာ....(မှန်ပါဘုရား)၊ သတောကျပလား....(ကျပါပြီ)၊ မသိလို့ စားလို့ သေသွားတော့ ဒကာဒကာမကို ဥပေက္ခာ ဝေဒနာက မသတ်လိုက်ဘူးလား(သတ်လိုက်ပါတယ်ဘုရား)။

ဥပေက္ခာ ဝေဒနာဆိုတာ သိခဲတာကိုး....(မှန်ပါဘုရား)၊ တစ်ခါတစ်လေ ကျတော့ ဒေါကြီး မောကြီးနဲ့ စားလိုက် သောက်လိုက်တာနဲ့ မှားမှန်းမသိ မှန်မှန်းမသိနဲ့ ဆိုတော့ ဒေါမနဿဝေဒနာ သတ်လိုက်တယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မသာ ဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးပါဘုရား)၊ သုခ သတ်တဲ့မသာ....(မှန်ပါ)၊ ဒုက္ခသတ်တဲ့မသာ-(မှန်ပါ)၊ ဉပေက္ခာ သတ်တဲ့မသာ-(မှန်ပါ)၊ အေး....နတ်တွေကျတော့ ပျော်လွန်းတာနဲ့ သေတာ....(မှန်ပါ)၊ သုခဝေဒနာ သတ်ချလိုက်တာ....(မှန်ပါဘုရား)၊

နတ်တွေကျတော့—(ပျော်လို့ သေတာပါ)၊ ပျော်လို့ သုခဝေဒနာ သတ်ချလိုက်တာ၊ တစ်ခါတည်း အဘွဲ့လိုက် အပြုံးလိုက် အဝိစိကျတယ်-(မှန်ပါဘုရား)၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ....(မှန်ပါဘုရား)၊

ဘယ်သူပါလိမ့် ဒကာဒကာမတို့.... (သုခဝေဒနာ သတ်တာပါ)၊ ပဉ္စမဈာန် ဗြဟ္မာတွေ ကျတော့ ဉပေက္ခာဝေဒနာ သတ်ချတယ်.... (မှန်ပါ)၊ ဉပေက္ခာဝေဒနာနဲ့ မိန်းမောပြီး သကာလ တစ်ခါတည်း ဖြစ်ပျက်တွေ ဘာတွေဆိုယင် ဘာမှ နှလုံးမသွင်းဘဲနဲ့ နောက်ကျတော့ ဗြဟ္မာပြည်ကနေ ဆင်းပြီး သကာလ ဝက်စားကျင်းတောင် ရောက်တယ်-(မှန်ပါဘုရား)၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ.... (ကြောက်စရာ ကောင်းပါတယ်ဘုရား)၊ ဉပေက္ခာဝေဒနာ သတ်ချလိုက်တာ (မှန်ပါဘုရား)၊

ဒကာ ဒကာမတို့ ဒါဖြင့် ခင်ဗျားတို့မှာကော အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါရဲ့လား—(မကင်းပါဘုရား)-ဘယ်သူနဲ့ အတူတူနေရသလဲ- (ဝေဒနာနဲ့ အတူတူနေရပါတယ်ဘုရား)။

http://www.dhammadownload.com



သေပါလိမ့်ဦးမယ်....(မှန်ပါ့)၊ ခင်ဗျားတို့ အကုန်သေလိမ့်ဦးမယ်၊ အကုန်သေလိမ့်ဦးမယ်.... (မှန်ပါ့ဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)၊

ခြောက်ပေါက်နေတာလား၊ အမှန်လား(အမှန်ပါဘုရား)၊ အမှန်ပဲတဲ့ ဒကာ ဒကာတို့ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)၊ ဒါဖြင့် ဒကာဒကာမတို့ ဒီဝေဒနာတွေ ကျုပ်တို့က သတ်ယင် သူတို့သေလိမ့်မယ်....(မှန်ပါ့ဘုရား)။

သူတို့က သတ်ခဲ့တဲ့ဘဝကဖြင့် ကျုပ်တို့ မရေမတွက်နိုင်တော့ဘူး-(မှန်ပါ့ဘုရား)၊ရေတွက်နိုင်ကြရဲ့လား–(မရေတွက်နိုင်ပါ)၊ ဒါကြောင့် ဝေဒနာဟာ ရာဇ....သူသတ်ယောကျ်ားကွ၊ သူသတ်ယောကျ်ားကွလို့ သေသေချာချာ ဟောဘယ်–(မှန်ပါ့ဘုရား)၊ ရှင်းပလား–(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာဟာ သူ့ကို ကိုယ်က ဉာဏ်နဲ့ သတ်နိုင်ယင်သတ်၊ မသတ်နိုင်ယင် သူက သတ်မယ်–(မှန်ပါ့ဘုရား)။

ကဲ....မြွေပွေးကိုင်မိလျက် ကြုံနေကြပြီ- (မှန်ပါ့ဘုရား)၊ မြွေပွေးဆုပ်မိလျက်ဆိုတဲ့ အဓိပ္ပာယ် မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား)၊ သူ့ကို သတ်ယင် သတ်ပါ ဒကာ ဒကာမတို့နော်–(မှန်ပါ့)၊ ကိုယ်က နိုင်အောင် သတ်ယင်သတ် မသတ်ယင် ဘာလုပ်မယ်– (သူက သတ်ပါလိမ့်မယ်ဘုရား)၊

ဒကာဒကာမတို့၊ ဒီသင်္ချိုင်းဘော်တို့၊ ရွာဟိုင်း၊ သင်္ချိုင်းတို့ သွားကြည့်၊ ဆင်ဖြူကန်သင်္ချိုင်းတို့ သွားကြည့်၊ အမျိုးမျိုးသော သင်္ချိုင်းတွေ သွားကြည့်တာပေါ့ဗျာ.... (မှန်ပါ့)၊

http://www.dhammadownload.com



ဘယ်သူသတ်တာတွေတုံး၊ ဒီလောကမျာတဲ့လူတွေ တစ်မြို့လုံး ဟာ....(မှန်လှပါဘုရား)။

ဘယ်သူက သတ်ပါလိမ့်-(ဝေဒနာက သတ်တာပါဘုရား)။ ရော-ဒကာဒကာမတို့၊ အဲဒီမှာ နေ့တိုင်းလိုလိုပဲ အသုဘ သွား ကြတာတွေ ဦးခင်မောင်....ဘယ်သချိုင်းဖြင့် ဒီနေ့မရှိဘူးလို့ မရှိပါဘူး....(မရှိပါဘုရား)။

ဒါတွေဟာ ဘယ်သူ သတ်လိုက်တာပါလိမ့် .... (ဝေဒနာ သတ်တာပါဘုရား)။ဝေဒနာက သတ်တာ....(မှန်ပါ)၊ ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

မယုံသင် သွားမေး ဦးခင်မောင်၊ဘာဝေဒနာတုံး....အစား မှားလို့ယင်လဲ ဖြစ်ရမယ်၊ အသွားမှားလို့ယင်လဲ....(ဖြစ်ရပါ မယ်)။ မသိလို့ဖြစ်သွားယင်လဲ ဖြစ်ချလိမ့်မယ် .... (မှန်ပါ)။ ဝေဒနာသုံးပါး လှည့်သတ်တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတွေ ဝေဒနာဟာဖြင့် 'ဝေဒနာ မာရော' ဆိုတာ သဘောကျပလား.... (ကျပါပြီ)၊ ရှစ.... ဝေဒနာ = ဝေဒနာသည်၊ မာရော = သူသတ်ယောကျ်ား တည်း-ကွ-လို့ ဟောတယ်။

သင်က သတ်ယင်သတ်၊ မသတ်ဖန် သူက သတ်လိမ့်မယ်.... (မှန်ပါဘုရား)။ရှင်းပလား....(ရှင်းပါပြီ)၊ ဒါကြောင့် နိဗ္ဗာန် မှာကျတော့ ဝေဒနာကွန္ဓာတွေရှိသေးရဲ့လား-(မရှိပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့် နိဗ္ဗာန်သည် အမတ နိဗ္ဗာန်၊ မသေရာ နိဗ္ဗာန်ဆိုတာ သူမရှိလို့....(မှန်ပါဘုရား)။ သူရှိယင် သတ်ဦးမှာ....(မှန်ပါဘုရား)။ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေက ငွေရှာကြ ငွေရှာကြ၊ အမျိုးမျိုး အိမ်၊ တိုက်၊ ကား ရှာကြ၊ ဘာဖြစ်ချင်လို့တုံး မေးလို့ရှိယင် ဝေဒနာရှာတာပါဘုရား....(မှန်ပါဘုရား)။

ဘာရှာကြတာတုံး.... (ဝေဒနာရှာတာပါဘုရား)၊ သူတို့ရှိတော့ ဝမ်းသာရတယ် .... (မှန်ပါ)။ ဝမ်းသာတဲ့ ဝေဒနာ သတ်အောင်လို့....(မှန်ပါဘုရား)၊ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာဒကာမတွေ အခု နေ့တိုင်းလိုက်ရှာနေကြတာ ဘာရှာကြတာတုံး .... (ဝေဒနာရှာတာပါဘုရား)၊ ဩော်.... သူသတ်ယောကျ်ား ရှာနေကြတာ....(မှန်ပါဘုရား)။

ဗီအဓိပ္ပာယ်တော့ မရောက်ဘူးလား၊ ရောက်သလား.... (ရောက်ပါတယ်ဘုရား)၊ ကိုင်း....ဒါဖြင့် ဗီလောက်ဖြစ်အောင် ကျုပ်တို့မှာလဲ မသိဘဲ ဖြစ်နေတာ ပေါ်လာကြပလား.... (ပေါ်ပါပြီ)။ ရှင်းကြပလား....(ရှင်းပါပြီ)။ ဒါဖြင့် ဒကာဒကာမတို့၊ကိုယ်က သတ်ရလိမ့်မယ်ဆိုတာရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)၊

နာရီက စေ့သွားပြီ၊ သတ်နည်းမနက်ဖြန်မှ ပြောကြစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေမမွာရုံ၌
ဟောကြားတော်မူသော
(ဝေဒနာနုပဿနာရှုနည်း)
အလုပ်ပေး

## တရားတော်

(၂၇-၁-၆၁)

ဒကာဒကာမတွေ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီးကို အာရုံပြုပြီးသကာလ ရချင်၊ ရောက်ချင်ယင်ဖြင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော့် မာဂဏ္ဍိယ ပုဏ္ဏားကြီးအား ဟောထားတာရှိတယ်။ သူဘော် ဆည်းကပ်ကြ၊ သူတော်ကောင်းများ ဆည်းကပ်ကြ၊ သံဃာများ ဆည်းကပ်ကြ၊ ပညာရှိတွေ ဆည်းကပ်ကြလို့ ၁-နံပါတ် ဟောလိုက်တယ်နော်.... (မှန်ပါဘုရား)။

သူတော်ဆည်းကပ်၊ သူတော်ကောင်းများ ဆည်းကပ်ရမယ်ဆိုတာ သဘောပေါက်ပလား....(ကျပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင်ဉာဏ်နဲ့တော့ထိုးထွင်းဖို့ရာ အင်မတန်မှခဲယဉ်းလှပါတယ်။ သူတော်ကောင်းတွေက နည်းတွေ နာတွေအလုံးစုံ အကုန်တွေ ရကြအောင် သံဃာတော်တွေ အစဉ်အဆက်

http://www.dhammadownload.com



ဆောင်လာတဲ့ ပရိယတ်၊ အဲဒီ ပရိယတ်တွေကို ပြောကြား ညွှန်ပြတဲ့ကိုယ်တော်တွေ၊ သက်ကြီးပညာရှိကြီးတို့ဆီကို ဆည်းကပ်ရမယ်လို့ ဆိုအားတယ်....(မှန်ပါ)။

သူတော်ကောင်းဆည်းကပ် ။ပြီးတော့မှ သူပြောတဲ့တရားကို တစ်ခါနာရဦးမယ်ဆိုတော့ သူတော်ဆည်းကပ်၊မြတ်တရားနာတဲ့၊ တရားလဲ နာကြရမယ်နော်....(နာကြရပါမယ်ဘုရား)၊

မဆည်းကပ်ဘဲနဲ့လဲ ဟိုကပြောတာမဟုတ်တော့ ပြောမှုလဲ နာရမှာဖြစ်ပြီ၊သကာလ နေတော့ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ ပြီးတော့မှ ဒကာဒကာမတွေက ခန္ဓာကိုယ်ထဲ ဖြစ်ပျက်နေတဲ့ ဓမ္မကလေးတွေကို လွန်စွာအားထုတ်-တဲ့။

ဘယ်ဟာ အားထုတ်ရမှာတုံး—ဆိုတော့ နာမ်နဲ့ရုပ်ကိုတဲ့ (မှန်ပါဘုရား) နာမ်တရား ရုပ်တရားကို ဒကာ ဒကာမတွေ ကြိုးစားရလိမ့်မယ်နော်-(မှန်ပါဘုရား)။

နာမ်တရားဖြစ်ပျက်-ရုပ်တရားဖြစ်ပျက်တွေကို မြင်အောင် ကြိုးစားရလိမ့်မယ်....(မှန်ပါဘုရား)

ဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကိုး ဖြစ်ချုပ်ဉာဏ်မြင်၊ ဩော်....ဖြစ်ပြီး ပျက်တဲ့ဓမ္မသာ ခန္ဓာထဲရှိပါကလားဆိုတာကို မြင်အောင်ကြည့် ရလိမ့်မယ်-(မှန်ပါဘုရား)။ဤငါးအင်မှန်ပင်မဂ်ရကြောင်းတဲ့။

ဒကာ ဒကာမတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်လို့ ရှိယင်ဖြင့် ဒီငါးပါး ပြည့်စုံရမယ်လို့ ဟောထားတယ်ခနော်.... (မှန်ပါ ဘုရား)။

http://www.dhammadownload.com



သူတော်ဆည်းကပ်၊ မြတ်တရားနာ၊
လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊
မှန်ပင် မဂ်ရကြောင်း။

(သုံးခေါက်ဆိုခိုင်းသည်)။

တော်လောက်ပါပြီ၊ တော်လောက်ပါပြီ၊ နေ့စဉ်နေ့တိုင်း နေ့တိုင်း ပြောသွားလို့ရှိယင် ဦးခင်မောင် ရပါလိမ့်မယ်နော်.... (မှန်လှပါဘုရား)။

ဒါလေးကို ဒကာဒကာမတွေ ရတဲ့ပုဂ္ဂိုလ်လဲ ရကြမှာ ပေါ့၊ မရတဲ့ပုဂ္ဂိုလ် နောက်ရက်တွေကျတော့ ပိုင်ကြဆိုင်ကြ လိမ့်မပေါ့....(မှန်ပါ့)။

သြော်–ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတဲ့ နိဗ္ဗာန်အာရုံကြီး လျှင်လျှင်မြန်မြန် ရချင်လို့ရှိယင်ဖြင့် သူတော်ကောင်း ဆည်း ကပ်ရမယ်ဆိုတာ ၁-နံပါတ်ပေါ့ဗျာ....(မှန်လှပါ)။

မြတ်တရားနာရမယ်ဆိုတာက-(၂-နံပါတ်ပါဘုရား)၊ လွန် စွာ အားထုတ်ဆိုတဲ့ ဝီရိယစိုက်ရမယ်ဆိုတာက (၃-နံပါတ်ပါ ဘုရား)၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်က....(၄-နံပါတ်ပါ ဘုရား)။

နာမ်နှင့်ရုပ်ကို ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့ အချုပ်ပဲ ရှိပါ တယ်....တဲ့။

အဲဒီ ငါးပါးရလို့ရှိယင်ဖြင့် အမှန်မဂ်ရမှာပဲ၊ ဖိုလ်ရမှာ ပါပဲဆိုတာ ဒကာဒကာမတွေ မှတ်ထားပေါ့နော်.... (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



အဲဒါ....မာဂဏ္ဍိယ ပုဏ္ဏားကြီးက တပည့်တော်ကို ဘုရား၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရောက် ကယ်ယူတော်မူပါဆိုတော့ အို- ကယ်လို့မရသေးဘူးကွ၊ မင်း-သူတော်ကောင်း ဆည်းကပ် ဦးကွ၊ တရားနာဦးကွ၊ အားထုတ်ဦးကွ၊ အဖြစ်အပျက်တွေ မြင်အောင် အားထုတ်ဦးကွ-ဆိုတော့ ဘုရားက မပေးနိုင်ဘူး၊ နည်းသာပေးနိုင်တယ်၊ ကိုယ်တိုင် လုပ်ယူရမယ်ဆိုတာကော သဘောကျကြပလား....(ကျပါတယ်ဘုရား)။

ဘုရားက ပေးနိုင်သလား၊ နည်းသာ ပေးသလား၊ ကိုယ်တိုင် အားထုတ်ယူရမှာလား.... (ကိုယ်တိုင် အားထုတ်ယူရမှာ ပါဘုရား)။

ဘုရားကတော့ နည်းပေး ကိုယ်တော်ကြီး ဆိုတာတော့ 'သာ သတီတိ သတ္ထာ' ဆိုတဲ့ အတိုင်း ဆုံးမသွန်သင်တတ်တာပဲ ရှိပါတယ်တဲ့ နည်းလမ်းတွေကို....(မှန်လှပါဘုရား)။

လုပ်ယူရမှာက ဒကာဝ ကိုယ်တိုင် အားထုတ်ရတယ်.... (မှန်လှပါဘုရား)၊သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခုနကပြောခဲ့တဲ့အတိုင်း ဒကာဒကာမတို့ သူတော် ဆည်းကပ်ဆိုတာကို အားလုံး သူတော်ကောင်းတရား ကြိုး စားနေတဲ့ ပုဂ္ဂိုလ်တွေ ဆည်းကပ်ကြရမယ်ဆိုတဲ့ အဓိပ္ပာယ် ပါပဲ....(မှန်ပါဘုရား)။

တရားကိုလဲနာရမယ်ဆိုတာ အဲဒီတရားတွေကိုလဲ သူတော် ကောင်း တရားမမွေ၊ ရုပ်နာမ် ဖြစ်ပျက် တရားမွေကို နာရ လိမ့်မယ်နော်... (မှန်ပါ)။

http://www.dhammadownload.com



နာခံရုံတွင် နာခံနေလို့ မပြီးသေးဘူး၊ ကိုယ်က စီရိယစိုက်ပြီး သကာလ အစားထုတ်ရလိမ့်ဦးမယ်—(မှန်လှပါဘုရား)။

အားထုတ်တဲ့အခါကျလို့ရှိယင် အားသာ ထုတ်နေတယ် ဘာမှလဲ မမြင်ဘူးဆိုယင် ဦးခင်မောင် .... မဖြစ်သေးဘူးပေါ့ ဗျာ—(မှန်လှပါဘုရား)။

ဖြစ်ချုပ် ဉာဏ်မြင်တဲ့၊ အဖြစ်နဲ့ အချုပ်ကလေးကိုလဲ မြင်အောင် ကြည့်ရဦးမယ်....(မှန်လှပါဘုရား)။

အဲဒါ မြင်လို့ရှိယင် ဒကာဒကာမတို့ ဘာမှ မပူနဲ့တော့ ပုဗ္ဗဘာဂမဂ်ကို ရပြီ—(မှန်ပါ)။

ပုဗ္ဗဘာဂမဂ်ကို ရလို့ရှိယင်ဖြင့် လောကုတ္တရာမဂ်သစ္စာဖါဒ ဆိုတဲ့ နောက်မဂ်ဟာ ဒကာဒကာမတို့ ဘာမှ မရစရာမရှိပါ ဘူးဆိုတာ အောက်မေ့ကြပါတော့—(မှန်လှပါဘုရား)။

ဒီမဂ်ရလို့ရှိယင်လဲ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို မသေခင် မြင်ရ၊ မဂ်လေးတန်ရဲ့ အဆုံးကျလို့ရှိယင် ကိုယ်တိုင်ပဲ ဒုက္ခ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဆိုဘာကြီး ရောက်ရ-ရရတယ် ဆိုတဲ့ ဉစ္စာဖြင့် ဘာမှ သံသယ မရှိဘဲနဲ့ ကြိုးစားကြပါ ဆိုတာကို တိုက်တွန်းရပြန်တယ်....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် အားထုတ်ရမှာ ဘာတုံးလို့ မေးတဲ့အခါ ကျတော့ ဒကာ ဒကာမတို့ အရင်အတိုင်းပဲ ပြန်ပြီး ဗာလ သတ္တိတသုတ်ကို ပြန်ရှင်းတာပေါ့နော် (မှန်ပါ)။

ဒီဘက် အဝိဇ္ဇာသခါရ၊ အဝိဇ္ဇာပစ္စယာ.... (သခါရာပါ ဘုရား)။ (စက်ဝိုင်းကိုပြသည်။)

http://www.dhammadownload.com



သင်္ခါရဆိုတဲ့ အဲဒီသင်္ခါရက အဝိဇ္ဇာဆိုတာ မသိမှု၊သင်္ခါရဆိုတာ ပြုပြင်မှုပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီပြုပြင်မှု တရားတွေကြောင့် ဒထာဒကာမတို့ ဝိညာဉ် နာမ်ရုပ် အဋ္ဌာယတန ဖဿဝေဒနာဆိုတဲ့ ခန္ဓာငါးပါးမပေါ် ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ပေါ်တယ် ဆိုတာ ရှင်းလင်းနေပြီ-(မှန်ပါ့ဘုရား)၊ရှင်းလင်းပြီးသကာလ နေတော့ လူမိုက်နဲ့လူလိမ္မာ ဘာထူးတုံးဟေ့ ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးတဲ့အခါကျတော့.... ရဟန်းတွေက မဖြေတတ်လို့ ငါ·ပြောပြပါ့မယ်ကွာ....ဆိုပြီး ပြောပြတဲ့အခါ လူမိုက်ကတော့ကွာ·တဲ့ ဒုက္ခချုပ်ကြောင်း အားမထုတ်ဘူးကွ၊ အဝိဇ္ဇာနဲ့ တဏှာ မပယ်ဘူး ဆိုတော့ လူမိုက်ကတော့ ကိုယ်ခန္ဓာကြီးကို ဒုက္ခသစ္စာလို့ မသိဘူး.... (မှန်ပါ့ဘုရား)။

မသိတော့ ခင်တယ်၊မခင်ဘူးလား.... (ခင်ပါတယ်ဘုရား)၊ ခင်တော့ အဝိဇ္ဇာသင်္ခါရ ပြန်မလာပေဘူးလား-(လာပါတယ် ဘုရား)၊ အဝိဇ္ဇာတဏှာ ပြန်လာတာ အဝိဇ္ဇာသင်္ခါရ ပြန်လာ တာနဲ့ အတူတူပါပဲ....(မှန်ပါ)။

သူတို့သာ ပြန်လာလို့ရှိယင် ဒကာ ဒကာမတို့ သူတို့ ထုံးတမ်းအတိုင်း သူတို့အလုပ်-လုပ်လိမ့်မယ် ဆိုတာ ပြောင်းဖို့ လိုသေးသလား....(မလိုပါ့ဘုရား)။

အဲဒီတော့ ဘာလာဖြစ်လာမလဲ ဆိုတာ သတိထားလိုက် တာပေါ့....(ခန္ဓာငါးပါးပါဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါးသာဖြစ်တယ်၊ ဩော်.... ဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အဝိဇ္ဇာသင်္ခါရကြောင့် ဒုက္ခသစ္စာခန္ဓာငါးပါး ကြီး ဖြစ်ပါတယ်-(မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးပဲ တစ်ခါမသိပြန်တော့ ဒုက္ခသစ္စာရယ်လို့ ရ-ထားတာကြီး မသိပြန်၊မသိပြန်လို့ ခင်မင် ပြန်ဆိုတော့ ဘဝတဏှာတွေက လာလိုက်ပြန်တယ်-(မှန်ပါ့ ဘုရား)။

ထိုကဲ့သို့ လာတဲ့အတွက် အဝိဇ္ဇာ သင်္ခါရ ပြန်ဖြစ်ပြီး သကာလ နောက်-အနာဂတ် ခန္ဓာငါးပါး ပေါ်မလာဘူး လား....(ပေါ်လာပါတယ်ဘုရား)၊ ဘာသစ္စာကြီးပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခသစ္စာရှိလျက်နဲ့ ဒုက္ခသစ္စာမသိတာနဲ့ ဒုက္ခသစ္စာ ပြန်ရတယ်....(မှန်လှပါဘုရား)၊ သဘောကျပလား- (ကျပါပြီဘုရား)။

နဂိုက သူ့ခန္ဓာကြီးဟာ.... (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါ ဒုက္ခသစ္စာ မသိလို့ ခင်ပြန်ရောဗျ-(မှန်ပါ့ဘုရား)၊ မသိလို့မခင် ဘူးလား- (ခင်ပါတယ်ဘုရား)။

ခင်ပြန်တော့ သေသည်၏အခြားမဲ့၌ ဘာပြန်ရပါလိမ့်.... (ခန္ဓာငါးပါး ပြန်ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီခန္ဓာကြီးကလဲ ဒုက္ခသစ္စာ၊ ဇာတိ-ဇရာ- မရဏ- (မှန်ပါ့ဘုရား)။

ရ-တာကြီးကလဲ-(ဇာတိ-ဇရာ-မရဏပါဘုရား)၊ဒုက္ခသစ္စာ လဲ ဟုတ်၊ ဇာတိ-ဇရာ-ဗျာဓိ-မရဏတော.... (ဟုတ်ပါတယ်

http://www.dhammadownload.com



ဘုရား)။ ကြော်....ဒါဖြင့် လူမိုက်မှာတော့ဖြင့် ဒကာဒကာမတို့ ဒုက္ခထဲက လာပြီးသကာလ ဒုက္ခပဲ ပြန်ရတယ်-(မှန်ပါ့ဘုရား)။ ဒုက္ခထဲက လာပြီးတော့-(ဒုက္ခပဲပြန်ရတယ်)၊ ဒုက္ခပဲ ပြန်ရတယ် ဆိုတော့ အမြတ်အစွန်းများ တွက်သေးသလား- (မထွက်ပါ ဘုရား)။

ဒါဖြင့်....ဒကာ ဒကာမတို့ ယခုလို ကြုံကြိုက်တဲ့အချိန်၊ သာသနာတော်ကြီးကလဲ ဝစီးဝပြီးသကာလ နေတဲ့အချိန်၊ ဆာသနာတော်ကြီးကလဲ အမျိုးမျိုးအဖုံဖုံ ကိုယ်ဆမ်းနိုင်တဲ့ ဘက်က ရွက်ဆောင်ပြီး အားပေးနေတဲ့အချိန်မှာ ဒကာ ဒကာမတွေက ကိုယ့်ဟာကိုယ် နည်းနာတွေ ခံပြီးသကာလ လုပ်မနေကြတော့ဘူး ဆိုယင်ဖြင့် အဝိဇ္ဇာ တဏှာပဲ ပြန်လာ မှာပဲ-(မှန်ပါ့ဘုရား)။

ဒါဖြင့် လူမိုက်ဟာ လူမိုက်သမ်းပဲ သွားပြန်တယ် ဆိုလို့ ရှိယင် မလွဲဘူးပေါ့ဗျာ-(မလွဲပါ)၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးဆိုတော့ ဒီနေရာမှာ ထူးပါတယ်-(မှန်ပါ့ဘုရား)။

ဒီနေရာ မဂ္ဂဖြဟ္မစရိယ အကျင့်ဆိုတဲ့ ငါးခု ပြန်သွင်းလိုက်-(မှန်ပါ့)၊ ပြန်သွင်းလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒီ အဝိဇ္ဇာ တဏှာက မချုပ်ဘူးလား-(ချုပ်ပါတယ်ဘုရား)။

ချုပ်တဲ့အတွက် နောက်ခန္ဓာငါးပါး ရသေးရဲ့လား....(မရ ပါဘုရား)၊ ဒါကြောင့်-တဲ့ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး ဆိုတော့ လူမိုက်မှာ ရထားတဲ့ ခန္ဓာနောက်က အဝိဇ္ဇာ တဏှာ လိုက်တယ်-(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



လူလိမ္မာမှသာ မဂ္ဂဗြဟ္မစရိယ အကျင့်ဖြစ်တဲ့ ဝိပဿနာ ဉာဏ်တွေ လိုက်လာတယ်....(မှန်ပါ့ဘုရား)၊ ဦးခင်မောင်.... ဘာလိုက်လာလဲ ... (ဝိပဿနာဉာဏ်တွေ လိုက်လာပါတယ် ဘုရား)။

ဝိပဿနာဉာဏ်တွေ လိုက်ပြီးသကာလ လာတဲ့ အခွက် ဒက်ာ ဒကာမတို့ ခန္ဓာဆုံးမသွားဘူးလား.... (ဆုံးသွားပါ တယ်ဘုရား)၊ ခန္ဓာက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)၊ ဪ....ဒုက္ခသစ္စာကြီး ဆုံးသွားတယ် ဆိုလို့ရှိယင်ဖြင့် ဒုက္ခ အေးသွားတာ၊ ဒုက္ခငြိမ်းသွားတာပါပဲဆိုတာ နိဗ္ဗာန်ပါပဲ.... (မှန်ပါ့ဘုရား)၊ ရှင်းကြပြီလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီ မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်ကြပါစို့ လူလိမ္မာဖြစ်အောင်နော်-(မှန်ပါ့ဘုရား)၊ လူလိမ္မာ ဖြစ်အောင် ဘာလုပ်ကြရမယ်· (မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်ကြရပါ မယ်)၊မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာက ဒကာဝတို့ ဘာလုပ် ကြရမယ် -(ကျင့်ရပါမယ်ဘုရား)။

မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ ဘာလုပ်ရမည့် အလုပ်ပါလိမ့်.... (ကျင့်ရမည့်အလုပ်ပါဘုရား)၊ ဪ....ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည့် အလုပ်ကြီးတစ်ခုပါလားဆိုတာ ပေါ်လာကြ ပလား-(ပေါ်လာပါပြီဘုရား)။

ကောင်းပြီ....ဒါက မဂ္ဂင်ငါးပါးပဲ ထားလိုက်ပါတော့၊ ဒီဘက်က ခန္ဓာငါးပါး....(မှန်ပါ့)၊ ခန္ဓာငါးပါးသည် ပဋိစ္စ သမုပ္ပါဒ်က အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ပေါင်း လာဒ ဖြစ်လာတယ်နော်....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ မဖြစ်လာဘူးလား.... (ဖြစ်လာပါတယ် ဘုရား)၊ အဲ....ဒါကို ဒကာ ဒကာမတွေ ဪ.... ဝိညာဉ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာက တခြား၊ ခန္ဓာငါးပါးက တခြားလို့ အောက်မေ့မနေနဲ့တော့၊ သူတို့ဟာ ခန္ဓာငါးပါးပဲ- (မှန်ပါဘုရား)။

ဒါဖြင့်.... ခန္ဓာငါးပါးကို ဒကာ ဒကာမတွေ သိပါပြီ နော်....(မှန်ပါဘုရား)၊ အခု တရားနာနေတာ ဘယ်သူပါလိမ့်မတုံး-(ခန္ဓာငါးပါးဘုရား)။

ဪ....ယောကျ်ားတွေလား- မိန်းမတွေလားလို့ မေးလိုက်ယင် ဘယ့်နှယ်ဖြေကြပါမယ်....(ခန္ဓာငါးပါးလို့ ဖြေပါမယ်)။

ဪ....ဟုတ်ပြီ ဒကာ ဒကာမတို့၊ ခန္ဓာငါးပါးဟာ ခန္ဓာငါးပါးလို့ သိပြီးသကာလ နေတဲ့အတွက် ငါသူတစ်ပါး ယောကျ်ား မိန်းမတွေတော့ မဟုတ်တော့ဘူး၊ ဒိဋ္ဌိစင်တယ် နော်....(မှန်ပါဘုရား)။

ဒီခန္ဓာငါးပါးဟာ မိုးပေါ်ကျလား ဒကာ ဒကာမတို့၊ အဝိဇ္ဇာ သင်္ခါရက တည်ထောင်လိုက်တာလား.... (အဝိဇ္ဇာ သင်္ခါရက တည်ထောင်လိုက်တာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာသင်္ခါရကတည်ထောင်လိုက်လို့ ခန္ဓာငါးပါး ဖြစ်ပါတယ်ဆိုတာ သိလိုက်တဲ့အခါကျတော့ မိုးပေါ်ကျလဲ မဟုတ်ပါဘူး၊ ဘယ်သူမှ ဖန်ဆင်းတာလဲ မဟုတ်ပါဘူးဆိုတဲ့

http://www.dhammadownload.com



ဝိစိကိစ္ဆာတွေက စင်မသွားဘူးလား .... (စင်သွားပါတယ် ဘုရား)။

ဒါဖြင့် ဝိစိကိစ္ဆာ စင်ပြီး ခန္ဓာငါးပါး ဖြစ်လာတာကို သိနေပြီဆိုတော့ ဒိဋ္ဌိက စင်တယ်။ အလိုလိုဖြစ်တာ ဖန်ဆင်းလို့ ဖြစ်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒါ သိလိုက်ကတည်းက ဝိစိကိစ္ဆာ ဘယ့်နှယ်နေသလဲ.... (စင်ပါတယ်ဘုရား)၊ အဲ....ဝိစိကိစ္ဆာ စင်ပြီး သကာလ သွား တော့ ကြော်....ဝိစိကိစ္ဆာ အခု ညာဏ်ပရိညာအားဖြင့် စင်သွား ပြီး သိမှုနဲ့ပယ်လိုက်တာ စင်သွားပြီဆိုတာ မှတ်လိုက်ဘာပေါ့- (မှန်ပါဘုရား)၊

တစ်ခါကြည့်လိုက်ပါဦးတဲ့၊ဒီအဝိဇ္ဇာသင်္ခါရက ဖယာကျား တွေ လုပ်လိုက်တာလား၊ မိန်းမတွေများ တည်ထောင်လိုက် သလား၊လို့မေးတော့ ဘာတွေများတွေ့ရသလဲ-(ခန္ဓာငါးပါးပဲ တွေ့ရပါတယ်ဘုရား)။

ခန္ဓာငါးပါးပဲ တွေ့ရတယ်ဆိုတော့ ကြော်....ဗီတရားတစ်ပွဲ လုံးမှာ ဘာတွေများ ပေါ်နေပါလိမ့်....(ခန္ဓာငါးပါးပဲ ပေါ် ပါတယ်ဘုရား)၊

ခန္ဓာငါးပါး ပေါ်နေတယ်၊ ကြော်-ဒါဖြင့် ဒီခန္ဓာငါးပါး ကို ဒကာဒကာမတွေ ချုံးလိုက်ကြ၊ ချုံးလိုက်ကြဦးစို့. ဆို တော့ ခန္ဓာငါးပါးဆိုတာ နာမက္ခန္ဓာက ၄-ပါး၊ ရူပခန္ဓာက တစ်ပါး ထားလိုက်တော့ ရုပ်နာမ်ဖြစ်သွားတယ် .... (မှန်ပါ ဘုရား)၊ ဘယ်လိုများ ဖြစ်သွားသလဲ....(ရုပ်နာမ် ဖြစ်သွားပါ တယ်ဘုရား)။ ရုပ်နာမ်ပဲ ဖြစ်သွားတယ်ဆိုတာ ခန္ဓာငါးပါး

http://www.dhammadownload.com



ချုံ့လိုက်, ကျဉ်းလိုက်တဲ့အခါ ဘာများ ဖြစ်သွားပါလိမ့်.... (ရုပ်နာမ်ပဲဖြစ်သွားပါတယ်ဘုရား)၊

ရုပ်နာမ်ပဲဖြစ်သွားတယ်ဆိုတာ သေချာပလား....(သေချာပါပြီ)၊ အဲဒီရုပ်နာမ်ကိုမှ တစ်ခါ ဒကာဒကာမတို့သည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ကျဉ်းလိုက်ကြဦးစို့၊ ချုံ့လိုက်ကြဦးစို့ ဆိုလို့ရှိယင်ဖြင့် သင်္ခတသင်္ချာ အနိစ္စ၊ ဩော်-အနိစ္စတစ်လုံး ကျန်တော့တယ်....(မှန်ပါဘုရား)။

ဘာ ကျန်တော့လဲ....(အနိစ္စတစ်လုံး ကျန်ပါတော့တယ်)— ဩော် .... ချုံ့လိုက်တော့ အနိစ္စတစ်လုံး ကျန်တော့ ဒကာ ဒကာမတို့ အနိစ္စဆိုတာ ''ဟုတွာ အဘာဝဋ္ဌေန အနိစ္စ'' လို့ ပြောတဲ့အတွက် အဋ္ဌကထာဆရာများ ရေးသားထားတဲ့အတွက် မှန်လဲမှန်တဲ့အတွက် ဖြစ်ပြီး မရှိတာကလေးပေါ့ဗျာ....(မှန်ပါ ဘုရား)၊

ဒါဖြင့် ဖြစ်ပြီးမရှိတာဆိုတော့ ဖြစ်ပျက်ပေါ့ဗျာ....(မှန်ပါ ဘုရား)၊ ဒါဖြင့် ခန္ဓာငါးပါး ချုံ့လိုက်တော့ ရုပ်နာမ်၊ နာမ်ရုပ် ချုံ့လိုက်တဲ့အခါကျတော့ ဘာကလေးတစ်ခုတည်း လာတွေ့လဲ....(အနိစ္စတစ်ခုတည်း လာတွေ့ပါတယ် ဘုရား)။ အနိစ္စဆိုတော့ မြန်မာလို ဖြစ်ပျက်နော်.... (မှန်ပါ)။ ပါဠိလို အနိစ္စ၊ ဒါပဲလာတွေ့တာပဲ .... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ရုပ်နာမ်တွေကိုတဲ့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ရုပ်က ကာယာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ စိတ်က

http://www.dhammadownload.com



စိတ္တာနုပဿနာ၊ကျန်တဲ့ သညာ-သင်္ခါရနှစ်ခုက ဓမ္မာနုပဿနာ တွေ ဖြစ်နေတော့ သတိပဋ္ဌာန်လေးပါးထဲ အကုန်မဝင်လား ဗျာ....(ဝင်ပါတယ်ဘုရား)။

အဲ-သတိပဋ္ဌာန် လေးပါးထဲ အကုန် ဝင်ပြီး သကာလ သွားတော့ ဘုန်းကြီးက ဒကာဒကာမတွေ ဉာဏ်ထက်ထက်နဲ့ တဏှာများတဲ့ ပုဂ္ဂိုလ်တွေ ဒီထဲမှာ ပါဦးမှာကိုးဗျ.... (မှန်ပါ ဘုရား)၊မပါဘူးလား....(ပါပါတယ်ဘုရား)၊

အဲဒီကဲ့သို့ ဉာဏ်ထက်ထက်နဲ့ တဏှာများတဲ့ ပုဂ္ဂိုလ်များ ကျတော့ သုတ်မဟာဝါ အဋ္ဌကထာနှင့် သမ္မောအဋ္ဌကထာ ဆရာကလဲဟော ဉာဏ်ထက်ထက်နဲ့ တဏှာများယင် ဝေဒနာ နုပဿနာ ပေးလိုက်ပါကွာတဲ့....(မှန်ပါဘုရား)။

ဘာပေးရမတဲ့.... (ဝေဒနာနုပဿနာပေးရပါမယ်ဘုရား)။ ဒါဖြင့် သတိပဋ္ဌာန် လေးပါးထဲက သုံးပါးဖြုတ်ပြီး ဝေဒနာ တစ်လုံးထားကြစို့နော်....(မှန်ပါဘုရား)။သဘောကျပလား- (ကျပါပြီဘုရား)၊

ဝေဒနာ တစ်လုံးတည်းပဲ ဒကာဒကာမတွေ ရှုကြပါစို့၊ ယနေ့တရားမှာဖြင့်နော်.... (မှန်လှပါဘုရား)။ စုံအောင်တော့ ဟောမှာပဲ၊ ဟောပေးမယ်လို့ ယနေ့ဝေဒနာလှည့်ပြီး ဝေဒနာပဲ ပြောကြပါစို့လို့ ဆိုတော့ ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဟာ နည်းမည်တူတော့ဖြင့် ဝေဒနာပါပဲတဲ့၊ ချဲ့လိုက်တဲ့ အခါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာလို့ ဝေဒနာ က ဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးရှိပါတယ်ဘုရား)။

http://www.dhammadownload.com



သုံးမျိုးရှိတယ်ဆိုတာ သိထားပြီနော်....(မှန်ပါ)၊ ဝေဒနာဟာ သုံးမျိုးပဲရှိတယ်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဒီသုံးမျိုးလဲ ဒကာ ဒကာမတွေက မှတ်လိုက်ပါဦး၊ ရှိတာတွေဟုတ်ပါရဲ့၊ သုခရှိယင် ဒုက္ခ ဥပေက္ခာမရှိဘူး....(မှန်ပါဘုရား)၊ ခန္ဓာထဲမှာနော်....(မှန်ပါဘုရား)။

ဒုက္ခရှိယင် ကျန်တဲ့နှစ်ခု....(မရှိပါဘုရား)။ ဥပေက္ခာရှိယင် ကျန်တဲ့နှစ်ခု .... (မရှိပါဘုရား)၊ အဲဒါကျတော့လဲ ဒကာ ဒကာမတို့ ဩော်....ဒါဖြင့် ဝေဒနာသုံးပါးဟာ ရှိထိုက်ဘာသာ ပြောတာကိုး၊ ရှုရမှာကတော့ ဝေဒနာပေါ်လာတဲ့တစ်လုံး ရှုရုံပဲဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာတစ်လုံးပဲ၊ ဝေဒနာသုံးမျိုး ရှိငြားသော်လဲ ပြိုင်မပေါ်သောကြောင့် ဦးခင်မောင်-ရေ တစ်လုံးတည်း ရှုရလိမ့်မယ်.... (မှန်ပါဘုရား)။

ပြိုင်မပေါ်သောကြောင့် ဘာတဲ့ .... (တစ်လုံးတည်းရှုရပါမယ်ဘုရား)၊ တစ်လုံးတည်းပဲရှုရလိမ့်မယ်ဆိုတာသေချာပလား-(သေချာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဝေဒနာ တစ်လုံးတည်းပဲ ဒကာဒကာမတွေက ရှုကြစို့ဆိုတော့ ဒကာဒကာမတွေ ဝေဒနာမရှုလို့ရှိယင်လဲ ခင်ဗျားတို့ ဝေဒနာဆုတောင်းယူကြလိမ့်မယ်....(မှန်ပါဘုရား)၊

http://www.dhammadownload.com



နတ်ပြည် ရောက်ရပါလို့၏ ဒကာဒကာမတွေကို မသိတော့ နတ်ပြည်ဆိုတာ ဘာပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ အို....နတ်ပြည်ဆိုတာ ချမ်းသာတယ်ဆိုလို့....(မှန်ပါ)၊သဘော ကျပလား....(ကျပါပြီဘုရား)။

နတ်ပြည်ဆိုတာ ဘယ်နှယ်ကြောင့် ကြိုက်ကြပါလိမ့်.... (ချမ်းသာတယ်ဆိုလို့ပါဘုရား)၊ ဒါဖြင့် ဘာဝေဒနာပါလိမ့်- (သုခဝေဒနာပါဘုရား)။

သုခဝေဒနာကို ဆုတောင်းယူလိုက်တယ်-(မှန်ပါ)၊သဘော ကျပလား-(ကျပါပြီ)၊ အင်း....ဟင်....တစ်ခါ ငရဲပြည်ကျတော့ ကြောက်တယ်တဲ့၊ ဘာဖြစ်လို့ ကြောက်သတုံးမေးတော့ ဒုက္ခ ဝေဒနာရှိလို့-(မှန်ပါဘုရား)၊ ငရဲပြည်ကျတော့ ဒုက္ခဝေဒနာ ချည်းပဲ....(မှန်ပါဘုရား)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အင်း....ဟင် ပဉ္စမဈာန်ဖြဟ္မာတွေကျပြန်တော့သဲ ဥပေက္ခာ ဝေဒနာတွေက ရှိနေတယ်....(မှန်ပါဘုရား)။

အဲဒီ တချို့ဗြဟ္မာ ကြိုက်တာကလဲ ဥပေက္ခာဝေဒနာ ကြိုက်တော့ ဒကာဒကာမတွေ ဝေဒနာကို ကြိုက်တဲ့ ဝေဒနာ လဲရှိတယ် မကြိုက်တဲ့ဝေဒနာကော....(ရှိပါတယ်ဘုရား)။

သို့သော် ဒါ-ခင်ဗျားတို့ ကြားသာနေတယ် ဘယ်ဝေဒနာမှ မကောင်းဘူးလို့မှတ်-(မှန်ပါဘုရား)၊ ဝေဒနာသည် ကြိုက်တဲ့ ဝေဒနာ၊ မကြိုက်တဲ့ ဝေဒနာလို့ ဒကာ ဒကာမတွေက ဘယ် လိုပင် ပြောပြောသော်လဲ ဝေဒနာသည်ကားလို့ ဆိုလို့ရှိယင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ကြပေတော့ ဝေဒနာ ဟာ သူ့သတ်ယောကျ်ားကြီးလို့ မှတ်လိုက်....(မှန်လှပါဘုရား)၊

http://www.dhammadownload.com



ဝေဒနာ ဘယ်လိုမှတ်ကြမယ်.... (သူသတ်ယောကျ်ားကြီးပါ ဘုရား)။

ဒါကြောင့် ရာဓ ရဟန်းက မေးလိုက်တယ်.... "မာရော မာရောတိ ဘန္တေ ဝုစ္စတိ၊ ကတ္တာဝတာ နုခေါ ဘန္တေ မာရောတိ ဝုစ္စတိ"လို့ မေးတော့ "ဝေဒနာ မာရာ"တဲ့....(မှန်ပါ ဘုရား)။

ဘန္တေ = အရှင်ဘုရား၊ မာရော မာရောတိ = သူသတ် ယောကျ်ား၊ သူသတ်ယောကျ်ားဟူ၍၊ ဝုစ္စတိ = ဆိုအပ်၏၊ ကိတ္တာဝတာ နုခေါ ဘန္တေ မာရောတိ ဝုစ္စတိ=အဘယ်တရား ကို သူသတ်ယောကျ်ားလို့ဆိုပါသလဲလို့ မေးတဲ့အခါကျတော့ ဝေဒနာ မာရော=ဘယ်ဝေဒနာမဆို သူသတ် ယောကျ်ား ချည်းပဲကွ-(မှန်ပါ)၊ ရှင်း ကြပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာကလဲ ဒကာဒကာမတွေ သတ်တာပဲ....(မှန်ပါ ဘုရား)၊သုခဝေဒနာကလဲ အပျော်ကျူးလို့ သေတာတွေကော ရှိပါရဲ့လား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူက သတ်လိုက်ပါလိမ့်.... (သုခဝေဒနာက သတ်ပါတယ်ဘုရား)၊ ဗြဟ္မာတွေကျတော့ သူတို့ ပဌမစျာန် တွေနဲ့ ပျော်မွေ့ပြီး ပဌမစျာန်နဲ့ပဲ သေလိုက်တဲ့ ဥစ္စာကျတော့ ဘယ်ဝေဒနာ သတ်လိုက်ပါလိမ့်-(ဥပေက္ခာဝေဒနာပါဘုရား)၊ ဥပေက္ခာဝေဒနာ သတ်လိုက်တော့ အားလုံး ဒကာဒကာမ တွေ ဝေဒနာကို သေမင်းချည်း မှတ်လိုက်စမ်းပါ-(မှန်ပါ ဘုရား)၊ ဦးဇင်းတို့ ဘာမှတ်ကြမယ်....(ဝေဒနာကို သေမင်း မှတ်ရပါမယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဒီဝေဒနာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာ မာရေတိ လို့ ဟောတော်မူတယ်၊ ဝေဒနာ=ဝေဒနာကို၊ မာရေတိ=သူသတ်ယောကျ်ား ဟူ၍၊ ဝေဒနာဟာ သူသတ် ယောကျ်ားတဲ့၊ မာရေဝ အသဘာဝေယျ၊ မာရေဝ = သတ်တတ်သည်သာလျှင်၊ အသဘာဝေယျ=ဖြစ်ရာ၏။

ဩော်...ဝေဒနာဟာ ဒကာ ဒကာမတွေ သတ်နေတာပဲတဲ့...၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် တစ်နေ့က စပ်မိလို့ ပြောတယ်၊ ဒကာဒကာမတို့ မသာပို့ရတဲ့လူများဟာ မသာပို့ဖူးကြရဲ့လားဆိုတော့ ဒီပွဲထဲ မပို့ဘူးတဲ့လူက ရှားပါတယ်...(မှန်ပါဘုရား)။

မပို့ဘူးတဲ့သူက မရှားလားဗျာ... (ရှားပါတယ်ဘုရား)၊ ရှားကြပါတယ်...တဲ့၊ ရှားတဲ့အခါကျတော့ ခင်ဗျားတို့လမ်းမှာ နောက်က တိုးတိုးနဲ့ ကျုပ်တို့ကတော့ အိမ်ချင်းကလဲဝေးတယ်၊ အရပ်ကလဲဝေးတယ်၊ ဘာဝေဒနာတုံး...အခူသေတာ (မှန်ပါဘုရား)၊ဟော...ဝေဒနာပဲမေးကြတယ်၊ မမေးကြဘူးလား... (မေးပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ရွာတိုင်း သုသာန်ရောက်တယ်၊ဆင်ဖြူကန်ရောက်တယ်၊သင်္ချိုင်းတော်ရောက်တယ်၊ ဘယ်သူ့လက်ချက်တွေပါလိမ့်... (ဝေဒနာလက်ချက်တွေပါဘုရား)၊ဝေဒနာ လက်ချက်တွေနော်(မှန်ပါ)။

ဒကာ ဒကာမတွေ...တဲ့၊ အိမ်ပေါ်မှာ မွေ့ရာပေါ်မှာ ခြင်ထောင်ချပြီးသကာလ အနွေးထည်တွေခြုံ ဆေးကောင်းဝါးကောင်းတွေ ဘေးက ခြံရံပြီးသော်လဲ ဝေဒနာရှိနေတဲ့

http://www.dhammadownload.com



အတွက် ဝေဒနာပဲ သတ်လိုက်ပါတယ်.... (မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....လူ့ပြည်မှာတော့ သေခါနီး ဒုက္ခဝေဒနာက သတ်တာနော်.... (မှန်ပါ)၊ မသေခင် ကျတော့လဲ မသေအောင် တိုက်တွန်းတာကလဲ သုခဝေဒနာက တယ်စားချင်တယ် မတည့်တာမှ၊ တယ်မစားချင်ဘူးလား.... (စားချင်ပါတယ်ဘုရား)။

စားချင်တာက သုခဝေဒနာ မနေဘူးလား-(နေပါတယ်ဘုရား)၊ အဲ....သုခဝေဒနာနဲ့ စားလိုက်တော့ မတည့်တဲ့ ဒုက္ခဝေဒနာက မသတ်လိုက်ဘူးလား.... (သတ်ပါတယ်ဘုရား)။

အင်း....ဟုဇီ....ကျုပ်က မြင်ယောင်တော့ မနေနိုင်ဘူးဆို တော့ ဥပေက္ခာဝေဒနာက ပြပေးတဲ့ အဓိပ္ပာယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာဝေဒနာက ပြ-သမား၊ သုခဝေဒနာက မျှိုသမား၊ ဒုက္ခဝေဒနာက သတ်သမား-(မှန်ပါဘုရား)၊ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဥပေက္ခာဝေဒနာက-(ပြသမားပါဘုရား)၊ သုခဝေဒနာက (မျှိုသမားပါဘုရား)၊ သုခဝေဒနာက မျှိုသမားပေါ့ဗျာ၊ စားသမား၊ မျှိုသမားပေါ့....(မှန်ပါ)၊ ဒုက္ခဝေဒနာကော.... (သတ်သမားပါဘုရား)။

အင်း....ဒါဖြင့် ဒကာဒကာမတွေ ခင်ဗျားတို့သန္တာန်မှာ ဒီဝေဒနာ သုံးပါး ရှိပါရဲ့လား....(ရှိပါတယ်ဘုရား)၊ စိတ်ချလက်ချမနေကြနဲ့၊ သေမင်းပါနေတယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဘယ်နှယ် ဆုံးမပါလိမ့်....(သေမင်းမ ါနေပါတယ်ဘုရား)၊ ဘယ်နှစ်ယောက်ပါလိမ့်.... (သုံးယောက်ပါဘုရား)၊ ဝေဒနာ သုံးပါးဟာ သေမင်းချည်းမဟုတ်လား....(မှန်ပါ)။

ဒါကြောင့် ဘုရားက ဝေဒနာ မာရေတိ ပဿ၊ ဝေဒနာ=ဝေဒနာကို၊ မာရေတိ=သေမင်းဟူ၍၊ ပဿ= ရှုကွ....ရှုစ....ဟု ဒါကြောင့် ဝေဒနာကို အရှုခိုင်းတာကိုး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝေဒနာကို ဘယ်လို ရှုရမယ်.... (သူသတ်ယောကျ်ားလို ရှုရမယ်)၊ သူသတ်ယောကျ်ား....သေမင်းလို့ ရှုပါ.... (မှန်ပါ ဘုရား)။

"မာရေတိ ပဿ၊ ဂဏ္ဍောတိ ပဿ" သံယုတ်ပါဠိတော် များမှာ အနာလို့လဲရှုကွ တဲ့-(မှန်ပါ)၊ သဘောကျကြပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခဏဲ့ဗျားတို့သည်ကားလို ဆိုလို့ ရှိယင်ဖြင့် ပြုံးရင်းလဲ သေနိုင်တယ်....တဲ့.... (မှန်ပါဘုရား)။

ပြုံးရင်းလဲ သေနိုင်တယ်ဆိုတာ သုခဝေဒနာ သတ်ချလိုက် တာ-(မှန်ပါဘုရား)၊ မေ့လျော့ မေ့လျော့ပြီး သဏ္ဍာလ.... သေနိုင်တယ် ဆိုတော့ ဥပေက္ခာဝေဒနာ သတ်ချလိုက်တာပဲ (မှန်ပါဘုရား)။

တချို့မှာ နတ်ပြည်များ ဒေါသဖြစ်တာနဲ့ ခန္ဓာအထည်ပါ ပျောက်သွားတယ်၊ ဒေါမနဿဝေဒနာ သတ်ချလိုက်တာ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒါသေမင်းမှ ဟုတ်ကဲ့သား-(ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီထဲ ဒကာဒကာမတွေ အန္တရာယ်ကင်းလို့ ဘေးရှင်းမည့် ပုဂ္ဂိုလ်များ ပါကြရဲ့လား....(မပါ-ပါဘုရား)။

ဘာ့ကြောင့်တုံး၊ သေမင်း သုံးယောက်က အလှည့်ကျ ရှိနေတယ်....(မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.... (သေမင်းသုံးယောက်က အလှည့်ကျ ရှိနေပါတယ်ဘုရား)။

သတိထားပါ သတိသားပါ ဒကာဒကာမတို့ သေမင်းက ဘယ်နှစ်ယောက်ရှိနေသလဲ.... (သုံးယောက်ရှိပါတယ်ဘုရား)။

ဪ....ဒကာ ဒကာမတို့ အခုဟာ တောင်းတောင်း ပန်ပန်နဲ့ တရားပွဲလာခဲ့ကြရတယ်နော်....(မှန်ပါ့ဘုရား)။

သူတို့မသတ်ခင် ကျုပ်တို့ တရားပွဲ လာခဲ့ကြရတယ် ..(မှန်လှပါ)၊ သူတို့သတ်ပြီးမှဆိုယင် လာနိုင်စရာရှိရဲ့လား....(မလာနိုင်ပါဘုရား)။

သို့သော်....သူတို့ တရားပွဲ သွားဦးမယ်၊ နေရစ်ခဲ့ပါ မောင်ဝေဒနာရယ်ဆိုတော့ နေရစ်သလား၊ ပါရက်လား.... (ပါရက်ပါဘုရား)၊

ရော....ဒကာ ဒကာမတို့ သေမင်းက ထားပစ်ခဲ့လို့လဲ မရပါကလား-(မရပါဘုရား)၊ ထားပစ်ခဲ့လို့လဲ မရဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေမင်းလွှတ်တဲ့နေရာ ပြေးကြပါစို့-(မှန်ပါ့ဘုရား)၊ ဘယ်ပြေးကြမယ်.... (သေမင်းလွှတ်တဲ့ နေရာ ပြေးကြပါမယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဝေဒနာသုံးပါးမရှိတဲ့နေရာမှ သေမင်းလွတ်တော့မယ်....(မှန်ပါ့ဘုရား)၊ ဘယ်နေရာမှာ လွတ်ပါလိမ့်-(ဝေဒနာသုံးပါးမရှိတဲ့နေရာမှာပါ ဘုရား)၊

ဒါကြောင့် အခုပြောနေတာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို သတိပေးရတယ်၊ ဒကာဒကာမတို့ ခင်ဗျား တို့ ပြောနေတာနော်၊ ဘုန်းကြီးများ ဝမ်းမသာလို့ မဟုတ်ပါဘူး၊ သေမင်းရှိရက်နဲ့ ခေါးကုပ်ပေါ်မှာဝဲလျက်နဲ့ ပြောနေတဲ့ အပြောပါ- (မှန်ပါ့ဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်လို ပြောနေတာပါလိမ့်.... (ခေါးကုပ်ပေါ်ဝဲလျက် ပြောတာပါဘုရား)၊ ခေါးကုပ်ပေါ် ဝဲလျက်နဲ့ ပြောနေတဲ့ အပြောဆိုတော့ ဒကာဝတို့၊ မေခင်ထွန်းလှိုင်တို့ ကောင်းသေးရဲ့လား-(မကောင်းပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊

ဒါဖြင့်.... ဒကာ ဒကာမတို့ ဘဝများစွာ သံသရာက ဘယ်သူ့လည်ပင်း ခေါင်းစင်းပြီး အပ်ပြီးသကာလ ကျုပ်တို့ နေခဲ့ကြရတယ်ဆိုတာ ယနေ့တော့ဖြင့် ပေါလောကြီး ပေါ်ပါပြီ-(မှန်ပါ့ဘုရား)၊

ဝေဒနာသုံးခု၏ လက်တွင်းမှာ ခေါင်းစင်းပြီး သကာလ သေခဲ့ရတဲ့ ဘဝချည်းပဲ ဆိုယင်လဲ လွဲပါ့မလား.... (မလွဲပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သို့သော်....ဒကာ ဒကာမဘွေက မသိတဲ့ အခါကျတော့ ဒီဝေဒနာတွေကိုပဲ လည်ပြီးရှာနေကြတယ်.... (မှန်ပါ့ဘုရား)၊

http://www.dhammadownload.com



ဝေဒနာတွေကို လည်ပြီးရှာကြတယ်....(မှန်ပါ)၊ ငွေရှာတယ် ဆိုတာ ဝမ်းသာချင်လို့၊ ရွှေရှာတယ်.... ဆိုတာကော.... (ဝမ်းသာချင်လို့ပါ ဘုရား)၊ စိန်ရှာတယ် ဆိုတာကော.... (ဝမ်းသာချင်လို့ပါဘုရား)၊ ဝမ်းသာတာ ဘာဝေဒနာပါ လိမ့်....(သုခဝေဒနာပါဘုရား)။

ဩော်....သေမင်းရှာကြတာပါကလား.... (မှန်ပါ့ဘုရား)။ ဘာရှာကြတာလဲ....(သေမင်းရှာကြတာပါဘုရား)၊ ဩော်.... မသိတော့ ဒကာဒကာမတွေ သိမ်ခက်ပါကလား....(မှန်ပါ့)။

သေမင်းဟာ ရှာကောင်းတာလား ရှောင်ရမှာလား .... (ရှောင်ရမှာပါဘုရား)၊ရှောင်ရမှာကို ခင်ဗျားတို့က ဘာယ့်နှယ် လုပ်နေကြသလဲ....(ရှာနေကြပါတယ်ဘုရား)။

ဩော်... သေရတာ အားမရလို့လားလို့ပဲ.... မေးဖို့သာ ရှိတော့တယ်-(မှန်ပါ့ဘုရား)၊ ဒီပြင် ဘာမှမေးစရာ မရှိတော့ ဘူး....(မှန်ပါ့ဘုရား)၊ သဘောပါကြရဲ့လား.... (ပါ-ပါတယ် ဘုရား)။

ကိုင်း ဒကာဒကာမတွေ နတ်ပြည်များမှာ ခိန္နပဒေါ— သိက နတ်တွေများ အပျော်ကျူးတာနဲ့ ခန္ဓာပါ ပျောက် သွားတယ်....(မှန်ပါဘုရား)၊ သုခဝေဒနာသတ်ချလိုက်တယ်- (မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

တချို့ ဒီလူ့ပြည်မှာလဲ ရှိပါတယ်၊ အပျော်လွန်တာနဲ့ သေပြီ၊ မရှိကြဘူးလား....(ရှိပါတယ်ဘုရား)၊ ဘယ်ဝေဒနာ သတ်လိုက်ပါလိမ့်....(သုခဝေဒနာ သတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



တချို့လဲ အင်း....ဒူတို့ မူးမေ့ပြီး သေသွားတယ်ကွာ.... ဆိုတော့ ဥပေက္ခာဝေဒနာသတ်ချလိုက်တယ်-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဘယ်သူ့လက်တွင်းမှာ ခေါင်းစင်းပြီးသေခဲ့ရတဲ့ ဘဝများပါလိမ့်....(ဝေဒနာ လက်တွင်းမှာ သေခဲ့ရတာ များပါတယ်ဘုရား)။

အခုတော့ ဒကာ ဒကာမတို့ ဝေဒနာ ကင်းကြရဲ့လား.... (မကင်းပါဘုရား)။ ဝေဒနာမကင်းဘူး၊ သုခမရှိ—ဒုက္ခရှိတယ်၊ ဒုက္ခမရှိ—ဥပေက္ခာ ရှိတယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

အင်း-ဘယ်သူနဲ့အတူတူနေကြပါလိမ့်....(သေမင်းနဲ့အတူတူနေပါတယ်ဘုရား)။ သေမင်းနဲ့အတူတူနေကြရတယ်.... (မှန်ပါဘုရား)၊ အားလုံးတရားတော်ပွဲလုံး ဘယ်သူနဲ့အတူတူနေသတုံး-(သေမင်းနဲ့အတူတူနေရပါတယ်ဘုရား)။

ဩော်....ဒီအထဲကလဲသေမင်းမှန်းမသိတော့လဲဦးခင်မောင်ခက်လိုက်တာ....(မှန်လှပါဘုရား)၊ နေရတာက.... (သေမင်းနဲ့အတူတူနေရပါတယ်ဘုရား)၊

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့မှာဘဂလဲ သေမင်းရှိလျက်နဲ့ သေမင်းမှန်းမသိတော့ပါဘူးဆိုလို့ရှိယင် တယ်ကြီးတဲ့ အဝိဇ္ဇာပါကလားဆိုတာပဲ ပြောဖို့ရှိတော့တာပဲ .... (မှန်ပါဘုရား)၊ သဘောပေါက်ကြလား.... (ပေါ်ပါတယ်ဘုရား)။ သေမင်း ဘယ်နှစ်ယောက် ရှိပါလိမ့်.... (သုံးယောက်ရှိပါတယ်ဘုရား)။ ဘယ်အချိန်များသူလွတ်သွားပါလိမ့်မတုံး-(မလွတ်ပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ဘုရားက "သော ဝေဒနာ ပရိညာယ် ဒိဋ္ဌေဝ ဓမ္မေ အနာသဝေါ" ဝေဒနာများ သေမင်းရယ်လို့ ပိုင်းပိုင်းခြားခြား နှိပ်စက်တတ်တဲ့တရားလို့ ကိစ္စညာဏ်နဲ့မျှား သိမယ် ဆိုလို့ရှိယင်ကွာ....မျက်မှောက်၌ပင် အာသဝေါ ကင်းပါသတဲ့.... (မှန်ပါ)။

သူ့ကိုသေမင်းရယ်လို့မျှား သေသေချာချာသိပြီးသကာလ နှိပ်စက်တတ်တဲ့ တရားရယ်လို့ အမှန်မျှား သိကြမယ်ဆိုလို့ ရှိယင်ဖြင့် သညာသိနဲ့ မသိဘဲနဲ့ ပညာသိနဲ့သိရမယ်ဆိုလို့ရှိသင်ဖြင့် ဒိဋ္ဌေဝဓမ္မေ အနာသဝေါ = ယခုဘဝတွင်ပင် အာသဝေါ ကင်းပါလိမ့်မယ်ကွာတဲ့....(မှန်ပါဘုရား)။

ကာယဿ ဘေဒါ ဓမ္မဋ္ဌော။ ကာယဿ = ခန္ဓာကိုယ်၏၊ ဘေဒါ = သေသည်မှ နောက်ကာလ၌၊ ဓမ္မဋ္ဌော = နိဗ္ဗာန်၌တည်သည်၊ ဟောတိ = ဖြစ်၏၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာကို ခင်ဗျားတို့ သေမင်းလို့၊ နှိပ်စက်တဲ့တရားလို့ အမှန်မျှား သိမယ်လို့ဆိုလို့ရှိယင်ဖြင့် ယခု အာသဝေါကင်းပါတယ်တဲ့....(မှန်ပါဘုရား)။ သဘောကျပလှား....(ကျပါပြီဘုရား)၊

ကာယဿဘေဒါ ဓမ္မဋ္ဌော၊ ကာယဿ = ခန္ဓာကိုယ်၏၊ ဘေဒါ = ယခုဘဝ သေသည်၏အခြားမဲ့၌၊ ဓမ္မဋ္ဌော = နိဗ္ဗာန်၌တည်သည်၊ ဟောတိ = ဖြစ်၏၊ တစ်ခါတည်း နိဗ္ဗာန်ရောက်သွားမယ်....(မှန်ပါဘုရား)။

သော ဝေဒဂူ = ထိုရဟန္တာပုဂ္ဂိုလ်သည်၊ သင်္ချံ = ပုထုဇဉ်ဟူသော အရေအတွက်သို့၊ နောပေတိ-နဥပေတိ = မရောက်ပါ

http://www.dhammadownload.com



ဘူးကွာတဲ့....(မှန်ပါ)၊ ဒါ ဝေဒနာသံယုတ် ပါဠိတော်မှာလာပါတယ်-(မှန်ပါ့ဘုရား)။ သဘောကျပလား—(ကျပါတယ်)။

ဝေဒနာဟာ သူသတ်ယောကျာ်းလို့ ပိုင်ပိုင်နိုင်နိုင်သိလို့ ရှိယင် မင်းတို့ အာသဝေါ ကုန်ပါတယ်ဘဲ့.... (မှန်ပါ့ဘုရား)၊ ဦးခင်မောင် တယ်ကောင်းပါကလား .... (ကောင်းပါတယ်ဘုရား)၊ဝေဒနာကို သူသတ်ယောကျာ်းရယ်လို့ ကိစ္စဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင်သိလို့ ရှိယင်ဖြင့် ဘာဖြစ်သတဲ့တုံး....(အာသဝေါကုန်ပါတယ်ဘုရား)။ အာသဝေါကုန်တယ်တဲ့၊ ဒီဥစ္စာ....မဂ်ဓလေးတန်ကို တစ်ခါတည်းတန်းပြီး ရနိုင်တယ်ဆိုတဲ့အဓိပ္ပာယ်ကျအောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်နော်....(မှန်ပါ)။

သော ဝေဒနာ အရိညာယ၊
ဒိဋ္ဌေဝဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊
သင်္ချံ နောပေတိ ဝေဒဂူ။

ဆိုတော့ သူ့ကို ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိဖို့ ဒကာဒကာမတွေ ယနေ့ပြောရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒီလိုသိပြီးလို့ ရှိယင်လဲ ဘာမှမပူနဲ့တော့တဲ့၊ အာသဝေါ ကင်းပါလိမ့်မယ်တဲ့....(မှန်ပါ့ဘုရား)၊ ဟုတ်လဲ့ဟုတ်ပေသားပဲ ဒကာဒကာမတို့၊ ရတဲ့ပါဠိနဲ့ပဲ ဘုန်းကြီး အကိုးအကားပြလိုက်ပါမယ်ဆိုတော့ ဝေဒနာနိရောဓာ....ဦးခင်မောင်တို့ ဆိုကြစမ်း .... (တဏှာနိရောဓော)၊ ဝေဒနာနိရောဓာ .... (တဏှာနိရောဓော)။

http://www.dhammadownload.com



ဟော....တဏှာနိရောဓောဆိုတဲ့ ကာမတဏှာ ချုပ်သွားပြီ၊ ကာမာသဝဆိုတဲ့ လောဘလေ.... (မှန်ပါ)၊ ဘဝါသဝဆိုတဲ့ ဘုံဘဝ တပ်နှစ်သက်တဲ့လောဘကော....(ချုပ်ပါတယ်ဘုရား)။ ဒိဋ္ဌာသဝဆိုတဲ့လောဘနဲ့ သဟဇာတ ဖြစ်နေတဲ့ ဒိဋ္ဌိကော.... (ချုပ်ပါတယ်ဘုရား)။

နောက်ပြီးတော့ ဒိဋ္ဌိနဲ့ သဟဇာတ ဖြစ်နေတဲ့ မောဟကော... (ချုပ်ပါတယ်ဘုရား)၊ ဟော....အာသဝေါလေးပါး ပေါ့....ဒကာဒကာမတို့၊ သူတို့ချုပ်အောင် လုပ်နိုင်လို့ရှိယင် အာသဝေါတရားလေးပါးလဲ နောက်က ချုပ်ပါတယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)၊

ဒါကြောင့်.... 'သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ' ဒိဋ္ဌဓမ္မပေါ့ကွာ၊ ဒါ အာသဝမရှိပါဘူး၊ မယုံယင် ရှုကြည့်စမ်းပါတဲ့၊ ဝေဒနာသာ တစ်ခါတည်း နောက် ဘယ်တော့မှမလာအောင်၊ နိရောဓဖြစ်အောင်၊ ချုပ်ငအောင် ရှုကြည့်စမ်းပါဆိုတော့ ဝေဒနာနိရောဓော.... (တဏှာနိရောဓော ပါပဲ)။

တဏှာနိရောဓော ဆိုကတည်းက တဏှာနဲ့ သဟဇာတ ဖြစ်တဲ့ အဝိဇ္ဇာကော.... (ချုပ်သွားပါတယ်ဘုရား)၊ ဒီတဏှာ ကလဲ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုတဲ့အတိုင်း ဒကာဒကာမတို့ တဏှာသုံးမျိုးလဲ မချုပ်ဘူးလား.... (ချုပ်ပါ တယ်ဘုရား)၊

ကာမတဏှာ ဆိုတာ လောဘ၊ ဘဝတဏှာ ဆိုတာ သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာ ဆိုတာ ဥစ္ဆေဒဒိဋ္ဌိ၊ ဒါတွေပါ

http://www.dhammadownload.com



ခရာချုပ်တယ်....(မှန်ပါ)၊ သူနဲ့သဟဇာတဖြစ်တဲ့ မသိလို့ ဒီဥစ္စာ ဖြစ်နေတဲ့ အဝိဇ္ဇာလဲ ပါမသွားသေးဘူးလား.... (ပါသွားပါ တယ်ဘုရား)။

အော....ဒါကြောင့် ''သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ- ဓမ္မေ အနာသဝေါ၊ ကာယဿဘေဒါ ဓမ္မဋ္ဌော'' ကာယဿ၊ ခန္ဓာကိုယ်၏၊ ဘေဒါ၊ ပျက်သောကာလ၌၊ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သည်။ ဟောတိ၊ ဖြစ်၏။

ဒကာ ဒကာမတို့....ဒါကြောင့်မို့ သူ့ကို ပိုင်ပိုင်နိုင်နိုင် ရှုစမ်းပါလို့ ပြောလိုက်တယ်-(မှန်ပါ)၊ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။

ကိုင်း....ဒကာဒကာမတို့၊ အာသဝေါကုန်ချင်ယင် ဝေဒနာ ကုန်အောင် လုပ်ရလိမ့်မယ်-(မှန်ပါဘုရား)၊ အာသဝေါကုန် ချင်ယင်- (ဝေဒနာကုန်အောင်လုပ်ရလိမ့်မယ်)၊ ဝေဒနာကုန် အောင် လုပ်ရလိမ့်မယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

ကိုင်း....ကုန်အောင် လုပ်တဲ့ နည်းကို ဆရာဘုန်းကြီးက ဒကာ ဒကာမတွေအား ရှုနည်းနဲ့တကွ ပြပါတော့မယ်ဆိုတဲ့ ဥစ္စာကို ကြပ်ကြပ်ဂရုစိုက်ကြပေတော့....(မှန်ပါဘုရား)။

ဝေဒနာက သုံးမျိုးချုံးလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်.... ဦးခေါင်းမောင်ရေ- ဖြစ်ပျက်ပဲ ရှိမှာပါပဲ .... (မှန်ပါဘုရား)၊ ဝေဒနာသုံးမျိုး ချုံးလိုက်တဲ့အခါကျတော့....(ဖြစ်ပျက်ပဲရှိပါ တယ်ဘုရား)၊ဖြစ်ပျက်ပဲရှိတော့မယ်ဆိုတာခမသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာကိုပဲ ရှုကြပါစို့ ဆိုတဲ့အမိပ္ပာယ်ဟာ ပေါ်လာပြီနော်- (မှန်ပါ့ဘုရား)၊ဝေဒနာ နောက်က မဂ္ဂပြဟ္မစရိယ အကျင့် လုပ်ကြစို့.... (မှန်ပါ)၊ ဒကာဝ-ဘာလုပ်ရမယ်.... (မဂ္ဂပြဟ္မစရိယ အကျင့်လုပ်ရပါ မယ်ဘုရား)။

မဂ္ဂပြဟ္မစရိယအကျင့် လုပ်ရလိမ့်မယ် ဆိုတဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့၊ဒကာဒကာမတွေ သုခဝေဒနာကလေးက ထပ် ပြောနေတယ်လို့ အောက်မေ့မနေနဲ့၊ မသိတဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာ ထပ်ပြောတာတောင် သင့်ရဲ့ပဲ ရှိတယ်နော်.... (မှန်ပါ့ဘုရား)။

မျက်လုံးမြင်တဲ့အခါ မြင်တယ်ဆိုယင် ဘာဝေဒနာ ပေါ် သတုံး၊ (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)၊ နောက်က ဒကာဒကာမတွေ သေသေချာချာ မှတ်နော်၊ နောက် ရှုစရာ မရှိဘဲနဲ့မှာစိုးတယ်-(မှန်ပါ)၊ မျက်လုံးကလေး ဖွင့်လိုက်လို့ မြင်လိုက်ယင်-(ဥပေက္ခာ ဝေဒနာပါဘုရား)။

အဲ....မြင်တဲ့ သဘောကလေးဟာ ဥပေက္ခာ ဝေဒနာပဲ့ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်ပဲ....(မှန်ပါ)၊ သဘောကျပြ လား-(ကျပါပြီ)၊ မြင်တယ်ဆိုလို့ရှိယင် ဘယ်သူမှ မြင်တာ မဟုတ်ဘူး၊ ဥပေက္ခာ ဝေဒနာ ဖြစ်တာသာ မှတ်လိုက်ပေတော့ (မှန်ပါ့ဘုရား)၊ နှာ၊ ဏ ဘာကလေးကြားကြား....(ဥပေက္ခာ ဝေဒနာပါဘုရား)။

နှာခေါင်းထဲက ပုပ်တဲ့အနံ့နံနံ၊ မွှေးတဲ့အနံ့နံနံ ဘာဖြစ် သတုံး....(ဥပေက္ခာဝေဒနာပါဘုရား)၊ လျှာပေါ်မှာ ချိုတာ

http://www.dhammadownload.com



စားစား၊ ချဉ်တာစားစား၊ ဖန်တာစားစား ဘာဖြစ်သတုံး (ဥပေက္ခာဝေဒနာပါဘုရား)။

ဪ....ဒီနေရာတွေဟာ သူပေါ်တဲ့နေရာတွေပဲ၊ သူပေါ်တဲ့နေရာမှာ သူ သေတဲ့နေရာလို့မှတ်လိုက်ပေါ့ (မှန်ပါ့ဘုရား)၊ သူပေါ်တဲ့နေရာဟာ....(သူသေတဲ့နေရာပါဘုရား)။

ဪ....ဒါဖြင့် ရှုစရာလေးဌာနတွေ့တယ်-(မှန်ပါ့ဘုရား)။

ဪ....ဥပေက္ခာ ဝေဒနာ ရှုရမည့်နေရာက လေးဌာနပါကလားလို့ မှတ်ထား-(မှန်ပါ့ဘုရား)၊ လေးဌာန တစ်ပြိုင်နက် ပေါ်မှာလား၊ တစ်ခုပြီးမှတစ်ခု ပေါ်မှာလား....(တစ်ခုပြီးမှ တစ်ခု ပေါ်မှာပါဘုရား)။

ဒါဖြင့်....တစ်ခုတည်း ရှုရမှာဖြစ်ပြီးသကာလ နေတော့ ဒကာဒကာမတို့ ဝန်လေးစရာ ရှိကြရဲ့လား....(မရှိပါဘုရား)၊ ပေါ်ပြီနော်....(မှန်ပါ့ဘုရား)၊

တစ်ခါ "သုခသဟဂတံ ကာယဝိညာဏံ၊ ဒုက္ခသဟဂတံ ကာယဝိညာဏံ"လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟော၊ သင်္ဂြိုဟ်ကျမ်း အရှင်အနုရုဒ္ဓါတို့ကလဲ ဘုရားဟော တော်မူတာတွေကြည့်ပြီး ရေးထား၊ပြန်တော့ ကိုယ်ပေါ်ကျတော့ ချမ်းသာယင် ဘာဝေဒနာ....(သုခဝေဒနာပါဘုရား)။

အင်း....နာလို့ရှိယင် ကိုက်တယ်၊ ခဲတယ် ဆိုယင်.... (ဒုက္ခဝေဒနာပါဘုရား၊ အဲ....ကိုယ်ပေါ်ကျတော့ သုခ၊ ဒုက္ခ နှစ်ခု ပေါ်တယ်-(မှန်ပါ့)၊သုခပေါ်ယင်တဲ့ သုခကို ဒီနေရာပေါ်ယင်

http://www.dhammadownload.com



ဒီနေရာ ဖြစ်ပျက်ရှုပါ-(မှန်ပါ)၊ ဒုက္ခဝေဒနာကော-(ဒီနေရာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊

ဪ....ဒါဖြင့် သုခဝေဒနာလဲ ရှုတတ်ပြီ၊ ဒုက္ခဝေဒနာကော-(ရှုတတ်ပါပြီဘုရား)။ ဥပေက္ခာ ဝေဒနာကလေးတွေကော....(ရှုတတ်ပါပြီဘုရား)။

အဲဒါတော့ ပြင်ဘက်ညှော်သည်တွေ ရှုတတ်ပါပြီ.... (မှန်ပါဘုရား)၊ ပြင်ဘက်ညှော်သည် ခြောက်ယောက်ကို ရှုတတ်ပါပြီ (မှန်ပါ)။

အတွင်းညှော်သည်ကလေးတွေ လိုက်ကြပါဦး ဦးခင်မောင်တို့....ဦးဇံရင်တို့ အတွင်းညှော်သည် လိုက်ပါဦးနော်.... (မှန်ပါဘုရား)။

အတွင်းကျတဲ့ အခါကျတော့ ငွေကလေး ဘာကလေးတောင်းရတဲ့ အခါကျတော့ ဒကာ ဒကာမတို့ အဆင်ပြေတဲ့အခါကျတော့ ဝမ်းထဲမှာ သောမနဿဝေဒနာ ပေါ်တယ် (မှန်ပါဘုရား)။

အဲဒီတော့ သောမနဿဝေဒနာပေါ်တာလဲ ဟဒယဝတ္ထုပေါ်မှာ ပေါ်တဲ့အတွက် ဒီနေရာမှာ ဉာဏ်လှည့်ပြီးသကာလ ဖြင့်ပျက် ရှုရလိမ့်မယ်....(မှန်ပါ)၊ တောင်းရမ်းလို့ မရဘူး၊ အကြောင်းတော့ မညီညွတ်ဘူးဆိုလို့ရှိယင်ဖြင့် ဝမ်းထဲမှာ ဒေါမနဿ ဝေဒနာကော....(ပေါ်ပါတယ်ဘုရား)။

ဒီအခါကျတော့ ဒေါမနဿဝေဒနာကို ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)၊ အဲ....ဖြစ်ပြီးပျက်ဘဲတရားသို့ ရှုရလိမ့်မယ်နော်....(မှန်ပါဘုရား)။

http://www.dhammadownload.com



တစ်ခါတလေကျတော့ ကိုင်း-ရ မရဆိုတာ ကမ္မဿကာပဲ ဗျ၊ ရချင်လဲ ရမှာပဲ၊ မရချင်လဲနေမှာပဲ၊ ကမ္မဿကာပဲ ဆိုပြီး ထိုင်လိုက်တဲ့အခါကော မပါဘူးလား- (ပါပါတယ်ဘုရား)။

အဲဒီ ကမ္မဿကာ ထိုင်လိုက်တဲ့ အခါကျတော့ ဝမ်းထဲမှာ ဥပေက္ခာဝေဒနာ ပေါ်တယ်....(မှန်ပါဘုရား)၊ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဒါ အားလုံးအတွက် ငဲ့ပြီးတော့ ပြောနေတယ်နော်... (မှန်ပါ)၊ နားလည်ပြီးသား ပုဂ္ဂိုလ်တွေက ဘုန်းကြီးတို့ ထပ်လာပြန်ပြီလို့ အောက်မေ့မနေနဲ့၊ နားမလည်သေးတဲ့ ပုဂ္ဂိုလ်တွေက ဒီအထဲမှာ အတော်များတယ်.... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့....ဥပေက္ခာဝေဒနာ ပေါ်နိုင်တဲ့နေရာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ဝမ်းထဲ.... (မှန်လှပါဘုရား)၊ဘယ်နှစ်နေရာပါလိမ့်(ငါးနေရာပါဘုရား)၊ ငါးနေရာနော်....(မှန်ပါဘုရား)။

အရှင်သာရိပုတ္တရာတို့ ဒကာ ဒကာမတို့ ချောင်းခုန်တယ်ဆိုတာ ကြားဖူးမှာပေါ့၊ မကြားဖူးဘူးလား....(ကြားဖူးပါတယ် ဘုရား)။

ရဟန္တာဖြစ်ပြီးသကာလ ဘာဖြစ်သို့ ချောင်းကိုခုန်သတုံး၊ ဝါသနာခွန့်နိုင်လို့....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကောင်းပြီ-သုခပေါ်နိုင်တဲ့နေရာက ကိုယ်ပေါ်မှာ တစ်ချက်၊ ဝမ်းထဲမှာတစ်ချက်၊ ဝမ်းထဲကျတော့ သောမနဿအဖြစ်နဲ့ ပေါ်တယ်နော်....(မှန်ပါ)၊ ကိုယ်ပေါ်ကျတော့ သုခအဖြစ်နဲ့ ပေါ်တယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒုက္ခကလဲ ကိုယ်ပေါ်ကျတော့ ဒုက္ခအဖြစ်နဲ့ ပေါ်တယ်၊ ဝမ်းထဲကျတော့-(ဒေါမနဿအဖြစ်နဲ့ ပေါ်ပါတယ်)၊ သဘော ကျပလား--(မှန်ပါ့ဘုရား)။

အဲဒီတော့ ဗီနေရာကလေးတွေ လှည့်ရှုလိုက်တဲ့ အခါ ကျတော့ ဗြော်--သုခနဲ့ဒုက္ခက တစ်ကိုယ်လုံးမှာ ပေါ်ချင်ရာ ပေါ်ပါကလား၊ ဆံဖျား၊ လက်သည်း၊ ခြေသည်းဖျား၊ အရေ ခြောက်ချန်ထားပြီး ကျန်တဲ့နေရာတွေမှာ အကုန်ပေါ်တာပဲ.... (မှန်ပါ့ဘုရား)၊ ဆံပင်ဖျားမှာ သူမပေါ်ဘူး၊ လက်သည်း၊ ခြေသည်းဖျားမှာ သူမပေါ်ဘူး၊ အရေခြောက်ကလေးမှာ သူမပေါ်ဘူး....(မှန်ပါ့)၊ ကျန်တဲ့နေရာမှာ သုခပေါ်ချင်လို့ ရှိယင်လဲ ပေါ်နိုင်တာချည်းပဲ၊ ဒုက္ခပေါ်ယင်ကော- (ပေါ်နိုင် ပါတယ်ဘုရား)။

အေး-ဆံဖျား၊လက်သည်းဖျား၊ခြေသည်းဖျား၊အရေခြောက် ချန်လှပ်ပြီး သကာလ ပေါ်တဲ့နေရာကလေးတွေကို ဒကာ ဒကာမတွေက သော ဝေဒနာ ပရိညာယ၊ သော=ထိုပုဂ္ဂိုလ် သည်၊ ဝေဒနာ=ပေါ်တဲ့ ဝေဒနာကို၊ ပရိညာယ=ပိုင်ပိုင် နိုင်နိုင်သိရမယ်၊ ဒီဝေဒနာကလေးတွေကို ဘာတဲ့.... (ပိုင်ပိုင် နိုင်နိုင် သိရပါမယ်ဘုရား)။

သုခပေါ်လဲ ပိုင်ပိုင်နိုင်နိုင်သိရမယ်-(မှန်ပါ့)၊ ဒုက္ခပေါ်လဲ (ပိုင်ပိုင်နိုင်နိုင်သိရမယ်)၊ သောမနဿပေါ်ကော.... (ပိုင်ပိုင် နိုင်နိုင်သိရမယ်)၊အင်း....ဒေါမနဿပေါ်ကော-(ပိုင်ပိုင်နိုင်နိုင် သိရမယ်)။

http://www.dhammadownload.com



အဲ....ပိုင်ပိုင်နိုင်နိုင် သိလိုက်လို့ ရှိယင်ဖြင့် ပရိညာယ- ပိုင်ပိုင်နိုင်နိုင်သိ၍၊ သို့မဟုတ် ပိုင်းခြား၍ သိ၍ အတူတူပဲ-(မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒီလိုလုပ်ကြပေတော့ ဒကာဒကာမတို့၊ မျက်လုံးထဲမှာ ဒီကနေပြီးကြည့်လိုက်တော့ အပြင်ဘက်မှာလဲ ဒကာဒကာမတွေရှိတယ်၊ နောက်မှာလဲ ဒကာဒကာမတွေ ရှိတယ်၊ ရှေ့မှာလဲ ဆရာတုန်းကြီးရှိတယ်....(မှန်ပါဘုရား)။

ကြည့်လိုက်တဲ့အခါကျတော့ မြတ်ဆိုမမြင်လား-ဘုန်းကြီးကြွလာပဲဟဲ့....ဆိုတော့ မမြင်လား.... (မြင်ပါတယ်ဘုရား)။ ဘာဝေဒနာပါလိမ့်....(ဥပေက္ခာဝေဒနာပါဘုရား)။

ရှုလိုက်ကြသေးသလား ဒကာဒကာမတို့ မရှုပါဘူး၊ ခွကျလိုက်တာမှ ရှုကို မရှုဘူး ခက်လိုက်တဲ့ ဖြစ်ခြင်းမှ သြော်....ဘုန်းကြီးကြွလာလို့ ဝမ်းသာတာရှိတာပဲ.... (မှန်ပါဘုရား)။

ဝမ်းသာတာတော့လဲ ဝမ်းသာတာက ဘာဝေဒနာတဲ့.... (သောမနဿဝေဒနာပါ ဘုရား)၊ သောမနဿဝေဒနာ .... (မှန်ပါ)၊ အဲဒါကော ရှုလိုက်ကဲ့လား ...(မရှုလိုက်ပါဘုရား)၊ ခင်ဗျားတို့ဟာက တယ်ကျပ်ပါကလား၊ မရှိလို့မရှုဘာလား၊ ရှိလို့မရှုတာလား....(ရှိလို့မရှုဘာပါဘုရား)။

ဒါဖြင့် ရှိလို့မရှုလို့ရှိယင် ဝေဒနာပစ္စယာ တဏှာ-(မှန်ပါဘုရား)၊ ကဲ,...ဆက်သွားပြီ- (မှန်ပါဘုရား)၊ မဆက်ဘူးလား ကဲ....(ဆက်ပါတယ်ဘုရား)၊ ဝေဒနာပစ္စယာ....(တဏှာပါဘုရား) သူက ဟောဒထားတာက ဝေဒနာနိရောဓာမှ ဘာတုံး....(တဏှာနိရောဓောပါဘုရား)။

http://www.dhammadownload.com



အဲဒါ ဝေဒနာရှုတော့မှ ဝေဒနာက နိစ္စရာခေါဖြစ်တော့မှ နောက်ကာ ရှုတဲ့မဂ်က တဏှာနိရောဓ ဖြစ်မှာကိုး- (မှန်ပါ ဘုရား)၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဦးခင်မောင် အခုတော့ ဝေဒနာပေါ်တာကိုလဲ မရှုမိတော့ သုခဝေဒနာပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဥပေက္ခာ ဝေဒနာပစ္စယာ မောဟော-ဒီသုံးခုပဲ လှည့်လာတယ် (မှန်ပါဘုရား)။

ဒကာ ဒကာမတွေ ဆရာကောင်းတပည့် တယ်လဲ မပီသ သေးပါဘူး-(မှန်ပါဘုရား)၊ အရှုံးဆိုးတုန်းရှိသေးတယ်-(မှန် ပါဘုရား)၊ ဒါ အပြစ်တင်တာလဲ မအောက်မေ့ပါနဲ့ ကိုယ် ဆိုးတာပြောတာ-(မှန်ပါဘုရား)၊ ဦးခင်မောင်....အပြစ်တင် တာလား၊ ကိုယ်အရှုံးဆိုးတာလား....(ကိုယ်အရှုံးဆိုးတာပါ ဘုရား)။

အဲ-နောက်လာလို့ရှိယင်ဖြင့် ဘာလာလာ မြင်တယ်ဆိုယင် မြင်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ.... (မှန်ပါဘုရား)၊ မရှုတတ်လို့ရှိ ယင်ဖြင့် မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆို တာ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတာပဲ .... (မှန်လှပါဘုရား)၊ မဆက်ပေဘူးလား....(ဆက်ပါတယ်ဘုရား)။

အဲဒီတော့ မြင်လိုက်ပြန်တော့ မြင်တယ်၊ ခင်တယ်၊ စွဲလမ်း တယ်၊ မြင်တယ်ဆိုတဲ့ဥစ္စာက မြင်ယင် ဥပေက္ခာ ဝေဒနာ.... (မှန်ပါ)၊ ခင်တယ်ဆိုတာက ဝေဒနာ ပစ္စယာ....(တဏှာပါ ဘုရား)၊ ဟော....မြင်လို့ ခင်တာကိုးဗျ....(မှန်ပါဘုရား)။

ကျုပ်က မျက်စိ မျက်နှာမြင် ခင်တတ်တယ်ဗျ၊ ခင်ဗျား တို့ကလဲ နှုတ်တက်တယ် ဒီဥစ္စာတော့....(မှန်ပါဘုရား)၊ ဘာ

http://www.dhammadownload.com



ဖြစ်လို့ ဒီလောကနှုတ်တက်နေရတာတုံး ဆိုတော့ အို-(လောကွတ်ပါဘုရား)၊ ဒီလောကွတ်ဟာ အပါယ်ကျတယ်....ခင်ဗျား တို့ဟာ- (မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးခင်မောင် လောကွတ်ကြောင့်ဘာဖြစ်သတုံး- (အပါယ်ကျပါတယ်)၊ မြင်ယင် ကျုပ်က ခင်တတ်ပါတယ်၊ ဆွေမျိုးဉာတကာလိုပဲ ဘယ်သူတွေတွေ ဒီလိုပဲ ခင်တတ်ပါတယ် ဆိုတော့ ရောင်းကောင်းအောင်လို့ ပြောနေတာ လိမ်ဖြစ်ကတစ်ခါသင့်သေးတယ်-(မှန်ပါဘုရား)၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)၊ မလိမ်ပါဘူး၊ ရိုးရိုးခင်ပါတယ် ဆိုတော့လဲ တကျွာ၊ ဉပါဒါန်၊ ကံနဲ့ ဇာတိ၊ ဇရာ၊ မရဏ ပေါ်လာတယ်- (မှန်ပါ)၊ လိမ်ပြန်တဲ့ အခါကျလို့ရှိယင်လဲ ဒကာဒကာမတို့ မုသာဝါဒ ကံကနေပြီး အပါယ်ပို့ပြန်တာပဲ.... (မှန်ပါ)။

နို့....ဘယ်ဟာကောင်းသေးတုံး- (ဘယ်ဟာမှမကောင်းပါ)၊ ရှာ ပဲကောင်းတယ်....(မှန်ပါ)။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဘာလုပ်ကြမယ်.... (ရှုတာက ကောင်းပါတယ်ဘုရား)၊ ရဲရဲတင်းတင်းရှုစမ်းပါ ဒကာဒကာမတွေက စိတ်ပျက်ကုန်မှာစိုးလို့များ မရှုဘဲနေတာလား....ခင်ဗျားတို့....

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ကြားတယ် ဆိုယင်လဲ ဉပေက္ခာ ဝေဒနာကလေး ပေါ်တယ်နော်....(မှန်ပါ)၊ ကြားကြားချင်း တစ်ခါတည်းဘာလုပ်ကြမယ်- (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ နားထဲကို ဉာဏ်ထည့်ပြီး ရှုလိုက် ...(မှန်ပါ)။

နားထဲ ဉာဏ်ထည့်ပြီး ရှုလိုက်တော့ ဖြစ်ပျက်ဆိုတော့ ဝေဒနာ နိရောဓာဆိုတော့ ရှုတဲ့ဉာဏ်က တကျွာနိရောဓော

http://www.dhammadownload.com



သွား၊ဖြစ်တယ်....(မှန်ပါ့ဘုရား)၊ ဒီတဏှာ လာမည့်နေရာ ဉာဏ်လာဘာကိုး....(မှန်ပါ့ဘုရား)။ တဏှာလာမည့်နေရာ (ဉာဏ်လာ့ပါတယ်ဘုရား)။

လာတော့ ဝေဒနာဖြစ်ပျက်ကိုမြင်မှုမဂ်ကလဲပေါ်တာကိုး. (မှန်ပါ့ဘုရား)၊ ဝိပဿနာမဂ်က ပေါ်တော့ ဝေဒနာ နိရောဓာ- (တဏှာနိရောဓော)၊ တဏှာနိရောဓောဆိုတော့ တဏှာသည် မလာဘဲနဲ့ချုပ်တယ်....(မှန်ပါ့ဘုရား)၊ လာသေးရဲ့လား- (မလာပါဘုရား)၊ ဘာဖြစ်လို့ မလာသတုံးဆိုတော့ ဒီရှုတဲ့ ဉာဏ်ကဖြတ်ခနဲ အစားထိုးပစ်လိုက်တယ်- (မှန်လှပါ့ဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲ....ရှုတဲ့ဉာဏ်က ဖြတ်ခနဲ အစားထိုးလိုက်တဲ့ အခါကျတော့ ဒီကလဲ ဝေဒနာကလဲ နိရောဓလဲ ဖြစ်ပါရော ဉာဏ်ကလဲ နိရောဓကိုလဲ မြင်လိုက်ပါရောဆိုတော့ တဏှာ ဒီနေရာမှာ မလာဘဲနဲ့ ချုပ်သောကြောင့် တဏှာနိရောဓော- (မှန်လှပါ ဘုရား)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ ဘာနိရောဓောလဲ-(တဏှာနိရောဓောပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဘာ ဝေဒနာမရှုလို့ရှိယင် ဝေဒနာပစ္စယာ တဏှာချည်းဖြစ်မှာပဲ.... (မှန်ပါ့)၊ ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဥပေက္ခာဝေဒနာ ပစ္စယာ....(မောဟောပါဘုရား)။ မောဟောဆိုတော့ ခင်ဗျားတို့ဥစ္စာက ခြောက်.... ဒကာ ဒကာမတွေ မသိပြီဆိုမှဖြင့် အပါယ်သွားကြောင်းချည်း ဖြစ်နေတော့.... (မှန်ပါ့ဘုရား)၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲ....ဒါကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မနေလိုက်ပါနဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာရှာတယ်.... "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ" သေသေချာချာ မှာတာပဲ၊

ဘိက္ခဝေ၊ ရဟန်းတို့။ သတော၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရေယျ၊ နေရစ်ကြပါကုန်၊ သတိပညာနဲ့ နေရစ်ကြစမ်းပါကွာ...မင်းတို့ အကုန် အပါယ်သွားကုန်မှာစိုးလို့၊ မပြောဘူးလား-(ပြောပါတယ်)၊ ဘယ်သူကပြောပါလိမ့်· (ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောပါတယ်ဘုရား)။

ပိုအရွဲ့တိုက်ကြတယ် ကျုပ်တို့ဘာသာက သတိပညာလဲ မထားနိုင်ဘူး၊ မြင်ယင် ခင်မှာပဲ၊ မြင်ယင် မုန်းမှာပဲဆိုတော့ ခင်ဗျားတို့ဟာက ဘယ်သူ့ကို အရွဲ့တိုက်သလဲ- (ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အရွဲ့တိုက်ပါတယ်ဘုရား)။

ဘုရားက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ" ကိုး၊ ဘိက္ခဝေ၊ တို့။ သတော၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာရှိသည်ဖြစ်၍။ ဝိဟရေယျ၊ နေရစ်ကြပါ။ သတိထားပြီး ပညာနှင့်ရှု၍ နေရစ်ကြပါလို့ ဘုရားက မမှာဘူးလား-(မှာပါတယ်ဘုရား)။

ခင်ဗျားတို့က သတိကော ထားရဲ့သလား.... (မထားပါဘုရား)။ ပညာနဲ့ကော ရှုရဲ့လား.... (မရှုပါဘုရား)။

အို....ခင်ဗျားတို့မှာဖြင့် အသံကြားယင် မိုးကြိုးပစ်တာထက် နာသေးတယ်-(မှန်ပါ)၊ အပါယ်သွားရဘာကိုးဗျ၊ မိုးကြိုးပစ်

http://www.dhammadownload.com



တာဏ တစ်ခါသေတာ ဦးခင်မောင်ရ- (မှန်ပါ)၊ ဒီဟာဏ သေလို့ ဆုံးပါ့မလား....(မဆုံးပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါ ရယ်စရာပြောပြီး သကာလနေတာလို့ အောက်မေ့ မနေဘဲနဲ့ တို့ကို အမျိုးမျိုး အဖုံဖုံ ဖြစ်ခြင်း၊ ပျက်ခြင်း ရှုခိုင်းတဲ့ အဓိပ္ပာယ်ပါကလားလို့ ဆိုတာကော သဘောကျကြပလား.... (သဘောကျပါတယ်ဘုရား)။

အဲ....ဒါဖြင့် ရှုကြပါစို့....တဲ့၊ ဒကာဒကာမတို့ နားထဲမှာ ဆတ်ခနဲ ခေါက်လိုက်လို့ကြားယင် တလေး ကလေးက အူဝဲလို့ အော်တဲ့အသံကြားကြား၊ အမယ်လေးလို့ ခေါ်တဲ့အသံကြား ကြား၊ ဟော....လို့ယင် ထူးမလား၊ ရှုလိုက်မလား.... (ရှုလိုက် ပါမယ်ဘုရား)၊ဟုတ်ပါ့မလား-ဇ ဘော်ကိုခက်နေပြီ၊ အတော် ခက်နေပြီ၊ ခင်ဗျားတို့ဟာက မဟုတ်တာချည်း နှုတ်တက်နေ တာကိုးဗျ၊ ခက်လိုက်တဲ့ ဖြစ်ခြင်းက။

ဟော-အမေလို့ခေါ် လိုက်လို့ရှိယင် ကြားတဲ့ အသံကလေး ရှုပြီးမှ ကြားတဲ့ ဉပေက္ခာ ဝေဒနာကလေးဟာ ဖြစ်ပြီးယင် ပျက်ပါပေါ့ကလား၊ရှုပြီးမှပဲ ထူးချင်လဲ ထူးတာပေါ့၊ မဟုတ် ဘူးလား....(မှန်ပါ)၊ ဒီလိုမျိုး တစ်ခါလောက် နေဖူးကြ ရဲ့လား—(မနေဘူးပါဘုရား)။ တယ်လဲ လျှာသွက်ပါကလား ဒကာဒကာမတို့။

အင်မတန် လျှာသွက်နေတယ်၊ တယ့်နှယ်ကြောင့်ဒီလောက် သွက်ပါလိမ့်မတုံး ဆိုတော့ အပါယ်သွားရမှာမို့၊ ဒီလိုဆို တော့ အင်မတန် ဆိုးရွားမနေဘူးလား.... (ဆိုးရွားပါတယ် ဘုရား)။

http://www.dhammadownload.com



အေး....ဒါကြောင့် ခင်ဗျားတို့ ဆိုးရွားတာက ခပ်ပြုံးပြုံးနဲ့ ဆိုးရွားတယ်နော်....(မှန်ပါ)၊လက်ဆီးလက်မောင်းတန်းပြီး ဆက်မောင်းပင့်ပြီး တန်းတာမဟုတ်သေးဘူး၊ အဲဒီအဆိုးမျိုး မဟုတ်သေးဘူး-(မှန်ပါ)၊ ပြုံးဆိုးပဲရှိသေးတယ်...(မှန်ပါ)။

ပြုံးဆိုး သဘောကျရဲ့လား....(မှန်ပါ)။ ပြုံးဆိုး ဆိုတာ အံ့မေလို့ ခေါ်လိုက်တော့ ပြော်-သားကလေးက ခေါ်ရှာတယ်ဆိုတော့ ပြုံးမလာပေဘူးလား....(လာပါတယ်ဘုရား)။

ပြုံးတာ ဘာတုံးဆိုတော့ ခင်တဲ့လောဘ....(မှန်ပါ)၊ ကဲ-လာတော့ ကိုယ့်အိမ်ရှေ့ လိုက်တော့ ဥပါဒါန် မဖြစ်ဘူးလား၊-(ဖြစ်ပါတယ်ဘုရား)။

ဘာဖြစ်သတုံး ငါ့သားလေးလို့ မေးလိုက်တော့ ဝစီကံ သွားဖြစ်တယ်....(မှန်ပါ)၊ ဟော....တဏှာဥပါဒါန်ကံက တန်းထွက်လာတယ်....(မှန်ပါ)၊ မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား)၊အဲဒါ အုပါယ်ကရုန်းလို့ ရပါ့မလား-(မရပါဘုရား)။

ရုန်းလို့မရချင် နေပေစေ၊ ကိုယ့်သားတော့ ဒီလိုလုပ်ရမှာပဲဆိုတော့ ဒုက္ခဒဏ်မတို့၊ သားတော့ အမျှဝေလိမ့်မယ်၊ ကိုယ်ကတော့ အမျှမရောက်တဲ့ဆီ ရောက်သွားပြီ....(မှန်ပါ)၊ မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါတွေ ခင်ဗျားတို့ ဉာဏ်လှည့်ဖို့ အင်မတန် ကောင်းပါတယ်၊ ဒါကြောင့် တုန်းကြီးက တစ်ခါတစ်ခါ ဆုံးမတဲ့အခါ နှိုက်နှိုက်နဲ့နဲ့ နားဆောင်ကြပါ။ ကိုယ့်ကိုယ်သနားယင် ဒီအလုပ်လုပ်....(မှန်ပါဘုရား)၊ သဘောကျပလား .... (ကျပါပြီ)။

http://www.dhammadownload.com



ဘယ်လိုမှာပါလိမ့် .... (ကိုယ့်ကိုယ်သနားယင် ဒီအလုပ် လုပ်)၊ ကိုယ့်ကိုယ်သနားလို့ရှိယင် ဒီအလုပ် လုပ်ပါလို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)၊

အခုဟာက ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သနားတဲ့ အမိပ္ပာယ်လားတဲ့မသိလို့ဘဲ မသနားတဲ့ အဓိပ္ပာယ်လား .... (မသိလို့ မသနားတဲ့ အဓိပ္ပာယ်ပါဘုရား)။ သိပြန်တော့ကော-(မသနားပါဘုရား)၊ သိပြန်တော့လဲ မသနားဘူး။ သိပြန်တော့လဲ မလုပ်ဖြစ်ပဲကိုးဗျ....(မှန်ပါ့ဘုရား)။

သိပြန်တော့လဲ မသနားဘူးဆိုတော့ အတော်ခက်နေပြီ ဒကာဒကာမတို့....(မှန်ပါ့)၊ ဦးခင်မောင်-အချိုချက်မရ၊ အချဉ်ချက်မရပါကလား .... (မှန်ပါ့ဘုရား)၊ ဝါသနာဆိုဘဲ့ဥစ္စာ အတော်ခက်တယ်နော်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကော .... (ဝါသနာမစွန့်နိုင်လို့ပါဘုရား)၊ ဒီဝါသနာဟာ ဘာတုံးဆိုတော့ ကိုယ်သွားနေကျဘဲ့ နေရာကိုသွားချင်တဲ့ဝါသနာ အပါယ်လေးပါးကိုပြောတာ....(မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့်အခုဟာ သေသေချာချာဝါသနာပြင်နေတာ ဦးခင်မောင်တို့....(မှန်လှပါ)၊ ကြားယင် ကြားတဲ့ စိတ်ဘာလားဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်)၊ ဟိုဘက် မကူးပါနဲ့ဦး။ ခင်ဗျားတို့ဥစ္စာ၊ အမေခေါ်ခေါ်၊ အဖေခေါ်ခေါ်၊ အစ်မခေါ်ခေါ်မထူးပါနဲ့ဦး....(မှန်ပါ့)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် အရှဲ့တိုက်ရမလို ကျနေပြီ၊ ဘုန်းကြီးတရားဟာ ခင်ဗျားတို့က ထင်ချင် ထင်ဦးမှာ၊ သဘောကျပလား .... (ကျပါပြီ)။

ခင်ဗျားတို့ဟာ အမေခေါ်လို့တောင်မှ မထူးနဲ့ဦး၊ ရှုပြီးမှ ထူးဆိုတော့ တပည့်တော်တို့ အ၊အ၊အပင်းလိုထားတဲ့အမိုပွဲဘယ် မျိုးလားလို့ ခင်ဗျားတို့က ပြောချင်လဲ ပြောကြမယ်နော်၊ မှုယူတပ်ပါဘူးတဲ့၊ နို့မဟုတ်ယင် တဏှာက ဝင်လာမှာစိုးလို့- (မှန်ပါ့ဘုရား)။

တဏှာဝင်လာယင် ဥပါဒါန်က နေရစ်ပါ့မလား....(မနေ ရစ်ပါဘုရား)၊ မနေရစ်သို့ရှိယင် ကံကကော .... (မနေရစ်ပါ ဘုရား)။

ဒါဖြင့် "ကမ္မဘဝ ပစ္စယာ ဇာတိ" ကျတော့လဲ ဘုရားလဲ မတတ်နိုင်ဘူး....(မှန်ပါ့)၊တတ်နိုင်သေးရဲ့လား ...(မတတ်နိုင်ပါ ဘုရား)။

"ကမ္မဝိပါကော အစိန္တေယျော" ဆိုတဲ့ အတိုင်း "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" ဆိုတဲ့အတိုင်း ဘုရားကိုက မတတ်နိုင်လို့၊ ဘုရား၏ယောက္ခမ အပါယ်ကျရှာတယ်....(မှန်ပါ့) သုပ္ပဗုဒ္ဓလေ ဦးခင်မောင်....မကျဘူးလား ...(ကျပါတယ်ဘုရား)။

ဘုရား၏ ယောက်ဖ ဒေဝဒတ်ဟာ သူ့ကံလုပ်ထားတော့ ဘုရားတားသို့ ရသေးရဲ့လား .... (မရပါဘုရား)။ မရတော့ အပါယ်မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ 'ကမ္မံ ဝိပါကသော' ကျတော့ ဘုရားလဲ မတတ် နိုင်ဘူး....(မှန်ပါ့)။ သဘောကျပလား....(ကျပါပြီ)၊အဲဒီ ကံဖြစ်ကြောင်းကို ဘုန်းကြီးဘိ... ...ပေးတာပါ-(မှန်...)။

http://www.dhammadownload.com



ဒါဖြင့် ကြားတယ်ဆိုယင် ဘာလုပ်ကြမလဲ.... (ဖြစ်ပျက်ရှုရပါမယ်)၊ ကြားတဲ့စိတ်ကလေး၊ ကြားတဲ့ ဝေဒနာကလေးကို.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှုပြီးမှ ခင်ဗျားတို့ခေါ်တာကို ထူးတာပေါ့ဗျာ၊ မထူးချင်လို့ ရှိယင်လဲ ကိုယ်က ခေါ်ချင်လဲခေါ်နေတာပေါ့....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ရှေးဦးစွာကော ဘာလုပ်ပစ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်)၊ ကြားစိတ်ကလေးကို ဖြစ်ပျက်ရှုရမယ်....(မှန်ပါ)၊ ဒါ-အိမ်ကျယင် အတော် သင်ရဦးမှာ....(မှန်ပါ)။

ရဲကျောင်းမှာ ဒရိန်းပြသလို ဦးခင်မောင် အတော်ပြယူရဦးမှာ၊ ဓိဉစွာ လွယ်တာမဟုတ်ဘူး....(မှန်ပါ)၊ အရှုစာချည်းစောနေတယ်၊ ရိပ်မိပလား၊ အရှုက ပါမှာ မဟုတ်ဘူး....(မှန်ပါ)၊

အဲဒါ တော်တော့ကို လုပ်ယူရဦးမယ်ဆိုတာ ဦးခင်မောင် ဓိနည်းဖြင့် လွယ်ပါ့မလား....(မလွယ်ပါ)၊မလွယ်ဘူး၊ မလွယ်ဘူးတဲ့ ဒကာဒကာမတို့။

ကဲ....မွှေးတယ်ဆိုလို့ရှိယင်လဲ ဒကာဒကာမတို့ မွှေးတဲ့ စိတ်ကလေး ဖြစ်ပျက်ရှုရလိမ့်မယ် .... (မှန်ပါဘုရား)၊ အို....မွှေးလိုက်တာ ဓိအနားမှာ ကျုပ် တာရှည်နေချင်တယ်ဆိုတဲ့တဏှာဥပါဒါန်၊ ကံတွေမလာစေနဲ့ဦး....(မှန်ပါ)၊မွှေးတဲ့စိတ်ကလေးဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါ.... ဥပေက္ခာဝေဒနာကို ဖြစ်ပျက် ရှုလိုက်တာပေါ့ .... (မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)၊ ထမင်းစားတယ်။

http://www.dhammadownload.com



ဟင်းစားဘယ်၊ ချေသောက်တယ် ဆိုတော့ လျှာပေါ်မှာ စိတ်ကလေး မပေါ်ဘူးလား-(ပေါ်ပါတယ်ဘုရား)။

အဲ....ဥပေက္ခာ ဝေဒနာအကလေးပေါ့၊ ပေါ်တာကလေး ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ အဲ....ဖြစ်ပျက် ရှုပြီးသကာလ စားကြ သောက်ကြလို့ရှိယင်လဲ....တဲ့၊ ဒကာ ဒကာမတို့ ဝေဒနာနိရောဓ- (တဏှာနိရောဓပါဘုရား)။

ဟော....တဏှာနိရောဓမဂ္ဂေါ....(မှန်ပါ)၊ တစ်ခါတည်း မဂ္ဂင်ပေါ်လာတယ်-(ပေါ်ပါတယ်ဘုရား)၊တဏှာ နိရောဓ ဆိုတာ ဘာပါလိမ့်.... (မဂ္ဂေါပါဘုရား)၊ မဂ္ဂေါ ဆိုတော့ မဂ်ပေါ်လာတယ်ဆိုတယ်တဲ့....(မှန်ပါ)။

ဒါဖြင့် ဝေဒနာက ဖြစ်ပျက်၊ ရှုတာကမဂ်၊ ဟော....မကိုက် သေးဘူးလား—(ကိုက်ပါတယ်ဘုရား)၊ဝေဒနာက- (ဖြစ်ပျက် ပါဘုရား)၊ ရှုတာက (မဂ်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ မဂ် ရ ရပါလို၏....လို့ ဆုတောင်းရမှာလား....တဲ့၊ ရှုမှပေါ်မှာလား- (ရှုမှပေါ်မှာပါ ဘုရား)၊ အဲ....ရှုမှပေါ်မှာ ဖြစ်နေတော့ ခင်ဗျားတို့က လိုချင် တာက မဂ်ဖိုလ်ဟုတ်လား....(မှန်ပါ)။

အချောင်လိုချင်လို့တော့....(မရပါ)၊မရဘူး၊ရှုမှပေါ်မှာပဲ (မှန်ပါဘုရား)၊ ဖြစ်ပျက်မြင်မှ မဂ်ဝင်မှာကိုးဗျ.... (မှန်ပါ ဘုရား)၊ဖြစ်ပျက်မှမမြင်ဘူးဆိုယင်တော့-(မဂ်မဝင်ပါဘုရား)၊ မဂ်မဝင်နိုင်ဘူးဆိုတာ သေချာပလား.... (သေချာပါတယ် ဘုရား)၊ အေး-ဒါတွေကိုတော့ အကျယ်တဝင့်လဲ ပြောနေဖို့

http://www.dhammadownload.com



မလိုပါဘူး၊ ဒကာဒကာမတို့၊ နိဗ္ဗာန်ဆိုတာ ဘုရားကိုယ်တော်တိုင် ရဟုလာကို ထမ်းမခေါ်နိုင်ဘူးဆိုတာ သဘောကျပလား....(ကျပါပြီ)၊ ယသော်ဓရာကိုကော ထမ်းခေါ်နိုင်ရဲ့လား....(မခေါ်နိုင်ပါဘုရား)။

မင်းတို့တရားမင်းတို့လုပ်ဆိုပြီး သကာလ၊ မင်း၊ ဟောဒီလိုကျင့်၊ မင်း ဟောဒီလိုကြံ ဆိုပြီးသကာလ၊ ရဟုလာဝါဒသုတ်ကို အမျိုးမျိုးဟောပြီး သကာလ ကယ်တင်ရတယ်....(မှန်ပါဘုရား)။

သူ့ဟာသူ လုပ်ယူရမှာတယ်....(မှန်ပါ)၊ မလုပ်ရပေဘူးလား.... (လုပ်ရပါတယ်)၊ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နည်းပေးကိုယ်တော်ကြီးပေါ့ဗျာ.... (မှန်လှပါဘုရား)၊ ကျုပ်တို့ ခင်ဗျားတို့က လုပ်ယူရမည့် လူစားတွေဆိုတာကော သေချာပလား....(သေချာပါတယ်)၊ ဒါကြောင့်ကိုယ့်အရေး ကိုယ် အားကိုးပါ ဆိုတာကော ကျေနပ်ကြပလား....(ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝေဒနာသုံးခုဟာ သေမင်း- (မှန်ပါ)၊ ဘာတဲ့တုံး....(သေမင်းပါဘုရား)၊ သဘောကျကြရဲ့လား-(ကျပါတယ်ဘုရား)၊ တချို့များကိုယ့်ဒေါသနဲ့ ကိုယ် ကြိုးဆွဲများ ချသေလိုက်တယ်.... (မှန်ပါ)၊ ကြိုးက သတ်တာလားတဲ့.... ဒကာ ဒကာမတို့ ဝေဒနာက သတ်တာလား....(ဝေဒနာက သတ်တာပါဘုရား)။

ဒေါမနဿဝေဒနာက သတ်ချလိုက်တယ်၊ စီးပွားတွေပျက်၊ သားမယားတွေကသေ၊ အကြောင်းက မညီညွတ်တော့....

http://www.dhammadownload.com



ကဲ-သေတာကောင်းပါတယ်ကွ ဆိုပြီးတော့ သေချာလိုက်တာ များ ဘယ်ဝေဒနာ သတ်လိုက်တာပါလိမ့်.... (ဒေါမနဿ ဝေဒနာ သတ်တာပါဘုရား)။

ဒေါမနဿ ဝေဒနာ သတ်ချလိုက်တယ်ဆိုတာ သဘောကျ ရှိလား(ကျပါတယ်)၊ ခုနကအပျော်ကျူးလို့သေတာကျတော့ ဦးခင်မောင် ဘယ့်နှယ်နေပါ့မလဲ.... (သောမနဿ ဝေဒနာ သတ်တာပါဘုရား)။

အမေ့ကျူးလို့သေတာကျတော့- (ဥပေက္ခာဝေဒနာ သတ် တာပါဘုရား)၊ဥပေက္ခာဝေဒနာက သတ်ချလိုက်တာ-(မှန်ပါ ဘုရား)၊သဘောကျပလား—(ကျပါပြီ)၊စိတ်ပျက်လို့ သေတာ ကတော့ (ဒေါမနဿဝေဒနာသတ်တာပါဘုရား)၊ ပျော်လွန်း လို့သေတာကတော့-(သောမနဿဝေဒနာသတ်တာပါဘုရား)၊ သဘောကျပြီနော်-(မှန်ပါ)၊ တချို့မျှားမူးမေ့ပြီး သေသွား တာတွေကတော့.... (ဥပေက္ခာဝေဒနာ သတ်တာပါဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတွေ ခင်ဗျားတို့ အခုဆရာ ဘုန်းကြီးနဲ့ တွေ့ပြီးသကာလ အခု တရားပွဲမှာ နေကြ၊ ထိုင်ကြ ပါရမီရေစက်ဆုံကြ၊ကြုံကြတယ်ဆိုတာ အင်မတန် ဝမ်းသာ စရာ ကောင်းပြောသော်လဲ စိတ်မချရတဲ့ လူချည်းပဲ.... (မှန်ပါ ဘုရား)။

စိတ်မချရတဲ့လူချည်းပဲ၊ သေမင်းကိုယ်စီနဲ့ချည်းပဲ-(မှန်ပါ) ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ.... (သေမင်းကိုယ်စီနဲ့ချည်းပါ ဘုရား)။

http://www.dhammadownload.com



ဒကာ ဒကာမတို့.... ဘုန်းကြီးကလဲ ဒကာ ဒကာမတွေ အပေါ်မှာ သယ်ယူပို့ဆောင်ဖို့ ဝတ္တရားရှိတဲ့အတိုင်း သယ်ယူပို့ဆောင်ပြီးသကာလ သုဂတိနိဗ္ဗာန်ကို ပို့နေတယ်(မှန်ပါ)။

သူကလဲ သူ့အပေါ်မှာခေါးကုပ်ပေါ်စဲရက်ပါပဲ(မှန်ပါ)၊ ဒကာ ဒကာမတွေက ဓိနည်းယူရက်နဲ့ ခေါးကုပ်ပေါ်စဲရက်ပဲ မကျဘူးလား–(ကျပါတယ်)၊ဝေဒနာသုံးပါးတည်းဟူသော ခေါးတွေဝဲမနေဘူးလား....(ဝဲနေပါတယ်ဘုရား)။

အဲဒီတော့ သူတို့ကမဦးခင် ညာက်ကဦးအောင်လုပ်ကြပါ- (မှန်ပါဘုရား)၊သူတို့ကတော့ သတ်မှာတော့ သေချာတယ်.... (မှန်ပါဘုရား)၊ ဒကာ ဒကာမတို့....သူတို့ကတော့ ဘာတုံး.... (သတ်မှာ သေချာပါတယ်ဘုရား)။

သူတို့က သတ်မှာ သေချာတော့ကို ကဲ....ရာဓ–ရေ... ဓဝေဒနာ၊ ဝေဒနာသည်။ မာရော၊ သတ်တတ်သည်။ အဿ- ဘဝေယျ၊ ဖြစ်ရာ၏၊ သူက သတ်ဘိယ်ကွ....တဲ့။

အဲဒီတော့....မင်းတို့က ဒီလိုလုပ်ကွ-တဲ့၊ မင်းတို့က သူ့ကို ပြန်သတ်–(မှန်ပါ)၊ ရှုတဲ့ပုဂ္ဂိုလ်က သူ့ကို ပြန်သတ်ပါ....တဲ့ (မှန်ပါဘုရား)၊

ဒါဖြင့် သူကသတ်လို့ ကျုပ်တို့သေမှသား၊ သူ့ကိုကျုပ်တို့က သတ်မသား·(သူ့ကိုသတ်ရပါမယ်ဘုရား)၊အခပြောကဘော့ လွှမ်းလောက်ပါပေ့ဗျာ....အပြောကတော့ လွှမ်းလောက်ပါရဲ့ ဒကာဒကာမတို့၊ ရှုမှသေမှာနော်(မှန်ပါ)။

သို့သော်....သတ်ကောင်းတယ်လို့ သိတဲ့ဘစ်လုံးပဲ ဘုန်းကြီးသည် အင်မတန် ဝမ်းသာပါပြီ- (မှန်ပါဘုရား)၊ ဦးဇံရင်တို့

ဘဝများစွာ သံသရာက ဘယ်သူကချည်းသတ်ခဲ့သတုံး- (ဝေဒနာကချည်း သတ်ခဲ့ပါတယ်ဘုရား)။

ကျုပ်တို့ကဖြင့် သတ်ခဲ့လို့ရှိယင်ဖြင့် ဒကာဒကာမတို့ ကျုပ်တို့က ဝေဒနာ သတ်ခဲ့လို့ရှိယင် သေမင်း အောင်ပွဲယူတဲ့ မသေရာမှန် ပြည်နိဗ္ဗာန်ရောက်မှာပေါ့....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ အခုတော့ သူကချည်း သတ်နေတယ်....(မှန်ပါဘုရား)။

ဘယ်သူကချည်း သတ်နေသလဲ....(ဝေဒနာကချည်း သတ်နေပါတယ်ဘုရား)၊ ကျုပ်တို့က သတ်ခဲ့တဲ့ဘဝများ ရှိပါရဲ့လား....(မရှိပါဘုရား)။

ဒီတစ်ခါသတ်ယင်သတ်၊ မသတ်လို့ရှိယင်တော့ ခင်ဗျားတို့ ဘဝတိုင်း သူ့လက်တွင်း ခေါင်းစင်းသေရမယ် စိတ်ကူး....(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊

ဒါဖြင့် ဒကာဒကာမတို့ သတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှု-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာတွေကို ဖြစ်ပျက်မြင်အောင်ရှုပြီး မုန်းနေအောင်လဲ နိဗ္ဗိန္ဒာဉာဏ် တက်အောင်ရှုချ....(မှန်ပါဘုရား)၊ ဝေဒနာသည်ကားလို့ဆိုယင် ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲဒုက္ခသစ္စာလို့ သိအောင်ရှုပါ....(မှန်ပါဘုရား)၊ ဝေဒနာဖြစ်တာလဲ.... (ဒုက္ခသစ္စာပါဘုရား)၊ ပျက်တာကကော.... (ဒုက္ခသစ္စာပါဘုရား)။

အဲ-ဒီကဲ့သို့ သူ့ကို ပိုင်ပိုင်နိုင်နိုင်သိသွားလို့ရှိယင် ဝေဒနာတွေ အကုန်ချုပ်မယ်(မှန်ပါ)၊ ဝေဒနာချုပ်တော့ဦးခင်မောင်ဌ

http://www.dhammadownload.com



ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ သညာသင်္ခါရတွေကော....(ချုပ်သွားပါတယ်ဘုရား)၊ ဝေဒနာနဲ့ သဟဇာတဖြစ်နေတဲ့ ရုပ်တရားတွေကော....(ချုပ်သွားပါတယ်ဘုရား)။

အဲဒီကျတော့ 'နာမရူပနိရောဓာ ဝိညာဏ နိရောဓော' သွားဖြစ်တယ်-(ဖြစ်ပါတယ်ဘုရား)၊ နာမရူပနိရောဓာ၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်တယ် သဘောကျပလား-(မှန်ပါ့ဘုရား)။

ကဲ.... နာမ်ရုပ်ချုပ်လို့ ရှိယင်ဖြင့် သံယုတ်ပါဠိတော်မှာ သေသေချာချာ ဟောပါတယ်၊ 'ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ ဝိညာဏ နိရောဓော' ဆိုတော့ ဒကာဒကာမတွေ တစ်ခုချုပ်ယင် ဘာတဲ့တုံး.... (အကုန်ချုပ်ပါတယ်ဘုရား)။

တစ်ခုချုပ်-အကုန်ချုပ်တာပဲလို့ မပြောဘူးလား-(ပြောပါတယ်ဘုရား)၊ဝိညာဉ်ချုပ်ယင်နာမ်ရုပ်ချုပ်ပါတယ်၊နာမ်ရုပ်ချုပ်ယင်.... (ဝိညာဉ်ချုပ်ပါတယ်)၊ ဝိညာဉ် ချုပ်တယ်ဆိုတော့ ခန္ဓာငါးပါးမစုံလား....(စုံပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးဟာ ဘာသစ္စာတရားလဲ- (ဒုက္ခသစ္စာပါ)၊ အဲ-ဒုက္ခသစ္စာ ချုပ်သွားတယ်ဆိုကတည်းက ဒကာဒကာမတို့ ကျုပ်တို့ ဒုက္ခဝဋ်မှမကျွတ်လား....(ကျွတ်ပါတယ်ဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်....(မှန်ပါ့)၊ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်

http://www.dhammadownload.com



ဆိုတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာလဲ ဥပေက္ခာဝေဒနာ ပေါ်တိုင်း လိုက်ပါနော်....(မှန်ပါ)။

တစ်ကိုယ်လုံးမှာ သုခဝေဒနာပေါ်လဲ.... (လိုက်ရမှာပဲဘုရား)၊ ဖြစ်ပျက်ရှုပေးပါနော် -(မှန်ပါ)၊ ဒုက္ခဝေဒနာပေါ်ကော....(ဖြစ်ပျက်ရှုပေးရပါတယ်)၊ ဝမ်းထဲမှာ စည်းစိမ်ဥစ္စာရတနာလို့ သောမနဿပေါ်ကော.... (ဖြစ်ပျက်ရှုရပါမယ်)၊ ဒေါမနဿပေါ်ယင်လဲ(....ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အေး-ကိုယ်နဲ့ မဆိုင်သေးတဲ့ အခါကျ သို့ရှိယင် ကမ္မဿကာပဲ ထားတဲ့အခါကော မပါဘူးလား--(ပါပါတယ်ဘုရား)။

ကိုယ်နဲ့ ဆွေမျိုးကလဲမတော် ဘာမှလဲမတော်တဲ့ ပုဂ္ဂိုလ်ကြားရရုံတွင် ကြားရတဲ့အခါကျတော့ ဦးခင်မောင်တို့က ဘာထားလိုက်သတုံး....(ဥပေက္ခာထားပါတယ်ဘုရား)။

ကမ္မဿကာပဲကွာ.... သေမျိုးချည်းပဲ မလာဘူးလား .... (လာပါတယ်)၊ အင်း-ကိုယ်နဲ့ နည်းနည်းစပ်လာတဲ့ အခါကျတော့ ဒီအသံထွက်ကဲ့လား.... (မထွက်ပါဘုရား)၊ ဖြစ်မှုဖြစ်ရပလေ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်နဲ့မစပ်တဲ့ ပုဂ္ဂိုလ်ကျတော့ သေမျိုးချည်းပဲကွာ၊ ဥပေက္ခာဆိုတဲ့ အဓိပ္ပာယ် မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာလာတော့ ဘာလုပ်ရမလဲ-- (ဖြစ်ပျက်ရှုရပါမယ်)၊ သြော်....ဖြစ်မှု ဖြစ်ရလေ....လာယင်ကော--(ဖြစ်ပျက်ရှုရမှာပါပဲ)၊ ဖြစ်မှုဖြစ်ရပလေဆိုတော့ ဦးခင်မောင်ရေ .... ဒေါသ သောက မဟုတ်သား....(မှန်ပါဘုရား)။

http://www.dhammadownload.com



အဲ-ဒေါသ သောကဆိုတော့ ဒါဟာ ဒေါမနဿဝေဒနာပဲ မဟုတ်လား.... (မှန်လှပါ)၊ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်)၊ ဒါဖြင့် ဖြစ်မှုဖြစ်ရပသေလို့ လာယင်လဲ ဘာလုပ်ကြမယ်-(ဖြစ်ပျက်ရှုရပါမယ်)၊ကမ္ဘာသာလို့ ထားတဲ့ဝေဒနာ လာယင်ကော....(ဖြစ်ပျက်ရှုရမှာပါပဲဘုရား)။

ဩော်-ဗိုလ်ဂိုလ် ကျုပ်ဖြင့် မျက်လုံးထဲကဘောင် မပျောက်သေးဘူးလို့ ဆိုယင်ကော.... (ဖြစ်ပျက်ရှုရမှာပါပဲ)၊ အဲဒါ ခင်လုံးကလေးတွေ သောမနဿဝေဒနာလာတာ.... (မှန်ပါ)၊ ဒါကလေးကျတော့လဲ ဘယ်နှယ်လုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်)။

ဒါဖြင့် အားလုံးသည်ကားလို့ဆိုယင် ဘုန်းကြီးက ဖြစ်ပျက်ရှုရမယ်လို့ခိုင်းလို့ ရှုရမှာလား၊ သူတို့ဖြစ်ပျက်ကို ကျုပ်တို့က မြင်အောင် လိုက်ရမှာလား.... (သူတို့ဖြစ်ပျက်ကို မြင်အောင်လိုက်ရမှာပါဘုရား)။

ဒါအရေးကြီးပါတယ်၊အခုပြောတဲ့စကားဟာ....(မှန်ပါ)၊ ဘုရားက ရှုခိုင်းလို့ရှုရတယ်၊ ဘုန်းကြီးက ရှုခိုင်းလို့ ရှုရတယ် ဆိုလို့ရှိယင်ဖြင့် သညာဖြစ်နေပါတယ်....(မှန်ပါဘုရား)။

သူတို့ဖြစ်ပျက်ကို သူ့ဘာသာဖြစ်ပျက်ပြီးသကာလနေတဲ့သဘာဝ ခမ္မ-အနိစ္စ တရားကြီးကို ကျုပ်တို့က အနိစ္စဉာဏ်နဲ့ မှန်မှန်မြင်ဖို့ အရေးကြီးပါတယ်....(မှန်ပါဘုရား)။

ဦးခင်မောင်-ဒီစကားအရေးမကြီးဘူးလား- (ကြီးပါတယ်ဘုရား)၊ အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာဟာ ဒီခန္ဓာ နှစ်လုံးတည်းပဲ၊ ဒီတရားပွဲမှာက မှတ်သွားပါတော့။ နာရီလဲ စေ့နေလို့နော်....(မှန်ပါ)။ ကိုယ်က သတ်လို့ရှိယင် နိဗ္ဗာန်ရောက်မယ်....(မှန်ပါ ဘုရား)။

သူက သတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ သေပွဲဝင်ရလိမ့်မယ်....(မှန်ပါ ဘုရား)၊ ကိုယ်ကသတ်နိုင်ယင်....(နိဗ္ဗာန်ရောက်ပါမယ်)။ သူက သတ်နိုင်လို့ရှိယင်-(သေပွဲဝင်ရလိမ့်မယ်)၊ အဲဒါကြိုက်တာ ယူပေတော့ ခင်ဗျားတို့....(မှန်ပါဘုရား)။

သူက သတ်တာ ကြိုက်သလား၊ ကိုယ်က သတ်ရတာ ကောင်းသလား- (ကိုယ်ကသတ်ရတာကောင်းပါတယ်ဘုရား)၊ ဒါဖြင့် အမြဲတမ်း ဝေဒနာ ဖြစ်ပျက်မြင်အောင်ရှု .... (မှန်ပါ ဘုရား)၊ ရှုဖန်များလာယင် ဘာဖြစ်မယ်-(မုန်းပါတယ်ဘုရား)၊

မုန်းပြီးယင် ဘာဖြစ်မယ်ထင်သတုံး....(ဆုံးသွားပါတယ်)၊ မုန်းပြီးယင် ဒီဝေဒနာတွေဟာ ရှုလို့ကိုရှာမတွေ့ဘူး၊ ဆုံးသွားလိမ့်မယ်-(မှန်ပါဘုရား)၊ဆုံးသွားလို့ရှိယင် 'ဝေဒနာနံ ခယော ဘိက္ခု နိစ္စတော ပရိနိဗ္ဗုတော'....(မှန်ပါဘုရား)။

ဝေဒနာကုန်ယင် နောက်က တဏှာပါ ကုန်တာပဲကွတဲ့-(မှန်ပါ)၊ တဏှာကုန်ယင် တဏှာနိရောဓော နိဗ္ဗာနံကွ....လို့၊ ဘာမှမစိုးရိမ်နဲ့တဲ့....(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)၊

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေမမွှာရုံ၌

ဟောကြားတော်မူသော

(အဖုံးငါးပါးဖွင့်လှစ်နည်း)

အလုပ်ပေး

# တရားတော်

(၂၈-၁-၆၁)

တရားကို နားက နာပါလို့ သတိပေးလိုက်တယ်နော်၊ တရားကို နားက ထောင်ပါ။ ဉာဏ်က ခန္ဓာလှည့်ပါ၊ တရားကို- (နားကထောင်ရပါမယ်)၊ ဉာဏ်ကတော့ ခန္ဓာဘက် လှည့်ရပါမယ်ဘုရား)၊

အင်း-နားကတော့ ဘာလုပ်ကြရမယ်....(နားထောင်ရပါမယ်)၊ တရားကိုပဲ နားထောင်ရမယ်နော်.... (မှန်ပါ)၊ကိုယ့်ရှိတဲ့ ဉာဏ်ကလေးကတော့--(ခန္ဓာဘက်လှည့်ရပါမယ်ဘုရား)။

ခန္ဓာဘက်လှည့် ကြပါတဲ့၊ အဲဒီကဲ့သို့ နာခဲ့လို့ ရှိယင်ဖြင့် တရားကိုနားထောင်၊ ဉာဏ်က ခန္ဓာဘက် လှည့်လို့ ရှိယင်ဖြင့် ခန္ဓာပြောတာကို ဉာဏ်က မြင်ပါလိမ့်မယ်နော်-(မှန်ပါဘုရား)။

http://www.dhammadownload.com



ခန္ဓာပြောတာကို ဉာဏ်က မြင်ခဲ့သည်ရှိသော် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် သူများပြော မယုံဘဲနဲ့ ခန္ဓာပြောကို ယုံလာပါလိမ့်မယ်ဆိုတာ ကေန်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူများပြောကို ယုံရာရှိသေးသလား.... (မရှိပါဘုရား)။ ခန္ဓာက ပြောတာကတော့....(ယုံရမှာပါဘုရား)။

ခန္ဓာက ပြောတာတော့ ယုံရမှာချည်း ကေန်ဖြစ်နေဘော့ ပြောင်....ခန္ဓာသည် ဘာခန္ဓာပါလိမ့်မလဲဆိုတဲ့ဥစ္စာ ခန္ဓာက ပြောပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ခန္ဓာက ပြောတာကို ဒကာဒကာမတွေက ဉာဏ်နဲ့ နား ထောင်ပြီဆိုမှဖြင့် ခန္ဓာက 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ-ဒုက္ခာ'လို့ ဒီပြင်ဘာမှမပြောဘူး။ ဒုက္ခသစ္စာချည်းပါပဲလို့ သာ ပြောလိုက်တယ်....(မှန်လှပါဘုရား)။ ဘယ်လိုများ ပြော မယ်ထင်ကြသလဲ-(ဒုက္ခသစ္စာချည်းပဲလို့ ပြောပါတယ်ဘုရား)၊

ဒုက္ခသစ္စာချည်းပဲလို့ ခန္ဓာက ပြောတဲ့အခါကျလို့ရှိယင် ဉာဏ်က ကြည့်လိုက်တဲ့အခါကျဘော့ ပြောင်....ဒါ ဒုက္ခသစ္စာ ဆိုတဲ့ဥစ္စာကို ခန္ဓာက ပြောတာကို ဉာဏ်က သိပြီဆိုမှဖြင့် သမုဒယသစ္စာ တဏှာ လောဘက အနားမကပ်နိုင်တော့ဘူး-(မှန်လှပါဘုရား)။

ဘယ့်နှယ်ကြောင့် မကပ်နိုင်ပါလိမ့်မလဲလို့ အမေးထုတ် တော့မှ ဒကာ ဒကာမတို့ ခန္ဓာက ပြောတာကို ကိုယ်က အမှန်သိသောကြောင့် သံသရာတစ်ခုလုံး လိမ်လည် ကောက် ကျစ်တဲ့ အထဲမှာ သမုဒယသစ္စာ တဏှာ လောဘသောက် လိမ်လည်ကောက်ကျစ်တာ မရှိပါဘူး....(မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒီ လိမ်လည် ကောက်ကျစ်တဲ့ တရားဟာ လိမ်လည် ကောက်ကျစ်ခွင့်ကို မရအောင် ခန္ဓာက ပြောတာကို ဉာဏ်က မြင်ကြလို့ ရှိယင်လဲ သမုဒယသစ္စာ သေပါလိမ့်မယ်....(မှန်လှပါ ဘုရား)။

သမုဒယသစ္စာ သေတော့ကို ဒကာ ဒကာမတို့ တဏှာ နိုဆွေမေ့ နိဗ္ဗာန်-ဆိုတဲ့ဥစ္စာဟာ ပေါ်လာပါလိမ့်မယ်-(မှန်ပါ ဘုရား)။

အဲဒါကြောင့် ဒီနေ့ တရားနာနည်းကို ဒကာ ဒကာမတွေ သင်ပေးနေပါတယ်၊ နားက ဘာထောင်ရမယ် .... (တရားကို ထောင်ရပါမယ်ဘုရား)။

အေး....ဆရာတုန်းကြီးက ခန္ဓာတရား ဟောနေတဲ့အတွက် ခန္ဓာတရားကို နားထောင်ပါ .... (မှန်ပါ)၊ ဉာဏ်ကတော့ကို ဘုန်းကြီးဆီ မလှည့်ဘဲနဲ့ ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပါ-(မှန်ပါဘုရား)၊ ဉာဏ်က ဘယ်လှည့်ရမလဲ- (ကိုယ့်ခန္ဓာဘက် လှည့်ရပါမယ် ဘုရား)။

ဉာဏ်က ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပြီလို့ ဆိုမှဖြင့် ခန္ဓာက ဘာသစ္စာလို့ ပြောပါမလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ခန္ဓာက ဒုက္ခသစ္စာလို့ တောန်ပြောတဲ့အခါကျတော့ ဉာဏ်က ခေါင်းညိတ်ပြီးသကာလ ဩော်-ဟုတ်သားပဲ၊ဩော်-ဟုတ်သားပဲဆိုပြီး လိုက်,လိုက်လို့ ရှိယင်ဖြင့် တစ်သံသရာလုံး လိမ်လည်ကောက်ကျစ် လှည့်ဖြားပြီး သကာလ ဟိုပုံ ကောင်း နိုးနိုး၊ ဒီပုံကောင်းနိုးနိုးနဲ့ နိဗ္ဗာန်ရှာလာတာ တဏှာလှည့်စား ပြီး ရှာလာတဲ့၊ နိဗ္ဗာန်ဟာဖြင့်ကွယ်ပျောက်ပြီးသကာလ တဏှာ လက်ညှိုး ညွှန်ရာ မရောက်ဘဲနဲ့ ဉာဏ်လက်ညှိုးညွှန်ရာကို ဒကာ

http://www.dhammadownload.com



ဒကာမတွေ ကောင်းတယ် ရှောက်ကြပါလိမ့်မယ်ဆိုတာ မှတ်ရလိမ့်မယ်နော်.... (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝိပဿနာ ရှုမှု ခန္ဓာကို ညာဏ်နဲ့လှည့်ပါဆိုတော့ ဝိပဿနာရှုပြီး နာပါလို့ ဆိုတဲ့ အဓိပ္ပာယ်ပါပဲ.... (မှန်လှပါဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ခန္ဓာအစကလေးတော့ ပြောပေးပါ ဦးမယ် ဒကာဒကာမတို့၊ နေ့ကိုင်းပြောလို့ရှိယင်ဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ—ဆိုတာ မလာပေဘူးလား- (လာပါတယ် ဘုရား)၊ သင်္ခါရပစ္စယာ ခန္ဓာငါးပါးလို့ ဆရာဘုန်းကြီးက မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲ....သင်္ခါရပစ္စယာ ဝိညာဏံ-ရယ် သဠာယတနနဲ့ ဖဿ ဝေဒနာတွေကို စာလိုဆိုယင် သုတ္တန်နည်းနဲ့ မှန်ပြားဆော်လဲ ခန္ဓာစစ်စစ်မှာ အဘိဓမ္မာနည်းနဲ့ ဝေဖန်လိုက်တော့ ခန္ဓာ ငါးပါးပေါ်လာတယ်-(မှန်ပါဘုရား)၊ အင်း....ဟုတ်....အဝိဇ္ဇာ သင်္ခါရက ဘာများတည်ထောင်လိုက်ပါလိမ့်.... (ခန္ဓာငါးပါး တည်ထောင်ပါတယ်ဘုရား)။

ဒါ-ပြောချင်လို့ ပြောရတာမဟုတ်ပါဘူး၊ ဒကာဒကာမ တို့၊ နဂိုကတည်းက ယောကျ်ား မပါ၊ မိန်းမမပါ၊ ငါ မပါ၊ သူ မပါတာ သိပါစေတော့လို့....(မှန်ပါဘုရား)၊ ဒီထဲပါကြ သေးရဲ့လား....(မပါ-ပါဘုရား)။

http://www.dhammadownload.com



ယောကျ်ား၊ မိန်းမ၊ ငါ၊ သူတစ်ပါးဆိုတာတွေ ဒကာ ဒကာမတွေ ပဌမ ဖြစ်လာကတည်းက မပါဘူးဆိုတာ သိလို့ ရှိယင်ဖြင့် နောက်မှ ဩော်....သမုတိသစ္စာနဲ့ ပြောဆိုဖြစ်ကြ အောင်လို့ မှုသားမဖြစ်အောင်လို့ ပြောတဲ့စကားတော့ မှန် တယ်....၊ ယောကျ်ား၊ မိန်းမကို ကျုပ် ဝိပဿနာရှုတဲ့နေရာ တော့ သူ့ကို အတည်မပြုဘဲနဲ့ ပင်ကိုကလာတာကို အဘည် ပြုပြီးသဏ္ဍာန ဝိပဿနာဉာဏ်နဲ့ ရှုကြလို့ရှိယင်ဖြင့် သက္ကာယ ဒိဋ္ဌိအ ပြုတ်ပြီးသားဖြစ်ပါတယ်....(မှန်ပါ့ဘုရား)၊ သဿတလဲ ပြုတ်ပြီး၊ ဥစ္ဆေဒလဲ ပြုတ်ပြီးသား ဖြစ်ပါတယ်ဆိုတာနေ့တိုင်း ပြောရဘယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် တရားသားချည်း ပြောနေတဲ့နေမို့ ဒကာ ဒကာမတွေ အဝိဇ္ဇာ သခ်ါရက ဘာလုပ်လိုက်ပါလိမ့်- (ခန္ဓာ ငါးပါးလုပ်လိုက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် ဒကာဒကာမတို့ လူမိုက်လဲ ခန္ဓာငါးပါး လုပ်လိုက်တာပဲ....(မှန်ပါ့)၊ လူလိမ္မာကော- (ခန္ဓာငါးပါးပဲ ဘုရား)။ ခန္ဓာငါးပါးလုပ်တာချင်း အတူတူပဲဆိုတာ သေချာ ပလား....(သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူမိုက်နဲ့လူလိမ္မာ ဘာများထူးပါလိမ့်မလဲ ဆိုတာ ဗာလပဏ္ဍိတသုတ် သံယုတ်ပါဠိတော်ကြီးမှာ လူမိုက်နဲ့ လူလိမ္မာ ဘာများထူးပါလိမ့်မလဲဆိုတဲ့ဥစ္စာ အလာမှာ မထူး ဘူးဆိုတာ သေချာသွားဘယ်....(မှန်ပါ့ဘုရား)။

လူမိုက်လဲ အဝိဇ္ဇာသခ်ါရကြောင့် ခန္ဓာငါးပါးဖြစ်တာပဲ- (မှန်ပါ့)၊ လူလိမ္မာကော ဒကာဒကာမတို့- (ခန္ဓာငါးပါးပဲ ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါး ဖြစ်ကြတာပဲ ဆိုတော့ ဩြော်... လူမိုက်လဲ ခန္ဓာငါးပါးဖြစ် လူလိမ္မာလဲ ခန္ဓာငါးပါး ဖြစ်တယ်ဆိုတာ သိနေကြဘော့ ခန္ဓာငါးပါးဖြစ်တာကို ဒကာဒကာမတွေ.... ပိုင်ပိုင်နိုင်နိုင် ကိုယ့်ခန္ဓာငါးပါးဟာ ဒီအကြောင်းကြောင့် ဖြစ်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိလာယင်လဲ ဘုန်းကြီးက ဩော်....နဂိုကတည်းက ငါလဲ မပါ၊ သူလဲမပါ၊ ယောကျ်ားလဲ မပါ၊ မိန်းမလဲ မပါ၊ အမေလဲ မပါ၊ အဖေလဲ မပါဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဘာသာလျှင် ကေန်ရှိ၊ တကယ်ရှိပါလိမ့်·(ခန္ဓာငါးပါးသာ စောန်ရှိပါတယ်ဘုရား)၊ခန္ဓာငါးပါးသာလျှင်ကေန်ရှိ၊တကယ် ရှိတယ်ဆိုတော့ ဩော်....အစကမပါတာ နောက်မှ မြှို့ထဲရွာထဲ မှာ မွေးမိ၊ ဖွားမိတာနဲ့ ပြောသံကြား၊ ဆိုသံကြားတွေကြောင့် သမုတိသစ္စာကို တကယ်ထင်ပြီးသကာလ အမေရယ်....အဖေ ရယ်....ငါရယ်....သူရယ်....ဆိုတာတွေ ချုပ်ကွယ်ပြီး လာတာ တွေကို အခု အရင်းကနေ ပြလိုက်ဘော့ မရှင်းသေးဘူးလား- (ရှင်းပါတယ်ဘုရား)။

ဩော်....အရင်က နဂိုက လာခဲ့တာက ဒကာ ဒကာမ တွေ အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်တာက ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)၊ ဒီ ခန္ဓာငါးပါးကို အဝိဇ္ဇာသင်္ခါရ ကလဲ လုပ်လိုက်တယ်၊ ဩော်-အဝိဇ္ဇာသင်္ခါရကတော့ အတိတ် က အကြောင်းပေါ့ဗျာ....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုပြင်တဲ့တရား—(မှန်ပါ)။ အဝိဇ္ဇာ သင်္ခါရ ပြုပြင်လိုက်တာက ဒကာ ဒကာမတို့ အခု ဘဝနဲ့ အတူတူနေကြရ၊ ထိုင်ကြရပါလိမ့်မလဲ-(ခန္ဓာငါးပါးနဲ့ နေကြရပါတယ်ဘုရား)၊ ခန္ဓာငါးပါးနဲ့ အတူတူ နေကြရ၊ ထိုင်ကြရတယ်ဆိုတာ မရှင်းသေးဘူးလား.... (ရှင်းပါတယ် ဘုရား)။

ဪ....ဒါဖြင့် ဇီဝရုပ်ပွဲမှာ ယောကျ်ားတွေ များ လား....မိန်းမတွေ များလား....ခန္ဓာ ငါးပါးချည်းပဲလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ.... (ခန္ဓာငါးပါးချည်းပါပဲ ဘုရား)။

ဟုတ်ပြီ....ဟုတ်ပြီ၊ ဒီလို ပိုင်ပိုင်နိုင်နိုင် ဉာဏ်ထဲမှာ သိ ထားတော့မှ ဝိပဿနာ ရှုတော့ ဒကာသစ်တို့....ဦးခင်မောင် တို့... မရှုင်းပေဘူးလား....(ရှင်းပါတယ်ဘုရား)။

အဲဒါဖြင့် အစကတည်းက သက္ကာယဒိဋ္ဌိ ပြုတ်ပြီးသာ ကာလ ဇီထဲမှာ ခန္ဓာငါးပါးပဲ၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပွါသေးရဲ့လား....(မပါ ပါဘုရား)။

အင်း... ဒါ ဘယ်ကများ လာပါလိမ့်....သိကြား၊ ဗြဟ္မာ၊ ဘုရား လာပြီး ဖန်ဆင်းလေရော့လားလို့ မေးတော့၊ မသိတဲ့ အဝိဇ္ဇာ၊ ပြုပြင်မှု သင်္ခါရကြောင့် ပေါ်လာတာပဲ-(မှန်လှပါ ဘုရား)၊ မသိတာက.... (အဝိဇ္ဇာပါ ဘုရား)။ ပြုပြင်မှုက.... (သင်္ခါရပါဘုရား)။

http://www.dhammadownload.com



ဩော်....မသိတဲ့အဝိဇ္ဇာ၊ ပြုပြင်မှု သင်္ခါရကြောင့် ဘဝများ ဖြစ်လာကြပါလိမ့်-(ခန္ဓာငါးပါးဖြစ်လာပါတယ်ဘုရား)။

အေး....ခန္ဓာငါးပါး ဖြစ်လာတယ်ဆိုတော့ ယခု တရားနာ နေကြတာတွေ အားလုံး ရှင်းကြပါတော့၊ ယောက်ျားလဲမပါ ဘူး၊ မိန်းမလဲမပါဘူး၊ နဂိုက မပါခဲ့တဲ့ဥစ္စာ၊ ခန္ဓာငါးပါး ခန္ဓာငါးပါးပါပဲ....(မှန်ပါဘုရား)။

ဒီခန္ဓာငါးပါး ပျက်ပြန်လို့ရှိယင် နောက် ခန္ဓာငါးပါးက အဝိဇ္ဇာသင်္ခါရက အစားထိုးမှာပဲ.... (မှန်ပါဘုရား)။ ဒီပြင် ဘာထိုးစရာလိုသေးသလဲ....(မလိုပါဘုရား)။

ဒီခန္ဓာငါးပါး ဖြတ်ဆို ပျက်သွားမယ်၊ ဘယ်သူက အစား ထိုးရမယ်....(အဝိဇ္ဇာသင်္ခါရကပါ)၊ အဝိဇ္ဇာသင်္ခါရက နေပြီး ပြန်ပြီးအစားထိုးတော့ ခန္ဓာငါးပါးပဲ ပြန်ထိုးတယ်-(မှန်ပါ)၊ ခန္ဓာငါးပါးပျက်တော့ ဘယ်သူကအစားထိုးသလဲ....(အဝိဇ္ဇာ သင်္ခါရကပါ)၊ အဝိဇ္ဇာ သင်္ခါရ ကတော့ သဘောကျပါပြီ ဒကာဒကာမတို့၊ ဘာတွေများပြန်ပြီးအစားထိုးလိုက်ပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)။

အေး .... ခန္ဓာငါးပါးပဲ အစားထိုးလိုက်တော့ ဩော်.... အဝိဇ္ဇာသင်္ခါရကြောင့် ဥဒယဗ္ဗယဉာဏ် ဟောရမယ်ဆိုတော့ အဝိဇ္ဇာဘို့၊ တဏှာတို့၊ ဥပါဒါန်တို့၊ ကံတို့ ပါမလာဘူးလား- (ပါလာပါတယ်ဘုရား)။

ယခုလို ပစ္စုပ္ပန်အခါမှာတော့ ခန္ဓာငါးပါးဟာ ဖြစ်တော့ ဖြစ်တာပဲ၊ သူတို့လဲ အကြောင်းမကောင်းဘူးဆိုတော့ နေ့တိုင်း စားသောက်နေတဲ့ အာဟာရဓာတ်လေးကလဲ ဒကာဒကာမတွေ

http://www.dhammadownload.com



ကို နှိုင်းထိန်းဆယ် စောင့်ရပါတယ်.... (မှန်လှပါ)၊ အဝိဇ္ဇာ သင်္ခါရကတော့ မွေးထုတ်တယ်....(မှန်ပါ့)။

အဝိဇ္ဇာသင်္ခါရကတော့-(မွေးထုတ်ပါတယ်ဘုရား)၊ဘာကို မွေးထုတ်လိုက် ါလိမ့်....(ခန္ဓာငါးပါးပါဘုရား)၊မွေးထုတ်ပြီး သူကတော့ ပစ်သွားတာ ဒုက္ခဒုက္ခာမတို့....(မှန်ပါ့)။

သူက ပစ်ပြီးသက္ကာလ ထားတဲ့အခါကျတော့ ဒုက္ခာ ဒုက္ခာမတွေမှာ နေ့တိုင်း အမေကကျွေးတဲ့ အစာအာဟာရ၊ ကိုယ်တိုင် စားနိုင်တဲ့အခါ ကိုယ်တိုင် စားသောက်တဲ့ အစာ အာဟာရ ဩဇာဓာတ်တွေကနေပြီး သက္ကာလ ဒီခန္ဓာကြီး မထောက်ပံ့ရဘူးလား။ဗျာ....(ထောက်ပံ့ရပါတယ်ဘုရား)။

ဩော်....ဒါ့ကြောင့်အာဟာရကြောင့်ဘာဖြစ်ပါလိမ့်ဗျာ.... (ခန္ဓာငါးပါးဖြစ်ပါတယ်ဘုရား)၊ဩော်....နေရာကျလိုက်တာ ဒုက္ခာဒုက္ခာမတို့၊ အဝိဇ္ဇာတို့၊ သင်္ခါရတို့၊ အာဟာရတို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ကံ အာဟာရ ဆိုတာ တွေ ယနေ့ ပေါ်မသွားသေးဘူးလား .... (ပေါ်သွားပါပြီ ဘုရား)။

ဒါဖြင့် ဒုက္ခာဒုက္ခာမတို့၊ ဒီခန္ဓာငါးပါး ငါ သူတစ်ပါး ယောကျ်ား၊မိန်းမ၊ဘယ်နှယ်တုံး....(မပါပါဘုရား)၊သိကြား မြဟ္မာ၊ ဘုရားလာပြီး ဖန်ဆင်းတာကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့၊အဝိဇ္ဇာသင်္ခါရတို့၊ အာဟာရတို့က နေပြီး စည်ထောင်တယ်ဆိုတာ မသေချာဘူးလား-(သေချာပါတယ်

http://www.dhammadownload.com



ဘုရား)၊ ဒီအထဲက ဩော်-ဒီအကြောင်းတွေကြောင့် ဖြစ်တဲ့ ဒီအကျိုးတရားဆိုတာကော မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အကျိုးတရား ခန္ဓာငါးပါး၊ သဘောကျကြပလား-(မှန်ပါ့ဘုရား)၊အကျိုးတရား .... (ခန္ဓာငါးပါးပါဘုရား)၊ ဩော်—ဒကာဒကာမတွေ အခု ဘာနဲ့များ နေကြထိုင်ကြပါလိမ့်မတုံး သို့မေးတော့ အကျိုးတရား ခန္ဓာငါးပါးနဲ့ နေကြပါတယ်ဆိုတာ ရှင်းကြပလား - (ရှင်းပါပြီ)၊ ဘာနဲ့ နေကြပါလိမ့်....(အကျိုးတရား ခန္ဓာငါးပါးနဲ့ နေကြပါတယ်ဘုရား)၊အကျိုးတရားဆိုတာ သိလိုက်တဲ့အခါကျတော့ ယုံမှားခြင်း ဝိစိကိစ္ဆာ စင်ပါတယ်နော်....(မှန်ပါ့)၊

ဒီအကြောင်းကြောင့် ဖြစ်တဲ့ ဒီအကျိုးတရား ဆိုတော့ အကြောင်းနဲ့အကျိုး သိလိုက်ခြင်းကြောင့် သိကြား၊ ဗြဟ္မာ၊ ဘုရားလာပြီးသကာလ ထာဝရတွေက ဖန်ဆင်းတာ မဟုတ်ဘူးဆိုတာ သိသဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာ စင်မသွားဘူး လား....(စင်သွားပါတယ်ဘုရား)။

ခန္ဓာငါးပါးသိလို့ သိသဖြင့် ငါ သူတစ်ပါး ယောကျ်ား မိန်းမဆိုတဲ့ ဒိဋ္ဌိကကော.... (စင်ပါတယ်ဘုရား)၊ ဟော....ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်သွားပြီ .... (မှန်ပါ့ဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီ)၊ ဒီခန္ဓာငါးပါးဟာ အကြောင်းတရားလား၊ အကျိုးတရားလား ဒကာဒကာမတို့-(အကျိုးတရားပါဘုရား)၊ အကျိုးတရား ဆိုကတည်းက အကြောင်းကြောင့် ဖြစ်တာပေါ့ နော်....(မှန်ပါ့)

http://www.dhammadownload.com



ဩော်....ဒါဖြင့် အကြောင်းတရားကြောင့် ဖြစ်တဲ့ အကျိုးတရား ခန္ဓာငါးပါးဟာ အကျိုးတရားသို့ သိလိုက်သဖြင့် ဝိစိကိစ္ဆာစင်သွားတယ်-(မှန်ပါ)၊ သိကြားမြဟ္မာဘုရားလာပြီး တည်ထောင်တာလို့ ဆိုလို့ရသေးရဲ့သား .... (မရပါဘုရား)၊ ထာဝရဖန်ဆင်းတာတွေကော ဟုတ်သေးရဲ့လား-(မဟုတ်ပါဘုရား)။

ဩော်....ဒီလို သိလိုက်သဖြင့် ဘာစင်သွားပါလိမ့်....(ဝိစိကိစ္ဆာ စင်ပါတယ်)၊ဝိစိကိစ္ဆာ စင်သွားတယ်နော်....(မှန်ပါ)၊ ဒီအကြောင်းတရားတွေက ပြုလိုက်တဲ့ အကျိုးတရားထဲမှာ ငါ သူတစ်ပါး၊ ယောကျာ်း မိန်းမ ပါသေးရဲ့သား၊ ခန္ဓာချည်းပဲလား....(ခန္ဓာချည်းပါဘုရား)။

ခန္ဓာချည်းပဲလို့ သိလိုက်သဖြင့် ငါ သူတစ်ပါး မစင်သေးဘူးလား....(စင်ပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာကို ခန္ဓာလို့သိသင့် ဒိဋ္ဌိစင်ပါတယ်-(မှန်ပါ)၊ခန္ဓာဖြစ်ကြောင်းကို သိလိုက်လို့ရှိသင့် ဝိစိကိစ္ဆာစင်ပါတယ်....(မှန်လှပါဘုရား)၊ ခန္ဓာဖြစ်ကြောင်း သိလိုက်ယင်....(ဝိစိကိစ္ဆာ စင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီလိုစင်ပြီးသကာလမှ ဒကာဒကာမတွေ ဝိပဿနာ ရှုလိုက်လို့ ရှိယင်ဖြင့် စူဠသောတာပန် ဖြစ်ပြီးမှ မဟာသောတာပန် ဖြစ်ခန်းကို လှမ်းလိုက်ရလို့ ရှိယင်ဖြင့် ဒကာဒကာမတို့ ဝန်လေးစရာ မရှိတော့ဘူး.... (မှန်ပါဘုရား)။

ဝန်လေးစရာ မရှိတော့ဘူး ကြိုးစားပြီးသကာလ တရားကို နာပြီး ခန္ဓာဉာဏ် လှည့်ပေးလိုက်သို့ ရှိယင်ဖြင့် နေရာကျသော့မှာပဲဆိုတာ သဘောကျကြမလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ နေ့တိုင်းဟောနေတဲ့ တရားက လဲ မဆုံးသေးတော့ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးလို့ မေးလိုက်တဲ့ အခါကျတော့ လူမိုက်လဲ့ အဝိဇ္ဇာ သင်္ခါရ အာယာရတို့ကြောင့် ခန္ဓာငါးပါး ဖြစ်တယ်နော်....(မှန်ပါ့)၊ လူလိမ္မာကော ဘာကြောင့် ဖြစ်သတုံး.... (ဒါကြောင့်ပါပဲ ဘုရား)။

သို့သော်....လူမိုက်မှာတော့ ယခုလို ပဝတ္တိ ခန္ဓာငါးပါး နောက်က နေပြီးသေအခါလ အဝိဇ္ဇာတဏှာ ပြန်လိုက်တယ်.... (မှန်ပါ့ဘုရား)၊ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာ တဏှာတွေ ပြန်လိုက်တဲ့အခါ အဝိဇ္ဇာဆိုဘာ ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာ၊ ဘာခေါ်ကြမယ်....(အဝိဇ္ဇာ ပါဘုရား)၊ တဏှာဆိုတာက မသိတာ ရမ်းမခင်ဘူးလား.... (ခင်ပါတယ်ဘုရား)။

အဲ....အဝိဇ္ဇာ သင်္ခါရဟာ အဝိဇ္ဇာ သင်္ခါရ ပြန်လိုက် မလာဘူးလား-(လိုက်လာပါတယ်ဘုရား)။ တစ်နည်း အဝိဇ္ဇာ သင်္ခါရကော ပြန်လိုက်မလာဘူးလား.... (ပြန်လိုက်ပါတယ်)၊ လိုက်လာယင် ဘာများ ဖြစ်ဦးမှာပါလိမ့်တုံး သေသည်၏ အခြားမဲ့၌–(ခန္ဓာငါးပါးပဲ ဖြစ်မှာပါဘုရား)။

ဪ....ဒါဖြင့် လူမိုက်သည်ကားလို့ ဆိုလို့ရှိယင် အဝိဇ္ဇာ သင်္ခါရက လာပြီး အဝိဇ္ဇာ သင်္ခါရ ပြန်ကောက်မိတာနဲ့ ခန္ဓာ ဒုက္ခနှစ်ချက် ထပ်ရတယ်ဆိုယင်ဖြင့် မလွဲတော့ဘူးပေါ့ဗျာ.... (မှန်လှပါဘုရား)၊ ပစ္စုပ္ပန်ဘဝမှာလဲ ဒုက္ခသစ္စာ ခန္ဓာကြီး ရတယ်–(မှန်လှပါဘုရား)။

http://www.dhammadownload.com



ငှင်းခန္ဓာငါးပါး ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ၊ အရမ်းခင်တာက တဏှာ၊ ဘဝတဏှာက ခင်ပြီးသကာလ နေသောကြောင့် ခန္ဓာငါးပါးပဲ ပြန်ရတော့ ခန္ဓာငါးပါးရတဲ့ အနာဂတ်ခန္ဓာကလဲ ဘာသစ္စာဆိုကြမလဲ.... (ဒုက္ခသစ္စာပါ ဘုရား)၊အို၊ နာ၊ သေ ပါသကိုးဗျ....(မှန်ပါ့ဘုရား)၊ မပါဘူး လား-(ပါ-ပါတယ်ဘုရား)၊ဒီခန္ဓာကြီးကလဲ....(အို၊နာ၊သေပါ ပါတယ်ဘုရား)။

ဩော်....အို၊နာ၊သေကို မသိတဲ့အတွက် အို၊ နာ၊သေ ကို မသိတာက ယခုဘဝပေါ်တဲ့ အဝိဇ္ဇာ-(မှန်ပါ့)၊ အို၊နာ၊သေ၊ ဒုက္ခသစ္စာကြီး မသိဘဲနဲ့ ခင်နေတာက တဏှာ(မှန်ပါ့ဘုရား)။

ဒီအဝိဇ္ဇာ တဏှာတွေ ခန္ဓာကိုလှည့်ပြီး လိုက်လာဘာနဲ့ ဒကာဒကာမတို့ စုတိမနေ သေလွန်ပြန်တော့ ဘာတွေများ ပြန်ရပါလိမ့်-(ခန္ဓာငါးပါးပြန်ရပါတယ်)၊ ခန္ဓာငါးပါး ဒုက္ခ သစ္စာ တရားပဲ ပြန်မရဘူးလား (ပြန်ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခထဲကလာပြီး သူဘယ်များ သွားရှာ ပါလိမ့်-(ဒုက္ခထဲသွားပါတယ်ဘုရား)၊ ဒါဖြင့်ဗျာ.... အမြတ် ထွက်သေးရဲ့လားလို့ မေးလိုက်ပါတယ်- (မထွက်ပါဘုရား)။ အရှုံးထဲကလာပြီး- (အရှုံးထဲပဲ ပြန်သွားပါတယ်ဘုရား)။

သံသရာ့ ခရီးသည် ဝန်ထမ်းသမား အဖြစ်နဲ့ နေပြီး ဝန်ထမ်းသမားပဲ ပြန်ဖြစ်ရတယ်ဆိုတော့ ကူလီက ကူလီပြန် ဖြစ်တယ်ဆိုတော့ ဒကာ ဒကာမတို့ ကူလီခေါင်းတောင် မတက်လိုက်ရပါလား....(မှန်ပါ့ဘုရား)၊ အင်မတန် မနာဘူး လား-(နာပါတယ်ဘုရား)။

http://www.dhammadownload.com



အေး....ဒါကြောင့် လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ယခု ခန္ဓာငါးပါးနောက်က အဝိဇ္ဇာ တဏှာလိုက်လို့ရှိယင်ဖြင့် ဒကာ ဒကာမတို့၊ လူမိုက်ပဲ... (မှန်ပါ ဘုရား)။

မဂ္ဂပြဟ္မစရိယအကျင့် လိုက်- လိုက်ယင်တော့ ဘယ့်နှယ် ဆိုကြပါမလဲ ...(လူလိမ္မာပါဘုရား)၊ မဂ္ဂပြဟ္မစရိယ အကျင့် ဆိုတဲ့ မဂ္ဂင်ငါးပါး လိုက်-လိုက်တဲ့ အခါကျတော့ နောက် ခန္ဓာငါးပါး လာသေးရဲ့လား- (မလာပါဘုရား)။

အင်း....လူလိမ္မာက ဒီဒုက္ခပြီးယင် နောက်ဒုက္ခ ပြတ်ပါရဲ့ လား....(ပြတ်ပါတယ်ဘုရား)၊ လူမိုက်ကတော့.... (မပြတ်ပါ ဘုရား)။

သြော်....ဒါဖြင့် ဒကာ ဒကာမတို့ လူလိမ္မာနဲ့ လူမိုက် ဘာထူးပါလိမ့်မလဲ ဆိုတော့ အဝိဇ္ဇာ တဏှာ လိုက်တာ လူမိုက်- (မှန်လှပါဘုရား)၊ မဂ္ဂပြဟ္မစရိယ အကျင့်လိုက်တာ က—(လူလိမ္မာပါဘုရား)။

လူလိမ္မာပဲဆိုတော့ ဒီဒကာ ဒကာမတွေက အခု ဒီပွဲထဲ မှာတော့ဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင် လူမိုက်အဖြစ်ကို ကြောက်ပါပေါ့ဘုရားဆိုတာ တစ်ပွဲလုံး ညည်းကြမှာပဲနော်- (မှန်ပါဘုရား)။

ကြောက်လို့ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ခင်ဗျားတို့က ခုနက တရား ဟောစဉ် ပြောတဲ့အတိုင်း နားထောင်ပြီး သကာလ ညာဏ်က ခန္ဓာဘက် လှည့်လိုက်လို့ရှိယင် ဝိဇ္ဇာဖြစ်တော့မယ်.... (မှန်ပါ)၊ ဝိဇ္ဇာဖြစ်ယင် တဏှာလာသေးရဲ့လား....(မလာပါ ဘုရား)။

http://www.dhammadownload.com



ဪ....ဒါသည်ကားလို့ဆိုယင် မဂ္ဂဗြဟ္မစရိယ အကျင့်၏ အစပဲဆိုတာမသေချာဘူးလား-(သေချာပါတယ်ဘုရား)၊

ကိုင်း....ဒါဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်ပဲ ကျင့်ကြပါစို့.... (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့၊ ဘာလုပ်ကြမယ်-(မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ရပါမယ်ဘုရား)၊ မဂ္ဂဗြဟ္မစရိယအကျင့် ကျင့်ကြပါစို့ ဒကာ ဒကာမတို့၊ နို့မဟုတ်လို့ရှိယင် ကျုပ်တို့ အမှောင်ထဲကလာပြီး အမှောင်ထဲရောက်တော့မယ်-(မှန်ပါ့ဘုရား)။

အရင် ခန္ဓာငါးပါးကို မသိတော့ အမှောင်ထဲကမလာဘူးလား (လာပါတယ်ဘုရား)၊ နောက်တော့ ခန္ဓာငါးပါးရပြန် တော့လဲ အမှောင်ထဲပဲ ဘယ့်နှယ်တုံး- (ပြန်သွားပါတယ်)၊ အမှောင်ထဲကလာပြီး အမှောင်ထဲ ရောက်တဲ့ ပုဂ္ဂိုလ်ဟာ အလင်းကိုပဲ တွေ့လိုက်သေးရဲ့လား- (မတွေ့လိုက်ရပါဘုရား)။

အဲဒါကြောင့်အာလောကော ဥဒပါဒိ-ဆိုတဲ့ဉာဏ်အလင်း ကို မရလိုက်တာအလွန်နာတာပဲ-(မှန်ပါ့)၊ဘာမရလိုက်ပါလိမ့် (ဉာဏ်အလင်းကို မရလိုက်တာပါဘုရား)၊ဒါကြောင့်အာလော ကော ဥဒပါဒိ- ဆိုတာ မဖြစ်နိုင်ဘူးနော်- (မှန်ပါ့ဘုရား)။

သိပ်ကြောက်စရာ ကောင်းပါကလား ဒကာ ဒကာမတို့.... (ကြောက်စရာ ကောင်းပါတယ် ဘုရား)၊ ဒကာ ဒကာမတို့၊ တိရစ္ဆာန်ကလေးတွေများ၊ ဒိန္နားတို့၊ မြင်းတို့ အစာစားနေတဲ့ အခါကျတော့ အောက်ကြည့်စားသလား အထက်ကြည့်စား သလား-(အောက်ကြည့်စားပါတယ်ဘုရား)၊ဪ....အထက် မှာ ဘာရှိတယ်လို့ သိသေးရဲ့လား....(မသိပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် နဂိုကတည်းက သူဟာ အောက်ကြည့်စားနေတော့ ကိုတဲ့ ဒကာ ဒကာမတို့ အောက်မှာ အပါယ်လေးပါးမဲ ရှိတယ်....(မှန်ပါ)၊ အထက်မှာ သုဂတိနတ်ပြည် ဗြဟ္မာပြည် ရှိတယ်၊ အဲဒီကို မျှော်မှန်းနိုင်သေးရဲ့လား .... (မမှန်းနိုင်ပါ ဘုရား)။

အဲဒီလိုမဲ မဂ်ဖိုလ်မှ ဖီလာအဖြစ်နဲ့ တိဿော=မဂ်ဖိုလ်မှဖီလာ 'အဋ္ဌနာ ဘဝိဿတိ' ဆိုတဲ့အတိုင်း၊ တိရစ္ဆာန်=မဂ်ဖိုလ် ဖီလာ ဆိုတဲ့အတိုင်း ခင်ဗျားတို့လဲတဲ့ အောက်သံသရာချည်း လှည့်နေခဲ့ရတဲ့အတွက် ဘုရားအဆူဆူနဲ့ လွဲခဲ့ရပါတယ်-(မှန်လှ ပါဘုရား)။

ဒီတစ်ခါ မဂ္ဂဗြဟ္မစရိယ အကျင့် ကျင့်လိုက်လို့ရှိယင်ဖြင့် ဘုရားသာသနာရှိတုန်းမှာ ငါတို့ဖြင့် အလင်းရောင် ခိုမိပြီး သကာလ အမှောင်ပျောက်လို့ အလင်းရောက်ပြီး၊ အမှောင် ထဲက လာခြေးသော်လဲ ဒီတစ်ခါ အလင်းသွားပါတော့မယ် ဆိုတဲ့စိတ် မွေးပြီး တရားနာကြပါနော်- (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ.... (မှန်ပါဘုရား)၊ ပုဗ္ဗဘာဂမဂ်လို့ ခေါ်တယ် .... (မှန်ပါ ဘုရား)။

ပုဗ္ဗက=ရှေး၊ ဘာဂ-က=အဖို့ပေါ့ဗျ-(မှန်ပါ)၊ ပုဗ္ဗဘာဂ မဂ်ဆိုတာ ဒကာဒကာမတို့။ ဒီပုဗ္ဗဘာဂမဂ် မရှိဘဲနဲ့ လော ကုတ္တရာမဂ် မလိုက်နိုင်ဘူးတဲ့.... (မှန်လှပါဘုရား)၊ ပုဗ္ဗဘာ ဂမဂ် မရှိဘဲနဲ့....(လောကုတ္တရာမဂ် မလိုက်နိုင်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီမဂ်မှ ရှေ့က ဒကာဒကာမတွေက မရှုလို့ရှိယင် ချစ်ပါးပြည့်တဲ့ သောကုတ္တရာမဂ်ဟာ ဘယ်နည်းနဲ့မှ ပေါ်ကြမလဲ….(မပေါ်နိုင်ပါဘုရား)။

ဒါကြောင့် နေ့တိုင်းပဲ သတိပေးတယ်၊ ဒကာ ဒကာမတို့ နားကြီးကြီးနဲ့ထောင်ပါ၊ သူသည် အနန္တရပစ္စယော=အခြားမရှိမှု၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း….(မှန်ပါဘုရား)၊ ဘာတဲ့တုံး…. (အနန္တရပစ္စယောပါဘုရား) အနန္တရပစ္စယောဆိုတာ အခြားမရှိဘူးနော်-(မှန်ပါဘုရား)။

ဟောဒီမဂ် လားပြီးလို့ရှိယင် ဒကာ ဒကာမတို့ သူသာအောင်အောင်မြင်မြင် ဖြစ်လို့ရှိယင် နောက်က လောကုတ္တရာမဂ်ဆိုတဲ့ သောတာပန်တည်မည့်မဂ်ဟာ လာတော့မှာပဲ …. (မှန်ပါဘုရား)၊ ဒါဖြင့် ဒီမဂ်က ကျေးဇူးပြုမှ လောကုတ္တရာမဂ်လာမှာ….(မှန်ပါ)၊ဒါဖြင့် ဒီမဂ်မှ မလုပ်တဲ့ ပုဂ္ဂိုလ်မျိုးဖြင့် လောကုတ္တရာမဂ်ရဖို့ အဝေးကြီးပေါ့ဗျာ…. (ဝေးပါတယ်ဘုရား)၊ ဒါကြောင့် ဒကာ ဒကာမတွေ အကြိုးစားကြီးကြိုးစားလိုက်စမ်းပါ၊ လမ်းညွှန်ကောင်းနဲ့ တွေ့နေတုန်း၊ ဆရာသမားတွေ ထင်ရှားရှိနေကြတုန်း၊ ပိဋကတ်သုံးပုံတွေ မကွယ်ခင် ပြောနိုင်ဆိုနိုင်တဲ့ ပုဂ္ဂိုလ်တွေ မသေခင် ဒကာဒကာမတွေ ကြိုးစားပါဆိုတာ ဘုန်းကြီးက အားလုံးအတွက်ပဲ တိုက်တွန်းတယ်နော်….(မှန်လှပါဘုရား)။

ကဲ….မဂ္ဂဗြဟ္မစရိယအကျင့် ကျင့်တာဟာ လူလိမ္မာနော်…. (မှန်လှပါဘုရား)၊ မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ယင် ဘာတဲ့….(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဩော်....ဒါဖြင့် ဗီအကျင့်မျိုး မကျင့်ရသေးလို့ ရှိယင်ဖြင့် တို့ ဘယ်အထဲကတုန်းဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတဲ့အတွက် ဦးခင်မောင် ဝေဖန်စရာ အထူးလိုသေးရဲ့လား....(မလိုပါဘုရား)။

အင်း....ဟုင်....ဘယ်အထဲ ပါသွားပါလိမ့်.... (လူမိုက်ထဲပါသွားပါဘယ်ဘုရား)၊ လူမိုက်ထဲ ပါသွားတယ်ဆိုတော့ ဒကာ ဒကာမတို့ ကျုပ်သည် အမိမွေးကတည်းက ဘော်ဓတော်လိမ္မာယဉ်ကျေးပြီး နေခဲ့ကြပါတယ်လို့ ဆိုတဲ့ အားပြောစကားတွေဟာ အလကားဖြစ်သွားပါတယ်....(မှန်ပါဘုရား)၊ ဘာ့ကြောင့်လဲ မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ မကျင့်ရသေးဘူး.... (မှန်ပါ)။

ကိုင်း....ဒါဖြင့် မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ ဘာပါလိမ့် မတုံးဆိုတော့ ဗီခန္ဓာငါးပါးကို ဒကာဒကာမတို့ ဒုက္ခသစ္စာမြင်အောင် ကြည့်ရလိမ့်မယ်....(မှန်ပါဘုရား)၊ ခန္ဓာငါးပါးကို ဘယ်လိုမြင်အောင် ကြည့်ရမှာပါလိမ့် · (ဒုက္ခသစ္စာမြင်အောင် ကြည့်ရပါမယ်)၊ နဂိုက ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါဘုရား)။

ဩော်....နဂိုက ဒုက္ခသစ္စာကို ကျုပ်တို့ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မမြင်သေးကတည်းကိုက ဩော်....အဝိဇ္ဇာနဲ့ တဏှာရှိသေးတော့ လူမိုက်ထဲ ပါကလားလို့ ဆိုနိုင်ကြသလား·(ဆိုနိုင်ပါတယ်ဘုရား)၊ အဝိဇ္ဇာတဏှာ ရှိနေကတည်းက ဘယ်နှယ်ဆိုကြမယ်·(လူမိုက်ပါဘုရား)။

လူမိုက်ထဲက ပါနေသေးတော့ ကျုပ်တို့သည်တဲ့ ဒကာ ဒကာမတို့ ယခုလို သာသနာတွင်းကြုံ၍ ဒုလ္လဘဆိုတဲ့အခါမှာ ကြိုးစားရတော့မယ်၊ မဂ္ဂဗြဟ္မစရိယ အကျင့်ကိုနော်....

http://www.dhammadownload.com



(မှန်ပါ)၊ကျောင့်မှသာလျှင် လူလိမ္မာထဲသို့ ရောက်တော့မယ်ဆို တာ ငြင်းဖို့လိုသေးသလား–(မလိုပါဘုရား)၊ သဘောပါကြ ပြီလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ လုပ်ဖြစ်အောင်လုပ်ပါ ဆိုတာဖြင့် အထူးတိုက်တွန်းနေစရာမလိုပါဘူး၊ နောက် ခန္ဓာ ဒုက္ခသစ္စာကြီးရလို့ရှိယင် အိုဘေး၊ နာဘေး၊ သေဘေးကို ကိုယ်တိုင် နွံ့ရဦးမှာ....(မှန်ပါ)၊ မနွံ့ရပေဘူးလား-(နွံ့ရပါမယ် ဘုရား)၊ အိုပွဲ၊ နာပွဲ၊ သေပွဲ ဘယ်လိုတုံး....(နွံ့ရပါမယ်ဘုရား)၊ ဒီခန္ဓာကြီးကလဲ အိုပွဲ၊ နာပွဲ၊ သေပွဲနွံ့ရဦးမှာ-(မှန်ပါဘုရား)။

အဝိဇ္ဇာနဲ့တဏှာနောက်က လိုက်ဦးမယ်ဆိုယင်နောက်ခန္ဓာ လဲ ဒီပွဲနွံ့ရပြန်တော့မယ်-(မှန်ပါ)၊ ကောင်းနိုင်စရာ မြင်သေး ရှိလား ...(မမြင်ပါဘုရား)။

ဒါကြောင့် ကျုပ်တို့ မျက်ရည်တွေ သမုဒ္ဒရာ လေးစင်းရေ ထက် များသေးတယ်ဆိုဘာ ဒီအဝိဇ္ဇာနဲ့ တဏှာချည်း လိုက် နေလို့....(မှန်လှပါဘုရား)။

ဒီတစ်ခါ ကံကောင်းဉာဏ်ကောင်းနဲ့ ခင်ဗျားတို့ ကံကောင်း တာတော့ ပြောဖို့မလိုပါဘူး၊ ဉာဏ်ကောင်းကလေး အသုံးချ လိုက်လို့ရှိယင်ဖြင့် ဩော်....ဒုက္ခစက်ရဟတ်ဖြင့် ပြတ်တော့မှာပဲ ဆိုဘာ မှတ်လိုက်ပါ-(မှန်ပါဘုရား)၊ရှင်းပလား-(ရှင်းပါပြီ)။

ကံကောင်းသလောက် ဉာဏ်မကောင်းမှာဖြင့် ဘုန်းကြီးက ကံသိပ်စိုးရိမ်တယ် ...(မှန်လှပါဘုရား)၊ ဒကာဒကာမတွေ ကံ ကောင်းလို့ သာသနာတွင်းနဲ့ကြုံတယ်....(မှန်ပါ)၊ ပြောနိုင် ဆိုနိုင်တဲ့ ဆရာတောင်း သမားကောင်းတွေနဲ့ကော....(ဆုံပါ

http://www.dhammadownload.com



တယ်ဘုရား)၊ ထောင်နိုင်တဲ့ နွားတွေကကော....(ကြုံပါတယ် ဘုရား)။

အဲ....ဉာဏ်မဆောင်းတော့ ဒကာဒကာမတို့ မကျင့်ဖြစ် ဘူး-(မှန်ပါ့ဘုရား)၊ ကျင့်ဖြစ်မှ ဉာဏ်ကလဲ ထိုးထွင်းလစမှာ ဖြစ်နေတော့ ဒကာဒကာမတို့ မဂ္ဂပြဟ္မစရိယ အကျင့်ကို ကျင့်ဖြစ်အောင် ကျင့်ပါဆိုတာ တိုက်တွန်းရပြန်တယ်-(မှန်ပါ ဘုရား)၊

သို့သော် မဂ္ဂပြဟ္မစရိယ အကျင့်ကို ကျင့်မယ်ဆိုတဲ့အခါ မှာ ဦးခင်မောင်....ကျင့်တဲ့အခါမှာ ကွယ်ဖုံးနေတာကလေး ယနေ့ ပြောပေးချင်သေးတယ်....(မှန်လှပါဘုရား)၊

ဒီ....မဂ္ဂပြဟ္မစရိယ အကျင့်ကို ကျင့်တော့မယ် ဆိုတော့ ခန္ဓာ ကြည့်ကြရမှာကိုး-(မှန်ပါ)၊ ဘယ်ကြည့်ရမှာတုံး- (ခန္ဓာ ကြည့်ရမှာပါဘုရား)၊

ဩော်....ခန္ဓာကြည့်ကြရမယ်၊ ခန္ဓာကြည့်တဲ့အချိန်ကျလို့ရှိ ယင်ဖြင့် ကိုယ့်ခန္ဓာကို ကြည့်လျက်သားနဲ့ ဒီခန္ဓာကြီးထဲမှာ ဒုက္ခသစ္စာရှိတာ မမြင်တာသည် ဘာကြောင့် ပါလိမ့်မတုံးဆို တော့ အကွယ်အဖုံးတွေ ရှိနေလို့ပဲ.... (မှန်လှပါဘုရား)၊ သဘောကျကြပလား....(မှန်ပါ)။

ဒါဖြင့် ခန္ဓာကြီးထဲမှာရှိတာဖြင့် ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဒါတွေပဲမရှိ ဘူးလား-(ရှိပါတယ်ဘုရား)၊ ဒါတွေပဲရှိတာ "အနိစ္စာ ဝတ သင်္ခါရာ"ပဲ ရှိတာပဲ-(မှန်ပါ)၊ ဒီပြင်ဘာများ ရှိသေးသတုံး...., (မရှိပါဘုရား)။

http://www.dhammadownload.com



အဲ....''အနိစ္စ ဝတ သင်္ခါရာ''ပဲ ရှိတဲ့ဥစ္စာကို ဒကာ ဒကာမတွေက သိလျက်သားနဲ့ အနိစ္စလဲမမြင်ဘူး၊ သင်္ခါရလဲ မမြင်ဘူးဆိုတော့ ဖြစ်ဘာလဲမမြင်ဘူး၊ ပျက်တာလဲ မမြင်ဘူး ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အကွယ်အဖုံးဖြစ်နေ ရှိပေါ့....(မှန်လှပါဘုရား)။ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (အကွယ်အဖုံးဖြင့် ရှိပါတယ်ဘုရား)။

အကွယ်အဖုံးရှိတယ်-(မှန်ပါ)၊ အဲဒါကို ဘုန်းကြီးက ဒကာ ဒကာမတွေ ဒီအကွယ်လာယင် ဒီအကွယ်ဖယ်ပါ၊ ဒီအဖုံးလာ ယင် ဒီအဖုံးဖွင့်ပါ....(မှန်ပါ)၊ ဒါ....သင်မပေးပြန်လို့ရှိယင်လဲ ဒကာ ဒကာမတွေမှာ ကိုယ်ကျိုးနည်းချည်ရဲ့ .... (မှန်လှပါ ဘုရား)၊ သူ့ အကွယ်အဖုံးက ရှိသကိုးဗျ.... (မှန်ပါဘုရား)၊ သဘောပေါက်ကြပလား....(ပေါ်-ပါတယ်ဘုရား)။

ဒါဖြင့် ယခု ဒကာဒကာမတို့ ဝိပဿနာရှုမယ်ကြံလို့ ဒုက္ခသစ္စာကြီးရှိလျက်သားနဲ့ တပည့်တော်တို့ ခန္ဓာကြီးက ဒုက္ခ သစ္စာလို့ဆိုတာ စာသိဘော့ သိနေပြီ၊ ကိုယ့်အမြင်နဲ့ အသိက မရှိသေးဘဲဖြစ်နေတာ အဖုံးရှိလိမ့်မယ်-(မှန်လှပါဘုရား)၊ ကိုယ့် အမြင်နဲ့ မသိဘဲနေတာ ဘာပါလိမ့်-(အဖုံးရှိနေတာပါဘုရား)။

အဲ-အဖုံးရှိနေမှာစိုးရိမ်တဲ့အတွက် ဘုရားသခင်ကိုယ်တော် မြတ်ကြီးက အဖုံးငါးချက်ကို ဖွင့်ပေးပါကွာ....ဒါမှ မြင်တော့ မပေါ့တဲ့-(မှန်ပါဘုရား)၊ ဘာဖွင့်ပေးရမလဲ.... (အဖုံးဖွင့်ပေး ရပါ့မယ်)၊ သေသေချာချာ နားထောင်ပါ ဒကာ ဒကာမတို့၊ ဘာဖွင့်ပေးရပါလိမ့်-(အဖုံးဖွင့်ရမှာပါဘုရား)၊ အဖုံး ငါး ချက်ကို ဖွင့်ပေးရလိမ့်မယ်နော်....(မှန်ပါ)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် မှတ်ကြ၊ အဖုံးငါးချက်ကိုနော်၊ ဒါဖြင့် ဒီဟာ ခဏကလေး ထားလိုက်ဦး၊ အဖုံးငါးချက်ကို ဒကာ ဒကာမတွေ စပြီး လမ်းခင်းပါဦးမယ်၊ ပြီးမှ ဝိပဿနာကိစ္စတွေ သွားကြရအောင်....(မှန်ပါဘုရား)။

အဖုံးဘယ်နှစ်ချက်ပူါလိမ့် ဒကာ ဒကာမတို့....(ငါးချက်ပါဘုရား)၊ ဪ....အဖုံးငါးချက် အဖုံးငါးချက်၊ စာလိုသုံးတော့ နီဝရဏတရား ငါးပါးပဲ....(မှန်ပါဘုရား)၊ စာလိုသုံးတော့ ဘာတဲ့....(နီဝရဏတရားငါးပါးပါဘုရား)။

အေး....ဒကာဒကာမတွေ နားလည်မှုနဲ့ ဆရာဘုန်းကြီးက ပြောပြန်လို့ရှိယင် အဖုံးငါးချက်ပဲ.... (မှန်ပါ)၊ သဘောကျ ပလား....(ကျပါပြီ)။

ဒကာ ဒကာမတွေ နားလည်မှုနဲ့တော့....(အဖုံးငါးချက်ပါ ဘုရား)၊ စာလိုသုံးတော့-(နီဝရဏတရားငါးပါးပါဘုရား)။

အေး....ပါဠိလိုတော့ နီဝရဏဆိုတဲ့ဥစ္စာ ဖုံးတတ်တဲ့တရား ဆိုတာ မြန်မာလို ပြန်တဲ့အခါကျတော့ ဦးခင်မောင် အဖုံး ငါးချက် ခေါ်လိုက်တာပါပဲ....(မှန်ပါ)။

လောဘဘာလဲ ဒကာဒကာမတို့ ခန္ဓာ၏ဒုက္ခသစ္စာမြင်မှု ကို ဖုံးတာပါပဲ(မှန်ပါ)၊ ဒေါသဟာလဲ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှု ကို....(ဖုံးတာပါပဲ)၊ ဒီအထဲမှာ ထိနမိဒ္ဓဆိုတဲ့ တရားနှစ်ခုကလဲ ဒကာဒကာမတို့ ဘာဆိုကြပါမယ်.... (ဖုံးတာပါပဲ)၊ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို ဖုံးထားတယ်- (မှန်လှပါဘုရား)၊ ဘယ်နှစ် ချက် ရှိသွားပြီလဲ....(သုံးချက်ရှိသွားပါပြီဘုရား)။

http://www.dhammadownload.com



ဥဒ္ဒိစ္စ ကုက္ကုစ္စဆိုတဲ့ ၄-နံပါတ်ကလဲ ဒကာ ဒကာမတို့ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ဘာလုပ်ထားသလဲ.... (ဖုံးထားပါတယ်ဘုရား)။

ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှုကလဲ ဒကာဒကာမတို့ ခန္ဓာ၏ ဖြစ်ပျက်ကြီး ဘာလုပ်ထားပါလိမ့်-(ဖုံးထားပါတယ်ဘုရား)။

ဩော်....တို့ ဝိပဿနာဉာဏ်မှ မရလို့ရှိယင် မဂ်ဉာဏ်မရ၊ မဂ်ဉာဏ်မှ မရလို့ရှိယင် နိဗ္ဗာန်မမြင်....(မှန်ပါဘုရား)၊ သဘော ကျပလား....(ကျပါပြီဘုရား)။

အေး-ဒါဖြင့် ဝိပဿနာဉာဏ် မရလို့ရှိယင် မဂ်ဉာဏ်ကော (မရပါဘုရား)၊ မဂ်ဉာဏ်မရယင် နိဗ္ဗာန်ကော....(မမြင်နိုင်ပါ ဘုရား)။

မမြင်နိုင်တဲ့ဥစ္စာသည် ဤကဲ့သို့ ဝိပဿနာဉာဏ်ကိုဖုံးထား တာဖြင့် ဦးခင်မောင်-ရေ....ဘယ်နှစ်ချက်တဲ့တုံး....(ငါးချက်ပါ ဘုရား)။

အေး....ဒါကို သေသေချာချာမှတ်၊ ဒါကို သေသေချာချာ မှတ်ကြ၊ အလုပ်လုပ်မည့် ကြံလို့ရှိယင် ဖွင့်တတ်ဦးမှကိုးနော်.... (မှန်ပါ)။

ကိုင်း.... ဒါဖြင့် ဖွင့်ကြပါစို့၊ ဖွင့်တော့မယ် ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဝတ္ထု ကလေးကို ပဋ္ဌာန်ပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို သွားပြီး သကာလ ဒကာဒကာမတွေ အဲဒီအလာတဲ့တရား ဖြစ်သော ကြောင့် ဒါကလေးကို ဖယ်နည်းရှားနည်းကလေးကို သင်ပါ ဦးမယ်... (မှန်ပါ)။

http://www.dhammadownload.com



ဖယ်နည်း ရှားနည်းကလေးက ဒဿဒကာမတို့၊ ဒကာဒကာမတွေသည် တဲ့ ဆရာဘုန်းကြီးက အိမ်ရောက်လို့ ရှုကြပါနော်၊ ခန္ဓာတွေ ရှုကြပါ၊ တခြားမကြည့်ပါနဲ့၊ ခန္ဓာကို ကြည့်ပါ၊ ခန္ဓာသည် ဘာဖြစ်နေသလဲ ဆိုဘာ သေသေချာချာကြည့်ပါ၊ နေမကောင်းထိုင်မသာတွေ အကြည့်ခိုင်းတာ မဟုတ်ပါဘူးနော်....(မှန်ပါ)၊

ခန္ဓာတွေ ခဏခဏ တဖျပ်ဖျပ်နဲ့ ဖောက်ပြန် ပျက်စီးနေတာကို အကြည့်ခိုင်းတာ....(မှန်ပါ)၊ကိုယ့်ခန္ဓာကိုယ် မှန်ကြည့်သလို ကြည့်ပြီးသကာလ ကျန်းမာမှု၊ ချမ်းသာမှု ကြည့်နေတာကို ဆိုတာမဟုတ်ဘူးနော်....(မှန်ပါဘုရား)။

ခန္ဓာကြီးက ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ တစ်ခါတည်း ဖောက်ပြန် ပျက်စီးနေတာကို ကြည့်စေချင်လို့ ဆိုတာလဲ မှတ်ထားလိုက်ပါဦး....(မှန်ပါဘုရား)၊

အဲဒီကြည့်စေချင်တဲ့ဥစ္စာ မမြင်ဘူး ဘုရား ဆိုတော့ ဒကာဒကာမတွေ မမြင်တာ ဖုံးနေလို့ပေါ့.... (မှန်ပါ)၊ ဘယ်လို ဆုံးဖြတ်ရျက် ချကြမလဲ.... (မမြင်တာ ဖုံးနေလို့ပါဘုရား)။

အဲဒါကြောင့် ပဋ္ဌာနပါဠိတ် အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ ဒဿဒဿမတွေ သိတဲ့အတိုင်း အဖုံးငါးချက် မဖွင့်တတ်လို့ ရှိယင်ဖြင့် အခက်ကြီး ခက်တော့တာမဲ....(မှန်ပါဘုရား)။

အဖုံးငါးချက် မဖွင့်တတ်လို့ရှိယင် ဝိပဿနာဉာဏ်မရဘူး-(မှန်ပါ)၊ ဝိပဿနာဉာဏ် မရယင် မဂ်ဉာဏ်ကော....(မရပါဘုရား)၊မဂ်ဉာဏ်မှမရယင် နိဗ္ဗာန်မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

http://www.dhammadownload.com



မအို၊ မသေ အမြဲနေတဲ့နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်၊ ထေဝင်္ဂါးရှာကိုလေသာတို့၏ ချုပ်ရာသိမ်းရာငြိမ်းရာ ဖြစ်တဲ့နိဗ္ဗာန်၊ ဘယ်ကနည်းနဲ့မှ မရနိုင်ဘူးဆိုတော့ ခြော်.... ဒါဖြင့် တို့ အရေးကြီးနေတာ ဘာပါလိမ့်မတုံး ဆိုလို့ရှိယင် ဝိပဿနာဉာဏ် အမြင်သန့်ဖို့ အရေးကြီးပါကလား....(မှန်ပါ ဘုရား)။

ဝိပဿနာဉာဏ် အမြင်သန့်ဖို့ရာမှာလဲ အဖုံးက ဘယ်နှစ် ချက်ဖုံးထားသလဲ....(ငါးချက်ဖုံးထားပါတယ်)၊အဲဒီငါးချက် ဖုံးတာကို ဘုန်းကြီးက ယနေ့ ဒကာ ဒကာမတွေကို ဖွင့်ပြီး သကာလ ပြရဦးမယ်....(မှန်ပါ)။

တရားဟောတော့ ဒကာ ဒကာမတို့ ကိုယ့်သန္တာန်မှာ စဉ်းစားကြည့်တော့ ကိုယ့်ဒုက္ခ မသိမ်းနိုင်သေးသရွေ့ ကာလ ပတ်လုံး နေ့တိုင်း ဟောတဲ့တရားဟာ အရေးကြီးတဲ့ တရား ချည်းမှတ်....(မှန်ပါဘုရား)၊ နေ့တိုင်းဟောတဲ့တရားတွေဟာ (အရေးကြီးပါတယ်ဘုရား)။

ဘာကြောင့်တုံး — ကိုယ့်ဒုက္ခ မကုန်သေးလို့ ရှိယင်ဖြင့် ကိုယ့်အနာမပျောက်သေးလို့ ရှိယင်ဖြင့် အနာပျောက်တဲ့ဆေး ယူရတဲ့ နည်းဟာလဲ အရေးကြီးစွာ ယူရလိမ့်မယ်၊ အလျင် အမြန် ယူရလိမ့်မယ်ဆိုတာ ဦးဝ-တို့၊ မောင်ထွန်းသိုင်တို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊

ကိုင်း....ဒါဖြင့် နာဖူးတဲ့ပုဂ္ဂိုလ်လဲ နာဖူးကြလိမ့်မယ်၊ မနာ ဘူးတဲ့ ပုဂ္ဂိုလ်တွေက အများကြီး ဖြစ်ပြီးသကာလ နေတော့ ဒကာဒကာမတို့ ဝိပဿနာရှုတဲ့အခါ မမြင်တာသည် လောကီ၊

http://www.dhammadownload.com



ဥပမာပြောကြပါစို့ဆိုတော့ ဒကာဒကာမတွေ ရှေးကတော့ ဘုရားလက်ထက် ကတော့ မှန်တွေ၊ ဘာတွေ ဒီလောက် ထွန်းကားသေးတာ မဟုတ်တော့ ရေခွက်ကို ပမာနထားကြတယ်နော်....(မှန်ပါဘုရား)။

ရေခွက်ထဲမှာ ဒကာ ဒကာမတို့ ရေကလေး ကြည်နေအောင်ထား၊ ရေကလေး ကြည်ပြီးသကာလ နေမယ်ဆိုလို့ရှိယင်ဖြင့်-တဲ့ အဲဒီ ရေကြည်ထဲမှာ ဆေးနီတို့၊ ဆေးပြာတို့၊ ဆေးဝါတို့များ ရောလိုက်မယ် ဆိုလို့ရှိယင် ဒကာဒကာမတို့ မျက်နှာဟပ်ကြည့်ယင် မျက်နှာရိပ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)၊ ဩော်-ရေထဲမှာ အရောရှိနေလို့-(မှန်ပါ့)၊ ဘယ်လိုဆိုကြပါ့မယ်....(ရေထဲမှာ အရောရှိနေလို့ပါဘုရား)။

ရေထဲမှာ အရောရှိနေတဲ့အတွက် ဒကာဒကာမတို့ ကိုယ့်မျက်နှာရိပ်ကို ရေမှန်မှာကြည့်လိုက်ပါတယ်၊ ရေမှန်မှာ ကြည့်လိုက်တဲ့အခါကျတော့ မျက်ခုံးလဲ မပေါ်လာ၊ မျက်လုံးလဲ မပေါ်လာ၊ မှဲ့၊ တင်းတိပ်လဲ မပေါ်လာ၊ ဘယ့်နှယ်ကြောင့် မပေါ်လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ရေထဲမှာ အရောရှိနေလို့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့်.... (ရေထဲမှာ အရောရှိနေလို့ပါဘုရား)၊ ဩော်....မျက်နှာရိပ် ထင်သေးရဲ့လား.... (မထင်ပါဘုရား)၊ ရှင်းပြီနော်.... (ရှင်းပါပြီ)၊ ဩော်-ဒါဖြင့် ဒီအရော ဖယ်လိုက်ရလို့ရှိယင်ဖြင့် ရေကြည်လာလိမ့်မယ်နော်-(မှန်ပါ့)၊ ဒီအရော ဖယ်လိုက်ရယင်....(ရေကြည်လာမှာပါဘုရား)။

http://www.dhammadownload.com



ရေကြည်လာမှ မျက်နှာနဲ့ရေခွက်နဲ့ ဟပ်လိုက်လို့ရှိယင်ဖြင့် မျက်လုံး၊ မျက်ခုံးတွေမမြင်ရဘူးလား-(မြင်ရပါတယ်ဘုရား)။

အေး....ဒါကြောင့် ကိုယ့်ခန္ဓာ၏ ဖြစ်စဉ်ကို ကိုယ့်ဉာဏ် အမြင်နဲ့ ကြည့်ချင်ငြားသော်လဲ ကိုယ့်ခန္ဓာဉာဏ်ထဲမှာ အရော ရှိယင် မရဘူးတဲ့....(မှန်ပါ့ဘုရား)၊ ကိုယ့်ခန္ဓာဖြစ်စဉ်က ကိုယ့် ဉာဏ်အမြင်နဲ့ မျက်နှာ ဟပ်ကြည့်ငြားသော်လဲ အနောရှိနေ ယင်....(မမြင်ရပါဘုရား)။

အရောရှိနေယင်-(မမြင်ပါ)၊ သြော်....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အနိစ္စ ဒုက္ခသစ္စာ ဒီခန္ဓာမှာ အပြည့်နဲ့၊ အကုန်လုံး အနိစ္စဒုက္ခသစ္စာ အမှန်တကယ် ဖြစ်ပြီးသကာလ နေငြားသော်လဲ တဲ့၊ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ မမြင်ဘဲ ဖြစ်နေတာ၊ ကြားထဲမှာ အရောဘော့ရှိပြီ....(မှန်ပါ့ ဘုရား)၊မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အင်း....အရော ရှိနေတယ်၊ ခုနက ရေခွက်ထဲမှာ ဆေးနီ၊ ဆေးပြာ၊ ဆေးဝါတွေ ရောနှောလိုက်တဲ့အခါမှာ ဒကာဒကာမ တွေ မျက်နှာနဲ့ ဟပ်ကြည့်လိုက်တော့ ကိုယ့်မျက်လုံး၊ ကိုယ့် အရိပ်တွေ ကိုယ်မြင်သေးရဲ့လား....(မမြင်ရပါဘုရား)၊သြော်- ကြည်ပြီဆိုယင်ဘော့....(မြင်ရပါတယ်ဘုရား)။

သြော် — ဒါဖြင့် ဒကာဒကာမတို့ စဉ်းစားကြရဘော့၊ ရေမကြည်ယင် မျက်နှာရိပ် မထင်ဘူး၊ မပေါ်ဘူး၊....(မှန်ပါ့ ဘုရား)၊ရေကြည်ယင်ဖြင့်....(ပေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်.... ကိုယ့်ခန္ဓာ တည်းဟူသော မှန်ကြီးကို ဒကာ ဒကာမတို့ ကိုယ့်ဉာဏ်ဘည်းဟူသော မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါ ခန္ဓာတည်းဟူသော မှန်ကြီးထဲ ဒုက္ခသစ္စာတွေ အပြည့်အလျှံ ရှိနေတာကို မမြင်တာသည်ကားလို့ ဆိုယဖြင့် ဒီကြားထဲ အရောရှိလို့ပေါ့....(မှန်ပါဘုရား)၊ ဘယ်လို ဆိုကြပါမယ်....(ဒီကြားထဲ အရော ရှိနေပါတယ်ဘုရား)၊ အရော ရှိနေပြီဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အေး.... ဒါကြောင့် ဒီအရောမှ မဖယ်လို့ရှိတောင် ဒီခရ ကြည့်စရာ မြင်သေးရဲ့လား—(မမြင်ပါဘုရား)။

ဒီခန္ဓာ ကြည့်စရာ မမြင်ဘူး၊ ဒါကြောင့် ဘုတ်လေးပါး 'မဟာဘုတ် ၄-ပါး' ဆိုတာ အကြည့်မှန်ကြီးနဲ့ ထူတယ်ဆိုတဲ့ ဉစ္စာလဲ အဋ္ဌကထာ ဆရာများ သိပ်ပြီး ရေးကြပါတယ်.... (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ရောနေလို့ ရှိယင်လဲ မမြင်ဘူးဆိုတာ သေချာပြီနော်.... (သေချာပါပြီ)၊ ကိုင်း— ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးထုတ်တဲ့ ဥပမာ ကလေး....ဥပမာရယ်လို့တော့ မဟုတ်ပါဘူး၊ ဝတ္ထုကလေးကို နည်းနည်း ထည့်လိုက်ပါဦးမယ် ဒကာ ဒကာမတို့၊ နော်.... (မှန်ပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ သင်္ဂါရဝ သတို့သားနဲ့ တွေ့ဘယ်၊ သင်္ဂါရဝ သတို့သားကလဲ ဉာဏ်ကလေးကပါတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အရှင်ဘုရား-တဲ့၊ တပည့်တော် ပုဏ္ဏားဖြစ်ပါ

http://www.dhammadownload.com



တယ်၊ ပုဏ္ဏားဆိုတဲ့ဥစ္စာ တပည့်တော်တို့ မန္တန် သရဇ္ဈာယ်ရပါတယ်၊ မန္တန်တွေ စာတွေ အင်မတန် ရ-ရပါတယ်။

အဲဒါ.... တပည့်တော် မသိလို့ဘဲ မေးလျှောက်ပါရစေဘုရား၊ တစ်ခါတလေကျ လို့ရှိယင်ဖြင့် ရပြီးသားဘွေတောင် မေ့ကုန်တယ်၊ တွေးလို့ကို မရဘူး၊ ပြန်စရာတောင် မရှိပါဘူးရား။

တစ်ခါတလေကျပြန်တော့လဲ တပည့်တော်မှာ ရှေးတုန်းက ငယ်ငယ်တုန်းက မေ့ပြီးသား စာတွေတောင် ပြန်ပေါ်ပါတယ်ဘုရား....တဲ့၊ သဘောကျပလား....(ကျပါပြီ)၊ တစ်ခါတလေကျတော့ ဘာလဲ့ ရပြီးသားဘွေ....(မေ့ကုန်ပါတယ်)။ တစ်ခါတလေကျတော့ ရှေး- ငယ်ငယ်က ပစ်ထားတာတွေတောင်....(ပြန်ပေါ်ပါတယ်ဘုရား)၊ အဲဒီ နှစ်ကြောင်းတော့ အရှင်ဘုရား အမိန့်ရှိဦးမှ ကောင်းမယ်၊ သဘောကျပလား.... (မှန်ပါ့ဘုရား)။

အေး....ဒါဖြင့် သင်္ဂါရဝ-ငါရှင်းပြမယ်ကွဆိုပြီး သကာလ ခုနကပြောခဲ့တဲ့ ရေခွက်ထဲမှာ ဆေးနီ ဆေးဝါ၊ ဆေးပြာတွေ ရောပြီးသကာလ မင်းမျက်နှာနဲ့ ဟပ်ကြည့်ဟေ့.... သင်္ဂါရဝ သတို့သား၊ မင်းမျက်နှာရိပ် ထင်ပါ့မလားလို့ မေးလိုက်တော့ ပုဏ္ဏား ဘယ့်နှယ် ဖြေမယ် ထင်သလဲ.... (မထင်ပါဘုရား)။

မျက်နှာရိပ် ထင်နိုင်ကြပါ့မလား....(မထင်နိုင်ပါဘုရား)၊ ဘာတုံး-ရေထဲမှာ ဆေးနီ ဆေးဝါ ဆေးပြာတွေက ဘယ့်နှယ် ဖြစ်နေသတုံး....(ရောနေပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ....ဒီမှာလဲ ဒကာ ဒကာမတို့၊ ကိုယ့် ခန္ဓာကိုယ်ကို ဝိပဿနာ ရှုမယ် ကြံလို့ရှိယင်ဖြင့် လောဘ စိတ်ကလေးတွေ ရှိပြီး ကြားခိုနေလို့ ရှိယင် ဇီက ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါ ကျလို့ရှိယင် လောဘစိတ် ကြားခိုနေလို့ ရှိယင်ဖြင့် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို ဘယ်တော့မှ မမြင်ဘူး.... (မှန်လှပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ လောဘခံနေယင်.... (မပေါ်ပါဘုရား)။

အင်း....လောဘကလဲ လောဘမူစိတ် ရှစ်ခုဆိုတော့ ဒိဋ္ဌိဂတ သမ္ပယုတ်တွေ၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ်တွေနဲ့ အင်း....တစ်ခါ တည်း ဆေးနီ ဆေးပြာ ဆေးဝါတွေဟာ ဒကာသစ်ရေ.... စုံလို့ ပေါ့....(မှန်လှပါဘုရား)။ ကိုမြခွေရေ....စုံလို့ ပေါ့ဗျာ.... (မှန်လှပါဘုရား)။

အဲဒီစုံနေတဲ့ အရေကြီးမှာ မျက်နှာရိပ် ဟပ်ကြည့်တော့ ဘယ့်နှယ်လုပ်ပါ့မလဲ....(မပေါ်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိပေးလိုက်ပါတယ် ဒကာ ဒကာမတို့၊ ဆေးနီ ဆေးဝါ ဆေးပြာတွေ ဖယ်ကြစို့ရဲ.... (မှန်ပါ)၊ ဘာပြုလို့တုံး.... ရေကြည်စေချင်လို့.... (မှန်ပါ ဘုရား)။

ဆေးနီ ဆေးဝါ ဆေးပြာတွေ ဖယ်ကြစို့ ဒကာဒကာမတို့- (မှန်ပါ)။ ဘယ့်နှယ်ကြောင့် အဖယ်ခိုင်းပါသိမ့်.... (ရေကြည် စေချင်လို့ပါ)၊ ရေကြည်ကြည် မျက်နှာဟပ်လိုက်ရလို့ ရှိယင် ဖြင့် ကိုယ့်ခန္ဓာအရိပ်ဟာ 'ဒုက္ခသစ္စာအရိပ်ကြီးဟာ' ပေါ်တော့ မယ်-(မှန်ပါဘုရား)၊ ဦးခင်မောင်ဇီ ပေါ်ပါ့မလား—(ပေါ်ပါ တယ်ဘုရား)။

http://www.dhammadownload.com



အဲဒီမှာလဲ ထို့နည်းအတူပဲ ဒကာ ဒကာမတို့၊ ကိုယ့်ခန္ဓာကြီးကို ကိုယ်ကြည့်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီကြားထဲမှာ စိတ်ထဲမှာ လောဘတွေပါနေလျက်၊ ဒေါသတွေပါနေလျက်နဲ့ ဝိပဿနာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် ဒီဆေးနီကလေးတွေဟာ ရော ပြီးသား ဖြစ်နေတဲ့အတွက် ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒုက္ခသစ္စာအရိပ်ကြီးဟာ ဒကာ ဒကာမတို့မမြင်ဘူး တဲ့.... (မှန်လှပါဘုရား)၊ မြင်နိုင်ပါ့မလား.... (မမြင်နိုင်ပါဘုရား)။

ဒကာဒကာမတို့၊ လောဘတည်းဟူသော ဆေးနီ ဆေးဝါတွေ ရောနေတယ်၊ ရောနေတော့ ခန္ဓာတည်းဟူသော ရေပြင်မှာ ကြည်ကြည်လင်လင် မရှိတဲ့အတွက် ကိုယ့်မျက်နှာရိပ်ဆိုတဲ့ အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ် ဒုက္ခသစ္စာရိပ်တို့ မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ဪ....ဒါဖြင့် ဒကာ ဒကာမတွေက အိမ်ကျတော့ ဆရာဘုန်းကြီးက မှာလိုက်တယ်၊ ဝိပဿနာ ရှုကြ ဝိပဿနာရှုကြ၊ ဒါမှသာလျှင် ဒီဝေဒနာ ချုပ်မယ်၊ ဒီဝေဒနာ ချုပ်မှသာလျှင် နောက်ခန္ဓာကြီး ရမယ်သို့ သင်လွှတ်လိုက်တဲ့ အတွက် အိမ်ကျတော့ ရှုကြပါတယ်၊ ရှုကြပေမယ့်လဲ ဒီလောဘကလေးက သားခင်တဲ့ လောဘ၊ သမီးခင်တဲ့ လောဘ ဒါကလေးက ဝင်ပြီးသကာလ ရှုနေတော့၊ ထိုင်နေတော့ ထိုင်တာပဲဘုရား၊ မြင်ကို မမြင်သေးဘူးဆိုတော့ အရောကို သူ မဖယ်လိုက်ဘူး.... (မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဆေးပြာ ဆေးဝါနဲ့တူတဲ့ လောဘက ရောမနေဘူးလား ဗျာ....(ရောနေပါတယ်ဘုရား)၊ အဲ....သူ ရောနေတဲ့ အတွက်

http://www.dhammadownload.com



ဒကာဒကာမတို့ ဉာဏ်တည်းဟူသော မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာကြီး ဖြစ်ပုံပျက်ပုံ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ကြော်....ဘာခံနေပါလိမ့်-(လောဘ ခံနေပါတယ်ဘုရား)၊ လောဘ တည်းဟူသော ဆေးနီ ဆေးဝါ ဆေးပြာနဲ့ ရောလို့ ချည်းတွေနေတာကိုး-(မှန်ပါ)၊ မျက်နှာရိပ်ကို ထင်စရာရှိသေးရဲ့လား....(မရှိပါဘုရား)၊

အဲဒီတော့ ဘုန်းကြီးက သတိပေးလိုက်တယ်၊ အားလုံးတရားနာတဲ့ ဒကာဒကာမတွေ ဒီအရေး အင်မတန် ကြီးတယ်ဆိုတာ မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)၊

ကိုယ့်ရှိလျက်နဲ့ ကိုယ်မမြင်ဘာဟာ အရေးရှိလို့ ဦးခင်မောင်ရေ....(မှန်ပါ)၊ ကိုယ့်ရှိလျက်နဲ့ ... (ကိုယ်မမြင်တာဟာ အရေးရှိလို့ပါဘုရား)၊ အရေးရှိလို့ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတို့၊ သားရေး သမီးရေး စီးပွားရေးကို ခင်တွယ်တဲ့ လောဘကလေးနဲ့ ရောနေတဲ့ အချိန်ကျလို့ရှိယင်ဖြင့် ဆေးနီ ဆေးပြာ ဆေးဝါဆိုတဲ့ အရော ရှိနေတဲ့ အတွက် ဉာဏ်ကလေးနဲ့ ထိုးဖောက်ဖို့ရာအတွက် မရဘဲဖြစ်နေတယ်-(မှန်ပါ)၊ ခန္ဓာကို ထိုးဖောက်နိုင်သေးရဲ့လား.... (မထိုးဖောက်နိုင်ပါဘုရား)။

ဉာဏ်မျက်လုံးနဲ့ ခန္ဓာကိုကြည့်တဲ့ အခါကျလို့ ရှိယင်ဖြင့် လောဘတည်းဟူသော တရားတွေက ရှေ့ပိုင်းကနေပြီး ကာ

http://www.dhammadownload.com



ကျွယ်နေတယ်ဆိုတာ နိဝရဏတရားတွေအဖြစ်နဲ့ အမှုသမ်းနေ တယ်ဆိုတာ မသေချာဘူးသား... (သေချာပါတယ်ဘုရား)။

အဲဒီလို သေချာပြီးသကာလ နေတဲ့အတွက် မမြင်တာဟာ ပါရမီမရှိလို့တော့ မအောက်မေ့လိုက်ပါနဲ့....(မှန်ပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့ ဒကာဒကာမတို့၊ ဒီလိုလုပ်ကြ ဆိုတာ ကိုယ့်အရေး ကိုယ်သိကြပေတော့နော်....(မှန်ပါ)။

ခုနက ရေခွက် ဥပမာ.... ပြန်ကိုင်လိုက် ဒီရေခွက်ထဲမှာ ဒကာဒကာမတို့ ဆေးနီ ဆေးဝါ ဆေးပြာတွေ ရောထား တော့ ဒါတွေအကုန်ဖယ်ကြစို့၊ စွန့်ပစ်ကြစို့ (မှန်ပါ)၊ စွန့်ပစ် လိုက်သော် သူ့အရိပ်၏ အနယ်တွေ ဦးဇင်းရင်တို့.... ကုန်သွား မှာပေါ့ဗျာ၊ ကုန်သွားပြီးသော့မှ ဒီရေကို ပြန်ကြည့်လိုက်ရ လို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာရိပ်တွေဟာ အကုန်မပေါ်ဘူးလား၊.... (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ လောဘသာလို့ရှိယင် ဒကာဒကာမတို့ ခန္ဓာ ကို ဒိပြင်ဟာ မကြည့်ဘဲနဲ့ ကိုယ့်သန္တာန်မှာ လောဘ အရင် ရှုပါ....(မှန်ပါဘုရား)။

လောဘ အရင်ရှုပြီးတော့ လောဘသည်ကားလို့....ဆိုယင် ဖြင့် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက် ဆိုပြီးသကာလ လောဘသည် အနိစ္စပဲဆိုပြီး သူလာတိုင်းရှု၊ ရှုပြီးသော့မှ ဒကာ ဒကာမ တွေက ကျန်တဲ့ခန္ဓာ ပြန်ရှု...(မှန်ပါ)၊ သူချုပ်သွားပြီးမှပြန်ရှု လိုက်....(မှန်ပါဘုရား)။

ဒါဖြင့် ဆေးတွေ ဖယ်ပြီးမှ ပြန်ကြည့်သော့ ပိုမမြင်ရဘူး လား.... (မြင်ရပါတယ်)၊ ဒါဖြင့် ဆေးတွေ ဖယ်တာလဲ

http://www.dhammadownload.com



ဝိပဿနာ....(မှန်လှပါဘုရား)၊သဘောကျပလား•(ကျပါပြီ)၊ သေးတွေဖယ်ပြီးမှ ကျန်တာ ရှုဘာ ဘာလဲ....(ဝိပဿနာပါ ဘုရား)။

အဲ.... ဝိပဿနာ နှစ်ချက် ထပ်အောင်လို့ ဟောလိုက်ပါ တယ်....(မှန်ပါဘုရား)၊ သဘောပါကြပဲလား....(ပါပါပြီ)၊ ဒါဟာ ဆင်မတန် အရေးကြီးတဲ့ အချက်အသက်ဆိုဘာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေက အိမ်ကျတော့ ဝိပဿနာ ရှုတော့ ခန္ဓာကြီးလဲ ဆရာဘုန်းကြီးက ဟောလိုက်တယ် အကုန်အပျက်ချည်းပဲ ပျက်ဒုက္ခသစ္စာချည်းပဲ ဟောလိုက်ပါ လျက်သားနဲ့ တပည့်တော် မမြင်သေးဘူးဘုရား ဆိုလို့ရှိယင် ဒကာဒကာမတို့ လောဘဆရာနေပြီ.... (မှန်ပါ)၊ သေချာကြ ပလား....(သေချာပါပြီဘုရား)။

ဘာ- ရောနေသတုံး.... (လောဘရောနေပါတယ်ဘုရား)၊ ဒါဖြင့် သူ့ကိုဘာလုပ်ကြရမယ်....(ဖြစ်ပျက်ရှုရပါမယ်)၊ သူ့ ကို ဖြစ်ပျက်ရှုပြီး ဖယ်လိုက်....(မှန်ပါဘုရား)။

သူမရှိတော့ကို ဖြစ်ပျက်အနိစ္စပဲသို့ ရှုပေးလိုက်၊ ရှုပေး ပြီးတဲ့နောက်မှ သူမလာဘဲအချိန်ကျမှ တစ်ခါကျန်တဲ့ ဝေဒနာ ရှုကြည့်၊ ကျန်တဲ့စိတ်တွေရှုကြည့်၊ မမြင်သေးဘူးလား•(မြင်ပါ တယ်ဘုရား)။

မြင်တာ ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ရောဘာကို ဖယ်ပြီးသကာလမှ ရှုလိုက်တဲ့အတွက် ဒုက္ခသစ္စာ ရှိတဲ့ခန္ဓာမို့ ဒုက္ခသစ္စာအရှုခံတာကို ဒုက္ခသစ္စာပဲ ဖြစ်ပျက်ပဲ

http://www.dhammadownload.com



လာခတွေ့တာပဲ-(မှန်လှပါဘုရား)၊ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဒါဖြင့်....ဖယ်တွန်းကာ ရှုနည်းတစ်မျိုး၊ ဖယ်ပြီးမှ ရှုရတဲ့နည်းက-(တစ်မျိုးပါဘုရား)၊ အဲဒီတော့ နှစ်မျိုးသော ဝိပဿနာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)၊ ဦးခင်မောင် ဘယ်လိုမှတ်မယ်-(နှစ်မျိုးသော ဝိပဿနာပါဘုရား)။

သောခကကို ရှုနေတာလဲ-(ဝိပဿနာပါဘုရား)၊ ဝိပဿနာပဲ စိတ္တာနုပဿနာ ဖြစ်သွားတာပဲ၊ ပြီးမှ ကျန်တာတွေရှုတာလဲ ဝိပဿနာပဲ.... (မှန်ပါ)၊ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်)၊ ဒါဖြင့် မမြင်သေးတဲ့အခါကျလို့ရှိယင် အဖုံးရှိလိမ့်မယ်နော်-(မှန်ပါဘုရား)၊ မမြင်ယင် ဘယ်လိုတဲ့(အဖုံးရှိပါတယ်ဘုရား)။

အဲ....အဖုံးမဖွင့်ဘဲနဲ့ ရှုနေလို့ရှိယင် ဒီနေ့ဖြင့် ကျုပ်က အနှောင့်အယှက်တွေ သိမ်မွေ့တယ်၊ သားကိစ္စ၊ သမီးကိစ္စ၊ သားကလေးတွေ လွှမ်းတဲ့ကိစ္စ၊ သမီးကလေးတွေခင်တဲ့ကိစ္စ၊ ဒါတွေ့စာ ကျုပ်ချစ်တော့ ကျုပ်-ဒီနေ့ ဝိပဿနာ မရှုဘူး ဆိုပြီးဆကာလ ဒကာဒကာမတွေစာ အင်း.... ဆေးတွေဖယ် ရမှာကို ဆေးတွေမဖယ်ဘဲနဲ့ ထရှုတယ်....(မှန်လှပါဘုရား)၊

ဆေးဖယ်ရမှာ....(ဆေးမဖယ်ဘဲနဲ့ ထရှုပါတယ်)၊ ထ-ပြီး တော့ ဦးခင်မောင်....တစ်နေ့လုံး သွားရောပေါ့ဗျာ....(မှန်ပါဘုရား)၊ တစ်နေ့လုံး ပဋိစ္စသမုပ္ပါဒ် မတန်းပေဘူးလား- (တန်းပါတယ်ဘုရား)၊ တစ်နေ့လုံး အပါယ်သွားတဲ့အလုပ်နဲ့ အချိန်မကုန်ပေဘူးလား....(ကုန်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ဆေးတွေကော ဖယ်လိုက်ကြပါ-(မှန်ပါ)၊ ဒုက္ခဒက္ခာမတို့ ဆောဘာ လာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်)၊သူ့ကို နိုင်ပြီးသည့်နောက်မှ ကျန်တဲ့ ခန္ဓာတွေ ဘာလုပ်ကြမယ် .... (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တော့ မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

ဩော်....ဖယ်တတ်တဲ့ဉာဏ်လဲ ရှိပါစေ....(မှန်ပါ)၊ အင်း....ဖယ်ပြီးမှ ရှုတတ်တဲ့ဉာဏ်ကော....(ရှိပါစေ)၊ ဒီနှစ်ချက်ဆိုယင် နီးပြီ၊မဝေးတော့ဘူး....(မှန်ပါ)၊ သဘောကျပလား(ကျပါပြီဘုရား)၊

အဲ....ဒါဖြင့် ပုဏ္ဏားမေးတာလဲ ဒုက္ခဒက္ခာမတို့၊ အဲဒါရှိလို့ မင်း မမြင်တာဆိုတာ သချာပလား....(သေချာပါပြီ)။

တစ်ခါထလေကျတော့ ဒက္ခာ ဒက္ခာမတွေက သွားအလိုမကျ၊ ဆမီးဆလိုမကျနဲ့ အင်း....မကျပေစေ မတတ်နိုင်ဘူး၊ ကိုယ့်အလုပ်တော့ ကိုယ်လုပ်ဦးမှပဲဆိုပြီး ဝိပဿနာကို ဘုန်းကြီးက အရှုခိုင်းတဲ့အတိုင်း ဒုဏ္ဏဒက္ခာမတွေက လိုက်နာ နာထောင်ပြီး ရှုကြတယ်ဆိုကြပါစို့ .... (မှန်ပါ)၊ မမြဲဘူး၊ ဦးခေါင်မောင်ရေ....ရောပြန်ပြီ....(မှန်ပါ)၊ရောပြန်ပြီ....တဲ့။

အဲဒီတော့ ဆင်္ခါရဝ သတ္တိသားတဲ့၊ မင်းသည်တားလို့ဆိုယင် ရေတွေကို အောက်ကနေ မီးနဲ့ထိုးထားပြီး ရေတွေက အငွေ့ထွက်နေတုန်း မျက်နှာဟပ်ကြည့်ယင် မင်း....ကိုယ့်မျက်နှာရိပ် မြင်ပါ့မလား....(မမြင်ပါဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ ဒေါသတည်းဟူသော အခိုးတွေက ထ-နေတုန်းကို ဒကာ ဒကာမတို့၊ ဝိပဿနာ ရှုမယ်ဆိုယင်ဖြင့် ကျန်ဘာတွေ မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုလုပ်ကြ၊ အခိုးဘွက်နေ တာကို မြင်အောင် လုပ်ပြီးမှ ရှုရမယ်၊ သဘောကျပလား.... (မှန်ပါ့ဘုရား)၊ အခိုးထနေတာကို....(မြင်အောင်လုပ်ရမယ်)၊ မြင်အောင်လုပ်ပြီးမှ ရှုဆိုတော့ အခိုးထတဲ့ ဒေါသကို အရင် ရှုပေးပါ....(မှန်ပါ့ဘုရား)။

"သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ" ဆိုတဲ့ ပါဠိတော် အတိုင်း ဒကာ ဒကာမတို့ ယူ့ကို အရင် ရှုပါ....(မှန်ပါ့ဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)၊ ဘာလုပ် ကြမယ်....(ဒေါသကို အရင်ရှုရပါမယ်ဘုရား)။

အင်း....အခိုးထနေတာကို အရင်ရှုပေးလိုက်.... (မှန်ပါ)၊ အခိုးငြိမ်းသွားတဲ့အခါကျတော့ ကျန်တဲ့ ခန္ဓာတွေပါ အကုန် ပေါ်လာလိမ့်မယ်–(မှန်ပါ့)၊ အခိုးငြိမ်းသွားတဲ့အခါကျတော့- (ကျန်တဲ့ခန္ဓာတွေ ပေါ်လာပါလိမ့်မယ်ဘုရား)။

ကဲ – ဒီလိုဆိုတော့ ဒကာ ဒကာမတို့ ရေကြည်သွားတဲ့ အခါကျမှ ရေအခိုးငြိမ်းသွားတဲ့အခါ ကျမှ မျက်နှာရိပ် ဟပ် လိုက်တော့ အကုန်မြင်သလိုပေါ့ဗျာ....(မှန်လှပါဘုရား)။

ဒီမှာသဲ ဒကာ ဒကာမတွေ ဒေါသ အရင်ရှုပြီး ဒေါသ ကုန်မှကျန်တဲ့ခန္ဓာတွေရှုလိုက်မယ်ဆိုတော့မမြင်ရပေဘူးလား.... (မြင်ပါတယ်ဘုရား)၊ ဒါဖြင့် ဖယ်လိုက်ကြပလား....(မှန်ပါ့ ဘုရား)၊

http://www.dhammadownload.com



ဒါဖြင့် ၁-နံပါတ်က လောဘဖယ်ရှ-(မှန်ပါ့)၊လောဘကို အရှင်ရှု၊ လောဘ အရင်ရှုပြီးတော့မှ ကျန်တဲ့ဥစ္စာ ရှုပါ.... (မှန်ပါ့ဘုရား)၊ ၂-နံပါတ် ဒေါသလာလို့ရှိယင်လဲ ဦးခင်မောင် ဘာကို အရင်ရှုရမလဲ.... (ဒေါသကို အရင်ရှုရပါမယ်ဘုရား)။

သူက အခိုးထတာကိုးဗျ-(မှန်ပါ့)၊သူ့ကို အရင်နိုင်အောင် လုပ်ပစ်လိုက်ပါဦး .... (မှန်ပါ့)၊ ရေထဲကနေပြီး ဒီရေတွေ ငြိမ်အောင် လုပ်ပစ်လိုက်ပါဦး၊ အခိုးတွေ သတ်ပစ်လိုက်ပါဦး ဆိုတဲ့အဓိပ္ပာယ်ပေါ့ဗျာ.... (မှန်ပါ့)၊ သဘောပါကြပလား.... (ပါ့ပါပြီ)။

ဒါဖြင့် နီဝရဏနှစ်ခု ကုန်သွားပြီနော်....(မှန်ပါ့)၊ တစ်ခါ ထဲလေကျတော့ ဒကာဒကာမတွေ ခန္ဓာကြီးစိုက်ပြီ၊ ဖြစ်မှု၊ ပျက်မှုတွေရှုနေ၊ ဒုက္ခသစ္စာတွေ ရှုတယ်ဆိုလဲ တို့ဖြင့် မမြင်ပါ ဘူးဆိုလို့ရှိယင်ဖြင့် ထိနမိဒ္ဓဆိုတဲ့ဥစ္စာ ဝင်နေပြန်ပြီ- (မှန်ပါ့ ဘုရား)၊ ဘယ့်နှယ်ဆိုကြမယ်....(ထိနမိဒ္ဓ ဝင်နေပါတယ်)။

ထိနမိဒ္ဓ ဆိုတဲ့ဥစ္စာ ဝင်နေတယ်....(မှန်ပါ့ဘုရား)၊ ထိနမိဒ္ဓ ဆိုတဲ့ဥစ္စာ ကိုယ့်စိတ်မနိုင်၊ ကိုယ်စေတသိက် မနိုင် ဆိုတာ အိပ်ချင်တဲ့စိတ်ကို ဆိုပါတယ် .... (မှန်ပါ့)၊ ဘာဆိုကြမယ်.... (အိပ်ချင်တဲ့စိတ်ပါဘုရား)။

အဲ-အိပ်ချင်တဲ့စိတ်ပေါ်တာ အဲဒီတော့ကိုတဲ့ ဒီအခါမှာလဲ ကိုယ့်ခန္ဓာဒုက္ခသစ္စာကို မြင်နိုင်ပါ့မလား-(မမြင်နိုင်ပါဘုရား)၊ ကိုယ့်ခန္ဓာ ဖြစ်ပျက် အနိစ္စကော .... (မမြင်နိုင်ပါဘုရား)၊

အင်း....ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ဆိုတော့ ဘုရားက သင်္ဂါရဝ....မင်း ဒီလိုမှတ်လိုက်ကွာ .... 'ရေထဲမှာ မှော်ရောနေ

http://www.dhammadownload.com



တယ်ကွ’ရေအိုးထဲမှာဖြစ်စေ၊ ရေကန်ထဲမှာဖြစ်စေ မျှော်တွေက အုပ်နေတဲ့ အခါ ကျတော့ ဥပမာ – ဒကာသစ်ကဲ မျက်နှာ ကလေး ရေထဲသွားဟပ်လိုက်တဲ့အခါ အရိပ်ထင်ပါ့မလား.... (မထင်ပါဘုရား)၊ မျှော် အုပ်နေတယ်....(မှန်ပါ့)၊ဘာအုပ်နေ တယ်,....(မျှော်အုပ်နေပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ မျှော်အလေး ဖယ်ပြီးသကာလ မှ မျက်နှာသွားဟပ်လိုက်လို့ရှိယင် ကိုယ့်မျက်နှာမှာ မှဲ့ရှိတယ်၊ တင်းတိပ်ရှိတယ်ဆိုတာ ပေါ်ရမယ်....(မှန်ပါ့)၊ကိုယ့်ခန္ဓာ ဒုက္ခ သစ္စာဖြစ်တယ်၊မဖြစ်ဘူးဆိုတာ မပေါ်ပေဘူးလား–(ပေါ်ပါ တယ်ဘုရား)၊ အဲဒီမှာလဲ ဒကာဒကာမတို့ တစ်ခါတလေ ရှုတဲ့ အခါကျတော့ ဖြစ်ပျက်တွေ၊ ဒုက္ခသစ္စာတွေ မမြင်ဘူးဆိုလို့ ရှိယင် ထိနမိဒ္ဓဝင်တဲ့အခါ လာလိမ့်မယ်....(မှန်လှပါဘုရား)။

အဲ–ဒီလာလို့ရှိယင် ထိနမိဒ္ဓကို ဒကာဒကာမတွေက ဖြစ် ပျက်ရှု....(မှန်လှပါဘုရား)၊ ကျန်တာကို ရှုကိုမရှုနဲ့....(မှန်ပါ့ ဘုရား)၊ကျန်တဲ့ခန္ဓာကိုမရှုနဲ့၊ သူ့ကိုပဲနိုင်အောင်ရှုပေးပါဦး.... (မှန်ပါ့)၊သဘောကျရဲ့လား....(ကျပါပြီ)၊ ထိနမိဒ္ဓကိုဘာလုပ် ပေးရမလဲ....(ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါတွေ မြင်တော့နဲ့ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ စိတ္တာနုပဿနာ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ “သံခိတ္တံ၊ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ”သံခိတ္တံ၊ ဝါ စိတ္တံ ထိနမိဒ္ဓစိတ်ကို။ သံခိတ္တံ စိတ္တန္တိ၊ ထိနမိဒ္ဓ ဖြစ်ပျက်ဟူ၍။ ပဇာနာတိ၊ သိအောင်လုပ် ပါလို့ မလာဘူးလား....(လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဦးခင်မောင်....ပေါ်ပလား-(ပေါ်ပါပြီ)၊ ဒါဖြင့် သူ့ကို အရင် ရှုပြီးတော့မှ ကျန်တာ သူ့နိုင်ပြီးတော့မှ ဘာလုပ်ရ မတုံး....(ကျန်တဲ့ခန္ဓာတွေ ရှုရပါမယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ရေပေါ် မှော်အုပ်နေတော့ မျက်နှာရိပ် မထင်ဘူးကွ....(မှန်ပါ့ဘုရား)၊ ထင်သေးရဲ့လား- (မထင်ပါ ဘုရား)။

ဒုက္ခသစ္စာ ခန္ဓာကြီးကလဲ ဉာဏ်နဲ့ ထိုးကြည့်လိုက်တဲ့အခါ ဒုက္ခသစ္စာတွေ ပေါ်လာသေးရဲ့လား.... (မပေါ်ပါဘုရား)၊ အဲ....ထိနမိဒ္ဓဆိုတဲ့ မှော်တွေက အုပ်နေတာ....(မှန်ပါ့ဘုရား)၊ မြင်နိုင်သေးရဲ့လား....(မမြင်နိုင်ပါဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်- (မှော်ကိုဖယ်ပစ်ရပါမယ်)၊ သူ့ကိုအရင်ရှု၊ သူ့ကို အရင်ရှုပြီးတော့မှ သူ့နိုင်တော့မှ ကျန်တဲ့ခန္ဓာလှည့်ပါ....(မှန်ပါ)၊ သဘောပါကြပလား-(ပါ-ပါတယ်)။

ဒါဖြင့် နီဝရဏ ဘယ်နှစ်ချက်ပြီးသွားပြီလဲ....(သုံးချက်ပြီး သွားပါပြီ)၊ သုံးချက်ပြီးသွားပြီ ဒကာဒကာမတို့....(သုံးချက် ပြီးသွားပါပြီ)၊ ဒါဟာ ပါဠိတော်တွေနဲ့လဲ ဦးခင်မောင်-ကိုက်ပြီနော်....(ကိုက်ပါတယ်ဘုရား)။

ကိုင်း....ဒကာဒကာမတို့ အင်္ဂုတ္တိုရ်နဲ့ သတိပဋ္ဌာန်ဆိုတဲ့ သုတ်မဟာဝါ ပါဠိတော်ကြီးနဲ့ ညီလိုက်ပါတယ်.... (မှန်ပါ့ ဘုရား)။

တစ်ခါတလေကျတော့ ပုဏ္ဏားမေးတဲ့အထဲမှာ ဒကာ ဒကာမတို့.... ရပြီးသားတွေမေး၊ မရသေးတာတွေ အကုန်

http://www.dhammadownload.com



ပျောက်-ဆိုတဲ့ဥစ္စာ ဘယ်အကြောင်းကြောင့်တုံး ဆိုတော့.... ဒီအရေကြောင့်သာ မှတ်ကြပေတော့-(မှန်ပါဘုရား)၊ရှင်းကြပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့ကလဲ ရောချင်တာက လွန်နေတာပဲ....(မှန်ပါ)၊ ဟင်းချက်တာတောင်မှ ရောနှောချက်ကြတယ်၊ ခင်ဗျားတို့ ဝါသနာကလေ....(မှန်ပါဘုရား)။

အဲဒီလိုဖြစ်ပြီးသကာလ ခင်ဗျားတို့ဟာ သားနဲ့လဲသွား မရောချင်ဘူးလား....(ရောပါတယ်)၊ သမီးနဲ့ကော....(ရောပါတယ်)၊ အင်း-သမီး-သားနဲ့ကော....(ရောပါတယ်)၊ ငါ့များ မမြင်ကြဘူးလား၊ ငါ့များ အရုပ်များ မှတ်နေကြသလား၊ ကိုယ်က ရောချင်တယ်....(မှန်ပါဘုရား)။

ငါ့များ အရုပ်များမှတ်နေကြသသားဆိုပြီး အိမ်မှာလူကြီးတွေက မပြည်တတ်ကြဘူးလား-(မြည်ပါတယ်ဘုရား)၊ ဘာပြုလို့ ဒီအသံတွက်လာသတုံး....ဆိုတော့ မရောလို့ ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တစ်အိမ်လုံးမှာ ငါ့ထက်ကြီးတာ ဆင်ပဲရှိတော့တယ်၊ ဒါကို ငါ့ကို အရုပ်လိုထားကြတယ်ဆိုတဲ့ဥစ္စာ ဒီအသံ ဘာသံပါလိမ့်.... (ရောချင်တဲ့အသံပါဘုရား)။

ဩော်.... စက်လိုက်တာ ဘုရားကလဲ အရော မကြိုက်၊ ခင်ဗျားတို့ကလဲ မရောလို့ မျက်ရည်ကျ၊ ခက်လိုက်တဲ့ဖြစ်ခြင်း ဘယ့်နှယ်လုပ်ကြမှာတုံး။

ကိုင်း....ဒကာဒကာမတွေ အရောတွေ မလာစေနဲ့နော်.... (မှန်ပါ)၊ အခု အရောကြောင့် အမှန် မြင်သေးရဲ့လား....

http://www.dhammadownload.com



(မမြင်ပါ)၊ အဲ....ဒီက ရှေ့ကျတော့ ဝိပဿနာ လုပ်တော့မယ်ဆိုယင် သားနဲ့လဲ မရောပါနဲ့၊ သမီးနဲ့ကော.... (မရောပါနဲ့)၊ အင်း....သား၊ခင်မှုနဲ့လဲ မရောနဲ့၊ သမီး အလိုမကျမှုနဲ့ကော....(မရောပါနဲ့)၊ အိပ်ချင်မှုနဲ့လဲ—(မရောပါဘုရား)။

မရောလိုက်ပါနဲ့ ... တဲ့၊ မရောလိုက်ပါနဲ့၊ ရေပေါ်မှာ ဒကာဒကာမတို့ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ ရောတာကလဲ လောဘ ရောတာ....(မှန်ပါ)၊ ရေဆူနေတာက.... (ဒေါသပါဘုရား)၊ ဒေါသ ရောတာ၊ မှော်ဘွေအုပ်နေတာက ထိနမိဒ္ဓ ရောနေတာ....(မှန်ပါ)၊ ရိပ်မိကြပလား- (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် စတုတ္ထပြောပါဦးမယ် ဒကာဒကာမတို့၊ စတုတ္ထကို ဒကာ ဒကာမတို့ ဘုန်းကြီးက ခိုင်းလိုက်တယ်၊ ဝိပဿနာရှုကြ ခန္ဓာထဲမှာ ဘာမှမရှိဘူး၊ ဩော်.... သင်္ခါရနဲ့ ဆနီ္နပဲရှိတယ်၊ (သို့မဟုတ်) ဖြစ်ပျက်ပဲရှိတယ်၊ (သို့မဟုတ်) သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဆိုတဲ့အတိုင်း ဒုက္ခသစ္စာပဲ ရှိပါတယ်၊ အဲဒါကို ဉာဏ်ကလေးနဲ့ တည့်ကြပါလို့ ဉာဏ်ကလေးနဲ့ တည့်ကြပါလို့ ဒကာ ဒကာမတို့ မမှာဘူးသား.... (မှာပါတယ်ဘုရား)။

တည့်တော့ တည့်တာပဲဘုရား၊ မမြင်ဘူးဘုရား၊ ဩော်.... မရှိလို့ မမြင်တာလား၊ ရှိလျက်နဲ့ မမြင်တာလား-(ရှိလျက်နဲ့ မမြင်တာပါဘုရား)၊ ရှိလျက်နဲ့ မမြင်တာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး ဆိုတော့ ကိုယ့်ရှေ့နား အဖုံးရှိလိမ့်မယ် ဒကာဒကာမတို့ နော်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ ကြားထဲမှာ အဖုံးဝင်နေတယ်.... (မှန်ပါဘုရား)၊ ဘာဘဲတုံး- (ဒုက္ခသစ္စာနဲ့ဉာဏ်နဲ့ ကြားထဲမှာ အဖုံးဝင်နေပါတယ်ဘုရား)၊ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားမှာ အဖုံးဝင်နေပါတယ်၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)၊ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားထဲမှာ (အဖုံးဝင်နေပါတယ်ဘုရား)၊ အဖုံးဝင်နေတယ်ဆိုတာ သေချာပလား(သေချာပါပြီဘုရား)။

အဲဒီတော့....ဥဒ္ဒစ္စ၊ ကုက္ကုစ္စ ဝင်တယ်တဲ့၊ စာလိုတော့ ဝိက္ခိတ္တစိတ် ဝင်တယ်လို့ ဆိုတာပေါ့ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့ နားလည်မှုဆိုယင် စိတ်ပျံ့လွင့်တယ်၊ ဒါ-ဥဒ္ဒစ္စနော်-(မှန်ပါ)၊ နောင်တ တစ်ဖန် ပူပူပန်ပန်နေတယ်၊ ဒါ-ကုက္ကုစ္စနော်.... (မှန်ပါဘုရား)။

အဲဒီတော့ ဒီစိတ်ကို ဒကာဒကာမတို့က ခန္ဓာကိုယ် မရှုဘဲနဲ့ သူပေါ်လာတဲ့စိတ်ကို သူ့ကို အရင်ရှုပါ.... (မှန်ပါဘုရား)။

ဥဒ္ဒစ္စ-လာလို့ရှိယင် ဥဒ္ဒစ္စ-က စိတ်ပျံ့လွင့်တယ်၊ ရန်ကုန်ရောက်၊ ပဲခူးရောက်၊ ရောက်နေတယ်၊ အို....ရန်ကုန်တို့ ပဲခူးတို့ မရောက်ပါဘူး၊ ဝမ်းထဲတွင်ဖြစ်ပြီး ဝမ်းထဲတွင်ချုပ်တာပါ... (မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ခင်ဗျားတို့က လျှာမရှည်ပါနဲ့ သူ ဘယ်မှမသွားပါဘူး....(မှန်ပါဘုရား)။

သူက ဘယ်မှမသွားဘူး၊ ဝမ်းထဲတွင် ဖြစ်ပြီးတော့-(ဝမ်းထဲတွင် ချုပ်ပါတယ်)၊ အို....စိတ်ကလွင့်လိုက်တာ မပြောပါနဲ့တော့၊ စိတ်က လွင့်တာ မဟုတ်ဘူး ဒကာဒကာမတို့ စိတ်က

http://www.dhammadownload.com



မလှင့်နိုင်ရှာပါဘူး၊ ဓိနှားဖြစ်ပြီး ဒိနား သေရတာပါ၊ ဦးခင်မောင်-ရိပ်မိမလား....(ရိပ်မိပါပြီဘုရား)။

သို့သော် လွတ်တယ်လို့ ဘယ့်နှယ်ကြောင့် စာတွေ၊ဘာတွေ ရေးရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သူဟာ ဒိနားက နေပြီး မှန်းချိန်လိုက်တာက ပဲခူးလှမ်းချိန်တာကိုးဗျ....(မှန်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ ရန်ကုန်ကိုလှမ်းချိန် တယ်၊ သူချိန်တာက ဝေးလွန်းလို့သာပါ၊ သူက ဓိနေရာကပဲ.... (မှန်ပါ)။

အဲဒီတော့ ဟိုကို ရှုရမှာ မဟုတ်ဘူး၊ ဒီရှုရမှာ....(မှန်ပါ)၊ သူဖြစ်တဲ့နေရာမှာ ရှုရမှာ၊ သဘောကျပလား....(ကျပါပြီ)၊ ဥဒ္ဓစ္စ-ဖြစ်တဲ့နေရာဥဒ္ဓစ္စ၊ ကုက္ကုစ္စ-ဖြစ်တဲ့နေရာကော....(ကုက္ကုစ္စ ရှုရပါမယ် ဘုရား)။

အဲ....ဟဒယဝတ္ထုပေါ်မှာ သူတို့ အမြင်များတဲ့ အတွက် ဟဒယဝတ္ထုပေါ်မှာပဲ ဖြစ်ပျက်ရှာပါ....(မှန်လှပါ)၊ သူ ရှုပြီး တော့မှ ခေါင်မြတို့ ဘာရှုမလဲ....(ခန္ဓာကိုရှုရပါမယ်)၊ကျန်တဲ့ ခန္ဓာပေါ့ဗျာ....(မှန်ပါဘုရား)။

ကျန်ခန္ဓာ ရှုလိုက်တော့ ဒကာဒကာမတို့၊ သူက ဘာနဲ့ တူသတုံး ဆိုတော့ ရေကိုလေတိုက်လို့ လှုပ်နေတုန်းကို ဒကာ ဒကာမတို့ မျက်နှာနဲ့ ဟပ်လိုက်တော့ အရိပ်ထင်ပါ့မလား.... (မထင်ပါဘုရား)။

ဪ....သူကလဲ စိတ်လှုပ်နေတာကိုး၊ လှုပ်တဲ့စိတ် ပေါ် နေတာကိုး....(မှန်ပါ)၊ရိပ်မိကြပလား-(ရိပ်မိပါပြီ)၊ ဘာပေါ် တာပါလိမ့်....(လှုပ်တဲ့စိတ်ပေါ်နေတာပါဘုရား)၊ လှုပ်တဲ့စိတ်

http://www.dhammadownload.com



ပေါ်နေတော့ သူလှုပ်နေတုန်း မျက်နှာနဲ့ ဘယ်လို ဟပ်ဟပ် မျက်လုံး၊ မျက်ခုံး မြင်သေးရဲ့လား .... (မမြင်ပါဘုရား)၊ ဘာ့ကြောင့်တုံး....(ရေလှုပ်နေလို့ပါဘုရား)။

ဒီထဲမှာလဲ ဒကာဒကာမတို့၊ ဝိပဿနာရှုမယ် ကြံလို့ရှိယင် သူလှုပ်နေလို့ရှိယင် ရှုလို့မရဘူး....(မှန်ပါဘုရား)၊ အဲဒီတော့ ဖြစ်ပျက်ခန္ဓာက ထလဲမပြေးနဲ့၊ သူ့ရုပ်စစ်လိုက်-(မှန်ပါဘုရား)၊ ခင်ဗျားတို့က ထပြေးတတ်တဲ့ ဝါသနာက အတော်ကဲတယ်.... (မှန်လှပါဘုရား)၊

ဟာ....ဒီနေ့တော့ စိတ်က မငြိမ်သေးဘူး၊ မရှုသေးဘူး.... (မှန်ပါ)၊အံမာ-မငြိမ်သက်လို့သာ မရှုဘူးဆိုယင်ဖြင့် ခင်ဗျား တို့ဟာ နောက်စိတ်တွေ ဘယ်တော့မဆို မငြိမ်ဘူး .. (မှန်ပါ ဘုရား)၊ရိပ်မိပလား....(မှန်ပါ)၊မရှုဘဲသာနေကြတော့၊လူမိုက် အလုပ်သာ လုပ်ကြတော့၊ ဒီအဓိပ္ပာယ် မရဘူးလား....(ရပါ တယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီး နည်းပေးတာဖြစ်နေတယ်၊ သင်္ဂါရဝအား ဟောတဲ့ တရားဖြစ်နေတဲ့ အတွက် ဒီ လှုပ်နေတဲ့၊ ပွုံလွင့်ပူပန်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စ ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်)၊ ဖြစ်ပျက် ရှုတာ သူချုပ်သွားသည့်တိုင်အောင် ရှုနော်-(မှန်ပါဘုရား)။

ရှုပြီးတော့မှ ဒီ့ပြင်ခန္ဓာကို ကြည့်မယ်ဆိုတော့ ရေငြိမ်မှ မျက်နှာဟပ်ကြည့်ပါ-(မှန်ပါဘုရား)၊ ကိုယ့်မျက်နှာရိပ် မမြင်ရ ပေဘူးလား-(မြင်ရပါတယ်ဘုရား)၊ အဲဒီမှာ ကိုယ့်ခန္ဓာ၏ ဖြစ် ပျက်တွေအကုန်မြင်တယ်-(မှန်ပါဘုရား)၊ဖယ်တတ်ကြပလွှား-

http://www.dhammadownload.com



(ဖယ်တတ်ပါပြီ)၊ ဒါဖြင့် ဘယ်နှစ်မျိုးရှိသွားပြီလဲ-(လေးမျိုး ရှိသွားပါပြီဘုရား)။

လေးမျိုးရှိသွားပြီနော်၊ အဖုံးလေးခုတော့ဖြင့် ဖွင့်ပေးပြီ၊ အိမ်ကျယင် ပိတ်မျှားနေဦးမှာလားလို့သတိထားရသေးတယ်.... (မှန်ပါ)၊ ခင်ဗျားကိုက ဝါသနာ အတော် ဆိုးတယ်နော်.... (မှန်ပါ)၊ ဒကာ ဒကာမတို့ ဒီဥစ္စာက ပဌမအဖုံးကိုဖွင့်ပါ တော့မယ်....(မှန်ပါဘုရား)။

ပဌမအဖုံးဆိုတာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ သို့လော သို့လော တွေးတော ယုံမှားနေတာ-(မှန်ပါ)၊ အင်း-ဒီသော့ ကလေးဟာ တခြားထားခဲ့မိသလား၊ အိတ်ထဲပါသလား၊ ပြောမပြတတ်ဘူး-(မှန်ပါ)၊ ဒီလိုကလဲ လာသေးတာကိုးဗျ.... နှစ်ခွ-နှစ်ခွ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲ-နှစ်ခွတွေဖြစ်ပြီးသကာလနေတာ ဝိစိကိစ္ဆာလို့ ခေါ် တယ်-(မှန်ပါ)၊ အဲဒီ ဝိစိကိစ္ဆာရှိလျက်နဲ့ သော့ထားမိတာ မထားမိတာတော့မပြောတတ်ဘူး၊ ကိုယ့်အချိန်ကလေးရောက် လို့ ထရှုရဦးမယ်ဆိုယင် သော့က ဝင်ဝင်လာတယ်-(မှန်ပါ ဘုရား)၊ ဖြစ်ပျက်ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါကြောင့် ဒီဝိစိကိစ္ဆာကို ဒီလိုမလုပ်ပါနဲ့ သူက သံသယ ရှိတယ်၊ အဲဒီသံသယကို ဖြစ်ပျက်ရှုပေးပါ....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

'သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ' ပါဠိ တော်ထဲသွင်းတော့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ အဲဒီဘော့ ဒီမောဟစိတ်ကလေး တခုလုပ်ပစ်ရမလဲ-(ဖြစ်ပျက်ရှုရပါမယ်)၊

http://www.dhammadownload.com



ဖြစ်ပျက်ရှုပြီးတဲ့နောက်မှ ကျန်တဲ့ခန္ဓာ နောက်မှ လိုက်ပါ.... (မှန်ပါဘုရား)၊ သဘောပါကြပလား....(ပါ-ပါတယ်)၊ကျန်တဲ့ ခန္ဓာနောက်မှ လိုက်ပါနော်....။

အဲဒီတော့ ပုဏ္ဏားတဲ့-မင်းသည်ကားလို့ ဆိုလို့ရှိယင်ကွာတဲ့ ရေတွေက အနယ်ထနေတယ်ကွ၊ အဲဒီ အနယ်ထနေတဲ့ ရေ ခွက်ထဲကရေကို မျက်နှာသွားဟမ်စမ်းပါလားကွ မြင်ရပါ့ မလားတဲ့....(မမြင်ရပါဘုရား)၊

ဒီမှာလဲ ခင်ဗျားတို့က အနယ်ထနေတော့ ခန္ဓာမမြင်ဘူး-(မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ဝိစိကိစ္ဆာတည်း ဟူသော အနယ်တွေက ဘာဖြစ်နေသတုံး.... (ထနေပါတယ်)၊ အဲ....ဝိစိကိစ္ဆာ အနယ်ထလို့ ခန္ဓာရိပ် အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ် မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မမြင်ပါလိမ့်မတုံးဆိုတော့ ဝိစိကိစ္ဆာ အနယ်ထနေလို့-(မှန်လှပါဘုရား)၊ ရှင်းပလား- (ရှင်းပါပြီ)၊ အဲ့ဒီတော့ ဒီအနယ်ထိုင်အောင် ကျုပ်တို့ ဝတ္တရားအတိုင်း လုပ်ရလိမ့်မယ်-(မှန်ပါ)၊ အနယ်ထိုင်အောင် ဘာလုပ်ရမယ်— (ဝတ္တရားအတိုင်း လုပ်ရပါမယ်)၊ ဝတ္တရားအတိုင်း လုပ်ရမယ် ဆို ဝိစိကိစ္ဆာ ဘာလုပ်ပစ်ရမလဲ- (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲ....ဖြစ်ပျက် ရှုပြီးတော့မှ မောင်ထွန်းလှိုင်တို့ ဒကာဝ တို့....ကျန်တဲ့ခန္ဓာ လှည့်လိုက်-(မှန်လှပါဘုရား)၊ ကျန်တဲ့ခန္ဓာ လှည့်လိုက်တော့ အနယ်ထိုင်ပြီးမှ မျက်နှာရိပ် ဟမ်လိုက်တဲ့ အခါကျတော့ ကိုယ့်ခန္ဓာ၏ အရိပ်ဟာ ဘယ်လိုဆိုတဲ့ဥစ္စာမြင် လာမှာပေါ့-(မှန်ပါဘုရား)၊ သဘောကျပလား- (ကျပါပြီ)။

http://www.dhammadownload.com



ဒ့ါဖြင့် အဖုံးငါးချက်ဆိုတာ ဒကာဒကာမတို့ သိမ်းလိုက်ပါတော့မယ်တဲ့၊ လောဘလဲအဖုံးတစ်ချက်....(မှန်ပါ)၊ သူ့ကို အရင် ရှုပစ်နော်....(မှန်ပါ)၊ ပြီးမှ ကျန်ခန္ဓာကို (ဖြစ်ပျက်ရှုရပါမယ်)။

ဒေါသဏကော....(အဖုံးတစ်ချက်ပါဘုရား)၊ သူပေါ်နေယင် ဘယ်သူ့ကို အရင်ရှုမတုံး- (ဒေါသအရင်ရှုရပါမယ်)၊ သူ့အရှင်ရှုပြီးမှ သူ့နိုင်တော့မှ ဘာလုပ်ရမတုံး– (ကျန်ခန္ဓာရှုရပါမယ်)၊ အဲ့....ကျန်ခန္ဓာတွေ ဖြစ်ပျက်ရှု။

ထိနမိဒ္ဓဆိုတဲ့ အိပ်မှုကော ဒကာဒကာမတို့ ငိုက်မျဉ်းမှုကော လာလို့ရှိယင်–(ဖြစ်ပျက်ရှုရပါမယ်)၊ သူ့အရင်ရှု သူ့ကိုနိုင်ပြီးသည်နောက်မှ ဘာလုပ်ရမလဲ- (ကျန်ခန္ဓာရှုရပါမယ်)၊ အဲ့....ကျန်ခန္ဓာကိုရှု တည့်ပြီ....(မှန်ပါ)၊ သဘောကျပလား– (ကျပါပြီဘုရား)၊

တစ်ခါ ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ စတုတ္ထ ၄-နံပါတ်လာပြန်လဲ ဒကာဒကာမတို့ သဘောကျပလား.... (ကျပါတယ်)၊ သူ့အရင်ရှုနော်–(မှန်ပါဘုရား)၊ သူ့ကိုနိုင်ပြီးသည့် နောက်မှ.... (ကျန်ခန္ဓာရှုရပါမယ်)။

အဲ....ကျန်တာတွေ ရှုလိုက်လို့ရှိယင် မျက်နှာရိပ်နဲ့ ဟပ်လိုက် တည့်နေတာပဲ–(မှန်ပါဘုရား)၊သဘောကျပြီနော်(ကျပါပြီ)၊

အင်း.... ၅-နံပါတ်က ဝိစိကိစ္ဆာပဲ၊ ဒကာ ဒကာမတို့ သူ့ကို ဘာလုပ်ရမယ်....(အရင်ရှုရပါမယ်ဘုရား)။

http://www.dhammadownload.com



သူ့ကို အရင်ရှုလိုက်၊ သံသယလေး ဖြစ်နေဘယ်၊ ကျုပ် သံသယကလေးက မကင်းသေးဘူး၊ အဲ...မကင်းသေးတာလဲ ဖြစ်ပျက်-(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ....ဒါတွေ ရှုပြီးတော့မှ သူ့နိုင်ပြီးသည့်နောက်မှ ဘာ လုပ်မယ်-(ကျန်ခန္ဓာရှု)၊ အဲ ကျန်ခန္ဓာရှုတော့ ဦးခင်မြောင် အရှိနဲ့အသိနဲ့ ကိုက်တော့မယ်.... (မှန်ပါဘုရား)၊ ဘာနဲ့ကိုက် တော့မယ်....(အရှိနဲ့ အသိနဲ့ ကိုက်တော့မယ်ဘုရား)။

အဲ....အရှိနဲ့ အသိနဲ့ ကိုက်တော့မယ်တဲ့၊ အရင်တော့ အဖုံး တွေ ရှိနေတော့ အရှိနဲ့အသိ မကိုက်ဘူး.... (မှန်ပါဘုရား)။ သဘောကျပလား-(ကျပါပြီ)၊ အခု အဖုံးငါးချက်ဖွင့်လိုက် တဲ့ အခါကျတော့ အရှိက ဒုက္ခသစ္စာ၊ အသိက မဂ္ဂသစ္စာနဲ့ သွားကိုက်တယ်၊ ဒုက္ခ မဂ္ဂ၊ ဒုက္ခ-မဂ္ဂလို့ သွားကိုက်တယ်၊ (မှန်ပါဘုရား)၊ မကိုက်ဘူးလား-(ကိုက်ပါတယ်ဘုရား)၊ အရှိ က ဘာတဲ့တုံး-(ဒုက္ခသစ္စာပါဘုရား)၊ အသိက.... (မဂ္ဂသစ္စာ ပါဘုရား။

အဲ....ဒီလို သွားကိုက်တဲ့ အခါကျတော့ ဒကာဒကာမတို့ မဂ္ဂပြဟ္မစရိယ အကျင့်ကြီးဟာတန်းပြီး မပေါ်လာဘူးလား- (ပေါ်လာပါတယ်ဘုရား)။

အင်း....ဘာနဲ့ဘာ သွားကိုက်ပါလိမ့်မလဲ ဒကာဒကာမ တို့၊ (အရှိနဲ့ အသိ သွားကိုက်ပါတယ်ဘုရား)၊ အရှိက ဘာ သစ္စာ-(ဒုက္ခသစ္စာပါဘုရား)၊ အသိက ဘာသစ္စာ....(မဂ္ဂသစ္စာ ပါ)။

http://www.dhammadownload.com



အဲ...အရှိန့် အသိ သွားကိုက်လို့ရှိယင် ခင်ဗျားတို့သည် မဂ်ဖြစ်ပွဲစရိယအကျင့် ကျင့်ပြီးသားဖြစ်ပါတယ်.... (မှန်ပါ့ ဘုရား)။

တရားတော့ ဟောလို့ ကောင်းတယ်၊ နံ့ရီကလဲစေ့ပြီ ဿနေ့ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု...

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေဓမ္မာရုံ၌
ဟောကြားတော်မူသော
(မိမိကိုယ်ကို သုံးသပ်ရန်)
သမ္မသန

# တရားတော်

(၁-၃-၆၁)

သုံးဆယ့်တစ်ဘုံထဲမှာဖြင့် အသေလွတ်ရာ ရှာလို့ ရှိဖြင့် တွေ့ကြမှာ မဟုတ်ပါဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားရမယ်....(မှန်ပါ့)။

သုံးဆယ့်တစ်ဘုံထဲမှာ အသေလွတ်တဲ့နေရာ ရှိပါ့မလား-(မရှိပါဘုရား)၊ သုံးဆယ့်တစ်ဘုံထဲမှာ အသေလွတ်တဲ့နေရာ (မရှိပါဘုရား)။

ဒီထဲမှာသာ ရှာနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် မရှိရာရှာသော ကြောင့် မရမှာလဲ သေချာတယ်....(မှန်လှပါဘုရား)၊ မရှိရာ ရှာသောကြောင့်.... (မရမှာလဲ သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီ မျက်စိလည်ပြီးသကာလ နေပြီဆိုမှဖြင့်လဲ သုံးဆယ့်တစ်ဘုံထဲမှာဖြင့် နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာ့ပြည်ကောင်းနိုးနိုး၊ ကြွင်တေး မန္တာတ် အဖြစ်နဲ့ လူ့ပြည် လာပြီး ဖြစ်ရတာ ကောင်းနိုးနိုး ဆိုပြီး သကာလ ဒီလိုရှာကြမယ်ဆိုလို့ရှိယင်ဖြင့် အသေလွတ်ရာရှာဖြားသော်လဲ သေရာသာ တွေ့မယ်ဆိုတာ မှတ်ကြမေ်းပါ....(မှန်လှပါဘုရား)။

အသေလွတ်ရာ ရှာဖြားသော်လဲ....(သေရာသာတွေ့ပါမယ်ဘုရား)၊ သေရာကိုသာ တွေ့မယ်ဆိုတာကိုဖြင့် ငြင်းဆန်နေဖို့လိုသေးသလား....(မလိုပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ သတိပေးရတယ်၊ ဤခန္ဓာကိုယ်ကြီးသည်ကား ဆိုလို့ရှိယင်ဖြင့် ဇီခန္ဓာမှတစ်ပါး ဘယ်ခန္ဓာမှမရ၊ သူ့အလုပ်ဟာ သေရာသွား၊ သေရာသွားအလုပ်ကို ဘယ်ခန္ဓာမှရ အိုးနာသေ ထပ်ခါတလဲလဲ ရတဲ့အလုပ်ကို ဇီခန္ဓာက လုပ်ခံနေတာပဲ ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ကိုယ့်ခန္ဓာကိုယ်ကြည့် လိုက်လို့ရှိယင် မြင်လာခဲ့ကြတယ်နော်၊ ပေါင်းလိုက်တော့ ငါးခုရှိပါတယ်ကွ၊ ပုဏ္ဏားကြီးက ဇပည့်တော်ကို မျက်လုံးကောင်းတော့င်း တမ်ပေးမေ်းပါဆိုတဲ့အခါကျတော့ ငါ့-ဖြုန်းခနဲ မတတ်နိုင်ဘူးကွ။

"သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်....မှန်ပင် မဂ်ရကြောင်း"ဆိုပြီး....။

http://www.dhammadownload.com



ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပါဠိနဲ့ ဟောပြီး သကာလ ထားတာ ဒကာ ဒကာမတွေကလဲ ဖြော်....ဒါ မဂ်ဉာဏ်-ဖိုလ်ဉာဏ် ရချင်လို့ရှိယင် ဘယ်သူ့ကစ-၍ ဘယ်တုန်းမှ ကိစ္စပြီးမှာပါလိမ့်မလဲ- ဆိုတဲ့ အရေးကိုသဲ သိထားနှင့်ဖို့ရာ အင်မတန် အရေးကြီးပါတယ်ဆိုတာ သဘောပါကြပလား– (ပါ-ပါပြီဘုရား)။

လိုက်ကြစမ်း....သူတော်ဆည်းကပ်-(သူတော်ဆည်းကပ်)၊ မြတ်တရားနာ-(မြတ်တရားနာ)၊ လွန်စွာအားထုတ်....(လွန်စွာ အားထုတ်)၊ နာမ်နှင့်ရုပ်ကို- (နာမ်နှင့်ရုပ်ကို)၊ ဖြစ်ချုပ်ဉာဏ် မြင်....(ဖြစ်ချုပ်ဉာဏ်မြင်)၊ ဤငါးအင်....(ဤငါးအင်)၊မှန်ပင် မဂ်ရကြောင်း....(မှန်ပင်မဂ်ရကြောင်း)။

(ဤနည်းအတိုင်း သုံးခေါက် ချပေးသည်)။

ဒီလောကဆိုယင် နေ့တိုင်းချသွားယင် ရပါလိမ့်မယ်ဆိုတာ ဘာမှ ယုံမှားသံသယ ရှိဖို့မလိုပါဘူးနော်....(မလိုပါဘုရား)၊ သုံးရက်လောက်ဆိုယင် ဒကာ ဒကာမတွေ ကိုယ်တိုင်ဆိုနိုင် ပြီးသကာလ သွားပါလိမ့်မယ်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တရားစ-ကြပါစို့၊ သူတော်ကောင်းများလဲ ဆည်းကပ်ကြပါပြီ ... (မှန်ပါ)၊ မြတ်တရားလဲ နာကြပါပြီ၊ လွန်စွာ အားထုတ် ဆိုတော့ ဘုန်းကြီးက ဒကာဒကာမတွေ သင်ထားတာ အရှိသားပဲ နားက ဘာလုပ်မလဲ.... (နားက သောတဝီရပါမယ်ဘုရား)။

နားက တရားနာရတယ်....(မှန်ပါ)၊ သဘောကျပလား– (မှန်ပါဘုရား) ဉာဏ်က ဘယ်လှည့်ရသလဲ.... (ခန္ဓာလှည့်ရပါ

http://www.dhammadownload.com



တယ်ဘုရား)၊ ဉာဏ်က ခန္ဓာလှည့်ရတယ်နော်၊ နားကတော့ ဘုန်းကြီးပြောထားတာ နာလို့-(မှန်ပါ)၊ ဉာဏ်က ခန္ဓာလှည့်ထားတာကိုတဲ့၊ ခန္ဓာ ကတော့ဖြင့် ဖြစ်ပုံနဲ့ ချုပ်ပုံတွေပဲ သူပြောပြီးသကာလ နေမှာပဲဆိုတာလဲ အရှင်းသားပေါ့ဗျာ-(မှန်ပါ)။

အဲဒီအတိုင်း တရားနာကြပါ၊ နားကတရားနာ ဉာဏ်က ခန္ဓာလှည့်....(မှန်ပါဘုရား)၊နားက ဘာလုပ်ကြရမယ် (တရားနာရမယ်)၊ ဉာဏ်ကတော့ ဘယ်လှည့်ရမလဲ....(ခန္ဓာလှည့်ရပါမယ်ဘုရား)။

ဉာဏ်ကတော့ ခန္ဓာလှည့်ရမယ်၊ ခန္ဓာလှည့်ထားတော့ ခန္ဓာက ဘာတွေများ ပြောလိမ့်မယ်လို့ ထင်ကြသတုံး ....(ဖြစ်ပျက်တွေ ပြောပါလိမ့်မယ်ဘုရား)။

အေး....ဒုက္ခသစ္စာလဲပြောမယ် ဖြစ်ပျက်နေတဲ့ သဘောတွေလဲ ပြောပါလိမ့်မယ်၊ ပြောချင်တာပြော ဒုက္ခသစ္စာမှတစ်ပါး ဦးခင်မောင်....ဘာမှ မပြောဘူး.... (မှန်ပါဘုရား)၊ သူ့အရှိကို သူပြောမှာကိုး....(မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘာပြောမယ် ထင်ကြသလဲ.... (သူ့အရှိကို ပြောမှာပါ)၊ သူရှိတာက ဘာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်တုံးလို့ မေးတော့မှ ဖြစ်မှုပျက်မှု....(မှန်ပါဘုရား)၊ ဒုက္ခသစ္စာဆိုတာဘာပါလိမ့်....(ဖြစ်မှုပျက်မှုပါဘုရား)။

ဖြစ်မှုပျက်မှု-တဲ့၊ အဲဒီ ဖြစ်မှုပျက်မှုမြင်တော့မှ သြော်....ကိုယ့်ခန္ဓာကြီးဟာ ဘာခန္ဓာကြီး ပါလိမ့် မတုံး၊ ဆိုတော့

http://www.dhammadownload.com



မွေးသေခန္ဓာကြီးပါလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ ဘုရား)။

မွေးလိုက်-သေလိုက်၊ မွေးလိုက်-သေလိုက်၊ ခင်ဗျားတို့ ဝမ်းထဲကမွေးပြီး သုသာန်ပို့မှအသေ၊ ဒီအသေကို ဆိုတာ မဟုတ်ဘူးနော်....(မှန်ပါဘုရား)၊ အခု ခန္ဓာထဲ ဝေဒနာကွန္ဒာ ကလေးပေါ်လာလိုက် ခုပဲပျက်စီးသွားလိုက်ဆိုတော့ ဦးခင် မောင်....မွေးသေ မကျဘူးလား(ကျပါတယ်ဘုရား)၊ သဘော ပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့်.... ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာ မွေးသေ နှစ်ခုသာ ရှိတယ်ဆိုတော့ ဖြစ်မှု ပျက်မှုသာ ရှိတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကို ဉာဏ်နဲ့အိမ်ကျလဲလှည့်၊ ဒီမှာလဲလှည့်၊ လှည့်ထား ပြီဆိုမှဖြင့် ဩော်.... အခုရ-ထားတဲ့ခန္ဓာကြီးဟာ အကောင်း လား-အဆိုးလား-ဆိုတဲ့ဥစ္စာကို အရိယာမျက်လုံး တပ်ကြည့် လိုက်တဲ့ အခါကျတော့ မွေးသေကိုပဲ မြင်ပါလိမ့်မယ်.... (မှန်ပါ)၊ ဘာမြင်မယ်ထင်သလဲ.... (မွေးသေကို မြင်ပါလိမ့် မယ်ဘုရား)။

မွေးသေကို မြင်တဲ့အခါကျတော့ ဒကာ ဒကာမတို့.... ဩော်....မိမိရ—ထားတာကြီးဟာ အကောင်းမှတ်တယ်၊ အနိစ္စ ကြီးပါကလား.... ဒုက္ခသစ္စာကြီးပါကလားဆိုတာ ဘယ်သူက ပြောပါလိမ့်....(ခန္ဓာက ပြောပါတယ်ဘုရား)။

http://www.dhammadownload.com



ခန္ဓာက ပြောလိမ့်မယ်ဆိုတဲ့ဥစ္စာ အဲဒီတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ခန္ဓာကပြောတာအမှန်ယူဟော့ သူများပြောတာဆိုတာက အနုဿဝ တစ်ဆင့်ကြား ဆိုတာကတော့ မှားသည်ရှိဘယ်-မှန်သည်ရှိတယ်နော်(မှန်ပါ)၊ ခန္ဓာကပြောတာကတော့ မှားစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒါကြောင့် ခန္ဓာက အပြောကို သိအောင်လို့ ဘုရားက ဒိဋ္ဌေမှာလုပ်စမ်းပါကွ၊ ပတ္တမေမှာလုပ်စမ်းပါကွ၊ ဝိဒိတေမှာလုပ်စမ်းပါကွ၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်စမ်းပါဆိုတဲ့ဥစ္စာ ဒကာသစ်တို့ ဘုရားက မတိုက်တွန်းဘူးလား....(တိုက်တွန်းပါတယ်ဘုရား)။

အေး....ဒါကြောင့် ကိုမြရွှေတို့အားလုံး ခန္ဓာဉာဏ်လှည့်ကြပါဆိုတာ သတိပေးလိုက်ပါတယ်နော်.... (မှန်ပါဘုရား)။

ကိုင်း....ယခု ဒကာ ဒကာမတို့၊ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာ နေတဲ့အခါကျတော့ ရဟန်းတွေက စည်းဝေးပြီးသကာလ လာကြတယ်....(မှန်ပါ)။

ရဟန်းတို့ မင်းတို့ခန္ဓာကိုယ်ကြီးများ မင်းတို့သုံးသပ်ကြရဲ့လားကွ....၊ ဆင်ခြင်ကြရဲ့သားကွ....လို့၊ မေးလိုက်တယ်နော်.... (မှန်ပါဘုရား)။

ခန္ဓာကိုယ်ကြီး ဆင်ခြင်ကြရဲ့လားကွ၊ သုံးသပ်ကြရဲ့လားကွလို့ မေးလိုက်တဲ့အခါကျတော့ ရဟန်းတစ်ပါးက တပည့်တော်ဆင်ခြင်သုံးသပ်ပါတယ်ဘုရား၊ အေး....ပြောစမ်း....ပြောစမ်းကွာ၊ မင်း ဆင်ခြင်သုံးသပ်တာ ပြောစမ်းကွ....တဲ့။

http://www.dhammadownload.com



တပည့်တော်ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ ဆင်ခြင်သုံးသပ်ပါတယ်ဘုရား....လို့ဆိုတော့ဘုရားအလိုမကျဘူး—(မှန်ပါ)၊ ဘုရားက ဒါပြောစေချင်တာမဟုတ်ဘူး....(မှန်ပါ)။

ဘုရားအလိုတော်မကျမှန်း သိတော့ အရှင်အာနန္ဒာက အနားရှိတော့ "အရှင်ဘုရားပြောမှ အရှင်ဘုရားဟောမှ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ် အရှင်ဘုရား...."တဲ့၊ ဒါကြောင့် အရှင်ဘုရားပဲ ဟောတော်မူပါ.... ပြောတော်မူပါ ဆိုတဲ့ အကြောင်း အရှင်အာနန္ဒာက လျှောက်ထားတယ်-(မှန်ပါ)။

အရှင်အာနန္ဒာက တောင်းပန်တဲ့အခါကျတော့ အေး— ကောင်းကောင်းမှန်မှန် နာကြကွ၊ ကောင်းကောင်းမှန်မှန် နှလုံးသွင်းကြကွ-ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှာ ဟောထားတာရှိပါတယ်။

အဲဒါဒီနည်းကိုလဲ ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ် ဒကာ ဒကာမတို့၊ ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြနော်၊ ဘယ့်နှယ်မှာပါလိမ့်.... (ကိုယ့်ခန္ဓာကိုယ်သုံးသပ်ကြပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြစမ်းပါ၊ အလကားမနေပါနဲ့၊ ကိုယ့်ခန္ဓာကိုယ်သုံးသပ်ကြစမ်းပါ၊ အလကားမနေပါနဲ့ဆိုတာ ပြောလိုက်ပါတယ်...(မှန်ပါဘုရား)။

သုံးသပ်နည်းကလေးက ဘုရား သုံးသပ်စေချင်တာက ဒကာ ဒကာမတို့၊ ဇရာမရဏ၊ ဇရာမရဏဆိုတာ ဇရာအိုမှု၊ မရဏက-သေမှု.... (မှန်ပါ)။ဒကာဒကာမတွေ၏ ခန္ဓာကိုယ်မှာ ဇရာမရဏ ကိုယ်ခန္ဓာကြီး ပြေးနေတယ်ဆိုတာ မသိရဘူးလား....(သိရပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ....ဒီခန္ဓာကိုယ်ကြီးဟာ အရောက်သွားနေတာ ဘယ်ဆီများ သွားနေပါလိမ့်မလဲလို့ အကဲခတ်ကြည့်လိုက်တော့ ဇရာဆီရောက်အောင်သွားနေတယ်-(မှန်ပါ့ဘုရား)။ မရဏဆီကော....(ရောက်အောင် သွားနေပါတယ်ဘုရား)။

ဪ....ဒီခန္ဓာကိုယ်ကြီး၏ လမ်းစဉ်နည်းကဖြင့် ကျုပ်တို့ ကြိုက်တဲ့လမ်း သွားနေတာလား· သူ့ပင်ကို နိယာမလမ်း သွားနေတာလား....(သူ့ပင်ကို နိယာမလမ်း သွားနေတာပါ ဘုရား)။

ဪ....ဒါဖြင့် ခန္ဓာရတဲ့ပုဂ္ဂိုလ်၏ သွားရာလမ်းခရီးဆိုယင် ဒကာဒကာမတွေက သိပါပြီ-(မှန်ပါ့ဘုရား)၊ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့၊ ဘယ်သွားနေပါလိမ့်မလဲ.... (ဇရာ မရဏဆီ သွားနေပါတယ်ဘုရား)။

ဇရာမရဏဆီ သွားနေတယ်လို့ မောင်ထွန်းလှိုင်တို့ မမှတ်ရပေဘူးလား—(မှတ်ရပါတယ်ဘုရား)။ ခန္ဓာကိုယ်ရတဲ့ ပုဂ္ဂိုလ်များ ဘယ်သွားနေကြသလဲ.... (ဇရာ မရဏဆီ သွားနေပါတယ်)။

အိမ်သွားတယ် ဆိုတာလဲ အိမ်သွားရင်း ဇရာမရဏဆီ ရောက်တာပဲ-(မှန်ပါ့)၊ ကျောင်းသွားတယ်ဆိုတော့ ကျောင်းသွားရင်း ဇရာ မရဏဆီကော မရောက်ဘူးလား- (ရောက်ပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ အိမ်သွား၊ ကျောင်းသွားတာ မှန်သလား၊ ဇရာ မရဏဆီ ခန္ဓာကြီး အပြေးစိုင်းနေတာက

http://www.dhammadownload.com



မှန်သသားလို့ အကဲခတ်ကြစမ်း–(ဇရာ မရဏဆီ အပြေးစိုင်း နေတာက မှန်ပါတယ်ဘုရား)။

အဲဒီလို သုံးသပ်ကြစမ်းပါ....တဲ့၊ ဓိခန္ဓာကြီး၏ ဖြစ်စဉ်ဟာ ဘယ်များ သွားနေပါလိမ့်မတုံး ဆိုလို့ရှိယင် ဇရာ မရဏဆီ အပြေးအလွှား သွားနေတယ်....(မှန်ပါဘုရား)။

ဒကာ ဒကာမတို့၊ သွားကောင်းတဲ့ လမ်းလား၊ မသွား ကောင်းတဲ့ လမ်းလား....(မသွားကောင်းတဲ့ လမ်းပါဘုရား)။ မသွားကောင်းတဲ့ လမ်းဆိုတာ သေချာပလား.... (သေချာ ပါပြီ)။

အဲဒီ ခင်ဗျားတို့ လူစုတွေက မသွားကောင်းတဲ့ လမ်းကိုပဲ မျက်စိလည်ပြီး သကာလ ဒီဘဝက စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် လူကောင်း နတ်ကောင်း ဖြစ်ရပါလို၏ဆိုတော့ ဇရာ မရဏလမ်း ဒိုင်းဒိုင်းပြေးရပါလို၏ဆိုတဲ့ အဓိပ္ပာယ် ရောက် တယ် ဟုတ်လား....(ရောက်ပါတယ်ဘုရား)။

ဘယ်ရောက်သွားပါလိမ့်– (ဇရာမရဏဆီသို့ ဒိုင်းဒိုင်းပြေး တဲ့လမ်း ရောက်သွားပါတယ် ဘုရား)၊မဟုတ်ပါဘူး၊ဦးခင်မောင် ရယ်၊ ဇရာ မရဏဆိုတာ ရှောင်ရမှာဆိုတော့ သေချာပါ လျက်သားနဲ့ ခင်ဗျားတို့က ဒိုင်းဒိုင်းပြေးချင်တာ ဘာသဘော တုံးလို့ မေးတဲ့အခါကျတော့ သစ္စာမသိလို့ ...(မှန်ပါဘုရား)။

ဇရာပိ(ဒုက္ခသစ္စာပါဘုရား)၊မရဏမ္ပိ-(ဒုက္ခသစ္စာပါဘုရား)၊ ဩော်....ဒီနှစ်လုံးကို ဒကာဒကာမတွေက ပိုင်ပိုင်နိုင်နိုင်မသိ တော့ ဒီနှစ်လုံးကို ဇရာကလဲ ဒုက္ခသစ္စာပဲကွ၊ မရဏကလဲ ဒုက္ခ သစ္စာပဲကွ လို့ ဘုရားက မေ့မကြာမှာ သေသေချာချာ ဟော

http://www.dhammadownload.com



ပါတယ်၊ သတိပဋ္ဌာန် ပါဠိတော်ကြီးတွေမှာ သေသေချာချာ ဟောပါတယ်။

ဒါတွေကို ဉာဏ်နားနဲ့ မထောင်တဲ့ ဖြစ်ပြီးသကာလ နေ့တော့ ဒီ ဇရပ်၊ မရဏတွေသွားရင်းမတ္တနဲ့ နောက် ဇရပ်၊မရဏ သွားဖို့ရာကို ဒကာ ဒကာမတွေ ကြိုးစားနေတာများဟာ ခင်ဗျားတို့ဟာ အိုလမ်း၊ သေလမ်းကိုသွားလို့ လက်စမသတ် ချင်လို့ လုပ်နေတာနဲ့ တူသကိုး....(မှန်လှပါဘုရား)။

ဒီဘစ်ခါ အိုလမ်း၊ သေလမ်း သွားပြီးနောက် အိုလမ်း၊ သေလမ်း မသွားဘူးလား၊ ကောင်းမှုမကောင်းတဲ့လမ်းကြီးပဲ ဆိုပြီး ရှောင်ဖို့၊ ရှားဖို့အချိန် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ထိုသို့ ရှောက်လျှက်သားနဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်နှယ်ကြောင့် ဒီဘဝက စုဘေမနေ သေလွန်ရလို့ ရှိယင် နောက်ဘဝ၌ လူကောင်း၊နတ်ကောင်း ဖြစ်ရပါလို၏ဆိုတော့ ဇရာ၊ မရဏလမ်းကို ဒိုင်းဒိုင်း ပြေးရပါလို၏ဆိုတဲ့ အဓိပ္ပာယ် ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

အဲဒါ ဘာမသိလို့ပါလိမ့်-(သစ္စာမသိလို့ပါဘုရား)၊ ဒါဖြင့် သိအောင် လုပ်ကြစို့ရှဲနော်....(မှန်လှပါဘုရား)။

သိအောင် လုပ်ကြစို့ ဆိုတော့ ဒကာဒကာမတို့ ဇရာဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)၊ မရဏာက .... (ဒုက္ခ သစ္စာပါဘုရား)၊ ဩော်....အခု တရားနာနေတဲ့ ဒကာဒကာမ

http://www.dhammadownload.com



တွေ့သည် တရားနာရင်းနဲ့ ဘယ်များပြေးသွားနကြပါလိမ့်.... (မရဏာဆီ ပြေးသွားနေပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲကများ ယောင်ယောင်ချာချာနဲ့ ဒကာဒကာမတွေက ပါလာပြီး ဒီတရားနာတဲ့ ကုသိုလ်ကြောင့် တရားနှလုံးသွင်းရတဲ့ ကုသိုလ်ကြောင့် စုတေမနေ သေလွန်ဘော လူကောင်း၊ နတ်ကောင်း ဖြစ်ရပါလို၏ဆိုတော့ ဦးခင်မောင် ဘယ်ပြေးပါရစေလို့ ပါသွားသလဲ....(ဇရာ၊ မရဏဆီ ပြေးရပါစေလို့ ပါသွားပါတယ် ဘုရား)။

ဇရာ၊ မရဏာဆီ နောက်ထပ် ပြေးရပါလို၏ .... ဆိုတော့ ဟာ....အရှုံးမပျောက်ပါလား .... (မှန်ပါ့ဘုရား)၊ ဒကာသစ် ဘယ်လိုဆိုပါ့မယ် .... (အရှုံးမပျောက်ပါဘုရား)၊ ဦးဇံရင် ဘယ်လိုပါလိမ့်.... (အရှုံးမပျောက်ပါဘုရား)၊ အရှုံးမပျောက်တာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အခု ပြေးနေရတာလဲ ကောင်းတဲ့လမ်း ပြေးရတာလား၊ မကောင်းတဲ့လမ်း ပြေးရတာလား .... (မကောင်းတဲ့လမ်း ပြေးရတာပါဘုရား)၊ နောက်တစ်ခါ ဆုတောင်းထားတာကလဲ ဘယ်လမ်း ပြေးဖြစ်အောင် တောင်းတာပါလိမ့် .... (မကောင်းတဲ့လမ်း ပြေးဖြစ်အောင် တောင်းတာပါဘုရား)၊

ဪ .... ခင်ဗျားတို့ဟာကလဲ နဂိုက မကောင်းတော့ နောက်လဲမကောင်းဘဲ ခင်ဗျားတို့ အလိုရှိနေတာ တော်တော် အရူးဆိုးနေပါကလား....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါ–ဘုန်းကြီးက မြင်တာလား၊ ခင်ဗျားတို့က မိုက်လုံး ပိုတာလား သတိထားပါဦး .... (မိုက်လုံး ပိုဘာပါဘုရား)။ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးက မြည်တာလား၊ ခင်ဗျားတို့ ကိုယ်က စုံလုံး ကန်းခြေး-ပြေးနေတာလား.... (စုံလုံးကန်းခြေး-ပြေးနေတာ ပါဘုရား)၊ အတော်ဆိုးနေပါကလား.... (မှန်ပါဘုရား)။

ဦးခင်မောင်....ဘယ့်နှယ်ဖြစ် နေကြသလဲ .... (ဆိုးပါတယ် ဘုရား)၊ အတော်ဆိုးတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အခု ခန္ဓာကိုယ်ကြီးဟာ ဒါက ဒကာဒကာမတွေ ခန္ဓာ ငါးပါးကြီး ထားပါဦးတော့၊ ဥပမာ....အခု တရားနာတဲ့ ခန္ဓာငါးပါးကြီးဟာ အခု ရပ်နေသလား၊ ဇရာဆီ သွားနေ သလား၊ မရဏဆီ သွားနေသလား–(ဇရာ မရဏဆီ သွားနေ ပါတယ်)။

အိမ်က လာတာနဲ့ အခု ဇရာ၊ မရဏနဲ့ နီးတယ်....(နီးပါ တယ်ဘုရား)၊ မနီးဘူးလား - (နီးပါတယ်ဘုရား)၊ နီးရတဲ့ အထဲမှာဆိုတော့ ကောင်းတဲ့လမ်း ခန္ဓာကြီး သွားနေတာ လား၊ ဆိုးတဲ့လမ်း သွားနေတာလား- (ဆိုးတဲ့လမ်းသွားနေ တာပါဘုရား)။

ဆိုးတဲ့လမ်း သွားနေတဲ့ အထဲကပဲ အခု တရားနာတဲ့ ပုဂ္ဂိုလ်တို့ ကုသိုလ်တွေ လုပ်ရတဲ့အတွက် လူကောင်း၊ နတ် ကောင်း ဖြစ်ရပါလို၏-ဆိုပြီးသကာလ ခင်ဗျားတို့ ကောင်း မယ်ဆိုယင် ဒီလမ်းမဲ ထပ်ပြေးရပါလို၏ – (မှန်ပါဘုရား)၊

http://www.dhammadownload.com



ဘယ်အဓိပ္ပာယ် ရပါလိမ့် .... (ဒီလမ်းပဲ ထပ်ပြေးရပါလို၏ဘုရား)။ ဒီလမ်းပဲထပ်ပြေးရပါလို၏-ဆိုတော့ ဩော် မြင်းမျိုးများ ဖြစ်နေသလား ဦးခင်မောင်....(မှန်လှပါဘုရား)၊ မြင်းများ အမိဝမ်းခေါင်းက ထွက်လိုက်တဲ့အခါ အမေ့ကို လှည့်ပတ်ပြီးမပြေးလား....(ပြေးပါတယ်ဘုရား)။

နောက် .... ကြီးလာတော့လဲ သူ့ဝါသနာက ဘာလုပ်တတ်သလဲ...(ပြေးတတ်ပါတယ်)၊ ခင်ဗျားတို့ကဘာမျိုးများ ဖြစ်နေသလဲ၊ ဒါဖြင့်.... ဒီလမ်းမကြီး ပြေးတဲ့မျိုး ဖြစ်နေပါတယ်-(မှန်ပါဘုရား)၊ရိပ်မိပလား-(ရိပ်မိပါပြီ)၊ ပြေးကောင်းသလား၊ မပြေးကောင်းဘူးလား-(မပြေးကောင်းပါဘုရား)။

မပြေးကောင်းတာ ဘာလို့ ခင်ဗျားတို့က ကပ်ဖွဲ့ပြီး ခြေလှမ်း- လှမ်းရသတုံး ဆိုလို့ ရှိယင်ဖြင့် သစ္စာမသိလို့-(မှန်ပါဘုရား)၊ဘာသစ္စာ မသိတာပါလိမ့်....(ဒုက္ခသစ္စာ မသိတာပါဘုရား)။

ဇရာ-ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ)၊မရဏ-ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ)၊ အခုခန္ဓာကြီး ဘယ်ကို ဒိုင်းဒိုင်းပြေးနေသလဲ-(ဒုက္ခသစ္စာဘက် ဒိုင်းဒိုင်းပြေးနေပါတယ်)၊နောက်ထပ် ပြေးချင်သေးသလား....(မပြေးချင်ပါဘုရား)။

လေပျော့တယ်၊ ဒါတောင်မှ....လေပျော့သေးတယ်၊ သူက ပြေးလက်စ တယ်-သတ်ချင်ပုံ မရသေးဘူး....(မှန်ပါ)၊ဒကာ ဒကာမတွေက ပြေးလက်စ တယ်-သတ်ပုံ မရသေးပါဘူး၊

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ တစ်ခါသေဖူး ပျဉ်ဖိုး နားလည်ဆိုတာ ခင်ဗျားတို့ ပါးစပ်ထဲ နှုတ်ကိုတက်နေတယ်

http://www.dhammadownload.com



(မှန်ပါ)၊နှုတ်မှတက်ကြဘူးလား....(တက်ကြပါတယ်ဘုရား)၊ တစ်ခါသဖူး ဘာတဲ့....(ပျဉ်ဖိုးနားလည်ပါဘုရား)။

ပျဉ်ဖိုး နစားသည်တယ်ဆိုတော့ ခေါင်ပျဉ်ဖိုးကို ဝယ်ရတာ နားလည်သွားတယ်လို့ ဦးခင်မောင်....(မှန်ပါ)၊ဒီဒကာဒကာမတွေက တစ်ခါသေဖူးသလား.... နှစ်ခါသေဖူးသလား မေးတော့ ဘယ့်နှယ်ပြောပါ့မယ်....(မှရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ပျဉ်ဖိုး နားလည်ရဲ့လားဆိုတော့....(နားလည်ပါတယ်)၊ တော်တော်လျှော်တဲ့ ဒကာဒကာမတွေပဲ မဆိုထိုက်ဘူးလား.... ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီလမ်းချည်း ထပ်ပြောနေတယ်ဆိုတော့ အသေလမ်းချည်း ပြေးနေတယ်ဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ အသေဇာတ်သိမ်းကြပါတော့ ဆိုတဲ့ဥစ္စာ သတိပေးရတယ်နော်.... (မှန်ပါ)၊ အသေရှိလို့ရှိယင်ဖြင့် အသေလွှတ်ရာရှိရမယ်....(မှန်ပါ)၊အသေရှိလို့ရှိယင်-(အသေလွှတ်ရာရှိရပါမယ်)၊အင်း....ဒါကြောင့် အမတဆိုတာ မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ထင်ရှားရှိနေတယ်....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ တရားပဲ စ-ကြပါစို့၊ ခင်ဗျားတို့ပြင်ရတာနဲ့ ကြာကြာနေတာ-(မှန်ပါ)၊ဘုရားတရားတော် ဟောရတယ်ကိုမရှိဘူး၊ ခင်ဗျားတို့ဟာ ပြင်နေတာနဲ့ပဲ တော်တော်နေ တရားဟာ နာရီဝက်လောက် ရောက်သွားရော ဦးခင်မောင်....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဘယ်လောက်ပျက်လာလို့ ပြင်ရတာပါလိမ့်- (အများကြီး ပါဘုရား)၊ အစကိုက အကောင်းတစ်ခုမှမပါလို့ ပြင်နေရတာ (မှန်လှပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ အစက အကောင်းများ ပါကြရဲ့လား....(မပါ-ပါဘုရား)။

ဘာမှ မပါဘူး၊ ခင်ဗျားတို့ဟာက အသိဉာဏ် ဆိုတဲ့ အကောင်းကပါမှမပါခဲ့တာ တစ်ခါတည်း ပြင်ဆင်ပေးနေရတဲ့ အဓိပ္ပာယ်ချည်းများတယ်....(မှန်ပါဘုရား)။

ကိုင်း.... ဒကာဒကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတို့....ဒီလိုသုံးသပ်ကြပါကွာ....တဲ့၊ ဇရာမရဏဟာ ဒုက္ခသစ္စာကွာ၊ ဇရာမရဏဟာ ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါဘုရား)၊ ဩော်-ဘယ်ကလာသတုံးဆိုတော့ တွေးရမယ်တဲ့၊ (မှန်ပါဘုရား)၊ ဇရာမရဏ ဘယ်ကလာသတုံးလို့ မင်းတို့ အဲဒီလိုတွေးကြစမ်းပါ–တဲ့....(မှန်ပါ)၊ ကိုင်း-ဒကာဒကာမတို့ တွေးလိုက်တဲ့အခါကျတော့ ဩော်.... ဇရာမရဏဆိုတာ ခန္ဓာငါးပါးကလာတာ.... (မှန်ပါဘုရား)၊ ဇရာမရဏဟာ ခန္ဓာငါးပါးရှိလို့ ဇရာမရဏလာတာ....(မှန်လှပါဘုရား)၊ သဘောကျပလား... (ကျပါပြီဘုရား)၊ ဇရာမရဏဟာ ဘယ်ကများလာတာပါလိမ့်-(ခန္ဓာငါးပါးက လာတာပါ)၊ ပေါ်ပြီ....ပေါ်ပြီနော်....(မှန်ပါ)။

ဒါဖြင့် ဘယ်ခန္ဓာရချင်ကြသတုံး-(ဘယ်ခန္ဓာမှ မရချင်ပါဘုရား)၊ ဟာ....တော်တော်ကလေးတော့ နေရာကျလာပြီ.... ဒီဟာ သစ္စာသံ ထွက်လာတယ်-(မှန်ပါ)၊ သစ္စာသံထွက်လာတာ ဒကာသစ်တို့ရ....(မှန်ပါ)၊ ကိုမြရွှေ ဘာသံ ထွက်လာ

http://www.dhammadownload.com



သလဲ-(သစ္စာသံထွက်လာပါတယ်ဘုရား)၊ သစ္စာသံထွက်လာတယ် ဦးဇံရင်ရ...(မှန်ပါ့ဘုရား)၊ ဇရာ မရဏ ဘယ်ကများလာပါလိမ့် ဒကာဒကာမတို့.... (ခန္ဓာငါးပါးက လာပါတယ်)။

ဟော-ဒီက ဇရာမရဏ၊ ဇရာမရဏသည်ကား လို့ဆိုယင် ဘယ်ကလာသတုံးလို့ ဆိုတဲ့ဥစ္စာ မင်းတို့ခန္ဓာမှာ တွေးကြစမ်းပါတဲ့။ အိမ်ရောက်သို့ရှိယင်ဖြင့် ဘာကိစ္စမှ မတွေးဘဲနဲ့ ဦးခင်မောင် ဒါကလေးတွေးစမ်းပါ....(မှန်လှပါဘုရား)။

ဒကာဒကာမတွေ ဆရာဘုန်းကြီးမှာတယ်၊ ဇရာမရဏ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ အိုရဦးမယ်ဆိုတာ သေချာတယ်မဟုတ်လား....(သေချာပါတယ်)၊ သေရဦးမယ်ဆိုတာကော(သေချာပါတယ်)၊ အဲဒါ ဘယ်က လာလိမ့်မတုံးလို့ နဖူးပေါ် လက်တင်ပြီး စဉ်းစားပြီး တွေးကြစမ်းပါ....(မှန်ပါ့)၊ တွေးလိုက်တော့ ဘာပေါ်လာသတုံး.... (ခန္ဓာငါးပါး ပေါ်လာပါတယ်)။

ဩြော် ခန္ဓာငါးပါးကလာတယ်၊ ခန္ဓာငါးပါးရှိလို့ အိုမှုသေမှုရှိတယ်-(မှန်ပါ့ဘုရား)၊သဘောကျပလား-(ကျပါပြီ)၊ ဒကာဒကာမတို့ ဇရာ မရဏ ဘယ်က လာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်)၊ ခန္ဓာငါးပါးရှိလို့ လာတယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဩြော်....ဒါဖြင့် ဒကာဒကာမတို့ ဇရာမရဏကို ဘယ်က လာတယ်ဆိုတာ ခင်ဗျားတို့က မသိဘူး....၊ ဇရာမရဏဆိုတာ ကျုပ်ဖြင့် အိုလာပြီ၊ ကျုပ်ဖြင့် သေခါနီးလာပြန်ပြီ၊ ဒါတော့

http://www.dhammadownload.com



ပြောတော့ ပြောကြအားမဲ့၊ ဘယ်ကများ လာပါလိမ့်မတုံး ဆိုတဲ့ဥစ္စာ ခင်ဗျားတို့က မသိဘူး....(မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ဒကာ ဒကာမတွေ သိပြီ.... (သိပါပြီ)၊ ဘယ်က လာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်)၊ ခန္ဓာငါးပါးက လာတယ်ဆိုတော့ စာလိုသုံးတော့ ဥပ္ပတ္တိတာလာတယ်လို့ သုံးတတ်ပါဋ္ဌတော်မှာတော့ လာတယ်၊ သို့သော်.... ဒကာဒကာမတွေ နားလည်မှုကို ပြောရတော့ ခန္ဓာငါးပါးက လာတယ်....(မှန်ပါ့)။

ကြော်-ဒါဖြင့် ဇရာ,မရဏဆိုတာ တခြားက လာတာလား အောက်မေ့နေတယ်။ ကိုယ်တောင်းထားတဲ့ ဆုထဲက ပါလာ တာကိုး(မှန်ပါ့ဘုရား)၊ လူခန္ဓာဖြစ်ရပါလို၏(မှန်ပါ့)၊ အိုဘေး-သေဘေးက ငါ လိုက်ခဲ့ဦးမယ်.... (မှန်ပါ့ဘုရား)။ လူ့ခန္ဓာရ,ရပါလို၏ဆိုတော့ အိုဘေး-သေဘေးက ဘာတဲ့- (ငါလိုက်ခဲ့ဦးမယ်တဲ့)၊ လိုက်တော့ ခင်ဗျားတို့က ကြိုက်ခဲ့လား....(မကြိုက်ပါဘုရား)။

နို့....လူခန္ဓာတော့ ရချင်တယ်၊ လိုက်တော့ မကြိုက်ဘူးဆိုတော့ ဦးခင်မောင်-ဗိဥစ္စာ မတော်ဘူးဗျာ.... (မှန်ပါ့)၊ ကိုမြရွှေ တော်ပါ့မလား-(မတော်ပါဘုရား)၊ ဒကာဒကာမတို့ (မတော်ပါဘုရား)။

လူ့ခန္ဓာရ-ရပါလို၏တော့ အိုဘေး-သေဘေးက ဘာတဲ့....(လိုက်ခဲ့ဦးမယ်တဲ့)၊ ငါလိုက်ခဲ့ဦးမယ်တဲ့....(မှန်ပါ့ဘုရား)၊ လိုက်တော့ ခင်ဗျားတို့က ကျေနပ်ရဲ့လား.... (မကျေနပ်ပါ

http://www.dhammadownload.com



ဘုရား)၊ မကျေနပ်လို့ရှိယင်လဲ အစကတည်းက မကျေနပ်နဲ့.... (မှန်ပါ့ဘုရား)။

ဇီခန္ဓာကုန်ခဲ့ယင်တော့ နတ်ခန္ဓာ·ဖြဟ္မာ့ခန္ဓာ ဘာမှမရချင်နဲ့၊ သဘောကျပူလား-(မှန်ပါ့ဘုရား)၊ခန္ဓာရလို့ရှိယင် ဘာလိုက်လာမယ်ထင်ကြသလဲ .... (အိုဘေး၊ သေဘေးလိုက်ပါမယ်)၊ အိုဘေး၊ သေဘေး သေသေချာချာ လိုက်မယ်မဟုတ်လား.... (မှန်ပါ)၊

ကဲ....ဒါဖြင့် ဒကာဒကာမတို့ အိုဘေး၊ သေဘေး ဘယ်က လာပါလိမ့်-(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ ခန္ဓာငါးပါးက လာတယ်၊ ဒါဖြင့် ခင်ဗျားတို့ နောက်ခန္ဓာငါးပါးကို ဘာခန္ဓာဖြစ်ရပါလို၏၊ ဟုတ်လား၊ နတ်ဖြစ်ရပါလို၏ ဆိုတော့ ခန္ဓာငါးပါး၊ ဗြဟ္မာ ဖြစ်ရပါလို၏ ဆိုတော့ကော.... (ခန္ဓာငါးပါးပါပဲ)။

အဲ–ခန္ဓာငါးပါးကို သွားမထည့်နဲ့....(မှန်ပါ)၊ ထည့်ယင် အိုဘေး၊သေဘေးက ငါလိုက်ခဲ့ဦးမယ်ချည်း လာလိမ့်မယ်.... (မှန်ပါ့ဘုရား)၊ သဘောကျရဲ့လား....(ကျပါပြီ)၊ ထည့်ယင် ဘာတဲ့....(ငါလိုက်ဦးမယ်)၊ ငါလိုက်မှာက ဘယ်ငါတွေပါ လိမ့်....(အိုဘေး၊သေဘေးပါဘုရား)၊ ဇရာ၊ မရဏလိုက်မှာ.... (မှန်ပါ့ဘုရား)။

သူတို့ ဇရာမရဏသာ လိုက်လာလို့ရှိယင်လဲ သူ့ အပေါင်တွေက ရှိသေးတယ် .... (မှန်ပါ့ဘုရား)၊ သောက-ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကလဲ ငါတို့လဲ လိုက်ဦးမယ်ဆိုပြီး တစ်ပြုံကြီး လာပါတယ်....(မှန်ပါ)။

http://www.dhammadownload.com



သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ကော....(ပါ·ပါဘယ်ဘုရား)၊ မလိုက်ဘူးလား-လိုက်သလား-(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီလိုများ ဖြစ်လိမ့်မယ် မထင်ဘူးလို့ နောက်မှ ခင်ဗျားတို့က ဒီအသုံးတွေ မသုံးပါနဲ့....(မှန်ပါဘုရား)၊ ဒီလိုဖြစ်မှာပဲ....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဆောင်းပြီ၊ ဒကာဒကာမတို့၊ လူ့ခန္ဓာဆီသွားယင် ဘယ်သူ့က လိုက်ဦးမယ် ပြောသလဲ....(အိုဘေး၊ သေဘေးကပါဘုရား)၊ ဇရာမရဏ လိုက်လာလို့ ရှိယင်လဲ သောကပရိဒေဝတွေကလဲ ကျုပ်တို့လဲ လိုက်ဦးမယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့က သောက ဖြစ်ရမှာများ သား၏ သောက၊ သမီး၏သောက၊ ခင်ပွန်း၏သောက ဖြစ်ရမှာများ ကျုပ် ဒါ အကြောက်ဆုံး၊ ခင်ဗျားတို့မပြောကြဘူးလား-(ပြောပါတယ်ဘုရား)။

ပြောယင် ဒါမပါစေနဲ့....(မှန်ပါ)၊ခန္ဓာကိုမရစေနဲ့၊ ခန္ဓာရယင်တော့ သူတို့က ဘာတဲ့တုံး-(လိုက်မှာပါဘုရား)၊ လိုက်ခဲ့ဦးမယ်လို့ ပြောနေတာယ် မဟုတ်လား....(မှန်ပါဘုရား)၊ ဇရာမရဏ ဘာတဲ့....(လိုက်ခဲ့မယ်ပြောပါတယ်ဘုရား)။

ဇရာမရဏလိုက်လို့ရှိယင် သူ့အဖော်တွေ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေကကော....(လိုက်ပါတယ်ဘုရား)၊ လိုက်ခဲ့ဦးမယ်လို့သူတို့ကလဲ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

http://www.dhammadownload.com



သူတို့ လိုက်လာတော့ ခင်ဗျားတို့ မျက်နှာကလေးတွေက ဆီးရွက်လောက်ရှိတော့တယ် (မှန်ပါဘုရား)၊ နဂိုပြုံးသရွေ့ဟာ ဘယ်လိုနေကြသလဲ .... (မဲ့နေတယ်)၊ မဲ့ပစ်လိုက်တာ ဆီးရွက်လောက် ကျန်တော့တယ်.... (မှန်ပါ)၊ ဘယ်လောက်ဆိုးသွားသလဲ....(ဆိုးပါတယ်ဘုရား)။

ကဲ-ဒါဖြင့်ဒကာဒကာမတို့၊ သူတို့ ဘယ်က လာသတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ်ပြောကြမယ်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာငါးပါးမှ ခင်ဗျားတို့ မကြိုက်လိုက်ပါနဲ့၊ ဆုလဲ့ မတောင်းလိုက်ပါနဲ့၊ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"သာ လုပ်ကြပါ....(မှန်ပါဘုရား)။

မဟောသင့်ဘူးလား .... (သင့်ပါတယ်ဘုရား)၊ သူတို့က မလိုက်ဘဲနေမှာလား....(မနေပါဘုရား)၊ ဇရာမရဏကကော မလိုက်ဘဲနေမှာလား .... (မနေပါဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကော....(မနေပါဘုရား)။

ဒါဖြင့် ဦးခင်မောင်ရေ....ကိုယ်တိုင် လိုက်လာတာကကော ကိုယ်တိုင် ခန္ဓာကြီးရလို့ ကိုယ်ကိုင် ဇရာ မရဏတွေနဲ့ အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်မှာလဲ တွေ့နေရတာလဲ အသင်အရှာ၊ အမြင်သားပဲ မဟုတ်လား....(မှန်ပါဘုရား)၊သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေကကော....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ သူတို့ ဘယ်ကများ လိုက်လာတာပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဖြေတတ်ကြရဲ့လား .... (ဖြေတတ်ပါတယ်ဘုရား)၊ ဘယ်ကပါလိမ့်.(ခန္ဓာငါးပါးကပါဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါးက လာတယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အေး–ဒါကြောင့် ခန္ဓာငါးပါးဆိုတောင်းတဲ့ ပုဂ္ဂိုလ်များ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ရင်ဆိုင်တိုးရပါလိမ့်–(မှန်ပါဘုရား)၊ သဘောကျပလား.... (ကျပါပြီ)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေလဲ သူ့ပစ္စည်းချည်း ဖြစ်ရပါလိမ့်...မပါဘူးလား၊ပါသလား....(ပါ ပါတယ်ဘုရား)။

နို့....ပါလျက်နဲ့ ဘာပြုလို့ ခင်ဗျားတို့က ခန္ဓာငါးပါး ဆုတောင်းရသတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာ ငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကြော်- ဗီလိုလဲ မသိပြန်ဘူး၊ ခင်ဗျားတို့ဟာလဲ ခက်လိုက်တာ၊ ခုနကလဲ ဇရာမရဏ မသိခဲ့ဘူး၊ (မှန်ပါ)၊ အခုတော့လဲ ဘာမသိပြန်သတုံး... (ဒုက္ခသစ္စာမသိပါဘုရား)၊ ခန္ဓာငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာလို့ မသိတော့ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ဖြစ်ရပါလို၏ဆိုတော့ ငါလိုက်ခဲ့ဦးမယ် ဆိုတော့ ခင်ဗျားတို့က မလိုက်ဘဲနေမှာလား၊ လိုက်မှာလား–(လိုက်မှာပါဘုရား)။

အဲ- လိုက်တော့ ခင်ဗျားတို့က အကြိုက်လား၊ ဒီဥစ္စာ ပရိတ်ရွတ်ထုတ်ချင်တာလား-(ပရိတ်ရွတ်ထုတ်တာပါဘုရား)။

ဟာ–ပရိတ်ရွတ်ထုတ်လို့မရဘူး–(မှန်ပါ)၊ ပရိတ်ရွတ်ထုတ်လို့မရဘူး–တဲ့၊ခန္ဓာထဲက ပါလာတာ- (မှန်ပါ)၊ ရိပ်မိပလား

http://www.dhammadownload.com



(ရိပ်မိပါပြီ)၊ အိုမှု ပရိဘ်ရွတ်ထုတ်လို့ရပါ့မလား....(မရပါ ဘုရား)။

အိုမှုထုတ်လိုက်လို့ရှိယင် သေသွားလိမ့်မယ်၊ အိုမှု ဆိုတာ တေဇောကြောင့် အိုတာ....(မှန်ပါ)၊ ခန္ဓာငါးပါးသဲ ပဿဝီ အာပေါ တေဇောက ပါမနေဘူးလား.... (ပါနေပါတယ်)၊ တေဇောကြောင့် အိုတာ သူ့ကို ပရိတ်ရွတ်ထုတ်လို့ ရပါ့ မလား.... (မရပါ)၊ သဘော ပါကြပလား.... (ပါ-ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာဆုတောင်းကတည်းကိုက ဒကာ ဒကာမတို့ သစ္စာမသိလို့ တောင်းနေတာ.... (မှန်ပါ ဘုရား)၊ ရှင်းပလား- (ရှင်းပါပြီ)၊ ခန္ဓာဆုတောင်းတာ ဘာ ဖြစ်လို့ တောင်းတာပါလိမ့်- (သစ္စာမသိလို့ပါဘုရား)၊ သစ္စာ မသိလို့တောင်းတယ်၊ ယနေ့တော့ဖြင့် ဒကာ ဒကာမတို့၊ ခန္ဓာ ငါးပါး ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား)၊

ဟြော်.... ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာနော်၊ ဒါဖြင့် အားလုံး ဒကာ ဒကာမတို့၊ ဒုက္ခသစ္စာဟာ တောင်းယူထိုက်တဲ့တရား လား၊ အိုးစားကွဲပါရစေလို့ ပြောရမှာလား.... (အိုးစား ကွဲပါရစေလို့ ပြောရမှာပါဘုရား)။

ခုဘော့....ခင်ဗျားတို့ဟာ အိုးစားထူပါရစေဖြစ်နေတယ် - (မှန်ပါဘုရား)၊ ဘယ့်နှယ်ဖြစ်နေကြသလဲ-(အိုးစားထူပါရစေ ဘုရား)၊ တယ်လဲ ချစ်ပါလား ခင်ဗျားတို့ဟာ.... (မှန်ပါ ဘုရား)၊ အိုးစားကွဲရမှာကို သိပ်ကြောက်နေတဲ့ အမိပ္ပာယ်မျိုး မရောက်ဘူးလား- (ရောက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီခန္ဓာကြီးနဲ့ အိုးဘား နာဘေးရှိတဲ့ ခန္ဓာကြီးနဲ့ပဲ အမြဲတမ်းတွဲနေပါရစေဆိုတော့ ခင်ဗျား သား ယမီးတွေကလဲ မုန်း၊ မယားကလဲ မုန်း၊ ရပ်ထဲရွာထဲက ပြင်ဘက် ထွက်ချင်တာတောင် ခင်ဗျားတို့က ဒီခန္ဓာကြီးကိုဖြစ်ဖို့ ကြိုက်တုန်းဆိုလို့ ရှိယင်လဲ ရှုးချက်သန်လှချည်လား ပြောရလိမ့်မယ်....(မှန်ပါ ဘုရား)။ မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဦးဇံရှင်တို့၊ ကိုမြရွှေတို့.... ပြောထိုက် မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)၊ သဘောပါကြပလား- (ပါ-ပါ တယ်ဘုရား)၊ ကဲ....ဒါဖြင့် ဇရာ မရဏ ဘယ်က လာသတုံး— (ခန္ဓာ ငါးပါးက လာပါတယ်ဘုရား)။ ဩော်....ဒါဖြင့် ဒကာဒကာမတွေ ခန္ဓာငါးပါး ဘာသစ္စာလဲ....(ဒုက္ခသစ္စာ ပါဘုရား)။

ဟုတ်ပြီ၊ဟုတ်ပြီ၊ဟုတ်ပြီ....(ဒုက္ခသစ္စာ) ဒါကို ဦးခင်မောင် မောင်ထွန်းလှိုင်တို့.... သေသေချာချာ စဉ်းစားပါ–တဲ့၊ဒီဥစ္စာ ခန္ဓာငါးပါး ရလို့ရှိယင် အိုဘေး သေဘေး ကတော့.... ဘယ်နှယ်နေသတုံး....(လာမှာပါဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဘေးတွေကကော.... (လာမှာပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါတွေ သိကြား ဗြဟ္မာ ဘုရား လာ ပေးတာ လား၊ ကိုယ့်ဆုတောင်း ပြည့်တာလား.... (ကိုယ့်ဆုတောင်း ပြည့်တာပါဘုရား)၊ အံမာ....ခင်ဗျားတို့ တောင်ဝေ့ကြီး ထောက်ရတာ ဆုတောင်းပြည့်တာမှတ်ထားကြနော်-(မှန်ပါ) တောင်ဝေ့၊ထောက်ရတာ စာတုံး.... (ဆုတောင်းပြည့်တာ

http://www.dhammadownload.com



ပါဘုရား)၊ လူဖြစ်ရပါလို၏ဆိုတော့ အိုဘေး၊ နာဘေးက ပါလာတယ်- (မှန်ပါ့)။

အဲဒီတော့....တောင်ငွေး ထောက်ချင်လို့ ထောက်ရတာ လား၊ကိုယ်ဆုတောင်းထဲမှာ တောင်ငွေးထောက်ပြီး သကာလ မျက်မှန်စွပ်ပြီး သကာလ ခပ်ကိုင်းကိုင်း ခပ်နွဲ့နွဲ့ လမ်းမှာ ထိုးလဲပါရစေလို့ ကိုယ်တောင်းတဲ့အထဲ ပါသလား-(ပါ-ပါ တယ်ဘုရား)၊ ပါတယ်၊ ပါတယ်=(မှန်လှပါ)၊မပါဘူးလား၊ ပါသလား- (ပါ—ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ ဒကာ ဒကာမတို့....ခန္ဓာဆု တောင်းကတည်းက အိုဘေး၊ သေဘေးက ဘယ့်နှယ်နေသလဲ- (ပါ-ပါတယ်ဘုရား)၊အဲဒီလို သုံးသပ်စမ်းပါကွာတဲ့၊ အိုဘေး သေဘေး ဘယ်ကလာသတုံး....(ခန္ဓာငါးပါးကလာပါတယ်)၊ သဘောကျပြီ၊ ခန္ဓာငါးပါးကလာတယ်ဆိုတာ သေချာကြပြီ— (သေချာပါပြီဘုရား)။

ဒါဖြင့်....အခု ဒကာ ဒကာမတွေမှာ ဘာနဲ့များ တရား နာနေကြပါလိမ့်.... (ခန္ဓာငါးပါးနဲ့ နာပါတယ်)၊ ဩော်.... တရားနာ နေကြလို့ ဘုန်းကြီးများလဲ ဝမ်းသာပါတယ်၊ ဒကာဒကာမတွေကလဲ ကိုယ့်ဆရာသမားဆိုတော့ ကြည်ညို လေးစားပြီးတော့ တို့သိရပေတယ်ဆိုပြီး ဝမ်းသာကြတယ်၊ ဝမ်းသာပေမယ့်လဲ ဝမ်းသာတာဟာ အစစ် ဝမ်းသာစရာ မကောင်းဘဲ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)၊

ခန္ဓာကြီးက ဝမ်းသာချင်းမတ္တနဲ့ အိုဘေး၊ သေဘေးဆီ ပြေးနေတယ်–(မှန်ပါ့)၊ဆရာသမား ကြည်ညိုလေးစားလျက်

http://www.dhammadownload.com



နဲ့ ဘယ်ဘက်ပြောနေသလဲ-(အိုဘေး၊ သေဘေးဘက် ပြောနေပါတယ်ဘုရား)။

ဪ....ဝမ်းသာရတာ စိတ်ချ၊ လက်ချပဲသား ဒကာဒကာမတို့၊ စိတ်မချ လက်မချနဲ့ ဝမ်းသာနေရတာသား....(စိတ်မချ၊ လက်မချ ဝမ်းသာနေရတာပါ ဘုရား)၊ သူက ဘယ်ပြောနေသလဲ....(အိုဘေး၊ နာဘေး၊ သေဘေးဆီ ပြောနေပါတယ်ဘုရား)။

ဒီအိုဘေး၊ နာဘေး၊ သေဘေးပြောချင်လို့ ပြောရတာသား ဒကာ ဒကာမတို့၊ ခန္ဓာရှိလို့ ဒီဘက် ပြောရ တာလား...(ခန္ဓာရှိလို့ ဒီဘက်ပြောရတာပါဘုရား)။

ပေါ်ကြပြီ....(မှန်ပါ့)၊ ပေါ်ပြီ—ပေါ်ပြီ ဒကာဒကာမတို့၊ ဒီနေ့သမ္မသနသုတ်ကို ပြောတယ်လို့ မှတ်ကြပါ၊ သမ္မသနသုတ်ဆိုတာ ဒီထဲ ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရမယ်-(မှန်ပါ့)၊ သမ္မသနသုတ်ဆိုတာ ဘာပါလိမ့်... (ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရပါမယ်ဘုရား)။

ကိုယ့်ဟာကိုယ် သုံးသပ်ရမယ်ဘဲ့၊ အိုဘေး နာဘေး သေဘေး ဘယ်ကလာပါလိမ့်မလဲလို့ နဖူးပေါ် လက်တင်ပြီး တွေးလိုက်တော့ ဘာပေါ်လာကြသလဲ.... (ခန္ဓာငါးပါးပေါ်လာပါတယ်)။

ဪ...ဟုတ်ပြီနော်....ဒကာဒကာမတို့၊ ဒကာဒကာမတို့ တစ်ပွဲလုံး သဘောကျပလား....(ကျပါပြီ)၊ အို၊နာ၊သေ ဘယ်က လာပါလိမ့်-(ခန္ဓာငါးပါးက လာပါတယ်)၊ ဦးခင်မောင်

http://www.dhammadownload.com



ဟုတ်လား-(ဟုတ်ပါတယ်ဘုရား)၊ဒကာသစ်တို့ ဟုတ်ပလား-(ဟုတ်ပါဘယ်ဘုရား))။

အိုဘေး နာဘေး သေဘေး ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်)၊ အဲဒီနောက် ပြန်သုံးသပ်စမ်းပါကွာတဲ့(မှန်ပါ)၊ သုံးသပ်တတ်ကြပလား-(သုံးသပ်တတ်ကြပါပြီ)။

ကဲ....အိမ်ကျတော့ စဉ်းစားတယ်၊ နဖူးပေါ် လက်ဘစ်ပြီး ငါ့မှာ အိုလဲအိုပြီ၊ သေခါသဲနီးပြီ၊ ဒီအိုနာ သေတွက် ဘယ်ကများ လာတာပါလိမ့်မတုံး၊ ကံမကောင်း အကြောင်းမသင့်လို့ပဲလား ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးလို့ နဖူးပေါ် လက်တင်ပြီး ဘုရားက တွေးစမ်းပါကွ၊ သမ္မသနသုံးသပ်စမ်းပါကွ-ဆိုတော့ သုံးသပ်တဲ့နည်းကို ဆရာအုန်းကြီးက ဘုရား၏ ကိုယ်စားလှယ်အဖြစ်နဲ့ အကူအညီပေးတယ်....(မှန်ပါဘုရား)။

ဘယ်ကများ လာပါလိမ့်....(ခန္ဓာငါးပါးကလာပါတယ်)၊ ဒါဖြင့် အခုဘရားနာနေကြတာ တာတွေနဲ့ နာနေကြသလဲ-(ခန္ဓာငါးပါးနဲ့ နာနေပါဘယ်)၊အင်း....နာချင်းမတ္တနဲ့ ဘယ်များ ခန္ဓာကြီးက စောင့်ထိုးနေပါလိမ့်....(အိုဘေး နာဘေး သေဘေးဆီ ထိုးနေပါတယ်ဘုရား)။

ဩော်-ဒကာဒကာမတို့ ကိုယ်က တရားကောင်းကောင်း နာချင်တယ်၊ သူက သွားတာကတစ်ဖုံ ဖြစ်ခနေတယ်....(မှန်ပါဘုရား)၊ ကိုယ့်စိတ်ကြိုက်ကတခြား၊ ခန္ဓာသွားပုံကတစ်ဖုံဖြစ်နေတယ်၊ စိတ်ကြိုက်ကဘော့ဖြင့် တရားနာချင်တယ်၊ ခန္ဓာက ဘယ်ဘက် သွားနေသလဲ- (အိုဘေး နာဘေး သေဘေးဘက် သွားနေပါတယ်)။

http://www.dhammadownload.com



အဲဒါကြီး ခင်ဗျားတို့မရ-အရ ဆုတောင်းပြီး သကာလ လာခဲ့တာဖြင့် အမှားတော်ပုံ ကြီးလှချည်လားလို့ ဆိုရလိမ့်မယ်... (မှန်ပါဘုရား)၊ ဘယ်လိုဆိုရမယ်.... (အမှားတော်ပုံ ကြီးလှချည်လား)၊ နောက်ထပ် ကြီးယင်တော့ ခင်ဗျားတို့ ဒီထက်မိုက်တာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါ သစ္စာမသိလို့ မိုက်လက်စ မသတ်သေးပါဘူးဆိုတာ သေသေချာချာ မှတ်ပါ.... (မှန်ပါဘုရား)၊ သစ္စာမသိယင်....(မိုက်လက်စ မသတ်သေးပါဘုရား)။

ကောင်းပြီ ဒီသုတ်ဟာ ဒကာဒကာမတို့ ဝိပဿနာညာဏ်နဲ့ ဇာတ်သိမ်းရမှာနော်...ကိုမြရွှေတို့၊ဦးဇံရင်တို့....(မှန်ပါ)၊ ဘာနဲ့ ဇာတ်သိမ်းရမယ် ထင်သလဲ.... (ဝိပဿနာနဲ့ ဇာတ်သိမ်းရပါမယ်)။

ဒါကြောင့် ဒီသုတ်ကို ယနေ့ပြောင်းပြီး သကာလ ဗာလပဏ္ဍိတသုတ်အကုန်မှာ သူ့ကို ဆက်လာတယ် (မှန်ပါဘုရား)၊ ကဲ...ဒကာ ဒကာမတို့၊ကိုယ့်ကိုယ်ကို သုံးသပ်တတ်ပါပလား.... (မှန်ပါဘုရား)၊ ဘယ်ကစ သုံးသပ်မယ်.... (ခန္ဓာငါးပါးက စ သုံးသပ်ပါမယ်ဘုရား)၊

ဒီလိုမသုံးသပ်နဲ့၊ ငါ့မှာအိုလာပြီ သေခါနီးလာပြီ၊ ဘယ့်နှယ်ကြောင့် ငါ့မှာ ဒီအိုမှု နာမှု သေမှုတွေက ပေါ်လာပါလိမ့်မတုံး....လို့ သုံးသပ်စမ်းပါ.... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ သုံးသပ်တော့ ဘာတွေ့သလဲ....(ခန္ဓာငါးပါး တွေ့ပါတယ်ဘုရား)။

http://www.dhammadownload.com



ကြော်.... ခန္ဓာငါးပါးရှိလို့ ဒါတွေ လာတာပါကလား လို့ ဒီလိုပြန်သုံးသပ်လိုက်စမ်းပါ-(မှန်ပါ့ဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီ)၊ တစ်ခါပြန်သုံးသပ်ပါဦးတဲ့ ဦးခင်မောင်ရေ.... ဒါ ပဋိလောမ တရားနော်....(မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကများ လာပါလိမ့်မတုံးလို့ ဒုတိယအချက်ပြန်တွေးပါဦး....(မှန်လှပါ ဘုရား)၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ဒီခန္ဓာငါးပါး ဘယ်ကများလာပါလိမ့်မတုံးလို့ ဒုတိယ အချက် ပြန်တွေးပါဦးတဲ့....(မှန်ပါ့ဘုရား)၊ ဒုတိယအချက် ပြန်တွေးတဲ့ အခါကျတော့လဲ ဒကာ ဒကာမတွေ မှတ်လိုက် တာပေါ့တဲ့၊ ကြော်....တဏှာကလာတာ-(မှန်ပါ့)၊ ရှင်းပလား- (ရှင်းပါပြီ)။

ကဲဒကာဒကာမတို့ ဘယ်ကလာသလဲ-(တဏှာကလာပါ တယ်)၊ တဏှာက လာတယ်နော်-(မှန်ပါ့)၊ ကဲ....ဒါသုံးသပ်တဲ့ နည်း ပြောင်းပြန် ပြန်ရမယ်နော်....(မှန်ပါ့ဘုရား)၊ အိမ်ကျ တော့ ပဋိစ္စသမုပ္ပါဒ်ကိုတဲ့ (တည့်) မသွားနဲ့ ပြောင်းပြန် ပြန်ပြီး ဘုရားက သုံးသပ်ခိုင်းတယ်....(မှန်ပါ့ဘုရား)။

ကဲ....တရားတစ်ပွဲလုံး ဒကာ ဒကာမတို့ သုံးသပ်တဲ့နည်း ကလေးတွေ ပြီးတော့မှ မကောင်းတာတွေ ဆက်ပြီးတော့ ပြတဲ့နည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောပါလိမ့် မယ်....(မှန်ပါ့ဘုရား)။

ကဲ-ဒကာဒကာမတို့ အိုဘေး နာဘေး သေဘေး ဘယ်က လာပါလိမ့်မတုံး....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ်....အိုဘေး နာဘေး သေဘေး ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ခန္ဓာငါးပါးက လာတယ်ဆိုတာ ရှင်းလို့နော်-(မှန်ပါဘုရား)၊ ဟုတ်ကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)၊သေသေချာချာဟုတ်ကြရဲ့လား(ဟုတ်ပါတယ်ဘုရား)၊ ကောင်းပြီ.... ဒီခန္ဓာငါးပါးက လာတယ်ဆိုတော့ ရှင်းပြီ၊ ခန္ဓာရှိလို့အိုရတယ်၊ ကြည့်ပါလား"ဇရာဓမ္မောမှိ ဇရံ အနတီတော" ဒီခန္ဓာရှိလို့ရှိယင် ဇရာ မလွန်နိုင်ဘူးကွ၊ "မရဏဓမ္မောမှိ မရဏံ အနတီတော" မရဏကို လွန်နိုင်ရဲ့လား....(မလွန်နိုင်ပါ)၊ မလွန်နိုင်ဘူးတဲ့၊ ဒါလာမှာပဲဆိုတာ မသေချာလား....(သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတွေ ဆက်မေးပါဦးတဲ့၊ ဒီခန္ဓာငါးပါးကြီးကတော့ အိုဘေး နာဘေး သေဘေးတွေက သူ့ဆီလာတာတော့သိပြီ၊ ဒီခန္ဓာကြီးကတော့ ဘယ်ကများလာပါလိမ့်မလဲ·(တဏှာကလာပါတယ်ဘုရား)၊ ပေါ်ပြီ ဦးခင်မောင်ရေ-(မှန်ပါဘုရား)၊ အားလုံး ဒကာဒကာမတွေ ဘယ်ကလာပါလိမ့်မတုံး....(တဏှာကလာပါတယ်ဘုရား)။

ဪ်....တဏှာကလာတယ်၊ တဏှာက လာတယ်နော်၊ လက်သည်ဟာ ဘူးညွန့်ကြီးကိုး ဒကာဒကာမတို့၊ အညွန့်ကနေ မြှောက်လိုက်တဲ့ အခါကျတော့ အမြစ်ရင်းတွေသလိုပေါ်ဗျ....(မှန်ပါ)။

ဘူးညွန့်ကြီးတစ်ခုကို ကိုင်လိုက်တဲ့အခါကျတော့ ဦးခင်မောင် အညွန့်ကနေမြှောက်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် သူ့ အမြစ်ရင်းပေါ်ရမယ် မဟုတ်လား....(မှန်ပါ)။

http://www.dhammadownload.com



ဒီမှာပဲ ဇရာ မရဏတခုနေ မြှောက်ကြည့်လိုက်၊ ဇရာ မရဏ ကနေမြှောက်ကြည့်လိုက်တော့ ဇာတိခန္ဓာပေါ်လာတယ်(မှန်ပါ)၊ ခန္ဓာကို တစ်ခါ မြှောက်လိုက်တဲ့ အခါကျတော့ ခန္ဓာ၏ ရှေ့သောက်မြစ် တစ်ခါပေါ်လာတယ်-(မှန်ပါ)၊ ဘယ်သူပါ လိမ့်....(တဏှာပါဘုရား)၊ သဘောကျပလား.... (မှန်ပါ)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

ကိုင်း....ဒါက ဘာလှဲ့မိတဲ့နည်းတုံး မေးတဲ့အခါကျတော့ သုံးသပ်ရမည့်နည်းလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ)၊ ဘယ်လို မှတ်ကြမယ်....(သုံးသပ်ရမည့်နည်းပါဘုရား)။

သုံးသပ်ရမည့်နည်းဆိုတာ သုံးသပ်ဆင်ခြင်ရမယ် ဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်ပါ.... (မှန်ပါဘုရား)၊ ဒါကြောင့် သမ္မသနသုတ်လို့ ဟောလိုက်ပါတယ်....(မှန်ပါ)။

ဒဏာဒကာမတို့ ဒီအထဲပြန်ပြီးပြောပါဦးမယ်၊ အိုဘေး နာဘေး သေဘေးကြီး ဘယ်ကလာပါလိမ့်-(ခန္ဓာငါးပါးက လာပါတယ်)၊ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့်- (တဏှာက လာပါတယ်)၊ တဏှာက လာတယ်....(မှန်ပါ)၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အင်း....ဒါဖြင့် တို့တော်တော့ပိုင်ပြီ၊ တော်တော်ပိုင်ပြီ၊ တော်တော်ပိုင်ပြီဆိုတဲ့ ဥစ္စာသည် ဒကာဒကာမတွေ ဉာဏ် ထဲမှာ တော်တော်ကလေးရှင်းပလား(ရှင်းပါပြီ)၊ တစ်ခေါက် မေးပါရစေဦး၊ အိုဘေး နာဘေး သေဘေး ဘယ်ကလာ ပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်)၊ အခုတရားနာနေတဲ့ ခန္ဓာငါးပါးက လာတယ်.... (မှန်လှပါဘုရား)၊ သဘောကျ

http://www.dhammadownload.com



ပလား...(ကျပါပြီ)၊ ဒီခန္ဓာငါးပါးကလဲ ဘယ်ကမျှား သူက သိကြွား ဖြတ်စွာ ဘုရား လာပြီးဖန်ဆင်းလို့ ဖြစ်ရတာလား ဘယ်ကမျှား လာပါလိမ့်....(တဏှာက လာပါတယ်)၊ဩော်-တဏှာကလာတယ်၊ ဟုတ်သားပဲ တဏှာနဲ့ ဆုတောင်းယူလိုက်တာ-(မှန်ပါ)၊ဘယ့်နှယ်ဆိုကြပါ့မယ်....(တဏှာနဲ့ ဆုတောင်း ယူပါတယ်ဘုရား)။

လူ့ခန္ဓာ ဖြစ်ရပါလို၏ဆိုတော့ ဒီတဏှာက မတောင်းလိုက်ဘူးလား-(တောင်းပါတယ်ဘုရား)၊ နတ်ခန္ဓာဖြစ်ရပါလို၏.... (တောင်းပါတယ်ဘုရား)၊ အင်း-တဏှာနဲ့တောင်းလိုက်တော့ ဘာပေါ်လာသလဲ ..(ခန္ဓာငါးပါး ပေါ်လာပါတယ်)၊ ခန္ဓာငါးပါးပေါ်လာတော့ ဘာတွေ အမြတ်ထွက်လာသလဲ.... (အိုဘေး နာဘေး သေဘေးတွေ အမြတ်ထွက်လာပါတယ်)၊ အိုဘေး နာဘေး သေဘေးတွေ အမြတ်မထွက်ဘူးလား... (ထွက်ပါတယ်ဘုရား)။

အဲဒီတော့ အိုဘေး နာဘေး သေဘေးကျတော့ ခင်ဗျားတို့က ကျေနပ်ကဲ့လား-(မကျေနပ်ပါဘုရား)၊ မကျေနပ်ပေမယ့် ဒီလိုမျှား တွေးလိမ့်မယ် မထင်ဘူး....(မှန်ပါ)၊ ဒီလိုမျှားဖြစ်လိမ့်မယ် မထင်ဘူး....တဲ့၊ ခင်ဗျားတို့စိတ်အထင်က-(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)၊ ခု ဒီလိုဖြစ်နေတော့ ဘယ်သူ တတ်နိုင်သေးသတုံး....(ဘယ်သူမှ မတတ်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့၊ အရင်းကျကျ လိုက်ကြစို့ ဆိုတော့ ဒကာဒကာမတို့ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့် မတုံး-(တဏှာက လာပါတယ်)၊ ရှင်းပြီနော်-(ရှင်းပါပြီ)၊

http://www.dhammadownload.com



ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာငါးပါးက ဒုက္ခသစ္စာ သဘောကျပလား....(ကျပါပြီ)၊ အိုဘေး နာဘေး သေဘေး ကတော....(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာပဲဆိုတာ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ကဲ – ရှင်းပါပြီ၊ ရှင်းပါပြီ – သွားကြဦးစို့၊ ဒီလောက် အရှင်းကျကျနဲ့တော့ ဘုရားက ဒီလို ပြန်သုံးသပ်ရမယ် ဆို တော့ ဒီလောက်သုံးသပ်မှုနဲ့တော့ မတော်သေးဘူးတဲ့၊ မင်းတို့ အရှင်းမကျသေးဘူးတဲ့ .... (မှန်ပါဘုရား)၊ ဒီတဏှာ ဘယ်က လာသတုံးလို့ ဆက်ရဦးမယ်....(မှန်ပါဘုရား)။

ဒကာ ဒကာမတို့၊ ဒီတဏှာ ဘယ်က လာသလဲ ဆိုတဲ့ မေးခွန်းကောမထွက်ရပေဘူးလား....(ထွက်ရပါတယ်ဘုရား)၊ ဩော်-တဏှာသည် ဘယ်ကများ လာပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့်တဲ့၊ ခင်စရာ မင်စရာက လာတယ်....(မှန်ပါ)၊ပေါ်ပြီ ခင်ဗျားတို့။

ဒီတဏှာ ဘယ်ကလာပါလိမ့်....(ခင်စရာ မင်စရာက လာ ပါတယ်)၊ ဩော် – ခင်ဗျားတို့ကလဲ လူတွေ့ယင် ခရီတာနဲ့ တော့ ဒုက္ခရောက်ပါလိမ့်ဦးမယ်.... (မှန်ပါဘုရား)၊ ဒီတဏှာ ဘယ်က လာသတဲ့တုံး .... (ခင်စရာ မင်စရာက လာပါတယ် ဘုရား)။

ခင်စရာ မင်စရာက လာတယ်....(မှန်ပါဘုရား)၊ ခင်စရာ မင်စရာက လာတယ်....(မှန်ပါ)၊သဘောကျပလား.... (ကျပါ ပြီဘုရား)၊ ဒီတဏှာ ဘယ်ကလာပါလိမ့်....(ခင်စရာ မင်စရာက လာပါတယ်ဘုရား)၊ခင်ဗျားတို့ကလဲ ဘယ်အသုံးမျိုးသုံး တတ်

http://www.dhammadownload.com



ပါလိမ့်-(ခင်တတ်မင်တတ်ပါတယ်ဘုရား)၊ ခင်တတ် မင်တတ် တယ်၊ အင်း-ဒုက္ခရောက်ချင်ပြီ။

ဒကာ ဒကာမတို့၊ ခင်တတ် မင်တတ်ယင် ဘာဖြစ်ချင်ကြ လဲ.... (ဒုက္ခရောက်တတ်ပါတယ်)၊ ဘာဒုက္ခတုံး....ခန္ဓာဒုက္ခ-(မှန်ပါ့)၊ ဒီခန္ဓာဒုက္ခရယင် ဒီဒုက္ခနှစ်ခုကော....(လာပါမယ်)၊ ဒါဖြင့် ခင်ဗျားတို့၊ ခင်ဗျားတို့ ခင်တတ် မင်တတ်တယ် ဆိုတဲ့ နှုတ်ချိုသွေးတဲ့ အသွားတွေဟာ ဩော်-ဒုက္ခရောက်ဖို့ ပါကလား-(မှန်ပါ့ဘုရား)၊ဘယ့်နှယ်ဆိုကြမယ်-(ဒုက္ခရောက်ဖို့ ပါဘုရား)၊ ဒုက္ခရောက်ဖို့ဆိုတာ သေချာကြပလား....(သေချာ ပါပြီဘုရား)၊

ကိုင်း....အခု လေးခုပြထားပြီ ဒကာဒကာမတို့၊ သမ္မုသန သုတ်ဆိုတာ ပြောင်းပြန်ပြန်ပြီး သုံးသပ်ရမယ်နော်-(မှန်ပါ့)၊ ဒါက နောက်ဆုံးမဟုတ်သေးဗျာ....(မှန်ပါ့)၊ ဒီဘဝ နောက် ဆုံး အိုသေဆိုတာ ဒီဘဝ နောက်ဆုံး.... (မှန်ပါ့)၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အိုဘေး နာဘေး သေဘေး ဘယ်က လာပါ လိမ့်-(ခန္ဓာငါးပါးကလာပါတယ်)၊ ရှင်းပြီနော်-(ရှင်းပါပြီ)၊ ခန္ဓာငါးပါး ဆိုတော့ တခြားလား၊ အခု တရားနာနေတဲ့ ခန္ဓာငါးပါးက လာတာလား၊ ဘယ်ကလာသလဲ .... (အခု တရားနာနေတဲ့ ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ အကြွေးကို ပေးလို့မရဘူး ခန္ဓာငါးပါး ဆိုတော့ စာအုပ်ထဲက ခန္ဓာငါးပါး ဖြစ်နေမှာ စိုးရတယ်(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)၊ စာအုပ်

http://www.dhammadownload.com



ထဲက ခန္ဓာငါးပါးလား.... ဒီခန္ဓာငါးပါးက ထွက်လာတာလား.... (ဒီခန္ဓာငါးပါးက ထွက်လာတာပါဘုရား)။

အိုဘေး၊ နာဘေး၊ သေဘေး ဘယ်ကလာပါလိမ့်- (ဒီခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ ဘယ်ခန္ဓာငါးပါးပါလိမ့်- (တရားနာနေတဲ့ခန္ဓာငါးပါးပါ)၊ဪ....ဒီအထဲ ကံကောင်းတစ်ယောက်မှ မပါဘူး၊ဒီကချည်း ပြေးနေကြတယ်....(မှန်ပါဘုရား)။

ကံကောင်းများ ပါကြသေးလား- (မပါပါ)၊ ကို ထဲကောင်းများပါကြသေးလား-(မပါ ပါ)၊မ ကံကောင်းများကော....(မပါ ပါ)၊ မပါယင် ဒီဘက်မပြေးရဘူး....(မှန်ပါ)၊ သဘောကျပလား....(မှန်ပါ)၊ပါယင် အိုဘေး၊ နာဘေး၊သေဘေးဘက် ပြေးလို့ရဖို့မလား....(မရပါဘုရား)။

တယ်ကံကောင်းသဟေ့၊ သူကတော့ဖြင့် အန္တရာယ်ကင်းလို့ ဘေးရှင်းလိုက်တာဆိုပြီး၊သတောလ သူ့ချီးမွမ်းဖို့ ကောင်းတယ်-(မှန်ပါ)၊ အခုတော့ဖြင့် ခင်ဗျားတို့ သည်အားလို့ ဆိုလို့ရှိယင် ဒီအထဲ ဦးကံကောင်းလဲမပါ၊ မယ်ကံကောင်းလဲ မပါဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဘယ်ပြေးနေကြသလဲ- (အိုဘေး၊ နာဘေး၊ သေဘေးဆီပြေးနေကြပါတယ်)၊ ရပ်လို့များ ရကြသလား....(မရပါဘုရား)၊ကဲ....ကံကောင်း ပါသေးရဲ့လား- (မပါ ပါ)၊ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ ဒီခန္ဓာငါးပါးသည် ဒကာ ဒကာမတို့ ဘယ်ကများလာပါလိမ့်မတုံး- (တဏှာကလာပါတယ်)၊ တဏှာက လာတယ်- (မှန်ပါ)၊ ပေါ်ကြပြီနော်.... (ပေါ်ပါပြီဘုရား)။

ဒါ....ဘုရားဟောအစစ် ဒကာဒကာမတို့ သေသေချာချာ မှတ်ပါ၊ ဒီသုတ်ကို.... (မှန်ပါဘုရား)၊ အိမ်က လာတဲ့ အခါ ဒီအဘိုးတွေမယ်....(မှန်ပါဘုရား)။

ကိုင်း....ဒကာ ဒကာမတို့၊ ဒီတဏှာ ဘယ်က လာပါလိမ့် မတုံး–(ခင်ရာ မင်ရာက လာပါတယ်)၊ခင်ရာ မင်ရာက ခင်စရာ မင်စရာက လာတယ်....(မှန်ပါဘုရား)။

ဩ်....ခင်ဗျားတို့အလဲ ခင်စရာ မင်စရာ မရှိလို့ရှိယင်ဖြင့် သားကလေး မရှိလို့ရှိယင် ပျင်းလိုက်တာ- (မှန်ပါ)၊ သမီး ကလေး မရှိလို့ရှိယင်.... (ပျင်းလိုက်တာ)၊ ဘာဖြစ်လို့တုံး.... (ခင်စရာ မင်စရာ မရှိလို့ပါဘုရား)။

ခင်စရာ မင်စရာ မရှိလို့၊ ဒါဖြင့် ခင်စရာ မင်စရာကြောင့် တဏှာပေါ်တယ်—(မှန်ပါဘုရား)၊ တဏှာပေါ်လို့- (ခန္ဓာ ငါးပါးလာပါတယ်)၊ခန္ဓာရလို့-(အိုဘေး၊နာဘေး၊သေဘေး ရပါတယ်)၊ အိုရ၊ နာရ၊ သေရတယ်....(မှန်ပါဘုရား)။

ဩ်....ခင်ဗျားတို့ ခင်မှုဟာ အိုချင်၊ နာချင်၊ သေချင်လို့ သာ မှတ်ပေတော့- (မှန်ပါဘုရား)၊ ရှင်းပလား– (ရှင်းပါပြီ ဘုရား)။

ဘယ့်နှယ့်ကြောင့် ခင်ဗျားတို့ကလဲ ခင်တတ်၊ မင်တတ်မှု သဘောတွေက ဝါသနာ ကြီးပါလိမ့်မလဲလို့ ဆရာဘုန်းကြီး ကမေးတဲ့ အခါ၊ဩ်....အိုချင်၊နာချင်၊သေချင်လို့ကိုး(မှန်ပါ

http://www.dhammadownload.com



ဘုရား)၊ဦးခင်မောင်ရေ....ခင်တတ် မင်တတ်သလား၊ ခင်ဗျား ကော....(မှန်ပါ့ဘုရား)။

အယ်နှယ်ဖြစ်နေသတုံး....အိုချင်၊ နာချင်၊ သေချင် ပြန်ပြီ ခင်ဗျား၊ ရိမ်မိကြပလား- (ရိပ်မိပါပြီ)၊ ဒကာ ဒကာမတွေ ကော အငိမတန် ရှိင်းစိုင်းသလား၊ လူတွေ ခင်တတ် မင်တတ် သလား....(ခင်တတ်၊မင်တတ် ပါတယ်ဘုရား)၊သေချင်လို့သာ မှတ်ကြပေရော့။

ခင်ယှင် ဒါတွေရတော့မယ်၊ မတွေ့ပေဘူးလား၊ တွေ့ရ မလား-(တွေ့ရပါမယ်ဘုရား)၊ ခင်ယင် ခန္ဓာရမယ်-(မှန်ပါ့)၊ ခန္ဓာရယင် အိုဘေး၊ နာဘေး၊ သေဘေးက....(ရ ရပါမယ် ဘုရား)။

သေသေချာချာတွေ့ရမယ်ဆိုဒတော့ ခင်ဗျားတို့ ပြောဆိုနေ တဲ့ အသွားနဲ့ ခင်ဗျားတို့ အကြိုက်နဲ့ ခင်ဗျားတို့ကလဲ အခင် အလုပ်လွှတ်ပါဆိုတော့ မလွှတ်ချင်ဘူး၊ အအို အနာ အသေ ကျတော့လဲ မတွေ့ရပါစေနဲ့တဲ့၊ ဒီလိုမှလာဘူးလား.... (လာပါတယ်ဘုရား)။

အခင်ကျတော့လဲ -(မလွှတ်ချင်ပါ)၊ အခင်ကတော့ လက် မလွှတ်ချင်ဘူး၊အိုမှုနာမှု သေမှုကျတော့ကော(မတွေ့ချင်ပါ)၊ အို၊ နာ၊ သေကျတော့လဲ ခင်ဗျားတို့က ဩြ....နေမယ်ဆို နေနိုင်သေးတယ်၊ အံမာ....ခင်ဗျားတို့ချင်း လောကွတ်ချော်နေ လိုက်ကြတာ....(မှန်ပါ့ဘုရား)။

နေမယ်ဆို နေနိုင်သေးတယ်ဆိုတဲ့ဥစ္စာ မသာရှင် စိတ်ချမ်း သာအောင် ပြောများနေလိုက်သေးတယ်....(မှန်ပါ့)၊ဒီအရွယ်

http://www.dhammadownload.com



ဟိုရွာမှာ ဘယ်သူကြီးဟာ သူ့ထက် အသက်ကြီးသေးတယ်။ မာလိုက်တာခုခါများတို့ ပြောနေတဲ့ အသွားက ဒီဟာတွေကဲ သိပ်များတယ်ဆိုတာ ပေါ်ကြဝလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့၊ ခင်မှုသည် ခန္ဓာရမှု.... (မှန်ပါ)၊ ခန္ဓာရထင်ဘာဖြစ်မယ်-(အိုဘေး၊နာဘေး၊သေဘေး ရပါမယ်ဘုရား)၊ အိုရ၊ နာရ၊ သေရမယ် ဆိုတာ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အို၊နာ၊ သေ ကြောက်ယင် ခင်မှု ဖြုတ်ရလိမ့်မယ်—(မှန်ပါဘုရား)၊ အို၊နာ၊သေကြောက်ယင်.... (ခင်မှုဖြုတ်ရပါမယ်ဘုရား)။

ဩော်....တပည့်တော် တသက်လုံးက ခင်လာတာ သူ့ဖြုတ် ရမယ်ဆိုလို့ ရှိယင်ဖြင့် နိဗ္ဗာန်မရှုတော့ဘူး၊အိုနာသေပဲယူတော့ မယ်၊ ဒီလိုအဓိပ္ပာယ်ရောက်သွားတယ်၊ မရောက်ဘူးလား.... ရောက်သလား....(ရောက်ပါတယ်ဘုရား)။

အံမာလေး ဒကာ ဒကာမတွေ ဒါ ဘုရား အရွဲ့တိုက်တာ လား....တုန်းကြီး အရွဲ့တိုက်တာလား.... (ဘုရားအရွဲ့တိုက် တာပါဘုရား)။

မဟုတ်ဘူး ခင်များတို့နှင့် ဂုဏ်များတူလို့လား၊ ဘုရားက အတုမရှိလို့မဆိုဘူးလား— (ဆိုပါတယ်)၊ ခင်များတို့ကတော့ လူတန်းစေးတွေအတုနဲ့ချည်းပဲ၊ အတုရှိတာချည်းပဲ-(မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတို့ သစ္စာမသိယင် ဘုရားအရွဲ့ တိုက်တယ်....(မှန်ပါ)၊ သစ္စာမသိယင်.... (ဘုရားအရွဲ့တိုက်ပါ တယ်)၊ဩော်....ဘုရားကလဲ ခင်မှုမင်မှုဖြုတ်ဖို့ အလွန်ဟောရှာ

http://www.dhammadownload.com



တယ်၊ ကိုယ်ကလဲ ဒီဟာ ခင်မှုမင်မှု ဖြုတ်ရမယ် ဆိုလို့ရှိယင် တော့လဲ စိတ်ထဲမှာ နိဗ္ဗာန်တောင် မလိုချင်ဘူး- (မှန်ပါ)။

ခင်မှုမင်မှု ဖြုတ်ရမယ်ဆိုယင် ဘယ့်နှယ်တုံး.... (နိဗ္ဗာန်တောင် မလိုချင်ပါ)၊ နိဗ္ဗာန်မလိုချင်တော့ သူဘာလိုချင်ဘာတုံး....(အိုဘေး၊ နာဘေး၊ သေဘေး လိုချင်ပါတယ်ဘုရား)၊ အို၊ နာ၊ သေကျတော့လဲ သူတကယ် လိုချင်တာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

တကယ်လိုချင်တာတော့လဲ မဟုတ်ဘူး၊ ခင်မှုမင်မှုလဲ မဖြုတ်နိုင်ဘူးဆိုတော့ စိတ်ထဲက မလိုချင်ဘူး၊ ရမှာက သေချာတယ်- (မှန်ပါဘုရား) စိတ်ထဲကတော့- (မလိုချင်ပါဘုရား)၊ ရမှာကတော့ ...(သေချာပါတယ်ဘုရား)။

ကိုင်း.... ဒကာ ဒကာမတို့၊ အခု ခေါင်းဖြူ စွယ်ကျိုးနဲ့ အမျိုးမျိုးတွေ့ကြုံပြီးသကာလ နေရတော့ ရှေ့က ဘုန်းကြီးတို့ အမိ အဖ အရွယ်တွေက အင်မတန် ချည့်နဲ့ကုန်ကြပြီ၊ အဲဒီ အခြေအနေမျိုးဟာ ဒကာ ဒကာမတို့ ဘယ်ကလာသတုံးလို့ မေးလို့ရှိယင် ရှင်းကြပါပြီ....(မှန်ပါ)၊ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါးက လာတာပါဘုရား)။

ဪ....ဒါ ခန္ဓာငါးပါးက လာတယ် ဆိုတာတော့ ဆရာဘုန်းကြီးပြောလိုက်လို့ ရှင်းပါပြီ-(မှန်ပါ)၊ ဒီအိုမှု၊ နာမှု၊ သေမှုကြီးကျတော့ ဒကာ ဒကာမတွေက ကြိုက်ကဲ့လား.... (မကြိုက်ပါဘုရား)။

သူ့မကြိုက်လို့ရှိယင်ဖြင့်တဲ့ သူဟာ အကျိုးတရားဖြစ်တယ် ဦးခင်မောင်-(မှန်လှပါဘုရား)၊ သူဟာ အကြောင်းတရားလား

http://www.dhammadownload.com



အကျိုးတရားလား.... (အကျိုးတရားပါဘုရား)၊ ဒါပယ်ယင် လွတ်ပါတယ်....(လွတ်ပါတယ်ဘုရား)၊ တဏှာပယ်ယင်-(လွတ်ပါတယ်ဘုရား)၊သဘောပေါက်ကြပလား....(ပါ-ပါတယ်ဘုရား)၊ တဏှာပယ်မှဘာတုံး-(လွတ်ပါတယ်)၊ အိုနာသေ လွတ်မှာ (မှန်ပါ့)၊ ရှင်းပလား-(ရှင်းပါပြီ)၊ တဏှာက သမုဒယသစ္စာ ကိုး....(မှန်ပါ့)၊ ခန္ဓာနဲ့ အိုနာသေက-(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာဆိုတော့ သမုဒယ မပယ်ဘဲနဲ့ ဒုက္ခသစ္စာမှ လွတ်နိုင်ကြပါ့မလား....(မလွတ်နိုင်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီ သမ္မာသန်သုတ်နဲ့မဲ ပြန်ပြီး သုံးသပ်ကြဦးစို့၊ ကဲ....ဝိပဿနာဉာဏ် သွင်းရတော့မယ်၊ မသွင်းယင် ဖြစ်ကိုမဖြစ်ဘူး-(မှန်ပါ့ဘုရား)၊ဦးခင်မောင် ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)၊ မဖြစ်ဘူးနော်....သေသေ ချာချာလဲ စဉ်းစားကြပါ ဒကာ ဒကာမတို့-(မှန်ပါ့ဘုရား)။

ကဲ....သူ့သွင်းရတော့မယ် ဆိုတော့ ဒကာ ဒကာမတို့၊ အိုနာသေ ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့်- (တဏှာက လာပါတယ်ဘုရား)၊ ခင်စရာ မင်စရာက လာတယ်....(မှန်ပါ့ဘုရား)။

ပေါ်ပြီ ဒကာဒကာမတို့၊ ကျုပ်တို့ကလဲ ခင်တာဘီတာနဲ့ ခင်ပြီးတော့ အိုနာသေ မတွေ့ချင်တာနဲ့တော့ဖြင့် အနာလဲ ရှိတယ်၊ ပျောက်တဲ့ဆေးလဲ မစားချင်ဘူးဆိုတဲ့ လူကတော့ ဝီလူနာဘော့ တွေ့ပြီ၊ အနာတကော.... (ရှိပါတယ်ဘုရား)၊ ပျောက်တဲ့ဆေးကျတော့....(မစားချင်ပါဘုရား)။

http://www.dhammadownload.com



ပျောက်တဲ့ဆေးကျတော့ မစားချင်ဘူး၊ အနာတော့ရှိတယ်....(မှန်ပါ)၊ ဒီလူနာဟာ တော်တော်ခက်တဲ့ လူနာ....(မှန်ပါ)၊ ဦးခင်မောင် ဆိုထိုက်.... မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

အနာကတော့အကြီးအကျယ် အိုနာ၊ သေနာ၊ အမြဲရှိတယ် သူ့မှာ....(မှန်ပါ)၊ ပျောက်တဲ့ဆေး စားပါဆိုတော့-(မစားချင်ပါဘုရား)။

ဒါဖြင့် အို၊ နာ၊သေပဲ့ ကောင်းပါတယ် ခင်ဗျားတို့အတွက်က အတော်ဆိုးနေတဲ့ အဓိပ္ပာယ် မရဘူးလား၊ ရသလား....(ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့၊ ခင်မင်ရာက လာတယ် ဆိုတဲ့ဥစ္စာ မသေချာသေးဘူးလား....(သေချာပါတယ်ဘုရား)၊ ခင်ရာ မင်ရာဆိုတာ မိမိခန္ဓာလဲ ခင်ရာမင်ရာပဲ.... (မှန်လှပါ)၊ သားသမီးခန္ဓာကကော.... (ခင်ရာမင်ရာပါပဲ)၊ ပစ္စည်းဥစ္စာ ရတနာတွေကော....(ခင်ရာမင်ရာပါပဲဘုရား)။

ဩော်....ဒါဖြင့် ခင်ရာ မင်ရာကြောင့် ဘာဖြစ်သတုံး....(တဏှာဖြစ်ပါတယ်ဘုရား)၊ တဏှာကြောင့် ဘာဖြစ်သတုံး....(ခန္ဓာငါးပါးဖြစ်ပါတယ်)၊ ခန္ဓာရလို့ ဘာဖြစ်သတုံး-(အို၊နာ သေ ဖြစ်ပါတယ်ဘုရား)။

အို၊ နာ၊ သေဖြစ်တယ်ဆိုတော့ ဒကာဒကာမတို့၊ ခင်ဗျားတို့ဖြင့် ဆေးသောက်လွှဲနေကြပြီ....(မှန်ပါဘုရား)၊ ဘယ်လိုပါလိမ့်....(ဆေးသောက်လွဲနေပါတယ်ဘုရား)၊ ဆေးသောက်လွှဲကြပြီ ဒကာဒကာမတို့....(မှန်ပါ)။

http://www.dhammadownload.com



ဒီဟာသည် ခင်ဗျားတို့ ခင်သလောက် ခင်ဗျားတို့က ရှင်ခြင်းကြောင့် ဟောဒီ ခင်ရာ မင်ရာသို့ ခင်ဗျားတို့ ထင်လိုက်ခြင်းကြောင့် ဟောဒီမှာ တကျော လာပါတယ်-(မှန်ပါ)၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီတကျောကြောင့် ဘာရပြန်သတုံး....(ခန္ဓာငါးပါး ရပါတယ်)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒီ ဒုက္ခသစ္စာ တည်းဟူသော တရားကြီးကနေပြီး ပေါက်ပွားလာတော့ ဘာတွေများ ပွားလာသလဲ....(အို၊ နာ သေ ပွားပါတယ်)၊ အို၊ နာ၊ သေဆိုတဲ့ဒုက္ခ၊ အညွန့်ဒုက္ခ အတက်တွေလဲထွက်မလာဘူးလား....(ထွက်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သေး သောက်မလွဲအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတယ်လို့ မှတ်လိုက်စမ်းပါနော်-(မှန်ပါဘုရား)၊ ဒကာဒကာမတို့၊ ဟောဒီဖြူဖြူအလေးဟာ ဘုရားလို့ မှတ်ထားပါနော်....(မှန်ပါဘုရား)၊ ဒါက တကျော သူ့နေရာသူ ထားပါ။

ဘုရားက ဒီနားက ဘုရားပွင့်တယ်၊ ဘုရားပွင့်တယ်ဆိုတော့ ဟောဒီ သံသရာခရီးသည်က ဘာတွေတွေ့ သူက ခင်တတ် မင်တတ်တယ်-(မှန်လှပါဘုရား)၊ ဟော့....အတော်သမား၊ ဘဝ မျိုးစွာက အတော်မပြောဘဲနဲ့ သေခဲ့တယ်-(မှန်ပါ)၊ ဒါအတော် သမားနော်....(မှန်ပါ)၊ တကျောဆိုတာ ဘာပါလိမ့်- (အတော် သမားပါဘုရား)။

ဟုတ်ကဲ့လား ဒကာဒကာမတို့....(ဟုတ်ပါတယ်ဘုရား)၊ တစ်သိန်းချမ်းသာယင် တော်ပလား....(မတော်ပါဘုရား)၊

http://www.dhammadownload.com



နှစ်သိန်းလောက် ချမ်းသာယင်ကော.... (မဘော်ပါဘုရား)၊ မတော်သေးဘူးနော်-(မှန်ပါ)၊သုံးသိန်းလောက်ချမ်းသာယင်ကော....(မတော်သေးပါဘုရား)။

ဒါဖြင့် သုံးသိန်းလောက် ချမ်းသာတော့ ကိုယ့်ကံကဒီလောက်ပဲရှိတော့ သေလိုက်တယ်.... (မှန်ပါ)၊သေလိုက်တဲ့အခါကျတော့ ဦးခင်မောင် ပြည့်သေလား၊ ငတ်သေလား....(ငတ်သေပါဘုရား)။

ကြော်....ဒါဖြင့် ဘယ်ဘဝမဆို ဒကာ ဒကာမတို့၊ ဘာနဲ့သေခဲ့တာများပါလိမ့်....(ငတ်သေခဲ့တာများပါတယ်)၊ သနားတယ်၊ ဒီလောက် ဆန်ပေါတဲ့ တိုင်းပြည်မှာ ငတ်သေကြီးဖြစ်ရတယ်ဆိုတာ အတော်ဆိုးမနေဘူးလား .... (ဆိုးပါတယ်ဘုရား)၊

သားခင်မှု တော်ပြီဆိုပြီး သေသွားတာသလား....(မဟုတ်ပါဘုရား)၊သမီးခင်မှုတော်ပြီဆိုပြီး သေသွား၊သလား.... (မဟုတ်ပါဘုရား)၊ ပစ္စည်းရှာမှု တော်ပြီဆိုပြီး သေသွားတာလား....(မဟုတ်ပါဘုရား)၊ ဒီ သားမယားတွေနဲ့ ပေါင်းသင်းရတာတော်ပြီဆိုပြီး သေသွားတာလား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ဘယ့်နှယ်တုံး၊ ခင်လျက် တန်းလန်း၊ မင်လျက်တန်းလန်းနဲ့ ဘာဖြစ်သွားသတုံး.... (သေသွားပါတယ်ဘုရား)၊ ခေါင်းထဲ ဝင်လိုက်ရတယ်.... (မှန်ပါ)၊ ခင်လျက်တန်းလန်း၊ မင်လျက်တန်း လန်းနဲ့-(ခေါင်းထဲဝင်ရပါတယ်ဘုရား)၊ ဒီမသာကို ဘာမသာခေါ်ကြမလဲ....(အငတ်မသာပါဘုရား)၊ အငတ်မသာ....(မှန်ပါ)၊ချွင်းများတို့ဖြစ်နေမယ်နော်....(မှန်ပါ)၊

http://www.dhammadownload.com



နောက် မသိသာတွေ တွေ့လို့ရှိယင်ဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရတဲ့မသိသာတွေဆိုယင် ဖိဘ်ကြမယ်....(အင်တော်မသာပါဘုရား)၊ ဦးခင်မောင် သဘောပေါက်ရဲ့လား.... (မှန်ပါ့ဘုရား)၊ ခင်ဗျား ဘယ်လိုသေမလဲ၊ ဝဋ်သေမလား၊ ငတ်သေမလား....(ဝဋ်သေပါမယ်ဘုရား)၊ နောက်က ဒကာဒကာမတွေ၊ ဦးခင်မောင်ချည်း တောင်းနေလို့မဖြစ်သေးဘူး၊ ခင်ဗျားတို့ကော၊ ဘယ်လိုပါလိမ့်မလဲ။

အဲဒီတော့ ဒကာဒကာမ ဘို့၊ တဏှာဆိုတာ သည်ကားလို့ ဆိုယင် "နကဟာပဏ္ဍဝသေန" ဆိုတဲ့အတိုင်း အသပြာမိုး ရွာတောင်မှ မောင်တွန်းလှိုင် မကျေနပ်ဘူး ဆိုပါလား.... (မှန်ပါဘုရား)။

"နကဟာပဏ္ဍဝသေန"တဲ့၊ အသပြာမိုးတွေ ရွာလာတာ ဒူးဆစ်လောက် ရွာတာတောင် မနွှာတု စကြာမင်းဟာ ဦးခင်မောင် တော်ပြီလို့ဆိုပြီး မသေဘူး....တဲ့၊ လိုချင်သေး တယ်ဆိုပြီး သေသွားတယ်....(မှန်ပါ့ဘုရား)။

ကောင်းကင် မော့ကြည့်လိုက်လို့ရှိယင် သူ့ခါးလောက် ဒူးဆစ်လောက် ရွှေမိုး၊ ငွေမိုးတွေ ရွာတယ်....(မှန်ပါ့ဘုရား)၊ သူ့တစ်တိုင်းပြည်လုံး ရွာတာနော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဦးခင်မောင် တော်ပြီဆိုပြီး သေသွားသလား၊ လိုသေးတယ်ဆိုပြီး သေသွားသလား .... (လိုသေးတယ်ဆိုပြီး သေသွားပါတယ် ဘုရား)၊ ဒါဖြင့် ဝဋ်သေသလား၊ ငတ်သေလား– (ငတ်သေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့၊ ဟောဒီတဏှာက ဘဝများစွာက ပေါ်လာတာ....(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ)၊ ဒီတဏှာက ဘာတဲ့ .... (ဘဝများစွာက ပေါ်လာတာပါ)၊ ဘယ်ဘဝက ဝနဲ့ဘယ်သို့ ရှိရဲ့လား....(မရှိပါဘုရား)။

ကိုင်း–ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီတဏှာသည်ကားလို့ ဆိုယင် ဒကာဒကာမတွေ ဘယ်လိုများ နှိပ်စက်ပါလိမ့်မတုံးလို့ မေးတော့ အပေါ်၊ အမြဲဘမ်း ပေါ်နေအောင် အမြဲ နှိပ်စက်နေတယ်.... (မှန်ပါဘုရား)၊ ဘယ့်နှယ်လဲ.... (အမြဲတမ်း ပေါ်အောင် နှိပ်စက်နေပါဘယ်ဘုရား)။

စားမယ်၊ သိပ်သုံးမယ်ကြံလို့ရှိယင်ကြည့်လုပ်၊ တဏှာက.... (မှန်ပါဘုရား)၊ သိပ်မစားခဲ့နဲ့၊ အပေါ်ထားပေး....(မှန်လှပါဘုရား)၊ စားခါနီး ကောင်းတာဝယ်မည့်ကြံ၊ အို-ဓာတော် သေးဘူးလေ၊ တဏှာက အပေါ်ထားပါတယ်.... (မှန်လှပါဘုရား)၊အပေါ်ချည်းမထားဘူးလား....(ထားပါတယ်ဘုရား)။

ကောင်းကောင်းကလေး ဝတ်မယ်၊ ကောင်းကောင်း ကလေး စားမယ်ဆိုလို့ရှိယင်လဲ တဏှာက ဘယ်လို လာပြန် သတုံး၊ကြည့်လုပ်၊ မလာပေဘူးလား.... (လာပါတယ်ဘုရား)၊ ဘာခိုင်းတာပါလိမ့်....(အပေါ်ခိုင်းတာပါဘုရား)၊ အပေါ်ခိုင်း ထားတာ–(မှန်လှပါဘုရား)။

မပြောလာတယ်၊ မောလာလို့ကော အစစားပါရစေ၊ အို.... သားအတွက်၊ သမီးအတွက် ချန်ထားဦး....(မှန်လှပါဘုရား)။ ဘယ်လိုထားပြန်သလဲ–(အပေါ်ထားပါတယ်ဘုရား)။

http://www.dhammadownload.com



ဘယ်လေစက်ကြွပြီလဲ.... (မရေတွက်နိုင်ပါဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

လူကြီးတွေများ ကြည့်ပါလား၊ ဒကာဒကာမတို့ကိုယ်ကတော့ အဖာအရာတွေနဲ့ ဝတ်ပြီး သားကလေး၊ သမီးကလေးတွေကျတော့ ထည်ဘည်ဝါဝါ ဝတ်ခိုင်းတယ်ဆိုဘာ ကိုယ်ကဘာနဲ့နေတာတုံး၊ သေချာကြာလား....(အငတ်နဲ့ နေပါတယ်ဘုရား)။

ခင်ဗျားတို့လဲ ဒီအငတ်ပဲ အတူခိုးနေတယ်၊ ကိုယ်ငတ်နေပေစေ၊ သားသမီးတွေသာလှပစေချင်၊ဝစေချင်....(မှန်ပါ)၊ ဘယ်နှယ် ဒီအငတ်ပြဿနာ ဘယ်က ထွက်လာတာပါလိမ့်....(တဏှာက လာတာပါဘုရား)၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ တစ်သံသရာလုံးမှာ တဏှာသာ ခင်ဗျားတို့ အငတ် အဖြစ်နဲ့ပဲ အသေခိုင်းတယ်၊ ရှင်တုန်းက အငတ်ထားတာ .... (မှန်ပါဘုရား)၊ သေတော့လဲ ငတ်သေအသေခိုင်းတယ်....(မှန်ပါဘုရား)။

ဒါ....သေသေချာချာမှတ်ပါ၊ တဏှာ ဘယ်လောက် ဆိုးတယ်ဆိုတာ ပေါ်သွားအောင်လို့....(မှန်ပါဘုရား)၊ ရှင်တုန်းမှာလဲ....(အငတ်ထားပါတယ်)၊ ရှင်တုန်းမှာလဲ အငတ်ထားတယ်ဆိုတော့ ဒကာဒကာမတို့၊ သေချာကြပလား....(သေချာပါပြီ)၊ရှင်တုန်းမှာလဲ အငတ်ထားတယ်၊ သေတော့လဲ အငတ်တန်းလန်းနဲ့....(သေခိုင်းပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ....တော်သေ-သေတဲ့ပုဂ္ဂိုလ်များတောင့်တတဲ့ အာသာ မပြေဘဲနဲ့ သေသွားတယ်လို့ဆိုယင် လွဲပါ့မလား.... (မလွဲပါ ဘုရား)။

ဒါဖြင့်....သူ စိတ်ချမ်းသာ၊ လက်ချမ်းသာ သေသွားတာ လား ဒကာဒကာမတို့၊ မျက်ရည်ကြီးငယ် ကျပြီး မစားရ မသောက်ရနဲ့ သေသွားတာလား.... (မစားရ မသောက်ရနဲ့ သေသွားတာပါ ဘုရား)။

ဒါ.... ဘယ်သူက သတ်လိုက်တာပါလိမ့်.... (တဏှာက သတ်လိုက်တာပါ)၊ ပေါ်ကြပလား.... (ပေါ်ပါပြီ)၊ ရှင်းကြပြီ နော် ဒကာဒကာမတို့....(ရှင်းပါပြီဘုရား)၊ အားလုံး ဒကာ ဒကာမတွေမှာ ဘယ်သူက အုပ်ချုပ်နေသတုံး.... (တဏှာက အုပ်ချုပ်နေပါတယ်ဘုရား)။

တဏှာက မနက်မိုးလင်းသွားလို့ရှိယင်ဖြင့် ဈေးသွားဟဲ့ ဆိုတော့ ဒကာဒကာမတွေက ကုပ် ကုပ် ကုပ် ကုပ်နဲ့ မသွား ဘူးလား၊ သွားသလား....(သွားပါတယ်ဘုရား)။

ညနေကျတဲ့အခါ ညနေဈေးသိမ်းယင် အိမ်ပြန်ဟဲ့ ဆိုတာ ဘယ်သူက ခိုင်းတာတုံး.... (တဏှာက ခိုင်းတာပါဘုရား)၊ ဪ.... တစ်နေ့လုံးဟာ ဘယ်သူ့ကျွန် ဖြစ်နေသတုံး.... (တဏှာကျွန် ဖြစ်နေပါတယ်ဘုရား)။

အိမ်ကျတော့ကို ဟင်းကောင်းဟင်းမွန်နဲ့ နေ့တိုင်း ချက် သွားခိုင်းသလား၊ နင့်ဟာနင် ကြည့်ပြီး လျှော့လုပ်လို့ ခိုင်း

http://www.dhammadownload.com



ဆလား-(လျှော့လုပ်လို့ခိုဝ်းပါတယ်)၊ခိုင်းတော့ ကိုယ့်အတွက်ဗျ၊ကျွေးတော့အငတ်....(မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ခိုင်းတော့ ဘယ့်နှယ်တုံး....(ကိုယ့်အတွက်ပါဘုရား)။

ကိုယ့်အတွက်ရော တစ်ခါတည်းအလုပ်ကို စေ့နေအောင်ပဲ ဒကာဒကာမတို့ နက်ဖြန်ဖို့ ချန်ပြီးတော့များ ခိုင်းလိုက်သေးတယ်၊ နက်ဖြန် စောစောထလုပ်၊ ဒီနေ့တော့မပြီးသေးဘူးဆိုပြီး သကာလ ခိုင်းတော့ ဒကာ ဒကာမတို့ သက်သာခွင့် ပေးရဲလား.... (မပေးပါဘုရား)၊ ကျွေးတော့ နည်းနည်းပဲ.... (မှန်ပါ့ဘုရား)၊ ခိုင်းတော့များများ.... (မှန်ပါဘုရား)။

အဲ....ဒါနဲ့ ခင်ဗျားတို့ အချိန်ကုန်နေတယ်-(မှန်ပါ့ဘုရား)၊ ဆိုထိုက်....မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)၊ကျွေးတော့ကိုကြည့်သုံးနော်....ကြည့်သုံးနော်၊ ငွေဟာ တွင်းက ထွက်တာမဟုတ်ဘူး၊ အမယ်လေး တကျာက စိမ်နေတယ်၊ တွင်းကထွက်တာမဟုတ်ဘူး၊ ပါးစပ်အစီရင်က မပြောဘူးလား ...(ပြောပါတယ်ဘုရား)။

ဒကာဒကာမတို့၊ အဲဒါကျတော့ သူက ဘယ်လို အငတ်ထားချင်လို့ပြောတာလဲ-(မှန်ပါ့)၊ အလုပ်-လုပ်ပါဆိုတဲ့ အခါကျတော့ အို....ယောကျ်ားရော၊ မိန်းမရော ရင်ပေါင်တန်းလုပ်မယ်၊ ဘာကြောက်စရာရှိသတုံး၊ ငွေရှာတာပဲ၊ ဘာမှ ရှက်စရာမလိုဘူး၊ သူများလဲ ဒီလိုရှာနေတာပဲ အစရှိသည်ဖြင့်....ဒီ-ကျတဲ့အခါကျတော့လဲ အမောဆိုက်အောင် ဒကာ ဒကာမတို့ အခိုင်းရက်စက်တယ်....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အခုမှ ဆိုက်အောင်ကျခတော့-(အခိုင်းရက်စက်ပါတယ်)၊ အကျေးကျိုတော့.... (အငတ်ထားပါတယ်ဘုရား)၊ ဒါတောင် ခင်ဗျားတို့က အကြည်ညိုမပျက်သေးဘူး၊ ဖြစ်မှုဖြစ်ရပလေ ရိပ်မိကြပလား-(ရိပ်မိပါပြီ)၊ အကြည်ညိုပျက်သလား တကျော အပေါ်မှာ.... (မပျက်ပါဘုရား)၊ အံ့မှာဘယ်တုန်းက စပြီး ကြည်ညိုမိတာပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

သံသရာ စ ကတည်းက ဦးခင်မောင်ရေ ဘော်ဆော် အရှုပ် ဆိုးတဲ့ တရားကို ခင်ဗျားတို့က ခေါင်းခပေါ်တင်ပြီး ထကာလ ဂူတစ်လုံး ဘုရားတစ်ဆူ လုပ်လာတာနော်.... (မှန်ပါဘုရား)၊ ကြောက်စရာ မကောင်းဘူးလား-(ကောင်းပါဘယ်)၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)၊

အခု.... ဈေးချိုထဲမှာဆိုလို့ရှိယင် ဒုကာ ဒကာမတို့၊ ဘယ် လောက်များ ပူလိုက်မယ်ဆိုတာ အပေါ်က သွပ်တွေမိုးလို့၊ ပန်ဆာခလကလဲ ပူလိုက်တဲ့ဖြစ်ခြင်း၊ လူတွေကလဲရှုပ်၊ ပူလိုက် တာကလဲ့ မပြောနဲ့တော့ ဟုတ်လား....(မှန်ပါဘုရား)၊

ဒီအထဲမှာ တစ်နေ့လုံးနေတဲ့၊ ဘယ်သူက ခိုင်းသတုံး.... (တကျော ကခိုင်းပါဘယ်ဘုရား)၊ သူက ဆင်းရဲတာကြည့်ကောင်း နေဘာဘုံး(မှန်လှပါ)၊ ချွေးတသုတ်သုတ်နဲ့ ဆင်းရဲဘာကိုး.... (မှန်ပါ)၊ ကြည့်ကောင်းနေလို့ သူက တစ်ခါတည်း ချိုချိုနဲ့ နှိပ်စက်နေတာ၊ ခင်ဗျားတို့က မသိဘူး-(မှန်ပါဘုရား)။

မျက်စိလစ်သွားလို့ရှိယင် ဈေးဝယ်နဲ့လဲလွဲမယ်၊ ကိုယ့်ဆိုင် မှာလဲပျောက်မယ်၊ စောင့်ဟဲ့....(မှန်ပါ)၊ သေချင်သေပေစေ၊ ဒီနေရာ လဲသေသွားလဲ နင့်မှာ ဘာကိစ္စရှိသတုံး....(မှန်ပါ)၊

http://www.dhammadownload.com



ငါ့တာဝန်မှ မဟုတ်ဘဲ ဒီလောက်ထိအောင် အရုပ်ဆိုးတဲ့ တဏှာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ကုဋ္ဌီကျင်ငယ် သွားချင်တာတောင် ရောဂါဥပဒ် အန္တရာယ်ဖြစ်မှာစိုးလို့ သွားချင်တာတောင်မှ ဒီဈေးဝယ်က မပြတ်နိုင်သေးလို့ရှိယင် အို့သေနာပေါ်တာ အသာနေစမ်းပါ၊ ဒီလူ ငါခိုင်းတာ လုပ်တာ မဟုတ်ဘူး.... ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သေနာပေါ်တာတာတော့ ခဏခဏ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)၊ သို့သော်လဲ ခင်ဗျားတို့ သွားရဲသလား တဲ့၊ သူခိုင်းတာကိုပဲကြိုးစားနေရတယ်....(မှန်ပါဘုရား)၊ဦးခင် မောင် ငယ်ကြောက်ဖြစ်ခနတယ်....(မှန်ပါဘုရား)။

ဘယ့်နှယ် ဖြစ်နေသလဲ.... (ငယ်ကြောက်ပါဘုရား)၊ ငယ် ကြောက်ဆိုတာ အတော်အရုပ်ဆိုးတယ်နော်-(မှန်ပါဘုရား)။ ဒကာဒကာမတို့၊ ငယ်ကြောက်ဟာ ဘာတဲ့တုံး.... (အတော် အရုပ်ဆိုးပါတယ်)၊မြန်မာ ကြက်ဖကြီးကိုကြက်တိန်ညင်ကလေး က လိုက်နေတဲ့အခါ ဦးခင်မောင် ကြည့်ကောင်းရဲ့လား .... (မကောင်းပါဘုရား)။

ကြက်တိန်ညင်ကလေးက သေးသေးဆိုပါတော့-(မှန်ပါ)၊ မြန်မာ ကြက်ဖကြီးက ထွားထွားကြီး- (မှန်ပါ)၊ သို့သော် ငယ်ငယ်တုန်းကတည်းက ကြက်ဖကြီးက ခုမှ ထွားရှာတာ ကိုးဗျ- (မှန်ပါ)၊ ငယ်ငယ်တုန်းကတည်းက ဒီ တိန်ညင် အောက်သူက အသက်ငယ်နေတော့ ကြီးတော့လဲ ပြေးနေ တာပဲ....(မှန်ပါ)။

ဘာဖြစ်လို့ ပြေးနေတာတုံး....(ငယ်ကြောက်မို့လို့ပါဘုရား)၊ ခင်ဗျားတို့ကတော့- (ငယ်ကြောက်ပါဘုရား)၊ ကြွက်ငယ်ကလေးက လိုက်လို့ ကြွက်ဖကြီးပြေးတာကျတော့ ဒီကြွက်ဖကြီး ဖျင်းလိုက်တာလို့ ခင်ဗျားတို့ မပြောဘူးလား၊ ပြောသလား....(ပြောပါတယ်ဘုရား)။

ခင်ဗျားတို့ကော ဘယ့်နှယ်ဆိုရမလဲ.... (ဖျင်းလိုက်တာလို့ ဆိုရပါမယ်)၊ အတော်ဆိုးပါလား ဒကာ ဒကာမတို့၊ ရိပ်မိပလား- (ရိပ်မိပါပြီ)၊ ဒီကြွက်ဖကြီးတွေက ဖျင်းမဲ့ဖျင်းလွန်းလှတယ်၊ ဒီကြွက်ဖကြီးတွေကော.... (ဖျင်းပါတယ်ဘုရား)၊ ဒီတကျာက အရွယ်ရှိရဲ့လား....(မရှိပါဘုရား)။

တကျာ ဆိုတာကလေးက ဒကာဒကာမတို့ တကျာဆိုတာ သမုဒယသစ္စာ၊ သမုဒယသစ္စာ ဆိုတာသည်....တဲ့၊ အောဘာ ခင်စစ်ကလေးပါပဲ၊ အရွယ်အဆောင်း မရှိဘူး....(မှန်ပါ)။

အဲဒါကလေး ခင်ဗျားတို့က တစ်မြို့လုံးက ချိပြီးကြောက်နေကြတယ်—(မှန်ပါ)၊ တစ်အိမ်လုံးက....(ကြောက်ပါတယ်)၊ ဘယ့်နှယ်ကြောင့်လဲ သူ့ကိုဘာဖြစ်လို့ မတောင်လှန်နိုင်ပါလိမ့်မလဲ ဒကာဒကာမတို့.... (ငယ်ကြောက်မို့ပါဘုရား)။ ငယ်ကြောက်ဖြစ်လို့....။

ဖြစ်မှဖြစ်ရပလေ၊ ဆံပင်ဖြူတဲ့လူကလဲ ကြောက်တာပဲ၊ သွားကျိုးတဲ့လူကကော—(ကြောက်တာမဲ)၊ ဘယ့်နှယ်ကြောင့်တုံး....(ငယ်ကြောက်မို့လို့ပါဘုရား)။

http://www.dhammadownload.com



နို့....ငယ်ကြောက်ဆိုတာ ဒကာ ဒကာမတို့ သူက ခိုင်းဘော့ကို မနေမနား....(မှန်ပါ)၊ ကျွေးတော့ကို ကြည့်စား-(မှန်ပါ)။

ခိုင်းတော့ကို....(မနေမနား)၊ကျွေးတော့ကို-(ကြည့်စား)၊ နို့....ဘယ်မှာ ကောင်းတာ ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

မနေမနားခိုင်းလို့ရှိယင် ဒီလောက် မောလာတဲ့လူ ငါ စားချင်သလို စားမယ်ဆိုတော့ ရရဲ့လား.... (မရပါဘုရား)၊ တကျာက ကြည့်လုပ်၊ ကြည့်လုပ်နေ၊ မြေက ထွက်တာ မဟုတ်ဘူးလို့ သူက ပြောပြန်တယ်.... (မှန်ပါဘုရား)။

စားမည်ကြံတော့လဲ သူက မစားနဲ့ပြောတယ်၊ လုပ်မည်ကြံတော့ အပြေးသွားကွ၊ ခလုတ်တိုက်ပြီး လဲလဲ.... (မှန်ပါဘုရား)၊ အခိုင်းကျတော့လဲ ဘယ့်နှယ်တုံး၊ ရက်စက်တယ်....(မှန်ပါ)၊ အကျွေးကျတော့ ချွေတာတယ်-(မှန်ပါ)၊အဲဒါကို ခင်ဗျားတို့က ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အခိုင်းကျတော့- (ရက်စက်ပါတယ်)၊ အကျွေးကျတော့.... (ချွေတာပါတယ်)၊ အဝ-မျှား ကျွေးရဲ့လား.... (မကျွေးပါ)၊ အဲဒါ....ခင်ဗျားတို့က ရိပ်မိကြပလား....(ရိပ်မိပါပြီ)၊ အခိုင်းကျတော့....(ရက်စက်ပါတယ်)၊ အကျွေးကျတော့....(ချွေတာပါတယ်ဘုရား)။ အဝ-မျှား ကျွေးရဲ့လား.... (မကျွေးပါဘုရား)။

http://www.dhammadownload.com



မကျေးပါဘူး၊ ခင်ဗျားတို့က အရှိုးကိုက်ပြီး ကလေး ကလေးတွေ အသားပေးနေတာ....(မှန်ပါဘုရား)၊ ကျေးရဲ့ လား....(မကျေးပါဘုရား)။

တဏှာက ဟိုကလေးတွေပေး၊ နင်မစားနဲ့၊ နင်က အရိုး ကိုက်၊ အံမာ.... ဟေး.... ကြောက်စရာကြီးပါကလား ဒကာ ဒကာမတွေ-(မှန်ပါ)၊ ဘယ်သူပါလိမ့်.... (တဏှာပါဘုရား)၊ ကဲ....ဘယ်လောက်ဆိုးသတုံး.... (ဆိုးပါတယ်ဘုရား)။

ဆိုးသာဆိုးတယ် ခင်ဗျားတို့သည်ကားလို့ ဆိုယင် သူ့ကို ရန်သူပါမဲ့ဆို့ သိရဲ့လား....(မသိပါဘုရား)၊ ဒါကြောင့် ဒကာ ဒကာမတို့၊ ဒီတဏှာ ဆိုးကြောင်းကို ယနေ့ ရှင်းပြပါဦး မယ်....ဒီဘက် အသာထားလိုက်စမ်းပါဦး''ပဘာဝ လက္ခဏာ.... သမုဒယသစ္စ....''တဲ့။

သမုဒယသစ္စ၊ တဏှာဆိုတဲ့ သမုဒယသစ္စာသည်။ ပဘာဝ လက္ခဏာ၊ ဆင်းရဲဒုက္ခ ဟူသမျှ၏ စ,ချဖြစ်ကြောင်း မကောင်း သော လက္ခဏာရှိ၏။ (မှန်ပါဘုရား)။

သူဝင်လာလို့ရှိယင် ဆင်းရဲပေးတော့မလို့....တဲ့၊ သေသေ ချာချာ မှတ်ပါ- (မှန်ပါ)၊ စောစောသာယင်.... (စောစော ဆိုးပါမယ်)၊ နေထွက်ခါနီးမှလာယင်....(နေထွက်ခါနီးဆိုးပါ တယ်)၊ နေ့လယ်မှလာယင်-(နေ့လယ်မှာ ဆိုးပါတယ်)၊ ဘာ ပေးမလို့တုံး....(ဆင်းရဲပေးမလို့ပါဘုရား)၊ ဆင်းရဲပေးမလို့ လာတာနော်....(မှန်ပါ)။

အဲဒါ ခင်ဗျားတို့က မရိပ်မိဘူး၊ ကိုယ့်သောဘကလေး ရှိလို့ ဒီနေ့ ဒီလောက် ရလိုက်သေးတာ၊ ဆင်းရဲပေးမလို့

လာတာတော့ မသိလိုက်ဘူး- (မှန်ပါဘုရား)၊ စင်စစ်ဘာလုပ် မလို့ လာတာတုံး....(ဆင်းရဲပေးမလို့ လာတာပါဘုရား)။

သူသာရောက်လာလို့ရှိယင်တဲ့၊ ဆင်းရဲပေးတဲ့ အခါမှာလဲ တဲ့၊ ဒုက္ခ ဒုက္ခမတို့ မှတ်ထားပါ တစ်ခါတည်း ပေးမည် မဟုတ်ဘူးတဲ့၊ ဒီအလုပ်ပြီး ဟိုအလုပ်၊ ဟိုအလုပ်ပြီး ဒီအလုပ် ဆက်ခိုင်းမလို့ လာတာတဲ့....(မှန်ပါဘုရား)။

ဒုက္ခဒုက္ခမတို့၊ ပထမလာတာ ကတော့ ဘာပေးမလို့ လဲ....(ဆင်းရဲပေးမလို့ပါ)၊ နောက်ကျတော့ ဆင်းရဲလက်စ မပြတ်ရအောင်လို့ တစ်ခါ လုပ်ပြန်တယ်.... (မှန်ပါဘုရား)၊ ပထမ ဘာပေးသလဲ....(ဆင်းရဲပေးပါတယ်ဘုရား)။

ဆင်းရဲပေးပြီး တစ်ခါမေးပြီး ပြီးတာပဲလား....၊ ဆင်းရဲ လက်စ မပြတ်ရအောင်လို့ပဲ.... သူ လုပ်နေပြန် သလား.... (ဆင်းရဲလက်စ မပြတ်ရအောင် လုပ်နေတာပါဘုရား)။

ဒါကြောင့် ''ပဘာဝလက္ခဏံ သမုဒယသစ္စံ၊ အနုပစ္ဆေဒ ကရဏရသံ၊ ပလိဗောဓ ပစ္စုပဋ္ဌာနံ'' ပလိဗောဓ ပစ္စု ပဋ္ဌာနံ ကျတော့ ဒုက္ခ ဒုက္ခမတို့၊ ခင်ဗျားတို့ နိဗ္ဗာန်ဘက် ထွက် သွားမှာတောင် သူက တားထားတယ်.... (မှန်ပါ)၊ ဘယ်မှာ ကောင်းတာ ပါသေးတုံး....(မပါ ပါဘုရား)။

ဒုက္ခ ဒုက္ခမတို့၊ ဝင်လာကတည်းက သူက ဆင်းရဲ ပေးမလို့....(မှန်ပါဘုရား)၊ နောက်ကျတော့ မပြတ်ဆင်းရဲ အပ်တဲ့ အလုပ်ကြီးထဲကို သူက ထောင်ချလိုက်တယ်--(မှန်ပါ ဘုရား)။

http://www.dhammadownload.com



ဆင်းရဲဟူသမျှ ကို အကုန်သိမ်းပိုက်ပြီး သဘောလ ဦးစင်မောင်....သူက မခြယ်လှယ်ဘူး လား ....(ခြယ်လှယ်ပါတယ် ဘုရား)၊ ခြယ်လှယ်ပြီးသည်နောက် နောက်ဆုံးပိတ် တစ်နေ့ကျ တော့ချမ်းသာစာ်သွားတော့မယ်ဆိုတော့မသွားနဲ့လို့ကန့်ကွက် တယ်....(မှန်ပါ့)၊နိဗ္ဗာန်ဘက် သွားမယ်ဆိုတော့....(ကန့်ကွက် ပါတယ်ဘုရား)၊ကန့်ကွက်တယ်၊ ဘယ်မှာ ကောင်းဘာပါကြ သေးရဲ့လား .... (မပါ, ပါဘုရား)၊ သဘောပါကြပလား.... (ပါ-ပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီတရားသည် ခင်ဗျားတို့ဝမ်းထဲ ရှိထိုက်ကောင်း၊ မရှိထိုက်ကောင်း .... (မရှိထိုက်ကောင်းပါဘုရား)၊ မရှိထိုက် ကောင်းတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

သို့သော်လဲ ခင်ဗျားတို့က သူမရှိယင် ပျင်းတယ်-(မှန်ပါ့ ဘုရား)၊ခင်ဗျားတို့ စိတ်ထင်က ဘာတဲ့....(သူမရှိယင် ပျင်းပါ တယ်ဘုရား)၊ သူမရှိယင် ပျင်းတယ်တဲ့၊ ဘယ့်နှယ်ကြောင့် သူမရှိ ယင် ပျင်းသတုံးဆိုတော့ အို....အိမ်ဓာလဲ ကလေးမရှိဘူးဆိုလို့၊ ရှိယင်ဖြင့် ခင်စရာ၊ ပွဲစရာ၊ကျင်ကြီးကျုံးစရာက မရှိဘဲကိုးဗျ- (မှန်ပါ့)။

ပျင်းလိုက်တာ၊ ဘာဖြစ်လို့ ပျင်းတာတုံး....(ခင်စရာမရှိလို့ ပါ)၊ သမုဒယခင်စရာဒုရှိတာနဲ့ ဘာဖြစ်ကုန်သတုံး.... (ပျင်းပါ တယ်ဘုရား)၊ ပျင်းကုန်တယ်၊ အိမ်ကြီးဓာ ဇရပ်ကြီးဖြစ်နေတာ ပဲ၊ မပြောကြဘူးလား....(ပြောပါတယ်ဘုရား)၊ အင်း-သူမရှိ တော့ ခင်ဗျားတို့ဓာ ဘယ့်နှယ်တဲ့....(ပျင်းပါတယ်ဘုရား)။

http://www.dhammadownload.com



ပျင်းတယ်ဆိုတော့ ဘယ်ကောင်းနိုင်စရာ ရှိသေးသတုံး.... (မှန်ပါ)၊ သူရှိတော့ကို ဆင်းရဲမေးမလို့ လာတယ်....(မှန်ပါ)၊ ဆင်းရဲလက်စ မပြတ်အောင်လို့ လာတယ်.... (မှန်ပါဘုရား)၊ ထွက်ရပ်လမ်းဆိုတာကို ပိတ်မလို့လာတယ်....(မှန်ပါ)၊ သူက သုံးဆင့်တောင်မကောင်းတာလုပ်တယ်-(မှန်ပါ)၊ရိပ်မိပလား- (ရိပ်မိပါပြီ)၊ ၁ နံပါတ် သူဝင်လာယင် ဘာလုပ်မလို့တုံး.... (ဆင်းရဲပေးမလို့ပါဘုရား)။

နောက်ကျလို့ရှိယင်တော့ဖြင့် ဆင်းရဲပေးရုံပဲလား ဆိုတော့ ဆင်းရဲလက်စ မပြတ်ရအောင်လို့လဲ စီမံဦးမယ်....(မှန်ပါ)၊ ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဆင်းရဲပေးမလို့ လာတာလဲ သူပဲ၊ ဆင်းရဲလက်စ မပြတ်ရအောင်လို့ လုပ်မှာလဲ–(သူပါပဲဘုရား)။ ချမ်းသာမည့်ဆီကျတော့၊နိဗ္ဗာန်သွားမည့်ဆီကျတော့ ပိတ်ပင်လိုက်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီဥစ္စာ ကြည်ညိုထိုက်-မကြည်ညိုထိုက်....(မကြည်ညိုထိုက်ပါဘုရား)၊ ဒါဟာ ခင်ဗျားတို့ပေါ်လား-(ပေါ်ပါပြီ)၊တဏှာ၏အဖြစ်ကို ပြောနေတယ်....(မှန်ပါ)။

ကိုင်း–ဒါဖြင့် ဒီဟာ ဒကာမတို့ နာရီကလဲ စေ့ပြန်တော့ ဝိပဿနာစ မကူးနိုင်ဘူး၊ ဒီဟာ ဝိပဿနာ ရှုရမည့်အလုပ်ပဲ၊ သဘောစကျပလား ...(ကျပါပြီဘုရား)။

ကဲ–အိမ်ကျယင် သုံးသပ်ရအောင် သင်လွှတ်ပါဦးမယ်၊ ဇရာမရဏ ဘယ်ကလာသတုံး....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ခန္ဓာငါးပါး ဘယ်ကလာသလဲ.... (တဏှာက လာပါ

http://www.dhammadownload.com



တယ်ဘုရား)၊ တဏှာက ဘယ်ကလာသတဲ့-(ခင်စရာမင်စရာက လာပါတယ်ဘုရား)။

ဒါဖြင့် ခင်စရာ မင်စရာကို ဒကာ ဒကာမတွေ ခင်စရာ မဟုတ်အောင် ရှုတတ်တဲ့ဉာဏ် မလာသေးသရွေ့ ဒီတဏှာ မသေသေးဘူး....(မှန်လှပါဘုရား)။ ဒီတဏှာ မသေသေးသရွေ့ ဒီခန္ဓာရမယ်....(မှန်ပါ့ဘုရား)။

ဒီခန္ဓာလာယင် ဒီ-အိုဘေး၊ နာဘေး၊ သေဘေးတွေက ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်း ဖြစ်ရမယ်ဆိုတာ သေချာပလား-(သေချာပါတယ်ဘုရား)။

ကိုင်း-နံ့ရိစ္စေလို့ နက်ဖြန်မှ ဝိပဿနာ ကူးကြစို့။

သာဓု....သာဓု....သာဓု....

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊၊
မန္တလေးမြို့၊ ဦးချစ်ဆွေမှာရုံ၌
ဟောကြားတော်မူသော
(ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့)
ကူးပြောင်းပုံ

## တရားတော်

(၂-၃-၆၁)

ဒကာ ဒကာမတွေ ကိုယ့်နှဖူးပေါ် လက်ဘင် တွေးကြပါ ဆိုတဲ့ဥစ္စာ မှာလိုက်တယ်နော်-(မှန်ပါ့ဘုရား)။

အိုနာ၊သေ ဘယ်အလာပါလိမ့်မလဲလို့ တွေးဖြစ်အောင် တွေးပါနော်-(မှန်ပါ့ဘုရား)၊ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး က အတွေးခိုင်းပါလိမ့်မလဲလို့ မေးတဲ့အခါ ကျလို့ရှိယင်ဖြင့် သစ္စာမသိဘဲ နေမှာစိုးလို့ သတိပေးရပါသည်လို့ မှတ်ရလိမ့် မယ်နော်-(မှန်ပါ့ဘုရား)။

သစ္စာမသိယင် သံသရာရှည်တယ်၊ သစ္စာသိမှ သံသရာပြတ် တယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပြီးထားတဲ့အခါကျတော့ ဒီလို ပဋိလောမ ပြောင်းပြန် လှန်မေးမှသာလျှင် သစ္စာကလဲ

http://www.dhammadownload.com



ရှင်းရှင်းလင်းလင်းနဲ့ ဘွင်းဘွင်းကြီး ပေါ်လာတော့တယ်ဆို တာ မှတ်ထားရမယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေက ယခုလို အိုဖို့ နာဖို့ သေဖို့ အဆင်သင့် ရ-ထားကြအယ်နော်-(မှန်ပါ့ဘုရား)၊ အို နာ သေ အဆင်သင့်ဆိုတဲ့ ခန္ဓာကြီးကရမထားကြဘူးလား-(ရ-ထားပါ တယ်ဘုရား)။

အဲဒီတော့ အို နာ သေ ဆိုတဲ့ အဆင်သင့် ခန္ဓာကြီးဟာ ဒကာဒကာမတို့ သိတဲ့အတိုင်းတဲ့ ကြောင့်.... ဒီ အို နာ သေဟာ တို့ မလွဲသာမရှောင်သာ တွေ့ရမှာပဲ၊ ရှောင်သာတဲ့လမ်းများ ရှိလေသေးသလား.... မရှောင်သာတဲ့ လမ်းပဲလား ဆိုတာ နှစ်ချက်တွေးရမယ်....(မှန်ပါ့ဘုရား)။

အို နာ သေ-ဆိုတာ ရှောင်သာတဲ့လမ်းလား.... မရှောင် သာတဲ့လမ်းလားဆိုတာ နှစ်ချက်တွေးရမယ်နော်.... (မှန်ပါ့ ဘုရား)၊ အို နာ သေဆိုတာ ရှောင်ရှားလို့ ဖြစ်တဲ့လမ်းလား သို့မဟုတ် ဟော.... ဒါ့ထုံးစံလားလို့ ဒီလို နှစ်ချက်တွေးကြည့် စမ်းပါနော်....(မှန်ပါ့ဘုရား)။

နှစ်ချက်တွေးကြည့်တဲ့အခါကျတော့ ပေါ်လာပါလိမ့်မယ် ဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)၊ အို နာ သေတွဟာ ဒကာဒကာမတို့ ဘယ်ကသာ တာတုံးလို့ ကိုယ့်ဟာကိုယ် တွေးကြပါနော်....(မှန်ပါ့ဘုရား)၊ ကိုယ့်ဟာကိုယ် တွေးကြတဲ့ အခါကျတော့ ဘုန်းကြီးမနေ့က ကိုယ့်ဟာကိုယ် သုံးသပ်ကြပါလို့ ဘုရားက နိဒါနဝဂ္ဂသံယုတ် ပါဠိတော် သမ္မသနသုတ်မှာ ဟောထားတော့ အို နာ သေ

http://www.dhammadownload.com



သည်ကာစးလို့ဆိုယင် ဒကာဒကာမတို့ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါးကလာပါတယ် ဘုရား)၊ ကိုက်ပါပြီတဲ့၊ ခန္ဓာငါးပါးရှိလို့ ဩော်.... အိုနာသေ လာဘာပဲ.... (မှန်ပါ)။

ဒီဘက်က အိုနာသေ၊ ဇီအိုနာသေသည်ကားလို့ ဆိုယင် ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်၏သွားရာ လမ်းခရီး အဖြောင့်ကြီးဆိုတာ မှတ်လိုက်တာပေါ့-(မှန်ပါ့ဘုရား)၊ ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏သွားရာ လမ်းခရီး အဖြောင့်ကြီးဆိုတာ မှတ်ထားလိုက်တာပေါ့ .... (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီနေရာမှာ ခန္ဓာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါး ရှိတယ်နော်၊ ဩော်.... ဒီခန္ဓာငါးပါးရှိနေလို့ရှိယင်ဖြင့် ဘာတွေများ ပေါက်ပွားပြီး လာမတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးထဲက အိုမှု နာမှု သေမှု ပေါက်ပွားလာတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာထဲက ဘာတွေများ ပေါက်ပွားလာမယ်.... (အိုမှု နာမှု သေမှုတွေ ပေါက်ပွားလာပါတယ်)၊ အိုမှု နာမှု သေမှု တွေ ပေါက်ပွားလာလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှင်းကြပါရော့မယ်နော်....(မှန်ပါ)။

ဩော်-ဒါဖြင့် ခန္ဓာရှိယင်ကောင်းသလား၊ မရှိယင်ကောင်း သလားဆိုတဲ့ဥစ္စာ ယခုအချိန်ကစပြီး တွေးလိုက်လို့ရှိယင်ဖြင့် အင်း ,..ခန္ဓာမရှိယင် ကောင်းတယ်.... (မှန်ပါ)။

ဒကာဒကာမတို့ ဘယ်လိုတွေးမိကြသလဲ.... (ခန္ဓာမရှိယင် ကောင်းပါတယ်ဘုရား)၊ ဩော်-ခန္ဓာမရှိယင် ကောင်းတယ်ဆို

http://www.dhammadownload.com



တဲ့ဥစ္စာ ပေါ်လာတယ်၊ ဘာ့ကြောင့်တုံးလို့ဆိုလို့ရှိယင် ခန္ဓာကိုယ်ရှိလို့ အိုနာသေ လာပါတယ်-(မှန်ပါဘုရား)၊ခန္ဓာရှိလို့ ဘာပါလိမ့်....(အိုနာသေ လာပါတယ်ဘုရား)။

အင်း-ဒီ အိုနာသေဟာ ဘယ်ကမျှား အညွန့်အညှောက်တွေ ပေါက်ပြီး သကာလ လာပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှန်မှန်ကန်ကန် သစ္စဉာဏ်နဲ့ တွေးလိုက်တဲ့ အခါကျတော့ ခန္ဓာကပေါက်ပွားလာတယ်(မှန်ပါ)။

ဒါဖြင့် ဒီ ခန္ဓာသည်ကားလို့ ဆိုယင်ဖြင့် ဒကာဒကာမတို့၊ ဘယ်ခန္ဓာရရ အိုနာသေဆိုတဲ့ အဆီး-အပွင့်တွေပဲ ထွန်းကားလာမှာပဲ၊ ပေါက်ပွားလာမှာပဲဆိုတာငြင်းဖို့ လိုသေးသလား-(မလိုပါဘုရား)၊ အင်း....ခန္ဓာရှိယင် ဘာခုတွေမျှား ထွန်းကားပေါက်ပွားလာပါမယ်–(အိုနာသေတွေ ပေါက်ပွားလာပါမယ် ဘုရား)။

အင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ခန္ဓာဆုတောင်းမိတဲ့အတွက်၊ ခန္ဓာရအောင် ကြိုးစားမိတဲ့ အတွက် အိုနာသေနဲ့ဖြင့် မခွဲနိုင် မခွာရက် ဖြစ်ပြီးသကာလ မကြိုက်တာကြီးနဲ့ တွေ့ရတော့မယ်....(မှန်ပါဘုရား)။

အိုနာသေဆိုတာ ကြိုက်စရာလား မကြိုက်စရာလား....(မကြိုက်စရာပါဘုရား)၊ မကြိုက်စရာအဖြစ် ဆိုတာ သေချာပလား–(သေချာပါပြီဘုရား)၊

အဲဒီတော့ သူ့မကြိုက်တာသည် ဘုန်းကြီးတို့က အပြစ်မဆိုပါဘူး....တဲ့၊ သူဟာတော့ ရောက်မှ ခင်ဗျားတို့က မကြိုက်တာ၊ သူ့ရေသောက်မြစ်က ဘယ်ကလာသတုံး.... ဆိုတာ

http://www.dhammadownload.com



တွေးလိုက်တော့မှ ခန္ဓာငါးပါးကလာတာ....(မှန်ပါဘုရား)၊ ဒကာဒကာမတို့ အို နာ သေ ဘယ်ကလာပါလိမ့်– (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ရချင်တဲ့ ပုဂ္ဂိုလ်ဟာ အို နာ သေ ဆုတောင်းပြည့်ချင်လို့....(မှန်ပါဘုရား)၊ ခန္ဓာငါးပါး ရချင်တဲ့ ပုဂ္ဂိုလ်များဟာ– (အို နာ သေ ဆုတောင်းပြည့်ချင်လို့ပါ)။

အို နာ သေ ဆုတောင်းပြည့်ချင်လို့ ဆိုတော့ လူဖြစ်ရပါလို၏၊ အို နာ သေနဲ့အတူ နေရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆိုယင်ကော– (အို နာ သေနဲ့အတူ နေရပါလို၏)၊ ဗြဟ္မာ ဖြစ်ရပါလို၏ ဆိုယင်ရော– (အို နာ သေနဲ့အတူ နေရပါလို၏ဘုရား)။

ဒါကို ခင်ဗျားတို့က လဲ လူ့ပြည် နတ်ပြည် အကြိမ်ကြိမ် ခံစားရ၍ဆိုတော့ အို နာ သေတွေ အကြိမ်ကြိမ် တွေ့ရ၍ ဆိုတဲ့ အဓိပ္ပာယ် ရောက်မရောက်– (ရောက်ပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့၏ အမှားတော်ပုံပေါ့ဗျ– (မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် မှားပါလိမ့်မလဲလို့ လက်သည်ရှာတော့မှ ဒကာဒကာမတို့ မှားပုံက တခြားကြောင့်မှားတာမဟုတ်ဘူး၊ အိုတာလဲ ဇရာပိ ဒုက္ခသစ္စံ၊ ဗျာဓိပိ ဒုက္ခသစ္စံ၊ မရဏမ္ပိ ဒုက္ခသစ္စံ ဆိုတော့ ဒီဒုက္ခသစ္စာသုံးချက်ကို ဒကာဒကာမတွေ မသိတော့ ခန္ဓာ ဆုတောင်းနေတတ်တယ်–(မှန်ပါ)။

ဒီသစ္စာကို မသိတော့ ဘာတုံး–(ခန္ဓာဆုတောင်းပါတယ်ဘုရား)၊ ခန္ဓာဆုတောင်းနေလိုက်ကြတာ ကိုယ်ကျိုးနည်းပါပြီ၊

http://www.dhammadownload.com



ခုကာဒုက္ခာမတို့၊ ခန္ဓာ ဆူတောင်းယူလိုက်တာ ဘယ့်နှယ်ဖြစ်လာသတုံး- (ကိုယ်ကျိုးနည်းပါပြီဘုရား)။

အို နာ သေနဲ့ တွေ့ရတော့ ဒကာ၈၀-ဒါဟာ ဩော်-ဒါတို့ အလွဲအချော်တွေဖြင့် လုပ်မိပေါ့လို့ ဆိုလို့ရှိယင် လွဲပါ့မလား-(မလွဲပါဘုရား)၊ လူခန္ဓာ ဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါလို၏ ဆိုတော့ အို နာ သေနဲ့ မခွဲခွာရပါလို၏၊ ဒီမရောက်ကြဘူးလား-(ရောက်ပါတယ်ဘုရား)။

ဩော် – ခင်ဗျားတို့အလဲ ကိုယ့်ဟာကိုယ် ပါးစပ်ထဲမှာ ထည့်ရင်း မတွေ့နဲ့ အရုပ်ဆိုးတာ၊ မသိတာက အယောင်နှစ်တယ်....(နာပါတယ်ဘုရား)၊ လူ့ခန္ဓာ ဖြစ်ရပါလို၏ဆိုတော့ (အို နာ သေနဲ့ မခွဲမခွာ ဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါလို၏ဘုရား)။

ဩော်-နောက်ဖြင့် ဘယ်တော့မှ နှုတ်ထဲမထည့်လိုက်ပါနဲ့နော်-(မှန်ပါ့ဘုရား)၊ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ဒီလူခန္ဓာ ဖြစ်ရပါလို၏ ဆိုတော့ ပုဂ္ဂိုလ်ဟာ ဘာကို မသိလို့တုံးလို့ မေးတဲ့အခါကျတော့ အို နာ သေ ဒုက္ခသစ္စာမသိလို့-(မှန်ပါ့)။

မိမိခန္ဓာကြီးကလဲ ဒုက္ခသစ္စာလို့ မသိလို့ -(မှန်ပါ့)၊ပေါ်ကြပလား—(ပေါ်ပါပြီ)၊ဒကာသစ် ဘာမသိတာတုံး— (မိမိခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာပါဘုရား)၊ ဘုရားကလဲ ဘုရားတိုင်းပဲ ဒကာဒကာမတို့၊ တရားဦး ဟောတော်မူတဲ့ အခါ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ၊ ဟာ—ဒုက္ခသစ္စာကျွမ်းတို့ ခန္ဓာကြီးဟာ ဘယ့်နှယ်များဟောဘော်မူခဲ့ကြပါလိမ့်-ဘုရားရှင်တို့က - (ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ကိုယ်တော်တို့က ဒုက္ခသစ္စာလို့ ဟောတယ်၊ တပည့်ခံတော်တို့က ရ-ရပါလို၏ -(မှန်ပါဘုရား)၊ ဘုရားက–(ဒုက္ခသစ္စာလို့ ဟောပါတယ်)၊ ခင်ဗျားတို့က (ရ-ရပါလို၏)၊ဘယ့်နှယ်တုံး၊ ဘာလုပ်ကြတာတုံး၊ ခင်ဗျားတို့ဟာက (ဘုရားကို အရွဲ့တိုက် နေကြတယ်)၊ဘုရားကိုခင်ဗျားတို့ဟာက....(ဘုရားကိုအရွဲ့တိုက် နေကြတယ်)၊ ဘုရားကို ခင်ဗျားတို့ ဘေးတိုက်တဲ့ အဓိပ္ပာယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဘယ့်နှယ် တိုက်ချင်လို့ တိုက်တာလားလို့ မေးတဲ့အခါကျ တော့မှ တိုက်ချင်လို့တော့ တိုက်တာ မဟုတ်ပါဘူး။ ကိုယ့် ဉာဏ်ထဲမှာ သစ္စာမသိလို့ တိုက်မိလျက် ကြုံပါတယ်.... (မှန်ပါ ဘုရား)၊ ကိုယ့်ဉာဏ်ထဲမှာ သစ္စာမသိလို့တဲ့(တိုက်မိလျက်ကြုံပါ တယ်)၊ကိုယ့်ဉာဏ်ထဲ သစ္စာမသိလို့ တိုက်မိလျက် ကြုံလို့ရှိယင်လဲ သစ္စာမသိတဲ့ ဘဝတိုင်းမှာဖြင့် ခန္ဓာရ,ရပါလို၏ချည်း လာ ကြမှာပဲ....(မှန်လှပါဘုရား)၊တခြားလာစရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ သစ္စာ သိယင် သံသရာ ပြတ်ပါလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ရှင်းသွားပါ လိမ့်မယ်....(မှန်ပါဘုရား)၊ မရှင်းကြသေးဘူးလား....(ရှင်းပါ တယ်ဘုရား)၊ သစ္စာသိယင်....(သံသရာပြတ်ပါတယ်)၊သံသရာ ပြတ်ပါလိမ့်မယ်၊

ဒါကြောင့် ဒီတရားမှာဖြင့် သစ္စာ အဓိကထားတယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ဖို့ရာ လေးလေး စားစား ပြော နေတယ်လို့ စိတ်ထဲက ဆုံးဖြတ်ချက် ချပါနော် .... (မှန်ပါ)၊ ကိုင်း–ဒါဖြင့် ဒကာ ဒကာမတို့၊ အို နာ သေ ဘယ်က လာ ပါတယ်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊

http://www.dhammadownload.com



ဒါဖြင့် ခန္ဓာ ငါးပါးကို ရအောင် လုပ်ကောင်း-မလုပ်ကောင်း .... (မလုပ်ကောင်းပါဘုရား)၊ ဘာ့ကြောင့် မလုပ်ကောင်းပါလိမ့် ဒဏ္ဍာဒကာဒကာမကို .... (ဒုက္ခသစ္စာဖြစ်၍ မလုပ်ကောင်းပါဘုရား)။

ဒုက္ခသစ္စာမို့ ဒကာဒကာမရေ၊ ဦးခင်မောင်ရေ- ရိပ်မိပလား.... (မှန်ပါဘုရား)၊ ခန္ဓာငါးပါးဟာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)၊

ဒုက္ခသစ္စာကြီးဟာ ဘာတွေများ အညွန့် အညှောက်တွေ ပေါက်တတ်ဘယ်ဆိုတာမပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)၊ အင်း-ဘာတွေများ အညွန့်အညှောက်တွေ ပေါက်ပါလိမ့်....(အို နာ သေတွေ ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘာ ဒကာ ဒကာမတွေ အခု တရားနာနေကြတာ ယောကျ်ားတွေသား၊ မိန်းမတွေသားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ .... (ခန္ဓာငါးပါးတွေပါဘုရား)၊ ခန္ဓာငါးပါး ဘယ်တရားတွေပါလိမ့် .... (ဒုက္ခသစ္စာ တရားတွေပါဘုရား)၊

ဒုက္ခသစ္စာတရားတွေ၊ အင်း-ရှေ့ကို တပည့်တော်တို့ ဗေဒင်မေးလိုက်တဲ့အခါ အိုဇာတာကောင်းမှာလို့ မေးချင်လဲ ခင်ဗျားတို့ မေး၊ မလွဲသာယင်လဲ မေးကြတာပေါ့ဗျာ-နော်....(မှန်ပါဘုရား)၊

အိုဇာတာကောင်းမှာသား၊ နာဇာတာ ကောင်းမှာလား၊ သေဇာတာကောင်းမှာသား၊ မသာကြီး၊ချမျှား ဖြစ်မှာလားလို့ မမေးနဲ့တော့-(မှန်ပါဘုရား)၊ ရိပ်မိပလား....(မှန်ပါ)၊ ဒီသုံးခု

http://www.dhammadownload.com



ကိုယ်ပိုင်ရမှာပဲ့....(မှန်ပါ့ဘုရား)၊ အိုမှုကြီးလဲ ကိုယ်ပိုင်ရမယ်၊ နာမှုကြီးတော....(ကိုယ်ပိုင်ရမှာပါ)၊ သေမှုကြီးတော....(ကိုယ်ပိုင်ရပါမယ်ဘုရား)။

အဲဒါ အိုဇာတာကောင်းတာသာ မှတ်ပေရော့ ခင်ဗျား တို့....(မှန်ပါ့ဘုရား)၊ နောက်ကို သွားမမေးကြနဲ့နော်-(မှန်ပါ့ဘုရား)၊ ဘာဖြစ်လို့ မမေးနဲ့လဲဆိုတော့ ခန္ဓာကြီး၏ အညွန့် အညှောက်ပေါက်မှာက ၁၁သုံးညွန့်မဲရှိတယ်-(မှန်လှပါဘုရား)၊ အိုညွန့် နာညွန့် သေညွန့်ပေါက်မယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကြီး အညွန့် ပေါက်လာမှာက .... (အိုညွန့် နာညွန့် သေညွန့် ပေါက်ပါမယ်)၊ အခု ဒကာတွေထဲမှာ အရွယ် သုံးဆယ်တွေ၊ လေးဆယ်တွေ၊ ငါးဆယ်၊ ခြောက်ဆယ်တွေ ပါကြပါတယ်....(မှန်ပါ့ဘုရား)။

တပည့်တော်တို့ ရွှေ ဘာဖြစ်ဦးမှာတုံး၊ ဟာ .... ဒကာ ဒကာမတို့ မမေးနဲ့နော်၊ ရွှေ့ကို ဒါ သုံးခု ရလိမ့်မယ် ခင်ဗျား တို့ .... (မှန်ပါ့ဘုရား)၊ ကိုညွန့်ရွှေ....(ဒါ သုံးခုပဲ ရပါမယ် ဘုရား)၊ဦးခင်မောင်ရေ-ခန္ဓာက ဒါပဲ ပေါက်သွားမယ်နော်- (မှန်ပါ)၊ ရွှေတွေ ငွေတွေ ထွက်လာဖို့ မြင်သေးသလား.... (မမြင်ပါဘုရား)။

ခင်ဗျားတို့ကတော့ ရွှေတွေ၊ ငွေတွေ ထွက်လာမယ် ထင် လို့မေးကြတာပဲ၊ အိုဇာတာ ကောင်း–မကောင်း မေးတာ့ဖဲ.... (မှန်ပါ့ဘုရား)၊ မေးပင်မေးငြားသော်လဲ ခန္ဓာက ထွက်လာ တာက ဒါပဲလာမယ်တဲ့....(မှန်ပါ့ဘုရား)၊သဘောပါကြလား– (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးက ဘာအညွန့်တွေများ ပေါက်မယ်ဆိုတာဖြင့် ယနေ့ မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား)၊ အိုညွန့် နာညွန့် သေညွန့် ဒါတွေပဲ ပေါက်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)၊ ဘယ်ဆာထွက်လာတဲ့ အညွန့် အညှောက်တွေပါလိမ့်- (ခန္ဓာကထွက်လာတဲ့ အညွန့် အညှောက်တွေပါဘုရား)။

ဪ....ဒါဖြင့် ခန္ဓာငါးပါးရအောင် ဆုံစတောင်းမိတဲ့အတွက် ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာလို့ မသိဘဲနဲ့ ရမ်းပြီး သကာလ တောင်းလိုက်တဲ့အတွက် တပည့်တော်တို့ဖြင့် ကိုယ်ကျိုးနည်းပါခပါလား....အိုညွန့် နာညွန့်, သေညွန့်တွေကဖြင့် မပေါက်ပါနဲ့ ဆိုလို့ကို ရသေးရဲ့လား- (မရပါဘုရား)၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြန်သုံးသပ်ပါကွာ ဆိုလို့ သမ္မသနသုတ်ကို ဟောနေတဲ့အတွက် အို နာ သေ ဘယ်ကလာခပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

အဲဒါ ကိုယ့်ဟာကိုယ် သုံးသပ်ကြနော်-(မှန်ပါ)၊ ကိုယ့်ဟာကိုယ် သုံးသပ်ကြတဲ့အခါကျတော့ဆိုယင်ဖြင့် အို နာ သေ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ-ခန္ဓာငါးပါးကို ခိနေရာလဲ မှတ်လိုက်စမ်းပါဦး၊ ခန္ဓာငါးပါးရှိလို့ အို နာ သေ လာသောကြောင့် ဒကာ ဒကာမတို့၊ ခန္ဓာကိုယ်ဟာ သမုဒယ်သစ္စာ၊ အို နာ သေက.... (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ခန္ဓာမရှိအောင် ရှုနိုင်လို့ရှိယင် ဘာဆိုကြမယ်-(မဂ္ဂသစ္စာ)၊ မရှိတာကို နိရောဓသစ္စာ....(မှန်ပါ့)၊ မရှိအောင်ရှုနိုင်ယင်.... (မဂ္ဂသစ္စာပါဘုရား)၊ မရှိတော့ဘူးဆိုလို့ရှိယင်.... (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာ ဖြစ်ပါတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဪ....လေးချက် စေ့သွားပြီ၊ လေးချက်ကို အို နာ သေက ဘာသစ္စာ-(ဒုက္ခသစ္စာပါဘုရား)၊ ခန္ဓာကဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား)၊ ခန္ဓာမရှိအောင် ကျင့်တဲ့အကျင့်က (မဂ္ဂသစ္စာပါဘုရား)၊ ကျင့်လို့ ခန္ဓာပါ ဆုံးရှုံးသွားမယ်ဆိုယင် ဘာသစ္စာလဲ ...(နိရောဓသစ္စာပါဘုရား)။

ဪ....ဒါဖြင့် ခန္ဓာမရှိမှ နိဗ္ဗာန်ပါလား.... (မှန်လှပါ ဘုရား)၊ ခန္ဓာမရှိတော့ အို နာ သေကော....(မရှိပါဘုရား)၊ ဪ....ဒါဖြင့် ဒကာဒကာမတို့ ကျင့်တဲ့ပုဂ္ဂိုလ်ဟာ တယ် ကျေးဇူးရှိပါကလား....(မှန်ပါ့ဘုရား)။

သမုဒယသစ္စာလဲချုပ်၊ ဒုက္ခသစ္စာလဲသိမ်း၊ ကျင့်တဲ့ပုဂ္ဂိုလ် များမှာ ဒုက္ခသိမ်းပါတယ် ဆိုတာကော ရှင်းကြပလား.... (ရှင်းပါပြီ)၊ ကောင်းပြီ—ဒါဖြင့် ဒီနေ့ရာမှာ သစ္စာဖွဲ့လိုက် တာနဲ့ ဒကာဒကာမတွေ သိသွားပါပြီ....တဲ့။

ပြန်ပြီး နောက်ဆုံးဘ်တွေးပါဦး ဒကာ ဒကာမတို့နေ၁်၊ နောက်ဆုံးဘ် တွေးတဲ့အခါကျလို့ရှိယင် ခန္ဓာငါးပါး ဘယ်က လာပါလိမ့်- (တဏှာကလာပါတယ်ဘုရား)၊ တဏှာကလာ တယ်၊ ဪ-တယ်ဆိုးတဲ့ တဏှာပါကလား ဒကာဒကာမတို့၊

http://www.dhammadownload.com



ခန္ဓာငါးပါး ဘယ်ကလာပါလိမ့် ဒကာဒကာမတို့-(တဏှာက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက-(ဒုက္ခသစ္စာပါဘုရား)၊ တဏှာနဲ့ ခန္ဓာ ချုပ်အောင်ကျင့်တဲ့အကျင့်က (မဂ္ဂသစ္စာပါဘုရား)၊ တဏှာရော ခန္ဓာရော ချုပ်သွားမယ်ဆိုယင်....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလိုသိရမယ်....တဲ့၊ဒီလိုသိရမယ်၊ သစ္စာ ဒီလိုလိုက်သွားရမယ်နော်-(မှန်ပါ)၊ ဘော်ဘော်အဖိုးတန်လာပြီ ဒကာဒကာမတို့၊ မနေ့က သယ်ပိုးထားတာနဲ့ ယနေ့တော့ဖြင့် ဒကာ ဒကာမတွေ ဉာဏ်တော်တော်ထက်လာပြီ....(မှန်ပါ)၊ ကိုင်း....ခန္ဓာငါးပါး ဘယ်ကများလာပါလိမ့်....(တဏှာကလာပါတယ်ဘုရား)၊ တဏှာ သမုဒယက လာတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဩော်....တဏှာက ဘာသစ္စာ-(သမုဒယသစ္စာပါဘုရား)၊ အင်း....သူက ဖြစ်စေတဲ့ အကျိုး ခန္ဓာတရားကြီးက-(ဒုက္ခသစ္စာပါဘုရား)၊ သူတို့နှစ်ခု ချုပ်အောင်ကျင့်နိုင်တဲ့ အကျင့်က....(မဂ္ဂသစ္စာပါဘုရား)၊ တကယ် ချုပ်သွားတဲ့ အခါကျတော့ (နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလိုချုပ်သွားပြန်တော့ နိဗ္ဗာန်ဆိုတာ သူတို့နှစ်ခု ချုပ်တာ ဆိုတာပါကလား-(မှန်လှပါဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီ)၊နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(သူတို့နှစ်ခုချုပ်တာပါဘုရား)၊ သမုဒယနဲ့ ဒုက္ခချုပ်တာကို ဆိုပါတယ်-(မှန်ပါ)၊ ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်.... (သမုဒယနဲ့

http://www.dhammadownload.com



ဒုက္ခချုပ်တာပါဘုရား)။ သမုဒယနဲ့ဒုက္ခ ချုပ်တာကိုဆိုပါတယ် ဆိုတာ ကောင်းကောင်းရှင်းမသွားသေးဘူးလား- (ရှင်းသွားပါတယ်ဘုရား)။

ကောင်းပြီ-ဒါဖြင့် ဒကာဒကာမတို့၊ အခု မနေ့ကပြောတဲ့ စကားလုံး အရုပ်ပဲ ဘယ်အလာမှန်းမသိတဲ့အခါကျတော့ သူ့ အညွန့်အဖျားအနေပြီး သဘောလ ဦးဝရေ....လျှောက်ပြီး မှတ်လိုက်တဲ့အခါကျတော့ အရင်းကတော့ တွေ့မှာပေါ့- (မှန်လှပါဘုရား)။

အရင်းပြုလို့ရှိယင် ဗိဘူးခါးပင်ကြီးသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့ အိမ်ထဲမှာ မပေါက်စေချင်တဲ့ ဘူးခါးပင်၊ စားလဲခါးတယ်၊ အသုံးလဲမကျ၊ ရှုပ်လဲ ရှုပ်နေသေးတဲ့ ဘူးခါးပင်ကြီးဟာ အမြစ်လိုက်ရှာပြီး အမြစ်ဖြတ်လိုက်ရလို့ရှိယင် ဘူးခါးမျိုးပြတ်ကရောပေါ့ဗျာ.... (ပြတ်ပါတယ်ဘုရား)။

ဒီမှာလဲ ခန္ဓာဒုက္ခသစ္စာကြီး ပြတ်တော့မည့် တရားလို့ သေသေချာချာမှတ်ပါ-(မှန်ပါ့ဘုရား)။ ခန္ဓာ ဘဝသစ္စာကြီး မပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။ ဒါကြီးပြတ်အောင် ယခုနေ့တော့ဖြင့် အုန်းကြီး ထယ်ပိုးလိမ့်မယ်ဆိုတာ အောက်မေ့ထားတာပေါ့....(မှန်ပါ့ဘုရား)။

ကောင်းပြီ....ဒါဖြင့် ကြိုးစားမယ်၊ ကျင့်မယ်၊ ကြံမယ် ဆိုတာသာ နှလုံးသွင်းကြပါတော့ဆိုတဲ့ဥစ္စာ သတိပေးရပါ အယ်နော်....(မှန်ပါ)။

http://www.dhammadownload.com



ဒါကြောင့် ဗနေ့ကပြောခဲ့ပြီ၊ ခင်ဗျားတို့ သူတော်ကောင်းနား မဆည်းကပ်လို့ရှိယင်၊ ဆရာတော် သမားတော် သံဃာတော်တွေ ပညာရှိတွေထံ မဆည်းကပ်လို့ ရှိယင်ဖြင့် ဒီအသံမျိုး ကြားရဖို့ ရှိသေးရဲ့လား–(မရှိပါဘုရား)။

ဒါ့ကြောင့် သူတော် ဆည်းကပ်၊ မြတ်တရားနာ ဆိုတာကလေးဟာ မမေ့ခစနဲ့နော်-(မှန်ပါဘုရား)၊လွန်စွာအားထုတ် နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင် မှန်ပင် မင်္ဂရကြောင်းကိုဗျ....(မှန်ပါဘုရား)၊ ဆိုလိုက်ကြပါဦး၊ ''သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မင်္ဂရကြောင်း''.... (သုံးခေါက် ချပေးသည်)။

ကဲ ...သုံးရက်လောက်ဆိုယင် ရပါပြီ၊ ခင်ဗျားတို့အားလုံး ရပြီနော်....(မှန်ပါ)၊ ဘြော်....ဒီအစဉ်အတိုင်း သွားရမှာပါကလားဆိုတာ သေချာပလား.... (သေချာပါပြီ)၊ ဒီအစဉ် အတိုင်းမှ မသွားလို့ရှိယင် ရကိုမရဘူး–(မှန်ပါ)။

ကိုင်း....ဒကာ ဒကာမတွေ အားလုံး ပြန်လှည့်လိုက်၊ အို နာ သေ ဘယ်က လာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ ဘြော်...ဒီခန္ဓာငါးပါးကလဲ သိကြား၊ ဗြဟ္မာ၊ ထာဝရဘုရားတွေက ဖန်ဆင်းလို့ ဖြစ်တာလားလို့ လက်သည်ရှာလိုက်တော့ ဘာတွေ့ပါလိမ့်.... (တဏှာ တွေ့ပါတယ်ဘုရား)။

ဘြော်....တဏှာက ဖြစ်စေတာဆိုတာ သေချာသွားပလား-(သေချာပါပြီ)၊ ဒကာ ဒကာမတို့၊ ဘယ်သူက ဖြစ်စေတာပါ

http://www.dhammadownload.com



လိမ့်....(တဏှာက ဖြစ်စေတာပါဘုရား)၊ တဏှာ ဆုတော်ခင်းကြောင့် တဏှာဖန်ဆင်းမှုကြောင့် ဘာတွေ ပေါ်လာသလဲ....(ခန္ဓာငါးပါး ပေါ်လာပါတယ် ဘုရား)၊ ခန္ဓာငါး ပေါ်လာတယ်လို့ သမ္မာသန္ဒိတ်မှာ ဟောပါတယ်နော်-(မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီတဏှာကလဲ မိုးပေါ်ကျလားလို့ မေးဖို့လိုလာတယ်.... (မှန်ပါဘုရား)၊ ဒီတဏှာကလဲ မိုးပေါ်ကျလားလို့ ဒကာ ဒကာမတွေက မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော.... ခင်ရာမင်ရာ ဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနတို့ကြောင့် တဏှာဖြစ်တယ်လို့ ဟောတော်မူလိုက်တယ်နော်....(မှန်ပါဘုရား)။

စက္ခု သောတ ဃာန ဇိဝှာ ကာယ မနတို့ကြောင့် ဘာဖြစ်သတုံး-တဏှာ ဖြစ်တယ်....(တဏှာပါဘုရား)၊ ဒါဖြင့်....တဏှာ ဘယ်က လာပါလိမ့်မလဲလို့ မေးတဲ့အခါ.... (ခင်ရာမင်ရာကပါဘုရား)။ ခင်ရာ မင်ရာက လာတယ်၊ သဘောကျပလား-(ကျပါပြီ)၊ တဏှာ ဘယ်က လာပါလိမ့်-(ခင်ရာမင်ရာက လာပါတယ်)။

ကြော်.... ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တဏှာလဲ အလေ့ပေါက် မဟုတ်ပါလား.... (မှန်ပါဘုရား)၊ တဏှာလဲ အလေ့ပေါက်လို့ ဆိုကြမလား-(မဆိုနိုင်ပါ)၊ ဘယ်ကလာပါလိမ့်- (ခင်ရာမင်ရာက လာတာပါဘုရား)။ အဲ....ခင်ရာမင်ရာက လာတယ်ဆိုတော့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန

http://www.dhammadownload.com



နော်.... (မှန်ပါ့ဘုရား)၊ ဘာတဲ့ ဒကာ ဒကာမတို့.... (စက္ခု သောတ ဃာန ဇိဝှာ ကာယ မနပါဘုရား)။

အေး....မျက်လုံး နား နှာခေါင်း လျှာ ကိုယ်စိတ် ပေါ့ ဗျာ—(မှန်ပါ့ဘုရား)၊ ဒီက လာတယ် ဒကာ ဒကာမတို့၊ပေါ် ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီတဏှာဟာ အလေ့ပေါက်လား ဒကာဒကာမတို့၊ ခင်ရာ မင်ရာက လာတာလား....(အလေ့ ပေါက် မဟုတ်၊ ခင်ရာ မင်ရာက လာတာပါဘုရား)၊ ခင်ရာ မင်ရာက အကြောင်း သမုဒယ၊ တဏှာက ဒုက္ခ.... (မှန်ပါ့ ဘုရား)၊ သူတို့နှစ်ခု ချုပ်အောင်ကျင့်တဲ့ အကျင့်ကို ဘာဆိုကြ မယ်-(မဂ္ဂပါဘုရား)၊နှစ်ခုစလုံး ချုပ်သွားမယ်ဆိုယင်ဖြင့် ဘာ ဆိုကြမယ်-(နိရောဓပါ)၊ နိရောဓသစ္စာ-(မှန်ပါ့)၊ ရှင်းပြီနော် (ရှင်းပါပြီ)။

ကောင်းပြီ....ဒီလို သစ္စာတွေလဲ သိပြီးသကာလနေတော့ ဪ....တို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ချုပ်အောင် ကျင့်ရ မည့်အကျင့်ဟာ တို့အကျင့်ပါလားဆိုတာ မပေါ်လာသေး ဘူးလား—(ပေါ်လာပါတယ်ဘုရား)။

အေး... ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ=ဒုက္ခသစ္စာ၏၊ အန္တံ= ချုပ်ဆုံးရာမှန် နိဗ္ဗာန်ကို၊ ကရိဿတိ=မျက်မှောက် ပြုနိုင် အောင် လုပ်လိုက်စမ်းပါကွ- ဆိုတဲ့ဥစ္စာကို သံယုတ်ပါဠိတော် အရူဏဝတီသုတ်မှာ သေသေချာချာ ဟောထားခဲ့တယ်၊ ဒုက္ခ ဆုံးအောင် လုပ်ကြရလိမ့်မယ်- (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ....ဒါဖြင့် ဒကာဒကာမတို့၊ အခု အကြောင်း အကျိုးတွေ ဆက်ဆက်-ဆက်ဆက် လာတော့ ခင်ရာ မင်ရာ သည် ဒကာဒကာမတွေ ကတော့ ကိုယ့်မျက်လုံး ကိုယ့်နား ကိုယ့်နှခေါင်း၊ ကိုယ့်လျှာ ကိုယ့်ကိုယ် ကိုယ့်စိတ် ပေါ့ဗျာ.... (မှန်ပါ့ဘုရား)။ အဇ္ဈတ္တိကာယတန ခြောက်ပါးလို့လဲ ဆိုနိုင် ပါတယ်နော်၊ ဒီအာယတနတွေကြောင့် ဒကာ ဒကာမတွေ တဏှာဖြစ်တယ်– (မှန်ပါ့ဘုရား)။

ကိုယ့်မျက်လုံးကလေးများ ကိုယ့်မှန်ထဲမှာ ကြည့်လိုက်တဲ့ အခါကျတော့ အို....တကယ့်ကို မျက်လုံးကလေးကလဲ ဘေးက အဖြူ အလယ်က အနက်နဲ့ ကြည့်နေတာပဲဆိုပြီး အံ့မာ ကိုယ့်မျက်လုံးကလေးများ ကိုယ့်မှန်ထဲမှာ သာယာပြီးနေတဲ့ အခါ မျက်လုံးကြောင့် တဏှာမဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

နှာခေါင်းကလေး ရှူနိုင် ရှိုက်နိုင်သေးတော့ကို ဘော် သေးတာပဲဆိုတဲ့ တဏှာကော....(ဖြစ်နိုင်ပါတယ်ဘုရား)၊ လျှာ ကလေးက စားနိုင် သောက်နိုင်သေးလို့ တော်သေးတာပဲ ဆိုတဲ့ တဏှာကော–(ဖြစ်ပါတယ်ဘုရား)။

ကိုယ်ကလေးကလဲ သွားနိုင်လာနိုင် လှုပ်နိုင် ရှားနိုင်သေး တာနဲ့ ဘော်သေးတာပဲ၊ အခု ကျုပ် အကျိုးပေးနေတာ ကျုပ်မိ စိတ်ကောင်းတဲ့အတွက် အကျိုးပေးနေတာ၊ ကျုပ်က အင်မတန် စိတ်ကောင်းတယ်၊ ကိုယ့်စိတ်ကလေး ကိုယ် ကောင်းတယ်လို့ မသာယာဘူးလား.... (သာယာပါတယ် ဘုရား)။

http://www.dhammadownload.com



ကျုပ်က စိတ်တစ်လုံးကောင်း၊ ခေါင်းဘယ်မှ မရွေ့ဘူး၊ ဒါကြောင့် အခု စားသောက်ပြီး သားသမီးတွေနဲ့ အမင်းအိုးကြီးကို အမျိုးမျိုးရှက်ဆောင်ပြီး သကာလ နေနိုင်တာ ကျုပ်စိတ်ကောင်းလို့၊ အံမာ – ဒကာ ဒကာမတွေက ကိုယ့်စိတ်ကလေးကိုယ် သာယာနေတဲ့အခါ ပါသေးတယ် .... (ပါ ပါတယ်ဘုရား)၊

ပြီးတော့ ခင်ဗျားဘို့ကလဲ ဆုံးမတယ်၊ ဖေ့-စိတ်ကောင်းကောင်းထားနော်၊ စိတ်ကောင်းကောင်းထား၊ စိတ်ကောင်းကောင်းထား၊ စိတ်ကောင်းကောင်းထားလို့ တို့စားသောက်နေရတာ၊ နိဗ္ဗာန်သွားမယ်လို့ ဒါကိုမပါဘူး၊ စားတာ သောက်တာနဲ့ အချိန်ကုန်နေတာပဲ.... (မှန်ပါ့ဘုရား)၊ ရိမ်မိပလား.... (ရိပ်မိပါပြီဘုရား)။

စိတ်ကောင်းကောင်းရှိလို့ စားသောက်နေရတယ် .... တဲ့၊ အံမာကလေး နိဗ္ဗာန်မျှား အသံတောင် မထည့်ဘူး....(မှန်ပါ)၊ အသံတောင် မထည့်ပါဘူး ဒကာဒကာမတွေက။

ကိုင်း–ဒါဖြင့် ဒီခြောက်ခုကို မသာယာဘူးလား .... (သာယာပါတယ်ဘုရား)၊ ဒါဖြင့် ဒီခြောက်ခု တည်းဟူသော ခင်ရာမင်ရာကြောင့် တဏှာလာပါတယ်....(မှန်ပါ့ဘုရား)၊ ဒီတဏှာလာလို့....(ဒီခန္ဓာငါးပါးလာပါတယ်)၊ ဒီခန္ဓာငါးပါးဖြစ်လို့–(အို နာ သေတွေ လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီလိုလုပ်ကြစို့ရဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘယ်အတွက်ကြောင့် ပွင့်တာပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

http://www.dhammadownload.com



ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်လာတာသည် ဆုံးမသွန်သင်ဖို့'သာသတီတိ သတ္ထာ'ဆိုတဲ့အတိုင်း ဆုံးမသွန်သင်ချင်လို့ ပွင့်လာတာ....(မှန်လှပါဘုရား)၊ဘယ်လိုကြောင့်ပွင့်လာတာပါလိမ့်....(ဆုံးမသွန်သင်ချင်လို့ပါဘုရား။

ဆုံးမသွန်သင်ချင်လို့ပွင့်လာတော့ဘုရားက ဒီဘက်နားမှာ၊ ဒကာဒကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရပ်ပြီး သကာလ ဒီနားက နေပါတယ်....တဲ့၊ ခင်ရာ မင်ရာနားက နေပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရပ်နေတယ်....(မှန်ပါဘုရား)၊ခင်ဗျားတို့က ပုထုဇဉ်မိုက်ကဲ တဏှာကို လက်ကိုင်ကားတယ်....(မှန်ပါဘုရား)။

ပုထုဇဉ်မိုက်က ဘာကို လက်ကိုင်ထားပါလိမ့်.... (တဏှာလက်ကိုင်ထားပါတယ် ဘုရား)၊ တဏှာ လက်ကိုင်ထားတယ်၊ ပုထုဇဉ်မိုက်က တဏှာသက်ကိုင်ထားတော့ ဘုရားက ဒီနားက ရပ်နေတယ်။

ဟော့-ပုထုဇဉ်မိုက်၊ ဘဝများစွာ သံသရာက မင်းကလဲ အငတ်တော့ ဘယ်တော့မှ မပြေခဲ့ဘူး၊ ရောက်ရာ မျက်လုံး၊ မင်းနား၊ မင်းနှာခေါင်း၊ မင်းလျှာ၊ မင်းကိုယ်၊ မင်းစိတ်တွေ မင်း ခင်လိမ့်မယ်၊ ဘုရားက ဒီနားက ရပ်ပြောတယ်။

သူက ရောက်ရာမှာ ဒကာဒကာမတွေ ခင်တတ် မင်တတ်တဲ့သဘောပါတယ်၊ မပါဘူးလား .... (ပါပါတယ်ဘုရား)၊ တဏှာသဘောက ဘာတဲ့....(ရောက်ရာမှာ ခင်တတ် မင်တတ်ပါတယ်ဘုရား)၊ရောက်ရာမှာ ခင်တတ်မင်တတ်တဲ့သဘောပါ

http://www.dhammadownload.com



သနော် ဒကာဒကာမတို့....(မှန်ပါ)၊ကိုယ့်ကိုယ်ကလေး ဘယ့်နှယ်နေကြသတုံး....(ခင်တတ်မင်တတ်ပါတယ်ဘုရား)။

ဟ-ကိုယ့်ကိုယ်ကိုမှကိုယ်မခင်ယင် ခွေးလားလို့ တောင်ပြောသေးဘယ်-(မှန်ပါဘုရား)၊မပြောဘူးလား-(ပြောပါတယ်)၊ ကိုယ့်ကိုယ် ဆိုယင်ဖြင့် ခင်ကောင်းတယ်ချည်း အောက်မေ့တယ်....(မှန်ပါဘုရား)၊ဒကာဒကာမတို့ ဘယ်လိုများ အောက်မေ့သလဲ....(ခင်ကောင်းတာချည်း အောက်မေ့ပါတယ်ဘုရား)။

မိုက်လိုက်ဘာ၊ တို့ငယ်ငယ်တုန်းက ဆိုယင် ဒီအရွယ် ကိုယ့်ကိုယ်ကို စောင့်ရှောက်တတ်ပြီ၊ ခင်တတ်မင်တတ်ပြီ၊ မင်းတို့များ မိုက်လိုက်တာ၊ ရှူးတုန်းရှိသေးတယ် အစရှိသည်ဖြင့် လူကြီးသူမတွေကလဲ ဒီလိုပြောချင်တာ ပြောနေတဲ့ သဘောတွေကလဲ ဦးခင်မောင် မရှိဘူးလားဗျာ....(ရှိပါတယ်ဘုရား)၊ ကိုယ့်ကိုယ်ကို ခင်ရ၊ မင်ရမှာလား၊ ဒကာ ဒကာမတွေရဲ့ သစ္စာသိရမှာလား....(သစ္စာသိရမှာပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့-ပုထုဇဉ်မိုက်၊ ဒါက တဏှာရှိတဲ့ ပုထုဇဉ်ပေါ့ဗျာ....(မှန်ပါ)၊ ဒီဖြူဖြူကလေးဟာ ဘာပါလိမ့်....(တဏှာရှိတဲ့ပုထုဇဉ်ပါဘုရား)။

တဏှာရှိတဲ့ ပုထုဇဉ်ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနှာကရပ်နေတယ်၊ ဟောဒါတွေဟာကွာ....တဲ့၊ အနံ့လဲကောင်းပါတယ်၊ အရသာလဲ ကောင်းပါတယ်တဲ့၊ အရက်တွေပါပဲ၊ အနံ့ကောင်း၊ အရသာကောင်း အရက်တွေပါပဲ၊ သို့သော် ဒီအရက်တွေဟာ အဆိပ်နဲ့ ရောထားတယ်-(မှန်ပါ)။

http://www.dhammadownload.com



ဒီအရက်ခြောက်မျိုးဟာ ဘာနဲ့ရောထားသလဲ....(အဆိပ်နဲ့ ရောထားပါတယ်)၊ အနံ့ကလဲကောင်းတယ်၊ အရသာကလဲ.... (ကောင်းပါတယ်)၊ရောတာက–(အဆိပ်နဲ့ရောထားပါတယ်)။

ပုထုဇဉ်မိုက်၊ သွားမသောက်နဲ့၊ သွား၊သောက်လို့ရှိယင် မှင်းသည်ကား သေယင်လဲ သေလိမ့်မယ်၊ မသေသေ့ မလူ့ဘမဲ့ ဖြစ်လိမ့်မယ်-(မှန်ပါ့)၊ဘုရားက ဒါကြောင့် ဆုံးမချင်လို့ ဒီနား ပွင့်လာပါတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရား ဘယ်နား ပွင့်သတုံး ဆိုတော့ ခင်ဗျားတို့ ခင်ရာ မင်ရာနားကနေပြီးသကာလ ပွင့်ခနပါတယ်....(မှန်ပါ့)၊ ဘုရား ဘယ်နားကပွင့်ပါလိမ့်-(ခင်ရာမင်ရာနားကနေပြီးပွင့်ပါတယ်)၊ ခင်ရာမင်ရာဆိုတဲ့ ခုနက အဇ္ဈတ္တိကာယတန ခြောက်ပါး နားကနေပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရော၊ အခု ဒကာဒကာမတွေကို ဆုံးမနေတဲ့ ဆရာသမားတွေရော ဒီနားကစောင့်နေတယ်....(မှန်ပါ့)၊ခင်ဗျားတို့ကတော့ တွေ့ရာ ခင်တော့မယ်ဆိုတာ သိတယ်.... (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ ကတော့ ဘာပါလိမ့်....(တွေ့ရာခင်ပါတယ်ဘုရား)။

တွေ့ရာခင်တော့မယ်၊ ခင်လို့ရှိယင်ဖြင့် ဒကာဒကာမတို့၊ တွေ့ရာကို စားလိမ့်မယ်၊ တွေ့ရာ သောက်လိမ့်မယ်၊ ဆိုတာနဲ့ ခင်လိမ့်မယ် ဆိုတာနဲ့ တစ်ထပ်တည်းလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)၊ တွေ့ရာခင်လိမ့်မယ်၊တွေ့ရာစားလိမ့်မယ်ဆိုတာ သည်....(တစ်ထပ်တည်းပါဘုရား)။

ဒါဖြင့်ဟေ့....ပုထုဇဉ်မိုက်၊မင်းက ဘဝသံသရာက သေတာ တောင်မှ သခင်ပေါ် ခင်လျက်တန်းလန်း၊ သမီးပေါ်ခင်လျက်

http://www.dhammadownload.com



တန်းလန်း ကိုယ့်ခန္ဓာပေါ်.... (ခင်လျက်တန်းလန်းပါဘုရား)၊ ခင်လျက်တန်းလန်းနဲ့ သေလာတာ၊ မင်း-ဒီဘဝလဲ ရောက်ရော မင်းခန္ဓာကြီး မင်းခင်ဦးမယ်ဆိုတဲ့ ဒီဒုက္ခ ဒကာမတွေ သူ့ မခင်ပေဘူးလား....(ခင်ပါတယ်ဘုရား)။

အဲဒါ....ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားရပ်ပြီး မင်းက အငတ်သေ-သေလာတော့ ရောက်ရာမှာ မင်း ရ-ထား တဲ့ အခုယတနတွေ ခန္ဓာတွေကို မင်းသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် အရမ်း သောက်လိမ့်မယ်၊ အရမ်းစားလိမ့်မယ်၊ အဆိပ်နဲ့ ရောထားတဲ့ အရက်တွေကလို့ ဘုရားက ဒီနားက စောင့်နေရှာတယ်-(မှန်ပါ)၊သဘောကျပလား-(ကျပါတယ်)၊ ဘုရားက ခင်ရာ မင်ရာက စောင့်နေတယ်၊

ပုထုဇဉ်မိုက် စားတော့မယ် မျိုတော့မယ်၊ သိပ်တော့ မယ်ဆိုတဲ့သဘောက ပုထုဇဉ်မိုက်မှာ ရှိပြီးသားဖြစ်နေတယ်.... (မှန်ပါဘုရား)၊ ပုထုဇဉ်မိုက်မှာ စားမယ်၊ မျိုမယ်၊ သိပ်မယ် ဆိုတာက-(ရှိပြီးသား ဖြစ်နေပါတယ်)၊ရှိပြီးသား ဖြစ်နေတော့ ဘုရားက ဒီနားကနေပြီးသကာလ ကလေး တုတ်နဲ့စောင့်နေ သလိုပေါ့ဗျ....(မှန်ပါဘုရား)၊ စောင့်ပြီးသကာလ ဒကာဝ နေရှာတယ်-(မှန်ပါ)၊ ဒကာသစ်ရေ-ဦးမြရွှေတို့ ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဒါတွေကို အဆိပ်နဲ့ရောထားတယ်ဆိုတော့ အဆိပ်နဲ့ရော ထားတော့ ခင်ဗျားတို့က ခင်မိ မင်မိ မျိုမိ သိပ်မိမယ်ဆိုလို့ ရှိယင်ဖြင့်....တဲ့၊ ဒကာဒကာမတို့ ဒီအသေတွေ လာမလား မလာဘူးလား-(လာပါတယ်ဘုရား)၊ ဒီခန္ဓာမရပေဘူးလား-

http://www.dhammadownload.com



(ရပါတယ်ဘုရား)၊ ဒီခန္ဓာရယင် ဒီအသေတွေက.... (လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ဒီနားရပ်ပြီးသကာလ ဒါတွေကို မျိုကောင်း သိပ်ကောင်းတဲ့သဘော မဟုတ်ဘူးဟော့၊ မင်းတို့ သည်ကားလို ဆိုလို့ရှိယင် မမျိုရ မသိပ်ရဘဲနဲ့ ဒီဥစ္စာကို အမှန်အကန် သိရှိမယ်တဲ့....(မှန်ပါဘုရား)။

ဒကာဒကာမတွေ ဒီခြောက်ပါး ဘာတဲ့.... (အမှန်အကန်သိရမယ်)၊ ပုထုဇဉ်တော့ မျိုချင် သိပ်ချင်တယ်နော် .... (မှန်ပါ)၊ ဘုရားကတော့ ဘယ်လို သိစေချင်သတုံး–(အမှန်အကန် သိစေချင်ပါတယ်ဘုရား)။

ဘုရားကတော့ ဒါ အဆိပ်နဲ့ ရောအားတဲ့ အရက်ကြီး၊ မင်းသွားပြီးသကာလ တဏှာနဲ့ မျိုလိုက်လို့ရှိယင်ဖြင့် ဟောဒီ ခန္ဓာကြီး ရပါလိမ့်မယ်၊ ဒီခန္ဓာကြီးရယင် ဒီအသေပွဲကြီး မင်းနွှဲရလိမ့်မယ်၊ မဆိုဘူးလား....(ဆိုပါတယ်ဘုရား)၊

ဒကာဝရေ....ဘုရားက ဒီနားက ပွင့်တယ်ဆိုတာ ပေါ်လာကြပလား ...(ပေါ်လာပါပြီဘုရား)၊ ဘုရား ဘယ်နားက ပွင့်ပါလိမ့်....(ခင်ရာ မင်ရာနားက ပွင့်ပါတယ်ဘုရား)၊ အင်း.... ခင်ရာမင်ရာဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန နားကနေပြီးသကာလ အမြဲစောင့်နေလိုက်ဘာယ်.... (မှန်ပါ ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ပုထုဇဉ်မိုက်သည်ကား လို့ဆိုယင်ဖြင့် ရောက်ရာမှာ အရမ်းခင်ပစ်ဘာပဲ(မှန်ပါဘုရား)၊ ပုထုဇဉ်မိုက်က ဘာပါလိမ့်- (ရောက်ရာမှာအရမ်းခင်ပါတယ်)၊

http://www.dhammadownload.com



ကိုယ့်ခန္ဓာလဲ ခင်လိုက်တာပဲ-(မှန်ပါ)၊ ကိုယ်နှင့် နီးစပ်တာတွေကော.... (ခင်တာပါပဲဘုရား)။

အို....ပုထုဇဉ် ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ အငတ်ဖြစ်နေတော့ တွေ့ရာစား တွေ့ရာသောက်ဆိုတဲ့ အဓိပ္ပာယ်ရောက်မရောက်....(ရောက်ပါတယ်ဘုရား)၊ တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

အခု အိမ်ထောင်ရယ်လို့ ကျကြတဲ့ပုဂ္ဂိုလ်များ ဘာတော်သလဲလို့မေးယင် ဘယ့်နှယ် ပြောကြမလဲ.... (ဘာမှမတော်ပါဘုရား)၊ ဘာမှမတော်ဘူးနော်၊ ဘာမှ မတော်တာကိုပဲ ခင်ဗျားတို့သည်စားလို့ ဆိုလို့ရှိယင် ခင်မိ မင်မိ မျိုမိကြတယ်ဆိုဘာလဲ ပြောစရာ လိုသေးသလား.... (မလိုပါဘုရား)။

ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ ထို့အတူပဲ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်မှာကော....(ထို့အတူပါပဲဘုရား)။

ထို့အတူပဲ ခင်မိ မင်မိ မျိုမိကြတာချည်းပဲ ဆိုယင်ကောလွဲပါ့မလား....(မလွဲပါ)၊ ဘာဖြစ်လို့ ဒီဥစ္စာ ဒီလိုဖြစ်ရသလဲ၊ အို ...ဘဝများစွာကတော်ပြီးသကာလ သေခဲ့တဲ့အတွက် တွေ့ရာဘော့ဖြင့် သောက်မှာမျိုမှာပဲ....(မှန်လှပါဘုရား)၊သဘောကျပသား-(ကျပါပြီ)၊တွေ့ရာတော့ (သောက်မှာပါပဲ)၊သောက်မှာ မျိုမှာပဲဆိုတာ သေသေချာချာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အခု တရားတစ်ပွဲလုံး ဒကာ ဒကာမတွေမှာ အချို့ အိမ်သောင်ပြုတဲ့ ပုဂ္ဂိုလ်ကလဲ မြေးအသေးတန်းလန်း၊ ဟုဘ်လား....တူမလေး တန်းလန်း၊၊ မွေးစားတာ

http://www.dhammadownload.com



ကလေး စာန်းလန်း၊ ရောက်ရာမျိုးသွားတယ်-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အိမ်ထောင်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ အို-ကိုယ့်ဟာထက်တော့ သူများဟာကို ဂရုမစိုက်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ မျိုးမယ်ဆိုပြီး တော့ မျိုးနေတာပဲ-(မှန်ပါဘုရား)၊ အိမ်ထောင်ရှိတဲ့ပုဂ္ဂိုလ်က ကိုယ့်ဟာကို မျိုးတယ်....(မှန်ပါ)၊ အိမ်ထောင်မရှိတဲ့ ပုဂ္ဂိုလ်က အငှားမျိုး မျိုးတယ်-(မှန်ပါဘုရား)၊ ဘာပြုလို့တုံး....(တော်လွန်း လို့ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်....(တော်လွန်းလို့ပါဘုရား)၊ ဘယ်သူက တော်တာပါလိမ့်လဲ-(တဏှာက တော်တာပါဘုရား)၊တဏှာက တော်တယ်ဆိုတာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရောက်ရာ မျိုးမှာစိုးတဲ့အတွက် ဟောဒါတွေဟာ ဟေ့....အရက်တွေကွ၊ သို့သော်.... ဒီအရက်တွေဟာ အဆင်းလဲ ကောင်းပါတယ်၊ အနံ့လဲကောင်းပါတယ်၊ သို့သော်လဲ အဆိပ်နဲ့ရောထားတာ မင်း သွားမသောက်နဲ့တဲ့-(မှန်ပါဘုရား)၊ဘယ်သူက မှာရှာပါ လိမ့်....(ဘုရားက မှာပါတယ်ဘုရား)၊ ခင်ဗျားတို့ကတော့.... တွေ့ယင် ဘာဖြစ်သတုံး....(သောက်ချင်ပါတယ်ဘုရား)။

သောက်ချင်တယ်၊ခင်ချင်တယ်၊မင်ချင်တယ်၊ မျိုးချင်တယ်၊ သိပ်ချင်တယ်ဆိုတဲ့ သဘောဟာတော့ဖြင့် ခင်ဗျားတို့ဘဝ များစွာက တော်လာတော့ ဒီအတိုင်းပဲ ဒီအာရုံတွေ တွေ့လို့ ရှိယင် တွေ့တာနဲ့ တစ်ပြိုင်နက်တည်း ခင်ဗျားတို့ သောက်မိ မျိုးမိထာပဲ ဆိုတာအော သဘောပါကြပလား-(ပါ-ပါတယ်

http://www.dhammadownload.com



ဘုရား)၊ တယ်ကြောက်စရာ ကောင်းပါကလား ဒဏ်ဒဏာမ တို့.... (ကောင်းပါတယ်ဘုရား)၊ သဘောရောက်ကြပလား.... (ရောက်ပါတယ်)၊ ဒါဖြင့် ဘုရားဘယ်နားဆာနေ ပွင့်ပါလိမ့် မတုံး....(ခင်ရာမင်ရာနားကပါဘုရား)။

ခင်ရာမင်ရာနားကနေပြီး ဘုရားက စောင့်နေတယ်၊ ဖော့– ပုထုဇဉ်မိုက်....မင်း ရှေးဘဝကလဲ မဝဘဲနဲ့ ဝေပြီးသေခဲ့တယ်၊ မင်း....ဒီဘဝထဲ အခု ရောက်ပြန်ပြီး ယခု ရောက်တဲ့နေရာမှာ မှင်း သည်အားလိုဆိုယင် အမှားတွေ လုပ်ဦးတော့မယ်.... (မှန်ပါဘုရား)၊ အဆိုပ်နဲ့ရောထားတဲ့ အရက်တွေ မင်း.... သောက်ဦးတော့မယ်....ဆိုပြီးတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဒီတနေ စောင့်နေတယ်....(မှန်ပါ)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတဲ့ အခါကျတော့ ဓိတ္တရားတွေကို အဆိပ်နှင့်ရောထားတဲ့ ဒါ တွေကို ခင်လိုက်လို့ရှိယင်ဖြင့် ဒကာ ဒကာမတွေ စဉ်းစား ကြည့် ကိုယ့်မျက်လုံးကလေး ကိုယ်ခင်လို့ရှိယင် တဏှာမလာ ပေဘူးလား....(လာပါတယ်ဘုရား)၊ တဏှာလာယင်.... ဥပါ ဒါန်လာတော....(လာပါတယ်ဘုရား)၊ ကံကလော.... (လာပါ တယ်ဘုရား)။

ဟော....ဇာတိဆိုတဲ့ ခန္ဓာငါးပါး....(လာပါတယ်ဘုရား)၊ ဇရာမရဏဆိုတဲ့ အိုမှု့သေမှု–(လာပါတယ်ဘုရား)၊ မလာပေ ဘူးလား....(လာပါတယ်ဘုရား)၊ ဒါဟာ မျိုးမိလို့....(မှန်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒီဟာမျိုမိတဲ့အတွက် တဏှာနဲ့မျိုလိုက်တဲ့ အခါကျတော့ မျိုတာကတဏှာ၊ စွဲလမ်းတာက-(ဥပါဒါန်ပါ)၊ အားထုတ်တာက—(ကံပါဘုရား)၊ ကံကနေ ပစ်ချလိုက်တော့ ဘာတွေရသလဲ-(ခန္ဓာငါးပါးရပါတယ်ဘုရား)။

ခန္ဓာငါးပါးရတော့ ဘာပွဲတွေခင်းရသလဲ.... (အို၊ နာ၊ သေ ပွဲတွေခင်းရပါတယ်ဘုရား)၊အို၊ နာ၊ သေပွဲတွေ မခင်းရဘူးလား (ခင်းရပါတယ်ဘုရား)၊သောက်မိလို့ ဖြစ်ရတယ်.... (မှန်ပါ)။ ဒီဟာတွေ ခင်မိမျိုမိ သောက်မိလို့ ဖြစ်ရတယ်.... (မှန်ပါ ဘုရား)။ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အာယတနခြောက်ပါးကို ခင်မိ မျိုမိ သောက်မိတဲ့အတွက် ဒကာ ဒကာမတွေ တဏှာ ဥပါဒါန် ကံတွေ ပေါ်လာပြီးသကာလ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးတော ပေါ်မလာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း ယူကနေ အညွန့်အညှောက်တွေ ပေါ်လာသိုက်တာ အို၊ နာ၊ သေ အညွန့်တွေ ပေါက်လာတယ်....(မှန်လှပါဘုရား)၊ ဘာတွေများ ပေါက်လာသလဲ.... (အို၊ နာ၊ သေ အညွန့်အညှောက်တွေ ပေါက်လာပါတယ်ဘုရား)။

ဪ....အခု ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ရှေ့ဘာအညွန့်တွေများ ပေါက်ကြမှာပါလိမ့်.... (အို၊ နာ၊ သေ အညွန့်တွေပေါက်မှာပါဘုရား)၊အို၊ နာ၊ သေအညွန့်တွေပေါက်တော့မယ်၊ ခန္ဓာကြီးဟာလေ....(မှန်ပါ)။

http://www.dhammadownload.com



ဘယ်နှယ်ကြောင့် ဒီခန္ဓာကြီးဟာ အို၊ နာ၊ သေ အညွန့်တွေ ပေါက်ပါလိမ့်မတုံးဆိုလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့၊ စဉ်းစား ကြည့်တဲ့၊ ဒီ မိမိတို့ ခင်ရာမင်ရာကို မျိုမိ သိပ်မိလို့ (မှန်ပါ)။

ဦးခစ်မောင်ရေ ဘာတဲ့-(မျိုမိသိပ်မိလို့ပါဘုရား)၊ မျိုမိ သိပ်မိဘာက တဏှာပေါ့ဗျာ....(မှန်ပါ)၊စွဲလမ်းတာက-(ဥပါ ဒါန်ပါ)၊ အားထုတ်တော့ (ကမ္မဘဝပါဘုရား)၊အားထုတ် တော့ ဘာတွေရသလဲ....(ခန္ဓာငါးပါးရပါတယ် ဘုရား)။

ခန္ဓာငါးပါးရတော့ကို ဒကာဒကာမတို့၊ ဘာအညွန့်တွေ ပေါက်လာသလဲ-(အို၊ နာ၊ သေ အညွန့်တွေ ပေါက်ပါတယ်)။ အို၊ နာ၊ သေ အညွန့်တွေ ပေါက်လာတော့ ဩော်....ဒါဟာ အမျိုမှားပဲ အသိပ်မှားပဲ....(မှန်ပါဘုရား)၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)၊ ရှင်းပြီနော်....(ရှင်းပါပြီ)၊ ဒါဖြင့် ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဒီနားကနေပြီး ပွင့်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မင်းတို့သည်ကားလို့ဆိုယင် ဘဝများစွာ အငတ် သေ လာတယ်၊ အခု ရောက်ရာ ခန္ဓာကြီးကို မင်းတို့ ခင်လိမ့်ဦး မယ်၊ ခင်ယင် အနာဂတ်ခန္ဓာကြီးရမယ်၊ ရယင် အို၊ နာ၊ သေ အညွန့်တွေပေါက်မယ်၊ ဒါတွေ ဘုရားက သိမ်မွေ့စိုးရိမ်ဘူး လား....(စိုးရိမ်ပါဘယ်ဘုရား)၊ ကဲ....ဘုရားက စိုးရိမ်တော်မူ တာကော ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဩော်....ဘုရား ဘယ်နားပွင့်မှာလိမ့်.... (ခင်ရာ၊ မင်ရာနား ပွင့်ပါတယ်ဘုရား)၊ ခင်ဗျားတို့ကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင် ပွင့်တယ် အောက်မေ့မှာပေါ့ဗျာ....(မှန်ပါ)။

http://www.dhammadownload.com



မဟုတ်ပါဘူး ဒကာဒကာမတို့၊ ကိုယ်တော်မြတ်ကြီးစော ဗောဓိပင်နဲ့ရွှေပလ္လင်ပေါ်မှာတော့ သူထိုင်တော့ ထိုင်ပါတယ် တဲ့၊ ခင်ဗျားတို့ တရားဟောတဲ့အခါ ဒီပလ္လင်ကြီးပါ-ပါလာ သလား–(မပါ-ပါဘုရား)၊ မပါ-ပါဘူး ဒကာဒကာမတို့၊ ဒီ ပလ္လင်ကြီး မပါ-ပါဘူး၊ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ ဒါတွေကို ဝိပဿနာ အရှုခိုင်းတာ....(မှန်ပါဘုရား)၊ရှင်းပလား....(ရှင်း ပါပြီ)။

ခင်ဗျားတို့ သန္တာန်ရှိတဲ့ ဒီ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနတွေကို ဘာအလုပ်ခိုင်းသတုံး- (ဝိပဿနာ အရှုခိုင်းပါတယ် ဘုရား)၊ ရှင်းပလား.... (ရှင်းပါပြီ)

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီအလုပ်ဟာ ဘုရားအခါ ကိုယ် တော်မြတ်ကြီးက ဒီနေရာက စောင့်နေတဲ့ကိုယ်တော်မြတ်ကြီး အစစ်ပါပဲလို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)၊ အင်း.... ဟင်....အာယတန ခြောက်ပါးနားက ကိုယ်တော်ကြီး ဘာ လုပ်နေပါလိမ့်....(စောင့်နေပါတယ်ဘုရား)၊ စောင့်နေတယ်၊ ပုထုဇဉ်မိုက်တာ ဘာစိတ်ကူးနေသတုံး....မျိုမလို့.... (မှန်ပါ)။

မျိုမလို့ သိပ်မလို့ စိတ်ကူးနေတဲ့အခါ ဘုရားက ဟေ့ ပုထုဇဉ်မိုက်၊ စက္ခု,သောတ, ဃာန, ဇိဝှာ, ကာယ, မန တို့ ဆည်ကားလို့ ဆိုယင်ဖြင့် အဆင်းလဲ ကောင်းပါတယ်၊ အနံ့လဲကောင်းပါတယ်၊ သို့သော်....အဆိပ်နဲ့ ရောထားတဲ့ အရက်တွေ....ကွ၊ သွားမသောက်နဲ့၊ သေယင်လဲသေ မသေ သော် မလှတမ ဖြစ်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဘုရားက

http://www.dhammadownload.com



ဒီအနားရပ်ပြီးပွင့်တယ်....(မှန်ပါဘုရား)၊ သဘောကျပလား• (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပွင့်တဲ့နေရာဌာန သိပါပြီ....(မှန်ပါဘုရား)၊ အိန္ဒိယမှာ ပွင့်သလား၊ ဘယ်နားမှာ ပွင့်ပါသိမ့် .... (ခင်ရာမင်ရာနားမှာပွင့်ပါဘယ်)၊ ခင်ရာမင်ရာနားမှာ ဒီနေရာကနေ ဟောလိုက်တာလား.... (မှန်ပါ)၊ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ရာမင်ရာနားကနေ ပွင့်တော့ ခင်ဗျားတို့ တချို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်ကား ဆိုလို့ရှိယင် တာဝတိံသာ သွားဟောတာလဲ ဒီဟာတွေ မသောက်မမျိုမိအောင် ဟောတာပဲ....(မှန်ပါ)။

ဟို....ဗြဟ္မာ့ပြည်သွားပြီး ဗကဗြဟ္မာကြီး သွားဟောတာလဲ ဒါတွေ မသောက်မမျိုမိအောင် ဟောတာပါပဲ .... (မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီ)။

မိဂဒါဝုန်တောမှာ ဖလ္လင်မပါဘဲနဲ့ ဓမ္မစကြာ တရားကြီး ဟောတော့လဲ ဒီနားကနေ ဟောနေတာပဲ....(မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ အဲဒီတော့ ပွင့်တဲ့နေရာကတခြား၊ ဟောတဲ့နေရာက တစ်ဖုံပေါ့ဗျာ .... (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သင်္ဘာန်မှာလဲအခုဆရာသမားတွေရော၊ ဘုန်းကြီးများရော အားလုံးပေါ့ဗျာ၊ ဒီနားက စောင့်နေတာပဲ....(မှန်လှပါဘုရား)။

ဒီနားကစောင့်နေတော့ ခင်ဗျားတို့က ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ အသက်ပေါင်း

http://www.dhammadownload.com



ရာကျော်ရှည်ပြီး သကာလ စည်းစိမ်ဥစ္စာ ရတနာ သားသမီး တွေ၊ အခြွေအရံတွေနဲ့ နေပါရစေ ဆိုပြီး ကိုယ့်ခန္ဓာကြီးကို တစ်ခါတည်း ပုတီးကလေး စိပ်ကာစိပ်ကာနဲ့ ထင်နေလိုက်တဲ့ အခါ ဘာတွေတွေ့နေသလဲ၊ ပုတီးကတခြား၊ ထင်တာက တခြားကိုး ဗျ....(မှန်ပါ)။

ပုတီးကလေး စိပ်ပြီးသကာလ အဟံ အဝေရာ ဟောမိ၊ ဒီခန္ဓာကြီး ကျန်းမာပါရစေ၊ ကိုယ်လဲ ကျန်းမာပါစေ၊ ကိုယ့် သားသမီးကလေးတွေကော....(ကျန်းမာပါရစေ)၊ အိုအောင်၊ မင်းအောင် ပေါင်းပါရစေ....(မှန်ပါ)။

အိုအောင်၊ မင်းအောင် ပေါင်းပါရစေ ဆိုတော့ ဘာ တွေလာသတုံး.... (တဏှာပါဘုရား)၊ တဏှာလာပြီ .... တဲ့၊ အကြောင်းက ရှိုးရှိုးလား၊ သူပေါင်းချင်တာက အရေးကြီး တာလား.... (သူပေါင်းချင်တာက အရေးကြီးတာပါဘုရား)။

အဲဒါဖြင့် မေတ္တာထဲမှာ တဏှာ ရောနေတာ သူသိလိုက် သေးသလား(မသိပါဘုရား)၊အဲဒါကြောင့် ရာဂေါ မေတ္တာယ ဝဉ္စေတိ။ ရာဂေါ၊ ရာဂသည်။ (ဝါ) ခင်မှု ရာဂသည်။ မေတ္တာယ၊ မေတ္တာလိုလိုနဲ့။ ဝဉ္စေတိ၊ လှည့်စား၏။

ရာဂက ဘာလိုလိုတဲ့....(မေတ္တာလိုလိုနဲ့)၊ မေတ္တာလိုလိုနဲ့ ရာဂက လုပ်ပစ်လိုက်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ဒီခန္ဓာ ကြီးနဲ့ ဘာတုံး၊ အိုအောင်၊ မင်းအောင် နေရပါလို၏၊ ဒါမှ ဒီသားသမီးတွေနဲ့လဲ မခွဲမခွာရမည့် အခါပွာယ်မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ကိုယ့်ခန္ဓာကိုယ် မေတ္တာပို့တဲ့အခါ မျိုးရိုးက ကျယ်လာတယ်....(မှန်ပါ)၊သားတွေ၊သမီးတွေ၊ ခင်ပွန်းတွေနဲ့ မခွဲချင်တဲ့စိတ်ကလေးကလဲ ပါသေးတယ် .... (မှန်ပါဘုရား)။

ဒါဖြင့်၊ ဒါတော့ မခွဲချင်တာက တဏှာ ဟုတ်ရဲ့လား၊ ပို့တဲ့ အသံက မေတ္တာ၊ မခွဲချင်တာက .. (တဏှာပါဘုရား)၊ ပို့တဲ့ အသံက....(မေတ္တာပါဘုရား)။

အဲဒါကြောင့် ရာဂေါ မေတ္တာယ ဝဉ္စေတိ၊ ရာဂေါ၊ ရာဂ ဆိုတဲ့တရားက၊ မေတ္တာယ၊ မေတ္တာလိုလို၊ ဝဉ္စေတိ၊ သူက နေပြီးသကာလ မေတ္တာလုပ်နေ၏တဲ့-(မှန်ပါ)၊ လုပ်သာလုပ် နေ၏၊ မေတ္တာမဟုတ်ဘူးတဲ့.... (မှန်ပါဘုရား)၊ ဘာပါလိမ့်.... (ရာဂပါဘုရား)၊ ရာဂတဏှာပဲတဲ့....(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ ဘာတဲ့တုံး .... (ရာဂတဏှာပါဘုရား)၊ အဲဒီတော့ မေတ္တာပို့တလေး ရှင်းရှင်းကလေးတော့ လုပ်ကြ ပါလို့ တောင်းပန်ပါရစေနော်....(မှန်ပါ)၊မေတ္တာပို့တဲ့အခါ ဘယ်လိုပါလိမ့်....(ရာဂ မပါရပါ)၊ တဏှာမပါစေပါနဲ့၊ ရာဂ မပါစေနဲ့....(မှန်ပါ)၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျုပ်ဖြင့် ခင်လွန်းလို့ မေတ္တာပို့နေတာဆိုယင် သွားပြီ ဒီဥစ္စာ၊ မသွားသေးဘူးလား....(သွားပါပြီဘုရား)၊ ခင်တာက ဘာပါလိမ့်....(တဏှာပါဘုရား)၊ မေတ္တာပို့တာက မေတ္တာ.... (မှန်ပါဘုရား)၊ မေတ္တာတို့၊ ကရုဏာတို့က တခြားမဟုတ်လား ဗျာ....(မှန်ပါဘုရား)။

အင်း....ဟင်....တခြားပေမယ့် ခင်ဗျားတို့က ဘယ်သူ့အပို့ များသတုံးလို့မေးလို့ရှိယင်ဖြင့် ဘယ့်နှယ်ပြောကြမလဲ-(တဏှာ

http://www.dhammadownload.com



အပို့များပါတယ်၊ခင်ရာမင်ရာပို့တယ်....(မှန်ပါ)၊သွားပါပြီး ခင်ဗျားတို့မေတ္တာဟာ ဒါ့ကြောင့်မစူးတာ....(မှန်ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ရာဂေါ မေတ္တာယ ဝဍ္ဎတိ။ ဆိုတဲ့အတိုင်းတဲ့၊ ရာဂေါ၊ ရာဂသည်၊ မေတ္တာယ၊ မေတ္တာလိုလိုနှင့်။ ဝဍ္ဎတိ၊ သတ္တဝါ သန္တာန်မှာအပို့ခိုင်းပြီ-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဘာနဲ့ ပို့နေကြတာလဲ....(တဏှာနဲ့ပါဘုရား)၊ တဏှာနဲ့၊ ပို့နေကြတာ၊ ခင်ဗျားတို့အထက်ကလဲ ကျုပ်ဖြင့်ဗျာ အိမ်မှာ လူတွေ မမှာဘာသာ မြင်ရတာပဲ၊ မေတ္တာ အမြဲ ပို့နေတယ်၊ အံမာ၊ အိမ်တော့ လူမမှာဘူးတဲ့၊ မေတ္တာကတော့ အမြဲပို့နေ တယ်၊ ဒီမေတ္တာတွေ ဘယ်ရောက်ကုန်ဖါလိမ့်မတုံးတဲ့၊ ခင်ဗျား တို့က မေတ္တာများ စိတ်ဆိုးနေလိုက်သေးတယ်.... (မှန်ပါ)၊

မေတ္တာလား၊ တဏှာလား....(တဏှာပါဘုရား)၊ ဟာ.... တဏှာဖြင့်မကောင်းကျိုးပေးမှာပေါ့-(မှန်ပါဘုရား)၊ မေတ္တာ ဖြစ်ယင်.... (ကောင်းကျိုးပေးရမယ်)၊ သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီမှာ ခင်ဗျားတို့ စစ်စစ်ကလေးဖြစ်အောင် လုပ်ပါဆို တာကိုလဲ ဒီကြားညှပ်ပြီး၊သကာလ ဒီစကားကို အသုံးပြုပြီး ပေးလိုက်ပါတယ် ဆိုတာလဲ မှတ်လိုက်စမ်းပါနော်....(မှန်ပါ ဘုရား)။

ကဲ....ဒကာဒကာမတို့၊ ဘုရားပွင့်တဲ့နေ့ရပ် သိပါပလား.... (သိပါပြီဘုရား)၊ဘယ်နားကနေ ပွင့်သလဲ- (ခင်ရာမင်ရာနားက နေပွင့်ပါတယ်ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ ခင်ရှမင်ရှ နဘကနေပြီး ဘုရားပွင့်တယ်— (မှန်ပါ)၊ အင်း....ဟင်—ဘုရားတောစ် ပွင့်ဖို့နေရာဏ အတောင်မျှားမျှား ပွင့်ရမယ်၊ ဒီဘက်က သားအလေး ကျပြန်လဲခင်တော့ အဲဒီနား ဘုရားသွားရဦးမယ်၊ ဟ....ဒါလဲ နင်သွားမမျိုနဲ့....(မှန်ပါ)။

ဒီဘက်ဆမီးကလေးကျပြန်တော့ ခင်ဗျားတို့က ဘယ်လိုစိတ်ကူးပြန်လဲ....(ခင်ပါတယ်ဘုရား)၊ခင်တော့ မျှိမိမှာပဲဆိုတဲ့ အမိုပ္ပာယ် မရဘူးလား....(ရပါတယ်ဘုရား)၊

အဲဒီနား ဘုရားသွားရသေးတယ်၊ ဒါလဲ မမျိုနဲ့ မျှိယင် အဆိပ်ပဲ၊ သဘောကျပသား·(ကျပါပြီ)၊ဒါကလေးဏ တူမကလေး၊ အင်မတန် လိမ္မာရေးခြား ရှိပြန်တယ် ဆိုတော့.... ခင်ဗျားတို့က ဘယ်စိတ်ကူးရသလဲ....(ခင်ပါတယ်ဘုရား)။

အင်း....သွားမမျိုနဲ့ဦး၊ ဒါလဲ အဆိပ်ပဲ....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီကနေပြီးသကာလ မြေးကလေးဆိုတာကော ခင်ဗျားတို့က ဘယ်လိုစိတ်ကူးပြန်သလဲ·(ခင်ပါတယ်ဘုရား)။

ခင်မယ် မင်မယ်ပဲ စိတ်ကူးနေတယ်မဟုတ်လား.... (မှန်လှပါ)၊ အင်း....ဒါ မျှိတဲ့သိပ်တဲ့သဘော မပါဘူးလား·(ပါပါတယ်ဘုရား)၊

အဲဒီနေရာ ဘုရားက လိုက်ပွင့်ရတယ်၊ ဟေ....ဒါလဲ မမျိုနဲ့ ဒါလဲ အဆိပ်နဲ့ရောထားတဲ့အရက်တွေဟ.... (မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

http://www.dhammadownload.com



ဘာတုံး.... (အဆိပ်နဲ့ရောထားတဲ့အရက်ပါ)၊ အဲဒီတော့ အရက်ဆိုတာက မူးစေ ယစ်စေတယ်၊ သဘောကျပလား.... (မှန်ပါ)၊အဆိပ်ဆိုတာက သေစေတယ်-(မှန်ပါ)၊ ဒီအာရုံတွေ ထဲမှာ ခင်ဗျားတို့ပျော်နေလို့ရှိယင် ဒါမူးနေတာပဲ၊ သဘော ကျပလား-(ကျပါပြီ)၊ နောက်ကျတော့ ခင်ဗျားတို့ ဒီအာရုံ ကြောင့် ဒီဘက်က အိုနာသေတွေ တွေ့ရတာက အဆိပ်သင့် ပြီး သေတာ....(မှန်ပါ)။

ဒါဖြင့်....ဒကာဒကာမတို့၊ ဒီအာရုံတွေသည် မူးလဲမူးစေ ပါသည်ဆိုတာ ပေါ်ကြပလား.... (မှန်ပါ)၊ သေလဲသေစေ တယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့ သားတို့ သမီးတို့ ခန္ဓာတွေဟာ ဘာတုံး ဒကာဒကာမတို့....(အဆိပ်တွေပါဘုရား)၊အဆိပ်တွေ၊အဆိပ်နဲ့ ရောထားတဲ့ အရက်နှစ်ခု ဆည့်လိုက်ပါ....(မှန်ပါ)၊ ဘာနဲ့လဲ- (အဆိပ်နဲ့ရောထားတဲ့ အရက်ပါဘုရား)။

ဒကာဒကာမတို့ မူးလဲမူးစေတယ်၊ သဘောကျပလား၊ သေကော-(သေစေပါတတ်ဘုရား)၊ မူးလဲမူးစေတယ်ဆိုတာက ဒီအာရုံတွေသာ ဝင်လာလို့ရှိယင်၊ ဒီခင်စရာ မင်စရာတွေသာ ဝင်လာလို့ရှိယင် ဒကာဒကာမတို့ သူတော်ကောင်းအလုပ်ဆိုတဲ့ ဝိပဿနာအလုပ်ကြီး သစ္စာတွေမြင်တဲ့ အလုပ်ကြီးလုပ်ဖြစ်ပါ သေးရဲ့လား-(မလုပ်ဖြစ်ပါဘုရား)၊ ဘာဖြစ်လို့တုံး....(မူးနေလို့ ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

မူးတော့....တဏှာ ဥပါဒါန်ကံတွေက မဖြစ်ဘူးလား.... (ဖြစ်ပါတတ်ဘုရား)၊ ခန္ဓာက မရဘူးလား-(ရပါတယ်)၊ခန္ဓာ

http://www.dhammadownload.com



ရတဲ့အခါကျတော့ အိုနာသေ အညွန့်တွေက မပေါက်တဲ့နေပါ့မလား....(မနေပါဘုရား)။

ဩော်....ဒါဖြင့် ဒီအရာတွေ မျိုးမိ သိပ်မိဘာကလဲ မူးလို့မျိုဘယ်၊ နောက်အဆိပ်ဖြစ်ပြီးသကာလ အိုပွဲ နာပွဲ သေပွဲခံရတယ်-(မှန်ပါ့)၊ သဘောပေါက်ပါလား- (ပေါက်ပါပြီဘုရား)။

ဒါဖြင့်.... ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ ဒီဟာတွေသည် သောက်ကောင်းတဲ့ အလုပ်သား၊ မသောက်ကောင်းတဲ့ အလုပ်လား....(မသောက်ကောင်းတဲ့အလုပ်ပါ ဘုရား)။

ဩော်....ဒါတွေ ဟောရတော့မယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုထုဇဉ်ကလဲ ဒါတွေကြိုက်လိုက်တာလွန်လို့-(မှန်ပါ့)၊ ဘုရားကလဲ မူးမှာစိုးရိမ်၊ သေမှာကော.... (စိုးရိမ်ပါတယ်ဘုရား)။

ဘုရားစိုးရိမ်တာလဲ သဘောကျပလား-(ကျပါပြီ)၊ မူးမှာ မူးမှာကော....(စိုးရိမ်ရပါတယ်)၊ သေမှာကော.... (စိုးရိမ်ပါတယ်ဘုရား)။

ဩော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဖြင့် ကရုဏာရေ မေတ္တာရေ ဒကာသစ်တို့ ကိုမြွေတို့ တန်းကူနေပြီ (မှန်လှပါဘုရား)။

ခင်ဗျားတို့ကလဲ တွေ့လို့ရှိယင်တော့ဖြင့် သောက်မဟ, သားတည်းဟူသော အာရုံနဲ့တွေ့ယင်လဲ ခင်မဟ၊ သမီးတည်းဟူသော အာရုံနဲ့တွေ့ယင်ကော....ခင်မဟ၊ ဆွေမျိုးတည်းဟူသော အာရုံနဲ့တွေ့ယင်ကော ...ခင်မဟ။

http://www.dhammadownload.com



ခင်ဗျားတို့ကလဲ မျိုမယ် သိပ်မယ်ချည်း စိတ်ကူးနေတာပဲ-(မှန်ပါ)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနားထားနေပြီး သက္ကာလ ဟာ....အဆိပ်နဲ့ရောထားတဲ့အရက်တွေပါဟ၊ အဆိပ်နဲ့ ရောထားတဲ့အရက်တွေပါဟလို့ ဒီဟာ အမျိုးမျိုးပြောရတယ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီဘုရား)။

ဘုရားက တားမြစ်သမား ခင်ဗျားတို့က အတင်းမျိုသမား-(မှန်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီ)၊ ဘုရားက်-(တားမြစ်သမားပါ)၊ ခင်ဗျားတို့က-(အတင်းမျိုသမားပါ)။

အဲဒီတော့ စဉ်းစားလိုက်ပါ....တဲ့၊ မမျိုတဲ့ပုဂ္ဂိုလ်တွေဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာတဏှာနဲ့လဲ မမူးလို့ အိုပွဲ သေပွဲ နာပွဲတွေက လွတ်သွားတယ်-(မှန်ပါ)၊ တားလို့ရတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တာပဲ....(မှန်ပါဘုရား)။

တားလို့မရတဲ့ပုဂ္ဂိုလ်မှာ အရူးပွဲရယ်၊ သေပွဲရယ် သွားတွေ့တယ်-(မှန်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီ)။

မသေခင်ရူးတယ်၊ နောက်ကျတော့ သေတော့ကို အရူးဆေးသေတယ်....(မှန်လှပါ)၊ သဘောကျပလား-(ကျပါပြီ)၊

ဒါဖြင့် မျိုတဲ့ပုဂ္ဂိုလ် သိပ်တဲ့ပုဂ္ဂိုလ် သားခင် သမီးခင် ဆွေခင် မျိုးခင် ကိုယ်ခန္ဓာခင်တဲ့ ပုဂ္ဂိုလ်များဟာ ဒကာ ဒကာမတို့ အဆိပ်နဲ့ရောထားတဲ့အရက် သောက်နေကြတာ ပါကလား-(မှန်ပါ)။

တော်တော်ကြာကြာလို့ရှိယင် အဆိပ်နဲ့ရောထားတဲ့အရက် သည် ဒကာဒကာမတို့ မူးရုံပဲလား သေမှုပါသေးလား.... (သေမှုပါ,ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မူးပြီးသကာလ သေချင်းဆိုးသေတဲ့အလုပ်(မှန်ပါ)၊ ခင်လို့ရှိယင် မူးပြီ....(မှန်ပါ)၊ မူးလို့ရှိယင် နောက်ဆုံးပိတ် ဘာဖြစ်ရမလဲ....(သေပါတယ်ဘုရား)။

သေချင်းဆိုးသေရမယ်ဒဏ္ဍာဒကာမတို့ရဲ့-(မှန်ပါ)၊ မှသေ ရပေဘူးလား- (သေရပါတယ်)၊ ဒါဖြင့် ဒဏ္ဍာ ဒကာမတို့ ခင်တာသည် မူးတာပဲ....(မှန်ပါဘုရား)။

မူးလို့ဆိုယင်ဖြင့် ဒီခန္ဓာတွေမရပေဘူးလား....(ရပါတယ်)၊ တဏှာမူး ဥပါဒါန်မူးကိုးဗျ၊ ကံရူးမှ သဘောကျပလား.... (မှန်လှပါဘုရား)။

တဏှာလဲအမူးပဲ၊ ဥပါဒါန်ကလဲ....(အမူးပါပဲ)၊ ကံက အရူး....(မှန်ပါ)၊ ကံက အရူးကံတဲ့၊ ဒကာဒကာမတို့၊ ဘယ့် နှယ်ကြောင့် အရူးကံလဲဆိုတော့ ဒုက္ခဆစ္စာ လုပ်တဲ့ကံကို.... (မှန်ပါ)။

ဘာလုပ်တဲ့ကံပါလိမ့်....(ဒုက္ခသစ္စာလုပ်တဲ့ကံ)၊ ဒုက္ခသစ္စာ လုပ်တဲ့ကံဆိုတော့ ဒကာဒကာမတို့၊ အင်း....တဏှာလဲ အရူး ဥပါဒါန်ကလဲအရူး၊ ကံကလဲ....(အရူးပါဘုရား)။

သူက လုပ်စေတာက ခန္ဓာငါးပါးက ဘာသစ္စာ.... (ဒုက္ခ သစ္စာပါ)၊ ဒီခန္ဓာငါးပါးကြီးကလဲ ဘာတွေများ အညွန့် အညှောက်တွေ ပေါက်လာပါလိမ့်.... (အိုနာသေ တွေပါ ဘုရား)။

အိုနာသေအညွန့်တွေပေါက်လာတာ ဒကာဒကာမတို့၊ ဒါ အသောက်လွဲလို့ဖြစ်ရတာ၊ လက်သည်တွေပြီ.... (မှန်ပါ ဘုရား)၊ ဘာပါလိမ့်....(အသောက်လွဲလို့ပါဘုရား)။

http://www.dhammadownload.com



အသောက်လဲ့လို့ တွေ့ရတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)၊ အို....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒီနေ့ရာကမှ ဘုရားမပွင့်လို့ရှိယင် ကိုယ်ကျိုးတော့ လှလှကြီး နည်းပြီ....(မှန်ပါဘုရား)။

ယခုလို နေရတုန်းမှာ ရှုးရမယ်၊ ယခုလိုနေရတုန်းမှာ....(ရှုးရပါမယ်)၊ သားနဲ့ရှုး၊ သမီးနဲ့ရှုး၊ ပစ္စည်းနဲ့ရှုး၊မလာပေဘူးလား.... (လာပါတယ်ဘုရား)၊ အင်း.... သေတော့ကော အကောင်းသေလား၊ အရှုးသေလား....(အရှုးသေပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဪ....ရှင်တုန်းလဲ သူ့ကြည့်ရတဲ့ စိတ်ပျက်လိုက်တာ၊ ရှုးနေရှာတယ် သေတော့ အရှုးပျောက်သွားသလား၊ အရှုးသေပဲ သေရရှာသလား....(အရှုးသေပဲ သေရပါတယ်ဘုရား)။

ဒါဖြင့် အနေမှာဆိုး၍ အသေမှာလဲဆိုးပါတယ်-(မှန်ပါ)။ ဘယ့်နှယ်ဆိုကြမလဲ- (အနေမှာလဲဆိုး၍ အသေမှာလဲ ဆိုးပါတယ်ဘုရား)။

အနေမှာတော့ ရှုးလို့ဆိုးတယ်၊ အသေမှာတော့ ရောဂါမပျောက်ဘဲနဲ့သေတဲ့အတွက်-(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ အနေဆိုး အသေဆိုးနဲ့ ခင်ဗျားတို့ ကြုံတော့မယ်—(မှန်ပါဘုရား)၊ အခု ဘုရားဟောတာ နားမထောင်ယင်....(မှန်ပါ)။

ဘုရားဟောတာ နားမထောင်ယင် ဘယ့်နှယ်ဖြစ်မယ်....(အနေဆိုးအသေဆိုး ဖြစ်ပါမယ်ဘုရား)၊ အနေဆိုးအသေဆိုးနဲ့ ခင်ဗျားတို့အားလုံး သွားရတော့မယ်.... (မှန်ပါ)၊ ဒကာ

http://www.dhammadownload.com



ဒကာမတို့၊ ဘုရားဟောတာ နာ၊မထောင်ယင်.... (အနေဆိုး အသေဆိုးနဲ့ သွားရပါမယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ထောင်သင့် မထောင်သင့်လဲ အကဲခတ်ပါဦး• (ထောင်သင့်ပါတယ်ဘုရား)၊ ဒီနေရာတွင် ထောင်ရမှာလား၊ တွေ့တဲ့နေရာ ထောင်ရမှာလား....(တွေ့တဲ့ နေရာ ထောင်ရမှာပါဘုရား)။

ဟောဒီအာရုံနဲ့ တွေ့တိုင်းတွေ့တိုင်း ဓိအရက်တွေ၊အဆိပ်နဲ့ ရောထားတဲ့ အရက်တွေ မသောက်မိအောင် စိတ်ကူးရမယ်— (မှန်ပါဘုရား)။

ဒီ....အင်မတန်နက်လာပြီနော် တရားဟာ-(မှန်ပါဘုရား)၊ ဒကာ ဒကာမတွေ ဒီဥစ္စာ အရင် လမ်းခင်းတုန်းကတော့ လွယ်သလိုလိုနဲ့ အခုအခါကျတော့ ရှုရမည့် ပွားရမည့်အလုပ် ထဲ ရောက်လာပါပြီ....(မှန်ပါဘုရား)။

ဘယ်အထဲရောက်လာသလဲ.... (ရှုရ ပွားရမည် အလုပ်ထဲ ရောက်လာပါပြီ)၊ အဲဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးက အလုပ်ပေးရမည့်ဆရာ၊ ဒီနေ့ခါက ရပ်ပြီးသကာလ ဘုရားစာလဲ မရှိဘော့ ဘုရားဟောတဲ့ ဒေသနာတွေ ကြည့်ပြီး ဒကာ ဒကာမတွေ ဒါတွေသောက်လို့ရှိယင်ဖြင့် တို့ ဒကာ ဒကာမ တွေမှာ အဆိပ်နဲ့ရောထားတဲ့ အရက်တွေ သောက်မိလို့ရှိယင် ဖြင့် ရှင်တော့ ရှူးမနေပေဘူးလား....(နေပါတယ်ဘုရား)။

ရှင်တုန်း ကံအရှူး(မှန်ပါ)၊သေတော့သေခြင်းဆိုး-(မှန်ပါ ဘုရား)၊ မဆိုးရွားဘူးလား-(ဆိုးရွားပါတယ်)၊ ရှင်တော့.... (အရှူးပါ)၊ သေဘော့....(သေခြင်းဆိုးပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့၊ အရှုံးသေ သေရလေခြင်းဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ ရှင်တုန်းမှာလဲ လူပုံအလယ်မှာ အရှက်ကွဲပါတယ်....(မှန်ပါ)။

ရှင်တုန်းမှာလဲ-(လူပုံအလယ်မှာအရှက်ကွဲပါတယ်)၊သေတဲ့အခါ ကျက်သရေမင်္ဂလာများ ရှိသေးသလား.... (မရှိပါဘုရား)။

ကျက်သရေမဲ့လာတုံးပြီးတော့ သေရပါတယ် ဆိုတော့ ဘယ်ကောင်းတာ ပါသေးတုံး....(ဘယ်ဟာမှ မကောင်းပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီအနာရမ်ပြီး ဆရာဘုန်းကြီးက ဆရာသမားတွေက ဘုရားက ကိုင်း....ဒါတွေ မသေခက်ဖြစ်အောင် ပြောရတော့မယ်....(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ ဘယ်လိုဖြစ်အောင် ပြောရတော့မယ်—(မသေခက်ဖြစ်အောင် ပြောရတော့မယ်)၊ မသေခက်ဖြစ်အောင် မခင်ဖြစ်အောင် ဒကာ ဒကာမတွေ ဒါ—ပြောရတော့မယ်နော်....(မှန်ပါ)။

မသေခက် မခင် မမျိုတော့ဘူးဆိုတော့ တဏှာ ဥပါဒါန် ကံတွေက ဘယ်နှယ်နေသလဲ-(ချုပ်သွားပါတယ်ဘုရား)၊ချုပ်သွားတယ်၊ မချုပ်ဘူးလား-(ချုပ်ပါတယ်ဘုရား)။

သူတို့ ချုပ်နေတာက ခန္ဓာလာသေးလား... (မလာပါဘုရား)၊ အင်း.... ခန္ဓာမလာတော့ ဒုက္ခသစ္စာက ငြိမ်းတယ်၊ သူတို့ ချုပ်တော့ သမုဒယသစ္စာက ငြိမ်းတယ်၊ ခန္ဓာမလာတော့- (ဒုက္ခသစ္စာငြိမ်းပါတယ်ဘုရား)။

http://www.dhammadownload.com



သူတို့ ချုပ်တော့.... (သမုဒယသစ္စာကင်ငြိမ်းပါတယ်)၊ ခန္ဓာမလာတော့....(ဒုက္ခသစ္စာငြိမ်းပါတယ်ဘုရား)။

အို...ဒုက္ခသစ္စာငြိမ်းပေါ့၊ ဒီအညွန့်အညှောက်တွေ ပေါက်ဖို့လိုသေးသလား....(မလိုပါဘုရား)။

ဪ....ဒါဖြင့် နိဗ္ဗာန်ရောက်တရားဆိုတာ ဒါပါကလား၊ မသောက်စေဖို့အရေးဟာ နိဗ္ဗာန်ရောက်ဖို့အရေး.... (မှန်လှပါဘုရား)၊ မမျိုးဖို့အရေးဟာ....(နိဗ္ဗာန်ရောက်ဖို့အရေး)၊ နိဗ္ဗာန်ရောက်ဖို့အရေးဆိုတာပေါ်လာကြပလား....(ပေါ်လာပါပြီ)။

ဒါဖြင့် ဘုရားဘယ်နားကပွင့်ပါလိမ့်.... (ခင်ရာမင်ရာနားကပါဘုရား)၊ ခင်ရာမင်ရာနားက ပွင့်နေတယ်၊ ကိုမြရွှေ-စောင့်နေတယ်နော်.... (မှန်ပါ)၊ စောင့်နေတယ်၊ စောင့်နေတယ်၊ ဒကာဒကာမတို့၊ ဘုန်းကြီးများကလဲ ဒါတွေကိုရှုပါ၊ဒါတွေကိုရှုပါဆိုတာ အမြဲပြောနေတယ်.... (မှန်ပါဘုရား)၊ မပြောရပေဘူးလား....(ပြောရပါတယ်ဘုရား)။

ဒါတွေကို ရှုပါ၊ ဒါတွေကို ရှုပါဆိုတော့ ခင်ဗျားတို့အစီစက္ခုဆိုတာ ကိုယ့်မျက်လုံးကလေးကလဲ “စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ” ဟော....ပါဠိတော်လာပြီ....(မှန်ပါ)။

စက္ခုဆိုတဲ့ မျက်လုံးကလေးကိုလဲ....တဲ့၊ ခင်ဗျားတို့အာ ပိယသာတ ဖြစ်ပါတယ်၊ ခင်မင်တယ်ဆိုတဲ့ဥစ္စာ မျိုတာမဲ့နော်....(မှန်ပါ)။

http://www.dhammadownload.com



ဒါကြောင့် "စက္ခုံ လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ" ခင်ဗျားတို့မှာ နေ့တိုင်းမျိုနေတာပဲ....(မှန်ပါ)။

"သောတံ လောကေ ပိယရူပံ သာတရူပံ" ဒီသောတကလေးဆိုတဲ့ နားကလေးကိုလဲ ပိယ သာတနဲ့ မျိုနေတာပဲ-(မှန်ပါဘုရား)၊ "ဃာနံ လောကေ ပိယရူပံ သာတရူပံ" ဃာန တည်းဟူသော လောကတရားကြီးကို ခင်ဗျားတို့က မျိုနေပါပြီ၊ မမျိုဘူးလား....(မျိုပါတယ်ဘုရား)။

ဇိဝှာ လောကေ ဆိုတာကတော့ လျှာရုပ်ကလေးကိုလဲ အင်မတန် မသာသာကြဘူးလား....(သာသာပါတယ်ဘုရား)။ သူ့လဲ မျိုနေတာပဲ....(မှန်ပါ)၊ "ကာယော လောကေ ပိယရူပံ သာတရူပံ" ကာယတည်းဟူသော လောကတရားကို ခင်ဗျားတို့က မျိုနေပါပြီ၊ မမျိုဘူးလား....(မျိုပါတယ်ဘုရား)။

"မနော လောကေ ပိယရူပံ သာတရူပံ"တဲ့၊ မနောကိုလဲ ခင်ဗျားတို့က ချစ်ခင်နှစ်သက်ကာ မျိုနေတာပဲ....(မှန်ပါဘုရား)၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ....တဲ့၊ ဒီတဏှာ လာလို့ရှိယင် ဒီတဏှာလာ ဥပါဒါန်ကံ ခန္ဓာငါးပါးလာမယ် .... (မှန်ပါဘုရား)။ ခန္ဓာငါးပါး လာပြီးယင် ဇာတိ၊ ဇရာ၊ မရဏာ ဘယ့်နှယ်နေသလဲ....(လာပါတယ်ဘုရား)။

ကိုင်း.... ဒကာဒကာမတို့ ခန္ဓာငါးပါး ကြောက်ရမှာသားတဲ့၊ အဆိပ်နဲ့ဆေးထားတဲ့အရက် ကြောက်ရမှာလား-(အဆိပ်နဲ့ဆေးထားတဲ့အရက် ကြောက်ရမှာပါဘုရား)။

http://www.dhammadownload.com



ဒါ မမျိုမိဖို့ အရေးကြီးတယ်....(မှန်ပါဘုရား)၊ ပေါ်ကြပလား.... (ပေါ်ပါပြီ)၊ ကိုင်း....ဒါဖြင့် ဒါ မမျိုမိအောင်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓိနာဒပွင့်ပြီး သတ္တာသ နေရှာတော့ သြော်....ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလဲ တစ်သံသရာလုံးက လာတော့ ဒဏ္ဍာသင်ရေ-ရောက်ရာ မျိုတော့တာပဲ .... (မှန်ပါဘုရား)၊ အင်မတန် ကြောက်စရာ မကောင်းဘူးသား....(ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ဓိနာဒက နေပြီး ဟော့....ပုထုဇဉ်မိုက်၊ ဒီဉစ္စာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား သဘောကျပလား.... (ကျပါပြီ)၊ ရောဂတရားကွ၊ ဘယတော ဆိုတဲ့ ဘေးတရားတွေ....(မှန်ပါ)၊ ဒီငါးခုနဲ့ မင်းရှုစမ်းကွာ-တဲ့။

ဒါ....အနိစ္စတရားလဲ ဟုတ်ပါသတဲ့၊ ဒုက္ခတရားကော.... (ဟုတ်ပါတယ်)၊ အနတ္တတရားကော-(ဟုတ်ပါတယ်)၊ ပြီးတော့ ရောဂတရားကော.... (ဟုတ်ပါတယ်)၊ ဘေးသဘောကော .... (ဟုတ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အနိစ္စတော ဒုက္ခတော အနတ္တတော ရောဂတော ဘယတောဆိုတဲ့ ဒီဘောငါးခုနဲ့ တစ်ခုခု ပိုင်အောင် ရှုစမ်း....(မှန်ပါဘုရား)။

မင်းတို့ မမျိုမိတော့ဘူး-(မှန်ပါ)၊ ဒီလိုဆိုတော့ ရှုတယ်ဆိုကတည်းက ဒကာ ဒကာမတွေက စဉ်းစားလိုက်တာပေါ့၊ ရှုတယ်ဆိုကတည်းက ဒီမှာ ဝိပဿနာမဂ် ဝင်လာပြီ၊ မဝင်သေးဘူးလား-(ဝင်ပါတယ်ဘုရား)။

http://www.dhammadownload.com



အင်း....ဟင်....မမျိုဘူးဆိုတဲ့ သဘောသည်အားလို့ ဆိုယင် မမျိုတော့ဘူးဆိုတော့ ဒါတွေဟာ မသောက်ကောင်းတာတွေ ဟုတ်လား၊ မမျိုကောင်းတာတွေဆိုတော့ ဝိပဿနာ ရှုနေတာ၊ မသောက်ကောင်းဘူး၊ မမျိုကောင်းဘူး ပြောနေတာ-(မှန်လှပါဘုရား)၊သဘောပါကြပလား-(ပါ,ပါတယ်ဘုရား)။

ကြပ်ကြပ်နားထောင်ပါ ဒကာဒကာမတွေ၊ ဗီအရေးဟာ နေ့တိုင်းထက် ကြီးတယ်လို့မှတ်ပါ....(မှန်ပါဘုရား)။

ဝိပဿနာရှုဆိုတာ မသောက်ကောင်း၊ မမျိုကောင်းတာကို ရှုနေတာ-(မှန်ပါ)၊ ဝိပဿနာဆိုတာ ဘာပါလိမ့်-(မသောက်ကောင်း၊ မမျိုကောင်းတာကို ရှုနေတာပါဘုရား)။

မသောက်ကောင်း၊ မမျိုကောင်းတာကို အမှန်အကန်သိဖို့ ရှုနေတာ .... (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)၊ ဝိပဿနာရှု ဆိုတာ ဘာပါလိမ့်....(မသောက်ကောင်း၊ မမျိုကောင်းတာကို ရှုနေတာပါဘုရား)။

မသောက်ကောင်း၊ မမျိုကောင်းတဲ့ တရားလို့ ဆိုတော့ တကျာနဲ့ မခင်ကောင်း၊ မခင်ကောင်းတဲ့တရား .... (မှန်ပါ)၊ ဒါတွေ ရှုရမှာလား၊ မရှုရတော့ဘူးလား-(ရှုရမှာပါဘုရား)။

အဲ....ရှုတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါကိုမသောက်ပါနဲ့၊ မမျိုပါနဲ့ ဟုတ်လား၊ မသိမ်ပါနဲ့ ဆိုတာတွေ ဝိပဿနာ ရှုပါတဲ့ကွာ၊ ဒါတွေဟာ အနိစ္စတရား ဒုက္ခတရား၊ အနတ္တတရား၊ ရောဂတရား၊ ဘာဓာတရားတွေ.... (မှန်ပါ)၊သဘောကျပလား-(မှန်ပါ)။

http://www.dhammadownload.com



ဘယ်တော့ ဘေးသင့်မှာတွေကွ-တဲ့၊ မင်းတို့ ဒီဥစ္စာ ဘေးတွေ ကြည့်ပေးစမ်းပါဆိုတော့ ဘယ်ဉာဏ်တွေ ပြောနေတာ....(မှန်ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)၊ ဘာပြော နေတာပါလိမ့်....(ဘယဉာဏ်တွေ ပေါ်အောင် ပြောနေတာ ပါဘုရား)။

အဲဒီတော့ ဘယဉာဏ် ဒါတွေဟာ ကြောက်စရာဆိုတော့ ကြောက်စရာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကြောက်ဘာက မဂ္ဂ သွားဖြစ်ဘယ်- (မှန်လှပါဘုရား)၊ ကြောက်စရာ က- (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား)၊ ကြောက်စရာမှန်းသိတာက....(မဂ်ပါ ဘုရား)၊ ဟော-သေတာက သမုဒယ....(မှန်ပါဘုရား)၊ ဟုတ် လား၊ဒီဘက်က ဒါတွေပေါ်တာက နိရောဓ .... (မှန်ပါ)၊ ဟော.... ရှင်းမသွားဘူးလား....(မှန်ပါ)။

ဒါ-အင်မတန်ရှင်းပါတယ် ဒကာဒကာမတို့-တဲ့၊ သစ္စာ လေးပါး သွားကိုက်တာပဲ-(မှန်ပါ)၊ဒါဖြင့် ကြောက်စရာတွေ က ဒုက္ခသစ္စာ....(မှန်ပါ)၊ ကြောက်စရာမှန်း သိတာက.... (မဂ္ဂသစ္စာပါ)၊ သေတာက....(သမုဒယသစ္စာပါ)၊ ဒီဘက်က ခန္ဓာတွေမပေါ်တာက....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒါကြောင့် ဘုရားဟောပေတာပဲ၊ တစ်ခါတည်း နိဗ္ဗာန်ရောက်အောင်လို့ ဟောပေတာပဲဆိုတာ ဒကာဒကာမတို့ သေသေချာချာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)၊ သေသေ ချာချာပေါ်လာပါပြီတဲ့၊ အင်မတန် အဲဖိုးတန်လာပါပြီ။

ကိုယ်၊-ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာကို ရှုရတော့မယ်ဆို တော့ မဖြစ်သေးဘူးတဲ့၊ မင်းတို့သည်ကာ လို့ဆိုယင်ဖြင့် ခုနက

http://www.dhammadownload.com



ပြောတဲ့ သူတော်ကောင်း ဆည်းကပ်ဦးမှ ရလိမ့်မယ်၊ ဒီတရားမှန်း သိလာလိမ့်မယ်....(မှန်ပါ)။

သူတော်ကောင်း ဆည်းကပ်လို့ ဒီတရားတွေရှုရမယ်ဆိုတာ သိတာနော်-(မှန်လှပါ)၊ နို့မို့ယင် သိပါ့မလား....(မသိပါ)၊ ခင်ဗျားတို့လိုတော့ မျိုးနေမှာပဲ....(မှန်ပါ)၊ ဒါတွေ အကုန် မမျိုဘူးလား.... (မျိုပါတယ်)၊ ကိုယ့်ခန္ဓာဖြစ်လို့ ခင်တာပဲ၊ သားသမီးခန္ဓာဖြစ်ကော....(ခင်တာပါပဲဘုရား)။

ခင်တာပဲ-တဲ့၊ သူတော်ဆည်းကပ် အခု မြတ်တရားတော်နာတဲ့အတွက်-တဲ့၊ ခင်ဗျားတို့သည်အားလို့ဆိုယင် ဩော်-ဒါတွေ အဆိပ်တွေပါလားလို့ သိတယ်....(မှန်ပါဘုရား)၊ နို့မို့ယင် သိပါ့မလား....(မသိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလုပ်က လွန်စွာအားထုတ်ရမယ်တဲ့၊ ဘယ်လိုအားထုတ်ရမတုံးဆိုတော့ ဒါတွေ အဆိပ်တွေ၊ ဒါတွေ အနိစ္စတရားတွေ၊ ဒါတွေ ဒုက္ခတရားတွေ၊ ဒါတွေ အနတ္တတရား၊ ဒါတွေဟာ ရောဂတရား၊ ဒါတွေဟာ ဘယတောဆိုတဲ့ ဘေးသင့်တဲ့တရား၊ ဒါကိုခင်ဗျားတို့ အလုပ်လုပ်ရမယ်....(မှန်ပါ)၊ မလုပ်ယင် တော်ပါ့မလား....(မတော်ပါဘုရား)။

ကိုင်း.... ဒကာဒကာမရှို့ လုပ်ခြင်း၏ ကျေးဇူးဆိုတော့ ဒါတွေကို အနိစ္စ ဒုက္ခ အနတ္တ ရောဂ ဘယလို့ ရှုမယ်ဆိုတော့ သူတို့က အနိစ္စ ဒုက္ခ အနတ္တ၊ သူတို့ ရောဂလို့ ဘယလို့ မြင်တဲ့ မဂ္ဂ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)၊ မဂ္ဂ ဖြစ်တော့

http://www.dhammadownload.com



ဒီဘက်က ခုနကပြောတဲ့ ခင်တတ် မှင်တတ် မျိုတတ်သိပ်တတ်တဲ့ သမုဒယတွေက ဘယ့်နှယ် ဖြစ်သွားသလဲ.... (သေသွားပါတယ်ဘုရား)။

ဒါဖြင့်....သမုဒယသေတော့ ဒီဘက်က ဒုက္ခတွေ.... (ချုပ်သွားပါတယ် ဘုရား)၊ ချုပ်သွားတော့ကို သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်အယ်.... (မှန်ပါ)၊ သမုဒယသစ္စာ ချုပ်ခြင်းကြောင့် နိရောဓသစ္စာ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီဒုက္ခသစ္စာကို ခင်ဗျားတို့ မဂ္ဂသစ္စာနဲ့ ပွားများရမယ်....(မှန်ပါဘုရား)၊ ဒီဘက်က ဒုက္ခသစ္စာကို.... (မဂ္ဂသစ္စာနဲ့ ပွားများရပါမယ်)၊ ပွားများတဲ့အတွက် ဒီသမုဒယသစ္စာက,...(သေပါတယ်ဘုရား)၊သေတယ်၊ ဒီဘက်က နိရောဓသစ္စာ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)၊ ဪ....ဒါဖြင့် ဒီအလုပ်ဟာ အလုပ်မှန်ပဲ....(မှန်ပါ)၊ ဒကာဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချရမလဲ....(အလုပ်မှန်ပါဘုရား)။

အလုပ်မှန်ပဲတဲ့၊ အဲဒီတော့ တပည့်တော်တို့ဘုရား ဘယ်လိုလုပ်ရမှာတုံးလို့ မေးလို့ရှိယင်ဖြင့် နာမရူပ ပရိစ္ဆေဒ ကျမ်းမှာလာတဲ့ ဂါထာကလေးကို ဒကာဒကာမတွေ ဒီနေ့သွင်းပေးပါမယ်၊ အင်မတန် အဖိုးတန်သွားမယ်နော်.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ပရိပက္ကာ ကာမနေဝံ။
ပရိဘာဝိတ ဘာဝနာ၊
ပရိစ္စဇန္တိ သင်္ခါရေ။
ပက္ခန္တတိ အသင်္ခတေ။ ။

အင်မတန်ကောင်းတဲ့ အမိပ္ပာယ်၊ မပြောသေးလို့ ဒကာ ဒကာမတွေ၊ ဒါ....ပါဠိအတိုင်း ဖြစ်နေသေးလို့ ပါဠိအတိုင်း ဖြစ်နေသေးလို့ မသိသို့။

ပရိပက္ကာ ကမေနေဝံ-ဆို၊ ဟောဒီ ဝိပဿနာမဂ်သာကွာ-တဲ့၊ ဒါတွေကို ဖြစ်ပျက်-အနိစ္စ၊ ဖြစ်ပျက်-ဒုက္ခ ဖြစ်ပျက် အနတ္တ၊ ဖြစ်ပျက်-ရောဂ၊ ဖြစ်ပျက်-ဘယ ဖြစ်ပျက်သာ မြင်အောင် ကြည့်နေစမ်းပါတဲ့၊ ဟောဒီမဂ်နဲ့ ခန္ဓာတို့ ခန္ဓာထဲက ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့် စိတ်ပေါ့ဗျာ.... (မှန်ပါဘုရား)။

အဲဒါ ဦးခင်မောင်တို့က အမြဲတမ်းကြည့်ပြီးတော့ ဒီဟာ ကလေးဟာ ဒကာဒကာမတွေ ရင့်လာမလား၊ မရင့်လာ ဘူးလား.... (ရင့်လာပါတယ်ဘုရား)၊ ဖြစ်ပျက် ရှုဒါများယင် ဘာဖြစ်လာမယ်ထင်သတုံး-(ရင့်လာပါတယ်ဘုရား)။

အဲဒီတော့ ဝံ၊ ဤသို့။ ပရိပက္ကာ၊ ရင့်ကျက်သည်အား လျော်စွာ။ ဆိုတော့ ဦးခင်မောင်....မဂ်ရင့်ကျက်ဖို့ အရေးကြီး တယ်-(မှန်ပါ)၊ ဝိပဿနာမဂ် ရင့်ကျက်ဖို့ အရေးကြီးတယ်.... (မှန်ပါဘုရား)၊ သဘောကျပလား(ကျပါပြီ)၊ လောကုတ္တရာ မဂ်ကတော့ ဝိပဿနာမဂ် ရင့်ကျက်ပြီးလာယင် သူ့ဟာသူ ဖြစ် လာတာပါပဲ(မှန်ပါ)၊လောကုတ္တရာမဂ်က ခင်ဗျားဘာမှ ကူညီ

http://www.dhammadownload.com



စရာမလိုဘူး၊ ဝိပဿနာမဂ်ရင့်ယင် သူ့ဟာသူ ဖြစ်လာတာပဲ (မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် ဓေါ၊ ဉာဏ်သို့၊ ပရိပက္ကာ၊ ရင့်ကျက်သည် အားလျော်စွာ....(မှန်ပါ့)၊ ဒီဝိပဿနာ မဂ်ဟာ ဘယ်လို ဖြစ်ဖို့ အရေးကြီးပါလိမ့်....(ရင့်ကျက်ဖို့ အရေးကြီးပါတယ်ဘုရား)၊ ရင့်ဖို့ အရေးကြီးဘယ်နှယ် ဒကာဒကာမတို့....(မှန်ပါ့ဘုရား)၊ ဘာအရေးကြီးပါလိမ့်·(ရင့်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဩော်....ရင့်ဖို့အရေးကြီးတယ် ဦးခင်မောင်.... (မှန်ပါ့)၊ ဒါဖြင့် ဒါတွေဟာ ဒီခန္ဓာတွေကို ရှုတဲ့အခါ ကျလို့ရှိယင် မျက်လုံးရှုရှု၊ နားရှုရှု၊ သတိပဋ္ဌာန်ထဲက ခင်ဗျားတို့ ကြိုက်ရာရှု၊ ရှုလိုက်လို့ရှိယင်ဖြင့် ဒီမဂ်ဟာ ဘာဖြစ်လာမယ် ထင်ကြသလဲ·(ရင့်ကျက်လာမှာပါဘုရား)၊ ဩော်....ရင့်လာမယ်နှော် (မှန်ပါ့)၊ ဦးခင်မောင် ရှုဖန်များယင်-(ရင့်လာပါမယ်ဘုရား)၊ အဲဒါကြောင့် အိမ်ကျတော့ ခန္ဓာစိုက်ကြည့်ပါ-တဲ့၊ ဝေဒနာကြိုက်တဲ့လူက ဝေဒနာ၊ စိတ်ကြိုက်တဲ့လူက စိတ်၊ ကြိုက်တာရှု-(မှန်ပါ့)၊ ကြိုက်တာရှုလိုက်လို့ရှိယင်ဖြင့် ခန္ဓာထဲက ဖျပ်ဖျပ်နဲ့ ဟိုကရှုရှုနဲ့ ဒီကရှုရှုနဲ့ ဟိုစိတ်ကလေးပေါ်လာ ဒီစိတ်ကလေး ပေါ်လာနဲ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကလေးတွေက ဘာပါလိမ့်မတုံး၊ ဘာပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့် ဒါကလေးတွေဟာ အနိစ္စတရားကလေးတွေ၊ ဒုက္ခတရားကလေးတွေ၊ အနတ္တ တရားကလေးတွေ၊ ရောဂတရားကလေးတွေ ဟုတ်လား၊ ဘယ တရားကလေးတွေ၊ စာလိုတော့ များနေတယ်၊ စင်စစ်တော့.... ဖြစ်ပျက်ကလေးတွေ

http://www.dhammadownload.com



သာ တစ်လုံးတည်း နှလုံးသွင်းလိုက်တော့.... (မှန်ပါ)၊ စာကတော့ ဒီနေရာ ဘုရားက ငါးချက်ဟောတယ်.... (မှန်ပါ)၊ ဖြစ်ပျက်ထဲ ဝင်တာပဲလို့မှတ်....(မှန်ပါ)၊ သဘောကျပလား.... (မှန်ပါဘုရား)။

ဖြစ်ပျက်တစ်လုံးတည်း ရှိတဲ့အတိုင်း ဒီဟာဝင်လာတာပဲ - (မှန်လှပါ)၊ ဒီပြင် ဘာဝင်လာသေးသတုံး....(မဝင်လာပါ)၊ ဖြစ်ပျက်ဟာ အနိစ္စ၊ဖြစ်ပျက်ဟာ ဒုက္ခ၊ဖြစ်ပျက်ဟာ အနတ္တ.... (မှန်ပါ)၊ ဖြစ်ပျက်ဟာ ရောဂါ၊ဖြစ်ပျက်ဟာ ဘယပဲ-(မှန်ပါ)၊ ဒါကိုယ့်ခန္ဓာ ဘေးသင့်နေတာကိုး.... (မှန်ပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊

အဲဒါကြောင့် ဒကာဒကာမတို့၊ ဒီဖြစ်ပျက်ပဲ့ ရှုပါလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တော့ သူရင့်လာပါလိမ့်မယ်- (မှန်ပါ)၊ဦးခင်မောင် ဘယ်သူရင့်လာမလဲ....(ဉာဏ်ရင့်လာပါမယ်)၊ ဉာဏ်ရင့်လာမယ်၊ ဝိပဿနာမဂ် ရင့်လာမယ်-(မှန်ပါဘုရား)၊ ဒကာဒကာမတွေ ဘာရင့်လာမယ်.... (ဝိပဿနာမဂ် ရင့်လာပါမယ်ဘုရား)။

ဝိပဿနာမဂ် ရင့်လာမယ်နော်၊ အဲဒီတော့ ပြော်.... တပည့်တော်တို့ဘုရား ဝိပဿနာမဂ် ဆိုတော့ လောကုတ္တရာ မဟုတ်သေးဘူး ဝိပဿနာမဂ်ပဲ ရှိပါသေးတယ်၊ ဒါနဲ့မျှား သေသွားမယ်ဆိုယင်လဲ ဘာမှမပူနဲ့၊ ရှုရင်း သေသွားယင် မပူနဲ့- (မှန်ပါ)။

ရှုရင်း သေသွားလို့ရှိယင်ဖြင့် နတ်ပြည်ရောက်ပါလိမ့်မယ်.... (မှန်ပါ)၊နတ်ပြည် ရောက်တဲ့အခါကျတော့ နတ်သမီး ရင်ခွင်

http://www.dhammadownload.com



ထဲမှာသွားပြီး ထိုင်လျက်နဲ့ဖြစ်တယ်....(မှန်ပါ)၊ ဒီဝမ်းထဲတော့ မရောက်တော့ဘူး-(မှန်ပါ)၊ ကိုယ့်ပေါ်မှာ ကလေးပွေ့သလို ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီ သွားဖြစ်လို့ရှိယင်ဖြင့် ဒီကဖြစ်ပျက်ရှုလာတဲ့ ပုဂ္ဂိုလ်ဟာ ဒကာဒကာမတို့ အဆုတ်တိုင်ရဲ့ ပါင့်ဖော်မှာ သေသေချာချာ လာတယ်နော်....(မှန်ပါ)၊ သူ နတ်ပြည်ရောက်နေလဲ နတ်သမီးရှင်ခွင်ထဲ ငါရောက်နေပြီလို့ မသိသေးဘူးတဲ့၊ သူ့ခန္ဓာသူကြည့်ပြီးသကာလ ဖြစ်ပျက်မြင်ပြီး ဒီထဲတွင် သောတာပန်တည်တယ်၊ ရောက်ရောက်ချင်းတည်တယ်၊ ဒီက ဖြစ်ပျက်ရှုလျက်နဲ့သာ သေသွားသို့ရှိယင်....(မှန်ပါ့ဘုရား)။

ပူစရာရှိသေးရဲ့လား- (မရှိပါဘုရား)၊ ပို့လိုက်ကတည်းက ဖြစ်ပျက်ဉာဏ်က သူ့ဆီပို့လိုက်ပြီ.... (မှန်ပါ)၊ ရောက်သည်နဲ့ တစ်ပြိုင်နက်တည်း သောတာပန်တည်ပြီ။

အတည်မြန်လှချည်လားဘုရား ဆို၊ အို....ဒီက အာစိဏ္ဏကံ ပါသွားတယ်-(မှန်ပါ)၊ ဘာပါသွားပါလိမ့်.... (အာစိဏ္ဏကံ ပါသွားပါတယ်)၊အာစိဏ္ဏကံဆိုတာမပြတ်လေ့ကျင့်တဲ့အလုပ် ပါသွားတယ်....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

မပြတ်လေ့ကျင့်တဲ့အလုပ် ပါသွားတာဟာဘုရား မြန်လိုက်တာ အို....မြန်တာတော့ မပြောနဲ့ ဒကာဒကာမတို့၊ နတ်ဉာဏ်က ကျုပ်တို့ဉာဏ်မျိုးနဲ့မတူဘူး၊ ကျုပ်တို့ကတော့ ဉာဏ်က ဒီ ဟဒယဝတ္ထုပေါ်မှာ တည်တယ်နော်-(မှန်ပါ)၊ဉာဏ်ပေါ်မှ သလိပ်က ကျုပ်တို့ ခဏခဏထွေးရတဲ့ ချောင်းဆိုးတဲ့ ပုဂ္ဂိုလ်များ ထွေးရတဲ့ သလိပ်မရှိဘူးသာ.... (ရှိပါတယ်)။

http://www.dhammadownload.com



ချောင်းမဆိုးတဲ့ ပုဂ္ဂိုလ်လဲ သလိပ်ရှိတာပဲ....(မှန်ပါဘုရား)၊ အဲဒီ သလိပ်က ဒကာ ဒကာမတို့ တစ်ပြည်သားလောက် ရှိတယ်၊ အဲဒါ ညာဏ်ပေါ်အုပ်နေတယ်- (မှန်ပါ)၊နတ်ကတော့ အဲဒါကိုမရှိဘူး၊ အဲဒါလဲမရှိဘူး ဒီပြင် သွေးတွေကလဲမရှိဘူး– (မှန်ပါဘုရား)

အဲဒီတော့ ညာဏ်ဟာ နှလုံးသွင်းလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ညာဏ်ဟာ ဒါတွေဟာ ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်းတယ်၊ ဖြစ်ပျက်ဆုံးတာနဲ့ တစ်ခါတည်း မဂ်ဂင်ရှစ်ပါး သွား-သွားဖြစ်တယ်-(မှန်ပါဘုရား)၊ သူက အဖုံးမရှိလို့၊ သဘောကျပလား.... (ကျပါပြီ)၊သလိပ်သွေး,ပြည်ဖုံးသေးသလား၊(မဖုံးပါဘုရား)။

နတ်မှာ သလိပ်သွေးပြည် မရှိဘူး ဒကာ ဒကာမတို့....၊ (မှန်ပါ)၊သုံးဆယ့်နှစ်ကောဋ္ဌာသမစုံဘူး၊ လူမှာသာ သုံးဆယ့်နှစ်ပါးရှိတာကိုး....(မှန်ပါ)၊ ကေသာ,လောမာ, နခါ,ဒန္တာ, တစော-ဆိုတာ ဒကာဒကာမတို့ ရပြီးသားပေါ့ဗျာ (မှန်ပါ)၊ လူတော့ ဘယ်နှစ်ကောဋ္ဌာသရှိတယ်–(သုံးဆယ့်နှစ်ကောဋ္ဌာသပါဘုရား)၊ နတ်ကျတော့ အဲဒါ သလိပ်လဲမရှိဘူး၊ သွေးလဲ မရှိဘူး၊ ပြည်လဲမရှိဘူးဆိုတော့ ဒကာ ဒကာမတို့ စုံသေးရဲ့လား....(မစုံပါဘုရား)။

မစုံတော့ ညာဏ်ပေါ်ဖုံးတဲ့တရားတွေက အဖုံးတွေကပွင့်ပြီးသား ဖြစ်နေတယ်၊ ကျုပ်တို့မှာတော့ ညာဏ်က ဒီကနေတိုးထွက်ပြီးမှ ပါးစပ်ကထွက်နိုင်တာကိုး-(မှန်ပါ)၊ ပါးစပ်က နေပြီး ကောင်းတာလဲ ပြောနိုင်တယ်၊ ဆိုးတာလဲ ပြောနိုင်

http://www.dhammadownload.com



တယ်-(မှန်ပါ)၊ ဉာဏ်ပေါ်မှာ ဖုံးနေတာတွေက နည်းတာတွေမဟုတ်ဘူး-(မှန်ပါ)၊

သည်းခြေကဖုံးလိုက်၊ သွေးကဖုံးလိုက်၊ သလိပ်ကဖုံးလိုက်ဆိုတော့ ဘယ်တော့ ဉာဏ်ကလေးဟာ ဒကာ ဒကာမတို့၊ ထိုးထွင်းနိုင်သေးရဲ့လား-(မထိုးထွင်းနိုင်ပါဘုရား)။

အဲ-နတ်ဉာဏ်ကျတော့ ဒီလိုမဟုတ်ဘူးတဲ့၊ ဒါတွေဖယ်ပြီး ဖျတ်ခနဲ သူ့ခန္ဓာ လှည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒါတွေ အနိစ္စပဲ၊ ဒါတွေဟာ ဒုက္ခပဲ၊ ဒါတွေဟာ အနတ္တအစစ်ပဲ၊ ဒါတွေဟာ ရောဂါအစစ်ပဲ၊ ဒါတွေဟာ ဘေးသင့်နေတာ အစစ်ပဲဆိုပြီး ချက်ချင်း မြင်ပြီ၊သဏ္ဍာလ မလိုချင်တဲ့ ဝိပဿနာမဂ်ဉာဏ် တစ်ခါတည်း လာတယ်-(မှန်ပါ)၊ ရင်ခွင်ထဲမှာပဲ တစ်ခါတည်း သောတာပန် တည်ရတယ် .... (မှန်ပါဘုရား)၊ မမြန်ဘူးလား-(မြန်ပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာမဂ်နဲ့ သေလဲ ဘုန်းကြီးတို့ တရားတစ်ပွဲလုံး ဒကာဒကာမတွေက မပူပါနဲ့တဲ့....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

မဂ်ငါးပါးနဲ့ ဖြစ်ပျက်မြင်ပြီး သေယင်လဲမပူပါနဲ့တဲ့၊သုဂတိရောက်၊ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း သောတာပန် ဖြစ်မှာပဲ-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊

ဟာ....အဲ့ဒါက နှေးလှသေးတယ်ဘုရား ဆိုလို့ရှိယင်လဲ အခုကြိုးစား၊ အခုကြိုးစားတော့ ခုနကပါဠိကို မှတ်လိုက်၊ ဒီဥစ္စာရင့်ကျက်လာလို့ရှိယင်-တဲ့၊ရှေ့ကနေ ဝေဒနာဖြစ်ပျက်၊စိတ်တွေဖြစ်ပျက် တစ်ခုခုရှုနေလိုက်တယ်၊ ဖြစ်ပျက်တွေကို ပရိပက္ကခ

ကာမမနေစံ-တဲ့ ရင့်ကျက်တဲ့ အစဉ်အဘိုင်းဖြစ်လာလို့ရှိယင်ဖြင့် တဲ့ ပရိဘာဝိတဘာဝနာ .... တဲ့၊ မင်းတို့က ပွားသာပွားတဲ့၊ ပွားယင် ရင့်ကျက်မှာပဲတဲ့-(မှန်ပါ)။

ဖြစ်ပျက်တွေချည်းပွား၊ ပွားယင်ဘာဖြစ်မယ်....(ရင့်ကျက်ပါမယ်၊ အဲဒီတော့ ရင့်ကျက်ယင် မင်းတို့က မသိရပါဘူး-တဲ့၊ သူ့ဟာသူ ရင့်ကျက်လာတာ သူ့ဟာသူပြောင်းပါလိမ့်မယ်တဲ့-(မှန်ပါ)၊ ဒကာဒကာမတို့၊ ထမင်းကို နပ်ပါစေ၊ နပ်ပါစေ ဆုတောင်းရတာလား-တဲ့၊ သူ့ဟာသူ အချိန်ရောက်လို့နပ်သွားတာလား .... (သူ့ဟာသူ နပ်တာပါဘုရား)၊ ကိုယ့်တာဝန်က မီးထိုးရုံပဲနော်....(မှန်ပါ)။

ကိုယ့်တာဝန်ကဖြင့် ဒီဥစ္စာ မဘူးမခြစ်ရအောင် ကြည့်ရုံပဲ ရှိပါတယ်တဲ့၊ နပ်ပါစေတော့ဆိုလို့ နပ်တာလား၊ နပ်ချိန်ရောက်လို့နပ်တာလား.... (နပ်ချိန်ရောက်လို့နပ်တာပါဘုရား)၊ ဒီမှာလဲ ခင်ဗျားတို့ ဝိပဿနာဉာဏ်နဲ့သာ ရှုရှုပေးပါ....တဲ့၊ ရှုပေးတော့ ဖြစ်ပျက်ပဲ မြင်ပါလိမ့်မယ် -(မှန်ပါ)။

နောက် သူရင့်လာတဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါး ဖြစ်ပြီး ဖြစ်ပျက်တွေမရှိတဲ့ နိဗ္ဗာန်ကို သူ့ဟာသူ ကူးပါလိမ့်မယ်.... (မှန်လှပါဘုရား)၊ သူ့ဟာသူ ကူးပါလိမ့်မယ်၊ ဖြစ်ပျက်တွေ မရှိတာက နိရောဓသစ္စာပေါ့ဗျာ -(မှန်ပါ)၊ ဖြစ်ပျက်တွေက ဘာသစ္စာလဲ -(ဒုက္ခသစ္စာပါ)၊ဖြစ်ပျက်တွေမရှိတာက(နိရောဓ သစ္စာပါဘုရား)၊

အဲ — သူ့ဟာသူ ကူးလိမ့်မယ်တဲ့၊ ရင့်ယင် သူ့ဟာသူ ကူးလိမ့်မယ်၊ ခင်ဗျားတို့က ကူးပါစေဆိုလို့ မရဘူး-(မှန်ပါ

http://www.dhammadownload.com



ဘုရား၊ အဲဒီတော့ သူ့နာမရူပကျွမ်းကလဲ ဒကာဒကာမတို့-(ပရိပက္ကာ(ပ)သင်္ခါရေ) ဒီ သင်္ခါရတရားဆိုတဲ့ ဖြစ်ပျက်တွေကို အကုန်စွန့်ပစ်တယ်....(မှန်ပါ့)။

သင်္ခါရတရားတွေ ဘာတဲ့တုံး .... (အကုန်စွန့်ပါဘယ်)၊ စွန့်ပြီးတော့ ပက္ခန္ဒတိ အသင်္ခတ....တဲ့၊ အသင်္ခတဆိုတဲ့ နိဗ္ဗာန်ဘက် ပြေးဝင်သွားဘယ်....(မှန်ပါ့)၊ ရင့်တာနဲ့ ပြေးဝင်သွားဘယ်....(မှန်ပါ့)။

ရင့်တာနဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ်၊ မရင့်ကျက်ခင်တုန်းကတော့ ဖြစ်ပျက်ဆီမှာပဲ ဉာဏ်တွေ ပါနေတယ်....(မှန်ပါ့)၊ရင့်တော့ဘာတဲ့....(နိဗ္ဗာန်ဘက်ပြေးပါတယ်ဘုရား)။

ဖြစ်ပျက်တွေရှိတဲ့ဘက် မပြေးဘဲနဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ်တဲ့....(မှန်ပါ့)၊ဒါခင်ဗျားတို့က လုပ်ရတာလား၊ သူရင့်လို့ သူ့ဟာသူ ပြေးသွားတာသား....(သူရင့်လို့ ပြေးသွားတာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့က ဘာပူစရာ ရှိသလဲ၊ ခင်ဗျားတို့က လုပ်နေဖို့ပဲရှိတယ်....(မှန်ပါ့)။

ဒါဖြင့် ဝေဒနာကြိုက်တဲ့သူက ဝေဒနာ ဖြစ်ပျက်ရှု၊ စိတ်ကြိုက်တဲ့သူက (စိတ်ရှုရပါမယ်)၊သဘာကျပလား(ကျပါပြီ)၊ သူ့ဟာသူ ကူးလိမ့်မယ်ဆိုတာကော သေချာလား-(သေချာပါတယ်)၊ ဒါကြောင့် ပရိပက္ကာ(ပ) သင်္ခါရေ၊ ဦးခင်မောင် ရင့်လာသို့ရှိယင် သင်္ခါရတရားတွေ အကုန် စွန့်လိမ့်မယ်တဲ့....(မှန်ပါ့)။

ရှုသို့ ဉာဏ်ရင့်သာယာ်-(သင်္ခါရတရားတွေစွန့်ပါလိမ့်မယ်)၊ သင်္ခါရတရားဆိုတာ တခြားမှတ်မနေနဲ့၊ ဖြစ်ပျက်တွေစွန့်ရလိမ့်

http://www.dhammadownload.com



မယ်....(မှန်ပါ)၊ ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်ဟာ ဝင်သွားလိမ့်မယ်....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဖြစ်ပျက် ကိုယ့်ရှေ့တွင် ချုပ်လိမ့်မယ်၊ ချုပ်ပြီးအကာလ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကြီး ဒီနေရာတွင် ပေါ်လာလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ပက္ခန္ဒတိ အသခ်တေ။ အသခ်တေ = အသခ်တဘက်သို့။ ဝါ=ဖြစ်ပျက်မရှိတဲ့ဘက်သို့။ ပက္ခန္ဒတိ=ပြေးဝင်သွားပါလိမ့်မယ်။တဲ့ ဦးခင်မောင် ဓိမဂ်တွေက ....(မှန်ပါဘုရား)၊ ရှစ်ပါးဖြစ်ပြီးပြေးဝင်လိမ့်မယ်ဆိုတာသေချာပလား-(သေချာပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတွေ အင်မတန် အဖိုးတန်တယ်ဆိုတာပေါ်ကြပလား....(ပေါ်လာပါပြီ)၊ခင်ဗျားတို့အလုပ်က ဖြစ်ပျက်ရှုဖို့ပဲ.... (မှန်ပါဘုရား)၊နိဗ္ဗာန်ဘက်ပြေးဖို့ရာကတော့ မဂ်အလုပ်....(မှန်ပါ)၊ ခင်ဗျားတို့က ရှုရမှာက....(ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်မြင်အောင် ရှုဖို့ပဲ၊ ရမ္မီလာယင် ဒီဉာဏ်သည် ဘယ်ဘက်ပြေးမတုံး....(နိဗ္ဗာန်ဘက်ပါ)၊ ဖြစ်ပျက်ဘက် မနေတော့ဘူး၊ နိဗ္ဗာန်ဘက်သွားဟာသူ ပြေးမယ်....(မှန်ပါဘုရား)။

ခင်ဗျားတို့ ပူစရာရှိသေးသလား....(မရှိပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်မှုနိဗ္ဗာန်ဝင်မယ်....(မှန်ပါ)၊ ဖြစ်ပျက်မမြင်သေးယင်-(နိဗ္ဗာန်မဝင်ပါ)၊သဘောပါပလား(ပါ့ပါပြီဘုရား)၊

ကိုင်း....ဒီနေ့ နာရီတောင် ပိုသွားပြီ၊ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊
မန္တလေးမြို့၊ ဦးချစ်ဆွေမှာရှင်၌
ဟောကြားတော်မူသော

(ကိုယ့်ခန္ဓာကိုယ်)

## သုံးသပ်ပုံတရားတော်

(၃-၃-၆၁)

သုံးဆယ့်တစ်ဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ တွေ့ကြမှာ မဟုတ်ပါဘူး ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားပါနော်.... (မှန်ပါ့ဘုရား)၊ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်တဲ့နေရာ ရှိပါ့မလား.... (မရှိပါဘုရား)။ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်တဲ့နေရာ....(မရှိပါဘုရား)။

ဒီထဲမှာဆာ ရှာနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် မရှိရာ ရှာသောကြောင့် မရမှာတ သေချာတယ်....(မှန်လှပါဘုရား)၊ မရှိရာ ရှာသောကြောင့်....(မရမှာဆ သေချာပါတယ်ဘုရား)။

အဲဒီ မျက်စိလည်ပြီးသကာလ နေပြီဆိုမှဖြင့်လဲ သုံးဆယ့်တစ်ဘုံထဲမှာဖြင့် နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာပြည်ကောင်းနိုးနိုး၊ စကြဝဠာ မန္ဒာတ်ဖြစ်ရလို့ လူ့ပြည်လာပြီးနေရလို့ရှိယင် ကောင်းနိုးနိုးဆိုပြီး သကာလ ဒီလို ရှာကြယ်ဆိုလို့

http://www.dhammadownload.com



ရှိယင်ဖြင့် အသေလွတ်ရာရှာကြွားသော်လည်း သေရာသာတွေ့မယ် ဆိုတာ မှတ်ကြစမ်းပါ....(မှန်ပါဘုရား)။

အသေလွတ်ရာ ရှာကြွားသော်လဲ (သေရာသာတွေ့ပါ မယ်)၊ သေရာသာ တွေ့မယ်ဆိုတာဖြင့် ငြင်းဆန်ဖို့ လိုသေး သလား....(မလိုပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ သတိပေးရတယ်၊ ဒီခန္ဓာ ကိုယ်ကြီးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာမှုတစ်ပါး ဘယ် ခန္ဓာပဲရရ၊ သူ့အလုပ်က သေရာသွားတဲ့အလုပ်.... (မှန်ပါ ဘုရား)၊ ခန္ဓာအလုပ်က ဘာပါလိမ့်-(သေရာသွားတဲ့အလုပ်ပါ ဘုရား)၊ခန္ဓာ့အလုပ်ကဖြင့် သေရာသွားတဲ့အလုပ်ကိုသာ သူလုပ် လုပ်ပြတာ အမြဲတမ်းအလုပ်နေဘ်....(မှန်ပါ)။

အဲဒီတော့ ဘုန်းကြီးများက သတိပေးရတယ်၊ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ဥစ္စာကလဲ သုံးဆယ့်တစ်ဘုံထဲမှာဖြင့် မသေရာရှာလို့ ရှိယင်ဖြင့် မရှိပါဘူးဆိုတာ ခင်ဗျားတို့ကလဲ သစ္စာဉာဏ် မပိုင်တော့ မသိဘူးပေါ့ ဦးခင်မောင်ကြီးရာ.... (မှန်ပါဘုရား)။

သစ္စာဉာဏ်တွေ ပြန့်စဉ်းစားလိုက်တဲ့အခါကျတော့ အဇာ တိ-ဇာတိမရှိတဲ့နေရာမှာလဲ ပဋိသန္ဓေမနေတဲ့ နေရာမှာလဲ ဦးခင် မောင် မသေမှာပေါ့ဗျာ-(မှန်လှပါဘုရား)၊ဦး၀-ဘယ်နေရာမှ ပါလိမ့်-(ပဋိသန္ဓေမနေတဲ့ နေရာမှာပါဘုရား)၊ ပဋိသန္ဓေမနေ ရတဲ့နေရာဖြင့် မသေရတော့ဘူး ဒကာ ဒကာမတို့-(မှန်ပါ)။

ပဋိသန္ဓေ မနေရတဲ့နေရာမှာဖြင့် ဒကာသင်တို့-(မသေရပါ ဘုရား)၊ ပဋိသန္ဓေမှ မဖြစ်လို့ရှိယင် အိုစရာကော ဖြစ်ပါဦး

http://www.dhammadownload.com



မလား...(မဖြစ်ပါဘုရား)၊ နာစရာကော....(မဖြစ်ပါဘုရား)၊ သေစရာကော...(မဖြစ်ပါဘုရား)။

ဩြော်....ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလိုရှိယင်ဖြင့် ယုန်ရှာ့ရှာနေတဲ့ အဓိပ္ပာယ်မျိုးတော့ မကောင်းပါဘူး.... (မှန်ပါ)၊ တောထဲက ယုန်ကလေးသည်ကားလို့ ဆိုယင်ဖြင့် နေ့လယ်ကျလို့ရှိယင် ချုံထဲမှာသာ အောင်းနေရတယ်၊ သူက ဘယ်သတ္တဝါလာလာ ကြောက်ရမည့် သတ္တဝါကလေး၊ ဖြစ်နေတော့ ဦးခင်မောင်ရေ....ဒီနေရာ ဒီချုံပုတ်ကလေးထဲမှာပဲ ကျင်ကြီးစွန့်ရတယ်နော်-(မှန်ပါ)၊ ဒီနေရာမှာပဲ ကျင်ငယ်စွန့်ရတယ်ဆိုတော့၊ ဩြော်....ဒီမြေပေါ်မှာဖြင့် ကြောက်ရတာများလှချည်ရဲ့ ဆိုပြီးသကာလ ခုန်လိုက်ပါတယ်။

ခုန်ပေမယ့်လဲ ဒုက္ခ ဒုက္ခမတို့၊ ယုန်ခုန်တာကတစ်ခါတစ်နှစ်တောင် မြင့်တော့မပေါ့ ဦးခင်မောင်ရေ (မှန်ပါဘုရား)၊ နောက် ဘယ်ပြန်ကျမယ်ထင်သလဲ.... (မြေကြီးပေါ်ပြန်ကျမှာပါဘုရား)၊ မြေကြီးပေါ် ပြန်ကျမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဒီဘုံမကောင်းလို့ ဟိုဘုံပြောင်းလို့ရှိယင်လဲ ဟိုသင်္ချိုင်းကျမှာပါပဲ....(မှန်ပါဘုရား) ဒီသင်္ချိုင်းမှာ မသေချင်ပါဘူး ဆိုတာနဲ့ ဘာထူးသေးသတုံး.... (မထူးပါဘုရား)၊ ယုန်သည် မြေပေါ်မှာ မုန်း၍ မြေကို ခုန်ခြားသော်လဲ ခုန်ရာ ရောက်ပါရဲ့လား.... (မရောက်ပါ)၊ မြေပေါ်ပဲ ပြန်မကျဘူးလစ်း....(ကျပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ ဒကာဒကာမတို့၊ သစ္စာမသိဘဲနဲ့ သုံးဆယ့်တစ်ဘုံထဲ အသေလွတ်ရာ ရှာနေကြမယ်ဆိုလို့ရှိယင်ဖြင့် အသေပဲပြန်တွေ့ကြမယ်....(မှန်ပါ)။

ကဲ....ဘာပဲတွေ့ကြမလဲ–(အသေပဲ တွေ့ကြပါမယ်ဘုရား)၊ ဪ.... အသေလွတ်ရာ ရှာကြငြားသော်လဲ တုန်းကြီးတို့ ဒကာဒကာမတွေ ဘာပဲတွေ့နေကြပါလိမ့်-(အသေပဲတွေ့နေကြပါတယ်ဘုရား)။

အသေပဲတွေ့နေ လို့ရှိယင်ဖြင့် ဒကာဒကာမတို့ ဘုရားပွင့်တုန်း, အခုလို ဆရာကောင်း သမားကောင်းတွေနဲ့ ကြုံတုန်း ဆုံတုန်း အသေလွတ်ရာ ပြနေတဲ့အချိန်မှာဖြင့် အရေးတကြီး ငါတို့ သိမ်းပိုက်ပြီး အရယူမယ်ဆိုတဲ့စိတ် မွေးဖြစ်အောင်မွေးကြပါဆိုတာ ပြောရတယ်နော်....(မှန်လှပါဘုရား)။

ဒါမှ မမွေးလို့ရှိယင်လဲ ခင်ဗျားတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတဲ့ဥစ္စာလဲ သိကြပြီ မဟုတ်လား....(မှန်ပါဘုရား)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ မရကြလို့ရှိယင်လဲ မသေရာ မြင်ကြပါမလား....(မမြင်ပါဘုရား)၊ မမြင်လို့ရှိယင်လဲ သွားတတ်ပါမလား....(မသွားတတ်ပါဘုရား)။

မသွားတတ်လို့ရှိယင်ဖြင့် သုံးဆယ့်တစ်ဘုံထဲ လိုက်ရှာတော့ သံချိုင်းပဲ ပြန်ရောက်မှာပဲ-(မှန်ပါဘုရား)၊ သုံးဆယ့်တစ်ဘုံထဲ သာ ရှာကြမယ်ဆိုယင် ဘာသာရကြမလဲ....(သံချိုင်းသာရကြပါမယ်ဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့၊ သံချိုင်းရတဲ့အလုပ်ကို ရှောင်ပြီးသကာလ ဇာတိမရှိတဲ့အရပ်, ဇရာမရှိတဲ့အရပ်, ဗျာဓိမရှိတဲ့အရပ်, မရဏမရှိတဲ့ အရပ်ကိုသာ ကျုပ်တို့ မဂ္ဂင်လမ်းနဲ့

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးနဲ့ မဂ္ဂင်ငါးပါး လမ်းမြောင်ကလေး မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးကို ကျုပ်တို့ လိုက်ရလို့ရှိယင်ဖြင့် မသေရာအမှန် ပြည်နိဗ္ဗာန်သို့ ကေန် ရောက်ပါလိမ့်မယ်ဆိုတာ ဦးခင်မောင်တို့ သေသေချာချာ မှတ်ရလိမ့်မယ် ... (မှန်ပါဘုရား)။

မဂ္ဂင်ရှစ်ပါး တည်းဟူသော လမ်းမတော်ကြီးက နိဗ္ဗာန်အဖြောင့်သွားတယ်၊ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်သွားပါတယ်-(မှန်ပါဘုရား)၊ သို့သော်မဂ္ဂင်ငါးပါးဆိုတဲ့လမ်းမြောင်ကလေးမှ လမ်းမကြီးပေါ် ရောက်အောင် ဆွယ်ပြီးသကာလ မတက်လိုက်လို့ရှိယင်လဲ လမ်းမတော်ပေါ်ရောက်နိုင်ပါ့မလား-(ရောက်ပါဘုရား)၊

လမ်းမတော်ပေါ်မှ မရောက်နိုင်လို့ ရှိယင်လဲ မသေရာမှန် မြတ်နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကြီးဟာလဲ လမ်းမတော်ပေါ် ရောက်မှသာလျှင် မြင်ရ၊ ကြုံရ၊ တွေ့ရ၊ ရောက်ရ ဆိုသလို ဖြစ်ပြီး သကာလ နေဘော့ ဒကာ ဒကာမတို့၊ လမ်းမြောင်ကလေးလိုက်ပြီးလမ်းမတော်ပေါ်ရောက်အောင် လျှောက်ပါ-(မှန်ပါ)။

လမ်းမတော်ပေါ် လျှောက်ပြီးမှ မြို့တော်အဆိုက်သွားကြပါဆိုတဲ့ဥစ္စာကိုလဲ ဆရာသမားများက ပြနေတယ်ဆိုတဲ့ဥစ္စာကိုလဲ သဘောကျကြပါပြီ....(မှန်ပါဘုရား)။

ဒါကြောင့် အဲဒီလမ်းကို ရောက်ချင်ကြတယ်၊ ရချင်ကြတယ် ဆိုလို့ရှိယင်လဲ ကိုယ့်မျက်လုံးအတော့ဖြင့် မတတ်နိုင်

http://www.dhammadownload.com



ပါဘူး၊ သူတော်ကောင်း ဆည်းကပ်မှ ရတော့မှာပဲ....(မှန်ပါ ဘုရား)၊သူတော်ကောင်းမဆည်းကပ်ယင်ဖြင့်-(မရပါဘုရား)။

သူတော်ကောင်း ဆည်းကပ်ပြီး သူတော်ကောင်း လိုမ်နေ ငြားသော်လဲ သူတော်ကောင်း ပြောတဲ့တရား မနာပြန်လို့ ရှိယင်လဲ ဒီ....လမ်းမတော်ကြီး တက်နိုင်ကြပါ့မလား....(မတက် နိုင်ပါဘုရား)။

အဲဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာဆိုတာ မလိုလားဗျာ.... (လိုပါတယ်ဘုရား)၊ တရားနာရုံကလေးနဲ့လဲ မပြီးသေးဘူးတဲ့ ဒကာဒကာမတို့၊ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကို မလုပ်ပြန်လို့ရှိယင်လဲ၊ ခန္ဓာဉာဏ်မစိုက်လို့ ရှိယင်လဲ ခန္ဓာ ကိစ္စ မသိသေးကြောင့် ခန္ဓာလွတ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုသွားချင်တဲ့စိတ် ပေါ်မှာမဟုတ်တဲ့ အတွက်....တဲ့၊ ခန္ဓာကြည့်လဲ၊ အလုပ်ကိုလဲ လွန်စွာအားထုတ်တဲ့.... (မှန်ပါ့)၊ အားထုတ်ရလိမ့်မယ်နော်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာ အားထုတ်၊ ဘယ်အပေါ် အားထုတ်ရမှာတုံးလို့ မေးစရာ ရှိနေမှာစိုးလို့ မာဂဏ္ဍီပုဏ္ဏားကြီးအား ဘုရားရှင်အား ဟော လိုက်တယ်၊ နာမ်နဲ့ ရုပ်လို့....တဲ့။

နာမ်နဲ့ ရုပ်ကို ဘယ်လို ရှုရမှာတုံးဆိုတော့ အို....နာမ်ကို နာမ်လို့ သိနေရုံနဲ့ မပြီးသေးဘူး၊ ရုပ်ကို ရုပ်လို့ သိရုံနဲ့ မပြီး သေးဘူး၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ကိုယ့်ဉာဏ်ထဲမှာ ဖြစ်ချုပ်ကိုလဲ မြင်ရဦးမယ်....(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဤ္ငါးအင် မှန်ပင် မဂ်ရကြောင်းဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ ဒါကို မှတ်မိကြပြီနော်....(မှန်ပါ့ဘုရား)၊

"သူဘော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာ အား ထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း...."

သဘောကျ၊လား.... (ကျပါပြီဘုရား)၊ ကဲ....သုံးခေါက် လိုက်ပါဦး....(သုံးခေါက်ချပေးသည်)၊ ကဲ-သုံးခေါက်လောက် ဆိုကြည့် ကြစမ်း အားလုံး....(သုံးခေါက်ဆိုကြသည်)။

အို....ဒီလို သုံးလေးရက် ဒကာဒကာမတွေ ကျေပွန်သွား လို့ရှိယင်ဖြင့် ဒီလုပ်စဉ်ကြီး သိသွားတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်စရာ ကောင်းတယ်နော်....(မှန်ပါ့ဘုရား)၊

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာ သမ္မ သန သုတ်ဆိုပြီး ဟောပါတယ်၊ ဒကာဒကာမတို့၊ သမ္မသန သုတ်ဆိုတာ သူများ မသုံးသပ်ပါနဲ့၊ ကိုယ့်ကိုယ်ကို သုံးအပ် စမ်းပါ ဆိုတာကို ကုရုတိုင်းမှာပဲ ဟောတော်မူတယ်နော်.... (မှန်ပါ့ဘုရား)၊ ဘယ်မှာသုံးသပ်ရမှာပါလိမ့်....(ကိုယ့်ကိုယ်ကို သုံးသပ်ရမှာပါဘုရား)။

ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်ပါတဲ့ ဒကာဒကာမတို့နော်.... (မှန်ပါ့)၊ ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်တဲ့ အခါ ကျလို့ရှိဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့...မင်းတို့ ကိုယ့် ကိုယ်ကို သုံးသပ်ကြရဲ့လားလို့ ကုရုတိုင်းမှာ ရဟန်းတွေကို မေးလိုက်တဲ့အခါ ရဟန်းတစ်ပါးက တပည့်တော်တို့-(သုံးသပ် ပါတယ်ဘုရား)၊

http://www.dhammadownload.com



ခြောက်....မင်းတို့သုံးသပ်တာ ပြောစမ်းပါဦး၊ကွာ၊ ဟိုတပည့်တော်ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ သုံးသပ်ပါတယ် ဘုရား ဆိုတော့ ဘုရားအလိုမကျဘူး....(မှန်ပါဘုရား)။

ဘာကြောင့် အလိုမကျသတုံးလို့ မေးတဲ့ အခါ ကျတော့ ဟိုက အသုဘကမ္မဋ္ဌာန်း ဖြစ်နေတယ်....(မှန်ပါ)၊ ဒီက သစ္စာမ္မဋ္ဌာန်းကို ဘုရားက လိုချင်တယ် .... (မှန်လှပါဘုရား)၊ သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာကမ္မဋ္ဌာန်းတဲ့တုံး .... (အသုဘကမ္မဋ္ဌာန်းပါ)၊ ဘုရားက လိုချင်တာက....(သစ္စ ကမ္မဋ္ဌာန်းပါဘုရား)။

သစ္စကမ္မဋ္ဌာန်းကို လိုချင်တဲ့ အတွက် ဘုရားက အလိုမကျတော့ အရှင်အာနန္ဒာက အနားမှာ ရှိတယ်၊ အရှင်ဘုရား.... အရှင်ဘုရား ပြောမှ သိရမယ့် ပုဂ္ဂိုလ်၊ နာရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရာ့၊ အရှင်ဘုရားသာ ဟောတော်မူပါ၊ အရှင်ဘုရားသာ ဆုံးမတော်မူပါ....ဆိုတော့ အေး .... ကောင်းစွာ နာကြ၊ ကောင်းစွာ နာကြကွ ...ဆိုပြီး ဘုရားသခင်ကိုယ်တော် မြတ်ကြီး မင်းတို့ခန္ဓာထဲမှာသုံးသပ်စမ်းပါကွ....ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုံးသပ်ခိုင်းတဲ့ ဥစ္စာ ဒုက္ခာ ဒုက္ခာမတို့၊ အို့၊ နာ့၊ သေ....(မှန်ပါ)။

ဒုက္ခာဒုက္ခာမတို့၊ ခန္ဓာကိုယ်ထဲမှာ အိုဘတ်တဲ့ တရားလဲ ရှိတယ်၊နာတတ်တဲ့တရား၊ သေတတ်တဲ့တရားတော-(ရှိပါတယ် ဘုရား)၊ ခန္ဓာငါးပါးသည် ဒုက္ခာဒုက္ခာမတို့၊ ဇရာပိဒုက္ခသစ္စံ ဆိုတာလဲ ခန္ဓာငါးပါး ဗျာဓိပိဒုက္ခသစ္စံဆိုတာလဲ ခန္ဓာ

http://www.dhammadownload.com



ငါးပါး၊ မရဏမ္ပိ ဒုက္ခံ သစ္စံ...ဆိုတာကော- (ခန္ဓာငါးပါး ပါဘုရား)၊ ခန္ဓာငါးပါးပဲဆိုတာ မှတ်ကြပါ....ဒကာဒကာမ တို့ ...။

အဲဒီတော့ မင်းတို့ ခန္ဓာကိုယ်ကို မင်းတို့ ရှုလိုက်စမ်းပါ ကွာတဲ့၊ အို၊နာ၊သေဟာ ဘယ်ကလာပါလိမ့်မလဲလို့ မင်းတို့ သုံးသပ်လို့ရှိယင် အရင်းအမြစ် ပေါ်လာပြီး သက်ာလ အရင်းအမြစ်ဖြတ်တတ်တဲ့ဉာဏ် လာပါလိမ့်မယ်ကွ၊ ဒါကြောင့် စပြီးသုံးသပ်စမ်းပါ ဆိုပြီးသကာလ အို၊နာ၊သေ ဘယ်က လာပါလိမ့်မလဲလို့ ဆင်ခြင်ကြစမ်းပါ (မှန်ပါ)။

ဒကာ ဒကာမတို့၊ အို၊နာ၊သေ ဘယ်က လာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ အေး....ခန္ဓာငါးပါး က လာတယ် ဒကာဒကာမတို့ ရိပ်မိပြီ၊ အို၊ နာ၊သေ ဆိုတာ ခန္ဓာငါးပါးက လာတယ်....နော်....(မှန်ပါ)၊ အို၊နာ၊သေ ဘယ်ကလာပါလိမ့် ဒကာ ဒကာမတို့.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)၊ အေး....ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာ ငါးပါးက လာတယ်နော်....(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဘယ်ခန္ဓာရယင် အရ တော် လေစွလို့ ဆိုကြမလဲ.... (ဘယ်ခန္ဓာမှ အရမတော်ပါဘုရား)၊ ဦးခင်မောင် ဆိုချင်သေးသလား-(မဆိုချင်ပါဘုရား)၊ အား လုံး ဒကာဒကာမတွေ ခန္ဓာကိုယ်ရတယ်လို့ဆိုယင်ဖြင့် ဘာတွေ အညွန့်အညောက် ပေါက်မယ်ဆိုတာလဲ သိပြီးသား ဖြစ်နေ ကြတဲ့အတွက် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့်မလဲ....(ခန္ဓာ ငါးပါးက လာပါတယ်ဘုရား)။

http://www.dhammadownload.com



ကြော်....ဒီလိုသုံးသပ်စမ်းပါကွာ၊ ဒီလိုသုံးသပ်စမ်းပါကွာ- ဒီလိုဆိုယင်ဖြင့် အမြစ်အရင်းတွေပေါ်ပြီး မင်းဘို့ဖြစ်တတ်တဲ့ ဉာဏ် ငါဟောလို့ လွတ်ပါလိမ့်မယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်ကြီးကို သေးမျိုးနဲ့ အပြတ်ထားပြီး သကာလ သစ္စာဆိုက်အောင် ဟောနေ တယ်လို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒကာဒကာမတို့၊ ခင်ဗျားတို့ သိအောင် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်)၊ အင်း....စာကတော့ ဥပမိ နိဒါန်....လို့ဆိုတယ်၊ ခန္ဓုပဓိက လာတယ်လို့ ဆိုတာပါပဲ၊ သို့သော် ဒကာဒကာမတွေ နား လည်မှု တန်ဆာဆင်လိုက်တဲ့ အခါကျတော့ ခန္ဓာငါးပါးက လာတဲ့ အို၊ နာ၊ သေဆိုတာ မသေချာဘူးလား.... (သေချာ ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဘယ်ခန္ဓာ ရလို့ရှိယင် အို၊ နာ၊ သေ လွတ်ပါ့မလဲ....(ဘယ်ခန္ဓာမှ မလွတ်ပါဘုရား)၊ ဒါဖြင့် ဘယ်ခန္ဓာ ဆုတောင်းသင့်သလဲလို့ မေးလို့ရှိယင် ဘယ့်နှယ် ပြောကြမလဲ.... (ဘယ်ခန္ဓာမှ ဆုမတောင်းသင့်ပါ ဘုရား)၊ ဘယ်ခန္ဓာမှ ဆုမတောင်းကြပါနဲ့၊ သူက ထွက်လာတဲ့အညွန့် အညှောက်တွေဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

ခန္ဓာက ထွက်လာတာ အိုညွန့်၊ နာညွန့်၊ သေညွန့်မှတစ်ပါး ဘာများ ထွက်သေးသတုံး.... (ဘာမှမထွက်ပါ ဘုရား)။ ဒါကြောင့် အို၊ နာ၊ သေ ဘယ်ကလာပါလိမ့်—(ခန္ဓာကလာ ပါ

http://www.dhammadownload.com



တယ်ဘုရား)။ ဩော်....ဒကာ ဒကာမတွေ သိသွားဘော့ ဒကာ ဒကာမတို့ ခန္ဓာကအကြောင်း၊ အို၊ နာ၊ သေက (အကျိုးပါဘုရား)။

ဤအကြောင်းအကျိုးဆုံးအောင် ကျင့်နိုင်တဲ့ အကျင့်သည် ကား ခန္ဓာအကြောင်း သမုဒယ၊ အို၊ နာ၊ သေကာ အကျိုး ဒုက္ခ—(မှန်ပါ့)၊ ရှင်းပသား-(ရှင်းပါပြီ)၊ ခန္ဓာက-(အကြောင်း သမုဒယပါ)၊ အို၊ နာ၊ သေက—(အကျိုးဒုက္ခပါဘုရား)၊ ရှင်းပြီ နော်၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ သိသွားပြီနော်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သည် အို၊ နာ၊ သေကို လွတ်အောင် ကျင့်နိုင်တဲ့ အကျင့်ကိုတော့ ဘာဆိုကြမလဲ.... (မဂ္ဂသစ္စာပါ ဘုရား)၊ ကျင့်လိုက်တဲ့ အခါကျတော့ ဒီခန္ဓာချေ အို၊ နာ၊ သေ ရော လွတ်သွားမယ်ဆိုယင် ဘာသစ္စာတုံး- (နိရောဓသစ္စာပါ ဘုရား)။

အေး....ဒီလိုသစ္စာလေးပါး သိတဲ့ဉာဏ်ကို ဘုရားကဟော ချင်လို့ ကိုယ့်ခန္ဓာကိုယ် သုံးသပ်ကြစမ်းပါကွလို့ သေသေချာ ချာ ဟောတော်မူပါတယ်....(မှန်ပါ့)၊ သဘောပါကြပလား.... (ပါ-ပါတယ်ဘုရား)။

တစ်ခါတွေးကြဦးစို့ ဒကာဒကာမတို့၊ ဩော်....တပည့် တော်တို့ဖြင့်—(ယနေ့ထူးထူးခြားခြားပဲ သိပါပြီဘုရား)၊ ခန္ဓာ ရှိယင် အို၊ နာ၊ သေ တည်းဟူသော အညွန့်အညှောက်တွေ ပေါက်ရတော့မယ်၊ မပေါက်ပါနဲ့ဆိုလို့.... (မရပါဘုရား)။ ကျွေးရင်းမွေးရင်းနဲ့လဲ—(ပေါက်ပါအယ်ဘုရား)။

http://www.dhammadownload.com



အိုညွှန့်၊ နာညွှန့်၊ သေညွှန့်တွေ ဘယ့်နှယ်တုံး- (ပေါက်ပါတယ်ဘုရား)၊ ဆင်ရင်းပြင်ရင်းနဲ့ဆော- (ပေါက်ပါတယ်ဘုရား)၊ အိုညွှန့်၊ နာညွှန့်၊ သေညွှန့်တွေက ပေါက်လာတာပဲ ဒကာ ဒကာမတို့၊ သဘောကျပလား-(ကျပါပြီ)၊ ဆေးတွေဝါးတွေကုရင်း မတ္တာနဲ့ကော- (ပေါက်ပါတယ်ဘုရား)၊ အို၊ နာ၊ သေပဲ ပြန်ပေါက်ပွားလာတယ်ဆိုတာ ရှင်းကြပလား- (ရှင်းပါပြီ)။

ဒါ ဒကာဒကာမတို့၊ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိယင် ဖြစ်ရဲ့ ဘယ်လိုထားလို့မှ မရတဲ့ ခန္ဓာကြီးဆိုတာ သေချာကြပလား-(သေချာပါပြီ)။

ဒါကြောင့် ဒီခန္ဓာ ဘာသစ္စာ-(သမုဒယသစ္စာပါဘုရား)၊ အို၊ နာ၊ သေက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ၊ ဒီခန္ဓာကြီးက သမုဒယသစ္စာ၊ အို၊ နာ၊ သေက....(ဒုက္ခသစ္စာပါဘုရား)။

သူတို့ကို လွတ်အောင် ကျွတ်အောင် ကျင့်နိုင်တဲ့ အကျင့်က (မဂ္ဂသစ္စာပါဘုရား)၊ ကျင့်လိုက်လို့ လွတ်သွားလို့ ရှိယင်.... (နိရောဓသစ္စာပါဘုရား)။

အဲ....ဒီနှစ်ခု လွတ်သွားယင် နိရောဓသစ္စာဆိုတာ ဒကာဒကာမတို့ ခန္ဓာနဲ့တကွ....အို၊နာ၊သေ ချုပ်တာကို ဆိုပါတယ်-(မှန်ပါဘုရား)၊ ခန္ဓာနဲ့တကွ-အို၊နာ၊သေ ချုပ်တာကိုဘာဆိုကြမလဲ-(နိရောဓသစ္စာပါဘုရား)၊နိရောဓသစ္စာ၊ဒါအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ ရကြမှာပေါ့ဗျာ....(မှန်ပါဘုရား)။

http://www.dhammadownload.com



ကိုင်း- ဒါဖြင့် ဒုက္ခဒုက္ခမတို့ တွေးသာအောင် ဆက်ပြီး သဏ္ဍာလ ဘုရားက သမ္မာသနသုတ်ဆိုတာ တွေးကြကွ....တဲ့၊ ဒီခန္ဓာကြီးကလဲ ဘယ်ကများ လာပါလိမ့်မလဲဆိုတဲ့အမေးကို ပြန်မေးပါ-(မှန်ပါ)၊ ဘယ်ကလာပါလိမ့်.... (တဏှာက လာပါတယ် ဘုရား)။

ဟုတ်ပြီး ဒကာဒကာမတို့၊ သုံးရက်တောင် ရှိသွားတော့ ဒကာ ဒကာမတွေ နစးပါးလာပြီ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားသည်အားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်အများလာပါလိမ့်– (တဏှာက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တဏှာက ဘာသစ္စာ....(သမုဒယသစ္စာပါ ဘုရား)၊ ခန္ဓာက.... (ဒုက္ခသစ္စာပါဘုရား)၊ သူတို့နှစ်ခု ချုပ်အောင် ကျင့်တဲ့အကျင့်က....(မဂ္ဂသစ္စာပါဘုရား)၊ နှစ်ခုစလုံး ချုပ်သွားယင်....(နိရောဓသစ္စာပါဘုရား)။

ဒါကြောင့် တဏှာ နိရောဓော နိဗ္ဗာနံ၊ ခန္ဓနိရောဓော နိဗ္ဗာနံလို့ ဘုရားကဟောလိုက်ပြန်တယ်-(မှန်ပါဘုရား)၊ဒီသစ္စာ ကို အများကြီး သိချင်လို့ ဦးဇံရင်တို့၊ ဦးမြရွှေတို့နေခဲ့.... (မှန်ပါ)၊ သုံးဆယ့်နှစ်ကောဋ္ဌာသကို သူအလိုမရှိဘူး၊ ဘုရား သခင် ကိုယ်တော်မြတ်ကြီးကို ရဟန်းတစ်ပါးက ထ,ဖြေတော့ ကျေနပ်ကဲ့လား ဘုရားက....(မကျေနပ်ပါဘုရား)။

မကျေနပ်ဘူးတဲ့၊ သစ္စာမဆိုက်သေးတဲ့အတွက် မကျေနပ် ဘဲဖြစ်ပြီး သဏ္ဍာလနေတော့ ဘုရားရှင်က သစ္စာ ဟောချင် တာ၊ ဟိုဟာလဲ ဟောတာပါပဲ၊ သို့သော် ဒီအကွက်မှာ သစ္စာ ကို မြင်မြင်ထင်ထင်ကြီး ပြချင်တာနဲ့ ဒကာ ဒကာမတို့၊ ဟို

http://www.dhammadownload.com



ရဟန်းကျင့်စဉ်က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မကျေနပ်ဘဲ ဖြစ်နေတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဩော်....ဘုန်းကြီးတို့ ဒကာဒကာမတွေ အခု တရားနဲ့ ကြတာ ခန္ဓာ ဘယ်နှစ်ပါးနဲ့ပါလိမ့်....(ငါးပါးနဲ့ပါ ဘုရား)။ အင်း....ဟင်း....ဘယ်သူကများ တည်ထောင်လိုက်လို့ ဒီခန္ဓာ ငါးပါးကြီးနဲ့ အခု ဒီလိုကြုံဆုံပြီး နေကြရပါလိမ့်မလဲ.... (တဏှာက တည်ထောင်လိုက်လို့ပါ ဘုရား)။

ဩော်....တဏှာကစီမံလိုက်တဲ့အတွက် လူ့ပြည်, နတ်ပြည် ဗြဟ္မာ့ပြည်ရ-ရပါလိမ့်ဆိုတဲ့ တဏှာက စီမံလိုက်တော့ ကံကနေပြီး အားထုတ်လိုက်တော့ ဒကာ ဒကာမတို့၊ တဏှာက လက်သည်ပါ၊ ဥပါဒါန်က သူခိုင်းတာ လုပ်ရတာပါ၊ ကံကလဲ ဒကာဒကာမတွေ သိတဲ့အတိုင်း တဏှာခြယ်လှယ်ရာ လုပ်ရတဲ့ အတွက် ခန္ဓာငါးပါး ပေါ်မလာဘူးလား.... (ပေါ်လာပါတယ် ဘုရား)။

ဒါကြောင့် တဏှာ ဥပါဒါန်၊ ကံသုံးပါးတွင် ဥပါဒါန်ကံ တွေကို ဘုရားက ဖြုတ်ထားပြီး ဒီနေရာမှာ တဏှာက လစတယ်ပြောလိုက်တာ....(မှန်ပါ ဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)၊ ဒီဥပါဒါန်ကံတွေလဲ မပါဘူးလား.... (ပါ....ပါတယ် ဘုရား)၊ သို့သော် ပြဋ္ဌာန်းတဲ့အကြောင်းက တဏှာ....(မှန်ပါ ဘုရား)။ ရှင်းကြပလား -(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဘုန်းကြီး တို့ ဒကာဒကာမတွေ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့်.... (တဏှာက လာပါတယ် ဘုရား)။

http://www.dhammadownload.com



ဩော်....ဒီခန္ဓာငါးပါးကြီးဟာ ဒကာ ဒကာမတို့၊ တဏှာဆိုတာသည် အစ်မတန် ဆိုးရွားယုတ်မာတဲ့ တရား၊ တပ်နှစ်သက်တာ တဏှာခေါ်တယ်၊ ဖြစ်စေတတ်တာ သမုဒယလို့ခေါ်တယ်၊ အဲဒီ သမုဒယသစ္စာ တဏှာကြောင့် ဒကာဒကာမတွေမှာ ယခု ဘာရ,ထားကြသတုံး – (ခန္ဓာငါးပါး ရ,ထားကြပါတယ်ဘုရား)၊ဩော်....ခန္ဓာငါးပါး ရ,ထားတော့တပည့်တော်တို့ ဒီဘဝ မလိုချင်ပါဘူးဘုရား၊ မအိုချင်ပါဘူးဘုရား၊ မနာချင်ပါဘူးဘုရား၊ မသေချင်ပါဘူးဘုရားဆိုတော့ ခန္ဓာကထွက်လာတဲ့အညွန့်ပဲ၊ တားလို့၊ ဆီးလို့၊ ပိတ်လို့၊ ပစ်လို့ရနိုင်ကြပါမလား.... (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးဆိုဘာ သေချာပါတယ်....(သေချာပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ သိတဲ့အတိုင်း တဏှာတည်းဟူသော ရေသောက်မြစ်ကို မဖြတ်လို့ရှိယင်ဖြင့် ဒကာဒကာမတို့သည် ခန္ဓာကြီး ရပြီးသကာလ မသာချည်း ချနေရမှာပဲ....(မှန်လှပါဘုရား)၊ ခန္ဓာကြီးရပြီး- (မသာချည်း ချနေရမှာပါဘုရား)၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အင်း....ပရွက်ဆိတ်ကလေးဖြစ်လဲ ပရွက်ဆိတ် မသာနဲ့ပေါ့ဗျာ....(မှန်ပါ့)၊ ဆင်ဖြစ်ယင်ဘော့....(ဆင်မသာနဲ့ပါဘုရား)၊ ငါးဖြစ်ယင်တော့.... (ငါးမသာနဲ့ပါဘုရား)၊ အဲ....နတ်ဖြစ်ပြန်တော့....(နတ်မသာနဲ့ပါ)၊ဗြဟ္မာဖြစ်ပြန်တော့-(ဗြဟ္မာမသာနဲ့ပါဘုရား)။

ဩော်....ဒီမသာတွေ ဘယ်သူမျှား ဖန်ဆင်းပြီး ဘယ်သူဘည်ထောင်ပါလိမ့်....(တဏှာ တည်ထောင်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီတဏှာသည် ဘာမှ မလုပ်တတ်ဘူး၊ မသာပဲ လုပ်တတ်တယ်....(မှန်ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

တဏှာသည် ဘာလုပ်တတ်ပါလိမ့်.... (မသာလုပ်တတ်ပါတယ် ဘုရား)၊ မသာပဲ လုပ်တတ်တယ်၊ နောက်ဆုံးပိတ်၊ နောက်ဆုံးပိတ်နော်.... (မှန်ပါဘုရား)၊ နောက်ဆုံးပိတ်ကျတော့ သူ မသာဖြစ်အောင်ပဲ လုပ်တတ်တယ်.... (မှန်လှပါ)၊ အခြား ဘာလုပ်တတ်သေးလဲ.... (မလုပ်တတ်ပါ ဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီတဏှာကြောင့် ခန္ဓာ ဖြစ်လာပါတယ် ဆိုကတည်းက ခန္ဓာက ဒီ–ဇာတိ ဇရာ ဗျာဓိ မရဏ၊ အိုမှု၊ နာမှု၊ သေမှုတည်း ဟူသော အညွန့်အညှောက်တွေမှာ လမ်းမဆုံးရဘူးလားဗျ–(ဆုံးရပါတယ်ဘုရား)၊ သဘောပေါက်ကြပလား....(ပါ–ပါတယ် ဘုရား)။

ဒါဖြင့် တဏှာသည် ဘာကိုလုပ်တတ်ပါလိမ့်မလဲ-(ခန္ဓာကို လုပ်တတ်ပါတယ်ဘုရား)၊ ခန္ဓာသည် ဘယ်မှာလမ်းဆုံးပါလိမ့်၊ မသာမှာ လမ်းဆုံးပါတယ်....(မှန်ပါဘုရား)၊ ရှင်းကြပလား–(ရှင်းပါပြီ)၊ ခန္ဓာသည် ဘယ်မှာလမ်းဆုံးသလဲ....(မသာမှာ လမ်းဆုံးပါတယ်ဘုရား)။

မသာမှာလမ်းဆုံးတယ် ပြောလိုက်ပါတော့ တိုတိုပါပဲ–(မှန်ပါ)၊ ဒကာဒကာမတွေလွှမ်းမနေပါနဲ့တော့....(မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)၊ တဏှာကြောင့် ဘာဖြစ်သလဲ-(ခန္ဓာဖြစ်ပါတယ်)၊ ခန္ဓာဘယ်မှာ စခန်းသတ်ပါလိမ့်-(မသာမှာပါ ဘုရား)။

မဲဆာမှာ စခန်းသတ်ရတယ်ဆိုတာ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ ဒီမှာချည်း စခန်းသတ်တာပဲဆိုတော့ အားလုံး တရားနာတဲ့ ဦးခင်မောင်တို့လူစု ခန္ဓာရယင် မသာရတာပဲ-(မှန်ပါဘုရား)။ ခန္ဓာရယင်....(မသာရတာပဲပေါ့ဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာ ရ-ရပါလို့၏၊ ဘယ်မသာ ချရပါလို့၏၊ ဒီအဓိပ္ပာယ်ပဲရတယ်—(မှန်ပါဘုရား)၊ဒီ့ပြင်ဘာရသေးသတုံး-(မရပါဘုရား)၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်ခန္ဓာမှမရချင်ပါနဲ့-(မှန်ပါဘုရား)၊ခန္ဓာရယင် ဘာရမယ်-(မသာရပါမယ်)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဩော် .... နိဗ္ဗာန် မရသေးမီ စပ်ကြားမှာဖြင့် နတ်ခန္ဓာ ရ-ရပါလို့၏ဆိုတော့ နတ်မသာချရပါလို့၏၊ ဒါပဲ ရတယ်.... (မှန်ပါဘုရား)၊ ဗြဟ္မာခန္ဓာ ရ-ရပါလို့၏ ဆိုပြန်တော့.... (ဗြဟ္မာမသာ ချရပါလို့၏)၊ ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါလို့၏-(မှန်ပါ)၊ ဘာဖြစ်ပါလိမ့်....(ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါလို့၏)။

ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါလို့၏ဆိုတော့ ဒကာဒကာမတို့၊ သုံးဆယ့်တစ်ဘုံ မသာစုံ ဖြစ်ရပါလို့၏ ဆိုတာ တဏှာ လုပ်တာ....(မှန်ပါဘုရား)၊သုံးဆယ့်တစ်ဘုံမသာစုံဖြစ်အောင် –(တဏှာက လုပ်ပါတယ်ဘုရား)၊ တဏှာက လုပ်တယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် ဒီတဏှာ မဆေးသရွေ့ တဏှာမျိုးတော့ဖြင့် ပြတ်မယ်မဟုတ်ပါဘူး....(မှန်ပါ)၊ ပြတ်ပါ့မလား.... (မပြတ်ပါ)။

http://www.dhammadownload.com



ဒါ ကြမ်းကြမ်း ဟောတာလှသား၊ အမှန်ပေးနေတာလား၊ အကဲ ခတ်ပါ....(အမှန်ပေးနေတာပါဘုရား)။

အမှန်ပေးနေတယ်တဲ့၊ နားထဲမှာကြားရတဲ့ပုဂ္ဂိုလ်ကတော့ ဒေါ်....ဘုန်းကြီးနှယ် ကြမ်းလိုက်တာဆိုတာ ခင်ဗျားတို့က ကြမ်းတယ်ထင်တယ်၊ ခန္ဓာက ဒါပဲ....(မှန်ပါဘုရား)၊ ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ကြမ်းတယ်ထင်ပေမယ့် ခန္ဓာကို ဒီ့ပြင် နှုဖြီး ထွက်လာသေးသလား.... (မထွက်ပါ)၊ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဘယ် လမ်းဆုံးရမယ် ...(မသာသုမ်း ဆုံးရပါမယ်ဘုရား)၊ ဒီမသာ ဘယ်သူတည်ထောင်ပါလိမ့် .... (တဏှာ တည်ထောင်ပါတယ် ဘုရား)။

အံမာလေး .... ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီတဏှာဟာ ပေါင်းသင်းထိုက်-မပေါင်းသင်းထိုက်-(မပေါင်းသင်းထိုက်ပါ ဘုရား)၊ ဦးဝကြီး ပေါင်းသင်းချင်သေးသလား....(မပေါင်း သင်းချင်ပါဘုရား)၊ ဒီတဏှာ ပေါင်းမိလို့ ကျုပ်တို့မှာ အခု မသာဖြစ်မယ့် အသည်ကြီးနဲ့ သွားလာနေရတာ....(မှန်ပါ)။

ဒကာ ဒကာမတို့၊ ဘယ်သူနဲ့ သွားလာနေရတာတုံး.... (မသာဖြစ်မယ့် အထည်ကြီးနဲ့ပါ ဘုရား)၊ မသာ ဖြစ်မယ့် အထည်ကြီးနဲ့ သွားလာနေရတော့ ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)။

အထဲကနေပြီး သူက ရှင်မသာတွေ၊ သေမသာဘွေများ နှစ်မျိုး ပြလိုက်သေးတယ်....(မှန်ပါ)၊ သွားတဲ့အခါ နှပ်တွေ

http://www.dhammadownload.com



ညှစ်လိုက်၊ ကျင်ကြီးတွေ စွန့်လိုက်ဆိုတော့ အသုဘတွေ မပြဘူးလား....(ပြပါတယ်)၊ ဒါ–ရှင်မသာကိုးဗျ....(မှန်ပါ)။

နောက်ဆုံးပိတ်ကျတော့ ခေါင်းထဲဝင်တဲ့မသာ-(မှန်ပါ)၊ သူက မသာ ဘယ်နှစ်မျိုးပြသလဲ.... (နှစ်မျိုးပါဘုရား)၊ ရှင်မသာ တစ်မျိုး၊ သေမသာ....(တစ်မျိုးပါဘုရား)၊

ဘယ်မသာ ကြိုက်ကြသလဲ....(ဘယ်မသာမှ မကြိုက်ပါ)၊ တော်ပြီ...တော်ပြီ၊ ဒါလောက်ဆိုယင် ခင်ဗျားတို့ အတော်ပါးလာပြီ၊ အတော်ပါးလာပြီ၊ ဒီပါးသာဘာကို ဘုန်းကြီးက သိပ်ဝမ်းသာပါတယ်၊ ဩော် .... ရှင်မသာ မကြိုက်ဘော့ဘူး ဆိုတော့ လူ့ဘဝ သူမကြိုက်တော့ဘူး....(မှန်ပါ)၊ နတ်ဘဝ ရော....(မကြိုက်ပါဘုရား)။

သေမသာတော့ လူတိုင်း မကြိုက်ဘာ ဟုတ်ပါတယ်၊ အခု ရှင်မသာကိုမကြိုက်ဘူးဆိုတဲ့စကားတစ်လုံးကို ဘုန်းကြီးတို့ တရားတစ်ပွဲလုံးသုံးလိုက်တဲ့အတွက် အသွန်ဝမ်းသာပါဘယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာ ထွက်လာသရွေ့ ဒကာ ဒကာမတို့၊ ခန္ဓာမှာ ထွက်လာတာ၊ နှာခေါင်းက ထွက်လာဘာလဲ အသုဘပဲ ထွက်တယ်....(မှန်ပါ)၊ ပါးစပ်က ထွက်လာဘာသဲ....(အသုဘပါပဲ)၊ နားက နဖာချေးတွေ ထွက်လာဘာကော(အသုဘပါပဲ)၊ ကိုယ်ကချွေးတွေထွက်လာတာကော....(အသုဘပါပဲ)၊ အောက်ဒွါရက ကျင်ကြီးတွေ ထွက်လာတာကော....(အသုဘပါပဲ)၊ ကျင်ငယ်ပေါက်ကကျင်ငယ်တွေ ထွက်လာတာကော.... (အသုဘပါပဲဘုရား)။

http://www.dhammadownload.com



ဪ....နဂိုရှိလို့ နဂိုင်းထွက်လာတယ်....(မှန်ပါ)၊ဘယ်လို ဆိုကြပါမယ်....(နဂိုရှိလို့နဂိုင်းထွက်လာတာပါဘုရား)၊နဂိုရှိလို့ နဂိုင်းထွက်လာတယ်ဆိုတာ အဲဒါက ဒကာဒကာမတို့၊ သွား ရင်းလာရင်း ဖြစ်ရတဲ့ ရှင်မသာ....(မှန်ပါ)၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)၊အသုဘပေါ့ဗျာ....(မှန်ပါ)။

ခင်ဗျားတို့က ကျုပ် ဗီနွေ ဘယ်က စာအရေး ရောက်နေ တယ်၊ အသုဘဖွိတ်တာနဲ့၊ အဲဒါက သေမသာ သွားကြတာ.... (မှန်ပါ)၊ သေမသာ ဘယ်သူသွားပါလိမ့်ဆိုတော့ ရှင်မသာက ပို့တယ် .... (မှန်ပါ)၊ ရှင်မသာက ပို့တယ်၊ သေမသာကို.... (ရှင်မသာက ပို့ပါတယ်ဘုရား)၊

ခင်ဗျားတို့က လမ်းမှာပြောသွားတာပဲ၊ သူနဲ့ ကျုပ်တို့နဲ့ ဟာ ရှေ့သွားနောက်လိုက်ပါပဲ၊ မပြောကြဘူးလား.... (ပြော ပါတယ်ဘုရား)၊ သူနဲ့ ကျုပ်တို့နဲ့ဟာ ဘာတဲ့ .... (ရှေ့သွား နောက်လိုက်ပါပဲဘုရား)။

ဘာဖြစ်လို့ သူ ဗီအသုံး သုံးလာသလဲဆိုတာကြည့်၊ ရှင် မသာကို သဘောမကျတော့ဘူး၊ ဟိုသေမသာကိုသာ လှမ်း ပြောနေတာ....(မှန်ပါ)။

အခုတော့ဖြင့် ဘုန်းကြီးကပဲ ထိုးထိုးထွင်းထွင်းပြောလိုက် တဲ့အတွက် ဒကာဒကာမတို့ ရှင်တဲ့အခါလဲ ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာသတုံး၊ သုဘ ထွက်လာသလား၊ အသုဘ ထွက်သလား.... (အသုဘ ထွက်ပါတယ်ဘုရား)။

ကဲ....အဲဒါ ဘာမသာ ခေါ်ကြမလဲ.... (ရှင်မသာ ခေါ် ပါတယ်ဘုရား)၊ရှင်မသာတဲ့နော်·(မှန်ပါ)၊ ရှင်မသာဆိုတော့

http://www.dhammadownload.com



ကိုယ့်အလောင်း ကိုယ် ထမ်းသွားနိုင်သေးတာပေါ့ဗျာ .... (မှန်ပါ့)၊ သေမသာကတော့ ကိုယ့်အလောင်းကို မထမ်းနိုင်ဘူး....(မှန်ပါ့)၊ ဒါ-ထူးခြားတယ်....(မှန်ပါ့)။

ရှင်မသာကတော့ .... (ကိုယ့်အလောင်းကိုယ် ထမ်းနိုင်ပါတယ်)၊ သေမသာကတော့-(ကိုယ့်အလောင်းကိုယ် မထမ်းနိုင်ပါ)၊ သူများထမ်းပို့ ထွက်တယ်....(မှန်ပါ့)၊ အဲဒါကလေးမဲ ထွက်တယ်၊ ဒီ့ပြင် ဘာထူးကြသေးသလဲ.... (ဘာမှမထူးပါ)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သေမသာကလဲ ဘာသစ္စာ.... (ဒုက္ခသစ္စာပါ)၊ ရှင်မသာကလဲ-(ဒုက္ခသစ္စာပါ)၊ ဒါကြောင့် တစ်တန်းတည်းဟောနေတာ-(မှန်ပါ့)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့၊ ဘယ်မသာဖြစ်ရလို့ရှိယင် ကောင်းပါ့မလဲ....(ဘယ်မသာမှမကောင်းပါဘုရား)၊ ဟုတ်ကဲ့လား ခင်ဗျားတို့၊ ခင်ဗျားတို့က ရှင်မသာကြိုက်တွေ ထင်သနော်။

သေသေချာချာ စဉ်းစားယင် ဦးခင်မောင် ဘယ်မသာကြိုက် ဖြစ်နေသတုံး- (ဘယ်မသာမှ မကြိုက်ပါဘုရား)၊ ဘယ်မသာမှမကြိုက်ဘူး၊ ဒီပွဲထဲမှာတော့ ခင်ဗျားတို့က တော်တော်ကလေးကို ရင့်နေပြီ၊ ပြင်ဘက်ကျမှ ဖောက်ပြန်တာ သူ့ဟာက....(မှန်ပါ့ဘုရား)။

ကိုင်း—ဒကာဒကာမတို့၊ ကိုယ့်ခန္ဓာကြီးကဖြင့် ဘယ်အချိန်မှာတွေးတွေး အသုဘမပြတဲ့ အချိန်ရယ်လို့ရှိရဲ့လား....(မရှိပါဘုရား)၊ ရှုရင်းမတ္တန့် ပြနေတာလဲ သုဘပြသလား၊ အသုဘပြသလား....(အသုဘပြပါတယ်ဘုရား)၊

http://www.dhammadownload.com



မျက်စိက ထွက်ပြလိုက်လဲ အသုဘ၊ နားကထွက်ပြလိုက်လဲ အသုဘ၊ နှာခေါင်းက ထွက်ပြလိုက်လဲ အသုဘ၊ လျှာက ထွက်ပြတာကော-(အသုဘပါပဲ)၊ ကိုယ်က ထွက်ပြတာကော-(အသုဘပါပဲ)၊ အောက်ဒွါရက ထွက်ပြတာကော-(အသုဘပါပဲဘုရား)၊ တစ်ကိုယ်လုံးက ထွက်ပြတာ-(အသုဘပါဘုရား)

ဒါကြောင့် ဒကာဒကာမတို့၊ ဈေးဘယ်ဈေးနဲ့ ရောင်းကြမတုံးလို့ တယ်သူက များ၊ ဆစ်သတုံးဗျာ၊ ဆစ်သေးရဲ့လား....(မဆစ်ပါ)၊ ဈေးဘယ်ဈေးနဲ့ရောင်းကြမတုံးဆိုတာ ဘယ်သူကများ ဆစ်သေးသတုံး....(မဆစ်ပါဘုရား)။

အသုဘမို့ မဆစ်တာ-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ ဘာ့ကြောင့်မဆစ်ပါလိမ့်-(အသုဘမို့ပါဘုရား)၊ ဒါဖြင့် လူရှင်အဖိုးတန်တယ် ခင်ဗျားတို့က-(မတန်ပါဘုရား)၊ ကျုပ် ဘာမှတ်လို့တုံး၊ လူကိုထံထဲက၊ အံမာ တော်တော် ဈေးမြင့်ထား တာနော်၊ မမြင့်ဘူးလား ခင်ဗျားတို့ .... (မြင့်ပါတယ်ဘုရား)။

မြင့်သာမြင့်တယ်တဲ့၊ ဘယ်က ဈေးပေးဝယ်သတုံးမေးယင်-(ဘယ်သူကမှ မဝယ်ပါ)၊ ဘယ်သူမှမဝယ်ဘူး၊ ဒါဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ အရူးမြင့်မြင့်နေတာပေါ့....(မှန်ပါဘုရား)၊ ဒီအရိပ္ပာယ်ကော မကျဘူးလား .... (ကျပါတယ်)၊ သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဇီဝန္တာ ဘယ်ကလာပါလိမ့်....(တဏှာက လာပါတယ်)၊ ဩော်....တဏှာက လုပ်တာသည် အသုဘ ဒုက္ခသစ္စာပဲ လုပ်ပါတယ်....(မှန်ပါဘုရား)၊ ရှင်းကြ

http://www.dhammadownload.com



ပလား.... (ရှင်းပါပြီ)၊ တဏှာက လုပ်လိုက်တာဟာသရွေ့.... (အသုဘဒုက္ခသစ္စာပဲ လုပ်ပါတယ်ဘုရား)။

အသုဘ ဒုက္ခသစ္စာမို့ ဒကာ ဒကာမတို့ သူက နေပြီး ဒီဘက်မှာ ဇရာ၊ ဗျာဓိ၊ မရဏတွေနဲ့ပဲ လမ်းမဆုံးရဘူးလား- (ဆုံးရပါတယ်ဘုရား)၊ပေါ်ကြပလား-(ပေါ်ပါပြီ)၊ ဒါဖြင့် ဒကာဒကာမတို့၊ ဒီတဏှာကိုသတ်ရမယ်....(မှန်ပါ)၊ ဒီတဏှာ ရှိနေယင် ကျုပ်တို့ကို ရှင်မသာလုပ်မယ်....(မှန်ပါဘုရား)။

ဒီတဏှာရှိနေသရွေ့ ကာလပတ်လုံး....(ရှင်မသာ-သေမသာ လုပ်ပါမယ်ဘုရား)၊ဦးဇင်းရင် တဏှာရှိနေယင် ဘာလုပ်မယ် ထင် ကြသတုံး-(ရှင်မသာ-သေမသာလုပ်ပါမယ်ဘုရား)၊ကျုပ်တို့ကို ကျက်သရေမင်္ဂလာထဲ သွင်းပေးသလား-ကျက်သရေမင်္ဂလာ မရှိတဲ့ဘက် ပို့နေသလား....(ကျက်သရေမင်္ဂလာမရှိတဲ့ဘက် ပို့ နေပါတယ်ဘုရား)။

ဒါဖြင့် တဏှာ ကျေးဇူးတင်စရာလား၊ ဒကာဒကာမတို့ ခြေကန် ထုတ်စရာလား .... (ခြေကန်ထုတ်စရာပါ ဘုရား)၊ ဒါကြောင့် တဏှာကို ပဟာတဗ္ဗကိစ္စနဲ့ ပယ်ရမယ်၊ ပဟာတဗ္ဗ ကိစ္စနဲ့ ပယ်ရမယ်လို့ဟောတာ ဒကာဒကာမတွေရဲ့၊ မပယ်လို့ ရှိယင် ရှင်မသာ သေမသာ လုပ်မှာစိုးလို့ ဘုရားဒါလောက် ဟောတာ .... (မှန်ပါဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

တဏှာမပယ်နိုင်တဲ့ပုဂ္ဂိုလ်သည် ဘာနဲ့နေရမယ်ထင်သတုံး- (ရှင်မသာ-သေမသာနဲ့ နေရပါမယ် ဘုရား)၊ ရှင်မသာနဲ့

http://www.dhammadownload.com



သေမဲ့သာလဲ့ အားလုံး ဇကာ ဒုက္ခမဲ့တွေ ကဲ့ကြပ်လား....(ကဲ့ကြဖပါပြီဘုရား)။

ကိုယ့်အလောင်း ကိုယ်ဆမ်းနိုင်တာသည်.... (ရှင်မသာပါ ဘုရား)၊ သူများဆမ်းပို့တာသည် .... (သေမသာပါဘုရား)၊ ဘယ်မဲ့သာ ကြိုက်သတုံး....(ဘယ်မှသာမှ မကြိုက်ပါဘုရား)။

တော်လှာပြီ...တော်လာပြီခင်ဗျားတို့၊ ဒီဘုရားပွဲ အတော် ကို တော်လာပြီ၊ နဂိုက ရှစ်မသာ သိမှမသိဘဲကိုး....(မှန်ပါ)၊ အခုတော့ဖြင့် ရှင်မှသာ သိသာအောင်လို့ ဘုန်းကြီးက ဒွါရ ကိုးပေါက်က ထွက်တာတွေ ပြောလိုက်တော့ သုဘာတွေထွက် သလား–အသုဘာတွေထွက်သလား-(အသုဘာတွေထွက်ပါတယ် ဘုရား)။

အသုဘာတွေ ထွက်တယ် ဆိုကာတည်းကိုက ပြော်....ဒါဖြင့် နဂိုရှိလို့ နဂိုင်းထွက်လာတာပဲ ဆိုဘာ မှရှင်းဘူးလားဗျာ.... (ရှင်းပါတယ်ဘုရား)၊ ကောင်းပြီ၊ အဲဒီ ဒွါရ ကိုးပေါက်က ထွက်တဲ့ဥစ္စာ ဘယ်ခါးနဲ့ ဘယ်သူက ကံထရိုက် ခံသတုံး.... (ဘယ်သူကမှ ကံထရိုက် မခံပါဘုရား)။

တာဖြစ်လို့ပါလိမ့် .... (အသုဘမို့ပါ)၊ အသုဘဆိုတာ မသေချာဘူးသား-(သေချာပါတယ်ဘုရာ)၊ဒီအသုဘာဖြစ်ခဲ့လို့ ရှိယင် ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)၊ သေချာကြ ပလား....(သေချာပါပြီဘုရား)။

သေချာပါပြီ....တဲ့၊ ဒါဖြင့် တကျာသည် ဘာကိုလုပ်ပါလိမ့် ပဲလဲလို့မေးယင် ဘယ့်နှယ်ဖြေကြမလဲ-(ခန္ဓာကို လုပ်ပါဘယ်)၊

http://www.dhammadownload.com



ဒါပဲ ကြမ်းကြမ်းပြောတော့ ဦးခင်မောင်ရေ၊ ရှင်မသာ သေမသာ လုပ်တာ....(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ ကြမ်းကြမ်းပြောတော့.... (ရှင်မသာ သေမသာ လုပ်ပါတယ်ဘုရား)၊ အမှန်ပြောတော့ ဒါမဲ့ရတယ်၊ (မှန်ပါ)၊ အမှန်ပြောတော့ သူ ဘာလုပ်ပါလိမ့်.... (အသုဘ လုပ်ပါတယ်)၊ အသုဘက ဒုက္ခသစ္စာဆိုတာ သေချာပလွား— (သေချာပါပြီ)။

ကိုင်း....ဒါဖြင့် ဒီတကျာ မပြတ်သရွေ့ ကာလုပတ်လုံး သူသည် ကျုပ်တို့ကို ဘာတွေရှည်း တည်ထောင်ပေးသလဲလို့ သေသေချာချာ မေးတော့မှ ဒကာဝ ရိပ်မိလောက်ပါပြီ.... (မှန်ပါ)၊ ရှင်မသာသေမသာမှတစ်ပါ၊ သူ ဘာမှ မလုပ်တုတ် ဘူး....(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

သမုဒယသစ္စာ တကျာလောဘသည် ဘာလုပ်တတ်ပါလိမ့်— (ရှင်မသာ—သေမသာပဲ လုပ်တတ်ပါတယ် ဘုရား)၊ ဒါဖြင့် ရှင်မသာ သေမသာဆိုတဲ့ ဒုက္ခသစ္စာပဲ ဦးခင်မောင်ရေ သူ လုပ်တတ်တယ်.... (မှန်ပါ)၊ သူ့ကို လက်သပ်မွေးလို့ တော်ပါ မလား- (မတော်ပါ)၊ မတော်လို့ရှိယင်ဖြင့် သူ့ကိုပယ်ရလိမ့် မယ်နော်....(မှန်ပါဘုရား)။

ပယ်တဲ့အခါကျလို့ရှိယင်ဖြင့် သူဘယ်မှာ အမြစ်တွယ်နေ သတုံးဆိုတဲ့စကား မေးရတော့မယ်.... (မှန်လှပါဘုရား)။ သဘောကျပလား....(ကျပါပြီ)၊ ဒီတကျာအမြစ်ဟာ ဘယ်မှာ တွယ်နေသတုံးဆိုတာ မေးတဲ့အခါကျတော့မှ ခင်ရာ မင်ရာ တွယ်နေတယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဘယ်မှာတဲ့....(ခင်ရာ မင်ရာမှာ တွယ်နေပါတယ်)၊ ခင်ရာမင်ရာမှာ တွယ်နေတယ်ဆိုတာ သေချာပသား....(သေချာပါပြီ)၊ အေး....သေချာပြီ၊ သေချာပြီ။

ဒါဖြင့် ဒကာ ဒကာမတို့၊ လေးချက်ကလေး တစ်ခုစေ့တော့ စေ့သွားပါပြီ၊ စေ့သွားပြောသော်လဲ ဒကာ ဒကာမတို့၊ အကြောင်းအကျိုးဆက်ကြဦးစို့နော်....(မှန်ပါ)၊ အိုနာစ သေ ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်)၊ ခန္ဓာငါးပါးက လာပါတယ်။

ခန္ဓာငါးပါးက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)၊ အေးသို့သော် သူ့ကာ သမုဒယသစ္စာ....(မှန်ပါ)၊ အိုနာသေ က (ဒုက္ခသစ္စာပါ)၊ ရှင်းပြီနော်– (မှန်ပါ)၊ ခန္ဓာငါးပါးက အကြောင်းကိုဗျ၊ခန္ဓာငါးပါးကြောင့် အို နာ သေ ဖြစ်ရတယ်- (မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟာ....ဒါဖြင့် သူတို့နှစ်ခုမရှိအောင် ကျင့်နိုင်တဲ့ အကျင့်ဟာ ဘာသစ္စာ -(မဂ္ဂသစ္စာပါ)၊ နှစ်ခုစလုံးမရှိယင် ဘာသစ္စာတုံး— (နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလို သစ္စာ သိသိသွားစမ်းပါကွာတဲ့၊ ဘုရားက ဒီလို သုံးသပ်စမ်းပါတဲ့၊ ကိုယ့်ကိုယ်ကို သုံးသပ်ရမှာနော်.... (မှန်ပါ)၊ သဘောပါကြပလား....(ပါ-ပါပြီ)၊ ကိုင်း- ဒါဖြင့် ဒကာဒကာမတို့၊ ခန္ဓာ ဘယ်သူက တည်ထောင်ပါလိမ့်.... (တဏှာက တည်ထောင်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာက ဘာသစ္စာ– (သမုဒယသစ္စာပါဘုရား)၊ ခန္ဓာက....(ဒုက္ခသစ္စာပါဘုရား)၊ သူတို့နှစ်ခုမရှိအောင် ကျင့်တဲ့

http://www.dhammadownload.com



အကျင့်က....(မဂ္ဂသစ္စာပါဘုရား)။ နှစ်ခုစလုံး မရှိတာက....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလိုသွားရဦးမှာ ဦးခင်မောင်ရေ.... (မှန်ပါ့)၊ ဒီလိုသုံးသပ်ပြီး သစ္စာဆိုက်အောင် သွားလိုက်စမ်းပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူပါတယ်(မှန်ပါ့)၊ ကိုင်း....ဒီတရား ဘယ်ကလာမါလိမ့်.... (ခင်ရာမင်ရာကလာပါတယ်ဘုရား)။

အဲ....ခင်ရာမင်ရာဆိုတော့ ပါဠိတော်အဘိုး ပြောကြစို့ ဆိုတော့ စက္ခုသောတ ဃာန ဇိဝှါ ကာယ မန ကလာတယ်....(မှန်ပါ့)၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနကလာတယ် နော်....(မှန်ပါ့ဘုရား)။

သို့သော် မကာပါဘူး ဒကာဒကာမတို့၊ သတိပဋ္ဌာန်ပါဠိတော်နဲ့ ကြည့်လိုက်မယ် ဆိုလို့ရှိယင်ဖြင့် "စက္ခုလောကေ သောတံလောကေ ဃာနံလောကေ ဇိဝှါလောကေ ကာယော လောကေ မနောလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ" တချို့နေရာကျတော့လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာနေရာကျတော့ ရူပါလောကေ သဒ္ဒါလောကေနဲ့ လာပြန်တော့ ဩော်....ဒီဥစ္စာသည် တခြားမဟုတ်ဘူး၊ ခင်ရာမင်ရာက လာတာပဲဆိုတာ မသေချာဘူးလား - (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာခရေသောက်မြစ်သည် ဘယ်မှာ တွယ်နေသတုံး-(ခင်ရာမင်ရာမှာတွယ်နေပါတယ်)၊ဒါဖြင့် ခင်ရာမင်ရာကို ကျုပ်တို့က မြုတ်နိုင်လို့ရှိယင်ဖြင့်တဏှာပြုတ်မယ်-(မှန်ပါ့)။

http://www.dhammadownload.com



စင်ရာမင်ရာကို ဝိပဿနာအလုပ် လုပ်နိုင်ယင်....(တကျော့ပြုတ်ပါမယ်)၊ တကျော့ပြုတ်မယ်၊ တကျော့ပြုတ်ယင် ဒီဘက်က ခန္ဓာကော (ပြုတ်ပါတယ်ဘုရား)၊ ဒီခန္ဓာပြုတ်ယင် အို နာ သေနဲ့ ကျုပ်တို့ အိုးစားကွဲသွားမယ်....(မှန်ပါ့ဘုရား)။

အို နာ သေနဲ့ ကွဲ-မကွဲ စဉ်းစားမိပလား....(ကွဲပါတယ်)၊ တကျော့ပြုတ်လို့ရှိယင် ဘာတဲ့တုံး- (ခန္ဓာပြုတ်ပါတယ်)၊ အဲ.... ခန္ဓာကပြုတ်မယ်၊ခန္ဓာပြုတ်ယင်....(အို နာ သေနဲ့ အိုးစားကွဲပါတယ်)။

ဒါဖြင့် ကျုပ်တို့သည် ပြုတ်တဲ့ဉာဏ်ကိုကျုပ်တို့ ရမှသာလျှင် ဒကာ ဒကာမတို့၊ တကျော့အမြစ်ကို ဖြတ်နိုင်မယ်၊ တကျော့အမြစ် တွယ်ရာဌာနကို ကျုပ်တို့ ဖြတ်ရမယ်....(မှန်ပါ့ဘုရား)။ သဘောကျပလား....(ကျပါပြီ)၊ တကျော့အမြစ်တွယ်ရာ ဌာနကို မဖြတ်ခဲ့လို့ရှိယင်တော်ပါ့မလား... (မတော်ပါဘုရား)။

ကိုင်း...ဒါဖြင့် တကျော့အမြစ်တွယ်ရာ ဌာနကို ကျုပ်တို့ အကြီးအကျယ် ဖြတ်ကြစို့ရဲ့နော်-(မှန်ပါ့)၊ဒါကြောင့် ဒကာ ဒကာမတို့၊ တကျော့အမြစ်တွယ်တဲ့နေရာ ဒီပါဠိတော်မှာတော့ ခြောက်နေရာပြတယ်၊ တချို့နေရာကျတဲ့အခါကျတော့ ဒကာ ဒကာမတို့ အားလုံးအကုန်မပြ ပြလိုက်တယ်၊ လောကီ ခန္ဓာ ငါးပါးစလုံး ပြလိုက်တယ်နော်-(မှန်ပါ့)။

သို့သော် ဒီနေရာ သမ္မသနသုတ်မှာတော့ ဘုရားက ခြောက်နေရာပဲ ပြပါတယ်၊ ခြောက်နေရာပဲပြသော်လဲ ဒကာ ဒကာမတွေက စဉ်းစားလိုက်၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန

http://www.dhammadownload.com



ဆိုတော့ ဒါတွေက ရုပ်တွေ မဟုတ်ဘူးလားဗျာ.... (မှန်ပါ့ဘုရား)။

ကဲ–ဒါတွေကရုပ်၊ ဒီဘက်က မနဆိုတဲ့နာမ် မှနေဘူးလား၊ (မှန်ပါ့ဘုရား)၊ မနဆိုတာ စိတ်ပေါ့ဗျာ–(မှန်ပါ့)၊ စိတ်ဆိုလို့ရှိယင် ယှဉ်ဖော်ယှဉ်ဘက် စေတသိက်နဲ့ခွဲလို့ရပါ့မလား-(မရပါဘုရား)။

ဒြေ်....ဒီက နာမ်ကွန့်စလေးပါး၊ သူက ရုပ်ကွန့်လို့ဆိုလိုက်တော့ရုပ်နာမ်ပြန်ရတယ်-(မှန်ပါ့ဘုရား)၊ဘာရပါလိမ့်(ရုပ် နာမ်ပြန်ရပါတယ်ဘုရား)၊ အင်း....အခု တရားနာနေကြတာ အယ်သူတွေပါလိမ့်....(ရုပ်နာမ်တွေပါဘုရား)၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ရုပ်၊ နာမ်ပဲ ရှုရမှာပဲ–(မှန်ပါ့)၊ ဒါဖြင့် ဒီ ရုပ် နာမ်ကိုခုနက ပါဠိတော်က ခုနက ဘုန်းကြီး သုံ့ပေါက်ကလေးချပြီးသံပေါက်ကလေး ချပေးလိုက်တုန်းက ဒကာ ဒကာမတွေက–ဒီ ရုပ်နာမ်ကို လွန်စွာအားထုတ် နာမ်နဲ့ရုပ်ကို နာမ်ရုပ်တော့တွေ့ပြီ-(မှန်ပါ့)၊ မတွေ့သေးဘူးလား–(တွေ့ပါပြီဘုရား)။

ဘယ်လိုမြင်အောင် လုပ်ရမတုံး....(ဖြစ်ချုပ်ဉာဏ်မြင်ပါဘယ်ဘုရား)၊ ဖြစ်ချုပ်ဉာဏ်မြင်၊ သူတို့၏ ဖြစ်တာ ချုပ်တာကိုမြင်အောင်ကြည့်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဖြစ်ချုပ်ဉာဏ်မြင်ဆိုတော့ ကျွင်းအင် အမှန်ပွင် မဂ်ရကြောင်းဆိုတဲ့ဥစ္စာ သူ့လက်နဲ့ သူ့ဖြစ်စဉ်နဲ့တော့တို့နာမ်ရုပ်တော့ တွေ့ပြီ၊ ဒီနာမ်ရုပ်ကို ဖြစ်ချုပ်မြင်အောင်လုပ်ရလိမ့်ဦးမှယ်....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နာမ်ရုပ်ကို– (ဖြစ်ချုပ်မြင်အောင် လုပ်ရမှာပါလိမ့်ဦးမယ်)၊ မလျော့ကြနဲ့နော်၊ ဒကာဒကာမတွေ ကြာကြာမြင်လို့ ရှိယင် ဟောဒီတဏှာ သေပါလိမ့်မယ်၊ ဒီတဏှာသေယင် ဒီခန္ဓာရပါ့မလား....(မရပါဘုရား)။

ဒီခန္ဓာ မရလို့ ရှိယင် ဒီ အို၊ နာ၊ သေနဲ့ ကျုပ်တို့အိုးစားကွဲပါပြီ–(ကွဲပါပြီ)၊ မကွဲပါနဲ့ဆိုလို့ရမလား-(မရပါဘုရား)၊ အခုတော့ဖြင့် ဒကာ ဒကာမတွေက ဒီနေရာထဲနေ ရပ်တဲ့ပြီး သကာလ ကျုပ် အိုရတော့ ဒီသား၊ ဒီသမီးနဲ့ ကြောက်သေးတယ်၊ အိုရမှာ ကြောက်သေးသတဲ့–(မှန်ပါ့)။

ဒီခန္ဓာကြီးနဲ့ရမ်ပြီးတော့-(မှန်ပါ့)၊ ဒီခန္ဓာကြီးနဲ့ ဒကာသစ်တို့ကော ဒီသား၊ ဒီသမီးတွေနဲ့ ခေတ်ပေါ်တွေနဲ့တော့ ခက်ပါသေးတယ်၊ ဘာတုံး ဒီခန္ဓာ မြင်ပြီးသကာလ သူကဘာကြောက်နေတာတုံး....(အိုရမှာ ကြောက်တာပါဘုရား)။

အိုရမှာကြောက်လှချေရဲ့ နာမှာကော-(ကြောက်လှချေရဲ့)၊ သေမှာကော.... (ကြောက်လှချေရဲ့)၊ မကြောက်ပါနဲ့တော့ ဒကာ ဒကာမတို့၊ တွေ့ရမှာပဲ....(မှန်လှပါဘုရား)။

တွေ့တာကလဲ ဘာဖြစ်လို့ တွေ့တာတုံးဆိုတော့ ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတာလား၊ ကိုယ့်ဆိုဘောင်းနဲ့ ကိုယ်တွေ့ရတာလား.... (ကိုယ့်ဆိုဘောင်းနဲ့ ကိုယ်တွေ့ရတာပါဘုရား)။

http://www.dhammadownload.com



ဟောဒီတကျာက ခန္ဓာဖြစ်ရပါလို၏....ဆိုလို့ ဒါတွေက ငါလိုက်ခဲ့ဦးမယ်ဆိုပြီး လိုက်လာတာ.... (မှန်လှပါဘုရား)။ သဘောကျပလား -(ကျပါပြီဘုရား)။

တကျာက ခင်ဗျားတို့က လူဖြစ်ရပါလို၏ ဆိုတော့ ခန္ဓာ ငါးပါးမရဘူးလား- (ရပါတယ်)။ ခန္ဓာငါးပါးရတော့ ဇရာ၊ ဗျာဓိ၊ မရဏက ဘာတဲ့တုံး-(လိုက်ပါတယ်ဘုရား)၊ ငါလိုက်ခဲ့ ဦးမယ်....(မှန်ပါ)။ ခင်ဗျားတို့က ငါလိုက်ခဲ့ဦးမယ်လို့ မမြင် တော့ ဒါကခလေးတွင် တောင်းထားတယ်....(မှန်ပါဘုရား)။ သဘောကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဇာတ်ကြည့်ဆလိုပဲ၊ နှစ်ပါးသွား သာကြည့်ပြီး ကြေကွဲခန်း မကြည့်သလို ဖြစ်နေတယ်- (မှန်လှ ပါဘုရား)။ ဟင် ...ကြေကွဲခန်းကြည့်လဲ ခင်ဗျားတို့ သံဝေဂ ရမယ့်လူတွေလဲ မဟုတ်ပါဘူး-(မှန်လှပါဘုရား)။

ကြေကွဲခန်းအရသာ ကြေကွဲခန်းများ သူတို့ ချီးမွမ်းတာ နားထောင်လိုက်တော့ အငိုကောင်းတယ်လို့တောင် ချီးမွမ်း လိုက်သေးတယ်....(မှန်လှပါဘုရား)။

အငိုဆိုဘာ မကောင်းပါဘူးဆိုဘာ ဘယ်သူငိုတာ ခင်ဗျား တို့ ကိုက်သတုံး.... စဉ်းစား ကြည့်စမ်းပါ။ အဲဒါ အငို ကောင်းတယ်ဆိုတော့ ခင်ဗျားတို့မို့ ကြံဖန်ကောင်းတာတော့ မတဲတ်နိုင်ဘူး ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အငိုဟာ ကျက်သရေ မရှိတာလား၊ ကျက်သရေရှိတာ လား....(ကျက်သရေ မရှိတာပါဘုရား)။ အဲဒါ-ခင်ဗျားတို့က ဘယ်လိုချီးမွမ်းသလဲ....(အငိုကောင်းဘယ်လို့)။

http://www.dhammadownload.com



အင်း....ကိုယ်ကိုယ်တိုင် ငိုကြည့်ဦး။ ဒါဖြင့် ကိုယ် ကိုယ်တိုင် ငိုကြည့်တော့ ကောင်းလို့ငိုတာလား၊ဆိုးလို့ငိုတာလား- (ဆိုးလို့ငိုတာပါဘုရား)။

အဲဒီတော့ အငိုဆိုတာ ဘယ်သူမှ မကောင်းဘူးဆိုတာ မှတ်ရမယ်-(မှန်ပါဘုရား)။ သဘောကျပလား၊.... (ကျပါပြီ)။ အဲဒီတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ မျက်စိက သည်လွန်းနေတယ်လို့ ဆရာဘုန်းကြီးက စွဲချက်တင်လိုက်တယ်....(မှန်ပါဘုရား)။

မျက်စိ မသည်လွန်းဘူးလား—(သည်လွန်းပါတယ်ဘုရား)။ ငိုတာတောင် သဘောကျနေသေးတယ် ဆိုတော့ အတော်ဆိုးမနေဘူးလား—(ဆိုးပါတယ်ဘုရား)။

ငိုတာတောင် သဘောကျနေသေးတယ် ဆိုကတည်းကဲ သူများငိုတာ သူတို့သဘောကျတာ ဒကာဒကာမတို့၊ ဟိုမှာ သောကပရိဒေဝ ဒုက္ခ ဒေါမနဿတို့ ဒုက္ခသစ္စာကိုး- (မှန်ပါဘုရား)၊ ဘာသစ္စာတုံး— (ဒုက္ခသစ္စာပါဘုရား)။ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဘာသစ္စာတုံး— (ဒုက္ခသစ္စာပါဘုရား)၊ ကိုယ့်ကိုယ်တိုင် သောက ပရိဒေဝတွေကော- (ဒုက္ခသစ္စာပါဘုရား)။

အို...ဒုက္ခသစ္စာပဲ၊ ကျုံမိတာ အတော် ကျေနပ်နေတာ.... (မှန်ပါ)၊ အငိုသဘောကျတဲ့လူက— (မှန်ပါ)၊ ဘာကျေနပ်နေသတုံး-(ဒုက္ခသစ္စာပဲ ကျေနပ်နေတာပါဘုရား)။

ကြော်- ဖြစ်မှ ဖြစ်ရပလေ၊ အဆိပ်သီးစားပြီး သတာလစားမိတာ ဝမ်းသာသလို ဖြစ်နေပြီ-(မှန်ပါဘုရား)၊ဒီလောက်

http://www.dhammadownload.com



သေစအောင်ရှူးတယ်ဆိုတော့ ကောင်းနိုင်စရာ ရှိသေးရဲ့လား.... (မကောင်းနိုင်ပါ)၊ ဒါဖြင့် နောက်တော့ မီးအရှူးကလေးများ တော့ ဖျောက်ကြပါတော့ဆို ပြောလိုက်တယ်နော်-(မှန်ပါ ဘုရား)။

ကဲ....ဒကာ ဒကာမတို့၊ ခင်ဗျားတို့က အတော်ခက်တာ၊ တောက ဒကာ ဒကာမတွေ သွားပြီးသကာလ သူတို့ ငိုတဲ့ အခါကျလို့ရှိယင် အို....သူတို့က ဖွဲ့ကာနွဲ့ကာ ငိုတတ်တယ်၊ တော်တော် နှားထောင်ကောင်းတယ်၊ တော်တော် ခက်နေ တာဗျ သူ့ဟာ၊ မခက်ဘူးလား-ခက်သလား.... (ခက်ပါတယ် ဘုရား)။

အဲဒါ .... ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့၊ သစ္စာမသိတဲ့အဓိပ္ပာယ်၊ ကိုယ့်အကြောင်း ကိုယ်ပေါ်နေတယ်.... (မှန်လှပါ)၊ မပေါ်ကြဘူးလား....(ပေါ်ပါတယ်ဘုရား)၊ကဲ- နောက်ကိုဖြင့် ဒကာဒကာမတို့၊ ငိုဆိုတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာ, ဒုက္ခသစ္စာမှန်းသာ သိပေတော့၊ ခန္ဓာ ရလို့ ငိုတာပဲ....(မှန်ပါဘုရား)၊ ခန္ဓာတစ်ခုစွန့်ရလို့....(ငိုတာပါ ဘုရား)၊ခန္ဓာရလို့-(ငိုတာပါဘုရား)၊ခန္ဓာရလို့ သူ့မျက်စောင်း ထိုးလိုက်လို့၊ သူ့မာန်မာနကြီးတဲ့ ပုဂ္ဂိုလ်မို့ မျက်စောင်းထိုး မခံဖူးတဲ့ပုဂ္ဂိုလ် မျက်စောင်းထိုးလို့ ငိုလိုက်ရတယ်ဆိုတော့လဲ ခန္ဓာကြောင့် ငိုတာပဲ-(မှန်ပါ)၊သဘောကျပလား၊(ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီခန္ဓာကြီးဆည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်သူ တည်ထောင်လိုက်ပါလိမ့်မတုံး .... (တဏှာတည်ထောင်ပါတယ်ဘုရား)၊ တဏှာကလဲ တည်ထောင်ချင်လို့ တည်ထောင်တာလား ဒကာဒကာမတို့၊ ခင်ရုမင်ရုမရှိဘဲနဲ့ ဇီတဏှာက ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဒါဖြင့် သူက အာရုံ၊ သူက အာရမ္မဏိက၊ ပဋ္ဌာန်းနည်းနဲ့ ဆိုတော့ သူက ဘာပါလိမ့် .... (အာရုံပါဘုရား)၊ သူက ဘာပါလိမ့်....(အာရမ္မဏိကပါဘုရား)၊ အဲ....အာရုံနဲ့ အာရမ္မဏိက ဖြစ်နေတော့ အာရုံကို ပြောင်းယူမှသာလျှင် ဦးခင်မောင် တော်တော့မယ်....(မှန်ပါ့ဘုရား)၊ အာရုံပြောင်းယူမှ ဘာပါလိမ့်....(တော်တော့မယ်)၊ တော်တော့မယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကိုင်း-အာရုံကို ပြောင်းယူရမယ်ဆိုတော့ ဒကာဒကာမတွေက အာရုံကို ပြောင်းယူရမယ်လို့ ဆရာဘုန်းကြီးက ဟောတော့ ခြော်....ဆရာဘုန်းကြီးက ပြောင်းပေးမှာ ထင်ပါရဲ့၊ ဒီလိုတော့ မယူကြပါနဲ့နော်.... (မှန်ပါဘုရား)၊ ပင်ကိုကိုက ခင်ဗျားတို့က မျက်စိလည်နေလို့ ပြောင်းပေးရမှာ....(မှန်လှပါဘုရား)။

ဆရာ ဘုန်းကြီးက ပြောင်းရမှာလား၊ ခင်ဗျားတို့က ဝိပလ္လာသ မှောက်မှားမှုကြောင့် ပြောင်းပေးရမှာလား .... (ဝိပလ္လာသမှောက်မှားမှုကြောင့် ပြောင်းပေးရမှာပါဘုရား)။

http://www.dhammadownload.com



အဲ....ဒါဖြင့်ဝိပလ္လာသလဲ ပယ်ပြီးသား၊ပဲမှတ်လိုက်တာပေါ့- (မှန်လှပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ဘာတဲ့လဲ- (ဝိပလ္လာသ ပယ်ပြီးသားပါ ဘုရား)၊ ဝိပလ္လာသလဲ ဒကာ ဒကာမတွေကပယ်ပြီးသားလို့ ဒကာဒကာမတွေကမှတ်လိုက်ပါ တော့....(မှန်ပါ့)၊ရှင်းကြပလား....(ရှင်းပါပြီ)၊ဘာကိုပယ်မလို့ ပါလိမ့်....(ဝိပလ္လာသ ပယ်မလို့ပါ)၊ဝိပလ္လာသဆိုတာ ဖောက် ပြန်နေတာနော်....(မှန်ပါ့)။

ဒီတရားတွေဟာ ဒကာဒကာမတို့၊ ရုပ်နာမ်တွေဟာ နာမ် တရားကြည့်လိုက်လဲ ဖြစ်ပြီး ပျက်နေတာပဲ၊ ရုပ်တရား ကြည့် လိုက်ယင်ကော....(ဖြစ်ပြီး ပျက်နေတာပါပဲ)၊ ဒါ....မသာတွေ မဟုတ်ဘူးလားဗျာ....(မှန်ပါ့)။

မွေးလိုက်-သေလိုက်ဆိုဘာဘာပါလိမ့် - (မသာပါဘုရား)၊ မသာတွေပဲဆိုတော့ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)၊ အဲဒါကလေးတွေကို ခင်ဗျားတို့က ခင်စရာကောင်း လိုက်တာ၊ မင်စရာကောင်းလိုက်တာလို့ ဖြစ်နေတော့ ဒါ.... ခင်ဗျားတို့က ရူးတာလားတဲ့၊ ဒီတရားတွေက ရူးတာလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ ...(တပည့်တော်တို့ကရူးတာပါ ဘုရား)။

အဲဒါ ရူးတာ၊ ခင်ဗျားတို့၏ ဝိပလ္လာသ .... (မှန်ပါ့)၊ ရှင်းပလား....(ရှင်းပါပြီ)၊ ဝိပလ္လာသ ယနေ့ ပြင်ပေးရမယ်.... (မှန်ပါ့ဘုရား) ဒကာဒကာမတို့၊ဘာပြင်ပေးရမလဲ (ဝိပလ္လာသ- ပြင်ပေးရပါမယ် ဘုရား)။

http://www.dhammadownload.com



ဝိပလ္လာသ ဖြင့်ပေးရမယ် ဆိုတော့ ဒကာ ဒကာမတို့၊ ဝိပလ္လာသ သုံးမျိုးနော်၊ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ၊ ဝိပလ္လာသ ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါ ဘုရား)၊သညာ....(ဝိပလ္လာသပါဘုရား)၊စိတ္တ....(ဝိပလ္လာသပါ ဘုရား)၊ဒိဋ္ဌိ-(ဝိပလ္လာသပါဘုရား)၊(၂-ခေါက်ချပေးသည်)။

ဩော်....ခင်ဗျားတို့မှာ အရှုးသုံးမျိုးရှိတယ် .... (မှန်ပါ)၊ ဒကာဒကာမတွေ ဘာစရှိနေသလဲ .... (အရှုးသုံးမျိုးရှိပါတယ် ဘုရား)၊ အရှုးသုံးချက်ကို ဗိုလ်ဆရာဘုန်းကြီးနဲ့တကွ ဆရာသမားတွေကမှ မကုတော့ဘူးဆိုလို့ရှိယင်ဖြင့် ဒကာဒကာမတို့၊ အရှုးမသာ,သစ မှတ်ကြပေတော့....(မှန်ပါဘုရား)၊ ဒီမသာ ဘာမသာ ဆိုကြမလဲ....(အရှုးမသာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသာတောင် ဂုဏ်ပျက်တော့မခံကြပါနဲ့၊ အရှုးတော့ ပျောက်အောင် လုပ်လိုက်ကြပါ....(မှန်ပါ ဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါကလေးမှ မရှင်းလို့ရှိယင် ဒီမသာ ဘာမသာ ခေါ်ကြမလဲ-(အရှုးမသာပါဘုရား)၊ သေသွားတဲ့အခါကျတော့လေ-(မှန်ပါ)၊ ဘာမသာချသလဲ....(အရှုးမသာပါ)၊ အရှုးမသာ လိုက်ပို့တော့ ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)၊ ဒါ ဝိပလ္လာသ သုံးချက်နဲ့ သေသွားမယ်ဆိုလျှင် အရှုးမသာ ဖြစ်ရတော့မယ်....(မှန်ပါ)၊ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း—ဒါဖြင့် ဒါကလေး ရှင်းပေးပါဦးမယ်၊ ဒီနေ့ ရုပ်နာမ်အပေါ်မှာ ခင်ဗျားတို့ အမှားကြီးမှားပြီးသကာလနေတဲ့

http://www.dhammadownload.com



အမှားချက်ကို ယနေ့ပြင်ပြီးသကာလ ပေးပါတော့မယ်ဆိုတာ သေသေချာချာ မှတ်ပါနော်....(မှန်ပါ)၊

ဟောဒါက ခင်ဗျားတို့ ရုပ်နာမ် ကဲ့လား၊ ဒီ ရုပ်နာမ် ကလေးဟာ သားကလေးလို့ ခင်ဗျားတို့က မွေးဖွားတဲ့ ရုပ်နာမ်ကလေးကိုပင် ခင်ဗျားတို့က သားကလေးလို့ တကယ်ထင် လိုက်လို့ရှိယင်၊ တကယ့်သားပဲလို့ ထင်လိုက်လို့ရှိယင် ဒကာ ဒကာမတို့၊ အမှတ်မှားဖြစ်တယ်....(မှန်ပါ့ဘုရား)၊ မဖြစ်သေး ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

သားကလေး၊ တကယ့်သားကလေးဆိုယင် ဘယ့်နှယ်ဆိုကြ မလဲ-(အမှတ်မှားပါဘုရား)၊အဲဒါသညာဝိပလ္လာသ-(မှန်ပါ)- သဘောကျပလား....(ကျပါပြီ)။

စိတ္တ ဝိပလ္လာသ-က ဒကာဒကာမတို့၊သားကလေးမို့ ခစ်ရ မှာပဲဆိုလို့ရှိယင် စိတ်က ဒုက္ခသစ္စာကို ခင်ပြီ- (မှန်ပါ)၊အသုဘ ကို....(ခင်ပါပြီ)၊ ခင်တော့ စိတ်ဘယ့်နှယ်ဖြစ်ကြသလဲ၊ စိတ် ဖောက်ပြန်သွားတော့ စိတ္တ ဝိပလ္လာသ....(မှန်ပါ့ဘုရား)။

ဒါဖြင့် သားကလေးတုန်းကတော့ အမှတ်မှား....(မှန်ပါ)၊ ခင်မှာဆိုတော့ အသိမှား....(မှန်ပါ)၊ အားကိုးရမှာပဲဆိုတော့ အယူမှား....(မှန်ပါ)၊မြန်မာလိုပြန်ကြစို့....(မှန်ပါ)။

ဒါဖြင့် အမှတ်မှား၊ အသိမှား၊ အယူမှား ဘယ်နှစ်မှားပါ လိမ့်....(သုံးမှားပါဘုရား)၊ ကဲ....တုန်းကြီးကပဲ ရွတ်ပါတယ်၊ ဟောဒါကလေးဟာ ခင်ဗျားတို့ သားကလေးလို့ ဆိုလို့ရှိယင် ဘယ့်နှယ်ခေါ်ကြမလဲ....(အမှတ်မှားပါဘုရား)။

ဪ....သားကလေးမို့ ခင်နေရတယ်ဆိုတော့-(အသိမှား ပါဘုရား)၊ အသိမှားဖြစ်သွားပြီ၊ အားကိုးရမှာပဲလို့ ယူလိုက်တော့....(အယူမှားပါဘုရား)။

ဪ... ခက်ပြီကော၊ ခင်ဗျားတို့ အမှား ဘယ်နှစ်ချက် ရှိပါလိမ့်....(သုံးချက်ပါဘုရား)၊ အမှားသုံးချက် ရှိနေပြီဆိုလို့ ရှိယင် ဒကာဒကာမတို့၊ ခက်ကုန်ပြီ။

ဒါဖြင့် ဒီအမှားသုံးချက်ကိုကျော်လွန်ပြီးသလာလာ၊ မှန်ပြီး သကာလ သေသွားတဲ့ပုဂ္ဂိုလ်နဲ့ အားလုံး တရားတစ်ပွဲလုံးပဲ ဆုံးဖြတ်ချက် ချပါတော့၊ ဒီအမှားသုံးချက်နဲ့ သေသွားတဲ့ ပုဂ္ဂိုလ်သာ များလိမ့်မယ်ဆိုယင် လွဲပါ့မလား(မလွဲပါဘုရား)။

ဒီအမှားသည် ဝိပလ္လာသလို့ ဆိုသဖြင့် အရှုံးပဲမဟုတ်လား-(မှန်ပါ့ဘုရား)၊ဒါဖြင့် အရှင် အခမတွေ၊ အဖေတွေ အလုံးစုံ အကုန်သေကုန်ကြပြီ၊ ဒါတွေ ရှင်းလင်းပြီး သွားပါသလား၊ အရှုံးတန်းလန်းနဲ့ပဲ၊ အရှုံးမပြတ်ဘဲနဲ့ပဲ၊အရှုံးစိဘ် မဖျောက်တဲ့နဲ့ပဲ သေသွားကြသလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(အရှုံးတန်းလန်းနဲ့ သေသွားကြပါတယ်ဘုရား)။

ဒါဖြင့် အဲဒီမသာကို ဘာမသာခေါ်ကြမလဲ....(အရှုံးမသာ ပါဘုရား)၊နို့-ခင်ဗျားတို့ကကော ဘယ်မသာ ဖြစ်ချင်သတုံး-(ဘယ်မသာမှမဖြစ်ချင်ပါဘုရား)၊

ဘယ်မသာမှလဲ မဖြစ်ချင်ဘူး၊ အရှုံးတော်တော်ကိုပါးသွား ပြီ၊ တော်တော်ကိုနေရာကျသွားပြီ၊ အကောင်းမသာလဲမဖြစ် ပါရစေနဲ့၊ အရှုံးမသာလဲမဖြစ်ပါရစေနဲ့ ဆိုလို့ရှိယင် ပြီးအောင် လုပ်လိုက်ပါတော့....(မှန်ပါ)၊ ပြီးအောင်လုပ်လိုက်ပါတော့။

http://www.dhammadownload.com



ကိုင်း .... ဒကာ ဒကာမတို့၊ ခင်ဗျားတို့အိမ်မှာ နေ့တိုင်းဖြစ်နေတဲ့အမှားသုံးချက်နော် -(မှန်ပါ)၊ ဒီရုပ်နာမ်ကလေးဟာ မိမိရုပ်နာမ်ဖြစ်လို့ရှိယင်လဲ ဒါမိမိယောကျ်ားပဲ၊ငါ့ယောကျ်ားပဲလို့ ထင်လိုက်လို့ရှိယင် ဘယ့်နှယ်ဖြကြပါ့မလဲ-(အမှတ်မှားပါဘုရား)။

အို....ကိုယ့်ကိုယ်ကို မထင်ယင် ဘယ်သူက ထင်ရမှာလဲ.... (အသိမှားပါဘုရား)၊ ကိုယ့်ကိုယ်ကိုပဲ ကျုပ်က အားကိုးတယ်-(အယူမှားပါဘုရား)၊ဟော-ကိုယ့်ကိုယ်လဲဒီအတိုင်းသာတာပဲ့-(မှန်ပါ)၊မသာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ သမီးကလေးဆိုတော့ ဘယ့်နှယ်ဆိုကြမလဲ.... (အမှတ်မှားပါဘုရား)၊ သမီးလေးမို့ ခင်နေရတာပေါ့ဆိုတော့-(အသိမှားပါဘုရား)၊ သူ့ပဲ အားကိုးနေရတယ်....(အယူမှားပါဘုရား)။

ရှိကြသေးရဲ့လား၊ ခင်ဗျားတို့ သန္တာန်မှာ ဒီ သုံးချက်ရှိ-မရှိ အကဲခတ်စမ်း....(ရှိပါတယ်ဘုရား)၊ ဒါဖြင့် ဒါသည် ဒကာဒကာမတို့၊ အမှန်လား-အမှားလား....(အမှားပါဘုရား)၊ အမှားဆိုတော့ ဝိပလ္လာသ ဖောက်ပြန်တာပေါ့ဗျာ-(မှန်ပါ)။

ဖောက်ပြန်မှားယွင်းတာသည် လောကကြီးမှာ ဘယ့်နှယ်ခေါ်ကြသလဲ၊အရူး-(မှန်ပါ)၊ဖောက်ပြန်တာ လောကကြီးမှာ အရူးခေါ်ကြဘယ် (မှန်ပါ)၊သဘောကျပလား....(ကျပါပြီ)။ သူက စိတ်မနှံ့ရှာဘူး၊ ဖောက်ပြန်နေရှာတယ်....(မှန်ပါ)။

ခင်ဗျားတို့ကော ဘယ့်နှယ်တုံး....(ဖောက်ပြန်နေပါတယ်ဘုရား)၊စိတ်မနှံ့ဘူး၊ ဒီလိုဆိုယင်မပြီးဘူးလား၊ ရိပ်မိပလား....

http://www.dhammadownload.com



(ရိုပ်မိပါပြီ)၊ စိတ်မနှံ့ဘူးဆိုတော့ ဘယ်လို နိဂုံးချုပ်ကြမလဲ-(ဖောက်ပြန်နေတယ်)၊ သဘောပေါ်ပလား-(ပေါ်ပါပြီဘုရား)။

မယုံယင် ငိုနေတဲ့ပုဂ္ဂိုလ်သွားကြည့်၊ သားကလေးကြောင့် ငိုနေသလား၊ သမီးလေးကြောင့်ငိုနေသလား၊ ကိုယ့်အတွက် ဝမ်းနည်းပြီး ငိုနေသလား၊ ကိုယ့်သား လင်ခင်ပွန်း အတွက် ငိုနေသလားဆိုတာ သွားမေးကြည့်ယင် ဒီအရေးထဲက မလွတ်စေဘူး-(မှန်ပါဘုရား)၊လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ကြည့်စမ်း၊ မကြာ၊ကြာဘူးလား .... ကျုပ် သမီးလေးဟာ ဘယ်နှစ်ရက် ရှိသေးတယ်၊ ဟော....သမီးလေးက မလာဘူး လား....(လာပါတယ်ဘုရား)၊သူ့ပုံ ကျုပ်ဟာ အင်မတန် ရွှေ ပေါ်မြ တင်ထားတာ၊ ခင်ဗျာ၊ ဘာတဲ့တုံး....(အသီမှားပါ ဘုရား)၊ တကယ်ပဲ အားကိုးလောက်တယ် .... (အယူမှားပါ ဘုရား)။

ဒကာဒကာမတို့၊ ခင်ဗျားတို့ဟာက သားအပေါ်မှာလဲ သုံးချက်၊သမီး အပေါ်မှာလော....(သုံးချက်ပါဘုရား)၊ခင်ပွန်း အပေါ်မှာလော .... (သုံးချက်ပါဘုရား)၊ ကိုယ့်အပေါ်မှာ ကော .... (သုံးချက်ပါဘုရား)၊ ဆွေမျိုးအပေါ်မှာကော.... (သုံးချက်ပါဘုရား)။

ဟာ .... ခင်ဗျားတို့ဟာ သုံးချက်ပေါင်း မရေနိုင်ပါဘူး၊ ဒါဖြင့် ရေနိုင်စရာကို မရှိဘူး ခင်ဗျားတို့ဟာက....(မှန်ပါ)၊ ရှုးထားတာက အကုန်ရှုးထားတာကိုး၊ ဘယ်နေရာ အကောင်း ပွါသေးသတုံး....(မပေါ်ပါဘုရား)၊ ဘယ်နေရာမှာ အကောင်း

http://www.dhammadownload.com



မပါတဲ့ အမိပ္ပာယ် ရှင်းမနေဘူးလား.... (ရှင်းနေပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် ဒီ အရှုးတွေ မပျောက်လို့ရှိယင် တော်ပါ့မလား-(မတော်ပါဘုရား)၊ ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီလို လုပ်ကြပါစို့၊ ဒီဥစ္စာ သားတလေးလား.... ရုပ်နာမ်လား....ခင်ရာ မဝီရာလား၊ အကဲခတ်လိုက်စမ်း- (ရုပ်နာမ်ပါ ဘုရား)။

ရုပ်နာမ်ဆိုကတည်းက အမှတ်က မှန်သွားပြီ....(မှန်ပါ့)၊ နဂိုက ရုပ်နာမ်ပဲလို့၊ ရုပ်နာမ်ဆိုတော့ အမှတ်ကဲ မှန်သွားပြီ-(မှန်ပါ့)၊ ရုပ်နာမ်ဖြစ်ခဲ့လို့ရှိယင်ဖြင့် ဒကာ ဒကာမတို့ သိတဲ့ အတိုင်းတဲ့၊ သုဘလား၊ အသုဘသား- (အသုဘပါဘုရား)။

ဒါဖြင့်....ခင်စရာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီ)၊ ခင်စရာကော ရှိသေးရဲ့လား- (မရှိပါဘုရား)။

ကဲ....ဒါဖြင့် ရုပ်နာမ်သိတုန်းက သညာပြုတ်ခဲ့တယ်.... (မှန်ပါ့)၊ အသုဘမှန်းသိတော့ ခင်တာပြုတ်ခဲ့တယ်(မှန်ပါ့)၊ မပြုတ်သေးဘူးလား....(ပြုတ်ပါတယ်ဘုရား)၊ ဖြစ်ပျက်မြင်တဲ့ အခါကျတော့ အားကိုးရာပြုတ်တယ်-(မှန်ပါ့)၊တစ်ခါတည်း ဒိဋ္ဌိပြုတ်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

သြော်....ဒါဖြင့် တို့ဆရာဘုန်းကြီးနဲ့ ဒီဒကာဒကာမတွေနဲ့ နေရာကျပြီ၊ ဒါ ရုပ်နာမ်လို့ သိယင် သညာပြုတ်ပါတယ်.... (မှန်ပါ့ဘုရား)၊ ရှင်းပလား- (ရှင်းပါပြီ)၊ အသုဘလို့ သိနေယင် -(ခင်တာပြုတ်ပါတယ်)၊ ခင်တာ ပြုတ်ပြီတဲ့၊ ဖြစ်ပျက်

http://www.dhammadownload.com



မြင်တော့အားကိုးသေးရဲ့လား-(မကိုးပါဘုရား)၊ အားကိုးပြုတ်သွားတယ်ဆိုတော့ ဒိဋ္ဌိပြုတ်သွားပြီ၊ မပြုတ်သေးဘူးလား-(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ သညာလဲပြုတ်၊ စိတ်ကော-(ပြုတ်ပါတယ်ဘုရား)၊ ဒိဋ္ဌိကော-(ပြုတ်ပါတယ်ဘုရား)၊ ဒါဖြင့် ဖြစ်ပျက်လုပ်မှ ခင်ဗျားတို့အကုန်ပြုတ်မယ်-(မှန်ပါဘုရား)၊ ဒကာဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ-(ဖြစ်ပျက်မြင်မှ အကုန်ပြုတ်ပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မှ မမြင်ဘူးတဲ့ပုဂ္ဂိုလ်များသည် အရူးမသာသာ ဖြစ်မှာပဲ၊ လမ်းဆုံးရှာလိမ့်မယ်-(မှန်ပါဘုရား)၊ ရှင်တုန်းလဲ အရူးပဲ....(မှန်ပါ)၊ သေတော့ကော.... (အရူးပါပဲဘုရား)၊ သဘောကျပလား-(ကျပါပြီ)၊ ဦးခင်မောင် ရေ....နေရာကျပလား....(မှန်ပါဘုရား)။

တော်တော်ကလေး နေရာကျလာပြီ ဒကာ ဒကာမတို့၊ ယနေ့ တော်တော် နေရာကျလာပြီနော်....(မှန်ပါ)၊ ကိုင်း.... ဒါဖြင့် ဒကာဒကာမတို့၊ ဒီအလုပ်ကို ရှင်းကြလင်းကြပါစို့။

ဖြစ်ပျက်တစ်လုံးပိုင်လို့ရှိယင် သညာလဲပြုတ်တယ်-(မှန်ပါ)၊ စိတ်ကော-(ပြုတ်ပါတယ်)၊ ဒါဖြင့် ဒကာဒကာမတို့၊ ဖြစ်ပျက်ပိုင်ဖို့ပဲ ကျုပ်တို့အရေးကြီးတယ်....(မှန်ပါဘုရား)။

စန္ဒာကြီး ကြည့်လိုက်လို့ရှိယင် ဖြစ်ပျက်မှုတွင် ရှိတယ်ဆိုတာကို ပိုင်ပိုင်နိုင်နိုင်သိဖို့ အရေးကြီးတယ်-(မှန်လှပါဘုရား)၊ သဘောကျပလှား....(ကျပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ခန္ဓာကြည့်ကြပါစို့, ဒကာ ဒကာမတို့၊ အမှားသုံးချက်ပျောက်အောင် အမှန်ငါးချက်နဲ့ ကျုပ်တို့က ကြိုးစားပေးရမယ်....(မှန်ပါ့ဘုရား)၊ အမှားသုံးချက် ပျောက်အောင်.... (အမှန်ငါးချက်နဲ့ ကြိုးစားရမယ်)၊ အမှန်ငါးချက် ဆိုတာ ဝိပဿနာမဂ်ကို ဆိုပါတယ်....(မှန်ပါ့ဘုရား)။

အမှားသုံးချက်ကို ဒကာ ဒကာမတို့၊ ပြွတ်အောင် ဘာနဲ့ လိုက်ပါ့မယ်....(အမှန်ငါးချက်နဲ့ လိုက်ရပါမယ်)၊ အဲ....အမှား သုံးချက်ကို အမှန်ငါးချက်နဲ့ဖျက်လိုက်လို့ရှိယင်....တဲ့၊ အားလုံး ဒကာဒကာမတွေ ပျက်စီးသွားတာပေါ့ပဲ—(မှန်ပါ့)။

တော်တော်နေရာကျလာပြီ၊ ဒကာ ဒကာမတို့၊ ကြိုးစား ကြနော် မလျော့နဲ့ -(မှန်ပါ့)၊ ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဘုန်းကြီးက ပြောတယ်၊ ခင်ရာ မင်ရာဆိုတာ ရုပ်နာမ်လို့ ပြောတယ်နော်....(မှန်ပါ့)။

ကဲ....ရုပ်တွေ အသာထားလိုက်ပါတော့၊ နာမ်ပဲရှုကြပါစို့, ဆိုတော့ ဒကာဒကာမတို့၊ တစ်နေ့ကစိတ်ကို အရှုမခိုင်းဘူး လား—(ခိုင်းပါတယ်ဘုရား)၊ ဒကာဒကာမတို့ ဘာများအရှု ခိုင်းပါလိမ့်–(စိတ်ကို အရှုခိုင်းပါတယ်ဘုရား)၊ အေး....စိတ်ကို အရှုခိုင်းတယ်ဆိုတာ သေချာပလား-(သေချာပါပြီ)၊ စိတ်ဆ ဘယ်သူ့စိတ်ရှုရမှာပါလိမ့် -(ကိုယ့်စိတ်ကိုယ်ရှုရမှာပါဘုရား)၊ ကိုယ့်စိတ်ကိုယ်ရှုရမယ်နော်- (မှန်ပါ့)၊ ကိုယ့်စိတ်ကို ရှုရမယ် ဆိုတာခကာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်....သူများစိတ်ဆိုတာ လွဲလိမ့်မယ်နော်....(မှန်ပါ့)၊ သူများစိတ်ရှုရတာ လွဲသည်၊ မှန်သည် နှစ်မျိုးရှိပါတယ်....

http://www.dhammadownload.com



(မှန်ပါ့)၊ ကိုယ့်စိတ်ကိုယ်ရှုတော့-(မှန်ပါတယ်ဘုရား)၊ မှန်တယ် ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန် လောဘဖြစ်လဲ....တဲ့၊ လောဘ ကလေးဟာ ဖြစ်ပြီးပျက်သည်လို့ မဂ္ဂင်နဲ့လိုက်ပေး....(မှန်ပါ့)၊ ဒေါသဖြစ်ယင်ကော- (ဖြစ်ပြီးပျက်ပါတယ်)၊ ဖြစ်ပြီး ပျက် သွားတာမဲလို့သာ ရှုပေး....(မှန်ပါ့ဘုရား)။ ဣဿာကလေး ဖြစ်ယင်ကော- (ဖြစ်ပြီး ပျက်သွားတာပါဘုရား)၊ မစ္ဆရိယ ကလေးဖြစ်ယင် ဝန်တိုတဲ့ စိတ်ကလေး ပေါ်လာယင်ကော.... (ဖြစ်ပြီးပျက်သွားတာပါဘုရား)။

ဒေါသကလေးဖြစ်ယင်ကော- (ဖြစ်ပြီး ပျက်သွားတာပါ ဘုရား)၊ သံသယကလေးရှိလာယင်ကော-(ဖြစ်ပြီးပျက်ဘာပါ ဘုရား)၊ အင်း....ဒါဖြင့် ကုသိုလ်ကလေးလုပ်တဲ့ စိတ်ကလေး ဟာကော-(ဖြစ်ပြီးပျက်တာပါဘုရား)။

ဖြစ်ပြီးပျက်ဘာပဲဆိုတော့ ဒကာ ဒကာမတို့ သန္တာန်မှာ ပုထုဇဉ်သန္တာန်မှာ ဖြစ်တဲ့စိတ် ပုထုဇဉ်ဘက်နဲ့ ရှုပေါ့ဗျာ.... (မှန်ပါ့ဘုရား)၊ ရှုတတ်ပြီမဟုတ်သား- (ရှုတတ်ပါပြီဘုရား)။

ဒါဖြင့် ရှုပုံတော့ဖြင့် တစ်နေ့က စိတ်တစ်ဆယ့်သုံးခု ပြပြီး ပါပြီ (မှန်ပါ့)၊ အဲဒီတော့ ဒါကို တစ်ဖြိုင်ဖြိုင်ရှုပေးပါနော်- (မှန်ပါ့)၊ လာတဲ့စိတ်ဆိုယင် ရှုနော်- (မှန်ပါ့)၊ ဘာမှမရှိယင် ရှုစိတ်နဲ့ ရှုက်စိတ်ကို ရှုပေး....(မှန်ပါ့)။

နို့မဟုတ် ကြားပေါက်လာယင်- (ကြားပေါက်ရှုပေးရပါ မယ်ဘုရား)၊ ကြားပေါက်စိတ်ရှု၊ ခင်ဗျားတို့ သန္တာန်မှာ အရိယာစိတ် မလာပါဘူး....(မှန်ပါ့ဘုရား)၊ သဘောကျ

http://www.dhammadownload.com



ပလား .... (ကျပါပြီဘုရား)၊ ပုထုဇဉ်တွေမို့ ဘာစိတ်သာ လာမတုံး....(ပုထုဇဉ်စိတ် လာပါမယ်ဘုရား)။

ပုထုဇဉ်မှာလဲ ဒိဋ္ဌိဟိတ်ပုဂ္ဂိုလ်ဖြစ်ယင် ဒိဋ္ဌိဟိတ်စိတ်သာ လာမယ်....(မှန်ပါ)၊ သဒ္ဓါပြင်စိတ် လာနိုင်ပါ့မလား....(မလာနိုင်ပါဘုရား)၊ မလာနိုင်တော့ ကိုယ့်လာတဲ့စိတ်သာ ကိုယ်ရှု.... (မှန်ပါ့ဘုရား)၊သဘောကျပလား,....(ကျပါပြီ)။

ဝမ်းသာယင် ဝမ်းသာတဲ့စိတ်ကို.... (ဖြစ်ပျက်ရှုရပါမယ်)၊ ဝမ်းနည်းယင်....(ဝမ်းနည်းတဲ့စိတ်ကို ရှုရပါမယ်)၊ ဥပေက္ခာထားယင် .... (ဥပေက္ခာစိတ် ရှုရပါမယ်)၊ ဥပေက္ခာစိတ်ကိုရှု ဒကာဒကာမတို့၊ သဘောကျပလား....(ကျပါပြီ)။

အဲဒီကဲ့သို့တဲ့၊ ကိုယ့်စိတ် ကိုယ်ရှုလို့ရှိယင်ဖြင့် ဒကာဒကာမတို့၊ စိတ္တာနုပဿနာဖြစ်ပါတယ်....(မှန်ပါ့ဘုရား)၊ အဲဒီတော့ ကိုတဲ့၊ ဒါ တပည့်တော်တို့ ဘယ်လောက်ကြာကြာ ရှုရမလဲလို့ ဒကာ ဒကာမတွေ မေးဖို့မလိုဘူးလား .... (လိုပါတယ်ဘုရား)။

ကိုယ့်စိတ်ကို ဘုရားတပည့်တော်ဖြင့် လောဘစာလေး လာလဲ နောက်ကနေပြီး မဂ္ဂင်ငါးပါးနဲ့ ရှုရပါတယ်၊ ဒေါသစာလေးလာလဲ မဂ္ဂင်ငါးပါးပဲ ရှုရပါတယ်၊ မောဟလာလဲ မဂ္ဂင်ငါးပါးနဲ့ ရှုပါတယ်၊ ရှုချင်တာသာရှုပေါ့ဗျာ(မှန်ပါ)၊ ရှုလိုက်တော့ လောဘ, ဒေါသ, မောဟလား၊ ဖြစ်ပျက်လား-(ဖြစ်ပျက်ပါဘုရား)၊ရှုတာက ဘာဆိုကြမယ်–(မဂ္ဂပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက် မဂ်ကိုက်အောင်လုပ်-(မှန်ပါ့ဘုရား)၊ဖြစ်ပျက် မဂ်ကိုက်အောင်လုပ်....(မှန်ပါ)၊

http://www.dhammadownload.com



ဒီကြားထဲမှာ ကိလေသာ မဝင်အောင် လုပ်ပါ....(မှန်ပါ့ဘုရား)။

ကိလေသာမဝင်လို့ရှိယင် မနက်အားထုတ်ယင် ညနေရမယ်-(မှန်ပါ့)၊ ညနေအားထုတ်ယင်....(မနက်ရပါမယ်)၊ မနက်ရမယ်ဆိုတော့ ဒါ....ကိုယ့်အတွက်မှာ ဝမ်းနည်းစရာ လိုသေးသလား....(မလိုပါဘုရား)၊ ဝမ်းနည်းစရာဘာမှမလိုပါဘူးတဲ့။

အဲဒီတော့ ဒီလို ဒကာ ဒကာမတွေက ကိုယ့်စိတ်ကို ကိုယ်ကြည့်ပြီး သက္ကာလ ဖြစ်ပျက်တွေကို မြင်ပါလိမ့်မယ်....(မှန်ပါ့)၊ မြင်တော့ ဘုန်းကြီးက ဒကာဒကာမတွေကို အလုပ်ပေးနေတဲ့ ဘုန်းကြီး၊ ဖြစ်နေတော့ ရှင်းရှင်းပဲ ပြောပါတယ်၊ စိတ်ဟာ နှစ်စိတ် ဘယ်တော့မှ မပြိုင်ဘူး၊ ဒါလဲ တစ်စိတ်၊ အပျက်ကလဲ တစ်စိတ်ပဲ၊အရှုကလဲ-(တစ်စိတ်ပါပဲ)၊ဘယ်တော့မှ သတ္တဝါသန္တာန် မပြိုင်ဘူးလို့ မှတ်ထားလိုက်ပါ....(မှန်ပါ့ဘုရား)၊

ပြိုင်ပြီးဘယ်တော့မှ မဖြစ်ဘူး ဒီစိတ်ချုပ်ပြီးမှဟုတ်လား....(မှန်ပါ့)၊ အရှုခံစိတ် ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ်....(မှန်ပါ့ဘုရား)၊ အရှုခံစိတ်.... (ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ်ဘုရား)။

ရှုဉာဏ်စိတ် ပေါ်တယ်ဆိုတော့ ဒကာဒကာမတို့ အရင်တုန်းက အသက်ရှင်နေတာ ဒီစိတ်နဲ့ အသက်ရှင်နေတယ်....(မှန်ပါ့)၊ နောက် .... သူသေသွားတော့ ဘယ်စိတ်နဲ့ အသက်

http://www.dhammadownload.com



ရှင်သလဲ....(ရှုသိစိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား)၊ ရှုသိစိတ်နဲ့ အသက်မရှင်ရသေးဘူးလား....(ရှင်ရပါတယ်ဘုရား)။

ဒါဖြင့် ကေစိတ္တသမာယုတာ = တစ်ခုသောစိတ်နဲ့ ဒကာဒကာမတွေ အသက်ရှင်နေတာ....(မှန်ပါဘုရား)၊ စိတ် ဘယ်နှစ်ခုနဲ့ အသက်ရှင်နေသလဲ....(တစ်ခုသောစိတ်နဲ့ အသက်ရှင်နေပါတယ်)၊ အရှုခံနဲ့ အသက်ရှင်နေတုန်းကို ရှုသိ မပေါ်သေးပါဘူး....(မပေါ်သေးပါဘုရား)။

သဘောကျပြီနော် ....(မှန်ပါ)၊ ဒါ-ရှင်းရှင်းလင်းလင်း မှတ်ပါ၊ ရှင်းရှင်းလင်းလင်း မှတ်ပါ၊ ဒါ အလုပ်တရားမှာ အလွန်အရေးကြီးနေပြီ-(မှန်ပါ)၊ဒကာဒကာမတွေ အပင်ပန်းခံပြီးသကာလ၊ လူတွေ တိုးဝှေ့ပြီးသကာလ တစ်ချို့နေစရာမရှိလို့ အပြင်ဘက်မှာ နေကြရတယ်၊ ဒါကို လိုရင်းပေးချင်လို့ဘုန်းကြီးကလဲ ဒါ ရှုလိုက်လို့ရှိယင် ဒီကြားထဲ ခုနတာ တရားက လာသေးရဲ့လား....(မလာပါဘုရား)။

တရားမလာယင် ဒီခန္ဓာ-(မလာပါဘုရား)၊ဒီခန္ဓာမှ မလာဘဲနဲ့ အို၊ နာ၊ သေ ဘယ့်နှယ်တုံး....(မလာပါဘုရား)၊ တစ်ခါတည်းဝဋ်မကျွတ်သွားဘူးလား -(ကျွတ်သွားပါတယ်ဘုရား)။

အဲဒါကြောင့် အလုပ်တရားကို ကြပ်ကြပ် ဂရုစိုက် နားထောင်ပါဆိုတာတိုက်တွန်းရတယ်....(မှန်လှပါဘုရား)၊ဒါဖြင့် ကိုယ့်စိတ်ကိုယ်ရှု(မှန်ပါ)၊လောဘစိတ်လာယင်-(လောဘစိတ်ရှု)၊ လောဘစိတ်ကို မင်္ဂနဲ့ ဖြစ်ပျက်ရှု၊ ဒေါသစိတ်လာယင်....(ဒေါသစိတ်ရှု)၊မောဟစိတ်လာယင်....(မောဟစိတ်ရှု)။

http://www.dhammadownload.com



ရှုရလိမ့်မယ်နော်–(မှန်ပါ)၊ မမေ့အောင်ရှုပေး၊ ဘာမှမရှိယင် လေကိုထွက်အောင် အားထုတ်တဲ့စိတ်ကို.... (ရှုရပါမယ်)၊ လေကို ပြန်ရှုတ်တဲ့စိတ်ကို....(ရှုရပါမယ်ဘုရား)၊ ရှုရလိမ့်မယ် ဆိုတော့ ဒါကလေးနဲ့ ရှု-ရှုပေးနေတော့ ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက်-မဂ် မကိုက်ပေဘူးလား....(ကိုက်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ မိလိန္ဒပဥှာ ပါဠိတော်မှာ လာတာကလေးနဲ့ ဒကာဒကာမတွေကို ပြောချင်ပါတယ်တဲ့။

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကိုမေးတယ်၊ မိလိန္ဒမင်းကြီး ဆိုတာက ဒကာဒကာမတွေ ကြားဖူးတဲ့အတိုင်း ပညာရှိပေါ့ ဗျာ....(မှန်ပါဘုရား)၊ ရှင်နာဂသိန်ကတော့ သူ့ထက် ပညာရှိတဲ့အပေါ်မှာ ရဟန္တာဖြစ်နေတယ်....(မှန်ပါဘုရား)။

ရဟန္တာဆိုတာသည် ဝိပဿနာ ကိုယ်တိုင် ရှုပြီးလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ လေးဉာဏ်ရလို့ရဟန္တာဖြစ်တယ်ဆိုတာလဲခင်ဗျားတို့ ဘာမှ သံသယရှိဖို့ မလိုပါဘူး၊ လိုသေးသလား.... (မလိုပါဘုရား)။

အဲဒီ ကိုယ်တိုင် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ကို ဒကာဒကာမတို့ မေးလိုက်တယ်၊မိလိန္ဒမင်းကြီးက “အရှင်ဘုရားကတော့ ဘုရား ကိုယ်တိုင် နိဗ္ဗာန်ရောက်ပြီးသားပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အဲဒီတော့ နိဗ္ဗာန် ကိုယ်တိုင် အာရုံပြုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး သကာလ နေ တော့ တပည့်တော်များလဲ နိဗ္ဗာန်ရောက်ချင်တယ်၊ ရောက်ချင် တော့ကို ဘယ်လို ရှုပြီးသကာလ ဘယ်လို နိဗ္ဗာန်ဘက်ကူးသွား တယ်ဆိုတဲ့ဥစ္စာ တပည့်တော် အရေးတကြီး သိချင်ပါတယ်၊

http://www.dhammadownload.com



ဒကာဒကာမတို့၊ ဝိပဿနာ ရှုရင်းမတ္တာနဲ့ နိဗ္ဗာန်ဘက် ဘယ်လို ကူးသွားဘယ်ဆိုတာ သူသိချင်တယ်....တဲ့.... (မှန်ပါ ဘုရား)၊ ရှင်းကြပလား–(ရှင်းပါပြီ)၊ ဝိပဿနာရှုရင်းမတ္တာနဲ့- (နိဗ္ဗာန်ဘက် ကူးသွားတာ သိချင်ပါတယ်ဘုရား)။

နိဗ္ဗာန်ဘက် ကူးသွားတာ သူ သိချင်ပါတယ် ဆိုတော့ ဒကာဒကာမတို့၊ ဒီဟာကလေးဟာ အသေအချာ မှတ်ရမှာ နော်....(မှန်ပါဘုရား)၊ လုပ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ရောက်တယ် ဆိုတာ သူများမမေးပါနဲ့တော့၊ ကိုယ့်ကိုယ်တိုင် နိဗ္ဗာန်ရောက် ပါလိမ့်မယ်....(မှန်လှပါ)၊ ရှုသာရှုပါ၊ ဖြစ်ပျက်သာ မီအောင် ရှုပါ....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ရှင်နာဂသိန်အာ ဒကာကြီးတဲ့ "တဿ တံစိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ သြက္ကမတိ"ဖြစ်ပျက်မှုကို လွန်ပြီးသကာလ ဒကာကြီး တဲ့ မြန်မြန် ဒါလေးကို ဖြစ်ပျက်၊ဖြစ်ပျက်....လို့ နှလုံးသွင်း လိုက်ပါ၊ ကိုယ့်စိတ်ကို၊ သဘောကျပလား-(ကျပါပြီ)၊ ကိုယ့် စိတ်ကို ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်၊ ဖြစ်ပျက်လို့ ကိုယ့်မဂ်ကလေးနဲ့ ကိုယ့်ဉာဏ် ကလေးနဲ့ နှလုံးသွင်းနေပါ....တဲ့၊ သဘောကျပလား- (မှန်ပါ ဘုရား)၊ "တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော"တဲ့၊ တဿ= ထို ဝိပဿနာရှုသော ပုဂ္ဂိုလ်သည်၊ တံစိတ္တံ = ထို ဖြစ်သောစိတ်ကို၊ အပရာပရံ = မပြတ်၊ မနသိကရောတော

http://www.dhammadownload.com



နှလုံးသွင်းနေခဲ့လျှင်၊ ဖြစ်ပျက်သာ အမြဲနှလုံးသွင်းနေခဲ့လျှင် ဒကာဒကာမတို့၊ မှတ်မိပလား.... (မှတ်မိပါပြီ)၊ ဖြစ်ပျက်သာတဲ့....(အမြဲနှလုံးသွင်းနေခဲ့ပါလျှင်)။

အဲဒီတော့ ဥပ္ပါဒ် အတိက္ကမိတွာ = ယောဒီ ဖြစ်ပျက်တွေ လွန်သွားပါလိမ့်မယ်တဲ့... (မှန်ပါ့)၊ ဘာလွန်သွားမလဲ.... (ဖြစ်ပျက်တွေလွန်သွားပါမယ်)၊ အနုပ္ပါဒ် ဩက္ကမတိ = ဖြစ်ပျက်မရှိတဲ့ဘက် တစ်ခါတည်း ယောဒီဉာဏ်က ဒကာဒကာမတို့၊ မဂ္ဂင်ရှစ်ပါးပြည့်ပြီး ဝင်သွားတာပဲ....(မှန်ပါ့)၊ ဖြစ်ပျက်မရှိတဲ့ဘက် ပြေးဝင်သွားတယ်....(မှန်ပါ့)။

ပထမ သူ ဖြစ်ပျက်လှည့်နေတယ်-(မှန်ပါ့)၊ ရှုဖန်များတော့ ဒီ ဖြစ်ပျက်ရှုတဲ့ ဉာဏ်တွေဟာ ဘယ်ဘက် လှည့်သွားသလဲ.... (ဖြစ်ပျက်မရှိတဲ့ဘက်ပါဘုရား)၊ ဖြစ်ပျက်မရှိတဲ့ဘက်လှည့်သွားတယ်-(မှန်ပါ့)၊ သဘောကျပလား(ကျပါပြီ)၊ ပထမ ဘယ်ဘက်လှည့်သတုံး.... (ဖြစ်ပျက်ဘက်လှည့်ပါတယ်)၊ နောက် ရှုဖန်များလာတော့....(ဖြစ်ပျက်မရှိတဲ့ဘက်လှည့်ပါတယ်)၊ ဖြစ်ပျက်မရှိတဲ့ဘက် သူလှည့်သွားတယ်- (မှန်ပါ့)၊ သဘောကျပသား- (ကျပါပြီ)၊ ဒါဖြင့်....

> "တဿ တံ စိတ္တံ အာပရာပရံ မနသိကရောတော ဥပ္ပါဒ် အတိက္ကမိတွာ အနုပ္ပါဒ် ဩက္ကမတိ၊ ဧဝံ ခေါ မဟာရာဇ သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ"

ဦးခင်မောင် ဖြစ်ပျက်တွေ ရှုရကနေပြီးသကာလ တစ်ခါတည်း ရှုတဲ့ဉာဏ် ဖြစ်ပျက်မရှိတဲ့ဘက် သူ့ဟာသူ ပြောင်းသွားတယ်....(မှန်ပါ့ဘုရား)၊ ပထမတော့ ဘယ်ဘက်လှည့်နေ

http://www.dhammadownload.com



သတုံး.... (ဖြစ်ပျက်ဘက် လှည့်နေပါတယ်)၊ ရင့်လာတော့ ဘယ်နှယ်တဲ့.... (ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားပါတယ်ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားတော့ အဲဒါ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒကာကြီး ဒါပဲ-(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ပထမတော့ ဘယ်ဘက်လှည့်နေသလဲ-(ဖြစ်ပျက်ဘက်လှည့်နေပါတယ်)၊ ခင်ဗျားက ရှုတဲ့ဉာဏ်ကလေး ကလေ....(မှန်ပါ)။

နောက်တော့ ရှုဖန်များရင်း ရှုဖန်များရင်းနဲ့ ဟောဒီ ဖြစ်ပျက်တွေ မတွေ့တော့ဘူး-(မှန်ပါ)၊ ဖြစ်ပျက်မရှိတဲ့ဘက် ဉာဏ်ကလှည့်သွားတယ်....(မှန်ပါဘုရား)၊ ဖြစ်ပျက်မရှိတာက ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား)။

အဲဒီ နိဗ္ဗာန်ဘက်လှည့်သွားတယ် ဒကာကြီးရတဲ့၊ နိဗ္ဗာနံ သစ္ဆိကရောတိ....တဲ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် ဆိုတာ ဒါပဲတဲ့၊ ပထမ ဖြစ်ပျက်ဘက် လှည့်နေတယ်တဲ့၊ နောက်ကျတော့ ရှုဖန်များလာတော့ ဖြစ်ပျက်တွေ အကုန်ချုပ်သွားပြီး ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်က လှည့်သွားတယ်-(မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ "နိဗ္ဗာနံ သစ္ဆိကရောတိ" ဆိုတာ ဒကာကြီး ဒါပဲတဲ့....ဆိုတော့ ဒကာဒကာမတွေ သိတဲ့အတိုင်း ဒီပုဂ္ဂိုလ်က သွားသွားပြီးသားလမ်းကို သူပြောတာနော်....(မှန်ပါဘုရား)။ ရမ်းပြောတာလား၊ ကိုယ်တိုင်ရောက်ဖူးတာ ပြောတာလား.... (ကိုယ်တိုင်ရောက်ဖူးတာ ပြောတာပါ)၊ ဒါဖြင့် ကျုပ်တို့က သံသယရှိဖို့ လိုသေးသလား....(မလိုပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကျုပ်တို့က ကိုယ့်စိတ်ကိုဖြစ်ပျက်သာရှုနေ(မှန်ပါ့) သူ နိဗ္ဗာန်ရောက်ချင်တဲ့ အခါကျတော့ ရှုတဲ့ဉာဏ် ရင့်ကျက်လာပြီး ဖြစ်ပျက်မမြင်တဲ့ ဘက်ကို ဖြစ်ပျက် မရှိတဲ့ဘက်ကို ဒီဉာဏ်က လှည့်သွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

လှည့်သွားတဲ့အခါကျတော့ ဖြစ်ပျက်မရှိတာက နိဗ္ဗာန်၊ လှည့်သွားတဲ့ဉာဏ်က မဂ်ဉာဏ်၊ သေတာက တဏှာ....(မှန်ပါ့ဘုရား)၊ တဏှာသေတာတည်းက ခန္ဓာလုပ်နိုင်သေးရဲ့လား.... (မလုပ်နိုင်ပါဘုရား)၊ ခန္ဓာမှာမရှိဘဲနဲ့ အိုနာသေ ဒုက္ခဒုက္ခာမတို့-(မရှိနိုင်ပါဘုရား)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ချုပ်တာက ဘာတဲ့....(နိဗ္ဗာန်ပါ)၊ မြင်တာက—(မဂ်ဉာဏ်ပါ)၊ သေတာက....(တဏှာ)၊ သမုဒယ သေတာ (မှန်ပါ့)။

ခန္ဓာနဲ့တကွ ဒုက္ခဒုက္ခာမတို့၊ ဟိုဘက်ချုပ်တာက ခန္ဓာ၊ ချုပ်ပြီးမှရတဲ့ အနုပါဒိသေသ နိဗ္ဗာန်....(မှန်ပါ)၊ ဒီဘက် ကိုယ်တိုင်မြင်ရတာက ခန္ဓာရှိတုန်း မြင်ရတဲ့အတွက် သဉပါဒိသေသနိဗ္ဗာန်....(မှန်ပါ့ဘုရား)၊ ရှင်းပလား—(ရှင်းပါပြီ)။

မြင်ရတာက....(သဉပါဒိသေသနိဗ္ဗာန်)၊ နောက်မှရမယ့် နိဗ္ဗာန်က....(အနုပါဒိသေသနိဗ္ဗာန်)၊ အနုပါဒိသေသ နိဗ္ဗာန် ဆိုတော့ ဒုက္ခ ဒုက္ခာမတို့၊ ဒါပဲလုပ်ရှုရှိတယ်.... (မှန်ပါ့)၊ သဘောပါကြပလား.... (ပါ့ ပါပြီ)၊ လုပ်တတ်ကြပလား.... (လုပ်တတ်ပါပြီ)၊ ခင်ဗျားတို့ လုပ်တတ်ဖို့ရာက ဖြစ်ပျက်မြင်ဖို့ ရာသာလုပ်....(မှန်ပါ့)၊ မိမိသန္တာန်မှာ ဘယ်စိတ်လာလာ ဖြစ်ပျက်သာ ရှုနေ....(မှန်ပါ့)။

http://www.dhammadownload.com



အဲဒါ ခင်ဗျားတို့အလုပ်၊ နိဗ္ဗာန်သွားဖို့ အလုပ်ကတော့ သူရင့်လာလို့ မဂ်က သူ့ဟာသူ နိဗ္ဗာန်ဘက် လှည့်သွားမှာပဲ....(မှန်ပါ)၊ မလှည့်ပါနဲ့ဆိုလို့ရရဲ့လား....(မရပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့အလုပ်က ဘာလုပ်ရမှာတုံး....(ဖြစ်ပျက်ရှုရပါမယ်၊ ဖြစ်ပျက်ကို များများမြင်အောင် လုပ်ရမှာပဲ....(မှန်ပါ)။

ဒါဖြင့် များများမြင်တဲ့ဉာဏ်သည် ရင့်သွားယင် ဘယ်ဘက် လှည့်မတုံး.... (နိဗ္ဗာန်ဘက် လှည့်ပါမယ်)၊ ဒါဖြင့် နိဗ္ဗာန်ဟာ အကြွေးလား ဒကာဒကာမတို့၊ အခုရမှာလား....(အခုရမှာပါ ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ရ-ရပါလိမ့်လို့ ဆုတောင်း၊ မနေနဲ့၊ ဒါ များများရှုယင် သူ့ဟာသူ နိဗ္ဗာန် ပေါ်လာမယ်....(မှန်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ မပေါ်စရာ ရှိသေး ရဲ့လား....(မရှိပါဘုရား)။

ဒါ - ဘယ်သူ ဟောတာတုံးဆိုတော့ ရဟန္တာ ရှင်နာဂသိန် က ဟောတာ.... (မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ဘုရားသခင်ကိုယ်တိုင် ဟောခဲ့လို့ ဒီ ရှင်နာဂသိန်ပေါ်ရစ်လိမ့် မယ်ဆိုတဲ့ဥစ္စာ ဦးခင်မောင် သေချာပြီးသားနော် — (မှန်ပါ ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

❁

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး
## အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊
## မန္တလေးမြို့၊ ဦးချစ်ဆွေ့ဓမ္မာရုံ၌
## ဟောကြားတော်မူသော
## (တောင်ကြီးလေးလုံး ကြိတ်သည်ကို ခံနေရပုံ)

# ပဋိစ္စသမုပ္ပါဒ်တရားတော်

## (၄-၃-၆၁)

မိမိတို့ နေရထိုင်ရတာ ဘယ်လိုများ နေထိုင်ရတယ်ဆိုတာ ဉာဏ်မျက်လုံးနဲ့ ကြည့်ကြပါဆိုတဲ့ ဥစ္စာ သတိ ပေးလိုက်ပါ တယ်။

မိမိတို့ သည်ကားဆိုလို့ရှိယင် ဘယ်လိုမျာ၊ နေရပါလိမ့်မလဲ လို့ မေးတဲ့အခါ ကျလို့ရှိယင် ဇတောင်ကြီးလေးလုံး ကြားမှာ နေရတယ်လို့မှတ်လိုက်စမ်းပါ-(မှန်ပါ့ဘုရား)၊ဘယ်မှာနေကြ ရပါလိမ့်...(တောင်ကြီးလေးလုံးကြားမှာပါဘုရား)။

တောင်ကြီး လေးလုံးဆိုတော့ တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့၊ ဒီဘက်ကလဲ ဇရာမရဏ၊ ဒီဘက်ကလဲ ဇရာမရဏမဲ့ နော်....(မှန်ပါ့)၊ ဒီဘက်ကလဲ ဇရာမရဏပဲ၊ ဒီဘက်က ကြည့်

http://www.dhammadownload.com



လိုက်ပြန်လဲ ဇရာမရဏပဲ ဆိုတော့ တောင်လေးလုံးကြားမှာ ဒကာ ဒကာမတွေ မွေးဖွားနေတယ်ဆိုတာ သဘောကျကြပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီဥစ္စာ ဘယ်မှာ လာပါလိမ့်မတုံး ဆိုတော့ သံယုတ်ပါဠိတော်မှာ လာတယ်၊ အရှေ့ပိုင်းမှာ သံဝေဂ နည်းနည်းတလေး ဒကာ ဒကာမတွေ ကိုယ့်ဖြစ်ကြောင်း ကိုယ်သိရအောင်လို့ ဘုန်းကြီးက ဟောပါတယ်လို့ မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ)၊ ဒီအတိုင်းမသိဘဲနေကြလို့ရှိယင် မသိပျော်-ပျော်နေမှာ ဦးခင်မောင် သိပ်စိုးရိမ်ရတယ်....(မှန်လှပါဘုရား)။

ဩော်....မသိပျော်-ပျော်နေပြီးသကာလနေလို့ရှိယင်၊ မသိသေ, သေလို့ရှိယင်ဖြင့် မသိသလိုပဲ နစ်နာသွားတော့မယ် ဆိုတာကို ဒကာဒကာမတွေ ကိုယ့်အကြောင်းကို ကိုယ်သိထားတော့မှ အင်း—ရှောင်ရှားစရာ လမ်းများကလဲ ရှာဖို့အချိန်ရောက်ပါပေါ့လား....ဆိုတဲ့ ဥစ္စာလဲ သေသေချာချာ မှတ်ကြပါနော်....(မှန်လှပါဘုရား)။

ကောသလ မင်းကြီးဟာ ဒကာ ဒကာမတွေ နေ့လယ်ကြောင်ဘောင်ကြီးမှာနောက်ကလဲ ခြေလျင်တပ်တွေ၊ ဆင်တပ်တွေ၊ မြင်းတပ်တွေ၊ ရထားတပ်တွေ အမျိုးမျိုးသော တပ်တွေနဲ့ လှည့်ပြီးသကာလ လာကြတယ်နော်....(မှန်ပါ)၊

ကောသလမင်းကြီးက ရှေ့ကခေါင်းဆောင်ပြီး သကာလ မင်းအင်အားပြဘာပေါ့လေ၊ ခြေလျင်တပ် ဘယ်လောက် ရှိတယ်၊ ကုန်းတပ်က ဘယ်လောက်ရှိတယ်၊ မြင်းတပ်က ဘယ်

http://www.dhammadownload.com



လောက်ရှိတယ် ဆိုပြီးသကာလ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ မင်းတို့၏ဂုဏ်မါဝါကို ပြတယ် ဦးခင်မောင် မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

အဲဒီပြတဲ့ အချိန်ကျတော့ သူ ဘုရားကျောင်းတော်ကိုဝင်ပြီးသကာလ လာခဲ့တယ်၊ ဘုရားကျောင်းတော် ဝင်လာတော့ ဒကာကြီး နေ့လယ်ကြောင်တောင်ကြီး ဘယ့်နှယ်တုံး၊ ဒီ.... ငါ ဘုရားကျောင်းတော် ရောက်လာတာ ဘာကိစ္စပါလိမ့်၊ ဘယ်အကြောင်းနဲ့ ဆက်သွယ်ပြီး ဘယ်လိုများ ရောက်လာပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါ....

"အရှင်ဘုရား....ထိပ်မှာ ဘိသိက်သွန်းထားတဲ့ မင်းဆိုတာက မင်းတို့၏ စစ်သည်ဗိုလ်ပါတွေ၊ မင်းတို့၏ ချမ်းသာတွေ၊ မင်းဘို့၏ပစ္စည်းရတနာတွေ၊ နောက်လိုက်ဗိုလ်ပါတွေ မည်မျှလောက် ကောင့်တင်းတယ် ဆိုတဲ့ဥစ္စာ မင်းဘို့၏အား ပြရပါတယ်ဘုရား၊ သူပုန်တွေ၊ တိုင်းပြည်က ပုန်ကန်မှာတွေ၊ ဒါတွေ အကုန်နိုင်နင်းသွားလောက်အောင်စိတ်တွေ ပျော့ပြီးသကာလ သွားလောက်အောင် မင်းအာ်အားကို ပြရင်းမတ္တနဲ့ အရှင်ဘုရားဆီ အရောက်လာပါတယ်ဘုရား"။

သူကတော့ဖြင့် ဒကာဒကာမတွေ သိတဲ့အတိုင်းပေါ့ဗျာ သူ့အားကိုးကို သူပြတာ....(မှန်ပါ)၊ လုံခြုံပြီဆိုပြီး အင်အား ပြတာနော်.... (မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရိပ်မိတယ်၊ ဩော်.... သူသည်ကားလို့ဆိုယင် အင်အားတော့ဖြင့် သူ့ဟာသူဟုတ်လှပြီ ထင်ပြီး အင်အားတွေပြပြီးသကာလ ငါကတော့ဖြင့် အတော်

http://www.dhammadownload.com



လုံခြုံအောင်နေနိုင်တဲ့ ရှမ်းဘုရင် တစ်ဦး တစ်ယောက်ပဲလို့ သူ့စိတ်ထဲမှာ အောက်မေ့မှာပဲ။

အဲဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာကြီး ငါဘုရား ဟောတော်မူတာကို နားနည်းနည်း ထောင်စမ်းဆို ပြီးတော့ ဆောင်ခိုင်းလိုက်တယ်။

ဒကာကြီး ...တဲ့၊ အနောက်ဘက်က တောင်ကြီးနှစ်လုံးကသဲ့ လိမ့်လိမ့်-လိမ့်လိမ့်ပြီး သကာလ လာတယ်၊ အရှေ့ဘက်ကလူ တွေ အကုန်သိဘာပဲ၊ အဲဒီအရှေ့ဘက်က လာတဲ့လူက ဒကာ ကြီး၊ ပြောမယ်....တဲ့၊ အရှင်မင်းကြီး အနောက်ဘက်က လူတွေဖြင့် တောင်ကြီးနှစ်လုံးက ကြိတ်ကြိတ်သာလို့ အရှေ့ဘက်ကလူတွေ အကုန်သေကုန်ပါပြီ၊ ပြားပြားပြီး သကာလ အကုန်သေ ကုန်ပါပြီ အရှင်မင်းကြီး။

ဒီ-တောင်နှစ်လုံးကလဲ အထက်ကြည့်လိုက်လို့ရှိယင် ဗြဟ္မာ့ ပြည်ဘုံအောင် ရောက်ပါတယ်၊ ဘေးမှာလဲ ကြားမရှိပါဘူး။ ဘောင်တန်းရှည်ကြီး အမြင့်ဆုံးကြီးပဲ၊ အရှေ့ဘက်က လူတွေ ကလဲ အကုန်ပြုတ်ကုန်ပါပြီအရှင်မင်းကြီး၊ ဒါကို ကျွန်ုပ်တို့ကို ကယ်တော်မူပါလို့ အရှေ့ဘက်က လူကလဲ သင်မင်းကြီးကို ပြောလိမ့်မယ်....တဲ့၊ ဒကာဒကာမတို့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

တစ်ခါ အနောက်ဘက်ကလူကလဲ တောင်ကြီးတွေ ကြိတ် ကြိတ် ကြိတ်ကြိတ်ပြီး သကာလ လာလို့ အနောက်ဘက်က လူကလဲ အရှင်မင်းကြီး....ကျွန်ုပ်တို့ အနောက်တိုင်းသားတွေ ဖြင့် တောင်ကြီးနှစ်လုံးက အထက်မိုးကျဲအောင်ပဲ မြင့်ပြီး

http://www.dhammadownload.com



သကာလ ဖြုတ်ခွာပြည်ကျအောင်မြင့်ပြီး ဘေးမှာလဲ ကြား၊မရှိ လောက်အောင်ပဲ လူတွေအကုန် သတ်သတ်ပြီး သကာလ ဒီဘက် လိမ့်လိမ့်လာနေတယ်၊ အရှင်မင်းကြီးက ကာကွယ်ဖို့ အားထုတ်ကြိုးစားပါ၊ ကျွန်ုပ်တို့ကိုကယ်ပါ၊ အရှင်မင်းကြီး၊ တိုင်းပြည်မှာနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ အရှင်မင်းကြီး ကိုလဲ အရှင်မင်းကြီး စောင့်ရှောက်ပါ၊ တောင်ကြီးတွေက ဖြင့် လာပြီဆိုတော့ ဇရာမရဏတို့ ဆိုဘာ...(မှန်ပါဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အရှေ့ကလာတာလဲ ဘာတုံး....(ဇရာ မရဏပါပဲဘုရား)။
မြောက်ကလာတာကော....(ဇရာမရဏပါပဲဘုရား)။
အနောက်ကလာတာကော ...(ဇရာ မရဏပါပဲဘုရား)။
တောင်က လာဘာကော....(ဇရာ မရဏပါပဲဘုရား)။

ဒီလို တောင်ကြီးလေးလုံး-လေးလုံးဆိုင်ပြီး ကြိတ်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဘယ်ပုဂ္ဂိုလ်ခံနိုင်ပါမလဲ.... (မခံနိုင်ပါ ဘုရား)၊ ဘယ်ပုဂ္ဂိုလ်မှ မခံနိုင်ဘူး၊ အဲဒီတော့ တောင်ဘက်က လူဏပြောပြန်လဲ ခုနကပြောတဲ့အတိုင်း ပြောပါတယ်။

အဲဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရှင်မင်းကြီး၊ ဒီတောင်ကြီးလေးလုံး ဆိုင်ဆိုင်- ဆိုင်ဆိုင်ပြီးသကာလ ကြိတ် လိုက်လို့ရှိယင်ဖြင့် တောင်ဘက်ကလူတွေကလဲ တောင်ဘက် က ကြိတ်လိုက်လို့သေကုန်ပြီ၊ အရှင်မင်းကြီးလဲ ကာကွယ်ပါ၊ ကျွန်ုပ်တို့ကိုလဲ ကာကွယ်ပေးပါလို့ ပြောလို့ရှိယင်ဖြင့် အရှင် မင်းကြီး ဘယ်တတ်နိုင်ပါမလဲလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက မေးလိုက်ပါတယ်နော်....(မှန်ပါဘုရား)။

အသင်မင်းကြီး....ဒီလောက်မြင့်မားတဲ့ တောင်ကြီး လေးဘက်ကဝိုင်းပြီး ဆုံဆုံပြီး ကြိတ်တယ်ဆိုလို့ ရှိယင်ဖြင့် ဒါကို စစ်သည်ဗိုလ်ပါတွေနဲ့ လည်းကောင်း၊ တုတ်၊ လှံ၊ ဓား၊ လေးမြားတွေနဲ့ လည်းကောင်း၊ သေနတ်၊ အမြောက် စသည်တို့ဖြင့် လည်းကောင်း၊ ကာကွယ်လို့ သင်မင်းကြီးရပါ့မလား... လို့၊ ဘုရားကမေးတယ်.... (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတွေက ဘယ့်နှယ်ဖြေပါ့မလဲ....(မရပါဘုရား)။

မရနိုင်ဘူး၊ ဒီတောင်ကြိတ်ပွဲမှာ ဒကာဒကာမလဲ အမှုန့်ဖြစ်ပြီး သေရမယ့် အဓိပ္ပာယ်က အထူးသေချာနေတယ်ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှာလဲ ဒကာဒကာမတို့၊ ခင်ဗျားတို့ကတော့ တရားနာနေတယ်၊ ဒီတောင်ကြီးလေးလုံးကတော့ ဝိုင်းကြိတ်လို့ နီးလာပြီ ကပ်နေပြီဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့ဘုရား)၊ သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အနောက်ဘက်က လူတွေကို အနောက်ဘက်က တောင်က ကြိတ်လျက်ပဲ-(မှန်ပါ့)၊ အရှေ့ဘက်က လူတွေကော-(အရှေ့ဘက်က တောင်က ကြိတ်လျက်ပါပဲ)၊ မြောက်ဘက်ကလူတွေကော....(မြောက်ဘက်ကတောင်က ကြိတ်လျက်ပါပဲဘုရား)။

မြောက်ဘက်က တောင်က ကြိတ်ကြိတ်၊ ကြိတ်ကြိတ်ပြီး လာလို့ ဒကာ ဒကာမတွေ အသုဘတွေ ဖြစ်ကုန်တာတွေကော၊ တွေ့ကြပလား....(တွေ့ပါပြီဘုရား)။

http://www.dhammadownload.com



တောင်ဘက်ကလူတွေလဲ တောင်ဘက်တောင်ကဲ ကြိတ်ကြိတ် ကြိတ်ကြိတ်ပြီးသကာလ လာတယ်၊ ဘယ်သူများရှောင်ကွင်းပြီးသကာလ လွတ်ကင်းတယ်ဆိုတဲ့ အစီပွာယ်များ ရှိကြရဲ့လား....(မရှိကြပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ အခုတရားနာနေတဲ့ ဒကာ ဒကာမတွေက ဘယ်ကြားမှာ တရားနာနေပါလိမ့်မလဲ....လို့၊ မေးကြစို့ရဲ့နော်....(တောင်လေးလုံးကြားမှာ နာနေရပါတယ်ဘုရား)။

တောင်ကြီးလေးလုံးကြားထဲမှာ ဒကာ ဒကာမတွေသည် ကားလို ဆိုလို့ရှိယင်ဖြင့် သေပွဲအနီးမှာပဲ တရားနာနေကြပါတယ်-(မှန်ပါ)၊ သဘောပါကြပလား....(ပါ-ပါပြီ)၊ဘယ်မှာ တရားနာနေကြပါလိမ့်.... (တောင်ကြီးလေးလုံးကြားမှာပါဘုရား)။

ဒီကြားထဲမှာ တရားနာနေတယ်၊ တောင်လေးလုံး ကြားထဲမှာ တရားနာနေဘယ်....(မှန်ပါ)၊ သူလဲ ဇရာ-မရဏက ရှိလျက်၊ ကိုယ်ကော-(ရှိပါတယ်ဘုရား)၊ အရှေ့ဘက်ကလူတွေကော—(ရှိပါတယ်ဘုရား)၊ အနောက်ဘက်ကလူတွေကော.... (ရှိပါတယ်ဘုရား)၊ မြောက်ဘက်ကလူတွေကော....(ရှိပါတယ်ဘုရား)၊ တောင်ဘက်ကလူတွေကော.... (ရှိပါတယ်ဘုရား)။

အင်မတန် ထွေးရှုပ်ကြီးတွေဖြစ်နေတော့ ဒကာ ဒကာမတွေ ဒီထဲမှာ တောင်ကြိတ်ပွဲထဲတွင် သေပွဲဝင်ရမယ့် ပုဂ္ဂိုလ်တွေ ချည်းပဲဆိုတစ ငြင်းစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

သိပ်ကြောက်စရာကောင်းပါကလား.... ဒကာ ဒကာမတို့၊ ကျုပ်တို့ တောင်လေးလုံးကြား မွေးတဲ့အတွက်ဖြင့် အမွေးဖြင့်

http://www.dhammadownload.com



လွဲပေါ့လို့ ဆိုလို့ရှိယင်ဖြင့် ပြောစရာရှိသေးရဲ့လား.... (မရှိပါ ဘုရား)။

ဒကာဒကာမတို့၊ ဘာလွဲတယ်ဆိုကြမလဲ.... (အမေးလွဲပါ တယ်)၊ အမေးလွဲတယ်....(မှန်ပါ့)၊ ဘယ်ကြားမှာမေးပါလိမ့်.... (တောင်ကြီးလေးလုံးကြား မေးပါတယ် ဘုရား)၊ ဒီတောင် လေးလုံးကလဲ ပြိုင်ပြိုင်ကြီး တစ်ခါတည်း ပိတယ်.... (မှန်ပါ့ ဘုရား)။

ဒကာဒကာမတို့၊ ခင်ဗျားတို့ ဘိုးဘေး ဘွားဘေးအတွေလဲ ဘယ်ထဲမှာ ဆုံးရှုံးပါလိမ့်မတုံး....(တောင်ကြီး လေးလုံးကြီး ကြားမှာပါဘုရား)၊ တောင်ကြီး လေးလုံးကြီးကြားမှာပဲ သေ ဆုံးကြရတယ်နော်....(မှန်ပါ့)၊ ကျုပ်တို့ကလဲ ဘယ်အထဲမှာ သေဆုံးရမယ် ဆိုတာ ဒကာ ဒကာမတွေ သိကြပလား.... (သိကြပါပြီဘုရား)၊

ဒီတောင်လေးလုံး ကြားမှာပဲ ဒကာဒကာမတို့ သေကြရ မှာပဲ....(မှန်ပါ့ဘုရား)၊ အခုတောင်တွေပိသာတာ တချို့ ဒကာ ဒကာမတွေလဲ တော်တော်ကလေးကိုပဲ အခြေအနေ ပျက်ကုန် ပါပြီ....(မှန်ပါ့)၊ မပျက်သေးဘူးလား.... (ပျက်ပါပြီဘုရား)။

ဦးခင်မောင်ရေ ပျိုရုပ်တွေများ ရှိသေးရဲ့လား....(မရှိပါ ဘုရား)၊ အိုရုပ်၊ အိုမှုတွေဟာ တောင်ကြိတ်သွားတာတွေ၊ သေချာပလား... (သေချာပါပြီဘုရား)၊ အသေ မကြိတ်သေး ဘူးနော်၊ အားအင်ဗလ နည်းရုံပဲ၊ ချည့်ရုံပဲရှိသေးတယ်၊ အသေ ကြိတ်မှာကော ရှိသေးတယ် ဆိုတာကော ငြင်းဖို့ လိုသေး သလား....(မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီတောင်လေးလုံးကြားက ဘယ်လိုလုပ်ပြီး သဘာလ ထွက်ကြမတုံး....တဲ့၊ သဝမျှားစွာလဲ ဒီတောင်လေးလုံးကြားမှာချည်း မွေးကြမှာပဲ....(မှန်ပါ)၊ နတ်ပြည်မွေးလဲ့ တောင်လေးလုံးကြားပဲ၊ ဗြဟ္မာ့ပြည် မွေးကော....(တောင်လေးလုံးကြားပါဘုရား)။

လွတ်ခရေး၊ ကျွတ်ခရေး မမြင်ကြသေးရဲ့လား .... (မမြင်ပါဘုရား)၊ဪ....ကျုပ်တို့ ဖြစ်တွေ့သည်ကား....လို့ ဆိုလို့ရှိယင် ဖြင့် ရှေးဘဝက တပည့်တော်ဘယ်လိုများနေလို့၊ ဘယ်လိုများ သေခဲ့ရပါမတုံးလို့ မေးလို့ရှိယင် တောင်ကြိုက်ပွဲမှာ သေပွဲဝင်ခဲ့ရတယ်....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ရှေးဘဝက သိကြားဖြစ်ခဲ့သလား၊ ဗြဟ္မာ ဖြစ်ခဲ့သလား၊ အဲဒါ ဘုန်းကြီးတော့ မပြောတတ်ဘူး၊ သေချာတာကတော့ ဖြင့် တောင်ကြိုက်ပွဲ သေပွဲဝင်ခဲ့ရတာကတော့ သေချာတယ်.... (မှန်ပါဘုရား)၊ရှင်းကြပလား.... (ရှင်းပါပြီ)၊ဘာသေချာပါ လိမ့်.... (တောင်ကြိုက်ပွဲမှာ သေပွဲဝင်ခဲ့ရတာ သေချာပါတယ် ဘုရား)။

အဲ....တောင်ကြိုက်ပွဲမှာ ခန္ဓာနဲ့ သေပွဲဝင်ခဲ့ရတယ် ဆိုတာဖြင့် ဒကာ ဒကာမတို့၊ ဘယ်ခလောက်များ ကြာခဲ့သတုံး မေးလို့ ရှိယင် တောင်ကြားမွေးတဲ့ ဥစ္စာ၊ ဒကာသစ်ရာ ဘယ်နေရာ သေစရာလိုသေးသတုံး....(မလိုပါဘုရား)၊ ကိုမြရွှေတို့ လိုသေး သလား.... (မလိုပါ)၊ ဇရာ, မရဏ, တောင်ကြားမှာချည်း ကျုပ်တို့က မေးတာကိုးဗျ....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီက ဇရာ မရဏကကြိုတ်လိုက်၊ ဟိုက ဇရာ မရဏက ကြိုတ်လိုက် ဒကာဒကာမတို့၊ ရှေ့က ကြိုတ်လိုက်၊ နောက်က ကြိုတ်လိုက်၊ တောင်လေးလုံးကြားမှာပဲ ကျုပ်တို့ ကြေမွပြီး သက်သာ ဝိညာဉ်ချုပ်လိုက်ရပါတယ် ဆိုတာကော ငြင်းဖို့ လိုသေးသလား-(မလိုပါဘုရား)၊ ဘယ်လောက်ကြာကြာပြီလဲ-(မရေမတွက်နိုင်ပါဘုရား)၊ အခုကော ဒကာဒကာမတို့ လွတ်ပါ့မလား၊ လွတ်နေတုန်းလား တောင်တွေက....(လာနေတုန်းပါဘုရား)။

ကဲ....ဒကာဒကာမတို့၊ ဘယ်လိုလုပ်ကြမယ်ဆိုတာ ဘုန်းကြီးကလဲ အကြံဉာဏ်ပေးရတော့မယ်၊ ဘုရားရှင်ကလဲ ကောသလမင်းကြီး အကြံဉာဏ် ပေးတဲ့အတိုင်း ဒကာဒကာမတို့ လိုက်ကြမှ တော်တော့မယ် ဆိုတာဖြင့် ဘယ်လိုပဲ အန္တရာယ်ကင်းအောင်း ရှင်းစရာဖြင့် မြင်ကြသေးရဲ့လား....(မမြင်ပါဘုရား)။

ဒီတောင်ကြားမှာ မွေးကတည်းက ဒကာ ဒကာမတို့ ဒီဘက်ကလဲ ဇရာမရဏနဲ့၊ ဒီဘက်ကလဲ....(ဇရာမရဏပါပဲ)၊ အနောက်ဘက်ကကော.... (ဇရာမရဏနဲ့ပါပဲ)၊ အရှေ့ဘက်က ကြည့်လိုက်တော့လဲ....(ဇရာမရဏပါပဲဘုရား)။

ခြောက် -ဇရာမရဏတွေကဝိုင်းကြိတ်တယ်....(မှန်ပါဘုရား)၊ သတ္တဝါ ရယ်လို့ ဖြစ်လာယင် ဇရာမရဏ လက်တွင်းမှာပဲ ခေါင်းစင်းပြီး၊ ပြားပြီး သေလိုက်ရပါတယ်....(မှန်ပါဘုရား)။

ဒကာ ဒကာမတို့၊ ဘယ်ဘဝက ဘာဖြစ်ခဲ့ကြသတုံး၊ ဘယ်သို့သခဲ့လို့ ဘယ်လို နေခဲ့ရသတုံး ဆိုလို့ရှိယင် တောင်တဖြည်းဖြည်း ကြိတ်ပြီး နောက်ဆုံးပိတ် ခန္ဓာပါ ပျောက်ပြီး

http://www.dhammadownload.com



သေခဲ့ရပါတယ်ဘုရား)၊ တခြား ဘာပြောစရာလိုသေးသလဲ.... (မလိုပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကတော့ ကိုယ့်ဟာကလေးကိုယ်နဲ့ ဟုတ်ပြီးသကာလ နေခြားသော်လဲ ဒီတောင်ကြီးတွေ လာပါပြီ ခင်ဗျားတို့ဆီ ...(မှန်ပါ)၊ လာနေပြီနော် ဒကာဒကာမတို့....(လာနေပါပြီဘုရား)။

အဆက်ကြီးတဲ့လူ ကြီးသလောက် ကြိတ်ထားပြီး၊ နောက်ဆုံးပိတ် အသေကြိတ်မလဲဆိုတာ ဒကာဝ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဖိုးကာ၊ လိမ်းကာ၊ပြင်ကာ၊ဆင်ကာနဲ့ သားကလေး၊ သမီးကလေးတွေ လူလွှားမြောက်ဖို့ရာ စောင့်ပြီး သကာလ နေတာ၊ အဲ့ဒါ စောင့်တာက မသေချာဘူး၊ တောင်ကြိတ်ပွဲ စောင့်တာက သေချာတယ်.... (မှန်လှပါဘုရား)၊ သဘောပါကြပလား.... (ပါ,ပါပြီ)။

တယ်လဲ ကြောက်စရာ ကောင်းပါကလား .... (ကောင်းပါတယ်ဘုရား)၊အင်း .... ဒကာဒကာမတို့၊ အမွေးလွဲပါပြီ.... (မှန်ပါ)၊ ဦးဘအုန်းတို့ ဘယ်လိုမှတ်ကြမယ်....(အမွေးလွဲပါပြီဘုရား)၊ ဒီထဲ အမွေးကောင်းများ ပါကြသေးသလား — (မပါ,ပါဘုရား)

ဒီအတိုင်းပဲ ဘဝများစွာပဲ တပည့်တော်တို့ဖြင့် ဘုရား.... ဒီအထဲမှာပဲ နေပြီး ဒီအထဲမှာပဲ သေပွဲဝင်ရတဲ့ အလုပ်ဟာ.... တပည့်တော်တို့၏ အမြဲတမ်း အလုပ်ပါပဲဆိုပြီး ဒီလိုပဲ နေကြ

http://www.dhammadownload.com



တော့မလား၊ ဒီတောင်တွေ လွှတ်ရာကို ရုန်းကန်နိုင်တဲ့ ဆရာ ကောင်း၊ သမားကောင်းက နည်းပေးခဲ့သည်ရှိသော် ရုန်းဖို့ အချိန်ဖြင့် ရောက်ပြီလို့ ဘုန်းကြီးများက ဆိုချင်တယ်နော်.... (မှန်လှပါဘုရား)၊ မရောက်ကြသေးဘူးလား.... (ရောက်ပါပြီ ဘုရား)။

ရောက်ပါပြီ၊ ဒါဖြင့် ဒကာဒကာမတို့၊ တောင်မဖိဆေးလို့၊ အို....ဒါတော့ ကံကောင်းပါရဲ့ ဆိုစရာ တစ်ကွက်မှမပါဘူး မွေးကတည်းက ဒီအထဲကမွေးတာ၊ တောင်တွေကလဲ လှိမ့်လှိမ့် လာတာပဲ၊ အထက်လဲ ကောင်းကင်၊ ပြဟ္မာ့ပြည် ထိတာပဲ၊ ဒကာဒကာမတို့၊အောက်လဲမြေကြီးနဲ့ စပ်သွားတာပဲ-(မှန်ပါ)၊ လေးဘက်စလုံး ထွက်ပေါက်ကို မရှိဘူး.... (မှန်ပါဘုရား)၊ သဘောပေါက်ကြပလား....(ပါ,ပါပြီဘုရား)။

ဆဲ့ဒီလောက်ထဲမှာ ဘဝများစွာ သံသရာဗာ ဒကာဒကာမ တို့၊ တောင်ကြိတ်ပွဲ သေပွဲ ဝင်ခဲ့ရတယ် ဆိုတာ သဘောကျ ပလား....(ကျပါပြီ)၊ ဘယ်မှာ သေပွဲဝင်ရပါလိမ့်....(တောင် ကြိတ်ပွဲမှာ သေပွဲဝင်ခဲ့ရပါတယ်ဘုရား)၊

ဒကာဒကာမတွေက ဒီအထဲမှာ....ဒီအထဲမှာ တောင်လေး လုံးကြားထဲမှာ.... (မှန်ပါ)၊ ဒီအထဲမှာချည်း မွေးတာပဲ၊ သူ့ မှာလဲ သူ့ဇရာ မရဏနဲ့မဲ၊ ကိုယ့်မှာကော .... (ကိုယ့်ဇရာ မရဏနဲ့ပါ ဘုရား)။

အင်း....ဒါက အသီးသီး ရှိနေတယ်ဆိုတော့ တောင်က လူ ကော အ ကြိတ်ခံရတာပဲ၊ မြောက်ဆာလှူကော.... (အကြိတ်ခံရ

တာပါပဲ)၊ အရှေ့ကလူ၊ အနောက်ကလူကော.... (အကြိုက်ခံရတာပါပဲဘုရား)၊

ဩော်....ဒါဖြင့် ဒကာ ဒကာမတွေ ဒီပွဲမှာပဲ သေပွဲချည်း ဝင်ခဲ့ရတယ်၊ ကိုယ့်သားသမီးကလေးများ၊ ဘယ်သဲများ ဘာဖြစ်ရလိမ့်မတုံး မေးလို့ရှိယင် တောင်ကြိုတ်ပွဲမှာပဲ သေခဲ့ရတာပါပဲ ....(မှန်ပါဘုရား)၊ ဆွေမျိုးဉာတကာတွေကော....(သေခဲ့ရပါတယ်ဘုရား)။

တောင်ကြိုတ်ပွဲမှာ သေခဲ့ရတယ်ဆိုတာ သေချာကြပြီလား-(သေချာပါပြီဘုရား)၊ ဘယ်တော့မှ လွတ်ရေး၊ ကျွတ်ရေး၊ ရှောင်ရေးဆိုတာ ခင်ဗျားတို့ မတွေ့ခဲ့ဘူး....(မှန်ပါဘုရား)။

ဒီတစ်ခါ အခု အားလုံး ဆရာဘော်၊ သမားတော်တွေနဲ့ တကွ ဆရာကောင်း၊ သမားကောင်းတွေက ပေးတဲ့နည်းကိုမှ ခင်ဗျားတို့ မလိုက်နာတော့ဘူး ဆိုလို့ရှိယင်ဖြင့် တပည့်တော် နောက်ဘဝ ဘာဖြစ်ရမှာတုံး၊ တောင်ကြိုတ်ပွဲ သေပွဲဝင်ရလိမ့်မယ်၊ ဒါပဲ အဖြေရှိတယ်....(မှန်လှပါဘုရား)။

နောက်ကော တပည့်တော် ဘာများ ဖြစ်ဦးမှာလဲ၊ အို....ဘာဖြစ်မှာတော့ မသေချာဘူး၊ တောင်ကြိုတ်ပွဲ သေပွဲဝင်ရမှာပဲ... (မှန်ပါ)၊ ဇရာမရဏက လာသရွေ့ ကြုံမှာကိုး....(မှန်ပါဘုရား)။

ကိုယ့် ခန္ဓာကိုယ်ထဲမှာ တောင်ကြီးတွေ ပါလာတာ....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)၊ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဘာပါလာသလဲ .... (တောင်ကြီးတွေ ပါလာပါတယ်)။

http://www.dhammadownload.com



ဇရာမရဏဆိုတဲ့ တောင်ကြီးတွေကော ကိုယ့်ခန္ဓာ အမြဲကြိတ်နေတယ်....(မှန်ပါ့)၊ နောက်ဆုံးပိတ်တစ်နေ့ အရှင်ထားမလား၊ အသေထားမလား .... (အသေထားမှာပါ ဘုရား)၊ သေသွားအောင်ပဲ ကြိတ်လိမ့်မယ် ဆိုတာ ငြင်းဖို့လိုသေးသလား....(မလိုပါဘုရား)။

ဦးခင်မောင်ရေ ကျုပ်တို့ အမွေးလဲ့ပြီ.... (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက် ချမလဲ .... (အမွေးလဲ့ပါပြီ ဘုရား)။

အမွေးလဲ့ပြီ၊ အမွေးလဲ့ပြီဆိုတာက တခြား မဟုတ်ဘူး၊ ခင်ဗျားတို့ တော်င် သေးလုံးကြားမှာ မွေးရပါဘယ် ဆိုကတည်းကိုက ခင်ဗျားတို့ကိုက ဩော်–မသိလိုက်တဲ့ဖြစ်ခြင်း၊ ဇရာပိ ဒုက္ခသစ္စာ၊ မရဏမ္ပိ ဒုက္ခသစ္စ....မသိတော့ ဒီကြားမှာ ချည်း ဖြစ်ရပါလို၏ ဖြစ်နေတယ်.... (မှန်ပါ့ဘုရား)၊ သဘော ကျပလှာ၊....(ကျပါပြီ)။

ဇရာပိ.... (ဒုက္ခသစ္စာပါ)၊ ခင်ဗျားတို့တွေ့မယ့် ဒုက္ခသစ္စာ.... (မှန်ပါ့ဘုရား)၊ မရဏမ္ပိ....(ဒုက္ခသစ္စပါဘုရား)၊ ဘယ်သူ တွေ့မှာတုံး—(တပည့်တော်တို့ တွေ့မှာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာ မသိတော့ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏၊ ဗြဟ္မာဖြစ်ရပါလို၏၊ တောင်ကြိတ်ပွဲသေပွဲဝင်ရပါလို၏- (မှန်ပါ့ဘုရား)။

လူဖြစ်ရပါလို၏ ဆိုယင်ကော .... (တောင်ကြိတ်ပွဲ သေပွဲ ဝင်ရပါလို၏)၊ နတ်ဖြစ်ရပါလို၏ဆိုယင် .... (တောင်ကြိတ်ပွဲ

http://www.dhammadownload.com



သေပွဲဝင်ရပါလို၏)၊ဖြဟ္မာဖြစ်ရပါလို၏ဆိုယင်-(တောင်ကြိတ်ပွဲ သေပွဲဝင်ရပါလို၏ ဘုရား)။

အံမာသေး ဒကာ ဒကာမတွေ၊ တောင်းကောင်း .... မှတောင်းကောင်းကြည့်စမ်း....(မတောင်းကောင်းပါဘုရား)။

မတောင်းကောင်း၊ပေမယ့် ခင်ဗျားတို့က နှုတ်သံပေးပြီး သကာလ အစားအသောက် ပါသည်ဖြစ်စေ၊ တစ်ပါးသော ပုဂ္ဂိုလ်က ပြောသည်ဖြစ်စေ အင်း....အန္တရာယ် ကင်းလိမ့်မယ် ထင်ပါရဲ့ဆိုတော့ နှုတ်ထဲမှာ ဇရာမရဏက ပါရဲ့.... (မှန်လှပါဘုရား)၊ ဗြဟ္မာထဲမှာကော....(ပါလျက်ပါဘုရား)၊စကြဝဠာ မန္တာတ်ထဲမှာကော....(ပါပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ဟာ ဆုတောင်းရလို့ရှိယင်ဖြင့် တောင်ကြိတ်ပွဲ လွတ်ပါ့မလဲလို့ မေးလို့ရှိယင် သုံးဆယ့်တစ်ဘုံထဲမှာဖြင့် ဘယ်ဘုံမှ သွားမတောင်းနဲ့၊ တောင်ကြိတ်ပွဲမှာ သေပွဲဝင်ရမှာချည်း လို့ ဦးခင်မောင် မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဦးဇရင် ဘယ်လိုမှတ်မယ်....(တောင်ကြိတ်ပွဲမှာ သေပွဲဝင်ရမှာချည်းပါဘုရား)၊ရှင်းကြပလား....(ရှင်းပါပြီ)၊ဒီတောင်ကြီး ဟာ ဇရာတောင်၊ မရဏတောင်လေ.... (မှန်ပါ)၊ သဘောကျ ပလား....(ကျပါပြီ)၊ ဒီဘက်က တောင်တွေကကော....(ဇရာ မရဏ တောင်တွေပါ ဘုရား)။

ဇရာမရဏတောင်တွေချည်းပဲ ဆိုတော့ ဇရာ မရဏကလဲ ခန္ဓာကိုယ်ထဲမှာ ပါပြီးသားဆိုတော့ ဒကာဒကာမတို့၊ သေပွဲ တော့ဖြင့် လွတ်ပါ့မသား....(မလွတ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီတွင် ဇော်သလမ်းကြီးကို ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ပြောလိုက်တယ်....(မှန်ပါ)၊ ဒကာကြီးတဲ့ အရှေ့ ဘက်ကလူတွေလဲ ကြိတ်ကုန်ပြီ၊ အနောက်ဘက်ကလူတွေလဲ ကြိတ်ကုန်ပြီ၊ တောင်ဘက်ကလူတွေလဲ ကြိတ်ကုန်ပြီ၊ မြောက် ဘက်ကလူတွေလဲ ကြိတ်ကုန်ပြီ၊အရှင်မင်းကြီး....ကျွန်ုပ်တို့ကိုလဲ ကယ်ပါ၊ အရှင်မင်းကြီးလဲ ဒီတောင်ကြိတ်ပွဲ လွတ်အောင် လုပ်ပါဆိုတော့ ဒကာကြီး ဘယ်လို စကားပြောမလဲလို့ ဘုရားက မေးလိုက်တယ်....(မှန်ပါဘုရား)။

ပြီးတော့....တပ်တောင်တာ ဗိုလ်ထုတွေနဲ့ ရှင်ဘုရင်တို့၏ အားပြတယ်ဆိုပြီး ကြွားတာပေါ့ဗျာ....(မှန်ပါဘုရား)၊ အခု တောင်ကြီးတွေနဲ့ မေးလိုက်တော့ ဒကာဒကာမတို့၊ အဖြေ ထွက်ဖို့ အတော်ခက်သွားတယ် ...(ခက်ပါတယ်ဘုရား)၊ မခက် ဘူးလားဗျ....(ခက်ပါတယ်ဘုရား)။

အဖြေထွက်ဖို့ခက်သွားတော့ သူဖြေပုံကအေး နားထောင် ကြတာပေါ့ အရှင်ဘုရားတဲ့၊ ဒီဟာတွေတော့ဖြင့် မြင့်မား လိုက်တာကလဲ ကောင်းကင်ဆောက်လို့ လေးဘက်ကလဲ စေ့နေ တယ်၊ ထွက်ပေါက်ကလဲမရှိ၊ ဘယ်လိုဘုန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်မှ လဲ ဒီတောင်လေးလုံးကျော်ပြီးသကာလ ထွက်စရာမရှိ၊အေးလဲ ထွက်စရာမရှိ၊ အပေါ်လဲမကျော်နိုင်၊ အကုန်သေပွဲဝင်ရတယ် ဆိုတော့ ဒီနေရာမှာ လွတ်ရေး ကျွတ်ရေးတို့ ရှာရလို့ရှိယင်ဖြင့် ဒီတပ်တောင်တာ ဗိုလ်ထုတွေလဲ အလကားပဲ ဘုရား.... (မှန်ပါ)။

http://www.dhammadownload.com



ဇရာကိုမှန်အောင် ပစ်နိုင်ကြပါမလား။ တပ်တွေမှာရှိတဲ့ အောက်နက်ဘောဟာ ဇရာကိုမှန်အောင် ပစ်နိုင်ပါမလား....(မပစ်နိုင်ပါဘုရား)၊ မရဏကော ပြန်ပြီး စစ်ထိုးနိုင်ပါမလား.... (မထိုးနိုင်ပါဘုရား)။

ဒီအတိုင်း ခင်ဗျားတို့ သိပြီးသကာလ ကြိတ်ပွဲခံလိုက်ရပဲ ရှိတယ်....(မှန်လှပါဘုရား)၊ သဘောပါပါလား....(ပါပါပြီဘုရား)၊ ဒကာဒကာမ... ဒါဖြင့် ဘယ်လို ကြံစည်ရမတုံး ဆိုတဲ့ အလုံးဟာ ယနေ့ပေါ်လာပြီ....(ပေါ်လာပြီဘုရား)။

ဒကာ ဒကာမတို့၊ ဘယ်လိုကြံစည်ကြမလဲ ဆိုတဲ့အရေးဟာ အရေးကြီးလာပြီ (မှန်ပါ)၊ မကြီးဘူးလားဗျာ... (ကြီးပါတယ်ဘုရား)။

အဲဒီတွင် ကောသလမင်းကြီးက အရှင်ဘုရား....တဲ့၊ တပည့်တော် ကြားခဲ့သရွေ့ မြင်ခဲ့သရွေ့ မောက်ခဲ့သရွေ့ လူထုအင်အားနဲ့တကွ အလုံးစုံ တပ်တော်တွေဗိုလ်ထုနဲ့ အားပြုပြီး ခေါင်းမှာ အဘိသိက်သွန်းတဲ့ ရှင်ဘုရင်မို့ အားပြုပြီးလာခြား သော်လဲ ဒီတောင်လေးလုံး ကြိတ်တဲ့အထဲမှာတော့ တပည့်တော်လဲ လွတ်စရာမမြင်ဘူး....(မှန်ပါဘုရား)။

အဲဒီတော့ လွတ်စရာမမြင်တာကို ပြောရလို့ရှိယင်ဖြင့် ဓမ္မစရိယာနဲ့ သမစရိယာပဲ ရှိတော့တယ်လို့ ဆိုလိုက်ပါတယ်.... (မှန်ပါ)၊ တရားကိုကျင့်ဖို့မဲ့ သဘောကျပလား....(ကျပါပြီ)။

တရားကို ကျင့်လိုက်တဲ့အခါ ဓမ္မစရိယာဆိုတဲ့ အတိုင်း တရားနဲ့ ညီညွတ်အောင် ကျင့်လိုက်လို့ ခန္ဓာမရှိတဲ့အလုပ် လုပ်လိုက်ရလို့ရှိယင်ဖြင့် တောင်ကြိတ်ပွဲထဲမှာ ကျုပ်တို့ပါစရာ

http://www.dhammadownload.com



မြင်သေးရဲ့လား....(မပါနိုင်ပါဘုရား)၊ သဘောပါကြပလား–(ပါ ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာဆုတောဝ်းတဲ့ ပုဂ္ဂိုလ်အကြောင်းကိုဖြင့် ယနေ့ဘုန်းကြီးတို့ ဒကာဒကာမတွေ သံဝေဂရအောင်လို့ ဟောတယ်လို့ ဒီလို မယူလိုက်နဲ့နော်.... (မှန်ပါဘုရား)၊ ခင်ဗျားတို့ကေန် အကြိတ်ခံရလိမ့်မယ်လို့ ယူလိုက်မပါ....(မှန်ပါဘုရား)။

ဘုန်းကြီးက သံဝေဂရအောင်လို့ တရားပလ္လင်ပေါ်ရောက်တာနဲ့ ဒကာဒကာမတွေ တရားအားထုတ်စေချင်တာနဲ့သြော်....ဒါကြီးပြပြီးခြောက်ဟောတယ်လို့ဒီလိုမယူလိုက်ပါနဲ့-(မှန်ပါ)၊ ခြောက်ဟောတာလား၊ ကိုယ့်အတောင်နဲ့ကိုယ် ကြိတ်လျက်မဲလား....(ကိုယ့်ဘောင်နဲ့ကိုယ် ကြိတ်လျက်ပါဘုရား)၊ ခြောက်တာ တစ်လုံးမှ မပါပါဘူး....(မှန်ပါဘုရား)။

ဒကာဒကမတွေကသာ သားနဲ့ပြုံး၊ သမီးနဲ့ပြုံး၊ ပစ္စည်းရွှေငွေ ကျောက်သံ ပတ္တမြားကလေးရလို့ ဒီအထဲမှာ တောင်တွေ ကြိတ်လုခါနီးတောင် မသိလို့ ပြုံးတုန်း ရှိသေးတယ်....(မှန်လှပါဘုရား)၊ အင်မတန် မဆိုးရွားကြဘူးလား- (ဆိုးရွားပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတောင်ကြိတ်ပွဲထဲမှာတောင်လေးလုံးကြားမွေးတဲ့ပုဂ္ဂိုလ် ဒကာဝတို့၊ ဦးခင်မောင်တို့ လွတ်ရေး ကျွတ်ရေး မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဘယ့်နှယ့်ကြောင့်- (ဒီတောင်ကြိတ်ပွဲထဲ တောင်လေးလုံးကြားမှာ မွေးဖွားရတဲ့အလုပ် ဖြစ်ရပါလို့၏ဆိုလို့ နတ်ပြည်လဲဒီတောင်ရှိတာပဲ၊ ဗြဟ္မာ့ပြည်မှာကော.... (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကျုပ်တို့က နတ်ဖြစ်ချင်လို့၊ ကျုပ်တို့ကိုကဗြဟ္မာ ဖြစ်ချင်လို့ တောင်ထဲမှာ မွေ့ဖွားရတာ....(မှန်ပါဘုရား)၊ ရှင်း ပြီးနော်....(ရှင်းပါပြီ)၊ ကျုပ်တို့ကိုက....(နတ်ဖြစ်ချင်လို့ပါ)၊ ကျုပ်တို့ကိုက (ဗြဟ္မာဖြစ်ချင်လို့ပါ)၊ ဆင်း....ဟင်....ကျုပ်တို့ ကိုက လူဖြစ်ချင်လို့....(မှန်ပါ)၊ တောင်ထဲမှ ဘာဖြစ်ရသလဲ.... (မွေးဖွားရပါတယ်ဘုရား)။

ကြော်....ခင်ဗျားတို့ အမွေးလွဲကုန်ပြီ....(မှန်ပါ)၊ လွဲကုန်ပြီ နော် ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (အမွေးလွဲပါ တယ်ဘုရား)၊ အမွေးလွဲပြီတဲ့ ဧကာဒကာမတို့၊ တောင်လေးလုံး ကြားမှာ သွားမွေးတယ်....(မှန်ပါ)။

တောင်ကလဲ့ အမြင်နည်းတဲ့ တောင်လား၊ လေးဘက် လေးတန်က စုစည်းပြီး ကြိတ်တဲ့တောင်လား.... (လေးဘက် လေးတန်က စုစည်းပြီးကြိတ်တဲ့တောင်ပါဘုရား)။

လေးဘက် လေးတန်က စုပြီးကြိတ်တဲ့ တောင်ကြား ကျုပ်တို့ လူ့ပြည်တောင်ကြား မွေးလို့ရှိယင်လဲ့ အကြိတ်ခံရ မှာပဲ....(မှန်ပါ)၊ နတ်ပြည်တောင်ကြား မွေးယင်ကော.... (အကြိတ်ခံရမှာပါပဲ)၊ အခုတော့ဖြင့် ဘယ်နေရာများ ရောက် နေကြပါလိမ့်--(တောင်ကြားထဲမှာရောက်နေပါတယ်ဘုရား)။

တောင်ကြားထဲရောက်နေတယ်(မှန်ပါ)၊ ဧကာဒကာမတို့၊ ကြံ့စည်ကြပေတော့၊ အခုအချိန်မှာ အချိန်ကလေး ကျန်သေး တယ်....(မှန်လှပါဘုရား)၊ အခုချိန်မှာ....(အချိန်ကလေးကျန် ပါသေးတယ်ဘုရား)၊ အချိန်ကျန်သေးတယ်နော်၊ ပေါ့ပေါ့နဲ့ ဒီတရားကို မနာလိုက်ပါနဲ့၊ ကိုယ့်ဖြစ်စဉ် အကိုက်ကို ပြောနေ

http://www.dhammadownload.com



တယ်....(မှန်ပါဘုရား)ဘယ်လိုပါလိမ့်...(ကိုယ့်ဖြစ်စဉ် အကိုက်ကို ပြောနေပါတယ်ဘုရား)၊ ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေတယ်ဆိုတော့ ဒကာဒကာမတွေ သေချာကြပလား....(သေချာပါပြီ ဘုရား)။

ကိုင်း.... ဒီတရားသာ နာကြတယ်၊ ဒကာ ဒကာမတွေက တရားနာတဲ့အခါကျ လို့ရှိယင်ဖြင့် ကိုယ့်မိတ်ဆွေနဲ့ ကိုယ့်ဆင်ပြောနဲ့ ပြောကြ၊ ဆိုကြပေါ့ဗျာ.... (မှန်ပါ)၊ တရားတောင်မှ နားလုံးမသွင်းနိုင်ဘူး၊ မိတ်ဆွေတွေ တွေ့ဆုံတဲ့အခါ အသံတွေ၊ ဘာတွေ ထွက်ပြီး ပြောကြဆိုကြနဲ့ တောင်ကြားထဲ ရောက်နေတယ်၊ ကြိုတ်လုပြီဆိုတာ မသိလို့ ဆူတာကိုးဗျ....(မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဆူတာပါလိမ့်....(ကြိတ်လုပြီဆိုတာ မသိလို့ ဆူတာပါဘုရား)၊ အဲ....နောက်တော့ ဒီတောင်ကြားရောက်ပြီဟော့၊ လွတ်ရေး၊ ကျွတ်ရေးဆိုတဲ့ ဓမ္မစရိယာနဲ့ သမစရိယာဆိုတဲ့ ခန္ဓာဝိပဿနာရှုတဲ့ အလုပ်သာ ငါလုပ်နေတော့မယ်၊ မင်းတို့နဲ့ ငါစကားမပြောတော့ဘူး၊ တောင်နီးလွန်းလို့,လို့....(မှန်ပါ)။

ငြိမ်ငြိမ်နေပြီး စောစော ရောက်တဲ့ ပုဂ္ဂိုလ်က စောစော အားထုတ်ကြပါ၊ စောစောလဲလာကြပေါ့ဗျာ-(မှန်ပါဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)၊ အဲဒီတော့ တောင်ကြားထဲမှာ သေခါနီးပျော်တော့မကောင်းပါဘူး....(မှန်ပါ)၊ တစ်ခေါက်

http://www.dhammadownload.com



တစ်ယောက် နှုတ်ဆက်တာတောင် မင်းလဲသိပြီးပြီ၊ ငါလဲသိပြီး ပြီ၊ တောင်ကြားမှာဟော့....(မှန်ပါ)၊ ဆိုတော့ ကောင်းသေး ရဲ့လား... (မကောင်းပါဘုရား)။

အဲ....ဒါကြောင့် ဒကာဒကာမတို့၊ ငြိမ်ငြိမ်ကလေး နေပြီး ကိုယ့်ဟာ ကိုယ်၊ ကိုယ့်တောင်ကလေးနဲ့ ကိုယ်၊ ကိုယ့်နေရာ ကလေးကိုယ် ခင်ပြီးသကာလ ကိုယ့်ဟာကိုယ် ခန္ဓာစိုက်နေ၊ ဘာ့ကြောင့်တုံး၊ တောင်တွေကြိုတ်နေတာ နီးလွန်းလို့ လွတ် ရေး၊ ကျွတ်ရေးလုပ်နေတယ်....(မှန်ပါဘုရား)၊ မကောင်းဘူး လား ဒကာဒကာမတို့....(ကောင်းပါတယ်ဘုရား)။

အဲဒီတော့ မသိတော့ကို ဟိုကလာတယ်၊ တွေ့ရတာ ဝမ်း သာလိုက်တာ၊ တစ်ယောက်နဲ့တစ်ယောက် ဆုံဖို့ဆိုတာ မလွယ် ဘူးလို့ လုပ်မနေနဲ့၊ သေခါနီးက ရိပ်မိပ္မလား.... (မှန်ပါ)၊ သေခါနီး ဒီအသံထွက်ဖို့ မလိုဘူး အသေသာ ဖြောင့်အောင်၊ ဘာကြောင့် မလုပ်နဲ့လို့ဆိုသလဲ....(သေခါနီးလို့ပါ)၊ ဟာ လုပ်ဖို့....(မှန်ပါ)၊ မလိုဘူးလား....(လိုပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့၊ သေခါနီး ပျော်ကိုဖြင့် ရှောင်ကြပါ.... (မှန်ပါဘုရား)၊ ဘာမှာပါလိမ့်.... (သေခါနီး ပျော်ကိုရှောင်ရမှာပါ)၊ သေခါနီးပျော် ရှောင်ကြပါလို့ ဦးဝ သတိပေးလိုက်ပါတယ်.... (မှန်ပါဘုရား)၊ ဦးခင်မောင်....အခု ပျော်နေတာက နက်ဖြန် တောင်ကြိတ်ပွဲမှာ သေချင်သေမယ် နော်....(မှန်ပါဘုရား)။

အခုပျော်နေတာ၊ ပြုံးနေတာတွေက ဘာပျော်ဆိုကြမယ်— (သေခါနီးပျော်ပါဘုရား)၊ အဲဒီတော့ နာလဲ မှနာကြနဲ့တော့

http://www.dhammadownload.com



ခင်ဗျားတို့ ပျော်ပုံကတော့ အရုပ်ဆိုးတယ်....(မှန်ပါ)၊ မဆိုးဘူးလားဗျ ..... (ဆိုးပါတယ်ဘုရား)၊ ဘာပျော်တဲ့ဗျာ ... (သေခါနီးပျော်ပါဘုရား)။

ဟာ – မကောင်းပါဘူးဗျာ၊ သေခါနီးဖြင့် လွတ်ရေးရှာရမယ်....(မှန်ပါ)၊ ခင်ဗျားတို့က ဘယ့်နှယ် ဖြစ်နေသလဲ.... (ပျော်နေပါတယ်ဘုရား)။

အိမ်မှာလေး - ငါးကလေး အပေါ်က ရေမရှိတော့ဘူး၊ ငှက်တွေက စားတော့မယ်၊ ရေက ကုန်ခနပြီ....(မှန်ပါ)၊ ဒါတောင်မှ သူတို့က အတောင်ကလေးယှက်ပြီးသကာလ ပြေးနေသေးတယ်ဆိုယင် တိရစ္ဆာန်မိုက် မိုက်နေတာ....(မှန်ပါဘုရား)။ ရေခန်းယင် နက်ဖြန် ငှက်တို့၊ ကျီးတို့အစာ မဖြစ်ပေဘူးလား- (ဖြစ်ပါတယ်ဘုရား)။ ရေကလဲ ခန်းခနပြီ....(မှန်ပါ)။

အဲဒီအထဲ အတောင်ယှက်ပြီး သကာလ ဟိုပြေး ဒီပြေးနဲ့ ဦးခင်မောင် ပျော်နေဦးမယ်ဆိုလို့ရှိယင်ဖြင့် ဒီငါးကလေးတွေ ကုန်းပေါ်ကနေ ကြည့်တဲ့ ပုဂ္ဂိုလ်ကို ကဲ့ရဲ့စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)၊ ဟာ–သေခါနီး ပျော်ပျော်နေကြတာ.... (မှန်ပါ)၊ ဘယ့်နှယ်ဆိုကြမလဲ.... (သေခါနီးပျော်ပျော်နေတာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပြောကြ၊ဆိုကြ၊ပြုံးကြ၊ရွှင်ကြတာ ဘုန်းကြီးများ ဝမ်းသာပါတယ်၊ သို့သော် ပျော်ပုံအချိုးမကျလို့ ..(မှန်ပါဘုရား)၊ ဘယ့်နှယ်ကြောင့်အချိုးမကျသလဲ.... (သေခါနီး ပျော်ပျော်နေလို့ပါ)၊ အချိုးမကျဘူး၊ သေခါနီး ပျော်လဲဖြစ်နေတယ်၊တောင်အကြိတ်လျက်ကိုးဗျာ

http://www.dhammadownload.com



ကလဲ မကြိုက်ဘူးလား–(မှန်ပါ့)၊ မရဏာကဲ့ အသက်ပျောက်အောင်ကြိုက်မယ်ဆိုတာ မသေချာဘူးလား-(သေချာပါတယ်ဘုရား)။

ဇရာက ကြိုက်ဆဲ.... (မှန်ပါ့)၊ မရဏာက အသက်ပျောက်အောင် ကြိုက်မယ်ဆိုတာလဲ ဒုက္ခာ ဒုက္ခာမတို့ ငြင်းဖို့လိုသေးသလား–(မလိုပါဘုရား)။

အဲဒီလို ဒီအထဲမှာ သေခါနီး ပျော်ဘော့ဖြင့် ကျုပ်တို့ဖြင့် ပြောလဲ မပြောလိုတော့ပါဘူး၊ ဆိုလဲ မဆိုလိုတော့ပါဘူး၊ အလွတ်ရှုန်းတဲ့နည်းသာ ကျုပ်ဖြင့် ပြေးသွားပါတော့မယ်လို့ ကိုယ့်အရေး ကိုယ်ဂရုစိုက်–(မှန်လှပါဘုရား)၊ရှင်းကြပလား–(ရှင်းပါပြီဘုရား)။

ဒုက္ခာ ဒုက္ခာမတွေ ဒုတိယ ကမ္ဘာစစ်တုန်းက ဗုံးတွေနဲ့ လေယာဉ်ပျံတွေနဲ့ ဝဲနေတော့ သူများ အရေးစိုက်နေသေးသလား၊ ကိုယ့်အထုပ်ကိုယ်ပြင်ပြီးကိုယ်အရင်ပြေးတာပဲလား.... (ကိုယ်အရင် ပြေးတာပါပဲ ဘုရား)၊

အဲဒီလိုပြေးရမှာ၊ အဲဒီလိုပြေးရမှာ– (မှန်ပါ့)ရိပ်မိပလား–(ရိပ်မိပါပြီ)၊ ဒီအထဲ ဘယ်သူ့မှ ငဲ့မနေနဲ့၊ အမေကလဲ သူ့တာဝန်နဲ့သူ ကြိုက်လျက်၊ အဖေကကော .... (သူ့တာဝန်နဲ့သူ ကြိုတ်လျက်ပါ)၊ သားကလေးတွေကကော....(သူ့တာဝန်နဲ့သူ ကြိုတ်လျက်ပါ)၊ကိုယ့်မှာကော....(ကိုယ့်တာဝန်နဲ့ကိုယ် ကြိုတ်လျက်ပါဘုရား)။

ကိုယ့်တာဝန်နဲ့ကိုယ် ကြိုတ်လျက်ဖြစ်ပြီးသကာလ နေတာ ဘယ်သူ့ ငဲ့စရာရှိသေးသတုံး ဒုက္ခာဒုက္ခာမတို့၊ ကိုယ်အလွတ်

http://www.dhammadownload.com



ရှုနိုးဖို့ အရေးကြီးတယ်.... (မှန်ပါ့ဘုရား)၊ အရေးမကြီးဘူး လား....(ကြီးပါတယ်ဘုရား)။

သားငဲ့နေယင် သားဆွဲရတာနဲ့ ကိုယ့်ခေါင်က ကိုယ့်ကို အရင်ကြိုတ်ပစ်လိုက်လိမ့်မယ်.... (မှန်ပါ့ဘုရား)၊ သဘောကျ ပလား....(ကျပါပြီ)၊ ဒီသားကလေးကလဲ လွတ်မှာလားလို့ မေးတော့....(မလွတ်ပါဘုရား)၊ သူ့ခေါင်က သူ့ကိုကြိတ် မှာပဲ....(မှန်ပါ့)။

အဲဒီတော့ကို သားသမီးခင်လို့ရှိယင်လဲ ခေါင်ကြိတ်ပွဲက လွတ်ရေးကို ထင်ပေးပါ.... (မှန်ပါ့)။ ကိုယ့်ကိုယ်ကို သနားယင်လဲ....(ခေါင်ကြိတ်ပွဲ လွတ်ရေးလုပ်ပါ)၊ ခေါင်ကြိတ်ပွဲ လွတ်ရေးကိုသာလျှင် ကြိုးစားပါဆိုတာ ဟောထိုက် မဟော ထိုက်....(ဟောထိုက်ပါတယ်ဘုရား)၊ သဘောပေါက်ကြပလား.... (ပါ-ပါပြီဘုရား)။

ဟာ....ဘုန်းကြီး ခုနကပြောတဲ့စကားကို ဒကာဒကာမတွေ ပြန်အုပ်ရမယ်နော်....(မှန်ပါ့)၊ သံဝေဂရအောင် ပြောတာ လား၊ ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေတာလား....(ကိုယ့်ဖြစ်စဉ်နဲ့ကိုက် နေတာပါဘုရား)။

ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေလို့ ရှိယင်ဖြင့် သေခါနီးပျော် မလုပ်ကြနဲ့....(မှန်ပါ့)၊ ရှင်းပြီနော်-(ရှင်းပါပြီ)၊ ဦးခင်မောင် ဘာမလုပ်နဲ့လို့ မှာသတုံး....(သေခါနီး ပျော် မလုပ်နဲ့လို့မှာ ပါတယ်)၊ သေခါနီးပျော်ဆိုတာ အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



သေခါနီး ပျော် ဆိုတာ ခုနက ငါးကလေးတွေဟာ တိရစ္ဆာန်လား၊ လူလား....(တိရစ္ဆာန်ပါဘုရား)။ အင်း.... ရေလဲမရှိဘူး၊နက်ဖြန်ဆိုလို့ရှိယင်လဲ ကျီးတို့ လင်းတတို့ စွန်တို့ ၏ အစာ ဖြစ်ရမယ် - (မှန်ပါဘုရား)၊ ကိုမြွေ မဖြစ်နိုင်ဘူး လား....(ဖြစ်နိုင်ပါတယ်ဘုရား)၊ ရေမှဲ့ မရှိတော့ဘဲကိုးဗျ.... (မှန်ပါ)၊အဲဒီအထဲ ငါးကလေးတွေဟာ ပျော်ကြ၊ ရွှင်ကြတယ် ဆိုလို့ရှိယင် ပြော်.... တိရစ္ဆာန်များ တယ်မိုက်ပါတလား၊ နက်ဖြန် သေခါနီးတောင် ဒီနေ့ပျော်တုံး.... (မှန်ပါ)၊ ဘာ ကြောင့်တုံး....တိရစ္ဆာန်စိတ်ရှိနေလို့ မသိလို့....(မှန်ပါဘုရား)။ ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီထဲ ဒကာဒကာမတွေ ပျော်နေတာ ဘယ့်နှယ်ဆိုမလဲ.... (တိရစ္ဆာန်စိတ်ရှိလို့ မသိပျော် -ပျော်နေတာပါ)၊ တိရစ္ဆာန် စိတ်ရှိလို့ မသိဆိုတာ ဘုန်းကြီးကတော့ မဆိုပါဘူး၊ ဖြစ်စဉ်က ကိုက်နေတယ်....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘုန်းကြီးကတော့ မဆိုပါဘူး၊ ဒကာဒကာမတွေက အို.... တွေ့ရတာက ဝမ်းသာလိုက်တာ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မဟုတ်တာတွေလဲပါရဲ့၊ ဟုတ်တာတွေလဲ ပါရဲ့ ပေါ့ဗျာ.... (မှန်ပါ)။

အဲဒါတွေ လျှောက်ပျော်နေမယ် ဆိုလို့ရှိယင်ဖြင့် တောင်ကဲ ကြွတ်တာကလဲ တော်တော် နာခနေပြီ.... (မှန်လှပါဘုရား)၊ ဒီအထဲကနေပြီး မသိခပြော ပြောနဲ့ မဟုတ်တာတွေ လျှောက် ပျော်နေမယ်ဆိုလို့ရှိယင် သေအောင် ကြွတ်လိုက်ပါလိမ့်မယ်၊ ခင်ဗျားတို့-(မှန်ပါ)၊သဘောပေါက်ကြပလား-(ပါ-ပါတယ်)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အိမ်မှာ သားနဲ့ ပျော်ပျော်၊ သမီးနဲ့ ပျော်ပျော် ကိုယ့်အရေးကို ကိုယ်လွတ်အောင်ရှုန်းပါ....(မှန်ပါ့ဘုရား)၊ ဘယ်လိုမှာပါလိမ့်....(ကိုယ့်အရေးကို ကိုယ်လွတ်အောင် ရုန်းရမှာပါဘုရား)။

ကိုယ်တောင်ဘာ ကိုယ့်ကြွိတ်လျက်ကိုးဗျ- (မှန်ပါ့)၊ ကိုယ်ယူလာတဲ့ ဇရာ မရဏက ကိုယ့်ကြွိတ်လျက်–(မှန်ပါ့)၊ကလေးမှာကော....(ကြွိတ်လျက်ပါဘုရား)၊သူယူလာတဲ့ ဇရာမရဏက–(သူ့ကိုကြွိတ်လျက်ပါ)၊ အေး....မောင်ကလေး ဖားကလေးတွေမှာကော....(ကြွိတ်လျက်ပါဘုရား)။

ကြွိတ်လျက်ပဲဖြစ်နေတော့ ကိုယ့်ဟာကိုယ် အလွတ်ရုန်းမှသာလျှင် ရမယ်၊ မောင် ဆွဲနေလို့လဲ ကိုယ်မလွတ် ပေဘူး....(မှန်ပါ့ဘုရား)။

ဆွဲနေခြင်းကြောင့်လဲ မောင်ကလေး၊ မကြွိတ်ပါနဲ့ ဆိုလို့ သူယူလာတဲ့တောင်က သူ့ကြွိတ်မှာပဲ၊လွတ်ပါမလား-(မလွတ်ပါဘုရား)။

အဲဒါတွေ သေသေချာချာသိတော့မှ ဩော်....အတ္တာဟိ အတ္တနော နာထော–ကိုယ့်အရေးသာ ကိုယ်ကြီးပါကလား....(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ ခင်ပွန်းမက ခင်ပွန်းယောကျ်ားကို ဘာ့ပူစရာ ရှိသဘုံးလို့ ပြောဖြြားသော်လဲ မယုံနဲ့....(မှန်ပါ့)။

မင်းက ပူစရာရှိတာက ကိစ္စမရှိဘူး၊ ငါ့မှာ တောင်ကြွိတ်နေပြီလို့သာ ပြန်ပြော.... (မှန်ပါ့ဘုရား)။ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



မိန်းမလုပ်စတဲ့ပုဂ္ဂိုလ်ကို ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလေ မင်း ဘာပူစရာရှိသလဲ၊ ငါ့ရှာကျွေးတယ်၊ အို....ရှာကျွေးတာ ကလဲ့ စေးရင်းမတွန့် လျှာထွက်သေရချေရဲ့၊ တောင်ကြွက်တလို့ ပြော....(မှန်ပါ့)၊ရိပ်မိပလား၊(ရိပ်စိပါပြီ)၊ လွတ်ရေး ကျွတ် ရေး မြင်ကြရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် ဗောသလမင်းကြီးက မေ့စရိယာနဲ့ သမစရိယာပဲ ရှိတယ်ဘုရားတဲ့၊ တောင်ကြွက်ပဲ့လွတ်ဖို့ရာ....(မှန်ပါ့ဘုရား)၊ ဒါဖြင့် ဝိပဿနာအလုပ်ပဲ ရှိတော့တယ်- (မှန်ပါ့)၊ ဝိပဿနာ အလုပ် လုပ်လိုက်တဲ့အခါကျတော့ ကိုယ့်ခန္ဓာ မမုန်းပေဘူး လားဗျာ....(မုန်းပါတယ်ဘုရား)။

ကိုယ့်ခန္ဓာ ဖြစ်ပျက်မြင်တော့၊ ကိုယ့်ခန္ဓာ ဖြစ်ပျက်မုန်း တော့ ကိုယ့်ခန္ဓာကြီးကို မင်းဟာ ဒုက္ခသစ္စာပဲ၊ မလိုချင်တော့ ဘူးဆိုတဲ့ မဂ်ဉာဏ် လိုက်လာတော့ ခန္ဓာ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား)။

တောင်တွေဟာ သူတို့ဟာ သူတို့သာ အခြောက်ကြွက်ရ မှာပဲ၊ အစိုကြွက်တော့မရတော့ဘူး....(မှန်ပါ့)၊ ရနိုင်သေးရဲ့ လား....(မရနိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့၊ တောင်ကြွက်ပဲ့က လွတ်တဲ့ တရားဟာ ဘယ်သူပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ ဝိပဿနာပဲ-(မှန်လှ ပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)၊ တောင်ကြွက်ပဲ့က လွတ်မယ့်တရားက ဝိပဿနာပါဘုရား)။

ကိုင်း....ဒါဖြင့် ဒါကလေးမှ ဘုန်းကြီးတို့ ဒကာဒကာမ တွေက ဒီလောက်အမြင်အထင်ကိုယ့်မှာလဲ ရှိနေလျက်သားနဲ့မှ

http://www.dhammadownload.com



လွတ်ရေး ကျွတ်ရေး မလုပ်သေးဘူးဆိုလို့ရှိယင် လူစိတ်မရှိလို့-(မှန်ပါ)၊ ခုနက ငါးကလေးတွေလို ဖြစ်နေတယ်....(မှန်ပါ ဘုရား)၊ ဘယ်နှယ်ဖြစ်နေသလဲ....(ငါးကလေးတွေလို ဖြစ်နေပါတယ်ဘုရား)။

ငါးကလေးတွေဟာ ရေလဲခန်းပြီ၊ ဒကာဒကာမတို့၊ အဲဒီမှာ အတောင်ယှက်ပြီးသဏ္ဌာန ဟိုမြူးလိုက်၊ ဒီမြူးလိုက် ဆိုလို့ရှိယင် ဘာပျော်လဲ.... (တိရစ္ဆာန်ပျော်ပါဘုရား)၊ သေခါနီး ပျော်....(မှန်ပါ)။

သေခါနီးပျော် ဘယ်နှယ်ကြောင့် ပျော်ပါလိမ့်မတုံး ဆိုတော့ တိရစ္ဆာန်မို့....(မှန်ပါ)၊ သေခါနီးပျော် ဘယ်နှယ်ကြောင့် ပျော်ပါလိမ့် (တိရစ္ဆာန်မို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့၊ ကျုပ်တို့မှာလဲ တောင်တွေကိုယ်ကိုယ်တိုင် အကြိတ်ခံရပလား....(ခံရပါပြီဘုရား)၊မသေတာတစ်မယ် ကျန်တော့မယ်- (မှန်ပါ)၊ သတောကျပလား....(ကျပါပြီ)။

မသေတာတစ်မယ်ပဲ ကျန်တော့တယ်ဆိုတာပေါ်ကြပလား-(ပေါ်ပါပြီဘုရား)၊ ဒီ အထဲအနေပြီး ပြုံးကာရွှင်ကာနဲ့ ကိုယ့်အရေးတော့ ကိုယ်အားမထုတ်ဘဲနဲ့ ဒကာဒကာမတွေ လောကွတ်တွေ များနေကြမယ် ဆိုလို့ရှိယင်ဖြင့် ဒီလောကွတ်ဟာ အဖိုးကောတန်ပါရဲ့လား-(မတန်ပါဘုရား)၊ကိုယ့်အသေကော လွတ်ပါရဲ့လား....(မလွတ်ပါဘုရား)။

ဪ....ဒကာဒကာမတို့၊ လောကွတ် ဟူသမျှ သည်ကား ဆိုလို့ရှိယင်ဖြင့် သေခြင်းဆိုး ဆေးချာလို့ ဒီလောကမ်များတာပဲ့ လို့ဆိုယင်ကော လွဲပါမလား....(မလွဲပါဘုရား)။

http://www.dhammadownload.com



ခုနအပြောတဲ့ ဝိပဿနာ အလုပ်သာ ကြိုးစားတော့၊ သူ့ပဲ လွတ်စရာရှိတယ်—(မှန်ပါဘုရား)၊ရှင်းကြပလား-(ရှင်းပါပြီ)။ ပစ္စည်းနဲ့ပေးဆော့လို့ ဒီဘောင်ကြီးတွေက ရပ်မှာလား- (မရပ်ပါဘုရား)၊ သားနဲ့ သမီးနဲ့ တားပြန်ယင်ကော.... (မရပ်ပါဘုရား)၊ ဆွေနဲ့မျိုးနဲ့ တားပြန်ယင်ကော- (မရပ်ပါဘုရား)။ မင်းနဲ့ စိုးနဲ့တားပြန်ယင်ကော....(မရပ်ပါဘုရား)။

မရပ်ဘူး၊ သူတို့ကို အကြိတ်ခံနေရတာ ဒကာ ဒကာမတို့ (မှန်ပါ)၊ မင်းတွေ စိုးတွေက ဘာဖြစ်နေသလဲ.... (အကြိတ်ခံနေရပါတယ်ဘုရား)။

အဲဒီတော့ ဒါကြောင့် ကောသလမင်းကြီးက တပည့်တော်လဲ မတတ်နိုင်ဘူးဘုရား၊ တပည့်တော်လဲ အကြိတ်ခံပြီးသေပွဲဝင်မှာပဲ၊ အဲဒီတော့ အကြိတ်လွတ်တဲ့နည်းကို တပည့်တော် လျှောက်ထားရလို့ရှိယင် အရှင်ဘုရား....ဓမ္မစရိယာ သမစရိယာ ဆိုတဲ့ ဝိပဿနာအလုပ်ပဲ ရှိပါတော့တယ်- (မှန်ပါ)၊ ဒါပဲ ကြိုးစားမှပဲ....(မှန်ပါ)၊ ပေါ်ကြပလား- (ပေါ်ပါပြီ)။

ဒါဖြင့် တောင်ကြိတ်ပွဲက လွတ်အောင် လုပ်နိုင်တဲ့နည်း ဘာဝမျှားစွာ သံသရာကလဲ တောင်ကြိတ်လို့ သေခဲ့ရတာ အင်မတန် ရှင်းသင်းပြီး သကာလ နေတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီတစ်ခါဖြင့် ကိုယ့်အရေးကိုယ် ကျင့်ကြပါတော့....(မှန်ပါဘုရား)။

ဘယ်သူ့ငဲ့စရာ လိုသေးသလဲ....(မလိုပါဘုရား)၊ သေသေချာချာ ဉာဏ်နဲ့ စဉ်းစားကြပါနော်.... (မှန်ပါဘုရား)၊ ငဲ့လို့

http://www.dhammadownload.com



ရှိယင်ဖြင့် ရေနစ်တဲ့လူ ငဲ့လို့ရှိယင်ဖြင့် ဒကာဒကာမတို့၊ ကိုယ်ပါ ရောနစ်နေတာပဲ....(မှန်ပါ)။

ရေနစ်တဲ့ပုဂ္ဂိုလ် သွားဆယ်လိုက်တဲ့အခါကျတော့ သူက ဆွဲမိဆွဲရာ ဆွဲလိုက်တဲ့အခါကျတော့ ခုနက ဆယ်တဲ့လူဟာ ဘာဖြစ်သွားသလဲ.... (သူပါနစ်သွားပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ အခု သားတွေခင်တာ၊ သမီးတွေခင်တာ၊ ဆွေတွေခင်တာ၊ မျိုးတွေခင်တာတော့ သူတို့က ရေနစ်နေတဲ့ အထဲမှာ ကိုယ်က သွားကူတာနဲ့တူတယ် ဦးခင်မောင်ရေ.... (မှန်ပါဘုရား)၊ ကိုယ်ပါနစ်ချင်လို့- (မှန်ပါ)၊ ဘယ်လိုဆိုကြပါမလဲ....(ကိုယ်ပါနစ်ချင်လို့ပါဘုရား)။

အဲ....ခင်ဗျားတို့ သားခင် မြေးခင် ဆွေခင် မျိုးခင် စိန်ခင် မြခင်ဆိုတာတွေဟာ ဘာထင်ကြသတုံး.... (ကိုယ်ပါနစ်ချင်လို့ပါဘုရား)၊ ကိုယ်ပါနစ်ချင်လို့....(မှန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ကိုယ့်ကိုယ်ကို သနားပါတယ် ဆိုတာ မှန်ရဲ့လား-(မမှန်ပါဘုရား)။ ကိုယ့်ကိုယ်ကို သနားပါတယ်ဆိုတာ အင်မတန် ရှိစ်းနေပြီ....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ကိုမြရွှေတို့၊ ဦးဇံရင်တို့ ကိုယ့်ဟာ ကိုယ် ရုန်းကြရလိမ့်မယ်နော်....(မှန်ပါ)၊ ဘယ်သို ဆုံးဖြတ်ချက် ချကြမလဲ-(ကိုယ့်ဟာကိုယ် ရုန်းကြရမှာပါဘုရား)၊ ကိုယ့်ဟာ ကိုယ် ရုန်းလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့၊ သစ္စာသိအောင် လုပ်....(မှန်ပါ)။

http://www.dhammadownload.com



ဒီဘက်ကတောင်ကြီးနှစ်လုံးကလဲ ဘာသစ္စာ- (ဒုက္ခသစ္စာပါဘုရား)၊ အင်း....ကိုယ့်ခန္ဓာပဲ ဒီဥစ္စာနော်-(မှန်ပါ)၊ဒီဘက်က တောင်ကြီးနှစ်လုံးကကော- (ဒုက္ခသစ္စာပါဘုရား)၊ဒီဘက်က တောင်ကြီးနှစ်လုံးကကော....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အရှေ့ဘက်နေတဲ့လူကို အရှေ့ဘက် တောင်က ကြိတ်မှာပဲ....(မှန်ပါဘုရား)၊ တောင်ဘက်မွေးဖွားတဲ့ ပုဂ္ဂိုလ်ကော-(တောင်ဘက်တောင်က ကြိတ်မှာပါ)၊ မြောက်ဘက်မွေးဖွားတဲ့ပုဂ္ဂိုလ်— (မြောက်ဘက်တောင်က ကြိတ်မှာပါ)၊ အနောက်ဘက် မွေးဖွားတဲ့ပုဂ္ဂိုလ်....(အနောက်ဘက်တောင်က ကြိတ်မှာပါပဲ)။

ဒါဖြင့် ဒကာဒကာမတို့၊ ဘယ်သူများ လွတ်ရေးကျွတ်ရေး ရှိသေးသလဲ....(မရှိပါဘုရား)၊ ကိုင်း....ကောသလမင်းကြီးက ပြောလိုက်တယ်၊ အရှင်ဘုရား....ဓမ္မစရိယာ, သမစရိယာဆိုတဲ့ ဝိပဿနာဉာဏ်အလုပ်ပဲ အားကိုးစရာ အားထားစရာ ရှိပါတော့တယ်၊ သူကတော့ဖြင့် အဇရံလို့ ဆိုတာကိုးဗျ-(မှန်ပါ)၊ အဇရံ=မအိုရာဖြစ်သော၊ အမတံ=မသေရာဖြစ်သော၊ ဆိုတော့ တောင်ကြိတ် မလွတ်ဘူးလား....(လွတ်ပါတယ်ဘုရား)။

ဒါဖြင့် မအိုရာ မသေရာသွားတဲ့ ကျုပ်တို့ခန္ဓာ ဖြစ်ပျက်ကို မြင်အောင်လုပ်ပါ၊ ခန္ဓာဖြစ်ပျက်ကို မုန်းအောင်လုပ်ပါ၊ခန္ဓာကြီးနဲ့ နေရတာ ဒုက္ခသစ္စာပဲဆိုပြီး ပိုင်ပိုင်နိုင်နိုင် ဒီဒုက္ခသစ္စာကြီး မလိုချင်လို့ရှိယင်ဖြင့် အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်အား ခန္ဓာရပါ့မလား....(မရပါဘုရား)၊

http://www.dhammadownload.com



ခန္ဓာရမှ ဒီတောင်တွေကြိတ်မှာ .... (မှန်ပါ)၊ ခန္ဓာမရတဲ့ ပုဂ္ဂိုလ်မှာ....(တောင်မကြိတ်ပါဘုရား)၊ တောင်ကြိတ် လွတ်တယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ခင်ဗျားတို့ အိမ်ရောက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ဩော်.... မနေ့က ကြိတ်ထားတာ အတော် ဒဏ်ရာပိနေပြီ၊ ယနေ့ ဒီထက် သေခါနီးအောင် ကြိတ်ပြီဆိုတာ မနေ့ကထက် ယနေ့ အကြိတ်ပြင်းထန်တယ်....(မှန်ပါ)၊ မပြင်းထန်ဘူးလား....(ပြင်းထန်ပါတယ်ဘုရား)။

တစ်နေ့ထက်တစ်နေ့ အိုသွားတယ်ဆိုတာ ဒကာဒကာမတို့ အိုချင်လို့ အိုတာလား၊ တောင်ကြိတ်လို့လား....(တောင်ကြိတ်လို့ပါဘုရား)။

အင်း....ဗီလောက်နဲ့ သူ ရပ်မှာလား၊ အသေ ကြိတ်ဦးမှာလား-(အသေကြိတ်ဦးမှာပါဘုရား)၊ အသေကြိတ်ဦးမှာဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါတွေ ပိုင်ပိုင်နိုင်နိုင်သိတော့မှ ဩော်....တို့သည်ကား၊ လို့ဆိုယင် တောင်ကမွေးဖွားတယ်ဆိုတော့ ဒကာဒကာမတို့က လူဖြစ်ရပါလို၏ ဆိုယင် ဇရာ, မရဏတောင်ထဲမှာ မွေးဖွားရပါလို၏၊ နတ်ဖြစ်ရပါလို၏ဆိုယင်ကော....(ဇရာ, မရဏတောင်ထဲ မွေးဖွားရပါလို၏)၊ ဗြဟ္မာဖြစ်ရပါလို၏ ဆိုယင်ကော.... (ဇရာ, မရဏတောင်ထဲ မွေးဖွားရပါလို၏)။

အဲဒါ ခင်ဗျားတို့က တောင်ထဲ မွေးဖွားရပါလို၏ ဆိုလို့ တောင်ကြိတ်တာ....(မှန်ပါဘုရား)၊ ခင်ဗျားတို့ မျက်စိလည်မှု၊ ဘာ့ကြောင့် မျက်စိလည်သတုံးဆိုတော့ ဇရာ, မရဏကို ဒုက္ခသစ္စာလို့မသိလို့-(မှန်ပါဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

http://www.dhammadownload.com



ဘာမသိတာတုံး....(ဇရာ, မရဏကို ဒုက္ခသစ္စာလို့ မသိတာ ပါဘုရား)၊ အေး .... ဒါဖြင့် ဇရာ, မရဏသည် ဒုက္ခသစ္စာ ဆိုတော့ ဇရာ, မရဏသည် ရုပ်၏ဇရာ၊ နာမ်၏ဇရာဆိုတော့ ရုပ်ရှိယင်လဲ ရုပ်ဇရာလာမယ်....(မှန်လှပါဘုရား) နာမ်ရှိယင်.... (နာမ်ဇရာ လာပါမယ်ဘုရား)။

ကဲ ဘာကောင်းသေးသတုံး–(ဘာမှမကောင်းပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဇရာ,မရဏ လွတ်တဲ့အရေးဟာဖြင့် မဂ္ဂစရိယာ၊ သမစရိယာ ဆိုတဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ပဲ ရှိတော့တယ်....(မှန်လှပါဘုရား)။

ဒါပဲ ကြိုးစားကြပါစို့ ဆိုတာ တစ်ပွဲလုံး ဆုံးဖြတ်ချက်ချဖို့ ကောင်းပြီ .... (မှန်ပါဘုရား)၊ ဘာ့ကြောင့်တုံး၊ ဘယ်သူမှ ဒီအထဲ အန္တရာယ်မကင်းဘူးဆိုတာ ပေါ်နေတယ် .... (မှန်ပါ ဘုရား)။

တောင်က အသီးဆီး၊ ဒကာဒကာမတွေ၊ ဒီ ဒကာဒကာမ တွေမှာ တစ်နေ့ထက်တစ်နေ့ အိုအောင် ကြိတ်တယ်၊ တစ်နေ့ ထက်တစ်နေ့ သေအောင်ကြိတ်တော့မယ်၊ဇရာ,မရဏကလေ.... (မှန်ပါဘုရား)၊

အဲဒီတော့ ဘယ်သူ အန္တရာယ်ကင်းလို့၊ဘယ်သူ ဘေးရှင်းပါ လိမ့်-(ဘယ်သူမှမကင်းပါဘုရား)၊ အဲဒီ တော့ဒီတရားတစ်ပွဲလုံး ဒီဆရာကော၊ ဒီ ဒကာဒကာမတွေကော ဘာလုပ်ကြမှာတုံး ဆိုတော့ တောင်ကြိတ်ပွဲမှ လွတ်တဲ့အလုပ်ကို လုပ်ရလိမ့်မယ်.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ခန္ဓာမရှိတဲ့အလုပ်ကို....(လုပ်ရမှာပါဘုရား)၊သဘောပါကြ ပလား....(ပါ့ပါပြီ)၊ ဘာလုပ်ရမယ်.... (ခန္ဓာမရှိတဲ့အလုပ်ကို လုပ်ရပါ့မယ်)၊ ခန္ဓာမရှိယင် ဇရာ့မရဏကော... (မရှိပါ)၊မရှိ ပါဘူးဆိုတာ သေချာပြီမဟုတ်လား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ခန္ဓာမရှိတဲ့အလုပ်ဟာ အကောင်း ဆုံး....(မှန်ပါ့ဘုရား)၊ ခန္ဓာမရှိတဲ့ အလုပ်သည် အကောင်းဆုံး ဆိုတော့ လုပ်တဲ့ပုဂ္ဂိုလ်မှာတော့ ခန္ဓာမရပါဘူး-(မှန်ပါ့)၊ခန္ဓာ မရပါဘူး-(မှန်ပါ့)၊ခန္ဓာမရတော့ဗီခန္ဓာမရတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓ- နိရောဓော နိဗ္ဗာနံ ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လို့ ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

အဲဒါကြောင့် ခန္ဓာမရှိအောင် လုပ်တတ်တဲ့ ပုဂ္ဂိုလ်ဟာ တောင်ကြိတ်ပွဲမှ လွတ်ပါတယ် .... (မှန်ပါ့ဘုရား)၊ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ တောင်ကြိတ်ပွဲမှ-(လွတ်ပါတယ်ဘုရား)။

အဲ....ဒါကို ဒကာဒကာမတွေ၊ ဘုန်းကြီးက ပြောရတယ်၊ ဩော်....သူတို့ပြုံးဘာကိုလဲ သူတို့ ကြီးပွားကြလို့ပြုံးကြတယ်၊ သားကလေးတွေ၊ သမီးကလေးတွေက ပညာ အရည်အချင်း ကလေးတွေ ပြည့်စုံလာတော့ ကိုးစားရာ ဖြစ်လာလို့ ပြုံးကြ တယ်၊ လူလားမြောက်အောင်လို့ ....ပြုံးကြတယ်၊ ဩော်.... တိရစ္ဆာန်ပြုံး ပြုံးနေတာကိုး....(မှန်ပါ့ဘုရား)။

ကိုယ့်ကို တောင်ကြိတ်နေတာတော့ သိရဲလား....(မသိပါ ဘုရား)၊မသိတော့ သူဟာ လူပြုံးပြုံးတာဟုတ်သေးရဲ့လား....

http://www.dhammadownload.com



(မဟုတ်ပါဘုရား)၊ အင်မတန် လွဲမနေဘူးလား....(လွဲနေပါတယ်)၊အဲ့ဒါကြောင့်ဒီအလွဲပေါ်အောင်လို့၊ဒါ-သံယုတ်ပါဠိထောက်ကထုတ်လာတယ်-(မှန်ပါဘုရား)၊သဘောပါကြပသား-(ပါ,ပါတယ်ဘုရား)၊

ဒါဖြင့် ဒကာဒကာမတို့၊ ကောသလမင်းကြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာကြီး၊ အရှေ့ကတောင်ကြီးကသဲဒကာကြီး ကြိတ်ပြီ၊ ကြိတ်တော့မလို့ လိမ့်လိမ့် လာနေပြီ၊ ဒကာကြီး ဘယ်လို ကြံစည်မတုံး .... တောင်လေးလုံး ကဖြင့်လာပြီတဲ့၊

အရှင်ဘုရား၊ ဓမ္မာစရိယာနဲ့ သမစရိယာပဲ အားကိုးရာရှိပါတော့တယ် ဆိုတော့ ဒကာ ဒကာမတွေ သူတော်ကောင်းအကျင့်မဲ့ အားကိုးစရာရှိပါတော့တဲ့တယ်-(မှန်ပါဘုရား)၊ဘယ်လိုမှတ်ကြမယ်....(သူတော်ကောင်းအကျင့်ပဲ အားကိုးစရာ ရှိပါတော့တယ်)၊ရှင်းပြီနော်....(ရှင်းပါပြီ)။

သူတော်ကောင်းအလုပ်မဲ့ အားကိုးစရာရှိပါတယ်ဆိုတော့ ဒီအလုပ်ဟာ ဘုန်းကြီးပြောတဲ့ ဝိပဿနာက မင်္ဂလာကျူးတဲ့ အလုပ်ဟာ မလုပ်မဖြစ်တဲ့အလုပ်လို့ မှတ်ကြစမ်းပါ....(မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (မလုပ်မဖြစ်တဲ့ အလုပ်ပါဘုရား)၊ မလုပ်မဖြစ်တဲ့ အလုပ်ဆိုတော့ အသေလွှတ်တဲ့အလုပ် ဖြစ်နေသောကြောင့် ခင်ဗျားတို့က အခါသကို မရှာနဲ့တော့.... (မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ)၊ တောင်လေးလုံးကြားမှာ မမွေးချင်ပါနဲ့တော့....(မှန်ပါဘုရား)။

http://www.dhammadownload.com



အသေလွတ်အောင်သာ ရှောင်ကြ ရှားကြ ဆိုပါတော့ စကာဒကာမတို့၊ ဒါ....ကိုယ့်အရေးဆိုဘာ သေချာပလား.... (သေချာပါပြီဘုရား)၊ သူများအရေးလား ကိုယ့်အရေးလား- (ကိုယ့်အရေးပါဘုရား)၊ အေး.... ဒါကြောင့် ကိုယ့်အရေး မသိတော့ တောင်ကြားမှာ ပြုံးနေတယ်....(မှန်ပါဘုရား)၊ ကိုယ့်အရေးမသိတဲ့ပုဂ္ဂိုလ်က.... (တောင်ကြားမှာ ပြုံးနေပါ တယ်ဘုရား)။

ဩော်....ဒါကြောင့် ဘုန်းကြီးတို့နဲ့ အားလုံးပဲ အရင်း အချာတွေချည်းပဲ၊ ဒီတောင်ကြား ပြုံးနေတာ ဘုန်းကြီးက မကျေနပ်နိုင်ဘူး....(မှန်ပါဘုရား)၊ ဩော်....ထူလွန်းတယ်၊ အ, လွန်းတယ်လို မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သူပြုံးနေတာက သူဟာ အန္တရာယ်ကင်းလို့ ပြုံးတာလား၊ အန္တရာယ်ကြားထဲပြုံးတာလား.... (အန္တရာယ်ကြားထဲပြုံးတာ ပါ ဘုရား)၊ အန္တရာယ်ကြားထဲ ပြုံးနေတော့ ဩော်....သူ ထူလွန်း အ, လွန်းလို့ ဘုန်းကြီးတို့လို အမြင်ကျယ်တဲ့ ပုဂ္ဂိုလ် များက ကျေနပ်နိုင်စရာ ကောင်းရဲ့လား.... (မကောင်းပါ ဘုရား)။

အခု....ခင်ဗျားတို့ကလဲ အခု....ဘုန်းကြီးတရားကို နာရလို့ တောင်ကလဲ သေသေချာချာ ကြိုတ်နေတဲ့ သေသေချာချာ သိတော့ ခင်ဗျားတို့အောက်က ကလေးတွေက ပျော်လိုက်တာ နဲ့ ပါးလိုက်တာနဲ့ နေတဲ့အခါ ဩော်....ကလေးများ ဘာမှ မသိရှာဘူး၊ ခင်ဗျားတို့ ကိုယ်တိုင်လဲ သံဝေဂ မရပေဘူး လား....(ရပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ....ထို့အတူပဲတဲ့၊ ယနေ့ကစပြီး ဒကာဒကာမတွေဖြင့် ဩော်....တောင်ကြီးလေးလုံးကဖြင့် လာနေပြီ၊ သဘောကျပလား....(ကျပါပြီ)၊ တောင်ကြီးလေးလုံးကဖြင့်- (လာနေပါပြီ ဘုရား)၊တစ်နေ့ထက် တစ်နေ့လဲ- (နီးလာပါပြီ)၊ နီးလာပြီ နော်၊

အင်း....အခု၊ တောင်တစ်လုံးက ကြိတ်ထားတာလဲ တော်တော် အိုလာပြီ-(မှန်ပါ)၊ နောက်တစ်လုံး ကြိတ်ယင်ဘာဖြစ်မယ် ထင်ကြသလဲ....(သေမှာပါဘုရား)။

သေရုံပဲ ကျွန်တော့တယ်ဆိုတော့ မြင့်မားတော့ ဘယ့်နှယ်လုပ်ပြီးသကာလ ထွက်လိုထွက်ဖို့ မရနိုင်ဘူး....(မှန်ပါဘုရား)၊ မြင့်တာကလဲ အထက်ဆုံး ဗြဟ္မာ့ပြည်တိုင်အောင် မြင့်တာကိုး-(မှန်ပါ)၊ လေးဘက်လေးတန်ကလဲ ရှိနေတယ်ဆိုတော့ ဒကာသစ်တို့၊ မောင်မြတို့ ဘယ့်နှယ်လုပ် ရှုန်းမလဲ.... (မရုန်းနိုင်ပါဘုရား)၊ ရုန်းနိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီလို မရှိတဲ့ အထဲမှာ ခင်ဗျားတို့ အမွေးလွှဲတာသည် ဘာဖြစ်လို့ အမွေးလွှဲပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ ခင်ဗျားတို့ ဆုတောင်းလွှဲလို့....(မှန်ပါ)၊ ပေါ်ကြပလား.... (ပေါ်ပါပြီ)၊ ဘာပါလိမ့်....(ဆုတောင်းလွှဲလို့ပါဘုရား)။

လူဖြစ်ရပါလို၏၊ တောင်ကြား မွေးရပါလို၏ (မှန်ပါ)၊ နတ်ဖြစ်ရပါလို၏....(တောင်ကြားမွေးရပါလို၏)၊ ဗြဟ္မာဖြစ်ရပါလို၏....(တောင်ကြားမွေးရပါလို၏)၊ စကြဝတေး မန္တာတ်ဖြစ်ရပါလို၏....(တောင်ကြားမွေးရပါလို၏ဘုရား)။

တောင်ကြားမွေးလို့ပေါ့၊ စကြဝတေး တစ်ယောက် အခုရှာတွေ့သေးရဲ့လား....(မတွေ့ပါ)၊တွေ့ကြသေးရဲ့လား–(မတွေ့

http://www.dhammadownload.com



ပါဘုရား)၊ ဘယ်သွားကုန်သတုံး- (သေကုန်ပါတယ်)၊တောင်ကြိုတ်ပွဲမှာ သေပွဲဝင်ကုန်ပြီ-(မှန်ပါဘုရား)၊ဒကာဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ-(တောင်ကြိုတ်ပွဲမှာ သေပွဲဝင်ကုန်ပါပြီဘုရား)။

စကြဝဠာ အသာသားပါဦး.... ခင်ဗျားတို့ ဘိုးဘွား ဘီဘင်တွေဟာ ခင်ဗျားတို့ကို တစ်ခါတည်း မကြင်နာလို့ စွန့်ပစ်သွားကြတာလား၊ ဘောင်တွေ မတွန်းလှန်နိုင်တာနဲ့ သေပွဲဝင်လိုက်ရတာသား.... (တောင်ခတွေမတွန်းလှန်နိုင်တာနဲ့ သေပွဲဝင်လိုက်ရတာပါဘုရား)၊ခင်ဗျားတို့အတွက် စိတ်ကိုမချဘူး၊ မချပေမယ့်လဲ တောင်ကြိုတ်တာနဲ့ သေရရှာတယ်.... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ မျိုးရိုးက တောင်ကြိုတ်ခံပြီးသေပွဲဝင်တဲ့ မျိုးရိုးပဲလားလို့ မေးလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဆရာဘုန်းကြီးသာ ခေါင်းမဆောင်တော့ဘူး ဆိုယင် ဒီအမျိုးထဲဖြစ်မယ်-(မှန်ပါ)၊ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်)၊ သစ္စာမသိတဲ့ အမျိုးထဲ သွားဖြစ်မယ်....(မှန်ပါဘုရား)။

ဦးခင်မောင်ရေ....သစ္စာသာ မသိလို့ရှိယင် ဇရာမရဏ တောင်ကြား ဖြစ်မှာပဲဗျ....(မှန်လှပါဘုရား)၊ ဖြစ်ရပါလိမ့်၊ ဇရာ မရဏ တောင်ကြားဖြစ်ရပါလိမ့်၊ ဇရာ မရဏက လူဖြစ်တဲ့အထဲ ပါလာတယ်—(မှန်ပါ)၊မပါဘူးလား-(ပါ-ပါတယ်)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဒီတောင်ကြားက လွတ်အောင် အသင်မှင်းကြီးစိတ်ကူးစမ်းပါလို့ ဘုရားရှင်ကမေးလိုက်တော့

http://www.dhammadownload.com



အရှင်ဘုရား....မမ္မစရိယာနဲ့ သမစရိယာသာ ရှိတော့တာပဲ.... (မှန်ပါဘုရား)၊ ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိရောပေါ့ဗျာ....(မှန်ပါ)။

ဝိပဿနာ မဂ်ဉာဏ်အလုပ်ပဲ ဒကာဒကာမတို့ အားကိုးရာ ရှိတော့တယ်....(မှန်ပါ)၊ ဒီပြင် ဘာရှိသေးသတုံး....(မရှိပါ ဘုရား)၊ ဘာမှ မရှိဘူးဆိုတာ သေချာပလား.... (သေချာ ပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဒီနေ့ ဘုန်းကြီးများအလဲ ပြောရတာ ဒကာ ဒကာမတွေအလဲ နားလည် ပါးလည်ရှိလို့ အတော် ဝမ်းသာစရာကောင်းတဲ့နေ့ပဲ-(မှန်ပါဘုရား)၊နောက်ကို မပြုံး ကြနဲ့နော်-(မှန်ပါ)၊ ပြုံးချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ဟောဒီ တောင်တွေ လွတ်တဲ့နေရာ ရောက်တော့ ပြုံးတော့....(မှန်ပါ ဘုရား)၊

တောင်ကြားထဲမှာ ပြုံးတာကတော့ (မကောင်းပါဘုရား)၊ လူပြုံးလား၊ တိရစ္ဆာန်ပြုံးလား....(တိရစ္ဆာန်ပြုံးပါဘုရား)၊ သိပြုံးလား၊ မသိပြုံးလား....(မသိပြုံးပါဘုရား)၊ ဝိဇ္ဇာပြုံး လား၊ အဝိဇ္ဇာပြုံးလား.... (အဝိဇ္ဇာပြုံးပါဘုရား)။

အဲ-မသိပြုံးဟူသရွေ့ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်ကောင်း လို့ပြုံးတာလားတဲ့ သူ့မှာရှူးလို့ပြုံးတာလား—(ရှူးလို့ ပြုံး တာပါဘုရား)၊ ဒါဖြင့်ဗျာ....ကိုယ့်ကိုယ်ကိုလဲ အရှူးလဲမဖြစ်ရ အောင် ကိုင်း-အလွတ်ရုန်းတဲ့နည်းသာလျှင် ဝိပဿနာအလုပ်ပဲ ရှေ့တွင်တွင်ကြီးလုပ်ပြီး မဂ်ဆိုက်အောင်မှ လုပ်ပါတော့

http://www.dhammadownload.com



မယ်ဆိုလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့၊ ဒီတောင်ထဲမှာ မမွေး ဖွားတော့ဘူး....(မှန်ပါဘုရား)၊

သစ္စာသိပကောဗျာ-(မှန်ပါ)၊သစ္စာသိကတည်းက လူနေ့ဒုက္ခသစ္စာ၊ နတ်ခန္ဓာ.... (ဒုက္ခသစ္စာပါဘုရား)၊ အင်း-ဒါတွေ မရချင်ဘူး ဆိုကတည်းက တောင်ကြား မွေးသေးရဲ့လား.... (မမွေးပါဘုရား)၊မမွေးတော့ ဒကာဒကာမတွေသည် တောင်လွတ်ရာမှာ မနေပေဘူးလား....(နေပါတယ်ဘုရား)။

တောင်လွတ်ရာသည် နိဗ္ဗာန်ပဲ၊ ဇရာမရှိရာသည် နိဗ္ဗာန်၊ အဇရံ=မအိုရာစစ်စစ် ဖြစ်သော၊ အမတံ=မသေရာစစ်စစ် ဖြစ်သော၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ ဟောတိ=ဖြစ်၏။မအိုရာမသေရာ နိဗ္ဗာန်ပဲ....(မှန်ပါ)၊တောင်လွတ်တဲ့နေရာ....(မှန်ပါဘုရား)၊

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ .... (တောင်လွတ်တဲ့နေရာပါဘုရား)၊ ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ယုံကြပလား....(ယုံပါပြီဘုရား)၊ မယုံယင် ခင်ဗျားတို့ ဘိုးတွေ၊ ဘွားတွေ ဘယ်သွားကုန်သတုံးလို့သာကြည့်လိုက်ပါ.... (မှန်ပါဘုရား)၊ မယုံယင်၊ မယုံယင်- (မှန်ပါ)။

ဘိုးတွေ၊ ဘွားတွေ ဘယ်သွားကုန်သတုံး....(တောင်ကြိတ်လို့ သေကုန်ပါပြီဘုရား)၊ တောင်ကြိတ်ပွဲ သေပွဲဝင်ကုန်ပြီ.... (မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)၊ဒါတွေက မယုံမှာ များ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုင်း-ဒါဖြင့် ရှေးက မင်းကောင်း၊ မင်းမြတ်တွေအစ မင်းကောင်း မင်းမြတ်လို့သာ ခေါ်လိုက်ရတယ်၊ ဘယ်သွား ကုန်ပါလိမ့် .... (တောင်ကြိတ်ပွဲသေပွဲ ဝင်ကုန်ပါပြီဘုရား)၊

http://www.dhammadownload.com



တောင်ကြီးတိပ္ပွဲ သေပွဲဝင်ကုန်ပြီဆိုတာ မသေချာဘူးလား.... (သေချာပါပြီ၊ဘုရား)။

ခင်ဗျားတို့ ချစ်ခင်တဲ့ အင်း.... သားကလေးတွေ၊ သမီးကလေးတွေ တစ်ချို့ စွန့်ပစ်လိုက်ရတာလေးတွေလဲ ခင်ဗျားတို့ စွန့်ချင်လို့လား၊ သူ့တောင်နဲ့သူ ပိပြီး သေကြတာလား.... (သူ့တောင်နဲ့သူပိပြီးသေကြတာပါဘုရား)၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း–ဒါဖြင့် ဓမ္မစရိယာနဲ့ သမစရိယာသာ လုပ်ကြစို့၊ တောင်ကြီးတိပ္ပွဲကလွတ်ဘာဒါပဲရှိတော့တယ်....(မှန်ပါဘုရား)၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)၊ အံမာလေး၊ မသိလို့ပြောရတာပါ၊ တရားဟောရတာထက် ကြာသေးတယ် .... (မှန်ပါဘုရား)၊

အခုဟာ တရားမဟောရသေးဘူး၊ ဘာပြောတယ် ထင်သလဲ....(မသိလို့ပြောနေတာပါ)၊ မသိလို့ ပြောနေတာ၊ ဟာ - ရှောင်စမ်းပါဟ....ရှောင်စမ်းပါ၊ နင့်ဘောင်ကြီးတွေ လာနေတယ်ဆိုတဲ့ဥစ္စာ တရားလား....တဲ့၊ ရှောင်နည်း ရှားနည်းကို မသိဘာနဲ့ လက်တို့နေရတာလား.... (ရှောင်နည်းရှားနည်းမသိလို့ လက်တို့နေရတာပါဘုရား)။

ခင်ဗျားတို့ကလဲ နားကလဲမဆောင်၊ မျက်လုံးကလဲမမြင်၊ ခက်လိုက်တဲ့ဖြစ်ခြင်းမှုမပြောပါနဲ့တော့၊ အဆောဘ်ခက်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း .... ဒါ ဒကာ ဒကာမတွေ တောင်သေးလုံးဖြင့် ရှဗ်ဘုရင်သွားတော့ ဘုရားက ပြောလိုက်တယ်.... (မှန်ပါ)၊ ရှင်ဘုရင်ကတော့ သူ့တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးသကာလ

http://www.dhammadownload.com



လာခဲ့ရတယ်ဆိုတော့ မင်းအားခတ္တပြတာ၊ ဘုရားတပည့်တော်တို့ အဘိသိက်သွန်းထားတဲ့ မင်းဆိုဟာ ဓါလိုမှ အားမပြယ်ကျွမ်းသူပုန်တွေ ထကုန်မှာပေါ့-(မှန်ပါ့ဘုရား)၊ အံမာ-သူ့အခ်ကြွားကြွား ရယ် ...(မှန်ပါ့)။

ဒီတွင် ဘုရားက ဘောင်လေးလုံးတရား သူဟောတာ....(မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ လွှတ်ရေး၊ ကျွတ်ရေးရှိသေးရဲ့လား .... (မရှိပါ)၊ အဲ....ခင်ဗျားတို့၊ကျုပ်တို့ကော....(မရှိပါ)။

ကဲ .... လွှတ်တဲ့နည်းကို အခု ဘုန်းကြီးက ပြောပြီ၊ ဘာကျင့်ကြမယ် .... (ဓမ္မစရိယာနဲ့ သမစရိယာ ကျင့်ရပါမယ်)၊ ဝိပဿနာနဲ့ခန္ဓာကိုမြင်အောင်လုပ်....(မှန်ပါ့)၊ ခန္ဓာမြင်အောင်လုပ်ပြီးသကာလ ဒီခန္ဓာမြင်တဲ့အခါကျလို့ရှိယင် မမုန်းပါနဲ့ဆိုလို့ မရဘူး....(မှန်ပါ့)။

မမုန်းပါနဲ့ဆိုလို့ ရပါ့မလား....(မရပါဘုရား)၊နိဗ္ဗိန္ဒဉာဏ်တက်လာမယ်—(မှန်ပါ)၊ မုန်းလာတဲ့ တစ်ခနကျတော့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ အစစ်အမှန် သိသွားတော့ လိုချင်ပါဦးမလား-(မလိုချင်ပါဘုရား)၊ မလိုချင်ယင် နောက်ခန္ဓာ တောင်ကြွားမှာ ဖြစ်ဦးမလား....(မဖြစ်ပါဘုရား)။

ဒါဖြင့် ခန္ဓာမလိုချင်တဲ့ပုဂ္ဂိုလ် ဦးဇရင်....နိဗ္ဗာန်ရောက်တာပဲ· (မှန်ပါ့)၊ ခန္ဓာမလိုချင်တဲ့ ပုဂ္ဂိုလ်ဟာ-(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် ခန္ဓာမလိုချင်တဲ့အလုပ်ကို လုပ်ရလိမ့်မယ်·(မှန်ပါ့ဘုရား)၊နိဗ္ဗာန်ရောက်ချင်ယင် (ခန္ဓာ မလိုချင်ဘဲ အလုပ်ကို လုပ်ရမယ်)၊ ရှင်းပြီနော် ....(ရှင်းပါပြီ)။

http://www.dhammadownload.com



ခန္ဓာလိုချင်ယင် တောင်ကြား သေပွဲဝင်ပြီ-(မှန်ပါ)၊ ခန္ဓာမလိုချင်ယင်ဖြင့် တောင်ကြိတ်ပွဲမှ လွတ်ပြီ....(မှန်ပါ)၊ သဘောပါကြပလား....(ပါ့ပါပြီ)၊ ခန္ဓာမလိုချင်ယင်(တောင်ကြိတ်ပွဲမှ လွတ်ပါပြီ)၊ တောင်ကြိတ်ပွဲမှ လွတ်ပြီဆိုတာ သဘောကျပလား....(ကျပါပြီ)၊ ကိုင်း-ဒါဖြင့် ဒကာဒကာမတို့၊ တောင်ကြိတ်ပွဲကနေပြီး ထာဝရ လွတ်ရေး၊ကျွတ်ရေး မမှစရိယာနဲ့ သမစရိယာ လုပ်ကြပါစို့။

ကဲ- ဒါဖြင့် ယနေ့ ဒကာ ဒကာမတို့၊ အထူးမှတ်စရာကလေးက သံယုတ်ပါဠိတော်ပဲ ထည့်ပေးပါမယ်၊ သမထမပါဘဲနဲ့ နိဗ္ဗာန်ရောက်တဲ့နည်း ပြောမယ်-(မှန်ပါဘုရား)၊သမထမပါဘဲနဲ့-(နိဗ္ဗာန်ရောက်တဲ့နည်း ပြောပါမယ်ဘုရား)။

သမထမပါဘဲနဲ့ ခုနက တောင်ကြိတ်ပွဲမှ လွတ်ရတဲ့နည်း ဘုရားရှင်ကိုက ဟောတာ-(မှန်ပါ)၊ ဘုရားရှင်ကိုက သေသေချာချာ ဟောတာပါ ဒကာဒကာမတို့၊ ငါဘုရားသာသနာဟာ-၊ သမထကြောင့် နိဗ္ဗာန် ရောက်တာ မဟုတ်ဘူးကွ၊ ဘုရားက ဖွင့်ဟောတယ်—(မှန်ပါ)၊ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာကွတဲ့-(မှန်ပါ)၊ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာကွ၊ သမထကြောင့် နိဗ္ဗာန် မရောက်ဘူးကွတဲ့၊ သေသေချာချာ ဟောတာနော်-(မှန်ပါဘုရား)။

အေး....ဒါကြောင့် အဲဒီတရားကို နာရမှာဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေချာချာပြော် — တို့ဆရာဘုန်းကြီး ပေးနေတာ သမထမပါဘူးနော်၊ သမထဟာ နောက်လိုက်ကြီး၊ သူ့ဟာသူဝင်ပြီး နောက်လိုက်

http://www.dhammadownload.com



နေတာ၊ စင်စစ် ဝိပဿနာက ရှေ့သွားဆိုတာမှတ်ရမယ်နော်- (မှန်ပါ)၊ ဝိပဿနာက ရှေ့သွား ဆိုတာ မှတ်ရလိမ့်မယ် ဦးခင်မောင်ရေ—(မှန်လှပါဘုရား)၊ကိုင်း—ဒါဖြင့် ပြကြပါစို့။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်လာတဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့၊ နောက်ဆုံးပိတ် အကျိုးပေးတဲ့ဘဝ ဆိုတော့ ဦးခင်မောင်တို့၊ ဦးဝတို့ အလွန် အကျိုးပေးလိုက် တယ်-(မှန်ပါဘုရား)၊ ဆီတွေ၊ ပျားရည်တွေဆိုတာ ချောင်းစီး ပြီး လာတယ်....(မှန်ပါ)။

ချောင်းရေတွေလိုစီးလာတယ်၊ ဘုရားဆီကို အလှူအတန်း လာကြတာတွေ-(မှန်ပါဘုရား)၊ အဝတ်သင်္ကန်းတွေ ဆိုတာလဲ လှည်းအစီး ငါးရာတစ်ထောင်နဲ့ လာကြပြီး ပုံကြတယ်၊ ဦးခင် မောင်ဇီ တဆယ်ဒီအတိုင်း ချိုင့်ကလေးနဲ့ထည့်ပြီး အရှင်ဘုရား သင်္ကန်းလှူပါ၏လို့ ဒီလို မဟုတ်တော့ဘူး၊ တစ်ခါတည်း လှည်းအစီး ငါးရာတစ်ထောင်နဲ့ လာပုံကြတာပဲ— (မှန်ပါ)။

အဲဒီလောက်ကျအောင် သူ့ အကျိုးပေးကလဲ သန်ပြီး သတော့လ နောက်တော့ နောက်ဆုံးပိတ် ဘဝကိုးဗျ-(မှန်ပါ)။ ဒါနဲ့ တပည့်သား မြေးတွေကလဲ မြတ်စွာဘုရားကို မှီပြီး သကာလ ဆွမ်း သင်္ကန်း ကျောင်း ဆေးပစ္စည်းလေးပါးတွေ ဦးခင်မောင် အကုန်ပေါသပေါ့ဗျာ....(မှန်ပါ)။

အကုန်ပေါတော့ ဘုရားမပွင့်ခင်ကတည်းက ဘုရားလုပ် နေတဲ့ တိတ္ထိတွေက ရှိသေးတယ်....(မှန်ပါ)၊ဘုရားမပွင့်ခင်က ဘုရားလုပ်နေတဲ့ တိတ္ထိတွေက ရှိသေးတော့ ဘုရားကပွင့်လာ ပါရော ဦးဝရေ- နေကြီး ထွက်လာတဲ့အခါ ပိုးစုန်းကြူး

http://www.dhammadownload.com



အဲ့ရောင်မပျောက်သလို တိတ္ထိတွေဟာ စားရမယ့်သောက်ရမယ့် ဦးခင်မောင် ဖြစ်ကုန်ပြီ....(မှန်ပါ့ဘုရား)။

တိတ္ထိတွေ စားရမယ့်သောက်ရမယ့် ဖြစ်ကုန်တဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့၊ တိတ္ထိခေါင်းဆောင်တွေက အစည်းအဝေး ဖွင့်တယ်....(မှန်ပါ့)၊တို့မှာအရင်တုန်းကဘော့ဖြင့် စားရ သောက်ရ ဝတ်ရပါတယ်၊အခုဘော့ဖြင့် ရှင်ကြီးဂေါတမ ပွင့်ပေါ်လာကတည်းက စားရ သောက်ရ ဝတ်ရဆိုတာ တို့မှာ အတော်ချို့တဲ့သွားပြီ။

အဲဒီတော့ ရှင်ကြီးဂေါတမဟာ ဘယ်လိုဟောတယ်၊ ဘယ်လိုဆိုတယ်ဆိုတဲ့ဥစ္စာ သူ့မှာ နည်းကောင်းဘော့ရှိတယ်၊ အဲဒီနည်းကောင်းကို တို့အထဲက ဉာဏ်ကောင်းတဲ့ လူတစ်ယောက်လွှတ်ပြီးသကာသ ရှင်ကြီးဂေါတမ ပြောပုံဆိုပုံ၊ အဲဒီနည်းကို သွားသင်ရလို့ရှိယင်ဖြင့် တို့မှာ ဂိုရှိတဲ့နည်းနဲ့ အခု သွားသင်ရလို့ ရတဲ့နည်းနဲ့ရောပြီး ဟောရ ပြောရယင် တို့လဲ ပေါ်များမှာပဲ....(မှန်ပါ့ ။

ဦးခင်မောင်ရေ ကြံပုံ စည်ပုံပေါ့ဗျာ.... (မှန်ပါ့ဘုရား)၊ အဲဒီလို ကြံပုံစည်ပုံတွေ ဖြစ်ပြီးသကာလ လာတာနဲ့ သုသိမဆိုတဲ့ ပရိဗိုဇ်ကို တိတ္ထိခေါင်းဆောင်ကြီးက ခေါ်လိုက်တာပဲ၊ ဟော့....သုသိမ လာပါဦးကွ၊ တို့မှာဖြင့် အမျိုးသားတာကွယ်ရေးဆိုတာ လုပ်ပေးပါဦး၊ တို့အကုန် ဆင်းရဲပြီ၊ ရှင်ကြီးဂေါတမ ပေါ်ကတည်းက တို့မှာဖြင့် စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ပါတယ်....(မှန်ပါ့)။

http://www.dhammadownload.com



အဲဒါကြောင့် မင်းကလဲ ဒီအထဲမှာ ဗေဒင်အရာမှာလဲ မင်းက ဘော်တော့ကို တက်တဲ့ပုဂ္ဂိုလ်၊ ယခုအခါ ဂေါတမ ဘုရားဆီမှာ မင်း....နည်းသွားပြီး သကာလ ယူရမယ်ဆိုယင် မင်းက အမြန်ဆုံးယူခဲ့ပါ၊ အမြန်ဆုံးယူခဲ့ပြီးသကာလ တို့ကို ပြန်ပြော၊ တို့ကလဲ တို့ရှိတဲ့တရားနဲ့ရောပြီး ပြောရ မဟာရလို့ ရှိယင်ဖြင့် တို့လဲ စားမှု၊ သောက်မှု၊ နေမှု၊ထိုင်မှု အကုန် ချောင် မှာပဲ၊ ဒါဖြင့် တို့အမျိုးသားတွေ ကယ်ဆယ်ပါဆိုပြီးသကာလ အဆိုသွင်းတာပဲ...(မှန်ပါ)။

အဆိုသွင်းတော့ ဟိုကလဲ တိတ္ထိဖြစ်ပြီးသကာလ နေတော့ ဘယ်လိုလုပ်မှာတုံးတဲ့၊ အို....သွား၊သင်ရမှာ မင်းက ဉာဏ် ကောင်းတယ်·(မှန်ပါ့)၊ ဟာ....ဒါ အမျိုးသားကယ်ဆယ်ရ မယ်၊ အမျိုးသားကူညီရမယ်ဆိုလို့ရှိယင် ကျုပ်လုပ်မယ်....တဲ့၊ သုသိမကပေါ့လ(မှန်ပါ့)၊ပရိဗိုဇ်တွေ ပရိဗိုဇ်တွေ·(မှန်ပါ့)။

အဲဒီတော့ သုသိမ ပရိဗိုဇ်ကစဉ်းစားလိုက်တယ်၊ ဂေါတမ ဘုရား၊ဆီသွားရတော့မယ်ဆိုလို့ရှိယင် ဘယ်သူ့ဆီအရင်ဝင်ရပါ့ မတုံး၊ တိုက်ရိုက်ဝင်လို့တော့ သူ့မင်းတွေ, စိုးတွေနဲ့၊ တရား ဟောချိန်တွေနဲ့ တော်တော်နဲ့ လက်ခံဖို့ တွေ့ဖို့ကို အချိန်မရ နိုင်ဘူးဆိုပြီးသကာလ အရှင်သာရိပုတ္တရာဆီ ဝင်ရမလားလို့ သူစိတ်ကူးလိုက်တယ်၊ ဟာ....အရှင်မောဂ္ဂလ္လာန်ဆီ ဝင်ရမလား စိတ်ကူးလိုက်တယ်။

အို-သူတို့အရှင်သာရိပုတ္တရာက ပညာတေဒဂ်ရတွေ၊ အရှင် မောဂ္ဂလ္လာန်က တန်ခိုးဧတဒဂ်ရတွေ၊ ဥပါလိတို့ ကျပြန်တော့ ဝိနည်းဧတဒဂ်ရတွေ၊ ပုဏ္ဏတို့ကြည့်ပြန်တော့လဲ တရားဟော

http://www.dhammadownload.com



တွေ့ချက်ရတွေ၊ ဒါတွေမဟုတ်သေးပါဘူး၊ အားလုံးတွေ့ဖော်ရတဲ့ ပုဂ္ဂိုလ်ချည်းပဲ၊ အရှင်အာနန္ဒာဆီကပ်မှုပဲ၊ အရှင်အာနန္ဒာဟာ ဘုရားနဲ့အရင်းဆုံး သူ့ဆီဝင်မှတော့မယ်ဆိုပြီးသကာလ၊ ဒကာဒကာမတို့၊ သူ့ဆီဝင်မှ တော့မယ်ဆိုပြီး သကာလ သုသီမပရိဗိုဇ်က အရှင်အာနန္ဒာဆီ ဝင်လိုက်တယ်....(မှန်ပါ)၊

အရှင်အာနန္ဒာဆီတန်းဝင်ပြီး အရှင်အာနန္ဒာ-အရှင်ဘုရားတို့သာသနာတော်မှာ ဟောတဲ့တရားတွေ တပည့်တော် တိတ္ထိတွေခေါင်းဆောင်ပါပဲ၊ သို့သော်-ကြည်ညိုလွန်းလို့ အရှင်ဘုရားတို့ဆီပဲ သင်္ကန်းဝတ်ပြီး ဒီပညာတွေပဲ သင်တော့မယ်၊ တိတ္ထိအယူဟာ ဘယ်ဟုတ်မှ မဟုတ်ဘဲ ဆိုပြီးသကာလ တပည့်တော် ဒီလိုစိတ်ကူးနဲ့လာပါတယ်....(မှန်ပါ)၊ ညစပြီပေါ့ဗျာ-(မှန်ပါ)၊ စင်စစ်တော့ တရားခိုးမလို့....(မှန်ပါ)။

တရားခိုးမလို့ လာတာဆိုတာ ဒကာဒကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊ အဲ-တရားခိုးမလို့ လာတာပါပဲတဲ့၊ အဲဒီတော့ အရှင်အာနန္ဒာကတော့ အဲဒီအချိန်မှာ သူကဘာမှမဖြစ်ဘူး၊ သောတာပန်သာဖြစ်နေတော့ ဩော်—တိတ္ထိခေါင်းဆောင်ကြီးက တို့သာသနာ ဘုရားသာသနာ ကြည်ညိုပါတယ်ဆိုတဲ့ဥစ္စာ ရိုးမှရိုးရဲ့လား....ဟုတ်မှဟုတ်ရဲ့လား၊ အကဲခတ်တယ်....(မှန်ပါ)။

အကဲခတ်တဲ့ အခါကျတော့ အို....ငါတော့ အကဲမခတ်တတ်ဘူး၊မတတ်နိုင်ဘူး၊ ဘုရားဆီ ခေါ်သွားမှဆိုပြီးသကာလ သုသီမပရိဗိုဇ်ကို ဒကာဒကာမတို့၊ ဘယ်ခေါ်သွားပါလိမ့်....(ဘုရားဆီ ခေါ်သွားပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ....အရှင်အာနန္ဒာက ဘုရားဆီခေါ်သွားတယ်၊ ဘုရားဆီ ရောက်တဲ့အခါကျတော့ ဟော့....အရှင်အာနန္ဒာ ဘာလို့လာသတုံး၊ ဒီလိုပဲဘုရား၊ သုသိမပရိဗိုဇ်က တပည့်တော်တို့ သာသနာတော်ကြီး ကြည်ညိုလွန်းလို့ သင်္ကန်းဝတ်ပြီး ပညာသင်ချင်ပါသတဲ့ဘုရား။

ဘုရားက စဉ်းစားလိုက်တယ်၊ အချိန်ပဲလား, အဆန်းပဲလား၊ တွေ့ရတော့မှာကိုးဗျ၊ မတွေ့ရပေဘူးလား-(တွေ့ရပါတယ်ဘုရား)၊ အဲဒီတွင်မှ ဘုရားသခင် က ခြေသြ....အဆန်းပဲ၊ တရားခိုးမလို့လာတာ၊ ဘုရားသိပြီ-(မှန်ပါ)၊ ဘယ့်နှယ်သိပါလိမ့်....(တရားခိုးမလို့လာတာပါဘုရား)။

တရားခိုးမလို့လာတာသို့ သူသိပြီးပါပြီ ဒကာဒကာမတို့၊ (မှန်ပါ)၊ တရားခိုးမလို့လာတာလို့ သိပြီးပြီ၊ ဒီအသိတွင် မကသေးဘူး၊ ဟိုဘက်တစ်ချက် ထပ်ပြီးသိတယ်၊ တရားခိုးရင်း ရဟန္တာဖြစ်လိမ့်မယ်....(မှန်ပါ)။

ဘယ်နှစ်ချက်ပါသိမ့်... (နှစ်ချက်ပါဘုရား)၊ ကဲ....ဘုရားကတော့ နှစ်ချက်မြင်ပြီ၊ သူကတော့ ခိုးတာတစ်ချက်သာမြင်တာကိုး-(မှန်ပါ)၊ သဘောပါကြပလား... (ပါ,ပါပြီ)၊ ပထမတော့ ဘယ်လိုမြင်ပါလိမ့်- (တရားခိုးမလို့ပါ)၊ နောက်တော့ ဘုရားက ဘယ်လို ဆက်မြင်ပါလိမ့်.... (တရားခိုးရင်း ရဟန္တာဖြစ်မယ်)။

တရားခိုးရင်း ရဟန္တာဖြစ်လိမ့်မယ်-(မှန်ပါ)၊ အဲဒါ သွားမြင်တော့၊ ညီတော်အာနန္ဒာ၊ ဒီသုသိမကို ရဟန်းခံပေးလိုက်ကွာ၊ ဘုရားက ခွင့်ပြုလိုက်တယ်၊ သုသိမကတော့ ဒကာဒကာမတို့၊ သူ့အကြံကိုက် ကျသွားပြီ၊ ဟာ....ဒါ ဝင်လာတဲ့

http://www.dhammadownload.com



အပေါက်ကတော့ အပေါက်ကောင်းပဲ-(မှန်ပါ)၊ ဒီဝိပဿနာ တရားတွေတော့ ကေန်ရဘော့မှာပဲ၊ ငါတော့ဖြင့် တိတ္ထိတွေ ကယ်တင်နိုင်တော့မှာပဲဆိုပြီး သူ့စိတ်ထဲကတော့ကျေနပ်နေတာပေါ့လေ (မှန်လှပါဘုရား)။

ဘုရားကလဲမသိဘူး၊ ငါ့အကြံကို ညီတော်အာနန္ဒာကလဲမသိဘူး၊ ငါတော့ဖြင့် နေရကျပြီဆိုပြီးသကာလ ရဟန်းခံပေးလိုက် ဆိုကတည်းက ဦးခင်မောင် အတော်ကျေနပ်သွားတယ်-(မှန်ပါ)၊ ဘုရားကတော့ သိပြီးသားနော်....(မှန်ပါ)။

ဘုရားကတော့ သိပြီးသားပေါ့ ဒကာဒကာမတို့၊ရှေးဦးစွာ တရားခိုးလိမ့်မယ် ဆိုတာလဲ သိပြီးသား၊ တရားခိုးရင်းမတ္တန်နဲ့ဘာတုံး....(ရဟန္တာဖြစ်မယ်ဆိုတာလဲ သိပြီးသား)၊ ရဟန္တာဖြစ်မယ်ဆိုတာသိလို့ရဟန်းပြုပေးလိုက်လို့ပြောတာ-(မှန်ပါ)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီဇာတ်ထုပ်မှာ ဒကာဒကာမတို့၊ အဲဒီပါဠိတော် အခုပြောတဲ့ ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတဲ့ဟာက ဒီနေ့သိပ်ဆုံးမယ် မဟုတ်လို့ သမထမပါဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ သူပြောတာ-(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမထ မပါဘဲနဲ့....(နိဗ္ဗာန်ရောက်နိုင်ပါတယ်)၊ ငါဘုရားသာသနာတော် သမထကြောင့် နိဗ္ဗာန်ရတာ မဟုတ်ဘူး၊ သဘောကျပလား-(မှန်ပါ)၊ ဝိပဿနာကြောင့်သာ-(နိဗ္ဗာန်ရတာပါ)၊ ဝိပဿနာကြောင့်သာ နိဗ္ဗာန်ရတာဆိုတာ ခိုနေရာ

http://www.dhammadownload.com



မှာ ဘုရား ဖွင့်ချလိုက်တယ်....(မှန်ပါ)၊ သဘောပါပလား–(ပါ–ပါပြီ)။

သမထကတော့ ဒကာဒကာမတို့၊ ကောင်းကင်ပျံ မြေလျှိုး သူတစ်ပါးစိတ်တွေ သိပေါ့ဗျာ- (မှန်ပါ)၊ ဆင်း....ဟင်း၊ ဘယ်နေရာ ဘာဆိုတာ အမြင်အထင်တွေ ပေါက်ပေါ့ဗျာ၊ ဒါဟာ သူ့သတ္တိပါ–(မှန်ပါ)၊ ခုနက ဇီခန္ဓာထဲက အဝိဇ္ဇာ ထုကို ဖောက်ဖို့ကျတော့ ဝိပဿနာမဂ်မှ ဖောက်တယ်-(မှန်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်ကလေးတွေ မြင်ဖို့ရာကျတော့ သမထက ဖောက်လို့ကိုမရဘူး–(မှန်ပါ)၊ ရသေးရဲ့လား-(မရ ပါဘုရား)၊ သူက သမာဓိလမ်း ဆုံးနေတာကိုး- (မှန်ပါ)၊ သဘောကျပလား–(ကျပါပြီ)၊ ပညာကမှ ဖောက်နိုင်တယ်– (မှန်ပါ)၊ ရှင်းပလှား....(ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ သမထသည် ငါဘုရားသာသနာ တော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကရော၊ အဋ္ဌကထာ ဆရာကရော သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူး သူသိမရှေ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာ၊ ဝိပဿနာ မဂ်ကြောင့် နိဗ္ဗာန်ရောက်တာဟ-လို့ ဆိုတာ သေသေချာချာ ဖော်ပြတာ....(မှန်ပါ)။

ငါဘုရားသာသနာတော်မှာ သမထကို အနှစ်သာရရှိတယ် လို့ သေသေချာချာ ဟောတာမဟုတ်ဘူး-(မှန်ပါ)၊ သဘော ကျပလား-(ကျပါပြီ)၊ ဘယ်ဟာကိုသာ အနှစ်သာရရှိတယ်လို့ ဟောသတုံးဆိုတော့ ဝိပဿနာမဂ်ကိုသာ အနှစ်သာရရှိတယ်

http://www.dhammadownload.com



လို့ ငါ သေသေချာချာ ဟောတယ်ဆိုတာ ဒီနေရာမှာလာ တာ....(မှန်ပါဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ ဘုန်းကြီးဖေးတဲ့ဝိပဿနာ အလုပ်ကို ဒကာဒကာမတွေက မငြင်းဆန်ဘဲနဲ့ သောင်ကြိတ် ပွဲမှလွတ်ရတဲ့အလုပ် ဖြစ်ရလေသောကြောင့် ဖီခန္ဓာကိုယ်မကြည့် မဖြစ်ပါ-(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

ခန္ဓာကိုယ် ကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် စိုက်သာ ကြည့်၊အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တွေပေါ်မှာ ပေါ့ဗျာ....(မှန်ပါ)၊ ပေါ်လာလို့ရှိယင်ဖြင့် တစ်နေရာမှာ တွေ့လိုက်လို့ရှိယင်ဖြင့် ဒကာဒကာမတွေ စောင့်သာကြည့်နေ တစ်ကိုယ်လုံးဟာ အနိစ္စအချက်တွေ အကုန်ပြောနေတော့ မှာပဲ....(မှန်ပါဘုရား)။

ဦးခင်မောင်- တစ်နေရာတွေ့ဖို့ အရေးကြီးတယ်-(မှန်ပါ)၊ တစ်နေရာတွေ့ယင်ပဲ ဒီဟာ သဲလွန်စရလို့ လိုက်သွားသလိုပေါ့ ဗျာ၊ အကုန်မတွေ့ပေဘူးလား-(မှန်ပါဘုရား)။

အဲဒီလိုတွေ့တဲ့ အခါကျလို့ရှိယင်ဖြင့် ဩော်....အနိစ္စချည်း ပါလား၊ အနိစ္စဆိုတာ ဒုက္ခသစ္စာပါကလား-(မှန်ပါ)၊ အနိစ္စ ဆိုတာ ဘာတဲ့-(ဒုက္ခသစ္စာပါဘုရား)၊ အနိစ္စဟာ ဒုက္ခသစ္စာပဲ၊ ဘာမှငြင်းမနေနဲ့....(မှန်ပါ)။

ဒကာဒကာမတို့၊ ဒုက္ခသစ္စာဆိုဘာ တခြားလားအောက် မေ့နေတယ်၊ မဟုတ်ပါဘူး၊ ဒီအနိစ္စဟာ ဒုက္ခသစ္စာပဲ- (မှန်လှ ပါဘုရား)၊ ရှင်းပလား- (ရှင်းပါပြီ)၊အနိစ္စဟာ ဘာတဲ့-(ဒုက္ခ သစ္စာပါဘုရား)၊ အနိစ္စဟာ ဒုက္ခသစ္စာပဲဆိုတော့ ခင်ဗျားတို့

ခန္ဓာထဲမှာရှိလျက်နဲ့ တွေ့အောင်သာ ရှာပေတော့....(မှန်ပါ ဘုရား)။

အဲဒီမတွေ့တာအတော့ ဘုန်းကြီးက ဗိန္ဒေ သုညိမ အသာ ကလေးထားပြီးတော့ ဆုံးမှာမဟုတ်လို့ မတွေ့တာက ခင်ဗျား တို့မှာ ဒါက ဒကာဒကာမတွေ ဉာဏ်ဆိုပါတော့ဗျာ၊ မဂ္ဂင် ငါးပါးနဲ့ ဆရာဘုန်းကြီးက ခင်ဗျားတို့ ကူညီထားတဲ့ ဒီနည်းနဲ့ ကြည့်ပါဆိုတဲ့ဉာဏ်၊ အဲဒီဉာဏ်ရှေ့မှာ ဦးခင်မောင် အဝိဇ္ဇာ က တစ်ချက်ခံတယ်၊ သဘောကျပလွှား....(ကျပါပြီ)။

ဒီဉာဏ်ရှေ့မှာ ဘယ်သူတစ်ချက်ခံသတုံး....(အဝိဇ္ဇာ တစ် ချက်ခံပါတယ်)၊အဝိဇ္ဇာရှေ့နားက တစ်ခါ ခန္ဓာကတစ်ချက်ခံ တယ်—(မှန်ပါ)၊ ဒါကြောင့် ဒကာဒကာမတို့၊ ဟောဒီနိဗ္ဗာန် မပေါ်လာတာ-(မှန်ပါ)၊ ဟောဒီ ဒါနဲ့ကြည့်လိုက်တဲ့အခါကျ လို့ရှိယင် အဝိဇ္ဇာက တစ်ချက်ကွယ်ထားတယ်.... (မှန်ပါ)၊ အဝိဇ္ဇာဖယ်မှ ခန္ဓာကိုတွေ့မယ်....(မှန်ပါဘုရား)၊ ခန္ဓာ ဒုက္ခ သစ္စာတွေ့မယ်။

အဲဒီ ခန္ဓာဒုက္ခသစ္စာဖယ်နိုင်မှ ဗိဘဲက်နိဗ္ဗာန် သွားတွေ့မယ်- (မှန်ပါဘုရား)၊ ဒါ-နှစ်ချက် ဖယ်လိုက်ယင်ရပါဘယ်-(မှန်ပါ ဘုရား)၊ ပထမ ဘာဖယ်ရမယ်.... (အဝိဇ္ဇာဖယ်ရပါမယ်)၊ ဒုတိယ ဘာဖယ်ရမယ်....(ခန္ဓာဖယ်ရပါမယ်ဘုရား)။

အဲ-ခန္ဓာဖယ်တော့ ခန္ဓာမရှိတဲ့အခါကျတော့ သူလာပေါ် တယ်-(မှန်ပါ)၊ နိဗ္ဗာန်ဟာ ဒါကြောင့် ဒီဉာဏ်နဲ့ဟာ ဒကာ ဒကာမတို့ အနီးကလေးဆိုတာ မှတ်ပါ....(မှန်ပါ)၊

http://www.dhammadownload.com



ဒို...ဖယ်နည်းရှားနည်းကို ဒကာ ဒကာမတွေ နက်ဖြန်
သုသိမပရဗိုဇ်ဝတ္ထုနဲ့တကွ သေသေချာချာ ရှင်းပြတော့ကို
မဂ်ဉာဏ် ဖိုလ်ဉာဏ် အနီးကလေးဆိုတာ ပေါ်လာလိမ့်မနော်-
(မှန်ပါ)။

ကနေ့တော့ နာရီဝေ့တဲ့အတွက် တော်ကြဦးစို ....။

သာဓု....သာဓု....သာဓု....

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊
မန္တလေးမြို့၊ ဦးချစ်ဆွေမမွှာရုံ၌
ဟောကြားတော်မူသော

(ခန္ဓာခေါ်ရာ)

# ဉာဏ်သွင်းရမည့် တရားတော်

(၅-၃-၆၁)

တရားနာပြီးသည့်နောက်ကို ခန္ဓာဉာဏ်လှည့်ပါ၊ ခန္ဓာဉာဏ်လှည့်ပြီးသကာလ ခန္ဓာထဲမှာ ဖြစ်နေတဲ့တရားတွေကို ဉာဏ်နဲ့ အမှန်သိအောင် လုပ်ပါလို့ဆိုတာ တိုက်တွန်းပါတယ်နော်.... (မှန်ပါ့ဘုရား)။

တရားကိုလဲနာရမယ်၊ ခန္ဓာကိုလဲ ဉာဏ်လှည့်ရမယ်၊ ခန္ဓာထဲ ဉာဏ်နဲ့ လှည့်လိုက်ပြီဆိုမှဖြင့် ခန္ဓာကပြောပြပါလိမ့်မယ်၊ ကျုပ်ဟာ အနိစ္စခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ ဒုက္ခခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ အနတ္တခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ ဒုက္ခသစ္စာပဲလို့ ခန္ဓာကပြောပါလိမ့်မယ်-(မှန်ပါ့ဘုရား)၊ ဘယ်သူကပြောတာမှ မယုံနဲ့၊ ခန္ဓာကပြောတာယုံပါ....(မှန်ပါ့)။

အဲဒီ ခန္ဓာက ပြောပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက စိုက်ပြီးကြည့်ပါ သူပြောတာကို....(မှန်ပါ့)။

http://www.dhammadownload.com



ဒါကြောင့် ဒကာဒကာမတွေ မမေ့ပါနဲ့၊ ဟေပယ်သိကော ဆိုတဲ့ဥစ္စာ သဘောကျတယ်မဟုတ်လား.... (မှန်ပါ့ဘုရား)၊ ခန္ဓာက ဘယ်လိုများ ခေါ်လေ့ ပြောလေ့ရှိပါလိမ့်.... (ဟေပယ်သိကောလို့ ခေါ်ပါတယ်ဘုရား)၊

အဲ....လာပါ-ရှုပါလို့ ခဏခဏ ခန္ဓာကခေါ်တယ်နော်- (မှန်ပါ)၊ ဟေ၊ လာခဲ့ပါ၊ ပယ်၊ သူ့ကိုရှုပါ။ ခန္ဓာကမခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာက အမြဲတမ်းခေါ်နေတာပဲ၊ အဲဒါ လက်နဲ့ မသွားဘဲနဲ့၊ မျက်လုံးနဲ့မသွားဘဲနဲ့ ဉာဏ်ကလေးနဲ့ သွားပေးလိုက်စမ်းပါ-(မှန်ပါ့ဘုရား)၊ခန္ဓာခေါ်တာ ဘာနဲ့သွားရမယ်- (ဉာဏ်နဲ့သွားရပါမယ်ဘုရား)၊

အဲဒါကြောင့် ဘုရားကလဲ ဩပနေယျိကော၊သာ်မံပယ်သိတဗ္ဗော၊ ကိုယ်တိုင်မြင်အောင်သွားပါ၊ ဩပနေယျိကောနဲ့ သွားလိုက်နော်- (မှန်ပါ့ဘုရား)။

ဩပနေယျိကောနဲ့ ဒကာဒကာမတွေဆာ သွားလိုက်ပြီဆိုမှဖြင့် အခေါ်သမားနဲ့ အသွားသမားသည် အခေါ် သမားကလဲ အနီးကခေါ်မှာပဲ၊ အသွားသမားက ဉာဏ်ဖြစ်ရမယ်-(မှန်ပါ့ဘုရား)။

အခေါ်သမားက အနီးစွ....(မှန်ပါ့ဘုရား)။
အသွားသမားက ဉာဏ်....(မှန်ပါ့ဘုရား)။
အခေါ်သမားက....(အနီးစွပါဘုရား)။
အသွားသမားက....(ဉာဏ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီခေါ်ရာကို ညာဏ်နဲ့သွားပြီ ဆိုမှဖြင့် ဒကာဒကာမတို့၊ ကိုယ့်ခန္ဓာအကြောင်း ကိုယ် ကောင်းကောင်း သိပါတယ်.... (မှန်ပါဘုရား)။ မသိပေဘူးလား....(သိပါတယ်ဘုရား)။

ကိုမြရွှေတို့၊ ဒကာ ဦးဇံရင်တို့ မသိပေဘူးလား- (သိပါတယ်ဘုရား)၊ခေါ်ရာကိုသာ၊ အနိစ္စကခေါ်ရာကိုသာ ညာဏ်က သွားပေးပါ-(မှန်ပါ)၊ အနိစ္စခေါ်ရာကို-(ညာဏ်ကသွားပေးပါဘုရား)။

ခန္ဓာကိုယ်တစ်ကိုယ်လုံးကဖြင့် ဝေဒနာ ကြည့်လိုက်ပြန်လဲ၊ ယားတယ်လို့ ကြည့်လိုက်ပြန်လဲ ကြည့်သည်နဲ့ တစ်ပြိုင်နက်တည်း ပျောက်သွားလို့ အနိစ္စခေါ်တာပဲ.... (မှန်ပါဘုရား)။

စိတ်ကလေးတွေကလဲ ဘယ်စိတ်ပေါ်ပေါ်၊ နေဦးကွာနေပြီး ကြည့်ပါဦးမယ်ဆိုပြီး သန္နိဋ္ဌိကောနဲ့ သာမံ ပဿိတဗ္ဗော ဆိုတဲ့အတိုင်း ကိုယ်တိုင်လဲ လိုက်ကြည့်လိုက်ပါရော၊ ဒကာ ဒကာမတို့၊ အနိစ္စက မရှိတာပဲ ကျုပ်ကဖြင့် မရှိတော့ဘူး၊ ကျုပ်ဖြင့်သေပါပေါ့၊မပြောဘူးလား-(ပြောပါတယ်ဘုရား)။

အဲဒီလို ခန္ဓာလဲ သူ့အသေကို သူပြောတဲ့အခါ ကျုပ်တို့ ဒကာဒကာမတွေ ညာဏ်ကလေးနဲ့ လိုက်-လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် သူများအသေ ကိုယ်မြင်တာလား မိမိအသေ မိမိမြင်တာလားဆိုတာ အကဲခတ်တာပေါ့ဗျာ၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ-(မိမိအသေ မိမိမြင်တာပါဘုရား)၊ မိမိအသေ မိမိမြင်တဲ့ ညာဏ်ပဲလို့ ဆိုလို့ရှိယင် လွဲဖို့မလား.... (မလွဲပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ မိမိအသေဆိုတာ ဘာဖါလိမ့်မတုံး ဆိုတော့ "မရဏမ္ပိ ဒုက္ခသစ္စံ"ဆိုလဲ ဟုတ်တာပဲနော်-(မှန်ပါ)၊ဖြစ်ပျက်သည် ဒုက္ခသစ္စာပဲလို့ ဆိုတာလဲ ဟုတ်တာပဲ-(မှန်ပါ)။

ဘာဖြစ်လို့တုံး.... "သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ"လို့ ဟောထားသောကြောင့် ဒကာဒကာမတွေ သိတဲ့အတိုင်းတဲ့၊ ဒီခန္ဓာကိုယ်ကြီးကဖြင့် ဒုက္ခသစ္စာကြီးပါတည်း၊ ဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ ပြောလေ့ ရှိပါတယ်၊ အဲဒီဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ ပြောလေ့ ရှိတာကို ဒကာဒကာမတွေက တဏှာနဲ့မလိုက်နဲ့၊ ဒေါသနဲ့ မလိုက်နဲ့၊ ဉာဏ်နဲ့လိုက်ပါလို့ သတိပေးလိုက်ပါတယ်....(မှန်ပါဘုရား)၊ တဏှာနဲ့-(မလိုက်ရပါဘုရား)၊ ဉာဏ်နဲ့....(လိုက်ရပါမယ်)၊ဒေါသနဲ့-(မလိုက်ရပါဘုရား)။

ယခု-ယားလွန်းလှဘယ်ဆိုပြီး ခန္ဓာကိုယ်က ဝေဒနာပေါ်နေတာ ယား ယားလွန်းလှဘယ်ဆိုပြီး ကုတ်သိုက်တဲ့အခါကျတော့ ဒေါသနဲ့ လိုက်တယ်နော်- (မှန်ပါ)၊ ယားလိုက်တာစိတ်မျှားပျက်ပါခေါ့၊ ပခုံးကိုက ယားတာပဲ၊ ရင်ကိုက ယားတာပဲ၊ မျက်နှာကိုက ယားတာပဲဆိုယင်ဖြင့် စိတ်မျှားပျက်ပါပေါ့၊ ဒေါသနဲ့ လိုက်တယ်နော်....(မှန်ပါ)။

အဲဒါကြောင့် ဟေ၊ လာခဲ့ပါ။ ပဿီ၊ ကျုပ်ကို ရှုပါလို့ယားတဲ့နေရာက ခေါ်ခေါ်၊ ဝမ်းထဲကစိတ်တွေကခေါ်ခေါ်၊ မျက်လုံးစိတ်ကခေါ်ခေါ်၊ ဒကာဒကာမတွေ သန္နိဋ္ဌာနကို ကိုယ်တိုင်မြင်အောင် လိုက်ရတယ်၊ ဉာဏ်နဲ့လိုက်ကြစမ်းပါနော်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဘာနဲ့လိုက်ကြမယ်-(ဉာဏ်နဲ့လိုက်ရမှာပါ)၊ ဉာဏ်နဲ့လိုက်ကြစမ်းပါဆိုတော့ ခန္ဓာကလဲ မခေါ်တဲ့အချိန် ရှိပါ့မလား....(မရှိပါဘုရား)၊ အဲ....ဉာဏ်က မလိုက်မိတဲ့အချိန် ဖြစ်မှာစိုးလို့ ယနေ့ ဒီတရား စပြောပါတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကဘော့မခေါ်မရှိဘူးဆိုတာ သေသေချာချာမှတ်ကြပါ....(မှန်ပါ့ဘုရား)။ ဉာဏ်က မလိုက်မိမှာ အင်မတန်စိုးရိမ်ရတယ် ဒကာသစ်တို့နော်.... (မှန်ပါ့ဘုရား)၊ ဦးခင်မောင်တို့ ဘာစိုးရိမ်ရပါလိမ့်.... (ဉာဏ်ကမလိုက်မိမှာစိုးရိမ်ရပါတယ်)။

ဉာဏ်မလိုက်မိလို့ရှိယင် ဒေါသ တဏှာ လိုက်ပါသိမ့်မယ်၊ တဏှာလိုက်ယင် တဏှာဥပါဒါန် ကံဖြစ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)၊ ဒေါသလိုက်လို့ရှိယင် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာဆိုတာ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)၊ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)၊ အဲဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဆက်မသွားပေဘူးလား.... (ဆက်သွားပါတယ်ဘုရား)။

ဆက်သွားတော့ တစ်ဘဝ တစ်ခါတည်း ယားလိုက်တာနဲ့ တစ်ခါတည်း နာလိုက်တာနဲ့ ဟို....အနာဂတ်ဘဝပါ ခန္ဓာကြီး ရတယ်-(မှန်ပါ့)၊ ဒုက္ခသစ္စာ ခန္ဓာကြီးနဲ့ ခင်ဗျားတို့ အကျိုးပေးတွေ့ပြီး ဆုံနေရလိမ့်ဦးမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဟောပယိခကဲကဲ ခေါ်တာကို ဘာနဲ့လိုက်ကြမယ်....(သန္တိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)။

သန္ဒိဋ္ဌိကနဲ့ လိုက်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်....တဲ့။ ဒကာဒကာမတို့၊ ဥပမာ-ယားနေတဲ့ နေရာကလေး ပခုံးက

http://www.dhammadownload.com



ယားစရာယ်၊ ယားတာကလေး ညာဏ်နဲ့ လိုက်လိုက်တဲ့ အခါ ကျလို့ရှိယင်ဖြင့် ဪ....ယားတာ ကလေးဟာလဲ ဖြစ်ပြီး ပျက်သွားတာပဲလို့ ညာဏ်ကလေးက မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား)။

သိလိုက်တော့ ယားခြင်းကြောင့် ဒေါသ သောက ပရိဒေဝနေ့ခက်စရာ လိုက်သေးရဲ့လား-(မလိုက်ပါ)၊ အဲ....ညာဏ်နဲ့ လိုက်လိုက်တဲ့အတွက် အကာလိကောဆိုပြီး ဒေါသ သောက ပရိဒေဝတွေ ချုပ်သွားတယ်.... (မှန်ပါ)၊ မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

အဲ....အကာလိကော အခါမလင့် အကျိုးပေးပစ်လိုက်တော့ ဒဏ္ဍာဓကာမတွေ အပါယ်သွားမည့် တရားတွေ ဝင်ခွင့် ရသေးရဲ့လား-(မရပါ)၊ အဲဒီအပါယ်သွားမည့်တရားတွေ ဝင်ခွင့်မရတာ အကာလိကောလို့ မှတ်လိုက်စမ်းပါနော်.... (မှန်ပါဘုရား)။

ဒါဖြင့် ဓဏ္ဍာဓကာမတွေ ဓိဥစ္စာသုံးလေးခါရှိပြီ ဆရာက ဟောတစက ခန္ဓာ၊ ခန္ဓာက ဟေိပဿိကော၊ ညာဏ်ကဘာတုံး-(သန္ဒိဋ္ဌိကောပါ)၊ သန္ဒိဋ္ဌိကော၊ အဲဒီတော့ ဟေိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်ရမယ်- (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်)၊ သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်ဆိုတာကော မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒီလို လိုက်-လိုက်တဲ့ အခါကျတော့ ညာဏ်နဲ့လိုက်- လိုက်တော့ ဖြစ်ပျက်ဝိပဿနာမဂ်၊ သွားမကိုက်ဘူးလား-(ကိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုက်တဲ့အခါကျတော့ ဒေါသနဲ့မလိုက်တဲ့အတွက် ယားလိုက်တာ ကျုပ်ဖြင့် ဝီတ်ကိုပျက်လို့ဆိုတဲ့ ဒေါသ သောက ပရိဒေဝတွေကော လာသေးရဲ့လား....(မလာပါဘုရား)၊

ဉာဏ်နဲ့ လိုက်·လိုက်တော့ မလာဘူး၊ မလာတော့ ဒီတရားတွေဟာ၊ မကောင်းတဲ့တရားတွေဟာ တစ်ခါတည်း ဒကာဒကာမတွေသန္တာန် ချုပ်မသွားဘူးလား· (ချုပ်သွားပါတယ်ဘုရား)၊

အဲ့ဒါ အကာလိကော· မခါမလင့် အကျိုးပေးချလိုက်တာ....(မှန်ပါ့ဘုရား)၊ သဘောကျပလား·(ကျပါပြီ)၊ဝမ်းထဲ အကုသိုလ်တရားတွေ ရှိသေးရဲ့လား·(မရှိပါ)၊ ဒါဘာပါလိမ့်ဗျာ....(အကာလိကော·ပါဘုရား)။

အကာလိကော – အခါမလင့် အကျိုးပေးပစ်လိုက်တယ်၊ ချက်ချင်းလိုက်·လိုက်လို့နော်၊ မလိုက်ယင် ဒီလိုဖြစ်မယ်မဟုတ်ဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ဒါ....အလုပ်တရားကို စပြီးပေးနေပါတယ်....(မှန်ပါ)၊ အလုပ်တရား ဝီအတိုင်းလိုက်ရမယ်ဆိုတာ သေချာပလား–(သေချာပါပြီဘုရား)။

ဧဟိပဿိကော·က....(အခေါ်သမားပါဘုရား)။

သန္ဒိဋ္ဌိကော·က....(အလိုက်သမားပါဘုရား)။

အကာလိကောဆိုတာလဲ အကျိုးပေး အထမြောက်တာ·(မှန်ပါ)၊ အကာလိကောက....(အကျိုးပေး အထမြောက်တာပါ)၊ လုပ်ခြင်းကြောင့် အပါယ်တံခါး ပိတ်ထယ်၊ အပါယ်သွားမည့်တရားတွေ အကုန်ပိတ်သွားတယ်–(မှန်ပါ)၊ လုပ်လို့

http://www.dhammadownload.com



ရတာ၊ မလုပ်တဲ့ပုဂ္ဂိုလ် အပါယ်တံခါးပိတ်တယ်လို့ ဆိုနိုင်ပါ့မလား....(မဆိုနိုင်ပါဘုရား)။

အဲဒါတွေ ဉာဏ်နဲ့လိုက်ပြီး ကြည့်တော့မှ ဪ....တို့သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် တရားဂုဏ်တော်ဟာ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ဘုရားက ကောင်းအောင်ဟောပါလျက် သားနဲ့တို့က အသုံးမချတတ်လို့ခက်နေတယ်—(မှန်ပါ့ဘုရား)၊ ဘုရားက ဘာတဲ့....(ကောင်းအောင် ဟောပါတယ်ဘုရား)။

"သွာက္ခာတော ဘဂဝတာ ဓမ္မော"။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်၊ ဓမ္မော၊ တရားကို။ သွာက္ခာတော၊ ကောင်းအောင်ကို ဟောနေတယ်၊ နိဗ္ဗာန်ရောက်အောင်ကို ကျင့်စဉ်ဟောပါတယ်နော်—(မှန်ပါ)၊ ဘယ်လိုများ ဟောလိုက်ပါလိမ့်....(နိဗ္ဗာန်ရောက်အောင် ဟောပါတယ်ဘုရား)။

နိဗ္ဗာန်ရောက်တဲ့ ကျင့်စဉ်ကို ဟောလိုက်ပါလျက်သားနဲ့ ဒကာဒကာမတွေက မကျင့်တတ်ဘဲဖြစ်ပြီး မသုံးတတ်ဘဲ ဖြစ်ပြီးသကာလ နေသောကြောင့် ဒီနေ့ ဒီဥစ္စာကို မေ၁င်မြတို့ဆက်ပြောမယ်နော်....(မှန်လှပါဘုရား)၊

ကဲ....ဒကာဒကာမတို့ ဟေိပဿိကောဆိုတာက ခန္ဓာက အနိစ္စက အခေါ်သခား....(မှန်ပါ့ဘုရား)၊ သန္ဒိဋ္ဌိကောက....(အလိုက်မားပါဘုရား)၊ အကာလိကောက.... (အခါမလင့်အကျိုးပေးပါတယ်ဘုရား)။

အခါမလင့် အကျိုးပေးတယ်ဆိုတာ အပါယ်တံခါးပိတ်ပေးဘာ....(မှန်ပါ့ဘုရား)၊ ရှင်းကြပလား—(ရှင်းပါပြီ)၊ ဘာပါလိမ့်....(အပါယ်တံခါး ပိတ်ပေးတာပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ အပါယ်တံခါး ပိတ်ချင်ပါတယ်ဆိုတဲ့ ဥစ္စာ သန္တိဋ္ဌိကော လိုက်မှပိတ်တယ်....(မှန်ပါဘုရား)၊ သန္တိဋ္ဌိကော မလိုက်လို့ရှိယင်....(မပိတ်ပါဘုရား)၊ မပိတ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဧကာဒကာမတွေက ပေါ့ပေါ့ တန်တန် မနေပါနဲ့၊ အခု ဒီနေ့ပြောတာ တရားစ,ခါ ရှိသေးတယ် သုံးလုံး ခင်ဗျားတို့ဉာဏ်ထဲမှာ ရောက်သွားပြီ·(မှန်ပါဘုရား)၊ မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)။

ဟောကလေးက ဘာတဲ့....(ဟေဝိ ပဿိကော-ပါဘုရား)၊ လာပါ-ရှုပါလို့ ဒါ·ခန္ဓာက ခေါ်တယ်ခနဲ-(မှန်ပါဘုရား)။ ခန္ဓာကခေါ်တော့ ဘာနဲ့လိုက်ကြမယ်-(သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)။

အဲ....သန္ဒိဋ္ဌိကောဆိုတာ သာမံ ပဿိတဗ္ဗော။ သာမံ၊ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ ဘာပါလိမ့်မတုံးလို့ မြင်အောင်လိုက်ပါ.... (မှန်ပါဘုရား)၊ ဘာပါလိမ့်မတုံးလို့ မြင်အောင်လိုက်-လိုက်... တဲ့အခါကျတော့ ဘာတွေသတုံး ဒီနေရာ....(အကာလိကော တွေပါတယ်)၊ အနိစ္စပဲတွေ့ဘယ်....(မှန်ပါ)။

ရှိတာတွေသလား၊ ဖြစ်ပြီး မရှိတာတွေသလား....(မရှိတာ တွေပါတယ်ဘုရား)၊ ဒါဖြင့် ဉာဏ်နဲ့လိုက် လိုက်တော့ မရှိတာ တွေတော့ မရှိတာက အနိစ္စ၊ ဉာဏ်ကလေးက·(မဂ္ဂပါဘုရား)။

ဟော....ဉာဏ်က မဂ္ဂဖြစ်သွားတော့ မဂ်သည် ကိလေသာ ကို ဖြတ်ပါတယ်လို့ဆိုတော့ မဂ်လိုက်တဲ့အတွက် ဒီဘက်က အကာလိကော၊ အခါမသင့် အကျိုးပေးတဲ့ အပါယ်သွားတဲ့

http://www.dhammadownload.com



တရားတွေ လာသေးရဲ့လား-(မလာပါဘုရား)၊သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဒီသုံးလုံးဟာ ဒကာ ဒကာမတွေက စဉ်းစား ကြည့်စမ်းပါလား၊ ဩော်....တို့သည်ကားလို့ဆိုယင် နှစ်လုံးက အလုပ်လုပ်ရမယ်၊ တစ်လုံးက အလိုလိုပြီးတယ်-(မှန်ပါဘုရား)၊ နှစ်လုံးကတော့ အလုပ်လုပ်ရမယ်....(မှန်ပါဘုရား)။

သူကတော့ ခေါ်လိမ့်မယ်၊ ဉာဏ်နဲ့လိုက်ရမှာ၊ တဏှာနဲ့ မလိုက်နဲ့၊ ဒေါသနဲ့ မလိုက်နဲ့၊ မောဟနဲ့ မေ့မနေနဲ့....(မှန်ပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊ တဏှာနဲ့လဲ(မလိုက်ရပါ)၊ ဒေါသနဲ့လဲ-(မလိုက်ရပါ)၊မောဟနဲ့လဲ မေ့မနေနဲ့....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဤကဲ့သို့ ဒီသုံးချက်ရှောင်ပြီး ဦးခင်မောင်....''ယန္နူဒ္ဒိကော သာမံ ပဿိတဗ္ဗော'' ဆိုတဲ့အတိုင်း ကိုယ်တိုင်ဉာဏ်နဲ့သာလိုက်၊ ကိုယ်တိုင်မြင်အောင် လိုက်စမ်းပါ (မှန်ပါဘုရား)။

လိုက်-လိုက်လို့ရှိယင်ဖြင့် ၁-ခေါ်ရာကို ၂-ကလိုက် လိုက် လို့ရှိယင် ၃-ဟာ အလိုလိုကိစ္စပြီးတယ်-(မှန်ပါဘုရား)၊ ၃-ဟာ အပါယ်တံခါးပိတ်တာ ဘယ်နှယ်တုံး....(ကိစ္စပြီးပါပြီဘုရား)၊ အလိုလို ကိစ္စပြီးပါတယ်ဆိုတာ ကောင်းကောင်း ကျေနပ် ပလား....(ကျေနပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့၊ အခု ပြလိုက်သဖြင့် ဩော်....သမထ ပါနေသလားဆိုတာ ဒီအထဲ ကြည့်လိုက်.... (မပါ-ပါဘုရား)၊ မပါတော့ဘူး။

http://www.dhammadownload.com



ပါခဲ့သေးရဲ့လား....(မပါတော့ပါဘုရား)၊ မပါတော့ဘူး၊ သမထ မပါတော့ဘူး၊ မနေ့က ဘုန်းကြီးက စကားခင်းထားခဲ့တယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့....သုသိမ၊ ငါဘုရား၏ သာသနာခေတ်မှာ သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူးကွ။

သမထ၏အကျိုးကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူး၊ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာလို့ ဆိုတာလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ပြောလိုက်တဲ့ အဋ္ဌကထာ ဆရာတွေကလဲ ဤအတိုင်းပြောလို့ ဒီမှာ ရှုပိုင်းမှာ အလုပ်ပြတာ အဲဒါသွားချင်လို့....(မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒါက ဘာတဲ့- (ဟေိပဿိကောပါဘုရား)၊ ဟေိပဿိကော ဆိုတော့ ခန္ဓာကခေါ်တယ်-(မှန်ပါ)၊ မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ခန္ဓာက ခေါ်တဲ့အခါကျတော့ မယုံအောင် ဒကာ ဒကာမတွေက ညအခါ ကြွမ်းပိုးကလေးဖြစ်ဖြစ်၊ သန်းကလေးဖြစ်ဖြစ် ကိုက်လို့ရှိယင် လက်ကလေးနဲ့ မလိုက်ဘူးလား-(လိုက်ပါတယ်ဘုရား)၊ ခေါ်လို့သွားတာ....(မှန်ပါ)၊ မခေါ်ယင် သွားကို မသွားဘူး-(မှန်ပါဘုရား)၊ လက်နဲ့သွားတာ ဒကာဒကာမတို့ မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါ ဘယ်သူကခေါ်သတုံး....(ခန္ဓာကပါဘုရား)၊ ဟေိပဿိကောဆိုတဲ့ ခန္ဓာကခေါ်တယ်၊ ဝေဒနာကနှိုက်နေပြီး

http://www.dhammadownload.com



ခေါ်နေတယ်....(မှန်ပါ)၊ ကျုပ် ယားတယ်၊ ယားတယ် လာဖျောက်ပေးပါ၊ မခေါ်ဘူးလား- (ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာအခေါ်သမှား သက်သက်ဆိုတာ အဲဒါ လက်နဲ့ လိုက်တာကတော့ ပျောက်ခြင်း အလိုရှိတဲ့ တဏှာနဲ့ လိုက်တာ....(မှန်ပါဘုရား)။ ယားတာ ပျောက်ခြင်းအလိုရှိတဲ့ ဘာနဲ့လိုက်တာတုံး....(တဏှာနဲ့လိုက်တာပါဘုရား)။

အဲ....တဏှာနဲ့ မလိုက်နဲ့တဲ့ကွ၊ ဘုရားက တဏှာနဲ့ လိုက်လို့ ရှိယင် တဏှာ၊ ဥပါဒါန်၊ ကံ သွားလိမ့်မယ်-(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ)၊ တဏှာနဲ့လိုက်ယင်-(တဏှာ၊ ဥပါဒါန်၊ ကံ သွားပါလိမ့်မယ် ဘုရား)။

"တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိ"ဆိုတော့ ဇရာ၊ မရဏ မသွားပေဘူး လား....(သွားပါတယ်ဘုရား)၊ ဒါနဲ့ ဘာနဲ့လိုက်-လိုက်လို့ပါ လိမ့်....(တဏှာနဲ့ လိုက်-လိုက်လို့ပါဘုရား)။

ကဲ....ဒါဖြင့် ဘုရားစာရော၊ ဆရာဘုန်းကြီးကရော ဘာနဲ့ လိုက်ရမတုံး.... (ဉာဏ်နဲ့လိုက်ရမှာပါဘုရား)၊ ဘယ်ပါဠိ တော်က ဟောထားသတုံး .... (သန္ဒိဋ္ဌိကောပါ ဘုရား)။ သန္ဒိဋ္ဌိကော သာမံ၊ ကိုယ်တိုင် (ဝါ) ဉာဏ်နဲ့ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ မြင်အောင်လိုက်ပါ။

မင်း မြင်အောင် လိုက်ပါဆိုတာ ကိုယ်တိုင် မြင်အောင် လိုက်ပါ....(မှန်ပါ)၊ ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင်လိုက်ပါ ဆိုတာ သဘောကျပလား- (ကျပါပြီဘုရား)၊ ဉာဏ်နဲ့မြင် အောင်လိုက်-လိုက်တော့ ဘာတွေ့သလဲ- (အနိစ္စတွေ့ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တွေ့တာက အနိစ္စ၊ ဟုတ်လား-(မှန်ပါ)၊လိုက်တဲ့ ဉာဏ်က....(မဂ္ဂပါဘုရား)၊ ဒီဘက်က ခုနက အပါယ်သွား ကြောင်းတရားတွေ ချုပ်တာက ဘာတဲ့တုံး.... (နိရောဓ)၊ သမုဒယချုပ်တာ ဆိုချင်ဆို၊ အကာလိကော၊ အခါမလင့် အကျိုးပေးတာလို့ ဆိုချင်ဆို၊အတည့်ချည့်ပဲ....(မှန်ပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါက ဝိပဿနာရှုစရာ၊ ဒါက ဝိပဿနာ ရှုတာ၊ ဒီဘက်က ချုပ်သွားတာက ဝိပဿနာ ရှုခြင်းကြောင့် အကျိုးပေးတာ....(မှန်ပါဘုရား)၊ ရှင်းလား.... (ရှင်းပါပြီ ဘုရား)။

ဒီဘက်က ဝိပဿနာ ရှုစရာ....(မှန်ပါ)၊ ဒကာဒကာမတို့၊ အပြကိုလဲကြည့်၊ ဒါမှ ခင်ဗျားတို့ အကုန်ရှုတတ်မယ်နော်.... (မှန်ပါဘုရား)။

ဒီအလုပ်ကို အခုပြောတာမှ နားမလည်တော့ပါဘူး၊ ဘာများပြောနေပါလိမ့် ဆရာဘုန်းကြီးက ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနည်းပြီ အောက်မေ့ပါ....(မှန်ပါဘုရား)၊ ဦးခင်မောင် ဘယ်လို မှတ်ကြမယ်.... (ကိုယ်ကျိုးနည်းပါပြီ ဘုရား)။

ကိုယ်ကျိုးနည်းပြီဆိုတာက ခန္ဓာကခေါ်ရာကို ခန္ဓာဆိုတာ က ခန္ဓာငါးပါးရှိပါတယ်၊ ရူပက္ခန္ဓာက ခေါ်ချင်ခေါ်လိုက် လိမ့်မယ်....(မှန်ပါ)၊ ဝေဒနာက္ခန္ဓာကကော.... (ခေါ်ပါတယ် ဘုရား)၊ သညာက္ခန္ဓာကကော....(ခေါ်ပါတယ်ဘုရား)သင်္ခါ ရက္ခန္ဓာကကော....(ခေါ်ပါတယ်ဘုရား)၊ ဝိညာဏက္ခန္ဓာဆိုတဲ့

http://www.dhammadownload.com



စိတ်ကကော....(ခေါ်ပါတယ်ဘုရား)၊ခေါ်ချင်ခေါ် ခင်ဗျား တို့က ဉာဏ်နဲ့ ချည်းလိုက်ပါမယ်....(မှန်ပါ့ဘုရား)။

ဉာဏ်နဲ့ ချည်းလိုက်–လိုက်လာလို့ရှိယင် ခေါ်တာဟူသမျှ သည် အနိစ္စချည်းပဲ–(မှန်ပါ့)၊ လိုက်တာ ဟူသမျှသည် မဂ္ဂ ချည်းပဲ....(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ခေါ်ရာကို လိုက်ခဲ့သည်ရှိသော် အကာလိကော ဆိုတဲ့ ခင်ဗျားတို့ အပါယ်သွားကြောင်း တရားတွေဟာ အလိုက်ကောင်းလို့ ချုပ်သွားတယ်.... (မှန်ပါ့)၊ အလိုက် မကောင်းယင်....(မချုပ်နိုင်ပါ)၊ မချုပ်နိုင်ဘူးဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါက ရှုစရာနေ၁်–(မှန်ပါ့)၊ ဒါကရှုတာ၊ ဒါက ရှုခြင်းကြောင့်အကျိုးပေးတာ....(မှန်ပါ့)၊ သဘောကျ ပလား....(ကျပါပြီ)၊ ဒါက ဘာပါလိမ့်–(ရှုစရာပါ)၊ ဒီဘက် က....(ရှုတာပါ)၊ အင်း....ဟင်း....ဒီဘက်ကကော.... (ရှုခြင်း ကြောင့် အကျိုးပေးတာပါဘုရား)။

ရှုခြင်းကြောင့် အကျိုးပေးတာ ခင်ဗျားတို့ အပါယ်တံခါး ပိတ်ပစ်ထိုက်တယ်–(မှန်ပါ့)၊ အပါယ်တံခါးပိတ်ပြီးသကာလသ ဒိမဂ်က နိဗ္ဗာန်တံခါးကို အနောက်ပို့ပေးလိုက်တယ် -(မှန်ပါ့)၊ သဘောကျပလား.... (ကျပါပြီ)။

သြော်....ဒါဖြင့် တရားစ,စခါရှိသေးတယ်၊တို့မှာဒီအကိုင်း လုပ်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဆိုတဲ့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်၊ တစ်ထောင့်ငါးရာ ကိလေသာ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်၊ ဇာတိဇရာ မရဏတို့၏ ကုန်ရာဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ဟာ၊ သြော်....မရောက်

http://www.dhammadownload.com



မရှိတော့ဘူး၊ ဒီအတိုင်း လုပ်ရဲ့ပဲ–(မှန်ပါ့ဘုရား)၊ ပေါ်ကြ ပလာ–(ပေါ်ပါပြီ)၊ ဒီအတိုင်း ကြိုးစားကြပါ ဆိုတာဖြင့် တိုက်တွန်းပါတယ်–(မှန်ပါ့)။

ကဲ....သန္တတိဃနကော ဆိုတာက သာမဲ့ပဿိဘာ့ခမ္ဘာ၊ ကိုယ်ပိုင် ဉာဏ်နဲ့လိုက်ရမှာ....(မှန်ပါ့ဘုရား)၊သမထ - ပါသေးရဲ့လား.... (မပါ-ပါဘုရား)၊ ပါတော့ ပါတယ်ဆား၊ ခေါင်းမဲ့ဆောင်နိုင် တော့ဘူး-(မှန်ပါ့)၊ ခေါင်းဆောင်နိုင်သေးရဲ့လား–(မဆောင် နိုင်ပါဘုရား)။

ခေါင်းမဆောင်နိုင်တော့ဘူးတဲ့ ဒကာဒကာမတို့၊ သမထ ခေါင်းမဆောင်ဘူး၊ သမထနောက်လိုက် ဖြစ်နေတယ်၊ မကောင်း ရာ မကောင်းကြောင်း သဘာဝဘာအဖြစ်နဲ့ လိုက်တာ- (မှန်ပါ့)၊

သဘာဝတအဖြစ်ဆိုတဲ့ဥစ္စာ၊ ရေယူရာမှာ ဦးခင်မောင်ရေ၊ ခွက်က မကောင်းလို့ပါလာတယ်-(မှန်ပါ့)၊ရေယူတာဟာ ကျုပ် တို့ ရေသောက်ချင်တာလား.... ခွက်သောက်ချင်တာလား ပြောစမ်းပါဦး....(ရေသောက်ချင်ဘာပါဘုရား)။

သို့သော်....မကောင်းတဲ့အဖြစ်နဲ့တော့ ခွက်နဲ့ယူမှ သောက် ရတဲ့အတွက် ဟုတ်လား၊ သောက်ရတာကတော့ ခွက်သောက် ရတာမဟုတ်ပါဘူး-(မှန်ပါ့)၊ ဘာသောက်ရတာတုံး....(ရေ သောက်ရတာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ခွက်က အမောပြေတာလား၊ ရေက အမောပြေတာလား- (ရေက အမောပြေတာပါဘုရား)၊ အဲဒီမှာလဲတဲ့၊ သမထဆိုတဲ့ သူနဲ့တွဲနေတဲ့ သတိတို့၊ ဝီရိယတို့၊

http://www.dhammadownload.com



သမာဓိတို့က သမထတွေ ပါပဲတဲ့၊ မကောင်းလို့ ခွက်အဖြစ်နဲ့ ပါလာတာ....(မှန်ပါ)။

တကယ် ကျုပ်တို့က ကိလေသာ အမောပြေအောင်တော့ ဒုက္ခဒုက္ခမတွေ.... ဝိပဿနာပညာတည်းဟူသော ရေကမှ ကိလေသာ အမောကို ပျောက်စေနိုင်တယ်...(မှန်ပါ့ဘုရား)၊ ပေါ်ပလား....(ပေါ်ပါပြီ)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒါ သေသေချာချာ ဝတ္ထုသက်သေသာဓကလဲ ထုတ်ပြပါဦးမယ်၊ ဒုက္ခဒုက္ခမတို့၊ သုသိမ ပရိဗိုဇ် ဟောတဲ့နေရာ ဌာနရှင်းပါလိမ့်မယ်....နော်-(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီအလုပ်ကို ဒုက္ခဒုက္ခမတို့ ရှင်းသွားပလား....(ရှင်းပါပြီ)။

ဒါက ဘာတဲ့- (ဟေဝိပဿိကော)၊ ဟေဝိ-က ဘာတုံး.... (လာပါ)၊ ပဿိက ဘာတုံး ...(ရှုပါ)၊ ဟော သူကဖြင့် လာပါ ရှုပါ လာပါ-ရှုပါလို့ ဦးခင်မောင်.... ခေါ်နေတယ်.... (မှန်ပါ့ဘုရား)။

ဦးခင်မောင်က ကျော်ပေးနေယင်တော့ မတတ်နိုင်ဘူး.... (မှန်ပါ)၊ ဒုက္ခဒုက္ခမတွေ ကျော်ပေးနေယင်-(မတတ်နိုင်ပါ)၊ သူကတော့ မခေါ်ဘူးလား၊ ခေါ်သလား....(ခေါ်ပါတယ်ဘုရား)။

အဲ....သူခေါ်တာကို ကျော်ပေးပြီး သကာလ မနေပါနဲ့ ခင်ဗျားတို့က ဥပမာ- ခေါ်ရရှာတယ်၊ ထမင်းဆာတယ်၊ ဒုက္ခဒုက္ခမတို့-ထမင်းဆာတယ် ဆိုတော့ ဆာလောင် မွတ်သိပ်တဲ့ လောဘသော် လည်းကောင်း၊ ဆာလို့ သည်းမခံ

http://www.dhammadownload.com



နိုင်တဲ့ ဒေါသသော်လည်းကောင်း ဝမ်းထဲမှာ မခေါ်ဘူး လား....(ခေါ်ပါတယ်ဘုရား)။

ဪ....ဒါဖြင့် ဆာလောင်မွတ်သိပ်တဲ့ ဒေါသကလေး ဟာလဲ ဖြစ်ပြီးပျက်တာပဲ အနိစ္စလို့ဉာဏ်နဲ့လိုက်ရမယ် မဟုတ် ဘူးလား-(မှန်ပါဘုရား)၊ အို-ကျုပ်တို့ဖြင့် ထမင်းဆာလိုက် တာ စိတ်ကို ပျက်လို့ဆိုတော့ ဒေါသနဲ့ သွားလိုက်တာ.... (မှန်ပါ)၊ အလိုက်က လွဲနေတယ်.... (မှန်ပါ)၊ သဘောကျ ပလား....(ကျပါပြီ)။

အဲဒီလို ဒေါသနဲ့ အလိုက်လွဲတဲ့အခါကျတော့ မသွားက ထမင်းမကျက်သေး၊ ယောကျ်ားကလဲ ထမင်းဆာ၊ ရန်ဖြစ်ရုံ ရှိဘော့တယ်-(မှန်ပါဘုရား)၊ မလိုက်တတ်လို့ပေါ့ဗျာ- (မှန် ပါဘုရား)၊ မလိုက်တတ်တော့ ကိုမြရွှေ ဘယ့်နှယ် ဖြစ်ကုန်သလဲ (ရန်ဖြစ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ရန်တော့ဖြစ်တတ်တယ်တဲ့၊ ရန်ပြေ အောင်တော့မလုပ်တတ်ဘူး.... (မှန်ပါဘုရား)၊ သဘောကျ ပလား....(ကျပါပြီ)၊ အခု ရန်ပြေနည်း-နည်းရပါပလား .... (ရပါပြီဘုရား)။

ထမင်းဆာတယ်ဆိုတော့ လောဘကလေးဟာဖြစ်ပြီး ပျက် တာပဲလို့ သန္နိဋ္ဌာနနဲ့လိုက်....(မှန်ပါ)၊မလိုက်ရပေဘူးလား.... (လိုက်ရပါတယ်ဘုရား)၊ သူက ဟေ်ပဿိကောကိုး၊ ဆာမှန်း သိအောင်ကို ပြောနေတာ....(မှန်ပါ)၊

ကျုမ်ဆာပြီ၊ ကျုပ်ဆာပြီ၊ ကျုမ်ဆာပြီ၊ ခင်ဗျားတို့လာခဲ့ ကြ၊ လာခဲ့ကြ၊ လာခဲ့ကြလို့ မခေါ်ဘူးလား.... (ခေါ်ပါတယ်

http://www.dhammadownload.com



ဘုရား)၊ အဲဒါ....ခင်ဗျားတို့ ဒေါသနဲ့သွားလိုက်၊ လောဘနဲ့ သွားလိုက်၊ ဉာဏ်နဲ့မှ မသွားလိုက်ပဲ....(မှန်ပါ့ဘုရား)။

ဉာဏ်နဲ့သွားလိုက်တော့ ဆာလောင် မွတ်သိပ်တာကဲလေး တဲ့ ဖြစ်ပြီးပျက်တယ်....(မှန်ပါ)၊ အနိစ္စက ခေါ်တယ်ဆိုတော့ ဦးဇင်းရင် မမိဘူးလား....(မိပါတယ်ဘုရား)၊

ကဲ-ဒါဖြင့် ထမင်းဆာတဲ့အခါ၊ ဟော သွားတတ်သာတက် စလား....(သွားတတ်သာတတ်ပါပြီဘုရား)၊ဘာနဲ့သွားကြမယ်-(ဉာဏ်နဲ့သွားပါမယ်)၊ ဉာဏ်နဲ့သွားရမယ်၊ ဆာတာကတော့ ခေါ်တာ အမှန်ပဲနော်....(မှန်ပါ့ဘုရား)။

ခြင်ကလေးကိုက်တယ်၊ ကိုက်တဲ့နေရာ ဒုက္ခဝေဒနာကလေး က အယားဖျောက်ပေးပါလို့မခေါ်ဘူးလား....(ခေါ်ပါတယ် ဘုရား)၊ အဲဒါ-ခင်ဗျားတို့က လက်နဲ့တော့သွားပြီး ခြင်ကိုက် လို့ စိတ်ဆိုးတယ်ဆိုတော့ ဒေါသနဲ့ သွားလိုက်တာကိုး.... (မှန်ပါ)။

ဒီခြင်ပုန်းတွေကြောင့် ခက်တာပဲ၊ တစ်ညလုံးအိပ်ရတော့ မှာမဟုတ်ဘူး၊ ကျုပ်ဖြင့် စိတ်များပျက်ပါပေါ့ အစရှိသည်နဲ့ ခင်ဗျားတို့စာလဲ ရှည်လိုက်တဲ့ ဖြစ်ခြင်း၊ ရှည်တယ် ဆိုဘာ ပဋိစ္စသမုပ္ပါဒ်ဘန်းတာ-(မှန်ပါဘုရား)၊ ရိပ်မိပလား- (ရိပ်မိ ပါပြီ)။

ဒါဖြင့် ဘာနဲ့သွားရမလဲ(ဉာဏ်နဲ့သွားရပါမယ်)၊ဉာဏ်နဲ့ သွားလိုက်တဲ့အခါကျတော့ ယားတဲ့နေရာကလေးဟာတကယ် ပဲ ယားတာလား၊ သာမန် ယားတာပဲလား၊ ဒါကလေး ဟာ အနိစ္စကလေး တစ်မျိုးပေါ်လာတာပဲလို့ ကြည့်လိုက်ပါဗျ

http://www.dhammadownload.com



(အနိစ္စကလေးပေါ်လာတာပါဘုရား)၊ ဘယ်နှယ်ဖြေကြမယ်-(အနိစ္စကလေးပေါ်လာတာပါဘုရား)။

ဒါဖြင့် အနိစ္စနောက်က ဉာဏ်လိုက်-လိုက်တာပေါ့ .... (မှန်ပါ့ဘုရား)၊ ဒါဖြင့် ယားတဲ့ဝေဒနာက အနိစ္စ၊ ဉာဏ်လိုက်တာက မဂ္ဂ၊ ခုနက ဒေါသ၊ သောက၊ ပရိဒေဝတွေ သေတာဖ ဒကာဒကာမတို့ သိတဲ့အတိုင်း အကာလိက၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အနိစ္စ၊ မဂ္ဂ၊ အကာလိက ဒီလိုဖြစ်ကြပါတယ် .... (မှန်ပါ့)၊ ဒါက ဘယ်နှယ်ဆိုကြမယ် .... (အနိစ္စပါဘုရား)၊ လိုက်တာက....(မဂ္ဂပါဘုရား)၊ အင်း....ဟင်....ဒီဘက်က ချုပ်တာက-(အကာလိကပါ)၊ပေါ်တာဖ(အနိစ္စပါ)လိုက်တာက (မဂ္ဂပါ)၊ အကျိုးပေးတာက....(အကာလိကပါ)။

ဒီလိုချည်းသွားရမှာ၊ဘုရားသခင်ကိုယ်တော်မြတ်ကြီးဒီလိုနဲ့ပြီးသွားတာပဲ၊ အားလုံးသောအရိယာတွေဟာ ဒီလိုနဲ့ပြီးသွားတာပဲ၊ ဒီအကာလိကနဲ့ပဲ အပါယ်လေးပါး တံခါးပိတ်ပြီး နိဗ္ဗာန်တံခါး ပွင့်သွားတယ်....(မှန်ပါ့)။

အပါယ်လေးပါး တံခါးပိတ်တယ် ဆိုကတည်းက ဒီတရားဟာ နိဗ္ဗာန်ပဲသွားတော့တယ်၊ ဒီပြင် သွားသေးရဲ့လား .... (မသွားပါဘုရား)၊ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့၊ ယနေ့ တရားစချင်းပဲ ခင်ဗျားတို့အလုပ်ပေးနေတယ်ဆိုတာသေချာပလား-(သေချာပါပြီ)၊ စိတ်ရှိတဲ့ပုဂ္ဂိုလ်လဲ ဒီအတိုင်းလိုက်၊ ဝေဒနာရှိတဲ့ ပုဂ္ဂိုလ်လဲ....

http://www.dhammadownload.com



(ဒီအတိုင်းလိုက်ရပါတယ်)၊ ဝေဒနာပေါ်ရာ လိုက်ပေါ့ဗျ.... (မှန်ပါဘုရား)။

ဒါဖြင့် ပေါ်တဲ့နေရာတွေတော့ ဘုန်းကြီးနေ့တိုင်းလိုလိုပဲ ပြောနေတယ်၊ သူ့ချည်း ထပ်ပြောနေလို့လဲ ဒီဖြင်ဟာတွေ မစုံဘဲနေမှာစိုးလို့နော်.... (မှန်ပါဘုရား)၊ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ ဒီဥစ္စာ မြန်မြန်လုပ်ရမည့်အလုပ်လား၊ နှေးနှေး လုပ်ရမည့်အလုပ်လား....(မြန်မြန်လုပ်ရမည့်အလုပ်ပါဘုရား)၊ ကျုပ်က အကျိုးပေးဆိုလို့ရှိယင် မကြိုက်ဘူးဆိုတာ လူတိုင်း ပါးစပ်မှာ ရှိပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ အခုလိုလုပ်ယင် အခု အကျိုးပေးမယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)၊ ဒါကြောင့် အကာလိ ကော အခါမလင့် အကျိုးပေးတယ်ကွ....(မှန်ပါ)၊ဗေဒင်မေး တာကမှ ခင်ဗျားတို့ နောက်ခြောက်လရှိ အကျိုးပေးပါလိမ့် မယ်၊ ပြောချင်ပြောနေဦးမယ်....(မှန်ပါ)၊ မဟုတ်ဘူးလား.... (မှန်ပါ)။

ဒါက ဘယ်အချိန်အကျိုးပေးမှာတုံး.... (အခုအကျိုးပေး မှာပါဘုရား)၊ အခုလုပ်အခုအကျိုးပေးမှာ....(မှန်ပါ)သဘော ကျပလား....(ကျပါပြီ)၊ ယတြာချေကြဖို့ လိုသေးသလား.... (မလိုပါ)၊ ယတြာမချေပါနဲ့၊ ဟေ့ပိုသီးကော ခေါ်ရာကို ဘာလုပ်ရမတုံး....(ဆန္ဒိဋ္ဌိကော လိုက်ရပါမယ်ဘုရား)။

လိုက်ယင် ဒါ ဘာဖြစ်သွားသတုံး .... (အကာလိကော ဖြစ်သွားပါတယ်)၊ အကာလိကော ဖြစ်နေတော့ ဒကာ

http://www.dhammadownload.com



ဒကာမတို့၊ ယတြာချေတာ၊ ဒါ ယတြာချေတာအစစ်လို့ မှတ်ပေတော့....(မှန်ပါ့ဘုရား)၊ ကိလေသာရန်သူတွေ ချေမှုန်းပစ်တာ....(မှန်ပါ့ဘုရား)။

မကောင်းကျိုးပေးတာက ဘယ်သူက ပေးတာတုံး .... (ကိလေသာက ပေးတာပါ)၊ ကိလေသာတွေက ပေးတာ မဟုတ်လား.... (မှန်ပါ့)၊ အဲဒါတွေ ချေမှုန်းပစ်လိုက်တယ် ဆိုကတည်းက ခင်ဗျားတို့ ယတြာယံမ်ရှစ်စင်းတို့ လိုသေးရဲ့ လား-(မလိုပါဘုရား)မလိုပါဘူး၊ စက္ကူယပ်ကလေးတွေခပ်လို့လဲ မဖြစ်ပါဘူး၊ ခင်ဗျားတို့လုပ်ဘာ-(မှန်ပါ့)၊ ဖြစ်ကောဖြစ်ရဲ့ လား....(မဖြစ်ပါဘုရား)။

မဖြစ်ဘူး၊ အသက်ဖးပွဲ၊ ယတြာဆိုတဲ့အတိုင်း ပရိယာယ် လုပ်နေဘာနော်-(မှန်ပါ့ဘုရား)၊ ကဲ....ဒါဖြင့် ဒကာ ဒကာမ တွေ ဝိပဿနာအလုပ်-လုပ်တတ်ပါပလား.... (လုပ်တတ်ပါပြီ ဘုရား)။

ဘယ်သူခေါ်ရာ ဘယ်ဝါနဲ့လိုက်မယ်.... (ဟေဿီကော ခေါ်ရာ သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်)၊ လိုက်ခြင်းကြောင့် ဘယ်လိုများ အကျိုးပေးပါလိမ့်-(အကာလိကော အကျိုးပေး ပါတယ်ဘုရား)၊အကာလိကောဆိုတာ အခါမလင့်ကို အကျိုး ပေးချလိုက်ဘယ် (မှန်ပါ့)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ရွှေပလ္လင်ပေါ် မှာ တစ်ခေါင့်ငါးရာ ကိလေသာ တည်းဟူသော ရန်သူတွေ တိုက်ဖျက်တဲ့ဥစ္စာ၊ တော်တော်ကြာကြာ တိုက်ရသလား....တဲ့၊ ဟေဿီကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်တာနဲ့ တစ်

http://www.dhammadownload.com



ထောင့်ဝါးရာ ကိလေသာတွေငြိမ်းတဲ့ အကျိုးပေးသွားတယ်- (မှန်ပါ)၊ မပေးဘူးလား- (ပေးပါတယ်ဘုရား)၊ သဘောပါကြလား-(ပါ,ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမဂ္ဂဲ လောကုတ္တရာမဂ် ဖြစ်သွားတယ်ဆိုတာ မသေချာဘူးလား-(သေချာပါတယ်ဘုရား)။

အဲဒီတော့ အားလုံး တရားနာကြတဲ့ပုဂ္ဂိုလ်တွေ ပင်ပင်ပန်းပန်းနဲ့ အဲဝေးကြီးကလဲ လာကြရတယ်၊ ဒီမှာ နေကြ, ထိုင်ကြရတာကလဲ တိုးတိုးဝှေ့ဝှေ့ဆိုသလို နေကြရတဲ့အထဲမှာ ဘုန်းကြီးတို့ အကာဒတာမှတွေ ယနေ့ ဒီသုံးလုံးပြောတာကို အသည်းစွဲမှတ်ပါ—(မှန်ပါဘုရား)၊ အရေး အကြီးဆုံးပဲ.... (မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဝေဒနာတခေါ်တယ် ဟေိပဿိကောပဲ-(မှန်ပါ)၊ စိတ်ကခေါ်ယင်ကော....(ဟေိပဿိကောပါ)၊ စိတ်ပေါ်ယင် ခေါ်ပြီသာမှတ်ပေတော့၊ ဝေဒနာပေါ်ယင်ကော.... (ခေါ်ပါတယ်ဘုရား)၊ ခေါ်တာပဲ။

ဿညာ သင်္ခါရတွေ ပေါ်ပြန်လာယင်ကော-(ခေါ်တာပါပဲဘုရား)။

ဒီတော့ မခေါ်တဲ့အချိန်တော့မရှိဘူး-(မှန်ပါ)၊ မလိုက်တဲ့အချိန်ရှိတယ်....(မှန်ပါဘုရား)၊ မခေါ်တဲ့အချိန်တော့-(မရှိပါဘုရား)၊ မလိုက်တဲ့အချိန်ကတော့-(ရှိပါတယ်ဘုရား)။

ဪ....ဒါဖြင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲရတာက ဒီ ဟေိပဿိကော နောက်က သန္ဒိဋ္ဌိကော မလိုက်မိလို့လွဲတာ—(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဟေ့ပယ်သီကောနောက်က....(အနိဋ္ဌာရုံကောမလိုက်မိလို့လွဲတာပါဘုရား)၊ သနိဋ္ဌာရုံကော မလိုက်မိတာနဲ့ ခင်ဗျားတို့ ဘုရားအဆူဆူနဲ့လွဲတော့ တရားအဖုံဖုံနဲ့လဲ လွဲရတယ်-(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားနဲ့လွဲတာက ဒါလောက်အရေးမကြီးဘူး၊ ဘုရားဟောထားတဲ့တရားနဲ့ လွဲတာက သာပြီးကိုယ်ကျိုးနည်းတယ်-(မှန်ပါ့ဘုရား)။

ဘုရားနဲ့ လွဲတာက ဒီလောက် ကိုယ်ကျိုးမနည်းသေးဘူး-(မှန်ပါ့)၊တရားနဲ့ လွဲတာက....(ကိုယ်ကျိုးနည်းပွါးတယ်ဘုရား)၊ ခေါ်ရာ မလိုက်မိတာကိုးဗျ....(မှန်ပါ့ဘုရား)။

ဘုရားမရှိမှ ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေဟာ တရားနဲ့လွဲပြီးသွားပဲ-(မှန်ပါ့)၊ တရားနဲ့ မလွဲတာနဲ့ ဘာဖြစ်ကုန်ကြသလဲ-(ကျွတ်တမ်းဝင်ကြပါတယ်ဘုရား)၊ ခင်ဗျားတို့ကော အခုကျွတ်တမ်းဝင်နိုင်ပါသေးတယ် ဆိုတာကော သေချာပလား-(သေချာပါပြီ)၊ ကိုင်း....ဒါဖြင့် ကြိုးကြိုးစားစား လုပ်ကြစမ်းပါဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ဟာ....ဒီလိုဖြင့် မလုပ်တော့ဘူးဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ မလုပ်တဲ့အချိန်မှာ ဟိုမှာ ခင်ဗျားတို့ ပဋိသန္ဓေနေပွါဒ်တန်းပြီဆိုလို့ရှိယင်ဖြင့် လောဘ ဒေါသ၊ လောဘဆိုလို့ရှိယင် တဏှာဥပါဒါန်ကို မလာပေဘူးလား....(လာပါတယ်ဘုရား)၊ ဒေါသဆိုယင် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ မလာဘူးလား....(လာပါတယ်ဘုရား)၊ မောဟဆိုလို့ရှိယင် အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် မလာပေဘူးလား....(လာပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ခင်ဗျားတို့ ဒီကနေပြီးသကာစလ ငါလာလို့ရှိယင် အဆင်သင့်ဖြစ်အောင်ဆိုပြီးသကာလ ငရဲမီးမွေးပြီး သကာလ ငရဲအိုးတည်နေတာသာ မှတ်ပေတော့-(မှန်ပါ့)၊မလိုက်မိယင် မလိုက်မိယင်....(မှန်ပါ့)။

ကိုမြရွှေ-ခြောက်တယ်ထင်သလား၊ အမှန်ပဲလား....(အမှန် ပါပဲဘုရား)၊ ဒတာဒကာမတွေ သေသေချာချာ ယုံရဲ့လား....(ယုံပါတယ်ဘုရား)။

မယုံယင် ဝတ္ထုကလေးတစ်ခုထုတ်ပြမယ်နော်....(မှန်ပါ့)။ မယုံလို့ရှိယင် ဝတ္ထုကလေးထုတ်ပြမယ်၊ တိုတိုကလေးထုတ်ပြ မယ်၊ ခင်ဗျားတို့ ဒီအလုပ် မဟာကြစေနဲ့....(မှန်ပါ့)။

လူ့ပြည်မှာ ဘုရားကို နန္ဒိယဆိုတဲ့ ကျောင်းဒကာဟာ လူ့ပြည်မှာကျောင်းဆောက်လှူတယ်....(မှန်ပါ့)၊နန္ဒိယဆိုတာ ဘုရားလက်ထက်ကလေ....(မှန်ပါ့)။

နန္ဒိယ ကျောင်းဒကာဆိုတာ ကြားဖူးကြပါလိမ့်မယ်၊ အဲဒီလူ့ပြည်မှာ ကျောင်းဆောက်လှူတော့ နတ်ပြည်မှာ သူ မသေခင်က ဦးခင်မောင် ဘုံဗိမာန်တွေ ပေါက်နေတယ်....(မှန်ပါ့)၊ မပေါက်ဘူးလား....(ပေါက်ပါတယ်ဘုရား)။

ဘယ်ထဲကနေ ဆောက်လိုက်တာတုံးမေးတော့ 'လူ့ပြည် က ဆောက်လိုက်တာ....(မှန်ပါ့)၊ ဘယ့်နှယ် ပြောကြမလဲ....(လူ့ပြည်က ဆောက်လိုက်တာပါဘုရား)။

လူ့ပြည်က ဆောက်လိုက်တော့ နတ်ပြည်မှာ ဘာဖြစ်နေ သလဲ...(ဘုံပေါက်နေပါတယ်ဘုရား)၊ သေပလား ..တဲ့ အဲဒီ ပုဂ္ဂိုလ်ဟာ....(မသေသေးပါဘုရား)၊ မသေခင်က ဘုံပေါက်

http://www.dhammadownload.com



နေတယ်.... (မှန်ပါ)၊ ကုသိုလ်တည်းဟူသော အကြောင်းကြောင့် ကုသိုလ်ဘုံပေါက်နေတယ်... (မှန်ပါ)။

ကဲ....မသေခင်က ခင်ဗျားတို့က အကုသိုလ်တွေ၊ တဏှာ ဥပါဒါန်၊ ကံတွေချည်း လုပ်နေကြမယ်ဆိုတော့ ဒါ အကုသိုလ်တွေ မဟုတ်လား....(မှန်ပါ)။

ကဲ....ခင်ဗျားတို့ဘုံ ဘယ်မှာပေါက်မှာ ထင်ကြသတုံး.... (အပါယ်မှာပေါက်မှာပါဘုရား)၊ အဆင်သင့် ဟိုက ကြိုမှာပေါ့....(မှန်ပါ)၊ လာခဲ့....လာခဲ့....နဲ့၊ သဘောကြပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလကားနေတာကို ဘုန်းကြီးက ဝမ်းမသာလို့ မဟုတ်ပါဘူးတဲ့၊ ငရဲမီးမွှေးပြီး ငရဲအိုးတည်နေတာလဲ ကြည့်မကောင်းလို့....(မှန်ပါဘုရား)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ခြောက်တာလား၊ အဟုတ်လား.... (အဟုတ်ပါဘုရား)။

ခုနက နန္ဒိယ လူ့ပြည်မှာ သေပလား၊ ဘုံပေါက်နေတော့- (မသေသေးပါ)၊ မသေကြောင်း ဘုန်းကြီး နည်းနည်းကလေး ရှင်းပြပါဦးမယ် ဦးခင်မောင်ရေ....(မှန်ပါ)။

ရှင်မောဂ္ဂလာန်ကြီးက ဆွမ်းခံသွားတယ်၊ မနေ့က ဒီနေရာ နန္ဒိယ ကျောင်းမဆောက်သေးဘော့ ဘုံမပေါက်သေးဘူး.... (မှန်ပါ)၊ နောက်တစ်နေ့သွားတဲ့အခါကျတော့ နတ်သမီးတွေနဲ့ ဘုံကြီးကထူးထူးခြားခြား သူ့နားမှာ လာပေါက်နေတယ်။

http://www.dhammadownload.com



ဟာ....ပင်နေ့က ငေါ်ဒီနေရာ ထိုမီးခဲလာတုန်းက ဘယ်သူမှ မရှိဘူး၊ ဘုံလဲမရှိဘူး၊ နတ်သမီးတွေလဲ မတွေ့ပါဘူး၊ ယနေ့ ဒီနေရာကြီး ဘာဖြစ်နေတာတုံး....။

"အရှင်ဘုရား... လူ့ပြည်မှာ နန္ဒိယ ကျောင်းဆောက်လှူဒါမှာ သူ့အတွက် ဘုံပေါက်ရပါတယ်ဘုရား၊ တပည့်တော်တို့က အကြိုအဆို အဖြစ်နဲ့ စောင့်နေရပါတယ်၊ နတ်သမီးတွေအား အဲဒီတော့ သူ့ကို အရှင်ဘုရားက အစုဆွမ်းခံပြန်ဆောင် လူ့ပြည် ပြန်မှာ ဖြင်သောကြောင့် နန္ဒိယ ပြောလိုက်စမ်းပါ၊ နန္ဒိယ ကျောင်းခကာကို၊ မြန်မြန် လူခန္ဓာတည်းဟူသော မြေအိုးနဲ့ တူတဲ့ လူ့ခန္ဓာစွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ဘုံကို မြန်မြန်ကြွခဲ့ပါ ဆိုတာ မှာလိုက်တဲ့အကြောင်း ပြောလိုက်ပါ"။

ကဲ....ဆေးသေချာချာ မှာလိုက်တာ–(မှန်ပါဘုရား)၊ ရိပ်မိ ပလား....(ရိပ်မိပါပြီ)၊ ဒါဖြင့် သေမှပေါက်တာလား၊ မသေ ခင်ကပေါက်တာလား....(မသေခင်က ပေါက်တာပါဘုရား)။

ခင်ဗျားတို့ကလဲမနည်းဘူးနော်....(မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ခင်ဗျားတို့ကော နည်းမလား....(မနည်းပါ)၊ ဒယ်အိုးပေါင်း ဘယ်လောက် ထင်ကြသတုံး....(မရေတွက်နိုင် ပါဘုရား)။

မရေတွက်နိုင်ဘူး၊ အဲဒါ ဒီကနေ ငြိမ်းကော မဖြစ်ဘူး လား....(ဖြစ်ပါတယ်ဘုရား)၊ ဒီကနေ ငြိမ်းလဲ ဖြစ်တယ်.... (မှန်ပါ)၊ ဒီကနေ တည်တာကိုးဗျ....(မှန်ပါဘုရား)၊ဒီကနေ တည်တော့ ဒီကနေ ငြိမ်းတော့....(ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဟာ....ထုံးစံအတိုင်း တပည့်တော်တို့ မဘာတ်နိုင်ဘူးဘုရား၊ အချောင်နဲ့ အဝယ်နဲ့ နေရတာ၊ သားစာ၊ သမီးစာ မလာက်တော့ လုပ်ရမှာပဲဆိုတော့ အို....သေယင် အဆင်သင့်၊ ကဲ....သွားပေတော့၊ သေယင် ဘယ်တော့မှ ဆွမ်းကို သွတ်မနေနဲ့၊ အဲဒီ သေသေချာချာရောက်တယ်၊ အမျှဝေလဲ ငါ့ဝေါ်နိုင်မှာ မဟုတ်ဘူးဆိုတာ မှတ်သွား....(မှန်ပါ)။

ကိုမြရွှေ....ကြမ်းကြမ်းမေးတာ မဟုတ်ဘူးနော်၊ ပဋိစ္စသမုပ္ပါဒ်က တစ်နေ့ ဘယ်လောက်တန်းသတုံး–(မရေတွက်နိုင်ပါဘုရား)၊ သဘောကျပသား-(ကျပါပြီ)၊ တဏှာ ဥပါဒါန်း ကံ၊ တဏှာ ဥပါဒါန် ကံ၊ ဒေါသ မောဟ ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ၊ ဘယ်လောက်များ-များကြသတုံး- (မရေတွက်နိုင်ပါဘုရား)။

အဲဒါတွေက ဘာလုပ်တာတွေတုံးဆိုတော့ ငရဲမီးမွှေးပြီး ငရဲအိုး တည်တာချည်းပဲ....(မှန်ပါ)၊ ဘာများလုပ်ပါလိမ့်....(ငရဲမီးမွှေးပြီး ငရဲအိုးတည်တာပါဘုရား)။

အဲဒါ ဘယ်ပုဂ္ဂိုလ်ဖို့တုံး....လို့ မေးလို့ရှိယင် ဒီကျောင်းဆောက်တဲ့ ပုဂ္ဂိုလ်တွေပေါ့ဗျာ၊ ခင်ဗျားတို့လဲ ငရဲကျောင်းဆောက်ကြတာ....(မှန်ပါဘုရား)၊ဘာကျောင်း ဆောက်ကြပါလိမ့်....(ငရဲကျောင်းဆောက်ကြတာပါဘုရား)။

ငရဲကျောင်းဆောက်ကြတာ၊ တဏှာ၊ဥပါဒါန်၊ ကံတွေဟာ ဘာတွေချည်းဆောက်သလဲ–(ငရဲကျောင်းဆောက်ပါတယ်)၊ အဲ....မီးမွှေးတယ်၊ဒယ်အိုးတည်ပေးတယ်၊ ဒီကံတွေကပေါ့ဗျာ–(မှန်ပါ)။

http://www.dhammadownload.com



အဲဒါ....ခင်ဗျားတို့ အခု ဆရာဘုန်းကြီးနဲ့ တွေ့တုန်း.... အမျိုးမျိုးအဖုံဖုံပဲ ဆုံးမသွန်သင်ပါတယ်ဆိုတော့ ကုသိုလ်လဲ ကောင်းကျိုးပေးတဲ့နေရာ ကြိုပြီးစောင့်နိုင်တာပဲ ဦးခင်မောင်ရေ....(မှန်ပါဘုရား)၊ ကုသိုလ်ကလဲ အကျိုးပေးမယ်ဆိုတော့ ဘယ့်နှယ်တုံး.... ကြိုပြီးစောင့်နိုင်ပါတယ်....(မှန်ပါ)။

ကဲ....ဘယ်ဟာစောင့်တာ ကြိုက်သတုံး.... (ကုသိုလ်စောင့်တာ ကြိုက်ပါတယ်)၊ မရဘူ....မရဘူး၊မလုပ်မှ မလုပ်ဘဲ မရဘူး၊ ခင်ဗျားတို့အကြိုက် လုပ်မနေနဲ့၊ ဒီဥစ္စာ မြန်မြန်လုပ်.... (မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ-ပေါ့ပေါ့တန်တန်နဲ့ ခင်ဗျားတို့ရွေကလဲ မကယ်နိုင်ဘူး၊ စိန်ကလဲ မဆယ်နိုင်ဘူး-(မှန်ပါဘုရား)၊ ကယ်နိုင်ပါ့မလား.... (မကယ်နိုင်ပါဘုရား)၊ ဆွေမျိုးဉာတကာ တွေကော .... (မကယ်နိုင်ပါဘုရား)။

ကိုယ်လုပ်ထားတာ ကိုယ့်ဘုံကို ကိုယ်စံရမှာပဲ....(မှန်ပါ)၊ အကုသိုလ်လုပ်လဲ အကုသိုလ်အတိုင်း ခံရုပဲ၊ ကုသိုလ်လုပ်ထား ပြန်လဲ....(ကုသိုလ်အတိုင်း စံရုပါပဲ)၊ ကုသိုလ်အတိုင်း စံရုပဲ ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ လင့်ကိစ္စလား၊ မယားကိစ္စလား၊ သားကိစ္စလား၊ သမီးကိစ္စလား၊ ဟိုမှာ ငရဲအိုးတွေ၊ ဘာတွေတည်တာ ကိုယ့်ကိစ္စလားဆိုတာ အကဲခတ်....(ကိုယ့်ကိစ္စပါဘုရား)၊ကိုယ့်ကိစ္စကိုယ်လုပ်ကြတာ-(မှန်ပါ)၊ရှင်းပလွှား....(ရှင်းပါပြီ)။

ဒီအိမ်မှာ ဒကာမက လှေဘုရှိယင် ဒကာမက ဒယ်အိုးတွေများတယ်-(မှန်ပါ)၊ ဒကာက လောဘကြီးယင်....(ဒကာ

http://www.dhammadownload.com



က များပါတယ်ဘုရား)၊ သားသမီးတွေက လောဘကြီးနေ ယင်....(သားသမီးတွေက များပါတယ်ဘုရား)။

အဲ....သူ့အိုးနဲ့သူသာမှတ်ပေတော့-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ အဲဒီတော့ ကိုယ့်မီးကို ဒီကနေမွှေးပြီး ကိုယ့်အိုးကို ဒီကနေတည်တာ၊ ဒီကနေ မဂ်နဲ့ငြိမ်းယင်ကော မရဘူးလား....(ရပါတယ်ဘုရား)။

ရပါတယ် ဦးခင်ခမောင့်ရ၊ မူဆိုးတွေ၊ အင်္ဂုလိမာလတို့ဟာ ငြိမ်းသွားကြတယ် မဟုတ်လား-(မှန်ပါဘုရား)၊ လုပ်ပြီးသား အကုသိုလ်တွေ ဘယ့်နှယ်တုံး....(ငြိမ်းသွားပါတယ်)၊ ဘာနဲ့ ငြိမ်းသတုံး-(မဂ်နဲ့ငြိမ်းပါတယ် ဘုရား)၊ မဂ်နဲ့ငြိမ်းရတယ်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲ....ဒါဖြင့် ခင်ဗျားတို့ အခု ဆရာဘုန်းကြီးနဲ့လဲတွေ့၊ ဆရာတော်တွေ အမျိုးမျိုးအဖုံဖုံတွေနဲ့လဲ ခင်ဗျားတို့ နာကြား ရတော့၊ ဪ....ငြိမ်းချိန်ကလေး ရှိသေးတယ်....(မှန်လှပါ ဘုရား)၊ ဘာကလေး ရှိသေးသလဲ.... (ငြိမ်းချိန်ကလေး ရှိပါ သေးတယ်ဘုရား)။

ဒါကလေးကို ပျာပျာသလဲ လုပ်ရမှာလား၊ နွေးနွေးပဲလား-(ပျာပျာသလဲ လုပ်ရမှာပါဘုရား)၊ ခင်ဗျားတို့ ဘုန်းကြီးတို့ ရွှေ့ကျမှ ပျာလို့မဖြစ်ဘူးနော်....(မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ကိုယ့်ဟာကိုယ်ပျာမှ....(မှန်ပါ)။

ဘုန်းကြီးကတော့ဖြင့် အကျိုးစီးပွားကို ညီအစ်ကိုမောင်နှမ အမေမိဘဆိုသလိုပဲ အကုန်အလိုရှိလို့ ပြောတာမဲ.... (မှန်ပါ)၊

http://www.dhammadownload.com



ကိုယ့်ဟာကိုယ်ငြိမ်းမှရမယ်–(မှန်ပါဘုရား)၊ ဘယ်သူငြိမ်းလို့မှ မရဘူး၊ ဘုရားငြိမ်းလို့လဲမရဘူး....(မှန်ပါဘုရား)။

"ကမ္မဝိပါကော အစိန္တေယျော"ကွ၊ မကြံစည်နဲ့တဲ့၊ သူ့ကြောင့်ဖြစ်တာ ငါမငြိမ်းနိုင်ဘူးတဲ့(မှန်ပါဘုရား)၊ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဒါဖြင့် တရားကြောင့်ဖြစ်တာ တရားနဲ့ငြိမ်းယင်ကော....(ရပါတယ်ဘုရား)။

အဲ....ဆေးကြောင့်မှားတာကို ဖြေဆေးနဲ့လိုက်ယင်–(ရပါတယ်ဘုရား)၊ အရင်သောက်ဆေး မှားနေတယ်၊ နောက်သောက်ဆေးအဖြေနဲ့လိုက်ယင်....(ရပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အမှားတော့သောက်တတ်တယ်၊ အဖြေကျတော့ ဖြည်းဖြည်းမှဆိုတော့ သေတာကောင်းပါတယ်–(မှန်ပါဘုရား)၊ ဒီလိုကျမခနဘူးလား....(ကျပါတယ်ဘုရား)၊ အင်မတန်မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဆေးသောက်မှားထားတာကဘယ်လောက်ကြာပြီတုံး.... (မရေတွက်နိုင်ပါဘုရား)၊ ဒီဘဝတွင်....ဒီဘဝတွင်၊ ဖြေဆေးကျတော့ တော်တော်သောက်မိကြပလားလို့မေးတော့ အခုမှ ပျိုးတုန်းရှိပါသေးတယ်ဘုရား.... ဆိုတော့ သေတာကောင်းတယ်လို့ပြောတာ မမှားဘူး–(မှန်ပါဘုရား)၊ မှားရဲ့လား....(မမှားပါဘုရား)၊

ကဲ....ဒီက ရှေ့ဘယ့်နှယ်လုပ်ကြမယ်၊ ခပ်သွက်သွက်လုပ်ရမယ်(မှန်ပါ)၊ ဦးခင်မောင် ဘာလုပ်ရမှာတုံး–(ခပ်သွက်သွက်

http://www.dhammadownload.com



လုပ်ရပါမယ်)၊ ခပ်သွက်သွက်ပဲ၊ခင်ဗျားအစွယ်နဲ့ဆို သေခါနီး နေပြီ၊ သွက်နိုင်သရွေ့ သွက်ရမှာ....(မှန်ပါဘုရား)၊ ရိပ်မိကြ မှလား....(ရိပ်မိပါပြီဘုရား)၊ ဒကာ ဒကာမတို့၊ ဖြည်းဖြည်းဆို ယင် လုံးဝမရဘူးဆိုတာ ပေါ်လာကြပလား.... (ပေါ်လာ ပါပြီ)။

အေး....ဒါကြောင့် ခင်ဗျားတို့ ရောင်းဝယ် စားသောက် နေတာတွေဟာ တဏှာ, ဥပါဒါန်, ကံချည်းလုပ်နေတာပဲ.... (မှန်ပါ)၊ သီလဘက်က မပျက်လို့ရှိစောင်လဲ ဝိပဿနာဘက်က ပျက်တယ်....(မှန်ပါဘုရား)။

သီလဘက်ကတော့ ဘယ်သူ့ကိုမှ မလိမ်၊ ဘယ်သူ့ကိုမှ မကောက်လို့ရှိယင် သီလဘက်ကတော့မပျက်ပါဘူး၊ ဝိပဿနာ ဘက်ကတော့ တဏှာ, ဥပါဒါန်,ကံ၊ တဏှာ, ဥပါဒါန်, ကံချည်း သွားတာပဲ ပျက်တယ်....(မှန်ပါဘုရား)၊ရိပ်မိပလား- (ရိပ်မိပါပြီ)။

အဲဒီတော့ သီတဲ့ပုဂ္ဂိုလ်ဟာ ကျုပ် သူများဟာ ခိုးတာလဲ မဟုတ်ဘူး၊ သတ်တာလဲ မဟုတ်ဘူး၊ လိမ်တာလဲ မဟုတ်ဘူး၊ ကျုပ်တော့ ဒီဈေးဝယ်လို့ ဒီဈေးရောင်းတာပဲ၊ ကျုပ်မှာ ဘာအပြစ်ရှိသလဲ၊ ဟော....သူက သီလဘက်က အပြစ်မရှိဘူး၊ ဝိပဿနာဘက်က ကိလေသာ ဗွက် ထနေပြီ....(မှန်ပါဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ဝိပဿနာဘက်ကတော့ ...(ကိလေ သာဗွက် ထနေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့လိုတဲ့ ဆင်ခြေဟာက ဒကာ ဒကာမတို့၊ မသိလို့ လဲနေတယ်ဆိုတာပဲလို့သာ မှတ်လိုက်ကြ

http://www.dhammadownload.com



စမ်းပါဦး....(မှန်ပါဘုရား)၊သိလဲလား၊မသိလဲသား.... (မသိလဲပါဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့၊ ငရုံမိုးတွေကို ဒီကနေပြီး မေ့းတယ်၊ ဒီကနေပြီး ဒယ်အိုးတည်တယ်၊ ဒီကနေပြီး ငြိမ်းယင် ဖြစ်နိုင်,မဖြစ်နိုင်....(ဖြစ်နိုင်ပါတယ်ဘုရား၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီကနေပြီး ငြိမ်းကြစို့နော်....(မှန်ပါ)၊ ဒီက တည်ယင် ဒီကပဲ ငြိမ်းတာပေါ့ဗျာ.... (မှန်ပါ)။ သဘောကျသလား.... (ကျပါပြီဘုရား)။

ဟိုမှာသွားပြီးဘယ်သူကမီးတွေ ဟုန်းဟုန်းတောက်အောင် လုပ်သတုံး၊ ဒီက အကုသိုလ်ကံက သွားတည်တာ....(မှန်ပါ)၊ သဘောကျပလာ....(ကျပါပြီ)။

ဟိုမှာ ဒယ်အိုးကြီး ထူထူထဲထဲကြီး၊ ဘယ်သူ လုပ်ထားသတုံး.... (ဒီက အကုသိုလ်ကံက လုပ်ထားတာပါဘုရား)။ ဒါဖြင့် ဒီက ကုသိုလ်နဲ့ ငြိမ်းတာပေါ့.... (မှန်ပါဘုရား)၊ မရဘူးလား....(ရပါတယ်ဘုရား)။

ဒီကနေ မဂ်ကုသိုလ်နဲ့ ငြိမ်းလိုက်မယ်ဆိုယင် ဒကာဒကာမ တို့၊ စတုဟာ ပါယေဟိစ ဝိပ္ပမုတ္တော= အပါယ်လေးပါးမှ လွတ်တယ်ကွ....လို့၊ ဘုရားက သေသေချာချာ မဟောဘူး လား....(ဟောပါတယ်ဘုရား)။

အဲဒီတော့ လွတ်တယ်ဆိုတာ သေသေချာချာ သိလျက် သားနဲ့ ခင်ဗျားတို့က မြန်မြန်လွတ်တာကြိုက်သလား၊နှေးနှေးမှ လွတ်တာ ကြိုက်သလား.... (မြန်မြန်လွတ်တာ ကြိုက်ပါ

http://www.dhammadownload.com



တယ်)၊ ကဲ...မြန်မြန်လုပ်ပါဗျ....(မှန်ပါ့)၊ မြန်မြန်လုပ်ပါလို့ ဆိုတာ သဘောပါကြပလား....(ပါပါပြီဘုရား)။

ကိုင်း....ဒါဟာ မြန်တဲ့အထဲမှာ ဘုန်းကြီးက ဒကာဒကာမ တွေကို မြန်သည်ထက် မြန်စေချင်လို့ ခင်ဗျားတို့ တိုက်တွန်း လုံးကလေးတစ်လုံးလဲ ပေးလိုက်ဦးမယ်နော်....(မှန်ပါ့ဘုရား)။

တိုက်တွန်းလုံးတစ်လုံးက ဒီလိုပါ၊ တိုက်တွန်းလုံးက ဒကာ ဒကာမတွေ ခင်ဗျားတို့ အမိဝမ်းခေါင်းထဲမှာ လူခန္ဓာရယ်လို့ ခန္ဓာငါးပါး ပဋိသန္ဓေနေလိုက်တယ်....(မှန်ပါ့)၊ လူတိုင်းပဲ ဒီလိုနေကြတာပေါ့ဗျာ....(မှန်ပါ့)။

အမိဝမ်းခေါင်းထဲ နေလိုက်တော့ ဒီအပေါ်မှာက ဇရာနဲ့ မရဏချွက်ပြီးသဏ္ဍာလ ကျုပ်တို့လာခဲ့ရတယ်....(မှန်ပါ့)၊ ဇရာ မရဏချွက်ပြီး ခန္ဓာက　လာခဲ့ရတယ်....　(မှန်လှပါ့ဘုရား)။ ဘသောကျပလား....(ကျပါပြီ)။

ဘာချွက်ပြီး လာခဲ့ရသလဲ....(ဇရာ မရဏချွက်ပြီး လာခဲ့ရပါ တယ်)၊ အဲ့....ဇရာမရဏချွက်လာတော့ နင့်အိုးဟဲ့- နင်သေဟဲ့ ဆိုတာ နဂိုတည်းက ပါလာတာ ဘယ်သူဖြုတ်လို့မှ မပြုတ် ဘူး....(မှန်ပ ါ)၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာချွက်ပြီး မွေးဖွားလာခဲ့ရသလဲ....(ဇရာ မရဏ ချွက်ပြီး မွေးဖွားလာခဲ့ရပါတယ်)၊ ဒါဖြင့် ဇရာ မရဏချွက်ပြီး မွေးဖွားလာတော့ ဇရာ မရဏနဲ့ အသက်ထွက်ရလိမ့်မယ်ဆိုတဲ့ ဥစ္စာက ဗေဒင်မမေးနဲ့တော့သေချာနေပြီ....(မှန်လှပါဘုရား)။

နဂိုကပါလာတာ....(မှန်ပါ့)၊ဟုတ်ပလား....(ဟုတ်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဆင်း....နဂိုကပါလာတော့ သတ်တော့ ဘယ်သူ သတ်မှာတုံး မေးလိုက်တော့....(ဇရာ မရဏ သတ်မှာပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ နဂိုက ပါလာတယ်....(မှန်ပါ)။ နဂိုက ပါလာတယ်၊ ဇရာပီ ဒုက္ခသစ္စာ၊ မရဏမှီ ဒုက္ခသစ္စာ–ဆိုတော့ ဟာ....ဒီဒုက္ခသစ္စာကြီးကော ဘယ်ကလာသတုံးဆိုတော့ အို....ခန္ဓာက ဒုက္ခသစ္စာမို့ ကျုပ်တို့ အတူတူ လိုက်လာတယ် ပြောတာပေါ့....(မှန်ပါဘုရား)။ ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာပေါ်မှာ ဒုက္ခနှစ်ခု ဆင့်ပြီး ပါမလာဘူးလား....(ပါ-ပါတယ်ဘုရား)၊ အဲ....ကျုပ်တို့ကအဖော်ချင်းမို့ လိုက်လာတာပဲတဲ့-(မှန်ပါ)၊ရိပ်မိပလား(ရိပ်မိပါပြီ)၊ ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)၊ သူ့အပေါ်မှာ ရှက်ထားတဲ့ ဇရာ မရဏကကော....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတို့၊ ခန္ဓာသည် ဘာရှက်ပြီး မွေးလာသတုံး....(ဒုက္ခသစ္စာရှက်ပြီး မွေးလာပါတယ်ဘုရား)၊ ဒုက္ခသစ္စာက ဒုက္ခသစ္စာရှက်ပြီး မွေးလာတယ်.... (မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ စီသုဒ္ဓိမဂ် အဋ္ဌကထာဆရာမျှားက ဒကာဒကာမတို့ မြေထဲပေါက်လာတဲ့ မှိုကလေးတွေ မြင်ဖူးပါလိမ့်မယ်....(မှန်ပါ)၊ မမြင်ဖူးဘူးလား.... (မြင်ဖူးပါတယ်ဘုရား)။

မြေထဲက ထိုးထွက်လာတဲ့ မှိုကလေးတွေလေ....(မှန်ပါ)၊အဲဒီမှို၏ ထိပ်ပေါ်မှာ ဒကာဒကာမတို့၊ စဉ်းစားကြည့်စမ်း၊ မြူ

http://www.dhammadownload.com



မှုန်မှု ပါပါ့မလား....(ပါ-ပါတယ်ဘုရား)၊ ဟယ်....ဘယ်နှယ် ကြောင့်ပါလာသလဲ.... (မြေထဲက လာလို့ပါ)၊ ဩော်....မြေ ထဲကလာတာ သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့က ဒုက္ခသစ္စာခန္ဓာကိုယ်ကြီး ရှိထားလို့ ဇာတိ ဒုက္ခထဲက ထိုးထွက်ခဲ့ရတော့ ဇရာမရဏ ဒုက္ခတွေဟာ ဒဏ္ဍာ ဒဏ္ဍာမတို့ ကြီးတဲ့အထဲ မြူမှုန်တွေပါလာတယ်....(မှန်ပါ့)၊ မပါဘူးလား၊ ပါသလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ခုနက မှိုကလေးဟာ ဒဏ္ဍာဒဏ္ဍာမတွေ သမင်၊ ဒရယ်၊ ချေ၊ ဆိုင်၊ ဆတ် တွေကလဲမစား၊ လူကလဲ မနုတ်ဘူးဆို လို့ရှိယင် သူ့ရှက်လာတဲ့ မြေ-ရေတွေက သူ့ကိုယ် အောက် ပြားကျသွားစေတယ်-(မှန်ပါ့)၊ သူယူလာတဲ့ ပိုးတွေက သူ့ ကိုစားတယ်—(မှန်ပါ့)၊ ပြားကျသွားတာပဲ-(မှန်ပါ့)၊မသေ ရဘူးလား....(သေပါတယ်ဘုရား)။

ဒီမှာ ခင်ဗျားတို့ ဘယ်သူကမှ ဓားနဲ့မခုတ်၊ တုတ်နဲ့မပစ် ဘဲနဲ့ ခင်ဗျားတို့ ယူလာတာနဲ့ ခင်ဗျားတို့ ပြားပြီးတော့ သေ ရလိမ့်မယ်-(မှန်ပါ့ဘုရား)၊သူများက မသတ်ရဘူး-(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ယူလာတာကို စိတ်ချလက်ချနဲ့နေဖို့ ရာလား၊ ကိုယ့်ဟာကိုယ် သေမင်းပါလာတာလား.... (ကိုယ့် ဟာနဲ့ကိုယ် သေမင်းပါလာတာပါဘုရား)၊ ဒါဖြင့် ဒီသေမင်း ကလဲ ခဲ့လို့ခွာလို့ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ဒဏ္ဍာ ဒဏ္ဍာမတို့၊ ဒီတစ်ခါ အသေခံပါကွာ.... နောက်တစ်ခါ အသေမခံဘူး ဆိုပြီးသကာလ ခိုခန္ဓာ မရ

http://www.dhammadownload.com



အောင်လုပ်မှသာလျှင် ဒီအပေါယ်ခလေ့ပါးတွေကလဲ ခန္ဓာ မရှိတော့ မီးတွေလဲ သူ့ဟာသူငြိမ်း၊ ဒယ်အိုး ပွက်ပွက်ဆူနေတာတွေလဲ သူ့ဟာသူသိမ်း၊ မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် ခန္ဓာမရမှ ချမ်းသာမယ်ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်ပါတယ်ဘုရား)၊ ခန္ဓာရယင် ဒါချည်းထွက်ပိုးလာဦးမှာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာဖြစ်ချင်သေးရဲ့လား.... (မဖြစ်ချင်ပါဘုရား)၊ ဖြစ်ချင်ယင် ဇရာမရဏရွက်ရလိမ့်မယ်·(မှန်ပါ့ဘုရား)၊သဘောကျပလား-(ကျပါပြီ)၊ ဟို-အမှု ဒီ-အမှုကော မရွက်ရပေဘူးလား-(ရွက်ရပါတယ်) ကဲ ...သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီဟာကလေးအလဲ တစ်နေ့တခြား သိမယ်ဆိုတာကော သေချာပလား-(သေချာပါပြီ)၊ အိုမှုကလဲ တစ်နေ့တခြား ဦးခေါင်းမောင် ထူးထူးလာတယ်-(မှန်ပါ)၊မျက်လုံးသွားပုံထူးတယ်၊ အခရေတွန့်လိုက်ပုံ- (ထူးပါတယ်ဘုရား)။

အာဖြစ်လို့တုံး သူသိလာတယ်.... (မှန်ပါ)၊ သိလာတယ်သဘောကျပြီနော်....(ကျပါပြီ)၊ အဲဒါ ဒီထက်မက သိလို့ရှိယင် ပြားပြီးသေရုံပဲ ရှိတော့တယ်....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဖြည်းဖြည်းလုပ်လို့ တော်ပါ့မလား၊ အသိက ခေစသွားလို့ရှိယင်ဖြင့် ခက်ရချေရဲ့-(မှန်ပါ)၊

http://www.dhammadownload.com



မခက်ပေဘူးလား.... (ခက်ပါတယ်)၊ ကဲ....ဒါဖြင့် ဘယ့်နှယ် လုပ်ကြမယ်.... (မြန်မြန်လုပ်ရပါမယ်ဘုရား)၊ အိမ်ပြန် မြန် သလောက်ကို မြန်မှနေရာကျမယ်....(မှန်ပါ)၊ တရားပွဲပြီးယင် အိမ်ပြန်ကျတော့ သိပ်တိုးတာ၊ ခင်ဗျားတို့က အဲဒီအိမ်ပြန် မြန်သည်ထက်ကို မြန်မှနေရာကျမယ်.... (မှန်ပါဘုရား)၊ ရိပ်မိ ပလား၊....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဧကာဒကာမတို့၊ အိမ်ပြန် မမြန်တာ ခင်ဗျားတို့ ကိစ္စမရှိပါဘူး၊ မရောက် မရှိပါဘူး၊ နောက်ကျတာနဲ့ အရင် ရောက်တာပဲ ကွာမှာပါပဲ....(မှန်ပါ)။

ဒီမရဏကဖြင့် ဧကာဒကာမတို့ နောက်ကျ အလျင်ကျ ရယ်လို့မရှိဘူး၊ သိချင်စရာအချိန် သိချင်လိုက်လို့ရှိယင် ကလေး ကလေးကလဲ သွားမှာပဲ–(မှန်ပါ)၊ လူလတ်ကလေးတွေကော (သွားပါတယ်ဘုရား)၊ အပျိုအရွယ် ကလေးတွေကော(သွား ပါတယ်ဘုရား)၊

အဲဒါကြောင့် သူက ဧ ါပြီးသားလဲဖြစ်နေတယ်၊ သတ်မယ် လို့ကလဲ သေချာပြီးသား ဖြစ်နေတယ်....(မှန်ပါဘုရား)၊ ဒါ မြန်မြန် သူမြန်မြန်မလုပ်ခင် ကျုပ်ညာဏ်က မြန်မြန် လုပ်ဖစ် လိုက်ပါ–(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီ)၊

ဘုန်းကြီးက ကပျာကယာ အလုပ်ခိုင်းနေတာလို့ ခင်ဗျား တို့က ထင်သလား၊ ခင်ဗျားတို့က ခန္ဓာကိုယ်က ကပျာကယာ လုပ်မှတော်မယ်လို့ဆိုတာကု အမှန်ထားပါ.... (မှန်ပါဘုရား)၊ ရှင်းပလား•(ရှင်းပါပြီ)၊ ခန္ဓာကိုယ်က ဘာခတုံး–(ကပျာကယာ လုပ်မှတော်မှာပါဘုရား)။

http://www.dhammadownload.com



ကပ္ပါကယာလုပ်မှုရမှာ၊ ခင်ဗျားတို့က သားကလေးကြီးမှ သမီးကလေး လူလားမြောက်မှု၊ နေရာချထားပြီးမှနဲ့ ဘာနဲ့ ဆင်ခြေတွေက လဲမနေနဲ့ -(မှန်ပါ့)၊ ဆင်ခြေတွေ လဲမနေနဲ့၊ လုံ့သရွေ့ အလွဲချည်းပဲဆိုတာ သေစသချာချာမှတ်ပါ(မှန်ပါ့-ဘုရား)၊ သဘောပါမလား....(ပါ-ပါပြီ)၊

ကိုဝ်း-ဒါဖြင့် ဒကာဒကာမတို့၊ သုံသိမ-ဆက်ကြပေတော့ မြန်မြန်လုပ်ကြပေတော့နော်....(မှန်ပါ့)၊ သုသိမ လုပ်နည်းကို မြန်မြန်လုပ်ကြစေတော့ ဦးခင်မောင်....(မှန်ပါ့)။

ရာဇဂြိုဟ်ပြည်မှာ ပရိဗိုဇ်ရဟန်း သုသိမ ဆိုတာရှိတယ်၊ ဒကာဒကာမတို့ ဘုရားလက်ထက်ကနော်-(မှန်ပါ့)၊ ရာဇဂြိုဟ် ပြည်မှာ ပရိဗိုဇ်ရဟန်း သုသိမ....ဆိုတာရှိတယ်၊ ခေါင်းဆောင် ကြီးပါတဲ့၊ တပည့်ပေါင်း ငါးရာတစ်ထောင်နဲ့ နေတာပေါ့၊ သူတို့ တပည့်ပေါင်း ငါးရာတစ်ထောင်နဲ့နေတဲ့ တိတ္ထိပရိဗိုဇ် တွေလဲ့ ဦးခင်မောင် ပုံလှိုပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ပုံနေတဲ့အထဲမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလဲ တိုးပြီးသကာလ ပွင့်ထွန်းပေါ်ပေါက်ပြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ဘုရားရယ်လို့ဖြစ်ပြီး သကာလ လာတော့ ဆန်ခိုးတွေကလဲပြ၊ နောက်ဆုံးပိဋကတ်ဘဝမို့ အကျိုးပေးတွေက လဲ သန်လိုက်တဲ့ဖြစ်ခြင်းဟာ ဦးခင်မောင် ပြောစရာမရှိဘူး ပေါ့ဗျာ....(မှန်လှပါဘုရား)။

နတ်တွေ ဗြဟ္မာတွေကလဲ လာကြ၊ အမျိုးမျိုး အဖုံဖုံ ပူဇော်ပသကြဆိုတော့ ဒီတန်ခိုးကြောင့်မဲ၊ ဪ....ဒီကိုယ်

http://www.dhammadownload.com



တောင်ကြီးမှ ဘုရားပဲဆိုတာ ဘုရားစစ်စစ်တွေ့ကြတယ်၊ နဂိုက တိတ္ထိတွေက ဘုရားလုပ်နေတာ....(မှန်ပါ)။

အဲဒီမှာ တွေ့ကြတဲ့အချိန်ကျတော့ ဘုရားစစ်ကို တွေ့တော့ ခုနက ဘုရားတုတွေက တန်ခိုးကလဲမပြနိုင်၊ အမှန်အမှားကိုလဲ မပြောနိုင်ဖြစ်ပြီး သဏ္ဍာလနေတော့၊ ဟန်ဆောင် ဘုရားတွေ ဖြစ်နေတော့ ဦးခင်မောင်ရေ လာဘ်သပ်ပစ္စည်းတွေ တစ်နေ့ တခြား နည်းပါးသွားတယ်....(မှန်ပါဘုရား)။

ဆွမ်း၊ ကွမ်း လောင်းမည့်သူမရှိ၊ အဲဒီတွင်မှ တိတ္ထိအစည်း အဝေးပွဲ ဖွင့်ပါတယ်၊ ပရိဗိုဇ်တွေ အစည်းအဝေး ဖွင့်ထယ်၊ ဟေ့....သုသိမ၊ လာဦးကွ....တို့မှာဖြင့် ရှမ်းကြီး ဂေါတမ ဘုရား သခင်ကိုယ်တော်မြတ်ကြီး ပေါ်လာကတည်းက ပိုးစုံနှံကြူး သဖွယ်ဖြစ်ပြီး နေလှုကြီးက ဖုံးသွားပြီကွ....စားရမဲ့၊ သောက် ရမဲ့၊ ဝတ်ရမဲ့ ဖြစ်ကုန်ပြီ။

အဲဒီတော့ တို့အထဲမှာတော့ မင်းပဲ ဗေဒင်လဲတတ်တယ်၊ ဉာဏ်လဲ ကောင်းတယ်၊ ဂေါတမဘုရားဆီသွားပြီး သကာလ မင်းသည်ကားလို့ဆိုယှင် ပညာသင်ပါ၊ ပညာသင်ပြီး တင်းပြန် လာခဲ့၊ ပြန်လာပြီးသဏ္ဍာလ တို့သိထားတဲ့ တရားနဲ့ မင်းယူ လာတဲ့တရားနဲ့တစ်ဝက်စီရောဟောရလို့ရှိယင် တို့လဲလာဘ်သပ် ပကာပေါမယ်၊ သဘောပေါက်ပလား....(ကျပါပြီဘုရား)။

ကောင်းတဲ့စိတ်လား.... မကောင်းတဲ့စိတ်လား အကဲခတ် ထမ်းပါဦး....(မကောင်းတဲ့စိတ်ပါဘုရား)။ မကောင်းတဲ့စိတ် ပေါ်လေ၊ လာဘ်ပေါချင်တာသာ ရှိတာကိုး၊ ကိလေသာ ခေါင်းပေါ်းချင်တာ ပါရဲ့လား....(မပါ၊ ပါဘုရား)။

http://www.dhammadownload.com



အေး....အဲဒီလို ဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေနဲ့ ခပ်ဆင်ဆင်ဖြစ်နေတယ် ဦးခင်မောင်.... (မှန်ပါ)၊ ဒကာဒကာမတွေက စီးပွားသာ ဖြစ်ချင်တာ၊ နိဗ္ဗာန် မရချင်ဘူး၊ ရိပ်မိပလား-(မှန်ပါ)၊တာကိုသာ ဖြစ်ချင်သတုံး.... (စီးပွားသာဖြစ်ချင်ပါတယ်ဘုရား)။

ဒါဖြင့် လာဘ်သာပေါချင်တာပေါ့ဗျ-သူဟာ....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီ)၊ အဲဒါ ဒကာ ဒကာမတွေ ဒါလဲ ကိလေသာ တံပ်ကြီးတစ်ခု ခံနေတယ်....လို့ မှတ်စမ်းပါနော်— (မှန်ပါ)။

ကိလေသာ မာရ်နတ်အပေါ့....(မှန်ပါ)၊ မာရ်နတ်ကတော့ ဆိုယ်ပါ၊တောင်ရှိတယ်၊ ရှည်နေမှာစိုးလို့ နောက်မှကြွံတဲ့ အခါခပြောမယ်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့၊ တိတ္ထိတွေမှာလဲ ဒီလိုဖြစ် ပြီး သကာလနေတော့ သုသိမ,ကသဲ ကဲ...ကိုယ့်အမျိုးသား ကယ်ဆယ်ရေးပဲ၊ အားလုံးပြတ်ဘောမယ်၊ ဝေ်တော့မယ်ဆို သဖြင့် သူ ကယ်ဆယ်မယ်၊ ဒါဖြင့် တရားဆီသွားပြီး ပညာ ခိုးမယ်၊ တရားခိုးမယ်ပေါ့ဗျာ....(မှန်ပါဘုရား)။

တရားခိုးမယ်ဆိုပြီးသကာလ တရားခိုးမယ်ကြံတော့ သူက လဲ ပညာသည်ဖြစ်ပြီးတော့ အတော်ဖါးတယ်၊ အရှင်သာရိ ပုတ္တရာနဲ့ ကပ်ဝင်ရမလား၊ အရှင်မောဂ္ဂလာန်နဲ့ ကပ်ဝင်ရ မလား၊ အရှင်ဥပါလိနဲ့ ကပ်ဝင်ရမလား၊ အရှင်ပုဏ္ဏနဲ့ ကပ် ဝင်ရမလား၊ သူက အကုန်သိနေတယ်နော်.... (မှန်ပါ)၊

http://www.dhammadownload.com



အို....ဘုရားနဲ့ အနီးကပ်ဆုံးက အရှင်အာနန္ဒာပဲ၊ သူ့ကို ကပ်ဝင်မှ နေရာကျမယ် ...(မှန်ပါ)၊ သူက အချိုးအတည့်ပါ ကလား ဦးခင်မောင်....(မှန်ပါဘုရား)။

အရှင်အာနန္ဒာကို ကပ်ပြီးဝင်မှ နေရာကျမယ်ဆိုပြီး အရှင် အာနန္ဒာဆီ သွားလိုက်ပါတယ်၊ အရှင်အာနန္ဒာ-အရှင်ဘုရား တို့ သာသနာ ကြည်ညိုလွန်းလို့ တပည့်တော်သည် သာသနာ တွင်းဝင်ပြီး သက်တာလ ရဟန်းလုပ်ချင်ပါတယ်တဲ့....(မှန်ပါ)။

သို့သော်....အရှင်အာနန္ဒာကတော့ အသိဉာဏ်တွေဘာတွေ မရတော့ ဦးခင်မောင် အကဲခတ် ခက်နေတယ်.... (မှန်ပါ ဘုရား)။ ဒကာဒကာမတွေ အရှင်အာနန္ဒာက ဘာဖြစ်နေသ လဲ- (အကဲခတ်ခက်နေတယ်)၊ တိတ္ထိမှာလဲ ခေါင်းဆောင်ထဲက၊ ဗေဒင်မှာလဲ သူက တစ်ဖက်ကမ်းခတ်အောင်တတ်တဲ့ ပုဂ္ဂိုလ်သဲ ဖြစ်တယ်၊ ဒီအထဲက တို့သာသနာ ကြည်ညိုပါတယ်ဆိုတော့ ဒါ.... ဟုတ်မှ ဟုတ်ပါ့မလား၊ သို့သော်လဲ ငါတော့ မရိပ်မိ ဘူးလေ.... ဘုရားဆီကျမှပဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြောသလို လိုက်နာရုံပဲဆိုပြီး သုသိမကို ဘုရားဆီခေါ်သွား တယ်၊ သုသိမပရိဗိုဇ်ကို ဘယ်ခေါ်သွားပါလိမ့်.... (ဘုရားဆီ ခေါ်သွားပါတယ်ဘုရား)၊

အဲ....ဘုရားဆီခေါ်သွားတဲ့ အခါကျတော့ အရှင်အာနန္ဒာ တပဲ လျှောက်လိုက်တယ်၊ ရှေ့ဆောင်လုပ်ပြီး "အရှင်ဘုရား ဟောဒီ သုသိမပရိဗိုဇ်က တပည့်တော်တို့ သာသနာ ကြည် ညိုလွန်းလို့ ဒီသာသနာတော်တွင်း ဝင်ပြီးသက်တာလ ပညာ

http://www.dhammadownload.com



တွေ့သမ်ပြီး တရားမမှုကြိုးစားပါရစေလို့ လျှောက်ပါတယ် ဘုရား''ဆိုတော့ သူသိမကို ဘုရားက နှစ်ချက်ကြည့်လိုက်တယ်၊ တကယ်ကြည်ညိုတာလား၊ တို့သာသနာကိုဆိုတော့ မကြည်ညိုဘူးဆိုတာ ပေါ်လာတယ် ဉာဏ်ထဲမှာ....(မှန်ပါ)။

ဘယ်လိုပေါ်ပါလိမ့်- (မကြည်ညိုဘူးဆိုတာပေါ်ပါတယ်ဘုရား)၊ မကြည်ညိုဘူး၊ တရားခိုးဖို့လာတာဆိုတာ တစ်ခါတည်း ဉာဏ်ထဲမှာပေါ်လာတယ်-(မှန်ပါ)၊ရှင်းပြီနော်- (ရှင်းပါပြီ)၊ သာသနာကြည်ညိုတာလား၊ မကြည်ညိုဘူးလား.... (မကြည်ညိုပါဘုရား)၊ မကြည်ညိုဘူး၊ တရား သူ ခိုးဖို့လာတယ်....(မှန်ပါဘုရား)၊ ဒါလဲ သိတယ်။

တစ်ခါ နောက်ထပ် ဆက်ပြီး၊သကာလ ဘုရားက ဦးခင်မောင် ကြည့်လိုက်ပြန်တယ်နော်....(မှန်ပါဘုရား)၊ ဩော်....ဒီပုဂ္ဂိုလ်ဟာ ခိုးရင်းမတ္တနဲ့ ရဟန္တာဖြစ်မှာပဲ....(မှန်ပါ)။

ခိုးရင်းမတ္တနဲ့ ကျင့်တော့မှာကိုး၊ ကျင့်စမ်းမယ်၊ သူကျင့်စမ်းယင် ရဟန္တာဖြစ်မှာပဲဆိုတော့ ဘယ်နှစ်ချက် မြင်သတုံး.... (နှစ်ချက်မြင်ပါတယ်)၊ ခိုးမှာဆိုတာလဲ သိပါတယ်- (မှန်ပါဘုရား)။

ဒကာဒကာမတွေ ခိုးမှာဆိုတာကော- (သိပါတယ်ဘုရား)၊ ခိုးရင်းမတ္တနဲ့ သူသည် ကျင့်တဲ့အတွက် ဘာဖြစ်မလဲ- (ရဟန္တာဖြစ်ပါမယ်ဘုရား)။

ကဲ....သောတာပန်၊သကဒါဂါမ်၊အနာဂါမ်မကဘူး ဒကာဒကာမတွေ ရဟန္တာဖြစ်မယ်—(မှန်ပါ)၊ဒါနဲ့ အရှင်အာနန္ဒာကို 'အာနန္ဒာ....သုသိမကို ရေချိုးပြီး ရဟန်းခံပေးလိုက်ကွ'။

http://www.dhammadownload.com



ဒီတော့ ခုနက သုသိမပရိဗိုဇ်က အကြံဖြင့်အောင်ပေါ့-လို့ ဦးခင်မောင် အောက်မေ့တယ်.... (မှန်ပါ့ဘုရား)၊ သူ....ခိုးဖို့ ဝတ္တုရားအချိန်ရောက်ပြီ ဆိုပြီးသကာသ သူ့စိတ်ထဲ ဝမ်းသာ တာက တစ်မျိုး၊ ဘုရားခွင့်ပေးလိုက်တာက တစ်မျိုး-(မှန်ပါ ဘုရား)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့....တဲ့၊ ခိုးတဲ့ပုဂ္ဂိုလ်တောင်မှ နိဗ္ဗာန်ဝင်နိုင်သေးတာ ဒီမှာ အလိုရှိလို့ ရတဲ့ ပုဂ္ဂိုလ်တွေ.... ရ,ရမယ်—(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊

အဲဒီတော့ ရ-ရမယ်ဆိုသော်ငြားလဲ ခင်ဗျားတို့က ဒီဟာက လုပ်ယူမှ ပေါ်ပသီကော ခေါ်ရာကို သန္နိဋ္ဌာန်ကောင်းနဲ့လိုက်မှ အကာသိကော ဖြစ်မှာကိုး-(မှန်ပါ့ဘုရား)၊ မလိုက်ယင်တော့- (မရပါဘုရား)။

အဲဒီတော့ ဒါဟာ ခင်ဗျားတို့ ဒီမူ သုံးခုကို မဖျက်ဘဲနဲ့ ဒကာ ဒကာမတို့ လုပ်ကြမယ်ဆိုယင်တော့ ခင်ဗျားတို့ဟာ ရမှာပဲ၊ ဟိုမှာ သူခိုးတောင် ရဟန္တာဖြစ်ဦးမှာကိုး....(မှန်ပါ)၊ ဟုတ်လား၊ ခင်ဗျားတို့က မခိုးလို့ပေါ့နေယင်လဲ မပြောတတ် ဘူးပေါ့လေ။

ဟိုပုဂ္ဂိုလ်ကတော့ အရေးတဲ့ကြီး ခိုးတာပဲ၊ သူက ဗိုလ်နင့် တွေဆိုယင် အကုန်မှတ်တယ်-ကိုမြရွှေရ၊ အရေးကြီးတာအကုန် မှတ်တယ်-(မှန်ပါ)၊ သဘောကျပလား.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ကုသိုလ်ဖြစ် နာနေတာလား၊ ကိုယ်ကိုယ် တိုင် နိဗ္ဗာန်လိုချင်တာလား၊ ပြောကြစမ်းပါဦး-(နိဗ္ဗာန်လိုချင်

http://www.dhammadownload.com



ထားပါဘုရား)၊ဟုတ်ကြရဲ့လား....ဟုတ်ယင်လဲ ဘုန်းကြီး အပင်ပန်းခံရတာ ဝန်မလေးပါဘူး....(မှန်ပါ့ဘုရား)။

ဟာ...တရားနာဘာ ကုသိုလ်ရတယ်ဟော့၊ ဒါ့လောက်နဲ့တော့ လာကိုမှလာနဲ့မကိုက်ဘူး ဒီဥစ္စာ–(မှန်ပါ့)၊ရိပ်မိပလား-(ရိပ်မိပါပြီဘုရား) အပါယ်တံခါးကိုယ့်ဟာကိုယ် ဖွင့်ထားတာကြီး၊ ပိတ်နည်းလာယူပါတယ်ဘုရား၊ ပိတ်နည်းအလုပ်ကိုပဲ လုပ်ပါမယ်ဆိုယင် နေ့တိုင်းလာကောင်းတယ်–(မှန်ပါ့ဘုရား)၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒါကြောင့် ယခုတော့ဖြင့် ဒကာဒကာမတွေ အရင်းအချာတွေလဲ ဖြစ်ပြီးနေတဲ့အတွက်တဲ့ နှစ်ပေါင်းများစွာလဲ.... ပြောဆိုလာဖို့အတွက် ဩော်....ကိုယ့်အရေးဟာ ကိုယ်လုပ်မှပြီးမယ်ဆိုတာ လူတိုင်း ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

ကိုယ့်အရေးကို အမေကလုပ်ပေးလို့ကော- (မရပါဘုရား)၊ မရဘူး၊ အဖေက လုပ်ပေးလို့ကော-(မရပါဘုရား)၊ ဆွေမျိုးဉာတကာက လုပ်ပေးလို့ကော.... (မရပါဘုရား)၊ ကိုယ့်ပဋိသန္ဓေ ပါ ဒါ ကိုယ့်ဝမ်းထဲက တန်းနေတာ ဘယ်သူကောလာဖြတ်လို့ရမှာတုံး....(မရပါဘုရား)။

ကိုယ့်ဝမ်းထဲကနေပြီး အပါယ်နဲ့ သွားဆက်လိုက်၊ ကိုယ့်ဝမ်းထဲကနေပြီး နတ်ပြည်နဲ့သွားဆက်လိုက်၊ ဒကာ ဒကာမတွေ-(မှန်ပါ့)၊ အမေနဲ့ဆက်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ကိုယ့်ဝမ်းထဲက ဖဋိသန္ဓေ ပါဒါက တဏှာ၊ ဥပါဒါန်၊ ကံ၊ နတ်ပြည်၊ ဇာတိ၊ ဒီလို သွားဆက်တယ်၊ တဏှာ၊ဥပါဒါန်၊ကံ

http://www.dhammadownload.com



အပါယ်လေးပါးဇာတိ သွားဆက်လိုက်တယ်-(မှန်ပါ့)၊ ကဲ.... အမေနဲ့ဆက်တာ ဟုတ်သေးရဲ့လား- (မဟုတ်ပါဘုရား)၊ ဟိုအလာလတ္တံ့ ဘဝနဲ့ချည်း မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား)။

အဲဒါကြောင့် ကိုယ့်အဆက်ကို ကိုယ်ဖြတ်မှ ဖြစ်မယ်.... (မှန်ပါ့ဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီ)၊ ဘာပါလိမ့် (ကိုယ့်အဆက်ကို ကိုယ်ဖြတ်မှဖြစ်ပါမယ်)၊ သဘောပါပြီနော် (ပါ့ပါပြီ)။

အဲဒီတွင် သုသိမ္ဘ ဘုရားဆီရောက်ပြီး သတောလ့ သွားတော့ သူက ချက်ကောင်းချောင်းနေတယ်၊ ဘုရားဆီမှာ ဘယ်ပုဂ္ဂိုလ်လာမတုံး၊ လာလို့ရှိယင် သူတို့ဆရာ၏ အကြီးဆုံးစကားဆိုတာတော့ ရှိမှာပဲ၊ အဲဒီ အကြီးဆုံးစကားကို မရရအောင် ဖမ်းမယ်၊ သူက တရားခိုးဖို့လဲ အရေးကြီးနေတာကိုး....(မှန်ပါ့)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူကသတိလစ်ပါ့မလား—(မလစ်ပါဘုရား)၊ခိုးမယ့်လူက လစ်စရာတော့မရှိဘူးပေါ့ဗျာ·(မှန်ပါ့)၊ကဲ....ဒါနဲ့ တစ်နေ့သဥ္ဇ နှစ်ရက်သုံးရက်နေတော့ ဒကာဒကာမတို့၊ သီတင်းကျွတ်တဲ့ အချိန်ကျတော့ ရဟန်းတွေက တောထဲမှာ ဝါတွင်းသုံးလ အားထုတ်ကြတာ ရဟန္တာဖြစ်ပြီးသကာလ ပြန်လာကြတယ်၊ ပြန်လာကြတဲ့ အခါကျလို့ရှိယင် ဘုရားကျောင်းတော်ဝင်ကြတဲ့အခါ အင်း....ကိုယ်တော်တွေ ထူးတယ်၊ တောကလာတဲ့ ကိုယ်တော်တွေ၊ ဒီကိုယ်တော်တွေ ဘုရားဆီဝင်ကြ

http://www.dhammadownload.com



စာယ်၊ အဲဒီမှာ စကားထူးတော့ ပါမှာပဲ၊ ငါ နောက်က လိုက်မှ တော်မယ်။

သူက တရားခိုးဖို့ပဲ အရေးကြီးနေတာပဲ—(မှန်ပါ့ဘုရား)၊ ဦးခင်မောင် ဘာအရေးကြီးနေတာလဲ....ခိုးဖို့ပဲ....(အရေးကြီးနေပါတယ်)၊ အဲဒီ အရေးကြီးပြီးသကာလ နေတာနဲ့ ဒကာဒကာမတို့ ကိုယ်တော်တွေစာ ကြွလာပြီးသကာလ ဘုရားဆီရောက်နေတယ်၊ သူကလဲ နောက်က ထိုင်စောင့်ပြီး ချောထိုင်နေတာပဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်နှယ်တုံး 'ခမနီယံ ယာပနီယံ' ဆိုဘဲ့အတိုင်း ကျန်းမာကြရဲ့လား ....၊ ချမ်းသာကြရဲ့လား၊ သူတော်ကောင်းတရားများ ဘယ်နှယ် များနေကြသတုံး၊ အို....တပည့်တော်တို့တော့ ပဋိသန္ဓေကုန်ပါပြီ ဘုရား။

ဒကာဒကာမတွေ ဘယ်လိုလျှောက်ပါလိမ့်.... (ပဋိသန္ဓေကုန်ပါပြီတဲ့)၊ ပဋိသန္ဓေ ကုန်တယ်ဆိုတာ တဏှာ, ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇာတိက ပဋိသန္ဓေမဟုတ်လား(မှန်ပါ့ ၊ဇာတိကုန်ပြီဆိုတော့ ဒါကုန်တဲ့အဓိပ္ပာယ် မသေချာဘူးလား -(သေချာပါတယ်ဘုရား)။

တဏှာ ဥပါဒါန် ကံကုန်ကတည်းက ဇာတိက ဘယ်နှယ်နေသလဲ -(ကုန်ပါတယ်)၊ အဲဒီတော့ တပည့်တော်တို့ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ၊ (ပဋိသန္ဓေကုန်ပါပြီဘုရား)၊ ကျင့်စရာကိစ္စတွေကလဲ ကျင့်ပြီးပါပြီ၊

ဒကာဒကာမတို့၊ ပဋိသန္ဓေလဲကုန်ပါပြီ–တဲ့၊ ကျင့်စရာကိစ္စတွေတော(ကျင့်ပြီးပါပြီတဲ့)၊အဲ့-အခု ဘုန်းကြီးဆီမှာ တရား

http://www.dhammadownload.com



နေကြတဲ့ ဒကာ ဒကာမတွေ....မသေမချင်း ကျင့်ရမယ်လို့ ဒီလို မအောက်မေ့ပါနဲ့-(မှန်ပါ)၊ ကျင့်စရာကုန်တဲ့ အခါ ကျတော့ သူကုန်ပါတယ်....(မှန်ပါ)၊ သွားလမ်းက လမ်းဆုံး ရှိတာကိုး၊ အစရှိတော့ အဆုံးရှိတယ်....(မှန်ပါ)။

ဒြေ....ဝိပဿနာဆိုတာ ဘယ်လိုများ လုပ်ရမှာပါလိမ့် မသေမချင်းပဲလား၊ မဟုတ်ပါဘူး ဒကာဒကာမတို့၊ ကျင့်စရာ ကုန်တဲ့အခါရှိပါသေးတယ်....(မှန်ပါဘုရား)၊မရှိပေဘူးလား-(ရှိပါတယ်ဘုရား)၊

'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ' ကရဏီယံ၊ ပြုဖွယ်ကိစ္စကို။ ကတံ၊ ပြုပြီးပြီ။ ဆိုလို့ရှိယင်နောက်က လိုက်စရာ လိုသေးသလား....(မလိုပါဘုရား)။

'နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ' တဲ့၊ တစ်ဆယ့် ခြောက်ချက်သော မဂ်ကိစ္စဟာ ဒကာဒကာမတို့၊ နောက်ထပ် ပေါ်ဖို့ လိုသေးသလား....(မလိုပါဘုရား)၊မဂ်ဆိုတာတစ်ကြိမ် ပေါ်ပြီး ပြီးကြတာပဲမဟုတ်လား....(မှန်ပါဘုရား)။

အဲဒါတွေကို ခုနက ရဟန္တာကြီးတွေက ရဟန္တာဖြစ်လာလို့ လျှောက်တဲ့အခါကျတော့ သူက အောက်မေ့တယ်၊ ပဋိသန္ဓေ နေမှု ကုန်ပြီလို့ပြောတယ်၊ ဒီကိုယ်တော်တွေ ပဋိသန္ဓေနေမှု ကုန်တယ်ဆိုလို့ရှိယင် နည်းတဲ့သတ္တိမဟုတ်ဘူး၊ သူ့အဒါလောက် တော့ နားလည်တယ်....(မှန်ပါဘုရား)။

ဒီလိုနားလည်ပြီးသကာလ ကိုယ်တော်တွေနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သာဓုအနုမောဒနာ ခေါ်တော်မူ ပြီ၊ ကဲ....အာဂန္တုဘေး ဝမ်းမြောက်စရာပဲ၊ ကိုယ့်ကိစ္စ ကိုယ်

http://www.dhammadownload.com



သိမ်းပြီး လာကြတဲ့အတွက် သိပ်ဝမ်းသာတယ် ဘုရားက....(မှန်ပါဘုရား)။

ဘုရားကတော့ သိပြီးသားကိုဗျ၊ ဒီတပည့်သားမြေးတွေကို အပါယ်သွားမည့်ကိစ္စတွေ၊ နောက်ပဋိသန္ဓေ နေရမည့် ဇာတိဒုက္ခတွေ သိမ်းလာတယ်ဆိုဘော့ အဖလုပ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝမ်းမသာပေဘူးလား....(သာပါတယ်ဘုရား)။

အဲဒီတော့ သူများ ဝမ်းသာတာထက် ကိုယ့်ဟာကိုယ် ဝမ်းသာနိုင်အောင် လုပ်ကြစမ်းပါ....(မှန်ပါဘုရား)၊သူများ ဝမ်းသာတာထက်....(ကိုယ့်ဟာကိုယ် ဝမ်းသာအောင် လုပ်ရပါမယ်)၊ လုပ်ကြစမ်းပါဆိုဘာ တိုက်တွန်းရမယ်။

ဘာ့ကြောင့်တုံးဆိုဘော့ ရာဇဝတ်မှ သူများက လွတ်လိမ့်မယ်ပြောတာနဲ့ ကိုယ့်ကိုယ်တိုင် ဒီကရိနားသောင်ပြီး လွတ်ရတာနဲ့ ဘယ်ဟာကဝမ်းသာသလဲ....(ကိုယ့်ကိုယ်တိုင် နားထောင်ရဘာက ဝမ်းသာပါတယ်ဘုရား)။

သူများကတော့ နားခံသာအောင်ပြောဘာ၊ လွတ်ပါလိမ့်မယ်ဆိုတာ မဟုတ်ဘူးလား....(မှန်ပါ)၊ကိုယ့်ကိုယ်တိုင် ဒီကရိနားထောင်လို့ လွတ်လာတဲ့ အခါကျတော့မှ ဒကာ ဒကာမတို့၊ သိပ်ဝမ်းသာရမယ် မဟုတ်လား....(မှန်ပါ)။

ဒီမှာလဲ ကိုယ့်ကိုယ်တိုင် မဂ်စစ်ပေါ်လာလို့ သိတဲ့အခါကျမှ ငါ အပါယ်သေးပါး လွတ်ပြီဆိုဘာ ကိုယ့်ကိုယ်တိုင် သိရတယ်....(မှန်ပါဘုရား)၊အဲဒီလိုကျတော့လုပ်မယ်ဆိုတဲ့အဓိပ္ပာယ်လဲ ရှင်းကြပလား.(ရှင်းပါပြီ)၊ ပေါ်ပြီနော်... (ပေါ်ပါပြီ)။

ကိုင်း....ဒုါဖြင့် ဒကာဒကာမတို့၊ သုံးသိမက ဗိရဟန်းတွေ ပြောတာ နားထောင်ပြီးသကာလ ရဟန်းတွေက ပဋိသန္ဓေ နေမှု ကုန်ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလဲ အကုန် ချောချော မောမော ပြီးပါပြီဘုရား နောက်ထပ်လဲ လုပ်စရာမရှိတော့ ပါဘူး။

ဒီလိုပြောတော့ သုသိမက ဩော်....ဒီကိုယ်တော်တွေဟာ သေသေချာချာ သူတို့နိဗ္ဗာန်ရတာပဲ၊ နိဗ္ဗာန်ရောက်တဲ့ ကိုယ် တော်တွေပဲလို့ သူသိတယ်။

သူသိတာနဲ့ ဦးခင်မောင်ရေ၊ ဒီကိုယ်တော်တွေကသဲ ဆိုင် ရာ ဆိုင်ရာ ကျောင်းကို ကြွကြွတာပေါ့ဗျာ၊ ဘုရားလျှောက် ထားပြီး ဘေးက ကျောင်းကို ကြွကြွတော့ ဒီ·ကြွရတဲ့ရဟန်း တွေနောက် လိုက်တာပဲ....(မှန်ပါ)။

ကြွရတဲ့ ရဟန္တာတွေနောက် လိုက်ပြီးသကာလ ရဟန္တာ တွေကာ ထိုင်ကာရှိသေးတယ်၊ အရှင်ဘုရားတို့.... အရှင်ဘုရား တို့ ဘုရားဆီလျှောက်ခဲ့တာ တပည့်တော်ကြားတယ်၊ ပဋိသန္ဓေ နေမှု ကုန်ပြီဆိုတော့ ရဟန္တာဖြစ်ပြီလို့ အရှင်ဘုရားတို့ ပြော တာပဲ၊ နောက်ထပ် လုပ်စရာကိစ္စလဲ မရှိဘူးလို့ အရှင်ဘုရားတို့ လျှောက်တယ်၊ အဲဒါလဲ တပည့်တော် ကြားတယ်၊ အဲဒါ အရှင်ဘုရားတို့ ရဟန္တာဖြစ်ပြီလို့ ဆိုတာ အရှင်ဘုရားတို့ လျှောက်တာပဲ၊ သူကရိပ်မိတယ်....(မှန်ပါ)။

အဲဒီတော့ အရှင်ဘုရားတို့ ရဟန္တာဖြစ်တာဟာ ကောင်း ကင်ပျံနိုင်ရဲ့လား၊ မေးတာဘ တလွဲဖြစ်နေတယ်....(မှန်ပါ)။ ရိပ်မိပလား... (မှန်ပါ)၊ ရဟန္တာဖြစ်တာနဲ့ ကောင်းကင်ပျံနိုင်

http://www.dhammadownload.com



တာနဲ့ တခြားစီပဲ....(မှန်ပါ)၊ ရဟန္တာဖြစ်တိုင်း ကောင်းကင် ပျံနိုင်တာမှမဟုတ်ဘဲ-(မှန်ပါဘုရား)၊ကောင်းကင်ပျံနိုင်တာ က ဈာန်လမ်းကမှ ပျံနိုင်တာ-(မှန်ပါ)၊ သဘောကျပြီလား-(ကျပါပြီဘုရား)၊

ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ ရေပေါ်မှာ လမ်းသွားနိုင်ရဲ့လားတဲ့၊ သူက ဈာန်လမ်းချည်း မေးတာပဲ....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ သူတစ်ပါးစိတ် သိရဲ့လားဆိုတော့အဘိညာဏ်လမ်းမေးလိုက်ပြန်တာယ်-(မှန်ပါဘုရား)၊ ဒိဗ္ဗစက္ခုဆိုတဲ့ ဉာဏ်နဲ့မြင်းမိုရ်တောင်ကြီးထဲမှာ ရှိတဲ့ သဲတွေ မြင်ရဲ့လား၊ ပတ္တမြားတွေ မြင်ပါရဲ့လား ဆိုတော့ ဈာန်လမ်းချည်း မေးချလိုက်တယ်....(မှန်ပါ)။

အဲဒီတော့ ဟို ကိုယ်တော်တွေက ရိပ်မိတယ်၊ ဩော်.... သုသိမ တယ်ခက်ပါကလား၊ တယ်ခက်ပါကလား တို့က ဝိပဿနာလမ်းနဲ့ ရဟန္တာဖြစ်လာတာ၊ သူက ဈာန်လမ်း၊ နိဗ္ဗာန်မရောက်တဲ့လမ်းနဲ့ သူက လှမ်းမေးနေတယ်ဆိုတော့ ဟို ကိုယ်တော်တွေက တိုတိုပဲ ပြေလိုက်တယ်။

'ပညာဝိမုတ္တာ မယံ သုသိမ'-သုသိမ၊ သုသိမပရိဗိုဇ်၊ မယံ၊ ငါတို့သည်။ ပညာဝိမုတ္တာ၊ ပညာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရခဲ့တယ်....(သို့မဟုတ်)၊ ကိလေသာမှလွတ်ခဲ့ဘယ်၊ ပညာဘစ်လုံးတည်းနဲ့ ရခဲ့တယ်၊ ဈာန်မပါဘူးလို့ ပြောချလိုက်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာတဲ့တုံး-(ပညာနဲ့ ရဟန္တာဖြစ်ခဲ့ပါတယ်)၊ ခုနက တရားပြန်ကောက်လိုက်တော့မကိုက်ဘူးလား-(မှန်ပါ)၊ဒါကဖြစ်ပျက်၊

http://www.dhammadownload.com



ဟောဒီကမင်္ဂ....ဆိုတော့ ပညာဖြစ်နေတယ်....(မှန်ပါဘုရား)၊ ဒီက အကာလိကော- အခါမလင့် အကျိုးပေးတယ်ဆိုတော့ မဂ်က သတ်ပစ်လိုက်ပြီဆိုတော့ ဒါ-ရဟန္တာဖြစ်တော့တာပေါ့....(မှန်ပါ)၊ မဖြစ်သေးဘူးလား.... (ဖြစ်ပါပြီဘုရား)။

အဲဒီတော့ ဟိုကိုယ်တော်တွေက 'ပညာဝိမုတ္တာ မယံ သုသိမ' သုသိမ၊ သုသိမပရိဗိုဇ်။ မယံ၊ ငါတို့သည်။ ပညာဝိမုတ္တာ၊ ပညာနဲ့ ကိလေသာတို့မှ လွတ်တယ်၊ သဘောကျပြီလား.... (ကျပါပြီ)။

အဲဒီမှာ အဋ္ဌကထာဆရာက သုသိမ နိဗ္ဗာနကာ၊ ငါတို့မှာ စျာန် မရှိပါဘူးကွာ၊ သုက္ခဝိပဿကာ....တဲ့၊ စျာန်ဆိုယင် နည်းနည်းမှ ဝမ်းထဲမှာမရှိဘူး.... စျာန်ခြောက်ပါတယ်....တဲ့ သဘောကျပလား....(ကျပါပြီ)။

ပညာမှုတ္တေနေဝ ဝိမုတ္တာ၊ ပညာနဲ့သာ၊ ကိလေသာမှလွတ်လာခဲ့တာပါ၊ စျာန်ကိုမပါခဲ့ပါဘူးတဲ့၊ ဒါ-ဟိုကိုယ်တော်တွေ ပြောတာ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ပညာနဲ့ဝိပဿနာ ရှုပြီးသကာလ ငါတို့ ရဟန္တာအဖြစ်သို့ ရောက်လာခဲ့ပါတယ်ကွာ။ စျာန်မပါ-ပါဘူး၊ နိဗ္ဗာနကာ၊ သုက္ခဝိပဿနာလို့ ဖွင့်လိုက်ပါတယ်။ အဋ္ဌကထာဆရာတွေက နိဗ္ဗာနကာ ဆိုတာ စျာန်မရှိဘူး၊ သုက္ခဝိပဿကာ ဆိုတာ စျာန်ခြောက်ပါတယ်လို့ ပြတာ၊ ပညာမတ္တေနေဝ ဝိမုတ္တာ၊ ပညာနဲ့သာလျှင်။ ကိလေသာမှလွတ်ပြီး နိဗ္ဗာန်ရောက်ခဲ့တာပါ (မှန်လှပါဘုရား)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

http://www.dhammadownload.com



ဘာနဲ့ နိဗ္ဗာန်ရောက်ခဲ့သလဲ.... (ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ်)၊ ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဟိုက ပြောတာတောင့်.... ဦးခင်မောင်....အရှင်းသားပဲ....(မှန်ပါဘုရား)၊ ဒကာသစ် ဘယ့်နှယ်တုံး.... (ပြောတာက ရှင်းပါတယ်ဘုရား)၊ ရှင်းပြီနော်....ကိုမြရွှေတို့ ဦးဇံရင်တို့ကော...(ရှင်းပါပြီဘုရား)။

ပြောတာကလဲ ရှင်းလိုက်တာ၊ ပညာနဲ့ သူ ကိလေသာမှ လွတ်ခဲ့တယ်-(မှန်ပါ)၊ ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ် ပညာနဲ့ ကိလေသာတွေ ချုပ်ငြိမ်းရုပ်သိမ်းပြီး နိဗ္ဗာန်ရောက်ခဲ့တယ် ပြောတာမဲ့....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူကတော့ ကျေနပ်ရဲ့လား....(မကျေနပ်ပါဘုရား)၊ ဘာကျေနပ်မတုံး ဦးခင်မောင်ရေ ဘာမှမပါတဲ့လူက အရမ်းမေးတာကြီးပဲ....(မှန်ပါ)၊ သမထလဲ မလုပ်ဖူးဘူးဗျာ၊ ဝိပဿနာကော....(မလုပ်ဖူးပါဘုရား)၊မလုပ်ဖူးဘဲနဲ့ဆိုတော့ သူ့သဘောကျနိုင်ပါ့မလား-(မကျနိုင်ပါဘုရား)၊ ဟိုရဟန္တာတွေ ပြောတာက မှားသလား -မှန်သလား....(မှန်ပါတယ်ဘုရား)။

ပညာဝိမုတ္တာ မယံ သုသိမ ကိုး-(မှန်ပါ)၊ အဋ္ဌကထာဆရာကလဲ သုသိမ မယံ နိဗ္ဗာနကာ၊ ဈာန်မပါ ပါဘူးကွ၊ သုက္ခဝိပဿကာတွေ၊ ဈာန်ကိုခြောက်နေပါတယ်၊ ပညာမတွေနေဝဝိမုတ္တာ၊ ပညာတစ်ခုတည်းနဲ့ နိဗ္ဗာါရလာတာပါ....(မှန်ပါ)၊ ဒါ အဋ္ဌကထာဆရာက ပြောလိုက်တယ်.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဓိရဟန္တာတွေက ဖြေတာကို အကျယ်ဖြေလိုက်တာပါပဲ ... (မှန်ပါ)၊ ဓိလိုဖြေလိုက်တော့ ဒကာဒကာမတို့ သုသိမ-က သဘောမကျဘဲ ဖြစ်နေတယ်-(မှန်ပါ)၊ ဘယ်သူက သဘောမကျသတုံး-(သုသိမ-က သဘောမကျတာပါ)၊သိလို့သဘောမကျလာတာလား....၊ မသိလို့ သဘောမကျတာလား.... (မသိလို့ သဘောမကျတာပါဘုရား)၊ မသိလို့ သဘောမကျတာ အင်မတန်ခက်တယ်-(မှန်ပါ)၊ ရှင်းပလှား ဒကာဒကာမတို့- (မှန်ပါဘုရား)။

သမထလဲ မသိတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာလဲ မသိတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာနဲ့ လွတ်လာပါတယ် ပြောတော့ သူသိပါဦးမလား ဦးခင်မောင်....(မသိပါဘုရား)၊ နဂိုကမှ သမထဝိပဿနာ မကျွဲတဲ့ ပုဂ္ဂိုလ်ကိုး....(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ ဘယ်လိုမှတ်ကြမယ်....(နဂိုကမှ သမထဝိပဿနာမသိတဲ့ပုဂ္ဂိုလ်ပါဘုရား)၊ အဲဒီတော့ ဝိပဿနာပညာနဲ့ ကိလေသာမှလွတ်ပြီး နိဗ္ဗာန်ရောက်ခဲ့ပါတယ်လို့ သေသေချာချာပြောပြတာ သူက ကျေနပ်ပါရဲ့လား....(မကျေနပ်ပါဘုရား)။

မကျေနပ်တော့ရဟန္တာကြီးတွေကိုသူကလျှောက်ပြန်တယ်၊ အရှင်ဘုရားတို့ ရှင်းပါဦးဘုရား....၊ တပည့်တော်တော့ဖြင့် အရှင်ဘုရားတို့ပြောတဲ့ စကား အင်မတန်ကျဉ်းနေတဲ့အတွက် ရှင်းဖို့ရန်အကြောင်းကို အရှင်ဘုရားတို့ သည်းခံပြီးသကာလ တပည့်တော်ကို ရှင်းပါဦးဆိုတော့ ရဟန္တာတွေကရိပ်မိတယ်၊ ဘာမှ နားမလည်တဲ့လူ ဘာနဲ့ရှင်းရမှန်းမသိဘူး.... (မှန်ပါ)၊

http://www.dhammadownload.com



ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ဘာမှနားမလည်တဲ့ ပုဂ္ဂိုလ်ဟာ (ဘာနဲ့ရှင်းရမှန်းမှသိပါဘုရား)။

ဘာနဲ့ရှင်းရမှန်း မသိဘူးဆိုတော့ကွာ၊ကဲ....မင်းနားလည်ချင်လဲလည်တော့၊ မလည်ချင်လဲနေတော့လို့ ရဟန္တာတွေက ပြန်ပြောတယ်....(မှန်ပါ)၊ ရိပ်မိပလား–(ရိပ်မိပါပြီဘုရား)

မင်းနားလည်ချင်လဲ လည်တော့၊ မလည်ချင်လဲ နေတော့တို့တော့ဖြင့် ပညာဆိုတဲ့ ဝိပဿနာနဲ့ ရဟန္တာဖြစ်ခဲ့တယ်၊ ဒါပဲပြောလိုက်တယ်–(မှန်ပါ)၊ သူတို့ဖြစ်တာတော့ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ သူဘုရားဆီသွားလိမ့်ဦးမယ် ဒကာဒကာမတို့၊ ဒီသူသိမ မကျေနပ်ဘူး-(မှန်ပါ)၊မကျေနပ်ဘူး၊ နားမလည်လို့ မကျေနပ်တာ....(မှန်ပါဘုရား)။

သို့သော် သူမကျေနပ်တာ အသာထား၊ ခင်ဗျားတို့ ဒီပညာတစ်လုံးအည်းနဲ့ မဂ်ရတယ်ဆိုတာကော သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားဆီ မသွားနိုင်ဘူး၊ နာရီက စေ့လို့....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် ယခုနေ့ ဒီတွင် သိမ်းကြဦးစို့။

သာဓု....သာဓု....သာဓု....

❁

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊
မန္တလေးမြို့၊ ဦးချစ်ဆွေဓမ္မာရုံ၌
ဟောကြားတော်မူသော

(ခန္ဓာဝန်ထမ်း ခရီးကြမ်း)

## (သွားရပုံတရားတော်)

(၇-၃-၆၁)

ခန္ဓာဝန်ကြီး ထမ်းပြီးသကာလ အခု သုံးဆယ့်တစ်ဘုံမှာ လည်နေရတယ်နော်-(မှန်ပါ)၊ခန္ဓာဝန်ကြီးထမ်းပြီး ဘယ်များ လည်နေရပါလိမ့်.... (သုံးဆယ့်တစ်ဘုံလှည့်နေပါတယ်ဘုရား)။ သုံးဆယ့်တစ်ဘုံမှာ လည်နေရတယ်ဆိုတဲ့ဥစ္စာ ဇကာဇတာမတို့၊ ခန္ဓာအိမ်ကြီးက ခန္ဓာဝန်ထုပ်ကြီးလို့ မှတ်ထားလိုက်စမ်းပါ နော်....(မှန်ပါဘုရား)။

ကိုယ့်နာမည်ကလေးတွေ၊ ကိုယ့်နာမည် ကလေးတွေက အထမ်းသမားလို့ နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကလေးတွေက အထမ်း သမားလို့မှတ်ထားစမ်းနော်-(မှန်ပါဘုရား)၊ ခန္ဓာကိုယ်ကြီးက

http://www.dhammadownload.com



ဘာပါလိမ့်....(ဝန်ထုပ်ကြီးပါဘုရား)၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က....(အထမ်းသမားပါဘုရား)။

အဲ့ဒီ အထမ်းသမားကို ဒကာ ဒကာမတွေက ဗြော်....မိမိ ခန္ဓာဝန်ကြီးလဲ မိမိနာမည်ရှိတဲ့ ပုဂ္ဂိုလ်က ထမ်းပြီးသကာလ နေတုန်းမှာ ဝန်ထုပ်ပေးတာ ဘယ်သူပါလိမ့်မှတုံးလို့ မေးတဲ့ အခါကျတော့မှ ဗြော်....တဏှာက ထပ်ထပ်ပြီး တင်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဒါဖြင့် တဏှာက ဝန်တင်သမားပေါ့.... (မှန်ပါဘုရား)၊ ဘယ်လိုမှတ်ကြမယ်....(တဏှာက ဝန်တင်သမားပါဘုရား)။

ဗြော်....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကိုယ့်ခန္ဓာကြီးက ဝန်ထုပ်ကြီး၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမား နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမားမှာ တဏှာတည်းဟူသော ဝမ်းထဲမှာရှိတဲ့ ကိလေသာ သား၊ ဝန်ကလေး တင်ပေးလိုက်၊ သမီးဝန်ကလေး တင်ပေးလိုက်၊ ဒီအားမေ့ အဖေကပဲ ထမ်းရပြန်တယ်ဆိုတော့ ဝန်တင်ပေးသမား ဒကာဒကာမတို့၊ စဉ်းစားကြည့်စမ်းတဲ့၊ သနားတတ်တဲ့လူလား၊ မသနားတတ်တဲ့ပုဂ္ဂိုလ်လား ဆိုတာလဲ အကဲခတ်ရမယ်.... (မသနားတတ်တဲ့ လူပါဘုရား)၊ မသနားတတ်တဲ့တရား....(မှန်ပါ)၊ဘယ်သူပါလိမ့်....မသနားတတ်တဲ့တရား....(တဏှာပါဘုရား)၊ တဏှာ၊ လောဘဆိုတာ သဘောကျကြပလား....(ကျပါပြီ)၊

အဲဒီတော့ ဒီဒကာဒကာမတွေက ကိုယ့်ခန္ဓာဝန်ကြီးကိုလဲ ထမ်းရပြန်၊ ကိုယ့်ခန္ဓာဝန်ကြီးကို နာမည်ရှိတဲ့ ပုဂ္ဂိုလ်တွေက မည်သူမည်ဝါဆိုတဲ့ပုဂ္ဂိုလ်တွေကထမ်း၊ ကိုယ့်ဝန်ထုပ်ကြီးကလဲ တစ်ခနတခြား မထမ်းနိုင်တဲ့ အခြေအနေ ရောက်အောင်

http://www.dhammadownload.com



တစ်နေ့တခြား လေးလေး, လေးလေးလာပါတယ်၊ ပိုတော့ ထမ်းနိုင်ကြသေးရဲ့လား....(မထမ်းနိုင်ပါဘုရား)။

မထမ်းနိုင်လေ ဒကာဒကာမတွေမှာ သား, သမီး, မြေး, မြစ် ကျအောင်ပွားလေလေလဆိုယင်ကော လွှဲပါမလား....(မလွှဲပါဘုရား)၊ သားသမီးက မြေး,မြစ်ကျလေ....(ပွားလေလေပါဘုရား)၊ အဲဒီဟာတွေပဲ့ ဘယ်သူက ထမ်းပါလိမ့်မလဲလို့မေးတဲ့ အခါကျတော့ ဒီဝန်ထမ်းသမားကပဲ ထမ်းတာပါပဲ-(မှန်ပါဘုရား)။

ဒကာဒကာမတွေ ဘယ်သူထမ်းပါလိမ့်-(ဝန်ထမ်းသမားက ထမ်းပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ဟာ နဂိုက ကိုယ့်ဝန်ကြီးက လေးရတဲ့အထဲမှာ သားဝန်, သမီးဝန်, ဆွေဝန်, မျိုးဝန်, မင်းဝန်, စိုးဝန်တွေကလဲ ဒကာဒကာမတွေက မထမ်းရဘူးလား....(ထမ်းရပါတယ်ဘုရား)၊

ဝန်ထုပ်ပေါင်း ဘယ်လောက်တုံးလို့ မေးယင် ဘယ့်နှယ်ပြောမလဲ—(မရေတွက်နိုင်ပါဘုရား)၊ ဦးဝ-မရေတွက်နိုင်ဘူးဆိုဘာသသချာတယ်နော် -(သေချာပါတယ်ဘုရား)၊မရေတွက်နိုင်တဲ့ ဝန်ထုပ်တွေကို ဒကာ ဒကာမတွေ ငယ်ငယ်တုန်းက ဒီလောက်များသလား၊ ကြီးမှ များသလား-(ကြီးမှများပါတယ်ဘုရား)။

ရှေ-ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဒကာဒကာမတွေ စဉ်းစားကြကြပါတော့၊ မထမ်းနိုင်တဲ့ အချိန်မှာ ဝန်ထုပ် များနေပါကလား-(မှန်ပါဘုရား)၊ဘယ်လိုပါလိမ့်—(မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်များနေပါတယ်ဘုရား)။

http://www.dhammadownload.com



မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်တွေဟာ တစ်ခါတည်း သား ဝန်လဲ အို–ငါပဲ ရွက်ဆောင်ရမှာပဲ၊ သမီးတာဝန်လဲ ငါပဲ ရွက်ဆောင်ရမှာပဲ၊ မြေးတာဝန်တော– (ငါပဲ ရွက်ဆောင်ရ မှာပဲ)။

မြေးက မြစ်ကလေးတွေ ကျအောင် မိမိဟာ အသက်ရှည် နေပြန်တော့ကော–(မိမိပဲ ထမ်းရမှာပဲ)၊ ကိုယ်ပဲ ထမ်းရမယ် ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)၊ ဒြေဒ်–ဒကာဒကာမတို့ ဉာဏ်နဲ့ ကြည့်စမ်းပါ၊ ဉာဏ်နဲ့ ကြည့် စမ်းပါ၊ကိုယ့်ဝန်ထုပ်ကိုယ်နဲ့မျှရဲ့လား–(မမျှပါဘုရား)၊ မမျှတဲ့ အခါမှာ တစ်ခါတလေ ညများ နဖူးပေါ် လက်တင်ပြီး ဝန်များလေးပြီး ခက်ပါသေးရဲ့များ ညည်းလုံးများ ထုတ်နေ သေးတယ် - (မှန်ပါ ဘုရား)၊ ဘယ်နှယ်ကြောင့် ညည်းလုံး ထုတ်နေတာတုံးလို့ မေးလို့ရှိယင်ဖြင့် ဦးခင်မောင်ရေ–ဝန်ထုပ် လေးလွန်းလို့....((မှန်ပါဘုရား)၊

ဒကာ ဒကာမတွေ ညကျယင် နဖူးပေါ် လက်တင်ပြီး စဉ်းစားတဲ့အခါ သားအတွက်ကလဲ ဝန်ကြီးလိုက်တာ၊ သမီး အတွက်ဟာ ဝန်ကြီးလိုက်တာ၊ သူက မွေးဖွားလာတာတွေက ဝန်ကြီးလိုက်တာ၊ တစ်ခါ အမြတ်တော်ကြီး ဥပစာခွန် အစ ရှိထည်တွေ ဗီဝန်တွေကလဲ ထမ်းပြီးသတာလ နေပြန်တော့ တွေးလေတွေးလေ ဝန်ကြီးဟာ လေးလေးလာတော့ အသက် ရှူတောင် မမှန်အောင် လေးတယ်....(မှန်ပါဘုရား)၊မှလေး ကြဘူးလား....(လေးပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ဒကာဒကာမတွေ စဉ်းစားပါသား၊ ဩော်.... သိသရာ့ခရီးသည် ဝန်ထမ်းသမားမှာ ဝန်သေးသေးထမ်းရတာလား၊ ကြီးကြီးထမ်းရတာလား-(ကြီးကြီးထမ်းရတာပါဘုရား)၊ ကြီးကြီးထမ်းရတယ်နော်-(မှန်ပါ)၊ အဲဒီတော့ ဒကာ ဒကာမတွေက မသိလို့ တကျာက မြေးကလေး လာပြန်လဲ အို...မင်းပဲ တာဝန်ယူလိုက်သေ၊ မြေးကမွေးသာဘဲ မြစ်ကလေးကျအောင် ကိုယ်က အသက်ရှည်နေတယ်၊ ကိုယ်ကပဲ တာဝန်ယူတယ်....(မှန်ပါ)။

ဒကာဒကာမတွေ သနားတဲ့သဘောမျိုး ပါရဲ့လား... (မပါ ပါဘုရား)၊ ခင်ဗျားတို့ကလဲ တကျာတည်းဟူသောတရားကို ငါ့ကို ဝန်ထုပ်တင်ပေးနေတဲ့ ပုဂ္ဂိုလ်ဘစ်ယောက်ပါလား ဆိုပြီး သကာလ မင်းနဲ့ ငါမပေါင်းဘူးဆိုတဲ့ ဉာဏ်က မလာဘူး၊ သူတင်ပေးတာကို ဟုတ်မ....ဆိုပြီး ထမ်းနေတာသာ မျှားဘယ်....(မှန်ပါဘုရား)၊ မဆိုးရွားဘူးလား- (ဆိုးရွားပါတယ်ဘုရား)။

ဒါနဲ့ ဒကာဒကာမတွေ အချို့သေသွားတဲ့ အခါကျတော့ အမေ့ဆိုက်ပြီး တစ်ခါ သားစိတ်မချ၊ သမီးစိတ်မချ၊ ပစ္စည်းစိတ်မချ ဝန်တွေပိုပြီး သေသွားကြတဲ့ပုဂ္ဂိုလ် ဒကာသစ် အစ်မတန် မများဘူးလား .... (များပါတယ်ဘုရား)၊ ဒါဖြင့် ဝန်ပိသေတဲ့ပုဂ္ဂိုလ် ကောင်းရာသုဂတိ လားနိုင်ပါမလားလို့ မေးကြည့်စမ်းပါဦး....(မလားနိုင်ပါဘုရား)၊

ဩော်....ဒီအထဲကလဲ ခင်ဗျားတို့က ခုထက်ထိပဲကိုယ့်သား သမီးမရှိလို့ရှိယင် သူများသားသမီးမွေးစားချင်၊ ဝန်ထုပ်တစ်ခု

http://www.dhammadownload.com



လျှော့တယ်ထင်လို့ ထပ်တင်ပြီး ထမ်းချင်တဲ့ အခိပ္ပာယ်တွေကလဲ မပါဘူးလား-(ပါ-ပါတယ်ဘုရား)။

အဲဒါ တဏှာကပြောသရွေ့ ခင်ဗျားတို့ကလဲ အယုံအကြည်ရှိပြီးသကာလ သေချင်းဆိုး သေချင်လို့ ဒါလှောက်တောင်တဏှာပြောတာ နားထောင်တာလားလို့ ဒကာသစ် မေးဖို့ကောင်းတယ်-(ကောင်းပါတယ်ဘုရား)၊ မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့၊ ခင်ဗျားတို့ထမ်းရတဲ့ ဝန်ထုပ်ပေါင်းက ရေတွက်နိုင်သေးရဲ့လား....(မရေတွက်နိုင်ပါဘုရား)၊ အထမ်းသမားက ဘယ်သူပါလိမ့်ဗျာ .... (တဏှာပါဘုရား)၊ အထမ်းသမားက ဒကာဒကာမတွေ-(မှန်ပါ)။

အဲဒီ ထမ်းတာ ထမ်းရပါစေတော့၊ ဝန်ထုပ်တွေကလဲကြီးလိုက်တာ၊ များလိုက်တာကလဲ ပုံနေတာပဲ ဆိုတာလဲရှိပါစေတော့၊ ဘယ်လမ်းကို အထမ်းခိုင်းသတုံးလို့ မေးတဲ့အခါကျတော့ ဒီကနေ ချေးချီ-ချေးချီကနေပြီး သကာလအမျိုးမျိုးအဖုံဖုံ ကိုယ့်အရောင်းဝယ်ရှိတဲ့ ဆီသွားကြတော့လမ်းမှာလဲ ဒကာဒကာမတို့ လေပူ၊ နေပူ၊ အညှော်တွေ၊ မိုးတွေ၊ မြူတွေ၊ ပိုးကောင်တွေ မရှိတော့ဘူးလားဗျာ-(ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတို့၊ ဝန်ထုပ်ထမ်းရတာကလဲကြီးပြန်၊ ၅၆-ပါး လမ်းကြမ်းလဲသွားရပြန်-(မှန်လှပါဘုရား)၊ ဘယ်လိုမှတ်ကြမယ်-(ဝန်ထုပ်ထမ်းရတာလဲကြီးပြန်၊ ၅၆-ပါးလမ်းကြမ်းလဲ့ သွားရပြန်ပါဘုရား)။

http://www.dhammadownload.com



ဝန်ထုပ်က အင်မတန်ကြီးပါတယ်ဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)၊ ဝန်ထမ်းရတဲ့လူက ထမ်းတဲ့ဝန်ထုပ်နဲ့ ဒကာဒကာမတို့၊ ထမ်းတဲ့ဝန်ထုပ်နဲ့ကော မျှပါရဲ့လား....(မမျှပါဘုရား)၊ဒီအထဲ ၉၆-ပါး လမ်းကြမ်းမှာ အထမ်းခိုင်းတာ— (မှန်ပါ့ဘုရား)။

ဒီကခနပြီး ဒကာ ဒကာမတို့ အိမ်က လာခဲ့ရတယ်ဆို လမ်းမှာ ကားတွေရှောင်ခဲ့ရတာနဲ့၊ ခလုတ်ကန်သင်းတွေကြည့်ပြီး လာခဲ့ရတာနဲ့ အောက်က မြေခိုးတွေမှုတ်တာကို ကြည့်ပြီး သကာလ လာခဲ့ရတာနဲ့၊ အပေါ်က အပူရှိန်တွေ လှမ်းမိုးနေတဲ့ကာလဲ ၉၆-ပါး လမ်းကြမ်းထဲမှာ မဆံ့မပြဲ ဝန်တွေ ထမ်းပြီးသကာလ ဒကာဒကာမတို့၊ သွားနေရလို့ဟာ ယနေ့ စဉ်းစားကြည့်စမ်းပါ၊ သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

လမ်းက ဘာလမ်းတဲ့-(၉၆ ပါးလမ်းပါဘုရား)၊ ၉၆-ပါး လမ်းကြမ်း .... (မှန်ပါ့ဘုရား)၊ သံသရာခရီးသည်က ဝန်ထုပ်သမား-(မှန်လှပါဘုရား)၊ ခန္ဓာငါးပါးကြီးက ဝန်ထုပ်ကြီး.... (မှန်ပါ့)၊ နောက် ဒီခန္ဓာငါးပါးကြီးအပေါ်၌ သားသမီးဆွေမျိုးဉာတကာတွေကိုလဲ ကိုယ်က ပေးချင်ကမ်းချင် လုပ်ဆောင်ထိုးချင်တဲ့စိတ်ကရှိပြန်တော့ ဝန်ထုပ်ဘေ့က ဆက်မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဝန်ထုပ်တွေကလဲ များပြန် ဒကာ ဒကာမတို့၊ ၉၆-ပါးလမ်းကြမ်းလဲ အသွားခိုင်းပြန်၊ စီးပွားအရှာခိုင်းတယ်

http://www.dhammadownload.com



ဆိုတဲ့ မှတ်လိုက်စမ်းပါ ကိုမြရွှေ-(မှန်ပါ့ဘုရား)၊ ၉၆-ပါး လမ်းကြမ်းအသွားခိုင်းတယ်-(မှန်ပါ့)။

ဗီကနေပြီး ရန်ကုန်သွားတယ်၊ မတောင်ဖုံးခတွ ဘံခတွေနဲ့ တွေ့ယင် ဘယ့်နှယ်လုပ်မလဲ....(မှန်ပါ့)၊ ဆီးချုပ် ဝမ်းချုပ်နဲ့ ကိစ္စဆိုတာကကော ပါသေးတယ်-(မှန်ပါ့)၊အစားအသောက် တွေ တွေ့ကရာ စားသောက်သွားမှာမို့ တွေ့ကရာ စားပြီး သွားရတဲ့ဥစ္စာ ရောဂါအဆိပ်တွေက ဦးခင်မောင် ဖြစ်နိုင်, မဖြစ်နိုင်....(ဖြစ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ တဲကျာက ဝန်ထုဒ်အမ်းပြီး ၉၆-ပါးလမ်းကြမ်းမှာ အပြေးခိုင်းတယ်.... (မှန်ပါ့ဘုရား)၊ တယ်လိုခိုင်းပါလိမ့်....(၉၆-ပါးလမ်းကြမ်းမှာ အပြေးခိုင်းပါ တယ်ဘုရား)၊ အပြန်ကျတော့ကော ဒကာဒကာမတို့ အခုနးပဲ ပြန်စေသလား....အခုပြးပဲပြန်စေသလား.... (အခုပြးပဲ ပြန်စေ ပါတယ်ဘုရား)။

ဩြော်.... ဒီဒတာ ဒကာမခတွေ....တဲ့၊ ဒီ ...သမုဒယသစ္စာ ဝန်ပေးသမား သူတင်သရွှေ့ ခင်ဗျားတို့ လက်ခံပြီ၊ ၉၆—၂ါး လမ်းကြမ်း အပြေးခိုင်းတာလဲ သူပဲ၊ ဝန်ထုပ်တွေ ပိုမိုဘင် တာကကော-(သူပါပဲဘုရား)၊ အခုပြးခိုင်းဘာခရာ-(သူပါပဲ ဘုရား)၊

တစ်သံသရာလုံး ဦးခင်မောင် လျှာထွက်ပြီး ဗိုဒ်းဗိုင်းလဲသ ခဲ့ရတယ်(မှန်လှပါဘုရား)၊ တစ်သံသရာလုံး ဘယ်လိုများသေခဲ့

http://www.dhammadownload.com



ရသလဲ....(လျှာထွက်ပြီး ဗိုင်းဗိုင်းလဲ သေခဲ့ရပါတယ်)၊ လျှာထွက်ပြီး ဗိုင်းဗိုင်းလဲ သေခဲ့ရတယ်ဆိုတဲ့ဥစ္စာ သေခြင်းကောင်းများ ကြုံကြိုက်ရှိလှသား—(မကြုံခဲ့ရပါဘုရား)။

အခုမတန် ဒကာဒကာမတွေ အဖြစ်ဆိုးလွန်းလို့ ပြောပါတယ်....(မှန်ပါ့ဘုရား)၊ ဒါ....ဘုန်းကြီးက ပြောတယ်လို့မယူပါနဲ့၊ ခန္ဓဝဂ္ဂသံယုတ် ဘာရဝဂ်မှာ သေသေချာချာ လာပါတယ်တဲ့၊ အဲဒါ....ဒကာဒကာမတွေ မှသိတော့ သားကလေးမွေးလာလဲ ကိုယ့်တာဝန်ပဲ၊ သမီးကလေး မွေးလာကော....(ကိုယ့်တာဝန်ပါပဲဘုရား)။

ကိုယ့်တာဝန်ပဲ၊ သူက မွေးဖွားလာတဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့ကော- (ကိုယ့်တာဝန်ပါပဲဘုရား)၊ အဝ်း....ခင်ဗျားတို့ဟာ ကျောပေါ်နဲ့ ခန္ဓာကိုယ်နဲ့ ဝန်ထုပ်ကြီးနဲ့ မျှသေးရဲ့လား....(မမျှပါဘုရား)၊ မမျှတော့ အသက်အရွယ်ကလဲကြီးပြန်၊ ဝန်တွေကလဲ ပိုပြန်....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာတုံး....(အသက်အရွယ်ကလဲကြီးပြန်၊ ဝန်တွေကလဲ ပိုပြန်)၊ ဦးခင်မောင်တို့ နဂိုလူပျိုတုန်းက ဒီလောက်ဝန်ထုပ်များရှိသား မေးချင်တယ်....(မများပါဘုရား)၊ အခုအသက်အရွယ်ကလဲ ကြီးလာပြန်၊ ဝန်ထုပ်က ပိုမလာဘူးလား—(ပိုပါတယ်ဘုရား)။

ဘယ့်နှယ်တုံး၊ မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ ကြုံပါပေါ့လား....(ကြုံပါတယ်ဘုရား)၊ ဒကာသစ် ဘာတဲ့တုံး- (မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ ကြုံပါတယ်ဘုရား)၊ မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ကြုံတယ်၊ ကြုံတဲ့အခါ

http://www.dhammadownload.com



ကျတော့ စားမည့်သူ၊ သောက်မည့်လူတွေကလဲ ကိုယ့်ကျော ပေါ်မှာ များနေတော့ ရှေးကလို နှေးနှေးလုပ်ရသလားတဲ့၊ ခပ်သွက်သွက် ငွေရှာရသလားလို့ မေးပြန်တော့လဲ ဘယ့်နှယ် ဖြေကြမယ်....(ခပ်သွက်သွက်လုပ်ရပါတယ်ဘုရား)။

ဟာ....ဒါဖြင့် အပြေးခိုင်းပြီး အရှာခိုင်းတယ်....(မှန်ပါ)၊ ဒကာဒကာမတို့၊ ဘယ်လိုအရှာခိုင်းပါလိမ့်.... (အပြေးခိုင်းပြီး အရှာခိုင်းပါတယ်ဘုရား)၊ အပြေးခိုင်းပြီးသကာလ ရှာစေ တယ်ဆိုတာ ရိပ်မိပလား....(မှန်ပါ)၊ ဘယ်လိုများ ရှာစေပါ လိမ့်....(အပြေးခိုင်းပြီး ရှာစေပါတယ်ဘုရား)။

အပြေးခိုင်းပြီး ရှာစေတယ် ဆိုတော့ လမ်းက လမ်း ကောင်းလား-(လမ်းကြမ်းပါဘုရား)၊ ဘာလမ်းတဲ့- (၉၆- ပါး လမ်းကြမ်းပါ ဘုရား)၊ အံမာသေး....ဒကာဒကာမတွေရဲ့ မကြားဖူးတဲ့ လမ်းမကြီးပါကလား....(မှန်ပါဘုရား)။

လမ်းမှာ လေပူ၊ နေပူတွေကလဲ ၉၆-ပါး ရောဂါဝေဒနာ တွေ ပေးနေတာပဲ မဟုတ်လား....(မှန်ပါဘုရား)၊ အညော်အသင်း အိုမ်သာနံ့တွေ ဘာတွေ ကော....(မှန်ပါဘုရား)၊ ၉၆-ပါး လမ်းကြမ်း မှန်ပါရဲ့လား....(မှန်ပါဘုရား)။

အဲဒါ လမ်းမှာ ဝန်ထုပ်တွေက မဆံ့မပြဲထမ်းလာတယ်၊ လှမ်းလဲ သူတို့ဖို့ဆိုတာတွေက ပါလျက်ပဲ....(မှန်ပါ)၊ သားဖို့၊ သမီးဖို့၊ ဆွေဖို့၊ မျိုးဖို့ ဆိုတာတွေကလဲ ကိုမြွေ- မပါဘူး လား....(ပါ၊ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် လမ်းမှာလဲ ဒီဝန်တွေက ထမ်းလျက်ပဲ ဆိုယင်ကော လွဲပါ့မလား....(မလွဲပါဘုရား)၊ ဒကာ ဒကာမတို့၊ ထမ်းရတဲ့ ပုဂ္ဂိုလ်နဲ့ ဝန်ထုပ်နဲ့ မျှရဲ့လား....(မမျှပါဘုရား)။

လမ်းကကော ကောင်းရဲ့လား.... (မကောင်းပါဘုရား)၊ ဘာသမ်းတဲ့တုံး....(၉၆-ပါး လမ်းကြမ်းပါဘုရား)၊ ၉၆-ပါး လမ်းကြမ်းမှာ အခပြေးပဲသွားရသလား၊ နှေးနှေးပဲသွားရ သလား....(အခပြေးသွားရပါတယ်ဘုရား)။

ဪ....သေခြင်းဆိုးဘေးကပ်နေပါပေါ့ကလား.(မှန်ပါ့ ဘုရား)၊ ဒကာ ဒကာမတွေက မြည်တယ်၊ တွန့်တယ်....လို့ မအောက်မေ့လိုက်ပါနဲ့၊ ခင်ဗျားတို့ဖြစ်စဉ် ဆိုးလွန်းလို့ပြော ပါတယ်-(မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ဖြစ်စဉ် ဘယ့်နှယ်နေသ လဲ....(ဆိုးပါတယ်ဘုရား)။

အင်မတန် ဆိုးပါတယ်ဆိုတာ မပေါ်ဘူးလား....(ပေါ် လာပါတယ်ဘုရား)၊ အဲဒါတောင်မှ ဒကာဒကာမတွေကလဲ ဝန်ချရာဌာန ဘယ်မှာနေပါ့လိမ့်မလဲလို့ဆိုတာ ဝန်တင်မှန်း မသိဘော့ ဝန်ချရာဌာန ဘယ်မှာပါလိမ့်မလဲဆိုတာ မသိဘဲ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)၊ ဘယ့်နှယ်ဖြစ်နေကြပါလိမ့်.... (ဝန်ချရာဌာန မသိဘဲဖြစ်နေပါတယ်ဘုရား)။

ဝန်ချရာဌာန မသိဘဲဖြစ်နေတယ်....(မှန်ပါ့)၊ ဘာဖြစ်လို့ ဒီဒကာဒကာမတွေ ဝန်ချရာဌာန မသိပါလိမ့်မတုံး မေးဘော့မှ ဝန်တင်တဲ့ပုဂ္ဂိုလ်မှ မသိလို့ရှိယင် ဝန်တွေ ထမ်းခနရတာလဲ သိပါ့မလား....(မသိပါဘုရား)။

သမုဒယသစ္စာမှ မသိတော့ သမုဒယသစ္စာပေးတဲ့ ဒုက္ခသစ္စာဝန်ကိုလဲ ထမ်းနေရတာ ကိုယ်တိုင် သိသေးရဲ့လား....(မသိပါဘုရား)၊ မသိသေးတော့ ၅၆-ပါး လမ်းကြမ်းကို ပြေးနေရပါကလား ဆိုတာလဲ ဖော်ပြေစမှုသာလျှင် အခု သံယောင်လိုက်ပြီး ပြောကြရတာ....(မှန်ပါ)၊ စင်စစ်သိတဲ့ အမျိုးဟုတ်ပါရဲ့လား—(မဟုတ်ပါဘုရား)၊ လူဆိုယင် ရှာစားရမှာပဲ၊ ဒီလိုပဲ အောက်မေ့တာပဲ....(မှန်ပါ)၊

လူဆိုယင် ဘာတဲ့-(ရှာစားရမယ်)၊ အံမာခလေး....ဖြစ်မှဖြစ်ရပလေ ဒကာ့ဒကာမတို့၊ ဒါကြောင့် အားလုံးမသာတွေ လျှောက်ပြီးသကာလ အသုဘသေတ္တာတွေ ရှောက်ကြည့်လိုက်တဲ့အခါကျတော့ အင်း....သားဝန်, သမီးဝန်, ဆွေဝန်,မျိုးဝန်တွေထမ်း၊ လမ်းကြမ်း ပြေးပြီးသကာလ သေပွဲစင်ရတာဘောင်မှ ပြော်....မထမ်းချင်တော့ဘူးဆိုပြီး သေသွားတာလား၊ ထမ်းချင်လျက် တန်းလန်းနဲ့သေသွားတာလား-(ထမ်းချင်လျက် တန်းလန်းနဲ့ သေသွားတာပါဘုရား)။

သားကလေးမှာချင်၊ သမီးကလေးမှာချင်၊ ပစ္စည်းကလေးကိုလဲ ခွဲဝေပေးချင်၊ လူ့အောက်ကျမှာစိုးရိမ်နဲ့ စိတ်ချလက်ချ သေသွားတာလား၊ ဒကာ ဒကာမတို့ စဉ်းစားကြပါဦး၊ ဝန်ထမ်းချင်လျက် တန်းလန်းနဲ့ သေသွားတာလား-(ဝန်ထမ်းချင်လျက်တန်းလန်းနဲ့ သေသွားတာပါဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချကြတော့၊ ဝန်ထမ်းသမား အသေဆိုးကလေး-(မှန်ပါ)၊ ဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ-(ဝန်ထမ်းသမားအသေဆိုးပါဘုရား)၊ မနာကြနဲ့နေဦး-(မှန်ပါ)၊ မှန်ကော

http://www.dhammadownload.com



မှန်ရဲ့လား-(မှန်ပါတယ်ဘုရား)၊ ဝန်ထမ်းသမားတောဟုတ်ပါ ရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အို....ကလေးကလေး တစ်ယောက် ရထယ်ဆိုကတည်းက ဒကာဒကာမတို့ ညမအိပ်ရ၊ နေ့မအိပ်ရ၊ ဝန်ထမ်းနေရတာ ကော....(မှန်ပါတယ်ဘုရား)၊ ကိုယ့်ခန္ဓာကိုယ်ကြီးကိုလဲ ဆေး တိုက်ပြီး ဝန်ထမ်းနေရသေးတယ်–(မှန်ပါ)၊ ဒီကလေး ကျန်း မာရေးလဲ ရင်ခွင်ထဲက မချနိုင်အောင် ထမ်းနေရသေးတယ်.... (မှန်ပါ)။

ဒီအထဲ သား လင် ခင်ပွန်းတို့၏ မျက်နှာကြည့်သာအောင် ချက်ပြုတ်ပြီးသကာလ မနိုင်ဝန်တွေ လုပ်နေရသေးတယ်.... (မှန်ပါ)၊ အမယ်လေး.... ဒကာဒကာမတွေ ခင်ဗျားတို့မို့ ပြုံးနိုင်တာနော်၊ ရိမ်မိပလား.... (ရိပ်မိပါပြီ)၊ ဘယ်လိုများ မှတ်ရပါလိမ့်၊ မိုက်လွန်းလို့ပြုံးနိုင်တာ....(မှန်ပါ)။

ဒကာဒကာမတို့၊ ဘယ်လိုကြောင့် ပြုံးနိုင်တာပါလိမ့်.... (မိုက်လွန်းလို့ပြုံးနိုင်တာပါဘုရား)၊ ဦးခင်မောင် ကိုယ်တိုင် လှုပ်ကြည့်တော့ ဘယ့်နှယ်တုံးဗျ၊ ပြုံးကွက်ကို ပါသေး ရဲ့လား....(မပါ-ပါဘုရား)။

အဲဒီမှာ ဒကာဒကာမတွေက ကလေးကလဲ တစ်ဖက်နဲ့၊ ဈေးရောင်းတာကလဲ တစ်ဖက်နဲ့၊ သား လင် ခင်ပွန်း ကြည် သာအောင် ထမင်းချက်ချင်တာကလဲ တစ်ဖက်နဲ့ အံမာလေး ဒကာဒကာမတွေက ဒီထဲကနေပြီး သကာလ ပြုံးနိုင်တာ တော်တော်ရှူးလို့ မဟုတ်ဘူးနော်....(မှန်ပါ)။

http://www.dhammadownload.com



ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ—(ဘောင်တော်ရှုးလို့ မဟုတ်ပါဘူးဘုရား)၊ အရှူးသန်လွန်းလို့ဆိုစမ်းပါဗျာ(မှန်ပါဘုရား)၊ ဒကာ၁ဝ ဘယ့်နှယ်ဆိုမယ်.... (အရှူးသန်လွန်းလို့ပါဘုရား)၊ အရှူးမှ ဘာမှမသိအောင်ရှူးနေတယ်၊ သစ္စာလေးပါးမသိလို့ ရှူးနေတယ်၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ဒကာဒကာမတို့၊ ဒီကလဲ ဝမ်းထဲကရှူး၊ သား လင် ခင်ပွန်း ကြည်သာအောင် သူတို့ဝန်တွေကိုလဲ ထမ်းရ၊ သားမယားကြည်သာအောင် ယောကျ်ားတွေကလဲ ဝန်တွေ ထမ်းရ ဒီလိုနေရတာ ဒကာ ဒကာမတွေသည်ကား....လို့ ဆိုယင်ဖြင့် စိတ်အေး လက်အေး ဘဝင် အေးအေးများ အချိန်ပါကြရဲ့လား....(မပါ-ပါဘုရား)။

မပါဘူးနော်....၊ နေဝင်လို့သာ အလုပ်သိမ်းလိုက်ရတယ်၊ အလုပ်ပြီးတယ်လို့များ ရှိရဲ့လား....(မရှိပါဘုရား)၊ နက်ဖြန့်ဖို့ ချန်ထားတာတွေများ ရှိသေးသလား.... (ရှိပါတယ်ဘုရား)၊ အံမာလေး....ဖြစ်မှဖြစ်ရပလေ ဒကာဒကာမတို့၊အပြတ်အသတ်ကို မဖြစ်ပါကလား....(မှန်ပါဘုရား)၊ ဖြစ်ပါရဲ့လား....(မဖြစ်ပါဘုရား)၊ အံမာလေး....ကြောက်စရာကြီးပါကလား ဒကာ ဒကာမတို့....(မှန်ပါဘုရား)။

ဒါ ဘယ်လောက်ကြာကြာ လုပ်ရမှာတုံး၊ အို....သေခါနီး လျှာထွက်အောင် လုပ်ရမှာပါဘုရာ့....(မှန်ပါဘုရား)၊ ဘယ်လို မှတ်ကြမယ်.... (သေခါနီး လျှာထွက်အောင် လုပ်ကြရမှာပါ ဘုရား)၊ အဘောင် မဆိုးရွားဘူးလား.... (ဆိုးရွားပါတယ်)၊ ဒါများ ခင်ဗျားတို့က ဖြိုးနိုင်၊ လိမ်းနိုင်၊ ပြုပြင်နိုင်သေးတယ်

http://www.dhammadownload.com



ဆိုတော့အတော်ခက်နေတယ်-(မှန်ပါဘုရား)၊ ဒကာခခတွေကိုလဲ ပြင်နိုင် ဆင်နိုင် ကြွားနိုင် ဝါနိုင်သေးတယ်ဆိုတော့ ဘွယ်နှယ် ဖြစ်နေသတုံး....(ခက်ပါတယ်ဘုရား)။

အတော်ခက်နေဆိုတာ ဒကာ၁၀ သေချာပလား- (သေချာ ပါတယ်ဘုရား)၊ ဒါဖြင့် ဝန်ထမ်းသမားဟာ ကြွားချိန်များ ရှိပါရဲ့လား-(မရှိပါဘုရား)၊ ၉၆ ပါးလုမ်းကြမ်းမှာ တဏှာက အတင်းလိုက်ခမောင်းတာနဲ့ ပြေးရတာနဲ့ ခင်ဗျားတို့ သက်သာ ခွင့်ရပါရဲ့လား....(မရပါဘုရား)။

သေတဲ့အခါ ကျပြန်လို့ရှိယင် သွားရော့တဲ့....အပါယ်ဆိုပြီး သကာလ တဏှာက တွန်းချလိုက် သေးတယ်၊ အခပြေးလဲ အမောင်းခိုင်းသေးတယ်၊ လမ်းလဲ လျှောထွက်သေအောင် လုပ် လိုက်သေးတယ်၊ နောက်ဘဝကျလဲ အပါယ်ပို့ လိုက်သေးတယ် ဆိုတော့ ခင်ဗျားတို့မှိုပဲ့ သည်းခံနိုင်ပါပေတယ်၊ အဲ့လဲ အံ့စရာ ကောင်းပါပေတယ်-(မှန်လှပါ)၊ဆိုထိုက်....မဆိုထိုက်(ဆိုထိုက် ပါတယ်ဘုရား)။

ဒီနေ့ကစပြီး ကြပ်ကြပ်သတိထားစမ်းပါ၊ တဏှာခိုင်းတာ မလုပ်ဘူးဟော့၊ ဒကာဒကာမတွေ ဘော်လှန်ကြစမ်းပါ .... (မှန်လှပါဘုရား)၊ ဦးခင်မောင် ဒီနေ့ကစ၍ ဘာလုပ်ရမယ်.... (တဏှာခိုင်းတာ ဘော်လှန်ရပါမယ်ဘုရား)။

တဏှာက ဒီလမ်းသွားရမယ်၊ ဒီလမ်းက သွားခိုင်းလို့ရှိယင် မသွားဘူးကွာ၊ ခင်ဗျားတို့ ရဲပါ့ရဲ့လား-(ရဲပါတယ်)၊အင်း-- အခတော်ကို ဗြိမ်းထွက်သွားတယ်၊ မရဲဘူးဗျ.... ကြောက်စရာ သိပ်ကောင်းတယ်....ငယ်ကြောက်ဖြစ်နေတယ်၊

ဦးခင်မောင် ဘာကြောက်ဖြစ်နေသတုံး....(ငယ်ကြောက် ဖြစ်နေပါတယ်ဘုရား)၊ ငယ်ကြောက် ဖြစ်နေတယ် ဆိုတော့ တစ်သံသရာလုံးက ဘယ်တော့မှ တော်မှလွန်ဘူးဆိုတော့ကို ဒကာဒကာမတို့၊ ငယ်ကြောက် ဖြစ်နေတယ်ဆိုတာ ဦးဝ.... သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီငယ်ကြောက်ကို ခင်ဗျားတို့ မကြောက်ပါနဲ့၊ သူ့တို့ ကျုပ်တို့က မဂ်နဲ့ အပြန်အလှန် တိုက်ရမယ်....(မှန်ပါဘုရား)။

မဂ်နဲ့ မင်းဆေအောင်တိုက်လို့ရှိယင် တို့အပေါ်မှာ ဝန်ထုပ်တွေ မတင်တော့ဘူး—(မှန်လှပါဘုရား)၊ ၉၆-ပါးလမ်းကြမ်းလဲ အပြေးမခိုင်းတော့ဘူး—(မှန်ပါ)၊လျှောထွက်သေတဲ့အလုပ်ကော—(မခိုင်းပါဘုရား)၊ရပ်စဲသွားတယ်—(မှန်ပါ)၊ အပါယ်လေးပါးပို့တဲ့ အလုပ်ကော....(ရပ်စဲသွားပါတယ်)။

ရပ်စဲ ဇာတ်သိမ်းသွားမယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)၊အဲဒါကြောင့် ခင်ဗျားတို့ အခုအချိန်မှာ မပျော်ကြပါနဲ့၊ နွားကပိန်ပိန် ဝန်က ခုနစ်ရာလောက် တင်လာမယ်ဆိုယင် ကုန်ခုနစ်ရာလောက် တင်လာမယ်ဆိုယင် ဦးခင်မောင် ကြည့်ကောင်းမကောင်း—(မကောင်းပါဘုရား)။

သို့သော်လဲ နွားရှင်ကတော့ ငွေလိုချင်တာနဲ့ တင်မှာပဲ....(မှန်ပါဘုရား)၊ သူငွေရဖို့သာ အရေးကြီးတယ်၊ နွားပိန်တာ အရေးကြီးရဲ့လား-(မကြီးပါဘုရား)၊ ခင်ဗျားတို့လဲ ပိန်ပိန်နဲ့ပဲ

သွားမကွာ၊ လာတာ-စားမကောင်းဘူး၊ စားမှကောင်းလဲ သွားသာသွားကွာ၊ မင်းမသွားဘဲ ချက်ကုန်ရောပေါ့။

ဒကာဒကာမတို့၊ပိန်တယ်လို့ စားမကောင်းတယ်၊ တို့တော့ တကျော်က အခိုင်း လွတ်ပါမလား .... (မလွတ်ပါဘုရား)၊ ခင်ဗျားတို့ကတော့ ကြည့်ကြည့် သွားသာ သွားတာပဲလား။ မသွားဘူးလို့ကော တော်လှန်သေးသလား.... (မတော်လှန်ပါဘုရား)၊ ဘာဖြစ်နေကြတာလဲ .... (ငယ်ကြောက် ဖြစ်နေပါတယ်ဘုရား)။

ငယ်ကြောက် ဖြစ်နေတယ်....(မှန်ပါ)၊ ဒကာဒကာမတွေ အလွန်ဆိုးနေပြီဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ အဲဒီတော့ တစ်သံသရာလုံးကို ဒီနွေ ဉာဏ်မြင်နိုင်ပါစေ့လို့ ဒကာဒကာမတွေ သတိပေးလိုက်တယ်နော်....(မှန်ပါ)။

ခန္ဓာမနိုင်ဝန်လဲ ထမ်းရသေးတယ်၊ ၉၆-ပါးလမ်းကြမ်းလှို့ အသွားခိုင်းသေးတယ်၊ အပြေးလဲ နောက်ကရိုက်ပြီး နှင်သေးတယ်ဆိုတော့ ဦးခင်မောင် ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)၊ ဒါဖြင့် ကျုပ်တို့မှာ အသေကောင်းသေတာ ကြိုက်သလား၊ လျှာထွက်သေတာ ကြိုက်တဲ့ တကျော်ကားလို့ မေးကြည့်စမ်း....(လျှာထွက်သေတာ ကြိုက်ပါတယ်ဘုရား)၊

တိုတို ပြောကြပါစို့ ဒကာဒကာမတို့၊ သေချင်းဆိုး သေတာကြိုက်တဲ့တကျော....(မှန်ပါဘုရား)၊ သေပြီးသည်၏ အခြားမဲ့ ဦး ခွေးသေမှုလင်းတစာ ဖြစ်သေးတယ်၊ ကျုပ်တို့ကို အပါယ်

http://www.dhammadownload.com



ပို့သေးတယ်....(မှန်ပါ့ဘုရား)၊ ကဲ-စိတ်နာစရာ မကောင်းဘူး လား....(ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်.... (သော်လွန်ပစ်ရပါမယ်)၊ ဒဏ္ဍာဒကာမတို့ ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျားတို့ အရှင်သခင် ကြီးက အစောင်ကြီးကျယ်နေပြီ....(မှန်ပါ့ဘုရား)၊မကြီးကျယ် ဘူးလား....(ကြီးကျယ်ပါတယ်ဘုရား)။

ကဲ-မဂ်မှ တစ်ပါး ဒဏ္ဍာဒကာမတို့ သူ့ကို ဖြတ်နိုင်တဲ့ တရားရှိလိမ့်မယ်များ ထင်သလား....(မရှိပါဘုရား)၊ ဘယ်သူ့ တိုးဗျာ၊ ခင်ဗျားတို့ကို ကယ်မည့်ယူမည့် တရား၊ ဘယ်တရား ပါလိမ့်....(မဂ်ပါဘုရား)။

ကိလေသေ မာရေနတ္တာ နိဗ္ဗာနံ ဂစ္ဆတိတိ မဂ္ဂေါကိုး၊ ကိလေသာ၊ ခုနက ခိုင်းတယ်၊ ဝန်တင်တယ်၊ ၉၆-ပါး လမ်း ကြမ်းကို အပြေးရိုက်ပြီးခိုင်းတဲတဲ့ကိလေသာ၊ အပါယ်လေး ပါးပို့တတ်တဲ့ ကိလေသာကို၊ မာရေန္တော၊ သတ်လျက်၊နိဗ္ဗာနံ ဂစ္ဆတိ၊ နိဗ္ဗာန်သို့ သွားတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏-ဆိုတော့ သူ့ကိုမရလို့ရှိလျှင် ဓိကျွန်စာရင်း ကတော့ မလွတ်တော့ဘူး....(မှန်ပါ)၊ သဘောပါကြပလား.... (မှ ါ့ပါပြီ)။

သူ့မရလို့ရှိယင်....(ကျွန်စာရင်းက မလွတ်ပါဘုရား)၊ကျွန် စာရင်းက လွတ်စရာများ မြင်သေးရဲ့လား....(မမြင်ပါဘုရား)၊ ခေါင်းဖြူစွယ်ကျိုးတွေလဲ ဘာဖြစ်သတုံး၊ ခိုင်းနေမှာပဲ.... (မှန်ပါ့)၊ဦးခင်မောင်ရေ....(ခိုင်းနေမှာပါဘုရား)။

ဒါကြောင့် ဘုန်းကြီးကဲ ပြောရတယ်၊ နွားမျက်မှန် တပ် ခိုင်းတယ်လို့ ဘယ်သူမှမ ရှိဘူးကွ၊ လူမျက်မှန်တပ်ပြီးသကာလ

http://www.dhammadownload.com



လုပ်ပါဦးဆိုပြီး ခိုင်းနေတာတွေက ရေတွက်နိုင်ကြရဲ့လား.... (မရေတွက်နိုင်ပါဘုရား)။

နွားကို မျက်မှန်တပ်ပြီး ခိုင်းတာများ ဒကာသစ် မြင်ဖူးရဲ့လား....(မမြင်ဖူးပါဘုရား)၊ တော်ပြီကွာ၊ ဒီနွားကို မခိုင်းချင်တော့ဘူး၊ ဘေးမဲ့ လွှတ်လိုက်တာ ကောင်းထယ်ဆိုပြီး ဦးခင်မောင် နွားရှင်က ခိုင်းသေးရဲ့လား....(မခိုင်းပါဘုရား)။

ဒီမှာ ကိလေသာတည်းဟူသော နွားရှင်ကတော့ ဒကာဒကာမတွေကို မျက်မှန်တပ်ပြီး ခိုင်းတယ်၊ တောင်ဝှေးထောက်ပြီးတော့.... (ခိုင်းပါတယ်)၊ သံနွားတဲ့စိတ် ပါ့ပါရဲ့လား.... (မပါ့ပါဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့၊ ဒီ့ထက်ကြီးတဲ့ ရန်သူများ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာကို ဘုရားက မဟာတဗ္ဗနဲ့ ပယ်ရမယ်တဲ့....(မှန်ပါ)၊ ဘယ်လိုတဲ့တုံး....(သမုဒယသစ္စာကို ပဟာတဗ္ဗနဲ့ ပယ်ရမယ်)၊ စာဆိုလား ခင်ဗျားတို့ကို နှိပ်စက်လွန်းလို့လား.... (နှိပ်စက်လွန်းလို့ပါဘုရား)၊ သဘောပါကြပြီနော်.... (ပါ့ပါပြီ)။

ဘုရားက အပယ်ခိုင်းတာကို ခင်ဗျားတို့က လက်သမ်မှူးချင်သလား....တဲ့၊ ဘုရားကတော့ အပယ်ခိုင်းတယ်၊ သမုဒယသစ္စာဆိုတာ ပဟာတဗ္ဗနဲ့ ပယ်ကွ၊ မခိုင်းဘူးလား....(ခိုင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ ဘယ်နှယ်ဖြစ်နေသတုံး၊ အို....ကိုယ့်လောဘကလေးရှိလို့ ဒါကလေးရလိုက်သေးတယ်....(မှန်ပါ)။ အံ့မာ .... ခင်ဗျားတို့က လက်သမ်းမှူး ဖြစ်နေတယ်၊ ရိပ်မိကြ

http://www.dhammadownload.com



ပလှား .... (ရိပ်မိပါပြီ)၊ ခင်ဗျားတို့က ဘာဖြစ်နေသတုံး.... (လက်သပ်မွေး ဖြစ်နေပါတယ်ဘုရား)။

တို့မှာ ဒီလောဘကလေးနဲ့ ဒီအချိန်ဒီအရွယ်အထိ လုပ်ခဲ့လို့ အခု ဒီအချိန်မှာ သားတွေ၊ သမီးတွေ၊ မြေးတွေ ဝန်ထမ်းချင် သေးတယ်၊ အံမာလေး....ဝန်ထမ်းတာစောင် ကြွားနေသေး တယ်....(မှန်ပါ့ဘုရား)။

ဘေးတာများ ကြည့်စမ်းပါဦး....ဒကာ ဒကာမတို့၊ နွားပိန်ပိန်မှာ ဝန်ခုနစ်ရာတင်လာတော့ နွားရှင်တစောင် ခင်ဗျား တို့ ရိုက်ထုတ်ချင်သေးတယ်....(မှန်ပါ့)၊မထုတ်ချင်ဘူးလား.... (ထုတ်ချင်ပါတယ်ဘုရား)။

ဒီမှာလဲ အရိယာမျက်လုံးတပ်ပြီး ဦးခင်မောင် ကြည့်စမ်း ပါ၊ သူတို့ သားသမီး ရှစ်ယောက်၊ ကိုးယောက် တစ်ဆယ်၊ ဟုတ်လား....(မှန်ပါ့)၊ ဒီ့ပြင်လဲအိမ်မှာလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆိုယင် မနည်းလှဘူး၊ ဒါတွေကို ဒီလင်မယားတာပဲ ရှာကျွေး နိုင်တယ်ဆိုတဲ့ ဥစ္စာ တော်တော်ထမ်းတဲ့ ဝန်လား၊ အလွန့် အလွန် မိုက်လွန်းလို့ ထမ်းတာလား မေးကြည့်စမ်း....(အလွန့် အလွန်မိုက်လွန်းလို့ ထမ်းတာပါဘုရား)။

ဝန်သာ ထမ်းရတယ်၊ ဒီဝန်တွေက တစ်နေ့တခြား တိုး ပွားလာတဲ့ ဝန်လား၊ ဒကာ ဒကာမတို့ လျော့သွားတဲ့ ဝန် လား... (တိုးပွားလာတဲ့ဝန်ပါဘုရား)၊ ကိုယ်တစော့ အားအင် ဗလ ဘယ်လိုဖြစ်နေသတုံး....(လျော့ပါတယ်ဘုရား)၊ ကိုယ်တ အားအင်ဗလ လျော့တယ်၊ ဝန်ကတစ်နေ့တခြား ကြီးတယ်.... (မှန်ပါ့)၊ ဒကာဒကာမတို့ သဘောပါပလား...(ပါ့ပါပြီ)။

http://www.dhammadownload.com



ဒါကြောင့် ခင်ဗျားတို့ အိပ်ရာဝင် နဖူးပေါ်လက်တင်တဲ့အခါကျတော့ အသက်ရှူတာကို သူများရှူတာနဲ့ မတူဘူး....(မှန်ပါ)၊ ခပ်ပြင်းပြင်းရှူတယ်....(မှန်ပါ)၊ ဘယ့်နှယ်ကြောင့် ခပ်ပြင်းပြင်းရှူပါလိမ့်....(ဝန်လေးလွန်းလို့ပါဘုရား)ဝန်လေးလွန်းလို့....(မှန်ပါ)၊ဒကာဒကာမတို့၊ ဘာဖြစ်လို့လုပ်ပါလိမ့်....(ဝန်လေးလွန်းလို့ပါဘုရား)။

ဝန်လေးလို့....ဝန်လေးလွန်းလို့....လို့၊ တွေးလေ ကျုပ်ဖြင့် စိတ်ထဲပျက်လေမဲ ဆိုတဲ့ဥစ္စာ ဘာခပါလိမ့်....(ဝန်လေးလို့ပါဘုရား)၊ ဝန်ပိလေးလွန်းလို့....(မှန်ပါဘုရား)၊ဘယ်နေရာပိသလဲ အိပ်ရာထဲမှာပါ....(မှန်ပါ)၊ ဟာ....တော်သေးတယ်၊ သေခါနီး ဒီထက်ပိုဦးမယ်-(မှန်ပါ)၊အခုဟာက ပရိယာယ်ပိ ရှိသေးတယ်-(မှန်ပါ)။

ဦးခင်မောင် ရေ....သေခါနီး စိတ်ချလက်ချနဲ့ ပိဦးမှာတွေ့ မရှိဘူးလား.... (ရှိပါတယ်ဘုရား)၊ ဪ....အပါယ်သွားစသက်အောင် ခင်ဗျားတို့ မိုက်ဦးမယ်ဆိုတဲ့ အစိုပ္ပာယ်ပေါ ရှမ်းပလာ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဝန်ပေးသမား ဘယ်သူတုံး....(တဏှာပါဘုရား)၊ ဝန်ချရာဌာနနိဗ္ဗာန်....(မှန်ပါ)၊ တဏှာ ဆိတ်ယင်နိဗ္ဗာန်ရောက်မယ်....(မှန်ပါဘုရား)၊တဏှာသတ်ယင်-(နိဗ္ဗာန်ရောက်မယ်)၊နိဗ္ဗာန်ရောက်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာဒကာမတို့၊သံသရာကြီးထဲမှာခင်ဗျားတို့ လည်ခဲ့ရတာဟာ ၉၆-ပါး ထမ်းကြိမ်းမှာ မနိဗ်ဝန်ကြီး

http://www.dhammadownload.com



ထမ်းပြီး အပြေး အလွှား သွားပြီး လည်ခဲ့ရတာကိုးဗျ.....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီဘုရား)။

သုံးသရာကြီးထဲမှာ မနိုင်ဝန်.... (ထမ်းပါတယ်ဘုရား)၊ ၉၆-ပါး လမ်းကြမ်းမှာ....(ထမ်းခဲ့ရပါတယ်)၊ အပြေးသွားရတယ်....(မှန်ပါဘုရား)၊ အံ့မာလေး ဒီနေရာကနေပြီး ဒီဝန်ချပြီး ဦးခင်မောင် ဟိုဘက် ခန္ဓာတစ်ခုရပြန်တော့ဟိုဘက်ဝန်ထမ်းပြန်တယ်....(မှန်ပါ)၊ ဒီဝန်ချပြီးတော့ ဘာလုပ်ရပြန်သလဲ....(ဟိုဘက်ဝန်ထမ်းရပါတယ်ဘုရား)၊ ဟိုဘက်ဝန် ထမ်းရတယ်ဆိုတော့ ခင်ဗျားတို့ဝန်နဲ့ ပြတ်ဖူးရဲ့လား.... (မပြတ်ပါဘုရား)။

အံ့မာလေး.... နွားပခုံး သွားကြည့်တဲ့ အခါကျတော့ ဦးခင်မောင်တို့က အင်း....နွားသမားမိုက်လိုက်တာကွာ၊မပြောကြဘူးလား,....(ပြောကြပါတယ်ဘုရား)။

မနိုင်ဝန် အထမ်းခိုင်းတယ်၊ သူ့ဖို့သာ သူသိတယ်၊ နွားအကြောင်း ဘာမှမသိရှာဘူး.... (မှန်ပါ)၊ ခင်ဗျားတို့ကလဲ ကိုယ့်အကြောင်းကို ဘာမှမသိဘူး....(မသိပါဘုရား)။

ဒီဝန်ထမ်းပြီးတော့ ဟိုဘက်ဝန် ဘာလုပ်ရပြန်သတုံး....(ထမ်းရပြန်ပါတယ်ဘုရား)၊ ဒါဖြင့် ပခုံးနဲ့ ဝန်နဲ့ ဘယ့်နှယ်ခနသလဲ.... (မပြတ်ပါဘုရား)၊ ပြတ်ဆေးရှိလား.... (မပြတ်ပါဘုရား)၊ လမ်းအဘာလမ်းတဲ့.... (၉၆-ပါး လမ်းကြမ်းပါဘုရား)၊ ၉၆-ပါး လမ်းကြမ်း၊ ဝန်ကလဲ ပြောင်းလိုက်ရတာမနည်းဘူး ထမ်းလိုက်ရတာ....(မှန်ပါဘုရား)။

သွားတဲ့အခါကျတော့ အပြေးလား အနှေးလား-(အပြေးပါဘုရား)၊ အံ့မာလေး....ဒဏ်ာ ဒဏ်စမ်တို့၊ ခင်ဗျားတို့ဇာတ်

http://www.dhammadownload.com



သိမ်းတော့မတော်ဘူး၊ အရုပ်ဆိုးကုန်ပြီ....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊ ခင်ဗျားတို့ဇာတ်ဟာ တစ်ခု သေသေချာချာ သိအောင် ပြောတဲ့အခါကျတော့ အသက်ရှူတောင်မမှန်ဘူး၊ မှန်ကြရဲ့လား....(မမှန်ပါဘုရား)။

အသက်ရှူတောင် မမှန်တော့ ဘယ့်နှယ်ကြောင့် မမှန်တာပါလိမ့်....(ဝန်လေးလွန်းလို့ပါဘုရား)၊ ဝန်လေးလွန်းလို့နော်....(မှန်ပါ)၊ လမ်းကကော.... (လမ်းကြမ်းပါဘုရား)၊ နှေးနှေးသွားရသလား....(မြန်မြန်သွားရပါတယ်ဘုရား)၊ ဦးခင်မောင်တော်တော့....ဘော်တော့ ဇာတ်သိမ်းမှ တော်မယ်- (မှန်ပါဘုရား)။

ဒုက္ခာဒကာမတို့၊ ဘယ့်နှယ်ဆိုပါမလဲ.... (ဇာတ်သိမ်းမှ တော်မှာပါဘုရား)။

ဇာတ်မသိမ်းယင် တော်ပါမလား....(မတော်ပါဘုရား)၊ ကိုင်း....ဒါဖြင့် ဇာတ်သိမ်းတဲ့တရား ခင်ဗျားတို့ လုပ်မလား....(လုပ်ပါမယ်ဘုရား)၊ သိပလား ကိုယ့်အဖြစ်ဆိုး....(သိပါပြီဘုရား)၊ သိပြီနော်-(မှန်ပါ)၊ ပရိယာယ်လား....အဟုတ်တွေ့နေရတာလား-(အဟုတ်တွေ့နေရတာပါဘုရား)၊ အဟုတ်တွေ့နေရတာဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မြို့ထဲရွာထဲမှာ ဦးခင်မောင် လျှောက်ကြည့်နော်....ဘယ်အိမ်ဖြင့် စိတ်ချမ်းသာ-လက်ချမ်းသာနဲ့ အေးအေးချမ်းချမ်း နေရလေတယ်၊ ဘယ်မှမလာရ၊ ဘယ်မှမသွားရ၊ ဘယ်မှမရှာရ၊ ထမင်းလက်ဆေးစားပြီးသကာလ စိတ်သောကဗျာပါဒငြိမ်းတဲ့ အိမ်ရယ်လို့ မြို့ထဲမှာ တစ်အိမ်မှမရှိဘူး....(မှန်ပါ)၊ ရှိပါမလား.... (မရှိပါဘုရား)။

http://www.dhammadownload.com



အို....သူ့ ဝန်နဲ့–သူနဲ့ဟာဖြင့် ဒေါင်ချာစိုင်းခအောင် ထမ်းနေတာပဲ....(မှန်ပါ့ဘုရား)၊ မထမ်းဘူးလား· ထမ်းသလား....(ထမ်းပါတယ်ဘုရား)၊ ဒီလောက်အရုပ်ဆိုးတဲ့ ဘဝကြီးဟာခင်ဗျားတို့က လူဖြစ်ကျိုးနပ်ပြီလို့များ အောက်မေ့မနေကြနဲ့....(မှန်ပါ့ဘုရား)၊ ကျွန်ဖြစ်ကျိုး နပ်ပြီဆိုယင် တော်သေးရဲ့....(မှန်ပါ့ဘုရား)၊ ရိုပ်မိပလား....(ရိပ်မိပါပြီ)၊ လူဖြစ်ကျိုးနပ်ကဲ့လား....(မနပ်ပါဘုရား)။

မွေးကတည်းက ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်ဝန် ကိုယ်မထမ်းနိုင်တုန်း၊ကဲ အမေကထမ်း၊ ကိုယ့်ဝန် ကိုယ်ထမ်းနိုင်တဲ့နေ့ကျတော့ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ်ကပ္ပားတာတွေကျတော့ ကိုယ်ထမ်းနိုင်တဲ့ နေ့ကျတော့ ဦးခင်မောင်ကြီးတို့များအို....စိတ်ကို ပျက်စရာကြီး ထမ်းနေရဘာ....(မှန်ပါ့ဘုရား)။

ဒကာသစ်တို့ကော....(ထမ်းရပါတယ်ဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ စားတဲ့ထမင်းနဲ့ ထမ်းရတဲ့ဝန်နဲ့ ကဲ....ဒကာဒကာမတို့ အလေးချိန်ကြစို့ရဲ့၊ ချိန်ယင်.... (ထမ်းရတဲ့ဝန်ကများပါတယ်)၊ထမ်းတဲ့ဝန်ကများတယ်၊ စားတဲ့အလေးချိန်က....(နည်းပါတယ်ဘုရား)။

ဩော်....အငတ်ထားခိုင်းတာပါကလား–(မှန်ပါ့ဘုရား)။ ဘာလုပ်ပါလိမ့်- (အငတ်ထားခိုင်းပါတယ်ဘုရား)၊ဘယ်သူပါလိမ့် လက်သည်....(တဏှာပါဘုရား)၊ဒီလောက် အရုပ်ဆိုးတာဘောင် ခင်ဗျားတို့ကလဲ ငယ်ငဲပေါင်းမို့ မမေ့သေးဘူးဆိုတော့

http://www.dhammadownload.com



ခက်သေးတယ်....(မှန်ပါဘုရား)၊ မပြောထိုက်ဘူးလား မပြောထိုက်သလား....(ပြောထိုက်ပါတယ်ဘုရား)။

ဒထာ ဒကာမတို့ ယခုပြောနေတဲ့တရားဟာ ဝိပဿနာနဲ့ဖြတ်မှ ရမယ်ဆိုတာ သိပါစေလို့၊ အရှုပ်ဆိုးထာ သိမှသာလျှင် ဦးခင်မောင်ရေ ဖြတ်ချင်လိမ့်မနော်....(မှန်ပါဘုရား)၊

အရှုပ်ဆိုးတာမှမသိယင် ကိုယ့်ဟာကလေးနဲ့ ကိုယ်ဆိုယင် တစ်ပါးတည်းပျော်နေမှာပဲ.... (မှန်ပါ)၊ မပျော်ဘူးလား.... (ပျော်ပါတယ်ဘုရား)။

အေး....ဒါကြောင့် အခုတော့ ပျော်စရာ အချက်အလက် အကွက်ရှိရဲ့လား-(မရှိပါဘုရား)၊ ခင်ဗျားတို့ အသက်ကြီးမှာနဲ့ မြေးတွေ၊ မြစ်တွေက ခင်ဗျားတို့အပေါ်မှာ အမွေတောင်းမှာနဲ့တော့ ကိုက်မျှားနေလိုက်ဦးမှာ....(မှန်ပါ)၊တကယ်သေသေချာချာကိုက်တယ်-(မှန်ပါ)၊ မကိုက်ပေဘူးလား ကိုက်မလား၊-....(ကိုက်ပါတယ်ဘုရား)။

ကိုက်မယ် ကိုက်ကမရှာနိုင်တဲ့အချိန်ကျမှ သူတို့အတောင်းအရမ်း ထူမှာနဲ့တော့ ဦးခင်မောင်.... (ကိုက်ပါတယ်ဘုရား)။ သေသေချာချာ ကိုက်မယ်ဆိုတာ သဘောကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့် အိုခြင်း ဆင်းရဲနဲ့တော့ ခင်ဗျားတို့ ရောတော့မယ်....(မှန်ပါ)၊ ခန္ဓာကိုယ်က အိုခြင်း....(မှန်ပါ)၊ သားတွေသမီးတွေ က အမွေလိုချင်လို့၊ နှိပ်စက်လို့ ခိုးကြံ ဝှက်ကြံတာက ခင်ဗျားတို့ စိတ်ဆင်းရဲလာမယ်....(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အိုခြင်းနဲ့ ဆင်းရဲနဲ့ဟာ တွဲမှ တွဲဖြစ်ပါ့မလား.... (တွဲဖြစ်ပါတယ်ဘုရား)၊ သေခြင်းနဲ့ ဆင်းရဲမှုနဲ့တော့-(တွဲဖြစ်ပါတယ်ဘုရား)၊ တွဲမိမှာပဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒီထဲ ဒကာ ဒကာမတွေ အိုခြင်းနဲ့ ဆင်းရဲနဲ့တွဲတာတွေ တစ်ပုံကြီး ပါတယ်....(မှန်ပါ)၊ မပါဘူးလား....(ပါ-ပါတယ်ဘုရား)၊သေခြင်းနဲ့ဆင်းရဲနဲ့တွဲမှာကော-(ပါ့ပါတယ်ဘုရား)၊ အဲဒါ ဒကာ ဒကာမတွေ ဘယ်သူတင်တဲ့ ဝန်တွေကြောင့် အိုခြင်းနဲ့ ဆင်းရဲနဲ့တွဲရတာတုံး.... (တဏှာတင်တဲ့ဝန်ကြောင့်ပါဘုရား)။

သေခြင်းနဲ့ ဆင်းရဲနဲ့တွဲရတာပဲ ဘယ်သူကြောင့်ပါလိမ့်.... (တဏှာကြောင့်ပါဘုရား)၊ တဏှာ၏ လက်ချက်ပဲဆိုတာ ပေါ်ကြပလား(ပေါ်ပါပြီဘုရား)၊ကိုင်း-ဒါဖြင့် ဒီတဏှာကို ခင်ဗျားတို့ ယနေ့ အကြီးဆုံး ရန်သူသာ မှတ်ပေတော့ .... (မှန်ပါဘုရား)၊ ဘယ်လိုမှတ်ကြမယ်.... (အကြီးဆုံး ရန်သူပါဘုရား)၊ အကြီးဆုံးရန်သူလို့ သေဓသချာချာမှတ်ပါ ဒကာ ဒကာမတို့....။

ဒါဖြင့်-ဒကာ ဒကာမတို့၊ ဒီတဏှာသတ်လို့ ရှိယင်ဖြင့် ကျုပ်တို့ ဝန်ချရာအရပ် ရောက်ပါပြီ .... (မှန်ပါဘုရား)၊ ဒီတဏှာသတ်ယင်.... (ဝန်ချရာအရပ် ရောက်ပါပြီ ဘုရား)၊ သဘောပါပလား.... (ပါ့ပါပြီဘုရား)၊ ဒီတဏှာသတ်ယင် ဝန်ချရာအရပ် ရောက်ပါပြီ ဆိုတာဖြင့် ငြင်းနေဖို့ လိုသေးသလား....(မလိုပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဇီတဏှာဟာ ပေါင်းသင်းထိုက်တဲ့ တရားလား၊ ခဏာဒကာမတို့၊ စဉ်းစားကြည့်စမ်း၊ ခြေနဲ့ ကန်ပစ်ရမည့်တရားလား....(ခြေနဲ့ကန်ပစ်ရမည့်တရားပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့က သားလဲမခင်ပါနဲ့၊ သမီးလဲမခင်ပါနဲ့၊ ပစ္စည်းလဲမခင်ပါနဲ့၊ ဝတ္တရားအတိုင်းသာ သားလဲကျွေးတာပေါ့၊ သမီးလဲကျွေးတာပေါ့-(မှန်ပါ့ဘုရား)၊ ခင်တဲ့စိတ်လုံးဝတော့ ထည့်မခနဲ့ပါနဲ့....(မှန်ပါ့ဘုရား)။

မင်္ဂလာသုတ်မှာလဲခင်ရမယ်လို့မပါဘူး၊မာတာပိတုဥပဋ္ဌာနံ-အမိအဖများ လုပ်ကျွေးရမယ်သာ ပါတယ်။ ပုတ္တဒါရဿသင်္ဂဟော-သားသမီးများ မယားများကို သင်္ဂြိုဟ်ထောက်ပံ့ရမယ်လို့ ပါတယ်၊ ခင်ရမယ်တော့ မပါဘူး.... (မှန်ပါ့)၊ ပါသေးရဲ့လား....(မပါ့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က မင်္ဂလာသုတ်က ဘုရားဟောတာ ကျုပ်တို့သုတ်က ဇီသုတ်မဟုတ်ဘူး.... (မှန်ပါ့)၊ သဘောကျပလား-(ကျပါပြီ)၊ ကျုပ်တို့သုတ်က မင်္ဂလာသုတ် မဟုတ်ဘူးဆိုတော့ အမင်္ဂလာသုတ်က ခင်ဗျားတို့ ရထားတာကိုး.... (မှန်ပါ့)၊ ဦးခင်မောင် ခင်ဗျား ရထားတာ ဘာသုတ်ပါလိမ့်-(အမင်္ဂလာသုတ်ပါဘုရား)။

ဘုရားက ဘာသုတ်ဟောသလဲ.... (မင်္ဂလာသုတ် ဟောပါတယ်)၊ခင်ဗျားတို့ရထားတာက....(အမင်္ဂလာသုတ်ပါ ဘုရား)၊ ဒါနဲ့များ ခင်ဗျားတို့အိမ် အန္တရာယ်ကလေးများ ကင်းနေတာတော်....တော်သေးတယ်၊ အမင်္ဂလာသုတ် ရထားတာကိုး.... (မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ….ဒါဖြင့် ဒကာဒကာမတို့၊ တဏှာသတ်ရင် ဝန်ချစရာ အရပ် ရောက်ပါပြီ-(မှန်ပါ)၊ တဏှာ ဘာနဲ့သတ်ကြမယ်….(မဂ်နဲ့ သတ်ပါမယ်)၊ မဂ်နဲ့သတ်ရမယ်ဆိုတာ ပေါ်လာကြပလား….(ပေါ်လာပါပြီဘုရား)။

ကိုင်း….ဒါဖြင့် ဒကာဒကာမတို့၊ ကျုပ်တို့ ခင်ဗျားတို့ တစ်သက်လုံးဆင်းရဲ၊ တစ်သက်လုံး ဝန်ထမ်းသမား၊ တစ်သက်လုံး သေခြင်းဆိုး၊ တစ်သက်လုံး ဒကာ ဒကာမတို့ ကြည့် မကောင်းတဲ့အဖြစ်၊ ဒါတွေဟာ တဏှာ၏ လက်ချက်ချည်းပဲ ဆိုတာ ပေါ်ကြပလား….(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာကို ဘယ်အခါကာလမှ ကျုပ်တို့က ဦးခင်မောင် ရန်သူရယ်လို့ မသိခဲ့ကြဘူး-(မသိခဲ့ကြပါဘုရား)၊ အခုတော့ဖြင့် ယနေ့ပြောလိုက်တော့ အကြီးဆုံးရန်သူဆိုတာ ပေါ်ကြပလား….(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူ့မသတ်သရွေ့ ကာလပတ်လုံး ကျုပ်တို့ ကျွန်သပေါက်တွေအဖြစ်မှ လွတ်နိုင်ပါ့မလား…. (မလွတ်နိုင်ပါဘုရား)၊ ဝန်ထမ်းသမား ကူလီအဖြစ်မှကော….(မလွတ်နိုင်ပါဘုရား)၊ သေခြင်းဆိုးအဖြစ်မှကော…. (မလွတ်နိုင်ပါဘုရား)။

ကိုင်း….ဒါဖြင့် ဒကာ ဒကာမတွေ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့….တဏှာ ယောက်ျားလက်သမား၊ ခန္ဓာအိမ် လုပ်ရတော့မယ်လို့ မအောက်မေ့နဲ့၊ နောက် ငါမထမ်းဘူးကွ၊ မပါဘူးလွား…. (ပါ့ပါတယ်ဘုရား)။

http://www.dhammadownload.com



"အနေက ဇာတိသံသရာ" ဆိုတာ အနေကဇာတင်တဲ့ အခါကျတော့ ဟော့-ဘကျာယောကျ်ားလက်သမား နေခက် ခန္ဓာ့ဝန်ကို မင်း လုပ်ရတော့မယ်လို့ မင်း မအောက်မေ့နဲ့....၊ ခန္ဓာဝန်ထမ်းတဲ့ဘဝမှာ ငါသည် ကူလီအဖြစ်မှ လွတ်ပြီကွ....(မှန်ပါ့ဘုရား)၊ ကိုမြရွှေ မပြောဘူးလား-(ပြောပါတယ်)။

ဒါဖြင့် ဒကာဒကာမတွေလဲ ဘုရားတပည့် ဗုဒ္ဓဘာသာ ဆိုလို့ရှိယင်ဖြင့် ဝန်ထမ်းသမားနဲ့ သေချင်သလား၊ ဘုရားလို လွတ်ပြီးသေချင်သလား- (ဘုရားလိုလွတ်ပြီး သေချင်ပါတယ် ဘုရား)၊ ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အဝမှတန် ဆိုးတယ်နော်၊ လမ်းသွားတာ တောင်မှ သားကလေးလက်တစ်ဖက်က ဆွဲချင်တယ်၊ သမီး ကလေး ပွေ့ချင်တယ်ဆိုတော့ ဝန်မပါယင်ကို ခင်ဗျားတို့က ကြောင်တက်တက်ဖြစ်နေတယ်....(မှန်လှပါဘုရား)။

ဘယ့်နှယ်ဖြစ်နေသလဲ.... (ဝန်မပါယင် ကြောင်တက်တက် ဖြစ်နေပါတယ်ဘုရား)၊ ဒြော်....ရှုန်းနေကျွန်ဒါးကို-(မှန်ပါ)၊ အမိပွာယ်က ဒီမှရောက်ဘူးလား- (ရောက်ပါတယ် ဘုရား)၊ ဘယ်လိုဖြစ်သွားပါလိမ့်-(ရှုန်းနေကျွန်ဒါးဖြစ်ပါတယ်ဘုရား)။

ဩော်....ဒကာဒကာမတို့ ဘေးကနေ ကြည့်တဲ့အခါကျလို့ ရှိယင် မေဉ်တော်ကားလာလို့ရှောင်ရတဲ့အခါမျိုး ခင်ဗျားတို့ လွတ်ဖို့အရေး အတော်ဝေးတယ်နော်.... (မှန်ပါ)၊ မဝေး ဘူးလား....(ဝေးပါတယ်ဘုရား)။

ဟိုဟာတန်းလန်း ဒီဟာဖယ်ရနဲ့ ဆိုလို့ရှိယင်ဖြင့် နေ့ရာ မကျပါဘူး၊ ဒါကြောင့် ဒကာဒကာမတို့၊ ကိုယ်အရှုပ်ဆိုးတာ

http://www.dhammadownload.com



ကိုယ်သိကြပလား....(သိပါပြီဘုရား)၊ ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဝန်ချရာဌာနက ဘယ်ဟာပါလိမ့်.... (နိဗ္ဗာန်ပါဘုရား)၊ ဝန်ပေးသမားက ဘယ်သူတုံး.... (တဏှာပါဘုရား)။

ဒါဖြင့် သူ့မသတ်သရွေ့ ဝန်ချရာဌာန ရောက်ပါ့မလား (မရောက်ပါဘုရား)၊ ကိုင်း ဒါဖြင့် ဒကာဒကာမတို့ အလုပ်လုပ်မှ၊ ဆော်တော့မယ်....(မှန်ပါ့ဘုရား)၊ ကဲ-အလုပ်ပြောကြတော့မယ်၊ ဒကာဒကာမတွေ....။

ဒကာဒကာမတွေ သိတဲ့အတိုင်း ဟောဒါ ဝန်ထမ်းသမား-(မှန်ပါ့)၊ ဒါ ဘာပါလိမ့်-(ခန္ဓာငါးပါးပါဘုရား)၊ ဝန်ထမ်းသမား ခန္ဓာငါးပါး-(မှန်ပါ့)၊ ဒီဝန် ဘယ်သူပေးလိုက်တယ်ဆိုတဲ့အခါကျတော့မှ ဒါ....အဝိဇ္ဇာနဲ့တဏှာကပေးလိုက်တယ်—(မှန်ပါ့ဘုရား)။

အဝိဇ္ဇာက ဒါ....ခန္ဓာကို ဒုက္ခသစ္စာလို့မသိဘူး၊ မသိတော့ တဏှာကလိုချင်တော့ ဒီခန္ဓာငါးပါးကြီး ဝန်ထမ်းသမားမရဘူးလား.... (ရပါတယ်ဘုရား)၊ ဝန်ထမ်းသမားဟာ ခန္ဓာဝန်ထုပ်ကြီး မရဘူးလား....(ရပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီဝန်ထုပ်ကြီး တဏှာပေးလိုက်တယ်ဆိုတာ သေချာပလား-(သေချာပါပြီ)၊ သိတဲ့လူပေးတာလား၊ မသိတဲ့လူ ပေးတာလား- (မသိတဲ့လူပေးတာပါဘုရား)၊ ကြည့်လေ ဒီဘက်ကဘာပါလိမ့်-(အဝိဇ္ဇာပါဘုရား)၊ ဒီဘက်က-(တဏှာပါဘုရား)၊ မသိတဲ့လူကို တဏှာကပေးပါတယ်....(မှန်ပါ့ဘုရား)၊ မသိတဲ့လူကို....(တဏှာက ပေးပါတယ်ဘုရား)။

http://www.dhammadownload.com



ပေးတော့ ဘာကြီးရပါလိမ့်.... (ခန္ဓာငါးပါးရပါတယ် ဘုရား)၊ခန္ဓာငါးပါး ဝန်ထုပ်ကြီးရတယ်-(မှန်ပါ)၊သဘောကျ ပလား-(ကျပါပြီ)၊ ဘာရပါလိမ့်...(ခန္ဓာငါးပါး ဝန်ထုပ်ကြီး ရပါတယ်)၊ သိတဲ့လူ ပေးတာလား-မသိတဲ့လူ ပေးတာလား-(မသိတဲ့သူ ပေးတာပါဘုရား)၊ မသိတာက ဘာပါလိမ့်.... (အဝိဇ္ဇာပါဘုရား)၊ ပေးတာက-(တဏှာပါဘုရား)၊ရ,တာက် ဒီဒကာ ဒကာမတွေ-(မှန်ပါဘုရား)၊ သဘောကျပလား .... (ကျပါပြီ)၊ ဒါကြီးဟာ ဒကာဒကာမတို့၊ ခန္ဓာငါးပါးကြီး ဟာ စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာငါးပါးကြီး သည် ဒကာဒကာမတွေ သိတဲ့အတိုင်း အသုဘ ဒုက္ခသစ္စာ ကြီး-(မှန်ပါဘုရား)၊ ဘယ်လိုဆိုကြမယ်-(အသုဘဒုက္ခသစ္စာ ကြီးပါဘုရား)၊ အသုဘဒုက္ခသစ္စာကြီးကို ဥပမာမယ် ဦးခင် မောင်ဆိုတဲ့၊ ဦးဝ,ဆိုတဲ့ နာမည်ရှိတဲ့ ပုဂ္ဂိုလ်က ဒီခန္ဓာငါးပါး ထမ်းရတယ်....(မှန်ပါဘုရား)။

ဘယ်သူက ထမ်းရတာပါလိမ့်-(နာမည်ရှိတဲ့ပုဂ္ဂိုလ်ကပါ)၊ ဦးခင်မောင်တို့ ဦးဝတို့က ထမ်းရတယ်ဆိုတာ သေချာပလား (သေချာပါပြီ)၊ ဘာကိုထမ်းရသတုံးလို့မေးတော့မှ အသုဘနဲ့ ဒုက္ခသစ္စာကို ထမ်းရတယ်....(မှန်ပါဘုရား)၊ သဘောပါကြ ပလွား....(ပါ,ပါပြီဘုရား)၊ ဘာထမ်းရပါလိမ့်....(အသုဘနဲ့ ဒုက္ခသစ္စာ ထမ်းရပါတယ်)၊အသုဘနဲ့ ဒုက္ခသစ္စာ ထမ်းရတယ် ဆိုတာ သေချာပလွား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒါကြီးထမ်းနေတဲ့ ပုဂ္ဂိုလ်သည် ဒကာ ဒကာမတို့ အသုဘစစ်တယ်၊ မစစ်ဘူးဆိုတာ ပြောဖို့

http://www.dhammadownload.com



မလိုပါဘူး–(မှန်ပါဘုရား)၊ ဒီကနေ နတ်ပြည်၊ နတ်ပြည်က နတ်တွေ၊ တာဝတိံသာ စတုမဟာရာဇ်မှာရှိတဲ့ နတ်တွေဟာ ဒကာဒကာမတို့၊ တစ်ယူဇနာကနေ ကျုပ်လို့အနံ့တွေနံတယ်–(မှန်ပါဘုရား)။

လူ့ပြည်က အနံ့တွေကြောင့် တစ်ယူဇနာ အောက်ကို မဆင်းဘူး၊ တစ်ယူဇနာအထက်မှာသာ သူတို့နေကြတယ်၊ အသုဘာအနံ့တွေက ထွက်လွန်းလို့–(မှန်ပါဘုရား)၊ သဘော ပါပါလား–(ပါ့ပါပြီဘုရား)၊ အသုဘ ဟုတ််မဟုတ်....(ဟုတ် ပါတယ်ဘုရား)။

အဲဒီ တစ်ယူဇနာကနေ ဒီအနံ့တွေ ဘာဖြစ်သတဲ့တုံး.... (နံပါတယ်ဘုရား)၊ နံလို့ လူ့ပြည်လာရဲလား.... (မလာပါ ဘုရား)၊ ဘာဖြစ်လို့မလာတာလဲ.... (အသုဘာနံ့တွေ နံလွန်း လို့ပါ)၊ အသုဘာဖြစ်နေလို့ မလာတာ·(မှန်ပါဘုရား)၊သဘော ပါပလား....(ပါ့ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အနံ့တွေကတော့ ဒီလောက်နံတယ် (မှန်ပါ)၊ တစ်ယူဇနာကနံတယ်ဆိုတော့ သုဘာမို့ နံသလား အသုဘာမို့နံသလား–(အသုဘာမို့နံပါတယ်ဘုရား)၊ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါဖြင့် ဒီဟာကြီးထမ်း ပြီး လည်နေရတယ်ဆိုတာက ဒကာ ဒကာမတွေ သူများ အလောင်းထမ်းပြီး လည်နေရတာလား၊ ကိုယ့်အလောင်းကိုယ် ထမ်းပြီး လည်နေရတာလား.... (ကိုယ့်အလောင်း ကိုယ်ထမ်း ပြီး လည်နေရတာပါဘုရား)။

http://www.dhammadownload.com



အသုဘကို ကိုယ့်အသုဘဲ ကိုယ်ထမ်းပြီးတော့....(လည်နေရပါတယ်ဘုရား)၊ရှင်းကြပလား....(ရှင်းပါပြီ)၊ ကိုယ့်အသုဘကို....(ကိုယ်ထမ်းပြီးလည်နေရပါတယ်)၊ကဲ ဒါဖြင့်ဦးခင်မေဓါဝီ အသုဘဆိုလို့ရှိယင်ဖြင့် ဒါ-ဒုက္ခသစ္စာပဲ လုပ်လိုက်ပါတော့....(မှန်ပါ)၊ အသုဘက ဒုက္ခသစ္စာဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် ဒီဟာကြီး မချသရွေ့ ကာလပတ်လုံး ဒါကြီးနဲ့ ဆိုယင် ဒါကြောင့် ခန္ဓာငါးပါးဟာ နိဗ္ဗာန်မှာ မရှိဘူးဆိုတာ အသုဘဒုက္ခသစ္စာမို့ မရှိဘူးပြောတာ-(မှန်ပါဘုရား)၊သဘော ကျပလား....(ကျပါပြီ)၊ခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)၊ ဆက်လိုက်ပါဦး၊ အသုဘ၊ အသုဘ ဒုက္ခသစ္စာဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် ဒီခန္ဓာကြီး နိဗ္ဗာန်ကကော လက်ခံပါရဲ့လား...(မခံပါဘုရား)၊ဘာကြောင့်ပါလိမ့်(အသုဘဒုက္ခသစ္စာမို့ပါ)၊ အသုဘဒုက္ခသစ္စာမို့ လက်မခံဘူး ဒကာဒကာမတို့....(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)၊အဲဒါကြောင့်ဒီခန္ဓာကြီးမရှိမှ နိဗ္ဗာန်က လက်ခံမှာ....(မှန်ပါဘုရား)၊ ပေါ်ကြပလား ....(ပေါ်ပါပြီဘုရား)၊ ဒီခန္ဓာမရှိမှ ဘာပါလိမ့် - (နိဗ္ဗာန်က လက်ခံမှာပါဘုရား)၊နိဗ္ဗာန်က လက်ခံတယ်ဆိုတာသေချာပလား-(သေချာပါပြီ)။

ဒီခန္ဓာကြီးမရှိအောင်လဲ ဒကာဒကာမတို့ ဘယ်သူ့ သတ်မှ မရှိမှာတုံးဆိုတော့ ဒီတဏှာက တည်ဆောက်ခဲ့တယ်-(မှန်ပါ)၊ ဒီအဝိဇ္ဇာက တည်ထောင်ခဲ့တယ်ခန္ဓာကိုး-(မှန်ပါ)၊မသိတာက

(အဝိဇ္ဇာပါ)၊ဆိုးတောင်းတာက (တဏှာ)၊မသိလို့ဆိုးတောင်းလို့ ရတာက အသုဘဒုက္ခသစ္စာပါ—(မှန်ပါ့ဘုရား)၊ရှင်းကြပလား-(ရှင်းပါပြီ)၊

မသိတာက....(အဝိဇ္ဇာပါဘုရား)၊ တောင်းတာက-(တဏှာပါ)၊အဲ-မသိလို့ဆိုတောင်းတော့ ရတာက ဘာတုံး-(အသုဘဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် သူတို့နှစ်ခုသေမှ ဦးခင်မောင် ပြီးမယ် .... (မှန်လှပါဘုရား)၊ မောင်ထွန်းလှိုင် သဘောကျပလား....(ကျပါပြီဘုရား)၊သူတို့နှစ်ခု မသေသရွေ့ ကာလပတ်လုံး ဒကာဒကာမတို့ အေးအေးချမ်းချမ်း နေချိန်ရှိပါရဲ့လား-(မရှိပါဘုရား)၊ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီလို လုပ်ကြပေတော့တဲ့၊ မသိတာက ဘာတုံး....(အဝိဇ္ဇာပါဘုရား)၊ လိုချင်တာက....(တဏှာပါ)၊ ရတာက....(အသုဘဒုက္ခသစ္စာပါ)၊ အသုဘဒုက္ခသစ္စာ၊ ရှင်းကြပါဦး၊ ဘာတဲ့....(အသုဘဒုက္ခသစ္စာပါဘုရား)၊ မသိတာက....(အဝိဇ္ဇာပါ)၊ လိုချင်တာက....(တဏှာ)၊ ရတာက .... (အသုဘ ဒုက္ခသစ္စာပါ)။

ကိုင်း—ဒါဖြင့် အဝိဇ္ဇာတဏှာ၏လက်ချက်ကြောင့်အသုဘလို့ ဒုက္ခသစ္စာကြီး ကျုပ်တို့ ထမ်းပြီး မလည်ရဘူးလား....(လည်ရပါတယ်ဘုရား)၊ သဘောပါကြပလား....(ပါ,ပါပြီ)။

လူ့ပြည်ရောက်ပြန်လဲ၊ ခင်ဗျားတို့ ရှင်တုန်းလဲ အသုဘ-(မှန်ပါ) ရှင်တုန်းတော့ ကိုယ့်ဟာကိုယ် ထမ်းတဲ့ အသုဘ၊ သေတော့ သူများထမ်းတဲ့....(အသုဘပါဘုရား)၊ရှင်းပလား—(ရှင်းပါပြီ)၊ရှင်တုန်းတော့ ကိုယ့်ဟာကိုယ်ထမ်းတဲ့ အသုဘပါဘုရား)။

http://www.dhammadownload.com



ကိုယ့်ဟာကိုယ် ထမ်းတယ်ဆိုတော့ ကိုယ်က ဒုက္ခစလွှား သွားဖြစ်တယ်....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ)၊ကိုယ့်ဟာ ကိုယ် ထမ်းတယ်ဆိုတော့.... (ဒုက္ခစလွှား သွားဖြစ်ပါတယ်)၊ မနာပါနဲ့နော်....(မှန်ပါ)၊ အခု တရားလာနာကြတာ ဒကာ ဒကာမတို့၊ သူများအ ထမ်းမို့သလား၊ ကိုယ့်ဟာကိုယ်ပဲ.... ထမ်းလာကြသလား .... (ကိုယ့်ဟာကိုယ် ထမ်းလာပါတယ် ဘုရား)။

အံ့မာလေး....ဘာထမ်းလာခဲ့ကြသလဲ....(အသုဘဒုက္ခသစ္စာ ကို ထမ်းပါတယ်)၊ဘယ်လူမျိုးမို့ ထမ်းသလဲ....(ဒုက္ခစလွှားမို့ ထမ်းပါတယ်)၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ကျုပ်တို့ မျိုးရိုးမကောင်းပါဘူးနော်....(မှန်ပါ)။

ခန္ဓာဝန်ထမ်းသမားအဖြစ်ဟာ မကောင်းဘူးဆိုတာ ပေါ် ပလား....(ပေါ်ပါပြီဘုရား)၊နာအောင်ပြောတာလား၊မှန်နေ သလား အကဲခတ်....(မှန်နေပါတယ်ဘုရား)၊ ဦးဝ-နာအောင် ပြောတာလား၊ မှန်တာလား....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့မျိုးရိုး ဒီခန္ဓာကိုထမ်းနေတဲ့ မျိုးရိုးဟာဖြင့် ဦးခင်မောင် အတော်ညံ့တဲ့မျိုးရိုး-(မှန်ပါဘုရား)၊ရှင်းပလား- (ရှင်းပါပြီ)ဒီခန္ဓာဝန်ထမ်းနေတဲ့မျိုးရိုးဟာဖြင့်....(ညံ့ပါတယ် ဘုရား)၊ ဘာအမျိုးထဲ သွင်းကြမလဲ.... (ဒုက္ခစလွှားအမျိုးပါ ဘုရား)၊

အံ့မာလေး....ကြောက်စရာကြီးပါကလား၊ ဒီတရားပွဲကျမှ ဖြစ်ရလေခြင်းလို့တော့ မလုပ်ကြနဲ့နော်....(မှန်ပါဘုရား)၊နဂို ကိုက ဒီအတိုင်းပဲ၊ ရိပ်မိကြပလား-(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ရှင်တုန်းကအဖော့ဘယ်သူထမ်းရအတုံး....(ကိုယ့်ဟာကိုယ် ထမ်းပါတယ်)၊ သေတော့ဘယ်သူထမ်းသတုံး....(သူများထမ်း ရမှာပါတယ်)၊ သူများထမ်းရတယ်ဆိုတော့ ဒကာ ဒကာမတို့၊ သေတော့ ဒွန်းစဏ္ဍားဝင့်က ဒီဘဝကျွတ်သွားတာနဲ့ သူများ ထမ်းရတယ်....(မှန်ပါ့ဘုရား)၊ သဘောကျပလှား.... (ကျပါပြီ ဘုရား)။

မသေခင်တော့....(ကိုယ့်ကိုယ်တိုင် ထမ်းရပါတယ်)၊ ဟာ ဒွန်းစဏ္ဍားဝင်မကျွတ်လို့ပေါ့....(မှန်ပါ့ဘုရား)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ဘာမကျွတ်တာပါလိမ့်-(ဒွန်းစဏ္ဍားဝင် မကျွတ် တာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ တစ်သံသရာလုံး ကျုပ်တို့ ဘယ် အမျိုးအမည်နဲ့ အမှုထမ်းကြသတုံး.... (ဒွန်းစဏ္ဍား အမည်နဲ့ အမှုထမ်းခဲ့ပါတယ်ဘုရား)၊ ရှင်းပြီနော်-(မှန်ပါ့)၊ ရှင်းလို့ရှိယင် ဒါဖြုတ်ကြပါစို့ဗျာ၊ အမျိုးလဲ မကောင်းပါဘူး၊ ထမ်းရတာလဲ မကောင်းဘူး....(မှန်ပါ့)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီဘုရား)။

ထမ်းရတာကော....(မကောင်းပါဘုရား)၊ အမျိုးကကော- (မကောင်းပါဘုရား)၊ အမျိုးကလဲ မကောင်းလို့ရှိယင်၊ ထမ်းရ တာလဲ မကောင်းလို့ရှိယင် ဒကာဒကာမတို့၊ ဗိုလ်ခန္ဓာကြီး အခု ပေါ်လာပါပြီ....(မှန်ပါ့)၊ ဘာသစ္စာတဲ့တုံး-(ဒုက္ခသစ္စာပါ ဘုရား)၊ သုဘလား၊ အသုဘလား-(အသုဘပါဘုရား)။

ဒါဖြင့် အသုဘ ဒုက္ခသစ္စာကို ကျုပ်တို့ ယနေ့ ထူးထူး ခြားခြား ကိုယ့်ခန္ဓာကိုယ် မြင်နေတယ် – (မှန်ပါ့)၊ ကဲ- ဆုတောင်းချင်ကြသေးသလား – (မတောင်းချင်ပါဘုရား)။

http://www.dhammadownload.com



အစ်း...တဏှာဟာ အရမ်းသေသွားတာပဲ....(မှန်ပါ)၊ သဘော ကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ ဝမ်းထဲမှာ ဒီတရားကလေး နာလိုက်တာနဲ့ တဏှာသေသွားတယ်....(မှန်ပါဘုရား)၊ အသုဘ ဒုက္ခသစ္စာလို့ သိတာက ဝိဇ္ဇာ....(မှန်ပါ)၊မလိုချင်တာက အလောဘ-(မှန်ပါ အလောဘပါ)၊ ကဲ....ဝိဇ္ဇာနဲ့ အလောဘ ဖြစ်သွားတယ်...(မှန်ပါ)၊ ဘာဖြစ်သွားပါလိမ့်...(ဝိဇ္ဇာနဲ့အလောဘ ဖြစ်သွား ပါတယ်ဘုရား)။

ဟော....ဝိဇ္ဇာနဲ့ အလောဘ ဖြစ်တယ်ဆိုတော့ ဒကာ ဒကာမတွေ မှာလိုက်၊ အဝိဇ္ဇာလဲ ချုပ်သွားတယ်....(မှန်ပါ)။ လောဘကော... (ချုပ်သွားပါတယ်ဘုရား)၊ ချုပ်သွားတော့ ကို ဝိဇ္ဇာနဲ့ အလောဘဖြစ်သွားတယ်၊ သူ့ကို အသုဘ ဒုက္ခသစ္စာ လို့ သိလိုက်တဲ့အတွက်....(မှန်ပါဘုရား)၊ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

ဘယ်လိုသိလိုက်ပါလိမ့်....(အသုဘဒုက္ခသစ္စာလို့ သိလိုက်ပါ တယ်ဘုရား)၊ အသုဘဒုက္ခသစ္စာလို့ မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား)၊ သိလိုက်တဲ့အခါကျတော့ အသုဘပဲ ဒုက္ခသစ္စာပဲ၊ အသုဘပဲ ဒုက္ခသစ္စာပဲလို့ ဒကာဒကာမတွေက ဒီခန္ဓာကြီး ရှုတော့မယ်....(မှန်ပါဘုရား)။

အခုဟာက သညာသိရှိသေးတာကိုး....(မှန်ပါ)၊ ပညာသိ ကျန်နေသေးတယ်၊ အခုဟာက ဘာတဲ့....(သညာသိပါဘုရား)၊ နောက် ဘာသိကျန်ပါလိမ့်... (ပညာသိ ကျန်ပါတယ်ဘုရား)၊ ပညာသိကျန်နေသေးတော့ ဝိပဿနာပွားယူရမယ်....(မှန်လှ ပါဘုရား)၊ ဘယ်လိုလုပ်ရမယ်.... (ဝိပဿနာပွားယူမှုရပါမယ်

http://www.dhammadownload.com



ဘုရား)၊ ဝိပဿနာပွားယူမှ ရမယ်ဆိုတာ သေချာကြပြီလား.... (သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာအလုပ်လုပ်ရမယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီဘက်ကဝိပဿနာဆိုတာ မဂ္ဂင် ငါးပါးလို့ မနေ့က မပြောဘူးလား.... (ပြောပါတယ်ဘုရား)၊ ဒီအထဲ သမ္မာဒိဋ္ဌိက ဝိဇ္ဇာပဲ....(မှန်ပါ့)၊ရိပ်မိပလား....(ရိပ်မိပါ ပြီဘုရား)။

သမ္မာဒိဋ္ဌိက ဘာပါလိမ့်.... (ဝိဇ္ဇာပါဘုရား)၊ ဝိဇ္ဇာမဂ္ဂင် ပဲ သူက–(မှန်ပါ့)၊ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊ကောင်း ပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီအထဲမှာ လောဘ ပါသလား။ အလောဘသော ပါတော့တယ်....(မှန်ပါ့ဘုရား)၊ အလောဘ သာ ပါတော့တယ်၊ မလိုချင်တာသာ ပါတော့တယ်.... (မှန်ပါ့)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့်ခန္ဓာငါးပါးကို တစ်ပါးပါးကိုဒကာဒကာမတို့ အာလုပ်ရမယ်.... (ဝိပဿနာရှုရပါမယ်)၊ ဝိပဿနာရှုရမယ် .... (မှန်ပါ့ဘုရား)၊ အရှင်ဘုရား တပည့်တော် သိပြီးပြီ၊ အသုဘာ ဒုက္ခသစ္စာသာပဲ၊ အို-ဒါက ဆရာပြောလို့ သိတာ ရှိသေးတယ်၊ ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်းမသိရသေးဘူး– (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုသိရမယ်.... (ကိုယ့်ဉာဏ်နဲ့ထိုးထိုးထွင်းထွင်းသိရမယ်)၊ ကိုင်း....ဒါဖြင့် ဒကာဒကာမတို့၊ ဒီအထဲမှာ ဝေဒနာနဲ့စိတ်ကို ကြိုက်ရာရှုကြစမ်း၊ သဘောကျပလား....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဝေဒနာကလေးတစ်ခုပေါ်လာတယ်ဆိုလဲ-ဒကာဒကာမတို့ ဖြစ်တယ်၊ ယားတဲ့စိတ်ကလေး ဒီအပေါ်မှာ ပေါ်တယ်၊ ယားပြီးမပျောက်ဘူးလား—(ပျောက်ပါတယ်ဘုရား)၊သူများ သေတာလား၊ မိမိဝေဒနာသေတာလား.... (မိမိဝေဒနာသေ တာပေါ့ဘုရား)၊ဒါဖြင့် မိမိသေတာပေါ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် မိမိသေတာသည် ဒကာ ဒကာမတို့ သုဘလား၊ အသုဘလား....(အသုဘပါဘုရား)၊မိမိသေတာသည်ဒုက္ခလား၊ သုခလား....(ဒုက္ခပါဘုရား)၊ ဒါလက်တွေ့ပြပါပြီ....တဲ့၊ ဒကာ ဒကာမတို့ ကိုယ့်လက်ကို လက်သည်းကလေးနဲ့ လက်မောင်း ကလေးတစ်ခုကို ခြစ်ကြည့်ပါ....တဲ့၊ ခြစ်ကြည့်ဘော့ ဝေဒနာ ကလေး မပေါ်ဘူးလား-(ပေါ်ပါတယ်ဘုရား)၊ ဒုက္ခဝေဒနာ ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒီအတိုင်းနေတော့ သုခဝေဒနာ....(မှန်ပါ့ဘုရား)၊ သုခ ဝေဒနာလဲ ပျက်လျက်ပဲ-(မှန်ပါ့)၊ ဒုက္ခဝေဒနာကော.... (ပျက်လျက်ပါပဲဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့၊ သုခ ဝေ ဒနာလဲဖြစ်ပြီးပျက်တော့အသုဘပဲ(မှန်ပါ့ဘုရား)၊ ဘယ်သူသေ တာပါလိမ့်- (မိမိသေတာပါဘုရား)၊ မိမိဟာ ဝေဒနာက္ခန္ဓာ ကိုးဗျ....(မှန်ပါ့ဘုရား)။

မိမိဟာ ဝေဒနာက္ခန္ဓာ ဖြစ်နေတော့ ဝေဒနာက္ခန္ဓာမသေ ဘူးလား-(သေပါတယ်ဘုရား)၊ သေတာသည် သုဘလား၊ အသုဘလား-(အသုဘပါဘုရား)၊ သေတာသည် ဒုက္ခလား၊ သုခလား—(ဒုက္ခပါဘုရား)၊ အဲဒါကြောင့်ဖြစ်ပျက်မြင်အောင် ကြည့်စမ်းပါ- (မှန်ပါ့ဘုရား)၊ ဝေဒနာကလေး တစ်လုံး

http://www.dhammadownload.com



ဟာ ဖြစ်ပြီးပျက်တယ်၊ဖြစ်ပြီးပျက်တယ်၊ စိတ်ကလေးတစ်လုံး ဟာကော-(ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်လို့ ဒီကမ္မဂ္ဂင်ါးပါးနဲ့ ကြည့်ပေးစမ်းပါ-(မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့ အိမ်ကျ စောင့်ထိုင်၊ ထိုင်ပြီးသကာလ ပထမတော့ လေကလေးမှန်မှန်ရှူ မှန်မှန်ရှိုက်ပြီး နေရင်းမတ္တနဲ့ ဟိုကယား ဒီကယားနဲ့ လာလိမ့် မယ်၊ အဲဒါ လက်သည်းနဲ့ မခဲဖျောက်နဲ့ မဖျောက်နဲ့.... (မှန်ပါ့ဘုရား)၊ မဖျောက်ပါနဲ့ ဒကာဒကာမတို့ အလုပ်သင် လွှတ်နေတယ်-(မှန်ပါ့ဘုရား)။

အင်း....ဘာပါလိမ့်မလဲဆိုတော့ ဝေဒနာကလေးပဲ၊ အဲဒါ သည်ကားလို့ဆိုလို့ရှိယင် ဝေဒနာကလေးနဲ့၊ ပေါက်ပြန်လာ တာပဲ၊ "ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ" ဦးခင်မောင်....(မှန်ပါ့ ဘုရား)၊ ဘာတဲ့တုံး-(ဝိပရိဏာမလက္ခဏံဒုက္ခသစ္စံပါဘုရား)။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာသည်။ ဒုက္ခ သစ္စံ၊ ဒုက္ခသစ္စာပဲ-(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကလေးက ယားတာလဲ နဂိုက မရှိဘူး၊ ခုမှ ပေါ်လာတာ-(မှန်ပါ့)၊ နာတာကော- (ခုမှ ပေါ်လာတာပါဘုရား)၊ ဖောက်ပြန်လာတာပေါ့ဗျာ- (မှန်ပါ့ဘုရား)။

ဦးဝ,ဟုတ်သလား-(ဟုတ်ပါတယ်ဘုရား)၊ အဲဒါဘာသစ္စာ တုံး-(ဒုက္ခသစ္စာပါဘုရား)၊ အင်း---ဒါ ဒုက္ခသစ္စာပါက ဟား ဒါ---ဖြစ်ပျက် ဒုက္ခသစ္စာပါကလား၊ ဖြစ်ပျက် ဒုက္ခသစ္စာပါ

http://www.dhammadownload.com



ကလား....လို့၊ ခန္ဓာကိုယ်လှည့်ရှု (မှန်ပါဘုရား)၊ ပေါ်ရာကို လှည့်ရှုပါ။

လှည့်ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် အသုဘ ဒုက္ခသစ္စာ မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)၊ မြင်တာက ဝိဇ္ဇာ၊ မလိုချင်တာက အလောဘ၊ ရှင်းပလား-(ရှင်းပါပြီ)၊ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာမသေဘူးလား-(သေပါတယ်ဘုရား)၊ ဒါဖြင့် မသိအောင်လုပ်တဲ့အဝိဇ္ဇာ၊ ဆုတောင်းခိုင်းတဲ့တဏှာ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် ဒီဝန်ကြီး နောက်ထပ်လာပါဦးမလား- (မလာပါဘုရား)၊ ကျုပ်တို့သိပြီ၊ မသိမ်းတော့ဘူး၊ ဒီအဓိပ္ပာယ်ရတယ်-(မှန်ပါ)၊ သိပြီဆိုတာက ဝိဇ္ဇာဖြစ်တာ-(မှန်ပါ)၊ မထမ်းတော့ဘူးဆိုတာက တဏှာသေသွားတာ-(မှန်ပါ)၊ သိပြီး မထမ်းတော့ဘူးဆိုတော့ နှစ်ချက်မပိုင်ဘူးလား-(ပိုင်ပါတယ်ဘုရား)။

သိတာကဘာပါလိမ့်(ဝိဇ္ဇာပါဘုရား)၊ မထမ်းတော့ဘူးလို့ ဆိုတာက-(အလောဘပါ)၊ အဲ....ခန္ဓာမလိုချင်တော့ဘူး ဆိုတာက တဏှာချုပ်တာ-(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊ သိပြီဆိုတာက (ဝိဇ္ဇာပါ)၊ မထမ်းတော့ဘူးဆိုတာက....(အလောဘပါ)၊ အလောဘဆိုတော့ တစ်ခါတည်း ဒီအထဲမှာ ဒကာဒကာမတို့၊ မဂ္ဂင်ကောင်းကွောင်းဆိုက်တယ်-(မှန်လှပါဘုရား)၊ မဆိုက်ဘူးလား.... (ဆိုက်ပါတယ်ဘုရား)။

မဂ္ဂင် ကောင်းကောင်းဆိုက်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)၊ ဒါဖြင့် ဘယ်နေရာမှာပေါ်တဲ့ မမြဖြစ်ဖြစ် ဒကာဒကာမတို့ ဖြစ်ပျက်ရှုပေးပါ.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဝေဒနာတွေက အနှံ့အပြားပေါ်လိမ့်မယ်နော်-(မှန်ပါ)။ ဝမ်းသာတဲ့ဝေဒနာလာယင်လဲ ဘာလုပ်ကြမယ်— (ဖြစ်ပျက်ရှုရပါမယ်)၊ ဝမ်းနည်းတာကလေးပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်)၊ ယားတဲ့ဝေဒနာ ပေါ်လာယင်....(ဖြစ်ပျက်ရှုပေးရပါမယ်)၊ နာတာပေါ်လာမယ်-(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မြင်တာကလေးပေါ်လာယင်- (ဖြစ်ပျက်ရှုရပါမယ်)၊ မြင်တာလဲ ဥပေက္ခာဝေဒနာကိုးဗျ၊ ကြားတာ ဥပေက္ခာဝေဒနာ ဘာလုပ်ရမလဲ-(ဖြစ်ပျက်ရှုပေးရပါမယ်)၊ အဲ....ဖြစ်ပျက်ရှုပါ ဆိုတဲ့ဥစ္စာက ဒကာဒကာမတို့ ရှုရတာမဟုတ်ပါဘူး၊ ကိုယ့်အသေ ကိုယ်မြင်အောင် ပြတာပါ—(မှန်လှပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ကိုယ်ခန္ဓာကြီးဟာ ဘာသစ္စာတဲ့.... (ဒုက္ခသစ္စာပါဘုရား)၊ ထည့်လိုက်ပါဦး အသုဘ....(အသုဘ ဒုက္ခသစ္စာပါဘုရား)၊ ကိုယ့်ဟာကိုယ်သေခြင်းကြောင့်လဲ အသုဘ(မှန်ပါ)၊ သေတာသည် ဒုက္ခဖြစ်လေသောကြောင့်လဲ ဒုက္ခသစ္စာ.... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)၊ ဘာသစ္စာတဲ့— (အသုဘ ဒုက္ခသစ္စာပါဘုရား)၊ အဲဒါ မြင်အောင်ကြည့်.... (မှန်ပါ)။

မြင်အောင်ကြည့်ဆိုတော့ သူများမြင်အောင် ကြည့်ရမှာလား၊ ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင် ကြည့်ရမှာလား.... (ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင်ကြည့်ရမှာပါ)၊ အဲဒီတော့ ခန္ဓာကြီးက ငါးပါးဖြစ်နေတော့ တစ်ပါးတည်း ကွက်ကြည့်ပါ....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

http://www.dhammadownload.com



ခန္ဓာက ဘယ်နှစ်ပါးတဲ့-(ငါးပါးပါဘုရား)၊ ငါးပါးဖြစ်နေတဲ့အတွက် ဘယ်လိုကြည့်မယ်- (တစ်ပါးတည်းကွက်ကြည့်ရပါမယ်)၊ တစ်ပါးတည်းကွက်ကြည့်၊ ဦးခင်မောင် ဝေဒနာဖြင့် ဝေဒနာ တစ်ပါးတည်းကြည့် စိတ်ဖြင့် ဝိညာဏက္ခန္ဓာ တစ်ပါးတည်းကွက်ကြည့်....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ကြည့်လိုက်တဲ့ အခါကျလို့ရှိယင် စိတ်ခေတ္တထဲ ဝေဒနာပါသွားတယ်-(မှန်ပါ့ဘုရား)၊ ရှင်းပြီနော် - (ရှင်းပါပြီ) ကဲ....ဒါဖြင့်လဲ ဒီလိုကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ ဝိဇ္ဇာဆိုတာသည် ပညာပါပဲ.... (မှန်ပါ့ဘုရား)။

ဒီလိုမြင်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမဘို့၊ ခန္ဓာကြီးကို လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား)၊ မလိုချင်တဲ့ အခါကျတော့ ဒကာဒကာမတို့ တဏှာ မဆိတ်ဘူးလား.... (ဆိတ်ပါတယ်)၊ ဥပါဒါန်ကော-(ဆိတ်ပါတယ်)၊ ကံကော.... (ဆိတ်ပါတယ်) နောက်ဘဝလာဦးမှာလား (မလာပါဘုရား)။ ဩော်....ဘယ့်နှယ်ကြောင့် မလာပါလိမ့်မလဲဆိုတော့ အသုဘာဒုက္ခသစ္စာသိလို့.... (မှန်ပါ့ဘုရား)၊ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(အသုဘာဒုက္ခသစ္စာသိလို့ပါဘုရား)၊ ဘယ်ခန္ဓာပါလိမ့် မိမိခန္ဓာ-(မှန်ပါ့ဘုရား)မိမိခန္ဓာကိုဘယ်လိုသိရမယ်-(အသုဘာဒုက္ခသစ္စာပါဘုရား)။

အဲ....ခင်ဗျားတို့သိတာကတော့ ပုပ်ညှိနေမှ အသုဘာ၊ဟုတ်လား-(မှန်ပါ)၊အင်း....ဟင်.... နာလှချည်ရဲ့လို့အော်နေမှ ဒုက္ခသစ္စာ၊ ဒီလိုမယူပါနဲ့၊ တရားဓမ္မကလေးတစ်ခု ဖြစ်လိုက် ပျက်လိုက်ဆိုယင် ဦးခင်မောင် ဘယ်လို ဆိုကြမလဲ- (ဒုက္ခသစ္စာပါ

http://www.dhammadownload.com



ဘုရား)၊ အသုဘာဒုက္ခသစ္စာပဲ-(မှန်ပါ)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီ)၊ ဘာသစ္စာတဲ့လဲ....(အသုဘာ ဒုက္ခသစ္စာပါဘုရား)။

အဲ့ဒီတော့ ခန္ဓာထဲမှာ ပေါ်ရာ စိတ်ပေါ်ယင် စိတ်ရှု၊ ဝေဒနာပေါ်ယင်-(ဝေဒနာရှုရပါမယ်)၊ ရှုလိုက်တဲ့ အခါကျတော့ ဘာမြင်ပါလိမ့်.... (အသုဘာဒုက္ခသစ္စာပါဘုရား)၊ သူက အသုဘာဒုက္ခသစ္စာ၊ ဒါက အသုဘာ ဒုက္ခသစ္စာ မြင်တာက.... (မဂ္ဂသစ္စာပါဘုရား)၊ လိုချင်သေးရဲ့လား(မလိုချင်ပါဘုရား)။

မလိုချင်တော့ တဏှာ၊ ဥပါဒါန်တွေမချုပ်ဘူးလား-(ချုပ်ပါတယ်)၊ တဏှာ၊ ဥပါဒါန်တွေ ချုပ်တယ် ဆိုကတည်းက ဟိုဘက် ဇာတိ ဇရာ မရဏ ဘယ်နှယ်နေသတုံး.... (မလာပါဘုံရား)၊ မလာယင် နိရောဓသစ္စာ ဖြစ်ရတော့မယ်ဆိုတော့ ဟိုဘက်မှာ ခန္ဓာထမ်းဖို့ ထမ်းစရာခန္ဓာ ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)။

ကိုင်း....ဒီ ထမ်းတဲ့ ခန္ဓာကြီးကို အသုဘာ ဒုက္ခသစ္စာသိယင် နောက်ထမ်းတဲ့ခန္ဓာမပေါ်ဘူး-(မပေါ်ပါဘုရား)၊ရှင်းပလား (ရှင်းပါပြီ)၊ ဒါကို မသိသေးသရွေ့ ကာလပတ်လုံးနောက် ထမ်းတဲ့ ဒုက္ခသစ္စာ ဘယ်နှယ်နေကြသလဲ.... (ပေါ်ပါတယ် ဘုရား)၊ ပေါ်မယ်ဆိုတာ သေချာပလား....(သေချာပါပြီ)၊ ဒါဖြင့် ဒီဥစ္စာ ဒကာဒကာမတို့ ဝိဇ္ဇာဗညာနဲ့ ဒီကိလေသာမှ လွတ်မသွားဘူးလား-(လွတ်သွားပါတယ်ဘုရား)၊ရှင်းပလား-(ရှင်းပါပြီ)။

ဒါဖြင့် မနေ့ကဝတ္ထုကို နည်းနည်းပြန်ဆက်လိုက်(မှန်ပါ)၊ သုသိမပရိဗိုဇ်မေးတော့ ရဟန္တာတွေက ဘယ်လိုဖြေလိုက်

http://www.dhammadownload.com



သလဲ၊ ပညာနဲ့ တို့ ကိလေသာမှ လွတ်လာတာ-(မှန်ပါ့ဘုရား)၊ မဖြေဘူးလား-(ဖြေပါတယ်ဘုရား)၊ ဘာနဲ့လွတ်လာသတဲ့လဲ (ပညာနဲ့ ကိလေသာမှ လွတ်ပါတယ်ဘုရား)။

အသုဘဒုက္ခသစ္စာကို မြင်တဲ့ပညာနဲ့ နောက်ကိလေသာတွေ လွတ်တယ်ကွ-(မှန်ပါ့ဘုရား)၊ မတည့်ဘူးလား-(တည့်ပါတယ်ဘုရား)၊ အသုဘ ဒုက္ခသစ္စာကို မြင်တဲ့ပညာနဲ့ ဘာလွတ်သွားသတုံး-(နောက်ကိလေသာတွေ လွတ်ပါတယ်ဘုရား)၊ နောက်ကိလေသာတွေ လွတ်တော့ နောက်ခန္ဓာတွေကော....(လွတ်ပါတယ်ဘုရား)၊ လွတ်တယ်ဆိုတာ မှသေချာဘူးလား-(သေချာပါတယ်ဘုရား)။

အဲဒါကိုပင်လျှင် ရဟန္တာတွေကဖြေတာ ဒကာဒကာမတို့၊ မှန်သလား....(မှန်ပါတယ်ဘုရား)၊ သို့သော် သုသိမ္မ သဘော ကျရဲ့လား....(မကျပါဘုရား)။

သူက ရဟန္တာဖြစ်လိုရှိယင် ဦးခင်မောင်ရေ-ကောင်းကင်ပျံနိုင်ရမယ်၊ မြေလျှိုးနိုင်ရမယ်ဆိုပြီး ဈာန်လမ်းချည်းမေးတယ် (မှန်လှပါ)၊ ဈာန်လမ်းချည်းမေးတော့ ဟို ကိုယ်တော်တွေက ဈာန်လမ်းက နိဗ္ဗာန်ရောက်တာလား....တဲ့၊ ဒကာဒကာမတို့၊ ဝိပဿနာလမ်းက ရောက်လာတာလား.... (ဝိပဿနာလမ်းက ရောက်လာတာပါဘုရား)။

ဟိုက သမထက ရဟန္တာဖြစ်လာတာ မဟုတ်ဘူး-(မှန်ပါ)၊ ဝိပဿနာက(ရဟန္တာဖြစ်လာတာပါ)၊ အဲဒီတော့ ရဟန္တာကြီး

http://www.dhammadownload.com



တွေ့မဖြေဘူးလား၊ ဟော့....သုသီမ၊ မင်းသည်ကားလို့ဆိုသင် တို့ကိုစျာန်လမ်းတွေ့လာမေးနေတယ်၊ တို့က ဝိပဿနာလမ်းက ရဟန္တာ ဖြစ်လာတာလို့ အမှန်ဖြေတာပဲ.... (မှန်ပါ့ဘုရား)၊ ဖြေပင်ဖြေငြားသော်လဲ သုသီမက ဗဟုသုတမရှိတော့ ဒကာ ဒကာမတို့၊ ကျေနပ်ပ့ါရှလာ....(မကျေနပ်ပါဘုရား)။

မကျေနပ်တော့ မင်းသိချင်သိ မသိချင်နေကွာ....၊ တို့သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် စျာန်လဲမပါ,ပါဘူး၊ စျာန်ခြောက် ပါတယ်၊ ဝိပဿနာမျှနဲ့ ဝိပဿနာရှုတာနဲ့ တို့နိဗ္ဗာန်ရပါတယ် ဖြလိုက်တယ်-(မှန်ပါ့ဘုရား)၊သဘောကျပလား-(ကျပါပြီ)၊ စျာန်ကော မပါဘူးတဲ့....(မပါ,ပါဘုရား)၊ဒကာဒကာမတို့၊ ဘာနဲ့ရသတုံး....(ဝိပဿနာနဲ့ ရပါဘယ်ဘုရား)။

ဝိပဿနာ မတွေ့နေဝ ဝိမုတ္တာ-ကိုး၊ဝိပဿနာ မတွေ့နေဝ၊ ဝိပဿနာမျှနဲ့ပဲ၊ ဝိမုတ္တာ၊ ကိလေသာမှ လွတ်ပါတယ်....တဲ့၊ အဋ္ဌကထာဆရာစာ သေသေချာချာဖွင့်ပြတယ်(မှန်ပါ့ဘုရား)၊ ကျေနပ်ပလား.... (ကျေနပ်ပါပြီ)၊ ဒါနဲ့ သုသီမက ဒကာ ဒကာမတွေ ဒီကိုယ်တော်တွေဖြေတာကို သူရှင်းရှင်းလင်းလင်း နားလည်ပါရဲ့လား-(မလည်ပါဘုရား)၊ မလည်တာနဲ့ဘုရားဆီ သွားတယ်....(မှန်ပါ့)။

ဘယ်သွားပါလိမ့်—(ဘုရားဆီ သွားပါတယ်)၊ ဘုရားဆီ သွားပြီး သုသီမက ဒီကိုယ်တော်တွေ သူမေးတဲ့ အကျိုး အကြောင်းတွေ ဘုရားဆီ အကုန်လျှောက်တာပေါ့ ဦးခင် မောင်ရေ-(မှန်ပါ့ဘုရား)၊ဦးဝ-အကုန်လျှောက်တယ်နော်.... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဘုရား....တဲ့၊ ကိုယ်တော်တွေဖြေတဲ့ အဖြေဟာ တပည့်တော် မရှင်းဘဲဖြစ်နေတယ်၊ အဲဒီတော့ တပည့်တော်ကို သေသေချာချာ ရှင်းပေးပါဦးဘုရား၊ ဒီဥစ္စာ ဒီအတိုင်း ပစ်မထားပါနဲ့ဆိုတော့.... "ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာတိ" ၁-နံပါတ် ဖြေလိုက်တယ်၊

"ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ဟောတိ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ"လို့ ဖြေလိုက်တယ်....(မှန်ပါဘုရား)၊ မြန်မာလိုပြန်လိုက်တော့ သေသေချာချာမှတ်ကြ ရှေ့က ဝိပဿနာ မဂ်ငါးခုနဲ့ ရှက္ခ-(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)၊

နောက်ကလောကုတ္တရာမဂ်ရှစ်ခု အလိုလိုလိုက်လာလိမ့်မယ် လို့ ဖြေလိုက်တယ်-(မှန်ပါဘုရား)၊ ရှေ့ကဝိပဿနာမဂ်နဲ့သာ ရှုပါတဲ့ ဦးခင်မောင်—(မှန်ပါဘုရား)၊ နောက်က မဂ္ဂင်ရှစ်ပါး သောတာပန်ဖြစ်တဲ့မဂ် အလိုလိုလိုက်လာလိမ့်မယ်.... (မှန်ပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါ ဘယ်သူဖြေတာပါလိမ့်.... (ဘုရားက ဖြေတာပါဘုရား)၊ ပုဗ္ဗေခေါသုသိမ၊ ဒါက ပုဗ္ဗေ နေဘ်-(မှန်ပါဘုရား)၊သုသိမ၊ သုသိမ။ ပုဗ္ဗေ၊ ရှေးကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာမဂ်ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ရှေ့က ဝိပဿနာမဂ်သာရှုက္ခ-တဲ့၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ တဲ့၊ ပစ္ဆာ၊ နောက်ကာလ၌ တဲ့၊ နောက်ဘော့ နိဗ္ဗာန်မြင်တဲ့ဉာဏ် လာမယ်တဲ့....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် စ-နံပါတ်က အသုဘ ဒုက္ခသစ္စာ ဖြစ်ပါလိမ့်မယ် တဲ့....(မှန်ပါ့ဘုရား)၊ ရှေ့မဂ်အာ ဘာဖြစ်မယ်....(အသုဘ ဒုက္ခသစ္စာ မြင်မါမှယ်)၊ နောက် ဒီမဂ်တွေ အားကြီးလာတဲ့အခါ ကျတော့ မဂ္ဂင်ရှစ်ပါးမလာဘူးလား....(လာပါတယ်ဘုရား)၊ သူကတော့ နိဗ္ဗာန်မြင်တဲ့ဉာဏ် လာပါလိမယ်တဲ့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ရှေ့ပိုင်းက ဒီမဂ်မပါဘဲနဲ့ ဒီနိဗ္ဗာန် မြင်နိုင်ပါ့မလား.... (မမြင်နိုင်ပါဘုရား)။ ဒါဖြင့် ဝိပဿနာမဂ်အမြင်သည် ဖြစ်ပျက်ကိုမြင်တယ်-(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)၊ သူ ရင့်လာလို့ရှိယင် ဒကာဒကာမတို့ မဂ္ဂင်ရှစ်ပါး ဖြစ်ရမယ်—(မှန်ပါ့)၊ မဖြစ်လို့ ရှိယင် နေနိုင်ပါ့မလား....(မနေနိုင်ပါဘုရား)။

အဲဒါကျတော့ ခုနကအမြင်မျိုး မဟုတ်ဘူးတဲ့၊ နိဗ္ဗာန်မြင် ပါလိမ့်မယ်-(မှန်ပါ့ဘုရား)၊နိဗ္ဗာန်မြင်လို့ရှိယင်တော့သောတာ ပတ္တိမဂ် အစစ်မှတ်....(မှန်ပါ့ဘုရား)၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)၊ ဒါ ဘယ်သူဖြေတာတုံး.... (ဘုရားဖြေတာပါဘုရား)၊ ဘုရားဖြေတာ။

ပုဗ္ဗေခေါ် သုသိမ ဓမ္မဋ္ဌိတိဉာဏံ။အရှေ့ပိုင်း ဝိပဿနာ ဉာဏ်နဲ့သာ ဖြစ်ပျက်မြင်အောင်ရှု၊ ဘုရားက ဘာတဲ့ ဒကာ ဒကာမတို့.... (ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင်ရှုတဲ့)။

ရှေ့ပိုင်းက ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင်ရှုတဲ့ နေ့ခက်ပိုင်းကျလာလို့ ဒီဝိပဿနာဉာဏ် ရင့်လာလို့ရှိယင်၊

http://www.dhammadownload.com



ဖြစ်တဲ့-နိဗ္ဗာန်မြင်တဲ့မဂ္ဂင်ရှစ်ပါး၊လာလိမ့်မယ်....(မှန်ပါဘုရား)၊ ဝေးသလား ဒကာဒကာမတို့....(မဝေးပါဘုရား)။

ဒါကြောင့် ဘုန်းကြီးဆုပေးတဲ့အခါ ခင်ဗျားတို့ သေသေချာချာ နားထောင်ရဲ့လား....(မှန်ပါဘုရား)၊ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေ....မလာသူးလား....(လာပါတယ်ဘုရား)၊ ဒါဖြင့် ဝိပဿနာဉာဏ် မပါဘဲနဲ့ မဂ်ဉာဏ်ကော.... (မလာပါဘုရား)၊ မဂ်ဉာဏ်မရဘဲနဲ့လဲ နိဗ္ဗာန်မြင်ပါ့မလား .... (မမြင်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ရှေ့ပိုင်းက ဘာအားထုတ်ရမယ်း (ဝိပဿနာဉာဏ် အားထုတ်ရပါမယ် ဘုရား)၊ ဝိပဿနာဉာဏ် ဆိုတာ ခန္ဓာငါးပါးကြီး၏ ဖြစ်ပျက်က မြင်တဲ့ဉာဏ်....(မှန်ပါဘုရား)၊

သူ ရင့်လာလို့ရှိယင် ဘယ်ဉာဏ် လာမယ်....(မဂ်ဉာဏ်လာပါမယ်)၊ မဂ်ဉာဏ်လာလို့ရှိယင် ဘာမြင်မယ်....(နိဗ္ဗာန်မြင်ပါတယ်ဘုရား)၊နိဗ္ဗာန်မြင်တယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)၊သဘောကျပြီနော်....(ကျပါပြီဘုရား)၊

ကိုင်း....နာရီက စေ့သွားတယ်၊ နက်ဖြန်မှဟောကြစို့။

သာဓု....သာဓု....သာဓု....

❁

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မင်္ဂလာတိုက်တောင်း၊

မန္တလေးမြို့၊ ဦးချစ်ဆွေမမြှာရုံ၌

ဟောကြားတော်မူသော

(အဓိပတိထား၍)

## (အားထုတ်ရမည့်တရားတော်)

(၈-၃-၆၁)

ဒကာဒကာမတွေ တရားအားထုတ်တဲ့ အခါ ကျွတ်လိုရှိယင် မြန်မြန် မရ,မရှိနိုင်တဲ့ နည်းသုံးပါးကို ဟောကြားတော်မူတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ အဓိပ္ပတိ သုံးပါးထားရမယ်လို့ဟောသွားတယ်....(မှန်ပါ ဘုရား)။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ် ဘယ်နှစ်ပါး ထားရမလဲ.... (သုံးပါးထားရပါမယ်ဘုရား)၊ အဓိပတိသုံးပါးထားရမယ်လို့ ဟောထားတယ်နော်....(မှန်ပါ)။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ အဓိပတိဘယ်နှစ်ပါး ထား ရမတုံး....(သုံးပါးထားရပါမယ်ဘုရား)၊ သုံးပါးထားရမယ်လို့

http://www.dhammadownload.com



တိကနိပါတ် အင်္ဂုတ္တိုရ်မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောပြီး သင်္ကြန်လာ ထားရှိတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေလဲ တရားဟော ရတာလဲ ကြာပြီမို့ ဒီအဓိပတိသုံးပါး ကိုယ်ပိုင်ထားကြလို့ရှိယင် ဖြင့် မင်္ဂဉာဏ်ဖိုလ်ဉာဏ် မရ-မရှိပါဘူးဆိုတဲ့ဥစ္စာ စေန်သိပြီး ထားကြစမ်းပါ.... (မှန်ပါ့ဘုရား)၊ ဒါဖြင့် အဓိပတိသုံးပါးလို့ ဒကာဒကာမတွေ သေသေချာချာမှတ်ကြပါ-(မှန်ပါ့ဘုရား)။

အဓိပတိသုံးပါးလို့ တိကနိပါတ်အင်္ဂုတ္တိုရ်မှာ ဟောတော် မူတဲ့အတွက်(၁)မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ် ခြင်း၊ (၂)လောကကြီးကို အဓိပတိထား၍ တရားအားထုတ် ခြင်း၊ (၃)တရားတော်ကို အဓိပတိထား၍ တရားအားထုတ် ခြင်း ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

မိမိကိုယ်ကို အဓိပတိထား၍....(တရားအားထုတ်ပါတယ်)၊ လောကကြီးကိုအဓိပတိထား၍....(တရားအားထုတ်ပါတယ်)၊ တရားဂုဏ်တော်ကို အဓိပတိထား၍.... (တရားအားထုတ်ပါ တယ်)၊ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒီဘက်က ဘာပါလိမ့် .... (မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ပါတယ်)၊ဒီဘက်ကဘာပါလိမ့်-(လောကကြီး ကို အဓိပတိထား၍တရားအားထုတ်ပါတယ်)၊ဒီဘက်က ဘာပါ လိမ့်....(တရားဂုဏ်တော်ကို အဓိပတိထား၍ တရားအားထုတ် ပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒကာ ဒကာမတို့၊ အားထုတ်တဲ့နည်းကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလ ပတ်လုံး စုဆည်းပူးတဲ့ ဉာဏ်တော်ကြီးနဲ့ ဒကာ ဒကာမတွေ ဒီအဓိပတိသုံးပါးကို မချွတ်ယွင်းဘဲနဲ့ ကြိုးစားကြမယ် ဆိုလို့ ရှိယင် ငါ၏ တပည့်သားတွေသည် အိုဘေး၊ နာဘေး၊ သေဘေး တို့၏ လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်မယ်လို့ သေသေချာချာ ဟောထားတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒီတရားကိုပဲ အားထုတ်ရင်းမတ္တနဲ့လဲ နှလုံး သွင်းပါ၊ အားမထုတ်မီ ရှေ့အဖို့ကာလ၌လည်း ကိုယ့်ကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ လောကကြီးကို အဓိ ပတိထား၍ တရားအားထုတ်ခြင်း၊ တရား၏ဂုဏ်တော်ကို အဓိ ပတိထား၍ တရားအားထုတ်ခြင်းဆိုပြီး တရားအားထုတ်နည်း ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒကာ၁၀-ရေ....သုံးနည်းတဲ့နော် .... (မှန်ပါ့ဘုရား)၊ ဘုရား ကိုယ်တော်တိုင် ဟောတာ ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ မမှားဘူးလို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ့ဘုရား)။

ဒီအဓိပတိသုံးပါးကို ဒကာဒကာမတွေက ညီညွတ်အောင် အားထုတ်မယ်ဆိုလို့ရှိယင်ဖြင့်-တဲ့၊ ဝီရိယပြင်းထန်ပြီး သကာလ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရ-မရှိပါဘူး....လို့ သေသေ ချာချာ ဟောထားပြန်တော့ တို့တာဝန်လိုတာ တို့ဖြည့်မယ် ဆိုပြီး ဒီအဓိပတိ သုံးပါးကို ဒကာ ဒကာမတွေ ကြိုးစားပါ....လို့ ဆရာဘုန်းကြီးက တစ်ဆင့် တိုက်တွန်းတယ်နော် .... (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



တစ်ဆင့် တိုက်တွန်းပါတယ်....တဲ့၊ ဒကာ ဒကာမတွေက တရားအားထုတ်ပြီး အိမ်မှာ ဘုရားရှေ့မှာဖြစ်စေ၊ အိပ်ရာထဲမှာဖြစ်စေ၊ မီးဖိုချောင်ထဲမှာဖြစ်စေ တရားအားထုတ်ပြီး သကာဓလ နေကြတယ်၊ လွတ်လပ်တဲ့အချိန် အားထုတ်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ အားထုတ်တဲ့အချိန်ကျသို့ရှိယင်ဖြင့် မိမိကိုယ်ကို မြှောက်လိုက်ပါ....တဲ့၊ ဘယ်လို မြှောက်ရမလဲလို့ဆိုသို့ရှိယင်ဖြင့် ငါသည် စားစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး....။

နေစရာထိုင်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ သံသရာကြီး အိုဘေး နာဘေး သေဘေးတွေ ရှုံလွန်း မုန်းလွန်းလို့ တရားအားထုတ်တာဆိုတော့ ကိုယ့်ကိုယ်ကိုမြှောက်ရာ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒကာဒကာမတို့၊ သိတဲ့အတိုင်း ငါသည်.... ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ စားစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ နေစရာ ထိုင်စရာ အိမ်မရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဆေးဝါး အလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး။

ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ဒုက္ခဘေးတွေမှ ကင်းဝေး လိုသောကြောင့် ငါအားထုတ်တာ၊ ဒါကြောင့် ငါသည်ကား....လို့ ဆိုသို့ရှိယင် လုံ့လဝီရိယနဲ့ ကြိုးစားလိုက်မယ်ဆိုပြီး သဏ္ဍာလ ကိုယ့်ကိုယ်ကို အမိပုတ်ထားပြီး ကြိုး

http://www.dhammadownload.com



စားလိုက်ပါ....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ ဘုရား)။ ကိုယ့်ကိုယ်ကို-(အဓိပတိထားပြီး ကြိုးစားရပါမယ်)၊ ကိုယ့်ကိုယ်ကို အဓိပတိထား၍ ကြိုးစားလိုက်ပါတဲ့ ဦးခင်မောင် ရေ....(မှန်ပါဘုရား)။

မြန်မြန်ပြောပါဦးမယ် တစ်ခေါက်၊ ဒကာ ဒကာမတို့.... ငါသည် ဝတ်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး။ စားစရာမရှိလို့.... (တရားအားထုတ်တာ မဟုတ်ပါ ဘုရား)။ နေစရာ ထိုင်စရာမရှိလို့.... (တရားအားထုတ်တာ မဟုတ်ပါ ဘုရား)၊ ဆေးဝါးမရှိလို့....(တရားအားထုတ်တာ မဟုတ်ပါ ဘုရား)၊ အိုဘေး နာဘေး သေဘေးတို့မှ လွတ်ရေးကို မျှော်တွေးပြီးသကာလ တရားအားထုတ်တာ-(မှန်ပါဘုရား)။

ငါဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊ အိုဘေး နာဘေး သေဘေး တစ်ခုကိုသာ လွတ်ချင်လို့ တရားအားထုတ်ပါတယ် လို့ ဝီရိယပြင်းထန်ပေးလိုက်စမ်းပါ....(မှန်ပါဘုရား)။

ဒီလို ဝီရိယပြင်းထန်ပေးလိုက်လို့ရှိယင်ဖြင့် ဒကာ ဒကာမ တွေရဲ့ ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက် အနိစ္စကလေးတွေဟာ ဒီလို အဓိပတိထားပြီး အားထုတ်လိုက်လို့ရှိယင်ဖြင့် ဒကာဝ မြင် လာလိမ့်မယ်....(မှန်ပါဘုရား)၊ သဘောပါပလား....(ပါပါပြီ ဘုရား)။

မိမိကိုယ်ကို အဓိပတိထားပြီး အားထုတ်ပါနော်....(မှန်ပါ ဘုရား)၊ အားထုတ်တတ်ပလား.... (မှန်ပါဘုရား)၊ ငါသည် ဘာတုံး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး။

http://www.dhammadownload.com



စားစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ နေစရာထိုင်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး။

အိုဘေး၊ နာဘေး သေဘေးလွတ်ရာကို ရည်မှန်း၍ တရားအားထုတ်ပါတယ်၊ ဒါကြောင့် စီရိယပြင်းထန်ပြီး ကြိုးစားလိုက်လို့ရှိယင်ဖြင့် ခန္ဓာ၏ဖြစ်ပျက်ကို တစ်ခါတည်း မြင်လာလိမ့်မယ်-(မှန်ပါ့ဘုရား)၊သဘောကျပလား၊(ကျပါပြီဘုရား)၊ ဘာတွေ မြင်လာမယ် ထင်သတုံး....(ခန္ဓာ၏ ဖြစ်ပျက်ကို မြင်လာပါမယ်ဘုရား)။

ခန္ဓာ၏ဖြစ်ပျက်ကို တစ်ခါတည်းမမြင်မရှိ၊ မြင်လာလိမ့်မယ်ဆိုတာ ဒကာ ဒကာမတွေ၊ ဩော်....ငါ ဘာ့ကြောင့် မမြင်ပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဒီ အဓိပတိသုံးပါး လွတ်နေလို့....(မှန်ပါ့ဘုရား)၊ဒီအဓိပတိသုံးပါးမလွတ်ယင် ဘာဖြစ်ရှမလဲ....(မြင်ရပါမယ်ဘုရား)။

ဖြစ်ပျက် အနိစ္စတွေ မြင်ရမယ်....(မှန်ပါ့ဘုရား)၊ ဖြစ်ပျက်အဆုံးနိဗ္ဗာန်ကို....(မြင်ပါမယ်ဘုရား)၊ ဖြစ်ပျက် အနိစ္စကို....(မြင်ရပါမယ်ဘုရား)၊ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို....(မြင်ရပါမယ်ဘုရား)၊ မြင်ရမယ်ဆိုပြီး အဓိပတိ သုံးပါးတွင် ၁-နံပါတ် မိမိကိုယ်ကို အဓိပတိထားပြီးဘော့ ဒကာ၀ ကြိုးစားစမ်းပါ-(မှန်လှပါဘုရား)၊ ရ-ရမယ် မောင်ထွန်းလှိုင် ရ-ရမယ်နော်....(မှန်လှပါဘုရား)။

ကိုင်းဒါဖြင့် ၂-နံပါတ်က ဒကာ ဒကာမတွေ သတိထားလိုက်ပါဦးတရားတော့ အားထုတ်တာပဲ၊ တရားအားထုတ်ရင်း ရွှေလိုချင်တဲ့စိတ်၊ ငွေလိုချင်တဲ့ စိတ်၊ သားခင်တွယ်တဲ့ စိတ်၊

http://www.dhammadownload.com



သမီးခင်တွယ်တဲ့စိတ်တွေ လာလို့ရှိယင်ဖြင့် လောကကို အဓိပတိ ထား။

မင်းဟာ တရားအားထုတ်နေတယ်လဲဆိုရဲ့၊ မင်းသန္တာန်မှာ ရှိတဲ့ ကာမဝိတက်ဆိုတဲ့ လောဘ၊ ဗျာပါဒ ဝိတက် ဆိုတဲ့ ဒေါသကလေးတွေ၊ ဝိဟိံသဝိတက်ဆိုတဲ့ သူတစ်ပါးညှဉ်းဆဲ ချင်တာကလေးတွေက ဝင်လာတော့ မင်းဟာ- မင်းက တရားအားထုတ်နေတယ်ဆိုပြီး မင်းစိတ်ကို မင်း ကိုယ်စောင့် နတ်ကလဲ သိတယ်၊ မင်းမရှက်ဘူးလား၊ ကိုယ့်ကိုယ်ကို မေးရ မယ်နော်....(မှန်လှပါဘုရား)။

မင်း ကိုယ်စောင့် နတ်တွေကလဲ မင်းကို တစ်ခါတည်း သိတယ်၊ မင်းဟာ မကောင်းတဲ့စိတ် ဝင်နေတယ်ဆိုတာ၊ မင်းဟာ သူတော်ကောင်းယောင် ဆောင်နေတာ၊ မင်း.... ကိုယ်စောင့်နတ်တွေက သိတယ်၊ ဘေးက တောစောင့်နတ် တောင်စောင့်နတ် တွေကကော....(သိပါတယ်ဘုရား)၊ အသိ ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကကော....(သိပါတယ်ဘုရား)။

အဲဒီတော့ ဘေးက လောကကြီးက မင်းကို အကုန်သိနေ တယ်၊ မင်းမရှက်ဘူးလား၊ မင်းမကြောက်ဘူးလား၊ မင်းဟာက စားစရာမရှိလို့ တရားအားထုတ်တာလဲမဟုတ်ဘူး၊ ဝတ်စရာ မရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘဲနဲ့ သံသရာကြီးမှ ထွက်ချင်လို့ အားထုတ်တယ်ဆိုပြီးသကာလ မင်းလာတဲ့စိတ် တွေက အခု လောဘစိတ် ဒေါသစိတ် မောဟစိတ်တွေက မင်းမှာ လှည့်လာနေတယ်။ အဲဒီတော့ မင်းကသာ မသိဘူး

http://www.dhammadownload.com



ထင်နေတယ်၊ မင်္ဂကိုယ်စောင့်နတ်ကစပြီး မင်းအရှုံးလုပ်နေတာ သိတယ်–(မှန်ပါ့ဘုရား)၊ သဘောကျပလား(ကျပါပြီဘုရား)။

ကိုယ်စောင့်နတ်က မသိပေဘူးလား– (သိပါတယ်ဘုရား)၊ ဒီနားမှာရှိတဲ့ ဘောခစောင့်နတ်၊ ဘောင်စောင့်နတ်၊ အိမ်စောင့်နတ်တွေကော-(သိပါတယ်ဘုရား)၊ တိုက်စောင့်နတ်ကကော-(သိပါတယ်ဘုရား)၊ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေကကော (သိပါတယ်ဘုရား)။

အဲဒီတော့ မင်းမရှက်ဘူးလား၊ မင်းလောကကြီးရှက်ပါဦး ရှက်ပြီး မင်းကြိုးစားလိုက်ပါ၊ ဒါတွေ မလာစေနဲ့.... (မှန်ပါ့ဘုရား)၊ ဒါက ဘယ့်နှယ်ကြောင့် ဘုရားက မှာရသတုံးဆို တော့ တရားအားထုတ်မှ အဖျက်သမားတွေက လာတတ်တယ်-(မှန်ပါ့ဘုရား)၊ ဒါဟာ ကိလေသာ မာရ်နတ်တွေလို့ပြောလိုက်တာပဲ....(မှန်ပါ့ဘုရား)၊ သဘောကျပလား-(ကျပါပြီဘုရား)၊ ဘာတွေလဲ....(ကိလေသာမာရ်နတ်တွေပါဘုရား)၊ ကိလေသာ မာရ်နတ်တွေတဲ့ ဒကာဒကာမတို့၊ သဘောပါကြပလား .... (ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ တရားအားထုတ်ရင်း မတ္တနဲ့ အိမ်ပြန်ချင်တဲ့စိတ်ကလေးလာလိုက်တယ်၊ ဟုတ်လား.... စိတ်မချတဲ့ စိတ်ကလေး လာလိုက်တယ်၊ အရောင်းအဝယ် စိတ်ကလေးက ကြားထိုး ဝင်လိုက်တယ်ဆိုယင် ကိုယ့်ကိုယ့်ကို မင်းမရှက်ဘူးလားမေးပါ....(မှန်ပါ့ဘုရား)။

မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)၊ မင်းမရှက်ဘူးလား၊ မင်းကိုယ်စောင့်နတ်ကလဲ....မင်းဟာ ဟန်လုပ်နေ

http://www.dhammadownload.com



တယ်၊ သူဘော်ကော်ခင်းယောင် လုပ်နေတယ်ဆိုတာ မင်းကို သိတယ်.... (မှန်ပါ့ဘုရား)၊ ဒီနားမှာရှိတဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်တွေကော- (သိပါတယ် ဘုရား)။

အဲဒီတော့ လောကကြီးလဲ မင်းမရှက်ဘူး၊ မင်းက တရားအားထုတ်တဲ့ပုံ သဏ္ဍာန် ဟန်ပန်နဲ့နေပြီး မင်းစိတ်တွေကတော့ ဖြင့် မဟုတ်တာတွေချည်း လာနေတယ်၊ လောကကြီးကိုလဲ မင်းကမရှက်ဘဲကိုး....လို့၊ ကိုယ့်ကိုယ်ကိုဆုံးမ,ပါ.... (မှန်လှပါ ဘုရား)၊ ဆုံးမပြီးသကာလ ရှက်တဲ့အခါကျတော့မှ ကဲ ပို ဝီရိယစိုက်လိုက်....(မှန်ပါ့ဘုရား)။

ဒီလိုဆိုလို့ရှိယင်လဲ လာတဲ့စိတ်တွေကို ကိုယ်စောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်တွေက မြင်မှာ၊ သူတော်ကောင်းတွေက မြင်မှာ၊ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေက သိမှာ စိုးတဲ့အတွက် ရှက်ပြီး ဝီရိယပိုကြိုးစားလိုက်ယင်လဲ တရားဟာ ရပါတယ်....(မှန်ပါ့ဘုရား)၊ဘယ်နှစ်ချက်ရှိသွားပလဲ(နှစ်ချက် ရှိသွားပါပြီဘုရား)၊ ဒါက လောက အဓိပတိထားတာ .... (မှန်ပါ့ဘုရား)။

ကိုင်း-အခု ၃-နံပါတ်ကို ဓမ္မာဓိပတေယျတွေ ပြောပါဦးမယ်နော်၊ ၃-နံပါတ်က ဘာပါလိမ့်မလဲဆိုတော့ ဘုရားက 'သွာက္ခာတော ဘဂဝတာ ဓမ္မော'ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်။ ဓမ္မော၊ တရားကို။ သွာက္ခာတော၊ ကောင်းစွာ ဟောထားတာ၊ မင်းခန္ဓာကိုယ်ထဲအနိစ္စရှိတယ်လို့ ဟောမထားဘူးလား....(ဟောထားပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ မင်းက အနိစ္စတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အနိစ္စတွေရှိပါတယ်လို့ 'သွာက္ခာတော ဘဂဝတာ ဓမ္မော' ဘုရားက ကောင်းစွာဟောထားတဲ့တရား၊ တကယ်ရှိလို့ တကယ်သိပြီး ဟောထားတဲ့တရား-(မှန်ပါဘုရား)။

ဦးခင်မောင်ရေ....တကယ်ရှိသလား.... (တကယ်ရှိပါတယ်ဘုရား)၊ တကယ်ရှိလို့ တကယ်သိပြီးဟောထားတဲ့တရား သန္ဒိဋ္ဌိကော၊ မင်းကိုယ်တိုင် မြင်ရမည့်တရား။ အကာလိကော၊ အခါမလင့် အကျိုးပေးမည့်တရား....(မှန်ပါဘုရား)၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ ကေန်တကယ် ဘုရားဟော တရားတော်တွေ မင်းက တရားအားထုတ်သလိုလိုနဲ့ မင်းမမြင်ဘူး ဆိုလို့ရှိယင် မင်းတရားပြောတာ မင်းက တလွဲလုပ်နေတာလား၊ ဘုရားက ကိုယ်တိုင် မြင်ရမယ်ဆိုတော့ မင်းက ဖြစ်ပျက်တွေမမြင်တော့ မင်းဟာ ဘုရားဟော တရားတော်ကို အလေးအမြတ်မပြုလို့ မင်းဖြစ်နေတာ....(မှန်ပါဘုရား)။

အကာလိကော၊ အခါမလင့် အကျိုးပေးရမယ်ဆိုတာ ကိလေသာ ရန်သူတွေ မလာရဘူးလို့ ဆိုထားတာ မင်းက နေရာမကျလို့လာနေတာ....(မှန်ပါဘုရား)။

အဲဒီတော့ တရားတော်ကိုလေးစားပြီးသကာလ တရားက ကောင်းစွာဟောအော်မူတဲ့တရား၊ ကိုယ်တိုင်မြင်ရမည့်တရား၊ အခါမလင့် အကျိုးပေးရမည့် တရားကို မင်းက မမြင်ဘူးလို့ ဆိုတော့ မင်းကိုက တရားကိုလာဖျက်နေတာ၊ တရားကို မင်း သေသေချာချာ ကြည်ညိုလေးစားတဲ့သဘော၊ ယုံကြည်တဲ့

http://www.dhammadownload.com



သဘောမရှိသောကြောင့်မင်းဖြစ်ပျက်တွေမမြင်တာ- (မှန်ပါဘုရား)၊

ဘယ်သူ့ ဆုံးမရမယ် .... (ကိုယ့်ကိုယ်ကို ဆုံးမရမယ်)၊ ကိုယ့်ကိုယ်ကို တရားဂုဏ်တော်ကို ကိုးစားပြီး သကာလ ကိုယ့်ကိုယ်ကို ဝီရိယပြင်းထန်အောင်လုပ်ပါ....(မှန်ပါဘုရား)၊ ရှင်းပလှား....(ရှင်းပါပြီ)။

၁-နံပါတ်က ဘယ်သူ့အဓိပတိထားရမယ်....

(မိမိကိုယ်ကို အဓိပတိထားရပါမယ်)၊

၂-နံပါတ်က ဘယ်သူ့ အဓိပတိထားရမယ်....

(လောကကို အဓိပတိထားရမယ်)။

လောကကြီးကို ရှက်စရာ ကြောက်စရာတွေ မိမိသန္တာန်မှာ ဖြစ်နေလို့ရှိယင် လောကကြီးကို မင်းမရှက်ဘူးလားဆိုပြီး လောကကို အဓိပတိထားပြီး ကြိုးစားပါ.... (မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဟာက ဓမ္မတွေကို အဓိပတိထားပြီး ကြိုးစားရမယ်၊ ဓမ္မဆိုတာ ကောင်းစွာ ဟောထားတာ၊ ကိုယ်တိုင်မြင်ရမယ်လို့ ပြောတယ်၊ အခါမလင့် အကျိုးပေးရမယ်လို့ ဟောတယ်။

ဒီလိုဟောထားပါလျက်သားနဲ့ မင်းက မမြင်ဘူးဆိုတော့ မင်း-ဓမ္မကိုမလေးစားလို့ မင်းမမြင်တာပဲ....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(ဓမ္မကို မလေးစားလို့ မမြင်တာပါဘုရား)။

ဓမ္မကို မလေးစားလို့၊ ဓမ္မကို မင်း အဓိပတိမထားလို့ မင်း မမြင်တာဘဲဆိုပြီး ဓမ္မဟာ မြင်ထိုက်တဲ့တရား၊ဖြစ်သောကြောင့်

http://www.dhammadownload.com



ဘုရားတောင်မှ ကောင်းစွာ ဟောထားတဲ့တရား၊ ကိုယ်တိုင် မြင်ရမယ်လို့ ဟောထားတဲ့တရား၊ အခါမလင့် အကျိုးပေးရမယ်လို့ ဟောထားတဲ့တရားကို မင်းစာမမြင်တာပဲ....(မှန်ပါဘုရား)၊ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဤကဲ့သို့ စိတ်ထဲမှာ ဝီရိယပြင်းထန်ပြီး ကြိုးစားလိုက်မယ် ဆိုယင် ဖြစ်ပျက်ဓမ္မတွေ မြင်ပါလိမ့်မယ် .... (မှန်ပါဘုရား)။

ဒကာဒကာမတို့ သဘောပါပလား.... (ပါ့ပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဓမ္မတွေ မမြင်ခြင်း၏ အကြောင်း ဘယ်နှစ်ကြောင်းပါလိမ့်.... (သုံးကြောင်းပါဘုရား)၊ သုံးကြောင်း ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ်ကို အဓိပတိမထားလို့ လဲ ....(ဖြစ်ပျက်ဓမ္မ မမြင်ပါဘုရား)၊ လောကကြီး မရှက်မကြောက်သောကြောင့်လဲ.... (ဖြစ်ပျက်ဓမ္မမမြင်ပါ)၊ တရား၏ဂုဏ်တော်ကို မလေးစားသောကြောင့်လဲ....(မမြင်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီလိုလုပ်ကြစို့နော်၊ ကိုယ့်ကိုယ်ကို အဓိပတိထားလို့ လဲ တရားအားထုတ်ပါ-(မှန်ပါဘုရား)။

လောကကြီးကို ရှက်ကြောက်ပြီး သကာလလဲ- (တရားအားထုတ်ပါဘုရား)။

တရားဂုဏ်တော်ကို လေးစားပြီး သကာလလဲ....(တရားအားထုတ်ပါဘုရား)။

ဒီလို အားထုတ်လို့ ရှိယင် ဒကာဝ,ရေ....သေစသေချာချာ ရ,ရမယ်လို့ တိကနိပါတ် အင်္ဂုတ္တိုရ်မှာ လာတယ်.... (မှန်ပါဘုရား)၊ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတွေ၊ ဒီမှာ ဘယ့်နှယ်ကြောင့် ဘုရားကလဲဟော၊ ဆရာဘုန်းကြီးကလဲဟော၊ ခန္ဓာကိုယ်ထဲမှာ အနိစ္စတွေရှိတယ်လို့ ဟောထားတော့ အနိစ္စမမြင်ပါဘူးဆိုလို့ ရှိသဖြင့် ကိုယ့်ကိုယ်လဲ အဓိပတိမထားလို့-(မှန်ပါ့ဘုရာ)း၊ ရှင်းပြီနော်-(ရှင်းပါပြီဘုရား)၊ လောကကြီးလဲ-(အဓိပတိမထားလို)၊ တရားဂုဏ်တော်တွေလဲ....(အဓိပတိ မထားလိုပါဘုရား)၊

အဓိပတိမထားလို့ မမြင်တာဆိုတာ သေချာကြပလား-(သေချာပါပြီးဘုရာ)၊ ကိုင်း-ဒါဖြင့် အဓိပတိထားယင် ဘယ့်နှယ်တုံး-(မြင်ရမှာပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ၊ ဘုန်းကြီးက ဆုံးမတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးကလဲ ပရိနိဗ္ဗာန် စံသွားတော့ ဓမ္မက္ခန္ဓာတွေက ဆရာတွေ ဖြစ်နေလို့ ဓမ္မက္ခန္ဓာတွေက သူ့စာအုပ်ထဲမှာ သူနေပြန်တော့လဲ သူကလဲ လာပြီး မဆုံးမဘူးနော်....(မှန်ပါ့ဘုရား)။

အဲဒီ ဓမ္မက္ခန္ဓာတွေ ဘုန်းကြီးကများ ကြည့်ပြီးသက်ာလတစ်ခါ ဆုံးမရပြန်တော့ အနိစ္စမရှိလို့ အနိစ္စမသိတာလား၊ အနိစ္စရှိလျက်နဲ့ အနိစ္စမသိကြတာလား-(အနိစ္စရှိလျက်နဲ့ အနိစ္စမသိတာပါဘုရား)။

အဲဒီသုံးချက် လိုနေတယ်၊ ကိုယ့်ကိုယ်ကို အဓိပတိထား၍ တရား အားမထုတ်သောကြောင့် လည်းကောင်း၊ လောကကြီးကို အဓိပတိထား၍-(တရား အားမထုတ် သောကြောင့် လည်းကောင်း)၊ တရားဂုဏ်တော်ကို အဓိပတိထား၍-(တရား

http://www.dhammadownload.com



အားမထုတ်သောကြောင့် လည်းကောင်း)၊ မမြင်ရတာဆိုတာ သေချာကြပလား….(သေချာပါပြီဘုရား)။

ဒါဖြင့်….ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ အဓိပတိ ဘယ်နှစ်ပါးသားပြီး ကြိုးစားရမယ်…. (သုံးပါးထားပြီး ကြိုးစားရပါမယ်ဘုရား)။

၁-နံပါတ် ပြန်ပြောလိုက်ပါသည်၊ ငါသည် စားစရာမရှိလို့၊ ဝတ်စရာမရှိလို့၊ နေစရာမရှိလို့၊ ဆေးဝါးမရှိလို့ တရားအားထုတ်သည်မဟုတ်၊ လောကကြီး အိုဘေး၊ နာဘေး၊ သေဘေး လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ အရယူချင်လို့ တရားအားထုတ်တာဆိုပြီးသဏ္ဌာလ အဲဒီလိုတစ်ခါတည်း စိတ်ထဲမှာ ပိုင်းပိုင်းခြားခြားနဲ့ ကိုယ့်ကိုယ်ကို အဓိပတိထားပြီး ကြိုးစားလိုက်လို့ရှိယင် ရ,ရမယ်…. (မှန်ပါဘုရား)၊ ရှင်းပြီနော်…. (ရှင်းပါပြီဘုရား)။

လောကကြီးထဲမှာလဲ မင်း တရားသာ ကြိုးစား၊ ဒီပြင် စိတ်တွေဝင်လာယင် မင်း၊ ရှက်စရာကြီး, ကြောက်စရာကြီး၊ မင်းကသာ သူများမသိဘူးထင်နေတယ်၊ မင်း ကိုယ်စောင့်နတ်တွေက စ,ပြီး မင်းကိုသိတယ်….(မှန်ပါ)၊တောစောင့်နတ် တောင်စောင့်နတ်တွေ ကကော…. (သိပါတယ်ဘုရား)၊ မင်း မကောင်းတဲ့စိတ်တွေဝင်နေတယ်ဆိုတာ သိတယ်….(မှန်ပါ)။

အဲဒါတွေ ရှက်ကြောက်ပြီး၊ ယကာသ ကဲ….ဒါတွေလို့ ရှက်စရာကြီး, ကြောက်စရာကြီးဆိုပြီး ဝီရိယ ပြင်းထန်ပြီး ကြိုးစားလိုက်ယင်လဲ ဖြစ်ပျက်မြင်ပါလိမ့်မယ်….(မှန်ပါဘုရား)၊ သဘောကျပလား….(ကျပါပြီဘုရား)။

http://www.dhammadownload.com



တရားဂုဏ်တော်ကလဲ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားကို၊ သွာက္ခာတော၊ ကောင်းစွာဟောထားတာ၊ မင်းလက်ထဲကျမှ မကောင်းဖြစ်နေတာ....(မှန်ပါဘုရား)၊ မင်း....တရားတော် မလေးစားတဲ့အတွက် သန္ဒိဋ္ဌိကော၊ ကိုယ်တိုင် မြင်ရမယ်လို့ ကော မဟောဘူးလား....(ဟောပါတယ်)၊ အကာလိကော၊ အခါမလင့် အကျိုးပေးရမယ်လို့ကော.... (ဟောပါတယ် ဘုရား)။

အဲဒီလိုဟောထားတဲ့ ဘုရားစကားတွေ၊ မင်းက ဖျက်နေ တာလား၊လို့ မေးကြည့်စမ်း....(မှန်ပါဘုရား)။

အဲဒီတော့ တရားတော်ကလဲ မှန်ပါပေတယ်၊ ဘုရား ကိုလဲ ကြည်ညိုပါတယ်၊ တရားကိုလဲ လေးစားပါတယ်ဆိုပြီး သဿာလ တရားအဓိပတိထားပြီး မြင်ရမည့်တရားမို့ မြင် အောင် လုပ်မဟ ဆိုပြီး ဝီရိယစိုက်လိုက်....(မှန်လှပါဘုရား)။

ဘာဖြစ်လာမယ်ထင်သတုံး.... (ဖြစ်ပျက် မြင်လာမပါမယ် ဘုရား)၊ မြင်တဲ့ဉာဏ်ကလေး ပေါ်လာ လိမ့်မယ်နော်.... (မှန်ပါ)၊ ဒါဖြင့် အဓိပတိ ဘယ်နှစ်ပါးထားပြီး ကြိုးစားရ မလဲ....(သုံးပါးထားပြီး ကြိုးစားရပါမယ်ဘုရား)။

အဲဒါ ဘုန်းကြီးတို့ ဒဿာဒကာမတွေ အပါယ်လေးပါး၊ အိုဘေး၊ နာဘေး၊ သေဘေးတွေကို တကယ်တမ်း ရွံ၊ တကယ် တမ်းမုန်း၊ တကယ်တမ်းကြောက်လို့ ရှိယင် ဒီအဓိပတိ သုံးပါး ကို ဒဿာဒကာမတို့၊ တစ်ပါးပါးထားပြီး ကြိုးစား၊ ဦးခင် မောင်....သေသေချာချာရတယ်....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ကိုမြရွှေတို့၊ ဦးဇံရင်တို့ အမိပတိ ဘယ်နှစ်ပါးပါလိမ့်.... (သုံးပါးပါဘုရား)၊ မိမိကိုယ်ကို အဓိပတိထား၍ 'တရားအားထုတ်ရခြင်း၊' လောကကြီးကို အဓိပတိထား၍ 'တရားအားထုတ်ရခြင်း' တရားဂုဏ်တော်ကို အဓိပတိထား၍ 'တရားအားထုတ်ရခြင်း' ဒီအားထုတ်ခြင်းသုံးမျိုး တစ်ခုခုနဲ့ အားထုတ်ယင်.... (ရပါတယ်ဘုရား)၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရမရှိပါဘူးတဲ့.... (မှန်ပါ)၊ သဘောပါကြပလား.... (ပါ့ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လိုတာဖြည့်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)၊သဘောကျပလား....(ကျပါပြီ)။

ဘာတရားပါလိမ့် အနှုဟာ....(မဂ်ဉာဏ်၊ ဖိုဉာဏ်ရတဲ့တရားပါဘုရား)၊ လိုတာဖြည့်တဲ့ တရားဆိုတာ ကောင်းကော့ခင်း သဘောကျပလား....(ကျပါပြီ)၊

ကဲ....၁-နံပါတ်ကဲဘာတဲ့.... (မိမိကိုယ်ကို အဓိပတိထားရပါမယ်)၊ ၂-နံပါတ်က.... (လောကကြီးကို အဓိပတိထားရပါမယ်)၊ ၃-နံပါတ်က....(တရားဂုဏ်တော်ကို အဓိပတိထားရပါမယ်)၊ နေရာကျပြီ ဦးခင်မောင်ရေ....နေရာကျပြီ၊တစ်ခုခုက လိုနေလို့ ရှိယင်လဲ ဒကာဒကာမတို့၊ဖြည့်ပေးကြပါ-(မှန်ပါ)၊ ဖြည့်ပေးစမ်းပါ ဆိုတာကို တိုက်တွန်းပါတယ်နော်....(မှန်ပါဘုရား)။

ဘုရားက တော့ဖြင့် ဒီသုံးခု တစ်ခုခု အဓိပတိထားပြီး ကြိုးစားယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရ,ရမယ်ကွ....တဲ့၊ သေသေချာချာ ဟောပါတယ်-(မှန်ပါဘုရား)၊ရှင်းပလား-(ရှင်းပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် ဒီသုံးပါးနဲ့ ကြိုးစားကြပါစို့ ဆိုတဲ့ဥစ္စာ ဦးခင်မောင်ရေ.... (ဒီသုံးပါးကို အဓိကထားပြီး သကာလ ကျုပ်တို့ကြိုးစားကြစို့....(မှန်ပါ့ဘုရား)။

ကြိုးစားကြစို့ဆိုတော့ လွယ်ပါတယ် ဒကာဒကာမတို့၊ ကြိုးစားဖို့ရာ အချက်က ၁-နံပါတ်က ဝိပဿနာဉာဏ်၊ ၂-နံပါတ်က မဂ်ဉာဏ်၊ ၁-နံပါတ်အားထုတ်ယင် ၂-နံပါတ်အလိုလို ပြီးမယ်....(မှန်လှပါဘုရား)။

၁-နံပါတ် ဝိပဿနာဉာဏ် အားထုတ်သင်....(၂-နံပါတ် အလိုလိုပြီးပါတယ်)၊ ၂-နံပါတ်မဂ်ဉာဏ်ဟာ အလိုလိုပြီးမယ်.... (မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

၁-နံပါတ်က ဘာပါလိမ့်.... (ဝိပဿနာဉာဏ်ပါဘုရား)၊ ၂-နံပါတ်က....(မဂ်ဉာဏ်ပါဘုရား)၊ အဲဒီ နှစ်ဉာဏ်နဲ့ကြိုးစား စမ်းပါလို့ဆိုတာ သေသေချာချာဟောတယ်နော်....(မှန်ပါ)၊ ၁-နံပါတ် ဝိပဿနာဉာဏ်က ဒကာဒကာမတို့ မဂ္ဂင်ငါးပါး.... (မှန်ပါ)၊ ဘယ်နှစ်ပါးပါလိမ့်.... (ငါးပါးပါဘုရား)၊ မဂ္ဂင် ငါးပါးဟာ ကိုယ်ပိုင်ရပြီလို့ အောက်မေ့ပါ.... (မှန်လှပါ)၊ ဖြစ်ပျက်သာ မြင်လို့ရှိယင်....(မဂ္ဂင်ငါးပါး ကိုယ်ပိုင် ရပါပြီ ဘုရား)။

မဂ္ဂင်ငါးပါး ကိုယ့်အထဲပေါ်လို့ မြင်တာနော်...(မှန်ပါ ဘုရား)၊ နို့မို့ရှိယင် မြင်ကိုမမြင်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ)။

http://www.dhammadownload.com



ဖြစ်ပျက်ဆုံးသွားတာကို ဆုံးသွားပြီ ဆိုလို့ရှိယင် ဒကာ ဒကာမတို့ သောတာပတ္တိမဂ်ကိုရပြီလို့ အောက်မေ့ပါတော့၊ မဂ္ဂင်ရှစ်ပါးရပြီ....(မှန်ပါ)၊ သောတာပတ္တိမဂ်ဆိုတာ မဂ္ဂင်ရှစ်ပါး(မှန်ပါ)၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ၁-နံပါတ်က ဖြစ်ပျက်ကိုမြင်တယ်၊ သဘောကျပြီနော်....(ကျပါပြီ)၊ ၁-နံပါတ်ဝိပဿနာဉာဏ်က....(ဖြစ်ပျက်ကိုမြင်ပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒီဟာရင့်ကျက်လာတဲ့အခါကျတော့ကိုတဲ့၊ ၂-နံပါတ် မဂ်ဉာဏ်ပေါ်ပါလိမ့်မယ်.... (မှန်ပါဘုရား)၊ သူကတော့ ဖြစ်ပျက်မမြင်ဘဲနဲ့ ဖြစ်ပျက်ဆုံးတာကို မြင်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် ၁-နံပါတ်က ဘာမြင်သတုံး.... (ဖြစ်ပျက်မြင်ပါတယ်ဘုရား)၊ ၁-နံပါတ် ရင့်ကျက်ပြီးသကာလ လာတဲ့အခါကျတော့ ၂-နံပါတ်မဂ်ဉာဏ်မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)၊ သူက ဘာမြင်ပါလိမ့်....(ဖြစ်ပျက်ဆုံးတာမြင်ပါတယ်ဘုရား)၊ ဖြစ်ပျက်ဆုံးတာကိုမြင်တယ်၊ ဖြစ်ပျက်ဆုံးတယ်ဆိုတာ ဒကာဒကာမတွေ သေသေချာချာမှတ် နိဗ္ဗာန်ပဲလို့....(မှန်ပါဘုရား)၊ ဖြစ်ပျက်ဆုံးတာသည်....(နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန့်ပဲ သေသေ ချာချာမှတ်ပါ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြော်....ဒါဖြင့် နိဗ္ဗာန်က နှစ်ဉာဏ်နဲ့ ရောက်ပါကလား....(မှန်ပါဘုရား)။

နိဗ္ဗာန်သည်-(နှစ်ဉာဏ်နဲ့ရောက်ပါတယ်ဘုရား)၊ ၁-နံပါတ်က မိမိခန္ဓာကြီးကို ကြည့်လိုက်တယ်၊ ဝေဒနာ ကြည့်လိုက်လဲ ဝေဒနာဖြစ်ပျက်မြင်တယ်၊ စိတ်ကြည့်လိုက်လဲ စိတ်ဖြစ်ပျက်မြင်

http://www.dhammadownload.com



တယ်၊ ရုပ်ကြည့်လိုက်လဲ ရုပ်ဖြစ်ပျက်မြင်တယ်၊ မြင်ချင်တာမြင် ဒီ ၁-နံပါတ်ဉာဏ်ကတော့ ဖြစ်ပျက်ချည်းမြင်တယ်....(မှန်လှပါ ဘုရား)။

၁-နံပါတ်ဉာဏ်ကတော့ ဘာချည်းမြင်သတုံး....(ဖြစ်ပျက်ချည်းမြင်ပါတယ်ဘုရား)၊ ဖြစ်ပျက်မြင်လို့ ရှိယင်လဲ ဒကာ ဒကာမတွေက အခုနက အဓိပတိသုံးပါးနဲ့ညီလို့ မြင်တာလို့ မှတ်လိုက်....(မှန်ပါ့ဘုရား)၊ အဓိပတိသုံးပါးနဲ့ ညီလို့နော်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဖြစ်ပျက်ကိုမြင်လို့ရှိယင် အဓိပတိသုံးပါးတစ်ပါးပါးနဲ့ မညီသေးဘူးလား....(ညီပါတယ်ဘုရား)၊ ဒါဖြင့် ၁-နံပါတ် ဉာဏ်သည် ဒကာဒကာမတို့၊ ဘာကိုမြင်ပါလိမ့်....(ဖြစ်ပျက်ကို မြင်ပါတယ်ဘုရား)၊

ခန္ဓာကိုယ်ထဲမှာ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ စိတ်ကလေးပေါ်လိုက်ပျက်သွားလိုက်၊ စိတ်ကလေးပေါ်လိုက် ပျက်သွားလိုက်၊ စိတ်ကလေးပေါ်လာလိုက်၊ ပျက်သွားလိုက် အဲဒီဖြစ်ပျက်မြင်တာသည် ၁-နံပါတ်ဉာဏ်-(မှန်လှပါဘုရား)၊ ဒီဉာဏ်ရင့်လာတဲ့ အခါကျတော့၊ ဖြစ်ပျက်တွေ မြင်ဖန်များ လာတော့ ဒကာဒကာမတို့၊ ဖြစ်ပျက်ကလေးဟာ ဆတ်ခနဲ ရှုရင်းမတ္တ ပျောက်သွားတတ်တယ်....(မှန်ပါ့ဘုရား)၊ ဒါဖြင့် ဖြစ်ပျက်ကလေးဆုံးမသွားဘူးလား-(ဆုံးသွားပါတယ်ဘုရား)၊ ဆုံးသွားတဲ့ဥစ္စာကို ဟောဒီ ဆုံးသွားလို့ရှိယင် ဒီဉာဏ်လာလို့ ဒီဉာဏ်က အဆုံးကိုမြင်တာပဲ....(မှန်ပါ့ဘုရား)၊ ဒါသောတာ စတ္တိမဂ်ဉာဏ်ခေါ်တယ်....(မှန်ပါ့ဘုရား)၊ အပါယ်လေးပါး

http://www.dhammadownload.com



တံခါးပိတ်တဲ့ဉာဏ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)၊ အပါယ်လေးပါး တံခါးပိတ်တဲ့ဉာဏ် ဘာမြင်ပါလိမ့်....(ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ် ဘုရား)၊ ဖြစ်ပျက် အဆုံးကို မြင်တယ်....(မှန်ပါ)။

သေသေချာချာမှတ်ပါ၊ အပါယ်လေးပါး တံခါးပိတ်တဲ့ ဉာဏ်က ဘာမြင်ပါလိမ့်-(ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ်)၊ ဒြေဘ်....ဒါဖြင့် ဒကာဒကာမတို့ ဉာဏ်က ဘယ်နှစ်ဉာဏ်ရှိပါ လိမ့်.... (နှစ်ဉာဏ်ပါဘုရား)၊ ဖြစ်ပျက်မြင်တာက တစ်ဉာဏ် (မှန်ပါ)၊ ဦးခေါင်ခေါင်-(မှန်လှပါဘုရား)၊ ဖြစ်ပျက်တွေရှုရင်း မတွေ့နဲ့ ပျောက်ဆုံးသွားပြီး နှစ်မိနစ် သုံးမိနစ် ငါးမိနစ်ကျ အောင် ဖြစ်ပျက်တွေဆုံးသွားတာ မြင်တဲ့ဉာဏ်ဟာ ဘာ ဉာဏ်တုံး....(မဂ်ဉာဏ်ပါဘုရား)၊ ဒါဖြင့် ရှေ့မဂ်ဉာဏ်၊ ဒါက နောက်မဂ်ဉာဏ်....(မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ ဘုရား)။

ရှေ့မဂ်ဉာဏ်က ဖြစ်ပျက်ကိုမြင်တယ်....(မှန်ပါ)၊ နောက် မဂ်ဉာဏ်က....(ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ်)၊ ဖြစ်ပျက် အဆုံးကိုတော့ မြင်တယ်....(မှန်ပါဘုရား)၊

ဒကာဒကာမတို့၊ အားမလျှော့နဲ့၊ ဘုန်းကြီးသည်ကားလို့ ဆိုယင် အားလုံး သယ်ယူပို့ဆောင်ပြီး တင်ပို့နေတယ်၊ အပါယ်လေးပါးမှ လွတ်ဖို့အရေး၊ သံသရာစခန်း သတ်ဖို့ရာ အရေးကို ဦးမြရွှေတို့ ဦးငံရင်တို့၊ ကယ်တင်နေတယ်နော်.... (မှန်လှပါ)။

http://www.dhammadownload.com



အဲဒီတော့ ဓိနှစ်ဉာဏ်နဲ့သာလုပ်ပါ၊ ၁-နံပါတ်က ဘာမြင်တဲ့ဉာဏ်ပါလိမ့်....(ဖြစ်ပျက်မြင်တဲ့ဉာဏ်ပါဘုရား)။

သူ ရင့်ကျက်လာလို့ရှိယင် ၂-နံပါတ်ဉာဏ် ဖြစ်ပါလိမ့်မယ်တဲ့-(မှန်ပါ့)၊ သူက ဘာမြင်ပါလိမ့်.... (ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန် မြင်ပါတယ်)၊ဖြစ်ပျက်အဆုံးမှာ ဘာပါလိမ့် ... (နိဗ္ဗာန်ပါဘုရား)။

ဩော်.... ဦးခင်မောင် နိဗ္ဗာန်ဝေးသလား၊ နီးသလား—(နီးပါတယ်ဘုရား)။

ဒကာ ၀ နီးတယ်နော်-(မှန်ပါ့)၊နီးလျက်သားနဲ့ ဘယ့်နှယ်ကြောင့် ဝေးနေကြပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေမေးလို့ရှိယင်ဖြင့်ခုနကအဓိပတိသုံးပါး တစ်ပါးပါး လိုနေတယ်.... (မှန်လှပါဘုရား)၊ ရှင်းလား.... (ရှင်းပါပြီဘုရား)။

ဦးဘအုန်း ဘာလိုပါလိမ့်ဗျာ -(အဓိပတိသုံးပါး တစ်ပါးပါး လိုပါတယ်ဘုရား)။

အဲ-တစ်ပါးပါးနဲ့သာ ကြိုးစားလို့ရှိယင် သွာက္ခာတော ဘဂဝတာဓမ္မော သန္ဒိဋ္ဌိကော မြတ်စွာဘုရားက အနီးစွရှိတယ်လို့ ဟောထားတယ်၊ ခန္ဓာကိုယ်ထဲမှာ.... (မှန်ပါဘုရား)။

မင်းတို့ခန္ဓာကိုယ်တစ်ခုလုံးဟာ အနိစ္စချည်းပဲလို့ ဒကာ၀ မဟောဘူးလား-(ဟောပါတယ်ဘုရား)၊ ဦးခင်မောင် မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဒါ ဘယ်သူကဟောတာတုံး....(ဘုရားက ဟောတာပါ)။

http://www.dhammadownload.com



အဲ....သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ဘဂဝတော၊မြတ်စွာဘုရားသခင်သည်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ဖြစ်ပျက်ရှိတယ်လို့ ကောင်းစွာ ဟောသွားတယ်....(မှန်ပါ)။ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီလို ဟောသွားတာကို ဒကာဒကာမတွေက တရားတော် မယုံတဲ့အတွက် မမြင်တာဘဲ....(မှန်ပါ့ဘုရား)။

ဪ....ကောင်းစွာ ဟောထားတဲ့တရား ငါ အကြည့်ညံ့လို့သာ မမြင်တာဖြစ်ရမယ် ဆိုပြီးသကာလ သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်အောင် ကြည့်မယ်ဆိုပြီး ဝီရိယသာ စိုက်ကြည့်လိုက်လို့ရှိယင် ၁-နံပါတ် မဂ်ရ-ရမယ်-(မှန်ပါ့)၊ မရပေဘူးလား....(ရပါတယ်ဘုရား)။

ဘယ်မဂ်ရကြမယ်....(၁-နံပါတ် မဂ်ရပါမယ်)၊ ၁-နံပါတ် မဂ်ရရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဘာမှမပူနဲ့....တဲ့ ဖြစ်ပျက်ဆိုတဲ့ ဥစ္စာ အနိစ္စရှိတာ ကြည့်ရတာလား၊ မရှိတာ ကြည့်ရတာလား....(ရှိတာ ကြည့်ရတာပါဘုရား)။

ရှိတာကြည့်ယင် ရှိတာတော့ဖြင့် သိမှာပေါ့....(မှန်ပါ့)။

ဒါဖြင့်ရှိတာကအနိစ္စ၊ သိတာက ဝိပဿနာမဂ္ဂ....(မှန်ပါ့)။

ရှိတာက-(အနိစ္စပါ)၊ သိတာက....(ဝိပဿနာမဂ္ဂပါ)။

အဲဒါ ရင့်အောင် လုပ်လိုက် ဒကာဒကာမတွေ၊ ဒါ ရင့်အောင်လုပ်လိုက်၊ ဒါ ရင့်အောင်လုပ်လိုက်ပါတဲ့။

ဒါ ရင့်အောင်လုပ်ဆိုတော့ ဘယ်လိုလုပ်ရမှာတုံး ဘုရာ့ပြောစမ်းပါဦး၊ အို....ဘုန်းကြီးတို့ ဒကာဒကာမတို့၊ ဒါ ရင့်

http://www.dhammadownload.com



အောင်လုပ်တဲ့ဥစ္စာ ဒါကို ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဖြစ်ပျက်နဲ့ ဒီမဂ်နဲ့သာ မြင်နေအောင်၊ ကိုက်ခနအောင် လုပ်လို့ရှိသင် သူ့ဟာသူ ရင့်လာတာပဲ....(မှန်လှပါဘုရား)။

မြင်ဖန်များတော့ ဘာဖြစ်လာသလဲ....(သူ့ဟာသူရင့်လာပါတယ်ဘုရား)။

သူ့ဟာသူ ရင့်လာတဲ့ အခါကျလို့ရှိယင် ဖြင့် ရင့်သာတဲ့ အခါကျတော့ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မှန်သွားလိမ့်မယ်.... (မှန်ပါ)၊ မုန်သည်နှင့် တစ်ပြိုင်နက်ဘည်း ဒီဟာကဲ ဆုံးသွားမယ်....(မှန်ပါ)။

အဲဒီအဲဆုံး ဒီကိုလဲ ဆုံးပါရော ဒီမဂ်ပေါ်လာတယ်... (မှန်ပါ)၊ သောတာပတ္တိမဂ် ပေါ်လာတယ်၊

ဒုကာ ဒကာမတို့၊ ဘာပေါ်လာပါလိမ့်.... (သောတာပတ္တိမဂ် ပေါ်လာပါတယ်ဘုရား)၊

အင်း....သူပေါ်လာတော့ ဘာမြင်ပါလိမ့်.... (နိဗ္ဗာန်မြင်ပါတယ်)၊ ဖြစ်ပျက်အဆုံးကိုမြင်တယ်....(မှန်ပါ)၊သဘောကျပလား....(ကျပါပြီဘုရား)။

ဘာမြင်ပါလိမ့်....(ဖြစ်ပျက်အဆုံး မြင်ပါတယ်)၊ ဒါဖြင့် ဖြစ်ပျက်မြင်တာ ဝိပဿနာမဂ်(မှန်ပါ)၊ ဖြစ်ပျက်အဆုံး မြင်တာက သောတာပတ္တိမဂ်....(မှန်ပါ)၊ရှင်းပလား-(ရှင်းပါပြီ)။

ဖြစ်ပျက်မြင်တာက-(ဝိပဿနာမဂ်ပါ)၊ ဖြစ်ပျက်အဆုံးမြင်တာက-(သောတာပတ္တိမဂ်ပါ)၊ ဒါဖြင့်ဗျာ ဒီနှစ်ဉာဏ်ဘည်းနဲ့ ဦးခင်မောင် ကြိုးစားလိုက်မယ်ဆိုလို့ရှိသင် မရဘူးလား - (ရပါတယ်ဘုရား)။

http://www.dhammadownload.com



အကယ်၍ မရခဲ့သော် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ခုနက အမှိုပတိသုံးပါးရှိတယ်....(မှန်ပါ)၊ တစ်ပါးပါးချို့နေ လို့....(မှန်ပါ)၊ တစ်ပါးပါးအောင်ယင် မြင်ရမယ်.... (မှန်ပါ ဘုရား)။

သုံးပါးစလုံးတောင် မဟုတ်ပါဘူး၊ တစ်ပါးပါးအောင် ယင်....(မြင်ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတို့မြတ်စွာဘုရား ကောင်း စွာ ဟောထားတာ ကျုပ်တို့ မမြင်တာသည် ကျုပ်တို့တရား မလေးစားလို့ မမြင်တာ....(မှန်လှပါဘုရား)။

ဦးခင်မောင်....ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(တရားမလေး စားလို့ မမြင်တာပါဘုရား)။

ဒကာဒကာမတွေ ယခုဟောတဲ့တရားသည် ပါဠိတော် လွတ်ပြီး သကာလ၊ ဘုရားဟောတာ လွတ်ပြီး သကာလ ဟောတာမဟုတ်ဘူးနော်....(မှန်ပါဘုရား)၊ ဒီနှစ်ဉာဏ်နဲ့ ဟော ထားတာက ပါဠိတော်က သုသိမပရိဗိုဇ်မှာ ဦးခင်မောင် သေသေချာချာရှိတယ်....(မှန်ပါ)။

ကိုစိုး....ဒါဖြင့် သုသိမပရိဗိုဇ်ကိုပဲ ရှင်းပြပါစို့၊ ဦးခင် မောင်နော်....(မှန်ပါ)၊ ဒကာဒကာမတို့၊ သုသိမပရိဗိုဇ်ကို မမေ့ပါနဲ့နော်....(မှန်ပါဘုရား)။

သုသိမပရိဗိုဇ်က တောထဲက ကြွလာတဲ့ ဝါတွင်းသုံးလ ပတ်လုံး အားထုတ်ပြီး ရဟန္တာတွေ ဖြစ်ပြီးလာတဲ့ပုဂ္ဂိုလ်တွေ အရှင်ဘုရားတို့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရတယ်မဟုတ် လားတဲ့၊ အေး....ရတယ်ကွာ။

http://www.dhammadownload.com



ရလို့ရှိယင် ကောင်းကင်ပျံပြီး မြေလျှိုးနိုင်ရဲ့လား၊ သူ တစ်ပါး၏စိတ်ကိုသိပါရဲ့လား....တဲ့၊ ဦးခင်မောင် သူဘာတွေ မေးနေတာတုံး....(သမထစျာန်မေးနေတာပါ)၊လိုရင်းဟုတ်ရဲ့ လား....(မဟုတ်ပါဘုရား)။

အရှင်ဘုရားတို့ နိဗ္ဗာန်မြင်ရဲ့သား မေးလိုက်ယင်လဲ ဟိုး... ကိုယ်တော်တွေက မြင်တယ်ပြောမှာပဲ....(မှန်လှပါဘုရား)။

ကောင်းကင် ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ သူတစ် ပါးစိတ် သိပါရဲ့လား၊ ရေပေါ်ထိုင်လျက် သွားနိုင်ပါရဲ့လား မြေထဲကို ဒီအတိုင်းလျှိုးပြီး သွားနိုင်ပါရဲ့သားဆိုတော့ဘာတွေ မေးနေတာတုံး....(စျာန်လမ်းမေးတာပါ)။

အဲဒီတော့ ဟို.... ကိုယ်တော်တွေက ဘယ့်နှယ်ဖြေလိုက် တယ် ဆိုတာကလေး ယနေ့တော့ဖြင့် ဒကာဒကာမတို့ ကောင်းကောင်းရှင်းပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

တို့ဟာ ဒီနှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရလာတယ်....(မှန်ပါ့)၊ပေါ်ပြီ- (ပေါ်ပါပြီ)၊ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)၊ ဘယ်နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရသလဲ (ဒီနှစ်ဉာဏ်နဲ့နိဗ္ဗာန်ရပါတယ်)၊ ဒီနှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရလာတယ် ဆိုတော့ ဒီနှစ်ဉာဏ်မှာလဲ မညာပြဋ္ဌာန်းတာပဲ၊ ဒီတက်ဉာဏ်မှာကော.... (ပညာပြဋ္ဌာန်း ပါတယ်ဘုရား)။

အဲဒါကြောင့် သူတို့က ဖြေလိုက်တယ်၊ ပညာ ဝိမုတ္တာ မယံ သုသိမ....တဲ့၊ သုသိမ၊ သုသိမပရိဗိုဇ်၊ မယံ၊ ငါတို့ သည်၊ ပညာ ဝိမုတ္တာ၊ ပညာနဲ့ နိဗ္ဗာန်ကို မြင်လာကြ၏။ (သို့မဟုတ်)၊ကိလေသာမှလွတ်လာ၏ဆိုတော့ဒကာဒကာမတို့၊

http://www.dhammadownload.com



ပညာနဲ့လွတ်သွားတာ-(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။ ဝိပဿနာပညာ မဂ်ပညာ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့လွတ်လာတာလဲ....(ဝိပဿနာပညာ,မဂ်ပညာနဲ့ လွတ်လာတာပါ)၊ဝိပဿနာပညာ,မဂ်ပညာနဲ့ ကျုပ်တို့သည် နိဗ္ဗာန်ကိုရောက်ခဲ့ပါတယ်။ (သို့မဟုတ်) ကိလေသာ ချုပ်ငြိမ်းခဲ့ပါတယ်ဆိုတော့ သူ့ဟာ အခြေမတည့်ဘူးလား....(တည့်ပါတယ်ဘုရား)။

သို့သော်....ဘာမှ အခံမပါဘဲ ပုဂ္ဂိုလ် သုသိမပရိဗိုဇ်က တရားအခိုးလာတဲ့လူ၊ သူက နဂိုက ဘာမှ ရှင်းရှင်းလင်းလင်းပါခဲ့သူ မဟုတ်တော့ ကျေကျေနပ်နပ်ပဲ ဖြစ်သွားသလား၊ မကျေမနပ်ဖြစ်နေသလား ဦးခင်မောင်ရ....(မကျေမနပ် ဖြစ်နေပါတယ်ဘုရား)။

သုသိမက ကျေနပ်ရဲ့လား ဒကာဒကာမတို့....(မကျေနပ်ပါဘုရား)၊ မကျေနပ်ဘူးတဲ့....(မှန်ပါ)၊ အဲဒီတော့ အရှင်ဘုရားတို့....အရှင်ဘုရားတို့က ဝိပဿနာပညာ မဂ်ပညာနဲ့ ကိလေသာမှ လွတ်လာတယ်၊ ကိလေသာလွတ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ်၊ ကိလေသာမှ လွတ်ပါတယ်လို့ ပြောတော့ အင်မတန် ကျဉ်းလွန်းလှပါတယ်ဘုရား အဖြေဟာ၊ အကျယ်တဝင့်ကလေး ဖြေစမ်းပါဦး။

ကိုမြရွှေ....ဘယ့်နှယ် တောင်းပန်သတုံး.... (အကျယ်တဝင့်ကလေး ဖြေစမ်းပါဦး)၊ အကျယ်တဝင့်တပည့်တော်ဖို့ဖြေစမ်းပါဦးဆိုတော့ ကိုယ်တော်က ဖြေရှာပါတယ် ဦးခင်မောင်ရ.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



သုသိမ....တဲ့၊ သုသိမ မယုံ နိဗ္ဗာန်ကော သူက ဝိပဿနာ.... နိဗ္ဗာန်ကော၊ တို့ ဈာန်လမ်းမပါဘူးကွ၊ သူက ဝိပဿနာ၊ ဈာန်ကို ကျော်ပြီးတော့ နေပါတယ်။ ဈာန်ကျော်တယ် ဆိုတာ ဈာန်မပါဘူးဆိုတာ.... (မှန်ပါ့ဘုရား)၊ ဝိပဿနာ မဂ္ဂဝန ဝိမုတ္တာ၊ ဝိပဿနာဉာဏ်နဲ့ တို့ ကိလေသာမှလွတ်ပြီး နိဗ္ဗာန်မြင်တာပါကွာဆိုတော့ ဦးခင်မောင်....မရှင်းသေး ဘူးလား....(ရှင်းပါတယ်ဘုရား)။

ဈာန်ပါသတဲ့လား....(မပါ့ပါဘုရား)၊ ဈာန်မပါတဲ့လမ်း နဲ့ တို့က ဝိပဿနာဉာဏ်နဲ့ပဲ နိဗ္ဗာန် မြင်သွားတာပါကွာလို့ အကျယ်ဖြေလိုက်တယ်....(မှန်ပါ့ဘုရား)၊ဦးဝ ကျေနပ်ပလား – (ကျေနပ်ပါပြီဘုရား)။

ဘယ်လိုပင်ဖြေငြားသော်လဲ ဒကာဒကာမတွေ စဉ်းစား၊ ဘာမှ အခံမပါတဲ့ ပုဂ္ဂိုလ်ဟာ အဖြေမှန်ကိုမသိဘူး.... (မှန်ပါ့ ဘုရား)၊ဒကာသစ်–ဘာတဲ့တုံး–(ဘာမှအခံမပါတဲ့ ပုဂ္ဂိုလ်ဟာ အဖြေမှန်မသိပါဘုရား)၊ဦးဇံရစ်တို့၊ ကိုမြရွှေတို့ ဘာမှအခြေခံ မပါတော့ အဖြေမှန်သိပါရဲ့လား....(မသိပါဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကတော့ ခြောက်....ဒီနှစ်ဉာဏ်နဲ့ ရတယ်ဆိုတာ ကျေနပ်ပလား. (ကျေနပ် ပါပြီ)၊ အဲ....သုသိမထက် အများကြီးသာပြီ....(မှန်ပါ့)။

ရှေ့ပိုင်းကဖြစ်ပျက်မြင်တာက ဘာဉာဏ်....(ဝိပဿနာဉာဏ် ပါဘုရား)၊ ဖြစ်ပျက်အဆုံးမြင်တာက.... (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ဆိုတော့ ဒီနှစ်ဉာဏ်နဲ့ သူတို့ ရဟန္တာဖြစ်လာကြတာ– (မှန်ပါ့)၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

http://www.dhammadownload.com



ဝိနှစ်ဉာဏ်နဲ့ ဘာဖြစ်လာသတုံး-(ရဟန္တာဖြစ်လာပါတယ်)၊ ရဟန္တာ ဖြစ်လာတယ် ဆိုတော့ ဪ....ရဟန္တာကြီးတွေက ဖြေတလား....သူများကဲ ဖြေတာကား- (ရဟန္တာကြီးတွေက ဖြေတာပါဘုရား)၊ ရဟန္တာကြီးတွေက ဖြေတာ ဖြစ်နေတော့ ကိုမြရွှေတို့....ဦးဇံရင်တို့ ကျုပ်တို့က အံသယရှိဖို့ လိုသေးသလား....(မလိုပါဘုရား)၊ မလိုတော့ပါဘူး။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ ရှေ့ပိုင်းက ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင် လုပ်ပါ.... (မှန်ပါ့)၊ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ် ရင့်လာလို့ရှိယင်ဖြင့် ဖြစ်ပျက်တွေ ဆုံးသွားတဲ့ နိဗ္ဗာန်ကိုလဲ နောက်ဉာဏ်က မြင်ပါလိမ့်မယ်-(မှန်ပါ့ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒကာဒကာမတွေ ဉာဏ်စဉ်သိပ်များပါကလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ.... (မများပါဘုရား)၊ ရှုဉာဏ်၊ သိဉာဏ် ဒါပဲရှိတယ်....(မှန်ပါ့)။

ဒီပြင်ဉာဏ်တွေဟာ ဝိပဿနာဉာဏ်ထဲ အကုန်ဝင်တာပဲ.... (မှန်ပါ့ဘုရား)၊အဖြစ်မြင်တယ်၊အပျက်မြင်တယ်၊ အပျက်မုန်းတယ်၊ အပျက်ဆုံးတယ်၊အပျက်ငြီးငွေ့တယ်၊ အပျက်လျစ်လျူရှုတယ်ဆိုတာ ဒီဉာဏ်ထဲ အကုန်ဝင်တာပဲ- (မှန်လှပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ဒီဉာဏ်ထဲ အကုန်ဝင်တာပဲလို့ ဆုံးဖြတ်ချက်ချ- (မှန်လှပါဘုရား)၊အင်း-ဉာဏ်စဉ် ၁၆-ပါးတို့ဘာတို့ဆိုတာ ရှည်နေတာ၊ အခု သေသေချာချာ ရဟန္တာကြီးတွေက ဟောတာကတော့

http://www.dhammadownload.com



နှစ်ဉာဏ်နဲ့တက်ခဲ့တယ်ပြောတာ (မှန်ပါဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊

အခု ရဟန္တာကြီးတွေက ဘယ်နှစ်ဉာဏ်နဲ့တဲ့လဲ ...(နှစ်ဉာဏ်နဲ့ပါဘုရား)၊ နှစ်ဉာဏ်တက်ပြီး နိဗ္ဗာန်မြင်ပါတယ်လို့ သေသေချာချာပြောပါတယ်....(မှန်ပါ)၊ ကျေနပ်ကြပလား– (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဘယ်ဉာဏ်-ဘယ်ဉာဏ် လုပ်မနေနဲ့ ဖြစ်ပျက်မြင်ယင် ဝိပဿနာဉာဏ်ပဲ....(မှန်ပါ)၊ ရှုရင်းမတ္တနဲ့ ဖြစ်ပျက်တွေဆုံးသွားလို့ အဆုံးကိုမြင်လို့ရှိယင် ဘာဆိုကြမယ်- (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ပဲ။ တော်ပြီ ဒီလောက်ဆိုလို့ရှိယင် ခင်ဗျားတို့ ကြိုးစားသာ ကြိုးစားကြပါ....(မှန်ပါ)၊

အဲဒီမဂ်ဉာဏ်ရသွားလို့ရှိယင် ခင်ဗျားတို့ ဘာမှမပူနဲ့တော့ ဘာမှမပူနဲ့ အပါယ်လေးပါးဆိုတာ ကိုယ့်ဟာကိုယ် သိပြီ၊ ငါ အပါယ်လေးပါးမဆောက်ဘူး၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ ငါမရောက်တော့ဘူး (မှန်ပါ)၊ အန္ဓ၊ အရှ၊ အဝွဲ၊ မဖြစ်တော့ဘူး၊ မိစ္ဆာဒိဋ္ဌိမျိုး မဖြစ်တော့ဘူး-(မှန်ပါ)၊ မိစ္ဆာဒိဋ္ဌိနတ်မျိုး၊ မိစ္ဆာဒိဋ္ဌိ ပြဟ္မာမျိုးလဲ မဖြစ်တော့ဘူး.... (မှန်ပါဘုရား)။

အထက်မဂ်တွေကို သူ့ဟာသူ တစ်ခါတည်းတက်ပြီး၊ သက္ကာလ နိဗ္ဗာန်သာ သွားတော့မှာပဲဆိုတာ မှတ်လိုက်တော့ (မှန်လှပါဘုရား)၊ ဒါ ပူစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးကလဲ နည်းကောင်းပြတယ်၊ ပါဠိတော်လဲ သေသေချာချာပြပြန်တော့ ဘာမှဘုန်းကြီးအပေါ်လဲသံသယ

မရှိနဲ့၊ ဘုရားအပေါ်လဲ သံသယမရှိနဲ့၊ ဟို....ရဟန္တာကြီးတွေ ကလဲဇီအတိုင်းပြောတာပဲ၊ နောက် ဘုရားကလဲ တာဝန်ခံတာ လာပါလိမ့်ဦးမယ်နော်....(မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘုရားဟောတဲ့အတိုင်း၊ ဘုန်းကြီး ပြောတဲ့အတိုင်း ၁-နံပါတ် ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်ဖို့ အရေးဟာ ခင်ဗျားတို့အရေး.... (မှန်ပါ)၊ ရင့်လာဖို့အရေး ဟာလဲ ခင်ဗျားတို့ ပွားများမှု များလို့ရှိယင် ဘာဖြစ်မတုံး.... (ရင့်လာပါတယ်ဘုရား)၊ ရင့်လာယင် ဇီဉာဏ် ပျောက်ပြီး နောက်ဉာဏ်ပေါ်မယ်....(မှန်ပါ)။

နောက်ဉာဏ်က ဘာကို မြင်မယ်ထင်သတုံး.... (ဖြစ်ပျက် အဆုံးမြင်ပါတယ်)၊ ဖြစ်ပျက်အဆုံးဆိုတော့ ခန္ဓာပါ ပျောက် သွားလိမ့်မယ်-(မှန်ပါဘုရား)၊ ခန္ဓာတစ်ကိုယ်လုံးဟာ ဖြစ်ပျက် ကိုး....(မှန်ပါဘုရား)။

အဲဒီခန္ဓာကြီးပါ ပျောက်သွားပြီးသကာလ နိဗ္ဗာန်မြင်ပါ လိမ့်မယ်....(မှန်လှပါဘုရား)၊ ကိုင်း....ဒကာဒကာမတို့ ယနေ့ ညတရားဖြင့် မြင်ပုံနှစ်ခု ထူးခြားပလား(ထူးခြားပါပြီဘုရား)။

ဝိပဿနာဉာဏ်က ဘာမြင်တုံး.... (ဖြစ်ပျက်မြင်ပါမယ် ဘုရား)၊ မဂ်ဉာဏ်က ဘာမြင်မလဲ- (နိဗ္ဗာန်မြင်ပါမယ်)၊ ဖြစ် ပျက်တွေ မမြင်ဘဲနဲ့ ဖြစ်ပျက်မရှိတာကို မြင်တယ်.... (မှန်ပါ)၊ သဘောပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အို....တယ်အဖိုးတန်ပါကလား၊ တို့....နိဗ္ဗာန်ဟာ အဝေး ကြီးလား မှတ်နေတယ်၊ နှစ်ဉာဏ်နဲ့ဆက်လိုက်လဲ ကိစ္စပြီးတာပဲ ဆိုတာတော့ ပေါ်ပသလား....(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါနဲ့ သုသိမ္မကို အရှင်ဘုရားတို့.... အရှင်ဘုရားတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတယ်ဆိုတော့ အရှင်ဘုရားတို့က ဈာန်လဲမပါဘူး၊ ဈာန်ခြောက်ပြီးသကာလ ဝိပဿနာ ဉာဏ်ကနေပြီး မဂ်ဉာဏ်တက်ပြီး နိဗ္ဗာန် မြင်တာပါပဲလို့ အရှင်ဘုရားတို့ ပြောတာ ကျဉ်းလွန်းပါတယ် ဆိုတော့ ဒီလောက် အကျယ်ပြောတာတောင် ကျဉ်းနေသေးတော့ သုသိမ....တဲ့၊ မင်းနားလည်ချင်လဲ လည်တော့၊ မလည်ချင်လဲ နေတော့ တို့ဖြင့် ဈာန်မပါတဲ့ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ တယ်....တဲ့–(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီ)။

ဈာန်မပါတဲ့-(နိဗ္ဗာန်ရောက်ခဲ့ပါတယ်)၊ နှစ်ဉာဏ်နဲ့နိဗ္ဗာန် ရောက်ခဲ့တယ်၊ ဈာန်မပါတဲ့–(နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ပါ တယ်ဘုရား)။

ကိုယ်တော်တွေက မင်းနားလည်ချင်လဲလည်တော့၊မလည် ချင်လဲ နေတော့လို့ ဦးခင်မောင် ဒီစကား ထွက်လာတယ်.... (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ရဟန္တာကြီးတွေ ဖြစ်ပါလျက်သားနဲ့ ဒီစကား ထွက်ရပါလိမ့်မတုံးလို့ဆိုတော့ သူတို့က သိတယ်၊ ဩော်....သုသိမ၊ တို့ ဘယ်လိုပင် ဖြေပြောသော်လဲ သူနားလည် နိုင်တဲ့ ဉာဏ်စွမ်း မရှိလို့ သိတယ်....(မှန်ပါဘုရား)။

ဒါကြောင့် မင်းနားလည်ချင်လဲလည်တော့၊ မလည်ချင်လဲ နေတော့၊ တို့တော့ဖြင့် နှစ်ဉာဏ်နဲ့ နိဗ္ဗာန် ရောက်ခဲ့တာပဲ.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒကာဒကာမတွေ ဘယ်လိုမှတ်ကြမယ်....(နှစ်ဉာဏ်နဲ့ နိဗ္ဗာန်နဲ့ ရောက်ပါတယ်ဘုရား)၊ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ကြတယ် ဆိုတာ သေသေချာချာ ဖြေပါတယ်....(မှန်ပါဘုရား)။

ဒါနဲ့ ဒကာဒကာမတို့ သုသိမပရိဗိုဇ်က ကျေနပ်ရဲ့လား.... (မကျေနပ်ပါဘုရား)၊ မကျေနပ်တော့ ဘုရားဆီ သွားတယ်.... (မှန်ပါဘုရား)။

မကျေနပ်တော့ ဘယ်သွားပါလိမ့်—(ဘုရားဆီသွားပါတယ် ဘုရား)။

မကျေနပ်တော့ ဘုရားဆီသွားတယ်၊ ဘုရားဆီသွားပြီး အရှင်ဘုရား....တဲ့၊ တပည့်တော်ဟာ အရှင်ဘုရားဆီက "ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာ-ယာတိ ပဇာနာတိ" လို့ သူတို့က ပြောကြပါတယ်၊ ဒါဟာ အရဟတ္တဖိုလ်ရတဲ့ ပုဂ္ဂိုလ်တွေလို့ ပြောပါတယ်။

အရဟတ္တဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်တဲ့ပုဂ္ဂိုလ်တွေ ပဋိသန္ဓေနေဖို့မရှိတော့ဘူးလို့ပြောလို့ တပည့်တော်က သွားမေးတယ်။ အရှင်ဘုရားတို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် ရတယ်ဆိုလို့ ရှိယင် အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျိုးနိုင်ရဲ့လား၊ သူတစ်ပါးစိတ်ကို သိရဲ့လားဆိုတာတွေ တပည့်တော်က သွားမေးတယ်။

မေးတော့ သူတို့က ဒါတွေမဖြေဘဲနဲ့ ပညာ နှစ်ဉာဏ်နဲ့ ကိလေသာမှလွတ်တဲ့နိဗ္ဗာန် ရောက်ခဲ့တယ်လို့ ဖြေတော့ တပည့်တော် နားမလည်ဘူး။

http://www.dhammadownload.com



ဦးခင်မောင်နားလည်တယ်ပြောသလား....(နားမလည်ဘူး ပြောပါတယ်)၊ အဖြေကတော့ ကုန်နေပြီနော်.... (မှန်ပါ့ဘုရား)။

အားလုံးနောက်က ဒကာ ဒကာမတွေ အဖြေတဘယ့်နှယ် ဖြစ်နေသလဲ....(ကုန်နေပါတယ်ဘုရား)။

အဖြေကကုန်နေပြီ၊ အဖြေကဲ ဒီပြင်လဲ ပြောစရာရှိသေးရဲ့ လား....(မရှိပါဘုရား)၊ အဲဒါကို သူက ဘယ့်နှယ် ဖြစ်နေသ လဲ....(နားမလည်ပါဘုရား)။

နားမလည်တော့၊ ဘုရားဆိုတော့ ဒကာသစ်တို့၊ မောင်မြဘို့ သာ ရိမ်မိတာပေါ့၊ သြော်....ဒီကောင်ခက်သေးတယ်၊ သမထ လည်း၊ ဝိပဿနာလမ်းမှ သူက မရှင်းဘဲကိုး....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရား....တဲ့၊ သုသိမက ဘုရားကတော့ သူ မရှင်းဘူးဆိုတာ သိပြီးပြီနော်....(မှန်ပါ့ဘုရား)၊ သိပြီးတဲ့အခါ ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုသိမ....မင်းက နားမလည်ဘူး၊ နားမလည်တော့ ငါ ရှင်းပေးလိမ့်ဦးမယ်ဆိုတဲ့ အဓိပ္ပာယ် မင်းလာလျှောက်တာပဲ။

ဟုတ်ပါတယ်ဘုရား၊ တပည့်တော်ကို ရှင်းပေးစမ်းပါဦး တဲ့....(မှန်ပါ့ဘုရား)၊ သူကတော့ ခိုးဖို့နော်၊ ခိုးဖို့လာတာ— မှတ်ထားသွားမှာပဲ၊ တကယ်ကျင့်မည့်လူကော ဟုတ်ရဲ့လား.... (မဟုတ်ပါဘုရား)။

ကျင့်မည့်လူမဟုတ်ဘူး၊ သူ—ဘာရားသူခိုးအဖြစ်နဲ့ ဝင်လာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါနဲ့ သုသိမ-တဲ့၊ ငါဟောမယ် မင်းနားထောင်ဆိုပြီး တော့ဟို....ကိုယ်တော်တွေအတိုင်းပဲ၊ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ဟောတိ၊ ပုဗ္ဗေ၊ ရှေးအခါကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာဉာဏ်သည်၊ဟောတိ၊ ဖြစ်၏ ရှေ့က ဝိပဿနာ ဉာဏ် ဖြစ်တယ်....(မှန်ပါ့ဘုရား)၊ပစ္ဆာနိဗ္ဗာနေဉာဏံ နောက်ဉာဏ်က နိဗ္ဗာန်မြင်တဲ့ဉာဏ်ပဲ....(မှန်ပါ့ဘုရား)၊ ဘုရားက ဖြေလိုက်ပြန် တယ်....(မှန်လှပါဘုရား)။

ရှေ့ကဉာဏ် က ဘာတဲ့....(ဝိပဿနာဉာဏ်ပါဘုရား)။

"ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာဉာဏံ" အဋ္ဌကထာဆရာက ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ပဲကွ ဆိုတော့ ရှေ့ပိုင်းက ဖြစ်ပျက်မြင်တဲ့ဉာဏ်....(မှန်ပါ့ဘုရား)၊ နောက်ပိုင်းကမဂ်ဉာဏ် ပဲကွ၊ ဒီနှစ်ဉာဏ်နဲ့ ဒီကိုယ်တော်တွေ ရဟန္တာ ဖြစ်လာဘာသို ဘုရားက ထပ်မဖြည့်လိုက်ဘူးလား.... (ဖြည့်ပါတယ်ဘုရား)။ ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဟို....ကိုယ်တော်တွေဖြေတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးဆီ မသက်ာလို့သွားပြီး မေးပြန်တာနဲ့ ဒကာဒကာမတို့၊ မြင်တဲ့အတိုင်းပဲတဲ့၊ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲလို့ဘုရားကလဲ နောက်ထပ် မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲ....ပုဗ္ဗေခေါ သုသိမ၊သုသိမ၊သုသိမ၊ ပုဗ္ဗေ၊ရှေးကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်သည်၊ ဟောတိ၊ ဖြစ်၏....(မှန်လှပါဘုရား)၊ဒါပဲဟောလိုက်တာသံ၊ပစ္ဆာ၊နောက်

http://www.dhammadownload.com



ကာလ၌၊ နိဗ္ဗာနေဉာဏံ၊ နိဗ္ဗာန်ကို မြင်တဲ့ မဂ်ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ဆိုတော့ ဖြစ်ပျက်အဆုံးကို မြင်တဲ့ ဉာဏ်ပဲ.... (မှန်လှပါဘုရား)။

ဘယ်နှစ်ဉာဏ်ပဲ့ါလိမ့်.... (နှစ်ဉာဏ်ပါဘုရား)။

ဩော်....ဒါဖြင့် ဟို....ကိုယ်တော်တွေပြောတာနဲ့ ဘုရားထံ မသက်ာလို့ သူလျှောက်ထားပြီး မေးတော့လဲ ဘုရားက ဟို.... ကိုယ်တော်တွေပြောတာကို ဒကာဒကာမတို့ ကျော်လွန်ဖြေ သလား....ဒီအတိုင်းပဲလား....(ဒီအတိုင်းပါဘုရား)။

ဒါဖြင့် ဦးခင်မောင် ဘုရားက ထောက်ခံချက် ပေးတာ.... (မှန်ပါဘုရား)။

ဟို....ကိုယ်တော်တွေ ဟောတာကို ဘုရားက ဘယ့်နှယ် ပါလိမ့်—(ထောက်ခံချက်ပေးပါတယ်ဘုရား)၊ဒါဖြင့်ဘုန်းကြီး တို့ ဒကာဒကာမတွေ ဒီနှစ်ဉာဏ်ကို လုပ်ရဲ့ပဲ.... (မှန်လှပါ ဘုရား)။

ဘယ်လိုစဉ်းစားကြမယ်....(ဒီနှစ်ဉာဏ်လုပ်ရပါဘုရား)။

ဒီနေရာ ကြားစကားလေးတော့သွင်းချင်တယ်တဲ့၊ ခင်ဗျား တို့ ဒီနှစ်ဉာဏ်မှ မလုပ်လို့ရှိယင်ဖြင့် အပါယ်လေးပါး ခန္ဓာနဲ့ ဆပ်ကြပေတော့....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ....(အပါယ်လေးပါးခန္ဓာနဲ့ ဆပ်ကြပေတော့)၊ အပါယ်လေးပါး ခန္ဓာနဲ့....ဆိုတာ ဒကာ ဒကာမတို့ အပြောလွယ်သလောက် မလွယ်ဘူးနော်....(မှန်ပါ ဘုရား)၊ လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

http://www.dhammadownload.com



ရေမီးကလေး ပိုးစုန်းကြူးလောက်ဟာဘောင်မှ လှည်းခြောက်စီးတိုက် ခုနစ်စီးတိုက်ရှိတဲ့ ထင်းအစုတွေ ဝုန်းခနဲ ချတာနဲ့ ပြောင်တာနဲ့တစ်ချက်တည်း... (မှန်လှပါဘုရား)။

ရေမီးပုံကြီးထဲ ကျုပ်တို့ရောက်ရမယ်ဆိုတော့ ဦးခမ်မောင် ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါဘုရား)၊ ဦးဇံရင်တို့ ခံနိုင်ရည် ရှိပါ့မလား....(မရှိပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့၊ ဇီငရဲမီး ငြိမ်းနိုင်တာ ဒီနှစ်ဉာဏ်ပဲ ရှိတယ်... (မှန်ပါ့ဘုရား)၊ ဘယ်လို ဆိုကြမယ်.... (ငရဲမီးငြိမ်းတာ ဒီနှစ်ဉာဏ်ပဲ ရှိပါတယ်ဘုရား)။

တိရစ္ဆာန်အဘွက် သိမ်းနိုင်တာကော ... (ဒီနှစ်ဉာဏ်ပဲရှိပါတယ်ဘုရား)၊ အပါယ်လေးပါးသိမ်းနိုင်တာကော·(ဒီနှစ်ဉာဏ်ပဲ ရှိပါဘယ်ဘုရား)၊ အနူ၊ အရူး၊ အဝဲ ဘာတွေမှ သိမ်းနိုင်တာကော·(ဒီနှစ်ဉာဏ်ပဲ ရှိပါတယ်ဘုရား)၊ အဆွံ့၊ အအ တွေ အဖြစ်မှ သိမ်းနိုင်တာကော.... (ဒီနှစ်ဉာဏ်ပဲရှိပါတယ်ဘုရား)။

အပါယ်သွားမည့် မိစ္ဆာဒိဋ္ဌိလူမျိုးထဲမှာ ပဋိသန္ဓေမနေရအောင် သိမ်းနိုင်တာကော.... (ဒီနှစ်ဉာဏ်ပဲရှိပါတယ်ဘုရား)။

ဒီနှစ်ဉာဏ်ပဲ ရှိတော့တယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်....ဒီလိုသိဖို့ဘကေလဲ အတော်ခဲယဉ်းပါကလား.... (ခဲယဉ်းပါတယ်ဘုရား)၊ မခဲယဉ်းဘူးလား.... (ခဲယဉ်းပါတယ်ဘုရား)။

ဒီလိုသိဖို့ဘာဝ အလွန်ခဲယဉ်းတဲ့အထဲမှာ ဒီလိုသိပြီးသကာလ နေလျက်နဲ့ ဒီလိုသိရှိသလောက် အလုပ် မလုပ်တော့ပါဘူး

http://www.dhammadownload.com



ဆိုယင်ဖြင့် ခန္ဓာနဲ့ အပါယ်လေးပါး ဆပ်ကြပေတော့....(မှန်ပါဘုရား)။

ဘယ်သူ ဆပ်ဝံ့ကြပါမလဲ- (မဆပ်ဝံ့ပါဘုရား)၊ ဘယ်သူမှ မဆပ်ဝံ့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ ဘုရား)၊ အဲဒါကြောင့် ခန္ဓာနဲ့မဆပ်နဲ့၊ ဉာဏ်နဲ့ဆပ်ပစ်လိုက်.... (မှန်ပါ့ဘုရား)၊ ဘယ်လိုမှာပါလိမ့်....(ခန္ဓာနဲ့မဆပ်ပါနဲ့၊ ဉာဏ်နဲ့ဆပ်ပါဘုရား)။

ဉာဏ်နဲ့ဆပ်နေ၁် ရှေးဦးစွာ ဝိပဿနာဉာဏ်၊ နောက်မဂ်ဉာဏ်နဲ့ ဆပ်လိုက်လို့ရှိယင် ဒကာဒကာမတို့၊ အကုန်ဇာတ်သိမ်းပါတယ်....(မှန်ပါ့ဘုရား)၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)၊အားငယ်စရာများ ပါသေးသလား-(မပါ-ပါဘုရား)။

အဲ....ကိုယ့်ဟာကိုယ်ပျင်းတယ်၊ ကိုယ့်ဟာကိုယ် ဖျင်းတယ်ဆိုလို့ရှိယင် မင်းခန္ဓာနဲ့ အပါယ်ဆပ်မလားလို့ ကိုယ့်ဟာကိုယ်ဆာ မေးကြည့်—(မှန်ပါ့ဘုရား)၊ သူဘယ်လို အဖြေထွက်လာမယ် ထင်သတုံး....(မဆပ်ဝံ့ပါဘုရား)။

မဆပ်ဝံ့ပါဘူး၊ မဆပ်ဝံ့ယင် မင်း ဇီနှစ်ဉာဏ်ရအောင်လုပ်-(မှန်ပါ)၊ ကိုယ့်ကိုယ်ကို တိုက်တွန်းပါ- (မှန်ပါ့ဘုရား)၊ ဘုရားက ကောင်းစွာဟောထားတဲ့တရား ကောင်းစွာမြင်ရမယ်လို့ ဟောထားတဲ့တရား၊ မဖြီးသည်ကားလို့ဆိုယင် အမိဖတိမထားလို့ မင်းမမြင်တာလို့ ကိုယ့်ကိုယ်ကိုဆုံးမပါလို့ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

အဆုံးအမအခက်ဆုံးမှာလဲ ကိုယ့်ကိုယ်ကို အဆုံးအမအခက်ဆုံးဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီထက် ကံကောင်းတာ မရှိဘူး၊ ခင်ဗျားတို့-(မှန်ပါဘုရား)၊ အဲဒီတော့ ဘုန်းကြီးက တော့ဖြင့် ဘုန်းကြီးနဲ့လဲ တွေ့ကြပြီ၊ ဘုရားတရားတော်နဲ့လဲ တွေ့ရတော့ ခင်ဗျားတို့ဟာ ကံကောင်းတယ်.... (မှန်ပါ)၊ ခင်ဗျားတို့ဝမ်းထဲကဖြစ်ပျက်မြင်တဲ့ညာဏ် ကောင်း ဖို့လိုတယ်.... (မှန်ပါ)၊ ဖြစ်ပျက်အဆုံးမြင်တဲ့ညာဏ် ကောင်းဖို့ (လိုပါတယ် ဘုရား)၊ကဲ....ကံကောင်းရုံနဲ့ ကိစ္စပြီးပါ့မလား(မပြီးပါဘုရား)၊ ညာဏ်ကောင်းမှ ကိစ္စပြီးမယ်-(မှန်လှပါဘုရား)၊ သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီခတာ့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ခင်ဗျားတို့အ အဖော ချမ်းသာတယ်၊ကံကောင်းတယ်၊ သူ့ဟာသူချမ်းသာ လို့ ကံကောင်းငြားသော်လည်း အပါယ်လေးပါးက ညာဏ် ကောင်းမှ ပိတ်မှာ....(မှန်ပါဘုရား)။

အပါယ်လေးပါကတော့.... (ညာဏ်ကောင်းမှ ပိတ်မှာပါ ဘုရား)၊ ညာဏ်ကောင်းမှ ပိတ်မှာဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲ့ဒီတော့ ခင်ဗျားတို့ ကံသာကောင်းချင်တာပဲ ညာဏ် ကောင်းချင်တာ ညည်းသံကို တစ်ခါမှမကြားဘူး-(မှန်လှပါ ဘုရား)၊ ဖျင်းလိုက်တဲ့ ဒကာ ဒကာမတွေ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ကံများခေလိုက်တာ ဒါပဲညည်းနေတာပဲ၊ ဘယ်တော့ များမှ တိုက်ကြီးတာကြီး ကားကြီးတွေနဲ့ နေရပါ၊ ကံများ ခေလိုက်တာ လာတယ်၊ ညာဏ်များခေလိုက်တာလို့ လာ၍

http://www.dhammadownload.com



လား....(မလာပါဘုရား)၊ အုံမှာလေး....တကယ့် ကိုးစားရာကျတော့ သတိမထားမိဘူး-(မှန်ပါ)၊ ခုနက အဲ့ရိပ်ပြကလေးဖဏာကလေး ကံကောင်းတာကျတော့ ဒီဘဝ မိဖုရားကြီးဟုတ်လား၊ နောက်ဘဝ အပါယ်လေးပါးကျတော့ ခင်ဗျားတို့က လွှမ်းလိုက်တာ.... (မှန်ပါဘုရား)၊ ဥပရိမိဖုရားကြီးတို့ဟင်....ဒီဘဝမိဖုရားကြီး၊ နောက်ဘဝနောက်ချေးပိုးမကလေးဆိုတော့ ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

အဲဒါ ကံစီမံသလို မခံရဘူးလား-(ခံရပါတယ်)၊ မိဖုရားကြီး ဖြစ်တာလဲ ဘယ်သူ့ကြောင့်- (ကံကြောင့်ပါ)၊ နောက်ချေးပိုးမကလေးဖြစ်တာကော- (ကံကြောင့်ပါပဲ)၊ ဩော်....ခင်ဗျားတို့က ကံမျှားတယ်ခေသကိုးဆိုတော့ ကံ့ပဲ ခင်ဗျားတို့ဖက်ပြီးသက်သေ ထားကြတယ်၊ ဒီဥစ္စာက ပညာဝိမုတ္တာ ခေါ်မယ် သုသိမ၊ ပညာနဲ့ အပါယ်လေးပါး တံခါးပိတ်သွားတယ်ကွ၊ နိဗ္ဗာန်မြင်တယ်ကွဆိုတော့ ကံခမျှော်သင့်သလား-ဉာဏ်မျှော်သင့်သလား....(ဉာဏ်ခမျှော်သင့်ပါတယ်ဘုရား)။

စီးခင်ဓမောင် ဘာခမျှော်မလဲ....(ဉာဏ်မျှော်ပါမယ်ဘုရား)၊ အို....ခင်ဗျားတို့ ဘုန်းကြီးရှေ့မို့ ပြောနေတာပါ၊ မြို့ရွာထဲကျတော့ ကံသမားချည်း ဖြစ်ခနေတာပဲ၊ ဒါ့ခကြောင့် ထီထိုးနေကြတာပေါ့ဗျ၊ သဘောကျပလား-(ကျပါပြီ)၊ ထီထိုးတာဟာ ဉာဏ်နဲ့ထိုးတာလား ကံနဲ့ထိုးတာလား- (ကံနဲ့ထိုးတာပါ)။

ကိုင်း- ဒကာဒကာမတို့၊ ဉာဏ်နဲ့ထိုးလို့ရှိသင်ဖြင့် နေရာကျမှာပဲ၊ ကံနဲ့သာထိုးနေကြမယ် ဆိုလို့ရှိယင်ဖြင့် နှစ်ကျပ်နှစ်ကျပ်နဲ့ မွဲလှရော့မယ် ခင်ဗျားတို့ကလဲ့.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ကိုင်း–ဒါဖြင့် ဒကာဒကာမတို့၊ အပါယ်လေးပါး တံခါးပိတ်တာ ကံလမ်းလား၊ ဉာဏ်လမ်းလား .... (ဉာဏ်လမ်းပါဘုရား)၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပါယ်လေးပါးတံခါးပိတ်တာ....(ဉာဏ်လမ်းပါဘုရား)၊ နိဗ္ဗာန်မြင်တာကံနဲ့မြင်တာလား၊ ဉာဏ်နဲ့မြင်တာလား(ဉာဏ်နဲ့မြင်တာပါဘုရား)၊သေချာလား....(သေချာပါပြီဘုရား)။

နိဗ္ဗာန်မြင်မှလဲ အပါယ်လေးပါး တံခါးပိတ်တာယ် မဟုတ်လား....(မှန်ပါ့ဘုရား)၊ ကဲ....အားလုံးဒကာဒကာမတွေကော ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ကဲ....ဒါဖြင့်ခင်ဗျားတို့၊ ကံလမ်းသည်ကားလို့ ဆိုလို့ရှိယင် ခင်ဗျားတို့ကို ဘယ်လိုလုပ်ဘတ်ပါသတုံးလို့ မေးဖို့အရေးကြီးတယ်....((မှန်ပါ့ဘုရား)၊

ကံကတော့ တစ်ခါတလေ နတ်ပြည်များမြောက်တင်လိုက်တယ်....(မှန်ပါ့)၊တစ်ခါတလေနတ်ပြည်မှဒယ်အိုးထဲ တွန်းချလိုက်သေးတယ်....(မှန်ပါ့)၊ကံ....ကံ....(မှန်ပါ့ဘုရား)၊

ကံက ခင်ဗျားတို့ကို လူ့ဘောလုံးဖြစ်အောင်လုပ်ပါတယ်- ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကံက ခင်ဗျားတို့ကို ဘယ့်နှယ်လုပ်တယ်.... (လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ်)၊ လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ်....(မှန်ပါ့)၊ အထက်မြောက်ကန်လိုက်ပြန်တာလဲ ကံပဲ၊ အထက်ကနေပြီးအောက်ချလိုက်တာကော....(ကံပါပဲဘုရား)။

အဲ....ကံကတော့ ဒီအတိုင်းပဲ သွားမှာပဲ....(မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ကံကြောင့် လူကောင်း၊ နတ်ကောင်း မဖြစ်ဘူးဆိုလို့ကော ရရဲ့လား....(မရပါဘုရား)၊ အင်း-ဟင်၊ လူကောင်း၊ နတ်ကောင်းတွေမှာ အပါယ်လေးပါး မသွားဘူးလို့ကော ဆိုလို့ရရဲ့လား—(မရပါဘုရား)၊ ဘယ်သူ့သတ္တိပါလိမ့်....(ကံသတ္တိပါဘုရား)။

ဉာဏ်သတ္တိကတော့ ဒကာ ဒကာမတို့၊ အထက်ကိုသာ သွားရတော့တယ် .... (မှန်ပါဘုရား)၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဉာဏ်သတ္တိကတော့ .... (အထက်ကိုသာ သွားရပါတယ်) အထက်ကိုသာ သွားရတော့တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည်ကားလို့ဆိုယင် ဒီရဟန္တာကြီးတွေ ဖြေတာက ဦးခင်မောင်—ပဉ္စာဝိမုတ္တာ ခေါ် မယံ၊ သုသိမ။ သုသိမ၊ သုသိမ။ မယံ၊ ငါတို့သည်။ ပဉ္စာဝိမုတ္တာ၊ ပညာဉာဏ်နဲ့ ကိလေသာမှလွတ်တဲ့နိဗ္ဗာန် ရောက်ခဲ့တယ်.... (မှန်ပါဘုရား)၊ ဖော်ကိုဖြေတာ .... (မှန်ပါဘုရား)၊ သဘောပါကြပလား....(ပါ့ပါပြီဘုရား)။

ဘာတုံး....ကံလမ်းဖြေတာလား....ဉာဏ်လမ်းဖြေတာလား—(ဉာဏ်လမ်းဖြေပါတယ်ဘုရား)၊ သေချာပြီနော်....သေချာပါပြီဘုရား)။

ကောင်းပြီ .... ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ပုစ္ဆာ ခေါ် သုသိမ ဓမ္မဋ္ဌိတိဉာဏ်၊ ဟောသာပြန်ပြီဘုရားကလဲ သုသိမ၊ ရှေး၌ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်ဖြစ်၏လို့မှ ဟောဘူးလား....(ဟောပါတယ်ဘုရား)။

http://www.dhammadownload.com



ရှေ့ပိုင်းက ဓမ္မဋ္ဌိတိဉာဏ်တဲ့၊ နောက်ပိုင်းက....(နိဗ္ဗာန်သိတဲ့ ဉာဏ်ပါဘုရား)၊ နိဗ္ဗာန်သိတဲ့ မဂ်ဉာဏ်....(မှန်လှပါဘုရား)။ ဒါဖြင့် တိုတို ပြောကြစို့၊ ဒကာ ဒကာမတို့ရဲ့ နားလည်မှု၊ ဒါက စသံပါနေတယ်။

ဓမ္မဋ္ဌိတိဉာဏံ ပုဗ္ဗေ ဝိပဿနာဉာဏ်၊နိဗ္ဗာနေ ဉာဏန္တိ မဂ္ဂဉာဏံ-(မှန်ပါဘုရား)၊ သဘောကျပလား.... (ကျပါပြီဘုရား)၊ အဲဒီတော့ ရှေ့ပိုင်းက ဘာဉာဏ် - (ဝိပဿနာဉာဏ်ပါဘုရား)၊ နောက်ပိုင်းက ... (မဂ်ဉာဏ်ပါဘုရား)။

အဲဒါနဲ့ အပါယ်တံခါးပိတ်ပြီး ထွက်ခဲ့တယ်ဆိုတာ ဘုရားကလဲ နောက်ထပ်မဆင့်ဘူးလား-(ဆင့်ပါတယ်ဘုရား)။

အဲဒီလို ဘုရားက ဖြေလိုက်ပြန်တော့လဲ အားလုံး ဒကာ ဒကာမတွေ စဉ်းစားပါ၊ သုသိမ ဘာမှ အခံမပါတဲ့ ပုဂ္ဂိုလ် ဖြစ်နေသောကြောင့် ကျေနပ်ပါရဲ့လား-(မကျေနပ်ပါဘုရား)၊

မကျေနပ်တော့ ဘုရားကလဲ ဦးဝတို့၊ဒကာသစ်တို့၊ကိုမြရွှေတို့ သုသိမ....မင်း နားလည်ချင်လည်၊ မလည်ချင်လဲ နေတော့ ဖြေရပြန်ပြီ-(မှန်ပါ)။

မင်း နားလည်ချင်လဲလည်တော့၊မလည်ချင်လဲနေတော့ကွာ တဲ့၊ငါဘုရား၏ သာသနာတော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ ဟူသရွေ့ဟာ သမထ၏အကျိုး၊ သမထ၏အာနိသင်၊ သမထ ကြောင့်လို့ မင်း ဘယ်တော့မှ မမှတ်နဲ့တဲ့၊ ဖြေလိုက်တယ်.... (မှန်ပါဘုရား)၊သဘောပါပလား-(ပါ့,ပါပြီဘုရား)။

ငါဘုရားသာသနာမှာ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရကြတဲ့ ပုဂ္ဂိုလ် ဟူသရွေ့မှာ သမထအကျိုး၊သမထအာနိသင်၊ သမထကြောင့်

http://www.dhammadownload.com



တယ်လို့ ဘယ်တော့မှ မင်းမမှတ်နဲ့တဲ့-(မှန်ပါ့ဘုရား)၊ ပေါ်ကြ ပလား—(ပေါ်ပါပြီဘုရား)။

ကိုင်း—အင်္ဂုတ္တရပါဠိတော်ဆရာစာအရေ၊ ဘုရားကရော အကုန်ဖြေချ လိုက်တယ်-(မှန်ပါ့)၊နိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်ဟူသရွေ့၊ဒုက္ခခမ်းသိမ်း ငြိမ်းတဲ့ပုဂ္ဂိုလ်ဟူသရွေ့မှာဖြင့် သုသိမ–တဲ့၊ ဝိပဿနာဉာဏ်၏ တန်ခိုး၊ ဝိပဿနာဉာဏ်၏အကျိုး၊ ဝိပဿနာဉာဏ်ကြောင့် ပြီးတယ်လို့ မင်း သေသေချာချာမှတ်တဲ့-(မှန်ပါ့ဘုရား)။

ဘယ်သူက ဖြေသတုံး– (ဘုရားက ဖြေတာပါ ဘုရား)၊ ပေါ်ကြပလား – (ပေါ်ပါပြီ)၊ ပြန်ပြောပါဦးမယ်–ဒကာ ဒကာမတို့၊ ပြန်ပြောပါဦးမယ်၊ ခင်ဗျားတို့ အင်မတန်အရေး ကြီးနေလို့ သိလဲသိပါစေတော့လို့ နှစ်ဉာဏ်နဲ့ ကိစ္စပြီးကြောင်း ကိုလဲ ထင်ရှားပါစေတော့လို့ သေသေချာချာ ပြောနေတယ် လို့ မှတ်လိုက်စမ်းပါ–(မှန်လှပါဘုရား)။

ဟေ့-သုသိမတဲ့၊ မင်း နားလည်ချင်လဲလည်၊ မလည်ချင်လဲ နေတော့ ဘုရားအာ-(မှန်ပါ့)၊ ငါဘုရားသာသနာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာဟူသရွေ့ သမထကြောင့် သမထအာနိသင် သမထက ပြီးစေတယ်လို့ မင်းဘယ်တော့မှမမှတ်နဲ့တဲ့-(မှန်ပါ့ ဘုရား)၊ ရှင်းမလား—(ရှင်းပါပြီ)၊ ဝိပဿနာဉာဏ်၏အကျိုး ဝိပဿနာ ဉာဏ်ကြောင့် ရတယ်၊ ဝိပဿနာ ဉာဏ်ကြောင့် အကျိုးပြီးတယ်ဆိုတာ မင်း သေသေချာချာမှတ် .... (မှန်ပါ့ ဘုရား)။

ဘယ်သူကပြောနေတာလဲ–(ဘုရားကပြောတာပါ)၊ ဒီနှစ် ဉာဏ်ပြောတယ်ဆိုတာ သေချာမလား-(သေချာပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့၊ နိဗ္ဗာန်လိုချင်လို့ ဒုက္ခခမ်းသိမ်း ငြိမ်းချမ်းပါတယ်ဘုရားလို့ ဆိုလို့ရှိယင်ဖြင့် ရှေ့ပိုင်းက ဝိပဿနာ ဉာဏ်ထားပါ-(မှန်ပါ့)၊ ရင့်လာလို့ရှိယင် ဘယ်ဉာဏ်ပေါ်မလဲ (မဂ်ဉာဏ်ပေါ်ပါမယ်ဘုရား)။

မဂ်ဉာဏ်ပေါ်တော့ သူပျောက်ပါတယ်-(မှန်ပါ့)၊ သူ့ဟာ သူပျောက်သွားတယ်.... (မှန်ပါ့)၊ မပျောက်ပေဘူးလား.... (ပျောက်ပါတယ်ဘုရား)၊ ဒီငါးပါးပျောက်ပြီးသကာလ ရှစ်ပါးပေါ်မလာပေဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲ....ငါးပါးက အနိစ္စချောက်ပြီး ရှစ်ပါးက မဂ်အဖြစ်နဲ့ ပေါ်လာပါတယ်....(မှန်ပါ့ဘုရား)၊ အဲဒါကြောင့် ဘုရားက ပဋ္ဌာန်းပါဠိတော်များ ကျလာတော့ ဒကာဒကာမတွေ သေချာလိုက်တာ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ သူ့ကိုအနိစ္စ ဒုက္ခ အနတ္တမြင်တာ ဝိပဿနာဉာဏ်က....(မှန်ပါ့)၊ သူက သင်္ခါရတရားကိုး....(မှန်ပါ့)။

သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဒီသင်္ခါရ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့မြင်တာက ဝိပဿတိ တဲ့၊ ဝိပဿနာဉာဏ်.... (မှန်ပါ့ဘုရား)၊ ဒါ ပဋ္ဌာန်း ပါဠိတော် သင်္ခါရ တရားကို အနိစ္စလို့ မြင်တာက- (ဝိပဿနာဉာဏ်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဝိပဿနာဉာဏ်အတွက်တော့ ဘုရား က ပဋ္ဌာန်းပါဠိတော်မှာ ဒီလိုဟောတယ်ဆိုတော့ မသေချာ သေးဘူးလား ဦးခင်မောင်....(သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ဒါက အနိစ္စ ဒုက္ခ အနတ္တပါကွာဘဲ၊ ဒါကဝိပဿနာဉာဏ်ပါ....(မှန်ပါ)၊သဘောကျပလား· (ကျပါပြီဘုရား)၊ သင်္ခါရတရားကို အနိစ္စ ဒုက္ခ အနတ္တလို့မြင်တာက ဘာဉာဏ်ပါလိမ့်(ဝိပဿနာဉာဏ်ပါဘုရား)။

အဲ....ဝိပဿနာဉာဏ်လဲဆုံးပါရော ဒကာဒကာမတို့ နိဗ္ဗာန်မဂ္ဂသဆိုတော့ ဒီနိဗ္ဗာန် မဂ္ဂသကျတော့ ဝိပဿနာပါသေးရဲ့လား·(မပါ·ပါဘုရား)၊ ဝိပဿနာမပါဘူး....တဲ့။

''နိဗ္ဗာနံ မဂ္ဂသာ အာရမ္မဏ ပစ္စယေန ပစ္စယော'' လို့ဟောလိုက်ပြန်တော့ ဒကာ ဒကာမတို့၊ သိဘဲ့အတိုင်း....တဲ့ စကားလဲ အင်မတန်ကြီးပါတယ်၊ မှန်တာကလဲ ပဋ္ဌာန်းပါဠိတော်ဖြစ်နေလို့ အင်မတန်မှ သံယုတ်ပါဠိတော်နဲ့ ပဋ္ဌာန်းနဲ့ တစ်ထပ်တည်းသွားနေတယ်....(မှန်ပါဘုရား)။

အဲဒီတော့ နိဗ္ဗာန်မဂ္ဂသဆိုသဖြင့် သင်္ခါရမဂ္ဂသသို့သာရှိလား·(မလာပါဘုရား)၊ ဒါဖြင့် ဒုက္ခအဆုံး နိဗ္ဗာန်မြင်တာက ဘာဉာဏ်ဆိုကြမယ်·(မဂ်ဉာဏ်ပါဘုရား)၊ သင်္ခါရဒုက္ခမြင်တာ ဘာဆိုကြမယ်....(ဝိပဿနာဉာဏ်ပါဘုရား)။

အဲ....သင်္ခါရ ဒုက္ခမြင်တာက ဝိပဿနာဉာဏ်၊ ဒုက္ခအဆုံး နိဗ္ဗာန် မြင်တာက....(မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဘယ်နှစ်ဉာဏ်နဲ့ ကိစ္စပြီးပါသိမ့်မတုံး·(နှစ်ဉာဏ်နဲ့ ကိစ္စပြီးပါတယ်ဘုရား)၊နှစ်ဉာဏ်နဲ့ ကိစ္စပြီးတယ်ဆိုတာသဘောကျပလား -(ကျပါပြီ)၊ ဒါဖြင့် ဘုန်းကြီး

http://www.dhammadownload.com



တို့ ဒကာဒကာမတွေ ဘယ်လိုများ အားထုတ်ရပါလိမ့်မတုံး ဆိုဘာကော သံသယရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး စမ်းသပ်ကြည့်နေ၊ အသက်ထလေး မှန်မှန်ရှူ၊ ရှူပြီးသကာလ စိုက်ကြည့်တော့ ဟိုအယား၊ ဒီကနာ၊ ဟိုစိတ်ကလေးပေါ်လာ၊ ဒီစိတ်ကလေးတွေပေါ်လာ၊ ပေါ်တာကလေးတွေက ခုနကလဲမရှိဘူး၊ အခုလဲ ရှာမတွေ့ပြန်ဘူး၊ ခုနကမရှိဘူး၊ အခုပေါ်လာပြီ၊ ပေါ်လာပြီး သူ့ရှာမတွေ့ဘူးဆိုတဲ့ဥစ္စာသည် ဒကာဒကာမတို့၊ အဲဒါ ခန္ဓာထဲက အနိစ္စတွေပြနေတာ-(မှန်ပါ့ဘုရား)။

ယားယံ ယားတဲ့နေရာ အနိစ္စရှု၊ စိတ်ကလေးပေါ်လာ၊ ပေါ်လာတဲ့နေရာ-(အနိစ္စရှုရပါမယ်)၊ မျက်လုံးထဲ မြင်စိတ်ကလေး ပေါ်လာယင် မြင်စိတ်ကို (အနိစ္စရှုရပါမယ်)၊ ကြားစိတ်ကလေး ပေါ်လာယင်....(အနိစ္စရှုရပါမယ်)၊ ကြားစိတ်ကလေးရှု၊ သူဟာသည် "အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ အဒဿနံ"မမြင်ရာအရပ်က ပေါ်လာတယ်၊ ချုပ်တော့လဲ မမြင်ရာအရပ်ကို သွားတယ်-(မှန်ပါ့ဘုရား)၊ သဘောကျပလား-(ကျပါပြီ)၊ မမြင်ရာအရပ်က ပေါ်လာတယ်၊ ချုပ်သွားတော့လဲ....(မမြင်ရာအရပ် သွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ဥပမာနဲ့တကွ ပြလိုက်တယ်၊ ကောင်းကင်မှာ လျှပ်စစ်ကလေးတွေ ဒကာ ဒကာမတွေက မော့ကြည့်နေတာပေါ့ တိမ်ကြားထဲက ဖျတ်ခနဲ ထွက်မလာပေဘူးလား-(ထွက်လာ

http://www.dhammadownload.com



မပါတယ်ပါဘုရား)၊ သူပြန်ဝင်တော့ကော(ဖျတ်ခနဲမပါဘုရား)။ ဩော်....အဲဒီအတိုင်းသာမှတ်ပါ-(မှန်ပါဘုရား)၊ ဒီမျက်လုံးထဲ ပေါ်လာတဲ့ စိတ်ကလေးဟာ ဖျတ်ခနဲပေါ်လာပြီး ဖျတ်ခနဲ ချုပ်သွားတာပဲ-(မှန်ပါဘုရား)၊ တို....လျှပ်စစ်ကာမှ မြင်ရသေးတယ်နော်-(မှန်ပါဘုရား)၊ ဒီဟာကတော့ ဩော်... ပေါ်လဲ ပေါ်တယ်၊ ရှိလဲမရှိဘူးလို့ မဂ္ဂင်ငါးပါးနဲ့ရှုရှုပေး....(မှန်ပါ)။ နာခံထဲကြားတဲ့ စိတ်ကလေးရှု၊ နှာခေါင်းထဲနံတဲ့ စိတ်ကလေး (ရှုရပါမယ်)၊ ကိုယ်ပေါ်မှာ ယားတဲ့ ယံတဲ့ စိတ်ကလေး (ရှုရပါမယ်)၊ ကိုယ်ပေါ်မှာ ကောင်းတဲ့ စိတ်ကလေး .... (ရှုရပါမယ်)၊ ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ်ကလေး (ရှုရပါ မယ်)၊ ဝမ်းနည်းတဲ့စိတ်ကလေး-(ရှုရပါမယ်)၊ ဒေါသထွက်တဲ့ စိတ်ကလေး-(ရှုရပါမယ်)၊ သောကဖြစ်တဲ့ စိတ်ကလေး .... (ရှုရပါမယ်)၊ သံသယဖြစ်တဲ့ စိတ်ကလေး.... (ရှုရပါမယ်)၊ ကုက္ကုစ္စ ဖြစ်တဲ့စိတ်ကလေး.... (ရှုရပါမယ်)၊ အကုန် ရှုရမယ် ဆိုတာ သေချာကြပလား– (သေချာပါပြီဘုရား)၊ အဲဒါ.... သင်္ခါရတရားတွေမို့ သင်္ခါရတရားပျက်စတတ်သည်လို့ မှတ်လိုက် ပါ-(မှန်ပါဘုရား)၊ သင်္ခါရတရား(ပျက်တတ်ပါတယ်ဘုရား)။ ပေါ်လာတာသင်္ခါရ၊ပျက်သွားတာက အနိစ္စ-(မှန်ပါဘုရား)။ ပေါ်လာတာ.... (သင်္ခါရပါ)၊ ပျက်သွားတာ.... (အနိစ္စပါ ဘုရား)၊ အဲဒါကြောင့် သဗ္ဗေ သင်္ခါရာ အနိစ္စာ—(မှန်ပါ)၊ ပေါ်လာတာ....(သင်္ခါရပါ)၊ ပျက်သွားတာက....(အနိစ္စပါ ဘုရား)၊ အဲဒါ ပါဠိထဲသွင်းလိုက်၊ သဗ္ဗေ သင်္ခါရာ–(အနိစ္စာ ပါဘုရား)၊အဲ—သင်္ခါရဟာပျက်တယ်ကွတဲ့-(မှန်ပါ)၊သဘော ပါပလား,....(ပါ,ပါပြီ)။

http://www.dhammadownload.com



အဲဒါကလေးတွေ ဒကာဒကာမတွေက ရှုလိုက်တဲ့အခါ ကျတော့ အပျက်မြင်တာသည် ဝိပဿနာမဂ်-(မှန်ပါ)၊အပျက် အဆုံးမြင်တာသည် လောကုတ္တရာမဂ်....(မှန်ပါ)၊ အပျက်မြင် တာသည်....(ဝိပဿနာမဂ်)၊ အပျက် အဆုံး မြင်တာသည်.... (လောကုတ္တရာမဂ်ပါဘုရား)၊ လောကုတ္တရာမဂ်ဆိုတာ သေချာ ပလား....(သေချာပါပြီ)၊ အဲဒီတော့ သုသိမကိုလဲ ဘုရားက ဘာယ်နှစ်ညက်ဟောစပူါလိမ့်....(နှစ်ညာက်ပါဘုရား)၊ ရဟန္တာကြီး တွေကလဲ.... (နှစ်ဉာဏ်ပါဘုရား)၊ နှစ်ဉာဏ်ပဲ–ဟောတယ်။

အဲဒီတော့ သုသိမ-က ဘုရားဟောတာလဲ မကျေနပ်သေး ဘူး....(မှန်ပါဘုရား)၊ မကျေနပ်တော့ နက်ဖြန် ကျတော့မှ သုသိမကို ရဟန္တာဖြစ်အောင် ဟောတဲ့တရား လာလိမ့်ဦးမယ် (မှန်ပါ)၊ သုသိမ ရဟန္တာ ဖြစ်ဦးမယ်....(မှန်ပါဘုရား)။

အဲဒီရဟန္တာ ဖြစ်ပြီးတော့မှ မင်း ကောင်းကင်ပျံနိုင်သ လား၊မြေလျှိုးနိုင်သလားဆိုတာ ဖွတ်မြီးနဲ့ ဖွတ်ချည်ပါလိမ့်ဦး မယ်....(မှန်ပါဘုရား)။

အဲဒါ....နက်ဖြန်မှနာကြ ယနေ့တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊
မန္တလေးမြို့၊ ဦးချစ်ဆွေဓမ္မာရုံ၌
ဟောကြားတော်မူသော
(တရားနာနည်း)

## (နိဗ္ဗာန်ရည်း တရားတော်)

(၉-၃-၆၁)

နားက ဘုန်းကြီးပြောတာကို နာပါလို့ သတိပေးလိုက်တယ်နော်....ဉာဏ်က ခန္ဓာကိုယ် လှည့်ကြပါလို့၊ ထပ်ပြီးသတိပေးလိုက်ရပြန်တယ်နော်....(မှန်ပါ)။

တရားကတော့ ဒကာဒကာမတွေ နားကဆောင်ရမှာပဲ၊ ဉာဏ်ကတော့ဖြင့်....(ခန္ဓာလှည့်ရပါမယ်)၊ ဉာဏ်ကတော့ဖြင့် ခန္ဓာလှည့်ရလိမ့်မယ်၊ ဘာကြောင့်တုံးလို့....ဆိုလို့ရှိယင် နားကတော့ဖြင့် ထောင်တဲ့ဘ်ရုံပဲရှိပါတယ်၊ နားက ကြားတတ်တဲ့ သတ္တိ မှတ်တတ်တဲ့သတ္တိ ဒါလောက်ပဲရှိပါတယ်တဲ့၊ ခန္ဓာသဲ

http://www.dhammadownload.com



ဘာဖြစ်နေတယ်ဆိုတဲ့ မြင်တတ်တဲ့သတ္တိကတော့ ဉာဏ်ကမှ မြင်တတ်တဲ့ သတ္တိရှိတယ်လို့မှတ်ထားပါနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ 'ဒေသနာဉာဏာနုသာရေန ဉာဏံပေသေန္တဿ ဉာဏုတ္တရဿဟောတိ' ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတဲ့ အခါကျတော့ တရားပွဲအဆုံးမှာ ဦးခင်မောင်တို့ ကျွတ်တမ်းဝင်ကြတယ်လို့ မပါ့ပါလားဗျာ....(ပါ-ပါတယ်ဘုရား)။

အဲဒါ.... ဘယ်လိုများနာလို့ ပါသွားပါလိမ့်မတုံး....လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးလို့ရှိယင်ဖြင့် ဦးဝ.... ဒီဟာ နားထောင်ကြည့်ပါနော်....(မှန်ပါ့)။

ဒေသနာဉာဏာနုသာရေန၊ ဘုရားဟောတော်မူတဲ့ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဉာဏံပေသေန္တဿ၊ နားကတော့ တရားနာတာပါပဲ၊ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲလွှတ်ပေးရမယ်-(မှန်ပါ့)၊ဉာဏ်ကဘယ်လွှတ်ပေးရမယ်-(ခန္ဓာကိုယ်ထဲ လွှတ်ပေးရပါမယ်)၊ ဉာဏ်က ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ လွှတ်ပေးကြပါလို့ ခင်ဗျားတို့ကို သတိပေးလိုက်တယ်....(မှန်လှပါဘုရား)။

အဲဒီလို ဖြစ်လာတဲ့အခါကျတော့မှ နားက နာပြီးသကာလ ဘုန်းကြီးဟောတဲ့တရား ဘုရားဟောတော်မူတဲ့ တရားတွေ နားကနာပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ်ပေးပါ-(မှန်ပါ့ဘုရား)၊ ဒါကြောင့် ဒေသနာဉာဏာနုသာရေန၊ ဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏံ၊ ဉာဏ်ကို၊ ပေသေန္တဿ၊ ခန္ဓာကိုယ်ထဲမှာလွှတ်သော ပုဂ္ဂိုလ်

http://www.dhammadownload.com



အား၊ ခန္ဓာကိုယ်ထဲ ဉာဏ်ကလေး လှည့်ပါနော်.... (မှန်ပါ ဘုရား)။

ဘာဖြစ်သွားမတုံး ဆိုတော့ ဉာဏ်တွာရသာ ဟောတိ၊ အမြတ်ဆုံး မဂ်ဉာဏ် ဖြစ်သွားလိမ့်မကွာ....(မှန်ပါ)၊ အမြတ်ဆုံး မဂ်ဉာဏ် ဖြစ်သွားတဲ့အခါကျတော့ တရားနာရင်း ကိုယ့်ဟာကိုယ် သောတာပန် ဖြစ်သွားမယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ....တယ်အဖိုးတန်ပါကလား.... (အဖိုးတန်ပါတယ်ဘုရား) အားလုံးဒကာဒကာမတွေ ဘုရားလက်ထက်က တရားနာနည်းနော်....(မှန်ပါ)၊ ဘုရားလက်ထက်က တရားနာနည်း ဦးဝတို့ ဂရုစိုက်ပါ။

ဒေသနာဉာဏာနုသာရေန၊ မြတ်စွာဘုရား ဟောတော်မူတဲ့ ဒေသနာ ဉာဏ်တွေကို ဒေသနာဉာဏ်တွေကို နားကထောင်ပြီးသကာလ ကြော်....ဒီလိုဟောနေပါကလား၊ ခန္ဓာကိုယ်ကြီး အကြောင်း ဒီလိုတောနေပါကလား....လို့ နားကထောင်ရမယ်နော်....(မှန်ပါ့ဘုရား)။

နားကထောင်ပြီး သကာလ ဉာဏ်ပေသေန္တသာ၊ ဉာဏ်၊ မိမိသန္တာန်ပါတဲ့ ဉာဏ်ကလေးကို။ ပေသေန္တသာ၊ ခန္ဓာကိုယ်ထဲမှာ လွှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လှည့်–(မှန်ပါ)။နားကဘာတဲ့–(တရားနာရပါမယ်)။ဉာဏ်ကဘာတဲ့-(ခန္ဓာကိုယ်လှည့်ရပါမယ်)။ ခန္ဓာကိုယ်လှည့်....(မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဒါ....ဘယ့်နှယ်ကြောင့် ဒီလောက် အရေးတကြီး ပြောနေပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့

http://www.dhammadownload.com



ဒီအချိန်မှာ သမ္မာဂိဗ္ဗညာဏတွေကလဲ ကောင်းတဲ့အချိန် ဖြစ်နေတော့ တရားနာရင်းနဲ့လဲ ဘုရား လက်ထက်က ဘယ်သူ သောတာပန် တည်တယ်၊ ဘယ်သူ သကဒါဂါမိ၊ ဘယ်သူ အနာဂါမိ၊ နန္ဒတို့များ ဟောလိုက်ရတာ ရဟန္တာကျအောင် တည်တာတွေရှိပြီးသကာလ နေတာ ဘယ့်နှယ်ကြောင့်ပါလိမ့် မတုံး ခေးမှာစုံးတဲ့ အတွက် ဩော်-သူတို့ တရားနာတာ နားက တရားကို နာပါတယ်၊ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လွှတ်လိုက်သောကြောင့်....(မှန်ပါဘုရား)၊ဉာဏ်က ခန္ဓာကိုယ်ထဲမှာ အရှုခိုင်းလိုက်သောကြောင့် ဉာဏ်တက်ပြီး သကာလ ထက်တဲ့ မဂ်ဉာဏ် ပေါ်လာတယ်လို့ ပြောတာပါ....(မှန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဒီတရားနာနည်းအတိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ ဒီအတိုင်း နာကြရလိမ့်နော် ....(မှန်ပါတယ်ဘုရား)၊ ဘယ်ဆရာတော်ဟောလို့ ဘယ်လိုပဲ နာနာ၊ ဘယ်မှာပဲနာနာ ဩော်-နားက တရားနာရမယ်၊ဉာဏ်က ခန္ဓာကိုယ်ထဲ စေလွှတ်ရမယ်....(မှန်ပါ)၊ဦးခေါင်းမောင် ဉာဏ်က ဘာတဲ့....(ခန္ဓာကိုယ်ထဲ စေလွှတ်ရပါမယ်ဘုရား)။

စေလွှတ်ဖန် များလာတော့ ဉာဏ်ထက်လာလိမ့်မယ် ....(မှန်ပါ)၊ အဲဒီ ဉာဏ်ထက်လာလို့ရှိယင်ဖြင့် ဒကာဒကာမတွေ အဲဒီထက်တဲ့ဉာဏ်က ပယ်လိုက်တဲ့ သောတာပတ္တိ၊ မဂ်ဉာဏ်က ပယ်လိုက်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသဆိုတဲ့ တရားတွေဟာ ပယ်ပြီးသား ဖြစ်သွားတယ်....(မှန်ပါ)၊

http://www.dhammadownload.com



ဩော်–ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ တရားနာနည်း နိုဿရည်းကို အခုဆရာဘုန်းကြီးက ပေးလိုက်ပြန်တော့ တရားနာရင်းကို ကိစ္စပြီးနိုင်တဲ့ သဘောတွေလဲ အဋ္ဌကထာဆရာက ရေးထားတဲ့အတွက် ဦးခင်မောင် .... ဒီနာနည်းကို လက်မလွှတ်ပါနဲ့-(မှန်ပါ့)၊ ဒကာသစ် -ဘာတဲ့တုံး-(ဒီနာနည်းလက်မလွှတ်ပါနဲ့)၊ ဦးဇံရင်တို့ နာနည်းပေမယ့် အရေးကြီးတယ်နော်-(ကြီးပါတယ်ဘုရား)။

နာနည်းပေမယ့် ဒကာ ဒကာမတို့၊ အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့)၊ တရားနာတာ ဘုန်းကြီးကပြောတယ်၊ ကုသိုလ်ဖြစ်ရုံကလေးမနာလိုက်ပါနဲ့.... (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါ.... (မှန်ပါ့)၊ ဦးခင်မောင် ဘယ်လို မှာသတုံး.... (ပဋိစ္စသမုပ္ပါဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်သည့်တိုင်အောင် နာလိုက်ပါ ဆိုတော့ နောက် အလုပ်နဲ့လဲ ပြပါလိမ့်မယ် ဒကာ ဒကာမတို့၊ ပဋိစ္စသမုပ္ပါဒ် ပြတ်ဆိုတဲ့ဥစ္စာက ပဋိစ္စသမုပ္ပါဒ်က "ဝေဒနာ ပစ္စယာ တဏှာ ... သမုဒယော ဟောတိ" ဆိုတာ ဦးခင်မောင် မပြတ်တာ.... (မှန်ပါ့-မပြတ်တာပါ)၊ မပြတ်တဲ့ ပါဠိတော်နော်....(မှန်ပါ့)။

"ဝေဒနာယ ... နိရောဓော ... ဟောတိ' ဆိုတာက ပြတ်လို့ နိဗ္ဗာန်ရောက်တာ ပြောတာ— (မှန်ပါ့)၊ အဲဒါကြောင့် ဒကာဒကာမတွေ နားက ဘာလုပ်

http://www.dhammadownload.com



ကြမယ်....(နာရမယ်ဘုရား)၊ နားကဖြင့် တဲရားပဲ၊ ဘုန်းကြီးဟောတဲ့ ဝိပဿနာတရားပဲ နာရမှာပဲ....(မှန်ပါ့)။

သို့သော် .... နံ့ရုံကလေးနဲ့ ပြီးသလားလို့ မေးတဲ့အခါကျတော့ ဓမ္မဿဝန ကုသိုလ်ကလေးနဲ့ ဒကာ ဒကာမတွေ နိဗ္ဗာန်မရောက်နိုင်သေးတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တော့ကို ဉာဏ်က ခန္ဓာထဲလွှက်လိုက်ဘော့ ဉာဏ်က ဝေဒနာရှတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာကို ဖြစ်ပျက်ရှုလိုက်၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်ဟာ စိတ်ကို ဖြစ်ပျက်ရှုပြီးသကာလ နာနေလိုက်တဲ့အခါကျတော့ ဟော....ဦးခင်မောင်တို့၊ ဦးဝတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်ပါရောလားဗျာ....(ပြတ်ပါတယ်ဘုရား)။

အဲဒါ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ စေလွှတ်လိုက်တဲ့ အတွက်နော်-(မှန်ပါ့)၊ဉာဏ်ကစေလွှတ်လိုက်တော့ ဝိပဿနာဉာဏ်က ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ထားလိုက်တော့ နောက် ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့ ဝိပဿနာဉာဏ်က ရင့်ကျက်လာပြန်တော့ ဉာဏ်ကလဲ ဒီခန္ဓာကိုယ်ထဲ လွှတ်လိုက်လို့ ရင့်ကျက်လာပြန်တော့လဲ ဉာဏုတ္တရဿ၊ ဉာဏ်သည်တဲ့။ ဥတ္တရဿ၊ အထူးသဖြင့် မြင်လာတယ်....(မှန်ပါ့)၊ ကြီးကျယ်လာတယ်၊ ထက်မြက်လာတယ်ဆိုတာပါပဲ....(မှန်ပါ့)။

အဲဒီဉာဏ်တွေ ထက်မြက်လာပြီဆိုဘော့ ဒကာဒကာမတို့ ခုနက ဖြစ်ပျက်တွေမမြင်ဘဲနဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်မြတ်ကြီး တစ်ခု ဖြစ်လာတယ်လို့ ဆိုတဲ့ဥစ္စာ ဦးခင်မောင်တို့၊ ဒကာဝတို့

http://www.dhammadownload.com



မှတ်မိပလား....(မှတ်မိပါပြီဘုရား)၊ဒါဖြင့် ပထမဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လွတ်တော့ကို မရင့်သေးဘူးပေါ့ဗျာ .... (မှန်ပါ့)၊ လွတ်ဖန်များလာခဲ့တော့ ဘယ့်နှယ်ဆိုကြမလဲ....(ရင့်လာပါတယ်ဘုရား)။

ရင့်လာတော့ မဂ်ဉာဏ်ဖြစ်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ကြီး ဘယ့်နှယ်နေပါလိမ့်-(ပြတ်ပါတယ်ဘုရား)၊ဟော-ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်ဆိုတော့ စာလို ပဋိစ္စသမုပ္ပါဒ်. ခန္ဓာလိုတော့ ဒကာဒကာမတို့ ဒုက္ခပြတ်တာပါလား....(မှန်ပါ့)။

ခန္ဓာလိုတော့ဘာတဲ့....(ဒုက္ခပြတ်တာပါဘုရား)၊ ခန္ဓာအလိုတော့ ဒုက္ခဖြတ်တာသိတော့ ဒုက္ခနိရောဓေါ နိဗ္ဗာန်-(မှန်ပါ့)၊ သဘောကျပလား- (ကျပါပြီ)၊ ''ဒုက္ခဿ အန္တံ ကရိဿတိ'' ဒုက္ခဿ၊ ဒုက္ခ၏၊ အန္တံ၊ အဆုံးကိုး ကရိဿတိ၊ ထက်တဲ့ဉာဏ်က မျက်မှောက်ပြုနိုင်၏လို့ သံယုတ် ပါဠိတော်ကြီး အရှဏဝဂ်သုတ်မှာ ဟောထားတော့ ခြေ-ဉာဏ်ထက်လာလို့ရှိယင်ဖြင့် ဒုက္ခအဆုံးမြင်တဲ့ဉာဏ်သာဘော့ ဒုက္ခကို မရှိတော့ပါကလားဆိုတာ ဒကာဒတို့၊ ဦးခင်မောင်တို့ ပေါ်လာကြပြီနော်-(ပေါ်လာပါပြီဘုရား)၊

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားလိနာကြပါ၊ ဘယ်မှာမဆို တရားနာကြပါ၊ နာပြီးသကာလ နာနည်းတော့ဖြင့် ဒီနည်းမပြောင်းပါနဲ့လို့ ဆတိပေးလိုက်ပါ

http://www.dhammadownload.com



တယ်-(မှန်ပါ)၊ နားက ဘာတဲ့-(တရားနာရမယ်)၊ဉာဏ်က (ခန္ဓာကိုယ်လှည့်ရပါမယ်)၊ လှည့်ဖန်များတော့ ဉာဏ်ဘာဖြစ်သလဲ-(တက်ပါတယ်ဘုရား)၊ ထက်လာလို့ရှိယင်ဖြင့် ဒီဉာဏ်သည် နိဗ္ဗာန်မျက်မှောက်ပြုပြီ- (မှန်ပါ)၊နိဗ္ဗာန်မျက်မှောက်ပြုယင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေသလဲ- (ပြတ်ပါတယ်)၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ ဟောတဲ့အတိုင်း....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊

အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊

ယတော ခယံ ပစ္စယာနံ အဝေဒီ....တဲ့။

ဩော်.... အကြေစင်းတရားတွေချုပ်သွားတာဖြင့် သိလိုက်ပါပြီဆိုတော့ ဒုက္ခအကြောင်းတွေ ချုပ်မသွားသေးဘူးလား (ချုပ်ပါတယ်)၊အဲ ...ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်-(နိဗ္ဗာန်ပါဘုရား)၊ဩော်....ဒါဖြင့် ဒကာဒကာမတို့၊ နားကဲဘုန်းကြီး တရားကိုနာပါ၊ ဉာဏ်က ခန္ဓာကိုယ်ထဲလှည့်ပါ၊လှည့်ဖန်များ၍ ဉာဏ်ထက်လာလို့ရှိယင် ဒုက္ခအဆုံး မြင်ပါတယ်.... (မှန်ပါ)။

သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့၊ အင်မတန်ကြားရ ကြုံရခဲတယ်၊ ကုသိုလ်ဖြစ်ရုံကလေး မနာလိုက်ပါနဲ့ ဆိုတာကလေးဟာ ကုသိုလ်ဖြစ်ယင်ပဲ ဘုန်းကြီးတို့က အများကြီးကျေနပ်ပါပြီ၊ အခုတော့ဖြင့် ဉာဏ်တွေကလဲ ထက်လာတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ ဆရာဘုန်းကြီးကလဲ နည်းပေးပြီးသကာလ ဘုရားကလဲ နည်းပေးထားပြီးရှိပြန်တော့ ဪ....တို့သည် သံသရာမရှည်ပါနဲ့တော့ဆိုပြီးသကာလ သံသရာပြတ်ချင်ခဲ့တော့ နားကတရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လှတ်....(မှန်ပါ့)။

နားက-(တရားနာ)၊ ဉာဏ်ကတော့- (ခန္ဓာကိုယ်လှတ်ရပါမယ်)၊ အဲ....ခန္ဓာကိုယ်ကြည့်လိုက်၊ကြည့်ဖန်များထင် ဒီဉာဏ်ဘာဖြစ်မယ်- (ထက်မြက်လာပါတယ်ဘုရား)၊ အဲ....ထက်မြက်လာလိမ့်မယ်၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ထက်မြက်လာသည်နဲ့၊ တစ်ပိုင်နက်တည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ 'ဉာဏုတ္တရသာ ဟောတိ' ဆိုတဲ့အတိုင်း ဉာဏ်ထက်မြက်လာပါရော၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မြင်ရပါပြီ-(မြင်ရပါပြီဘုရား)၊ အဲဒီတော့ အထူးတလည် ဆားထုတ်စရာရှိသေးသလား၊ ဒီနေရာမှာပဲ ကိုယ့်ပါရမီ ကိုယ့်ဉာဏ်စွမ်းအလိုက် ကိစ္စမပြီးနိုင်ပေဘူးလား.... (ပြီးပါတယ်ဘုရား)။

အဲ....ဒါကြောင့် ဘယ်နေရာပဲပြီးပြီး၊ အလွယ်နဲ့ ပြီးလဲအကောင်းဆုံးပါပဲ၊ပြီးဖို့ရာအရေးသာ ကျုပ်တို့ ကြီးပါတယ်-(မှန်ပါ့ဘုရား)၊ မောင်မြတို့ သဘောကျပလား-(ကျပါပြီ)၊ နားက ဘာလုပ်ကြမတုံးတော့.... (နားက ထောင်ရပါမယ်ဘုရား)။

နားက ခန္ဓာငါးပါး ဘုန်းကြီးဟောတဲ့ ဝေဒနာဖြစ်ပျက်၊ စိတ်ဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်တွေ သူဟောနေတာ နာတာပေါ့

http://www.dhammadownload.com



ဗျာ....(မှန်ပါ့ဘုရား)၊ဉာဏ်က မကြားဘူး ဒကာ ဒကာမတို့ရဲ့ ကြားတာက နားက ကြားတာ-(မှန်ပါ့)။

နားကကြားတဲ့တရားတွေကို ဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လှတ် ကြည့်ရမယ်-(မှန်ပါ့)၊ ဩော်....ကြားတဲ့အတိုင်း ကြားတာက ဖြစ်ပျက်တွေခန္ဓာကိုယ်ထဲမှာ သဗ္ဗေသင်္ခါရာ အနိစ္စရယ်၊အနိစ္စာ ဝတ သင်္ခါရာတွေသာ ရှိတယ်ဆိုတဲ့ဥစ္စာ နားက ကြားတောင် မှ ဉာဏ်က တကယ်ရှိ-မရှိ ခန္ဓာကိုယ်ထဲမှာ ဝေဖန်လှာတယ်— (မှန်ပါ့-ဝေဖန်ပါတယ်ဘုရား)။

ဝေဖန်လိုက်တဲ့အခါကျတော့ ဉာဏ်နဲ့ တွေ့သွားလိမ့်မယ် (မှန်ပါ့)၊ ဘယ်လိုပါလိမ့်....(ဉာဏ်နဲ့ တွေ့သွားပါလိမ့်မယ်)၊ ဉာဏ်နဲ့တွေ့သွားတဲ့အခါ ဟာ....ဒါဖြင့် ဖြစ်ပျက်နဲ့ ဝိပဿနာ မဂ်နဲ့ ကိုက်ပါပေါ့သွားဆိုပြီး ကြိုးစားပြီး သကာလ ဒကာ ဒကာမတွေ ထိုင်ရင်းရှုလိုက်တာပေါ့ဗျာ....(မှန်ပါ့)။

ရှုလိုက်တော့ ဒီဉာဏ်သည် ရှုဖန်များလာတော့ ခန္ဓာက ပသမတော့ ဖြစ်ပျက်တွေတာနည်းတယ်နော်-(မှန်ပါ့)၊နောက် ကျတော့ ဖြစ်ပျက်တွေက တစ်စပ်တည်းဖြစ်ပြီး မလာပေဘူး လား....(လာပါတယ်ဘုရား)။

အဲဒီကဲ့သို့လာတဲ့အခါကျတော့ဖြင့် ဦးခင်မှောင်တို့ ဒကာဝ တို့ ဉာဏ်ထက်လို့မှတ်ပေတော့....(မှန်ပါ့)၊ ဉာဏ်ထက်တော့ ဒီဉာဏ်သည်ကားလို့ ဆိုလို့ရှိယင် ဒကာ ဒကာမတို့ ဒီထက်

http://www.dhammadownload.com



ပိုထက်တဲ့အခါကျတော့ ဒါတွေ ဒုက္ခသစ္စာပဲလို့ ပိုင်းခြား ချလိုက်တော့ ဒုက္ခတွေ ချုပ်မသွားဘူးလား....(ချုပ်သွားပါ တယ်ဘုရား)၊ ဒုက္ခတွေ ချုပ်သွားလို့ရှိယင်ဖြင့် တဏှာချုပ်လို့ ဒုက္ခချုပ်တာပဲ-(မှန်ပါ)၊ဒိဋ္ဌိချုပ်လို့ (ဒုက္ခချုပ်တာပါဘုရား)၊ ဝိစိကိစ္ဆာချုပ်လို့ (ဒုက္ခချုပ်တာပါဘုရား)၊ အဲ....ဒုက္ခချုပ်တဲ့ ခုနက နိဗ္ဗာန် မဂ္ဂသ နိဗ္ဗာန် ဖလသ အာရမ္မဏ ပစ္စယေန ပစ္စယောဆိုတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပေါ်လာတယ်(မှန်ပါ)၊ မပေါ်လာပေဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲ....ဒါကြောင့် အင်မတန် ကံကောင်းအကြောင်းသင့်ပြီး သကာလ နေတဲ့အခါ တရားနာနည်း နိဿရည်းကိုလဲ ဒကာ ဒကာမတွေက အမှန်အကန်ရပြန်တော့၊ တို့သည်ကားလို့ ဆို လို့ရှိယင် ဆရာဘုန်းကြီးမေးလဲ ဖြေမကူ၊ သဘောကျပလား.... (ကျပါပြီ)၊ဉာဏ်နဲ့လဲ ခန္ဓာကိုယ်မေးတဲ့အခါ လှည့်နေမယ်ကွ (မှန်ပါ)၊ လှည့်ဖန်များယင် ဉာဏ်ဘာဖြစ်မလဲ.... (ထက်လာ မယ်)၊ ထက်လာလို့ရှိယင် ခန္ဓာပဋိစ္စသမုပ္ပါဒ် ဘာဖြစ်မလဲ .... (ပြတ်ပါတယ်ဘုရား)၊ ပြတ်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)၊

ဒါကြောင့် ယနေ့ ထူးထူးလည်လည်ပဲ ဒီဒကာ ဒကာမ တွေ တရားနာနည်း နိဿရည်း ပြောရပါတယ် ဆိုတာကော သဘောကျပသလား....(ကျပါပြီ)၊ ကောင်းပြီ၊ ဒီဥစ္စာဘယ်မှာ လာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့၊ အနာထပိဏ် သူဌေးကြီးရဲ့သား 'ကာလ'ဆိုတာ ကြားဖူးတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်လဲ ကြားဖူးကြပါပြီ ဦးခင်မောင်....(မှန်ပါ)၊ အနာထပိဏ် သူဌေးကြီးရဲ့သား ဘယ်သူပါလိမ့်.... (ကာလ,ပါဘုရား)။

အေး....ကာလဆိုတဲ့သား ရှိတယ်နော်၊ ဒါကလေး နည်းနည်း နားထောင်ပါဦး၊ ပြီးတော့မှ သုသိမကို ပြောတာပေါ့....(မှန်ပါ)၊ ဒကာ ဒကာမတို့၊ အနာထပိဏ်သူဌေးကြီးရဲ့ သား ဘယ်သူပါလိမ့်....(ကာလ,ပါဘုရား)၊

အေး....ကာလ, ကာလနော်.... (မှန်ပါ)၊ အနာထပိဏ် သူဌေးကြီးကတော့ သောတာပန် တည်ပြီးသကာလ နေတော့တယ် ဦးခင်မောင်ရေ....(မှန်လှပါဘုရား)၊ သူ့သားက တေလေဖြစ်နေတယ်·(မှန်လှပါ)၊ သူက သောတာပန်၊သားက ဘာတုံး....(တေလေပါဘုရား)။

အင်း....အဖေက သောတာပန်၊ သားက တေလေဖြစ်နေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ရင်သွေးဖြစ်တဲ့ သားကို ဘယ်နည်းနဲ့မှ အပါယ်သွားတာ မကြည့်နိုင်ဘူး.... (မှန်ပါ)။

အပါယ်သွားတာ မကြည့်နိုင်တာနဲ့ကွာ ကာလဘို့များ မိုက်လိုက်တာ၊ တစ်နေ့မှာ ငါ့မှာ သံဃာငါးရာ နေ့တိုင်း ဖျာတွေခင်း၊ ယာဂုတွေကပ်၊ ဆွမ်းချိန်ဆွမ်းကပ်လို့ ဒီလောက် သာသနာတော်ကြီး ငါ ချီးမြှောက်ပြီးသကာလ နေတာ ကူဖော်လောင်ဖော်မရ၊ တရားနာဖော်မရ၊ နေ့တိုင်း အနုမောဒနာ ပြုတာလဲ ဒီအိမ်ဒေါပါမှာ ဒီတိုက်ပေါ်မှာ ဒါလဲ အနုမောဒနာ ပြုဖော်မရဘူး။

http://www.dhammadownload.com



ငါ့ရှေ့တွင် ဒီအကောင် အပါယ်သွားတာတော့ ငါသည် အဖဖြစ်ပြီး မေတ္တာကရုဏာတွေက များလွန်းလို့ သူ့ကိုဖြင့် မကြည့်နိုင်ဘူးဆိုပြီး သကာလ လောကကြီး၌ ငွေနှင့် ဖြားယောင်းလို့ရှိယင်ဖြင့် မရတဲ့ပုဂ္ဂိုလ်တော့ ရှားပါတယ်ဆိုပြီး သကာလ ဦးဝရေ ငွေနဲ့ဖြားယောင်းတယ်ခနော်.... (မှန်လှပါဘုရား)၊ ဘာနဲ့ ဖြားယောင်းသလဲ....(ငွေနဲ့ ဖြားယောင်းပါတယ် ဘုရား)။

ငွေနဲ့ဖြားယောင်းရပြန်တယ်၊ ကာလရေ.... အနာထပိဏ် သူဌေးကြီးက ခေါ်လိုက်တယ်၊ လာစမ်းပါဦးကွာ၊ မင်းကွာ ဘုရားကျောင်းတော်မှာ ငါ ကျောင်းဒါယကာလဲ ဖြစ်နေတယ်။

အဲဒီဘုရားကျောင်းမှာ မင်းနဲ့လဲ အင်မတန်အကျွမ်းဝင်တဲ့ သံဃာတွေဟာ အကုန်ရှိနေတာပဲ တစ်နေ့တစ်လေမျှ ကျောင်းသွားပြီး ဥပုသ်စောင့်လို့ရှိယင်ကွာ .... အဖလုပ်တဲ့ ပုဂ္ဂိုလ်က မုန့်ဖိုးတစ်ရာပေးမယော့....(မှန်လှပါဘုရား)၊ ဘယ်လောက် ပေးပါလိမ့်....(တစ်ရာပါဘုရား)။

အဟုတ်လားလို့၊ တစ်ရာဆိုပေးမယ့် ရှေးငွေကတော့ ဦးခင်မောင် အဖိုးတန်တယ်နော်-(မှန်ပါဘုရား)၊ အခုတစ်ရာမျိုးနဲ့ သွားမတွက်နဲ့၊ ရှေးငွေက အဖိုးတန်တယ်လို့ မှတ်ထားပါ....(မှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီကဲ့သို့ တစ်ရာပေးမယ်ဆိုတော့ အဟုတ်လားလို့ မေးတယ်၊ဟုတ်ပါတယ်ကွ၊ ငါက ဘယ်လိမ်လိမ့်မတုံး၊သောတာပန်က ဘယ်လိမ်လိမ့်မတုံး ဦးခင်ဝီမောင်-(မှန်လှပါဘုရား)၊ဦးဝလိမ်ပါ့မလား-(မလိမ်ပါဘုရား)။

အဲ-မလိမ်တာနဲ့ ငါမလိမ်ပါဘူးကွ၊ မင်း တစ်နေ့တည်း ဥပုသ်စောင့်၊ ပြန်လာလို့ရှိယင် သေသေချာချာ ငွေတစ်ရာ ပေးပါ့မယ်ဆိုတော့ ကဲ-ကောင်းပြီ၊ ကျုပ် ဥပုသ်သွားစောင့်မယ်ဆိုပြီး သကာလ ဘုရားကျောင်းတော် အနာထပိဏ် သူဌေးဆောက်တဲ့ ကျောင်းမှာပဲ သွားလိုက်တယ်၊ သွားပြီး သကာလ ဥပုသ်စောင့်သလိုလို ဘာလိုလိုနဲ့ ဒကာဝ,ရေ-ကျောင်းမှာ အိပ်ပြီး ပြန်ခဲ့တာပေါ့-(မှန်လှပါဘုရား)။

သူက ငွေတစ်ရာလိုချင်လို့ သွားတာကိုး-(မှန်လှပါ)၊ ငွေတစ်ရာလိုချင်လို့ သွားတာဖြစ်ပြီးသကာလ နေတော့ သူသည် ငွေရဖို့ပဲ ဒကာသစ်တို့ အရေးကြီးနေတယ် .... (မှန်လှပါဘုရား)။

သီလဆောက်တည်ဖို့ သူ့အရေး ဟုတ်ပါရဲ့လား-(မဟုတ်ပါဘုရား)၊ ငွေရဖို့အရေးက သူ့အရေးပေါ့ဗျာ ...(မှန်လှပါဘုရား)။

အဲဒီလိုနဲ့ပဲ သူသွားပြီး ဆောက်တည်ပြီးသကာလ တစ်ည အိပ်တယ် ကျောင်းမှာ၊ မနက်ကျတော့ ဘုရားနဲ့ထကွ သံဃာ ငါးရာကလဲ အိမ်ကြွလာတဲ့အခါ သူက နောက်ကနေပြီး လိုက်လာတာပေါ့ဗျာ....(မှန်ပါဘုရား)။

http://www.dhammadownload.com



အဖလုပ်တဲ့ပုဂ္ဂိုလ်က အိမ်ပြတင်းပေါက်ကနေပြီး ထွက်ပြီး ကြည့်လိုက်တယ်၊ ဩော်....ငါ့သားဖြင့် ညစာတောင် မစားဘဲနဲ့ ဥပုသ်စောင့်လာတဲ့ဉစ္စာ သူ့အစေခံတွေကို ယာဂုတို့၊ ဘာတို့ ပြင်ထားကြပါကွာ....

ကာလဟာ ဥပုသ်စောင့်လာတယ်ဟေ့လို့ဆိုပြီးသကာလ ဘုရားနဲ့ တကွ အိမ်ပေါ်တက်လာပြီး သကာလ ဘုရားကို ဆွမ်းတွေဘာတွေ၊ ယာဂုတွေကာပ်၊ သံဃာတော်တွေကမ်၊ ကာလကလဲ အစေခံတွေပြောထားလို့ သူလဲဆာလာတယ်ကွ၊ မှင်းတို့က မြန်မြန် ပြင်ပြီး ဆင်ပြီး ကျွေးကြ၊ မွေးကြကွ.... ဆိုတော့ ဦးခင်မောင် ဘုရားနဲ့သံဃာတွေကတော့ ဘုဉ်းပေးနေပြီ၊ ကာလကဲ ဇွန်းတောင်မကိုင်ဘူးတဲ့၊ ယာဂုသောက်ဖို့.... (မှန်လှပါဘုရား)၊

ဘာဖြစ်လို့မကိုင်သတုံး မေးတဲ့အခါကျတော့ ငွေမရယင် မသောက်ဘူးကွ....တဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီ)၊ဘာဖြစ်တာပါလိမ့်—(ငွေမရလို့ မသောက်တာပါ)၊ ငွေမရမသောက်ဘူး ဆိုတော့ ဒဏာသစ် သေချာပြီဗျ....(မှန်ပါ)၊ဘယ်လိုသေချာသတုံး.... (ငွေမရ မသောက်ပါ)၊ ငွေမရယင် မသောက်ဘူး ဆိုတော့ ဦးခင်မောင် အခက်ကြီးပါလားဗျာဟာင်.... (မှန်ပါဘုရား)၊

အဲဒီလိုဖြစ်ပြီးသကာလနေတော့ အနာထပိဏ် သူဌေးကြီးကလဲ ဆွမ်းတွေ၊ဆန်ပြုတ်တွေ အမျိုးမျိုးအဖုံဖုံကြိုက်ထဲတ်ရာရာ

http://www.dhammadownload.com



တွေမှာ သူ့မှာ သူဋ္ဌေးဖြစ်လို့ အကုန် အစုံအလင် ကပ်ပြီး သဘောလ သူ့သားဆီ လာရှာတာပေါ့၊ သမုဒယတော့ ဒကာ ဒကာမတို့၊ သောတာပန်ပေမယ့် ဒိဋ္ဌိဝိစိကိစ္ဆာသာ ပယ်သေးတာကိုး....(မှန်လှပါ)။

သမုဒယ ၃-ပိုင်း ၁-ပိုင်းသာဆိုတော့ ၄-ပိုင်း ၃-ပိုင်းက ကျန်သေးတယ်....(မှန်ပါဘုရား)။

ကဲ....ဒါနဲ့ သူ့သားဆီလာတယ်၊ ဟော့....ထာလှဲ၊ မင်း မနေ့ညက ဥပုသ်စောင့်တယ်၊ ထမင်းအလဲ ဆာလှမှာပေါ့။ ယာဂုကိုသောက်ပါလား၊ ဟာ....မသောက်ဘူးဗျာ....။

ဟာ....ဘယ့်နှယ်ကြောင့် မသောက်တာတုံး....တဲ့၊ အို....ငွေ တစ်ရာပေးမှယ်ဆိုတဲ့ဥစ္စာ ငွေတစ်ရာရမှ သောက်မယ်၊ အံမာ လေးဗျာ....ယာဂုသောက်ဖို့ကို ငွေတစ်ရာပေးရဦးမယ်တဲ့ .... (မှန်ပါဘုရား)။

ဒကာဒကာမတို့ လွယ်ရဲ့လား-(မလွယ်ပါဘုရား)၊ သဒ္ဓါ ဆိုတာ ပါရဲ့လား....(မပါ-ပါဘုရား)။

အဲဒီတော့ သဒ္ဓါဆိုတာ မပါဘဲဖြစ်ပြီးသကာလနေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဦးခင်မောင် ကြည့်မနေနိုင်ဘူး ပေါ့....(မှန်ပါဘုရား)။

ဒါနဲ့ ငွေတစ်ရာယူပြီးဗီနားချတော့မှ၊ သူ့ကို ပေးတော့မှ အဲဒကာဒကာမတို့ ခုနကပြောတဲ့ ယာဂုကို သောက်ပါတယ်.... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တကယ် သဒ္ဓါတရား ပါရှဲသားမေးယင် ဘယ့်နှယ် ပြောမလဲ-(မပါ-ပါဘုရား)၊ မပါ-ပါဘူး၊ သို့သော်....အဖေ လုပ်တဲ့ပုဂ္ဂိုလ်မို့ ယဉ်းသွင်းရတဲ့ အမိပ္ပာယ်ပေါ့ဗျာ....(မှန်ပါ ဘုရား)။

ခင်ဗျားတို့ သားသမီးတွေလဲ ဒီလိုပဲ၊ဟ....သုံးသာတောင်ဘွဲ့ ဝတ်ချကြဟ၊ ဟ....ဆွမ်း-ကွမ်း ကမ်ချေပါဟ၊ ဟ....ကျောင်း သွား ဘာကလေးပို့ချေပါဟ....အစရှိသည်နဲ့ ဒီလိုယဉ်းသွင်း ရှာတာပဲ....။

ဒါနဲ့ ငွေတစ်ရာရတော့မှ ယာဂုသောက်ပြီးသကာလ ဒီနားမလာပါဘူး၊ သူ့ဟာသူ ငွေတစ်ရာ သုံးဖြုန်းပြီးသကာ လ ဦးခင်မောင် ကုန်တာပဲ....(မှန်လှပါဘုရား)။

ဒါနဲ့ ငွေတစ်ရာနဲ့ ကျောင်းတော့ တစ်ခေါက်သွားဖော်ရပြီ ကွဘော်ပြီ၊ဒီအကောင့်နောက် ၄-၅ ရက် နေတဲ့အခါကျတော့ ကာလ-လာပါဦးကွ၊ ငွေနဲ့ မြားယောင်းလို့ရမှန်း သိပြီ၊ ကျောင်းသွားလို့ပေါ့ဗျာ....(မှန်ပါ)။

ကျောင်းသွားတယ်ဆိုကတည်းက နည်းနည်းတော့ အဖိုး တန်လာပြီ....(မှန်ပါဘုရား)။

ဒါနဲ့ ကာလရေ....ဒီတစ်ခါတော့ကွာ တစ်ထောင်ဟ.... ဈေးဘက်သွားတယ်၊ဒီတစ်ခါတော့ ကျောင်းသွားပြီး တရား ကလေး တစ်ပုဒ်ဘည်းမှတ်၊ မှတ်သို့ရှိယင် တစ်ထောင်ပေးမယ် ကွတဲ့....(မှန်လှပါဘုရား)။

http://www.dhammadownload.com



ဟုတ်ပါ့မလားတဲ့....တဲ့၊ အို...မင်းနှယ် အရင်တစ်ရာတုန်းက သေချာပြီးသားပဲ၊ မင်းဟုတ်ပါ့မလားလို့ မေးမနေနဲ့တော့ သွားသာသွား၊ တရားတစ်ပုဒ်တည်းမှတ်မိလို့ရှိယင်တစ်ထောင်၊ ဂါထာ ၄-ပါဒရှိတဲ့အနက်က ရှစ်လုံးလောက် မှတ်မိယင်ပဲ သူက တစ်ထောင်ပေးတော့မယ်....(မှန်ပါ့ဘုရား)။

အဲ....ဒါနဲ့ အခုငွေတွေကလဲ သူဟာ ရတာသိနေတာနဲ့ ခိုတစ်ခါတော့ သွားမှပဲ၊ ငွေတစ်ထောင်ဆိုတော့ နည်းတာ မဟုတ်ဘူးဆိုပြီးသကာလ ဒကာဒကာမတို့၊ ငွေတစ်ထောင် ပေးပြီး ကျောင်းတော်သွား၍ တရားနာခိုင်းလိုက်တယ်၊ ဥပုသ်စောင့်ပြီး တရားနာခဲ့ကွတဲ့။

ခိုတော့ ဘုရားတရားကို နာရှာတာပဲ၊ နားက နာလိုက်၊ ဉာဏ်က ခန္ဓာကိုယ်ထဲမလှဘ်တော့ ပျောက်ပျောက်သွားတယ် (မှန်ပါ့ဘုရား)။

နားကတော့-(နာပါတယ်ဘုရား)၊ ဉာဏ်က ခန္ဓာကိုယ်ထဲ မလှဘ်တော့.... (ပျောက်ပျောက်သွားတယ်)၊ မဖြစ်သေးပါ ဘူး၊ ငါ့မှာ မှတ်မိမှ တစ်ထောင်ရမှာ....ခွကျနေတာက ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုမှ တစ်ထောင်ရမှာတုံး.... (မှတ်မိမှ တစ်ထောင်ရ မှာပါ)၊ မှတ်မိမှ တစ်ထောင်ရမှာဖြစ်နေတော့ ဒကာဒကာမ တို့၊ ဒီအတိုင်းမှတ်မိလို့တော့ မဖြစ်တော့ဘူး နားကတွင်မှတ် လို့တော့မဖြစ်ဘူး၊ ခန္ဓာထဲမှတ်မှ ရမှာ.... ပေါ်သာတယ်... (မှန်ပါ)။

http://www.dhammadownload.com



ဒကာဒကာမတို့၊ ဘယ်လိုမှတ်ရမှာတုံး.... (ခန္ဓာထဲမှတ်မှ ရမှာပေါ့ဘုရား)။

အေး-ခင်ဗျားတို့လဲ ကာလအမျိုးတွေမို့ ဟောနေရတယ် နော်....ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ခင်ဗျားတို့လဲ တော်တော်ကြာ အိမ်ကျတော့ ဘုန်းကြီး ဘာဟောလိုက်ပါလိမ့်၊ အို....ခလုတ်တိုက်တာနဲ့ မေ့လိုမေ့၊ စိတ်ကရှုပ်တာနဲ့ မေ့လိုမေ့၊ ဒကာဒကာမတို့၊ ကိုယ်နဲ့ကာလနဲ့ ဇတူတူပဲ မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒါကြောင့်....တဲ့၊ ဒီလိုလဲမဖြစ်ကြပါစေနဲ့ဆိုပြီးသကာလ ခုနက စကတည်းက "ဒေသနာ ဉာဏာ နုသာရေန ဉာဏံ ပေသေန္တဿ ဉာဏုတ္တရဿ ဟောတိ" ဆိုပြီး သကာလ ဒီ အဋ္ဌကထာပါဠိကို ဦးခင်မောင်ရေ.... ကိုးကားပြီး ဒီ-ဝတ္ထု ထုတ်ခဲ့ရတယ်နော်....(မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားက သဗ္ဗေ သင်္ခါရာ အနိစ္စတွေ ဟောလိုက်။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတွေ ဟောလိုက်၊ ကာလ နားကတော့ ကြားပါရဲ့၊ ဘယ်ဟာ အနိစ္စ၊ ဘယ်ဟာ ဒုက္ခရယ်လို့ သူမသိဘူး (မှန်ပါ့ဘုရား)။

ဒါနဲ့ မဖြစ်ပါဘူးဆိုပြီးသကာလ မောင်မြရေ ခန္ဓာကိုယ်ထဲ လှည့်လိုက်တယ်၊ ခန္ဓာကိုယ်ထဲ လှည့်လိုက်တော့ ခန္ဓာကိုယ်က ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ပျက်စီးနေတာကလေးမြင်တော့ ဩော် ဒါ....အနိစ္စပါတလား....ဩော်.... ဒါ-ဒုက္ခပါကလား ဩော်—

http://www.dhammadownload.com



ဒါ....အနတ္တပဲဆိုတော့ ဩော်-အနိစ္စ၊ဒုက္ခ၊အနတ္တ ဟောတာ ဒီပြင် ဘာမှမဟုတ်တော့ဘူး....(မှန်ပါ)။

ဒီလို သူနာတာပါဗျာ.... (မှန်ပါဘုရား)၊ ဘယ်ကြည့် နာပါလိမ့်- (ခန္ဓာကြည့် နာပါတယ်ဘုရား)။

ခန္ဓာကြည့်နာရင်းနဲ့ ဒုက္ခ ဒုက္ခမတို့ ညဏ်က ခုနက ပြောသလို 'ညာဏုတ္တရသာ ဟောတိ'ဆိုတဲ့အတိုင်း ညဏ်က အလွန်ကြီးကျယ် မြင့်မြတ်တဲ့ညဏ်ကြီးဖြစ်လာတယ်.... (မှန်ပါ ဘုရား)။

ညဏ်ကြီး ဖြစ်ပြီးသကာလ ဦးခင်မောင်....နာရင်း မတ္တ ခန္ဓာကိုယ်ထဲ ညဏ်လွတ်လိုက်တာ သောတာပန် တည်သွား တယ်....(မှန်ပါဘုရား)။

ဒုက္ခဒုက္ခမတို့၊ ဘာဖြစ်သွားသလဲ....(သောတာပန်တည် သွားပါတယ်ဘုရား)၊ အဲဒါ ဓမ္မပဒမှာ လာပါတယ် ဒုက္ခ ဒုက္ခမတို့နေ့ဩ....ဒါ- ဘယ့်နှယ်ကြောင့်တုံး နာနည်းမှန်လို့ ပေါ့....(မှန်ပါဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ အမိအဖဆွေမျိုး၊ညာတကာ ညီအစ်ကို မောင်နှမတွေ ဖြစ်နေတော့ နာနည်းမှန်ဖို့ကလဲ အရေးကြီး သေးတယ်....(မှန်ပါဘုရား)။

ဦးစရေ-ဘယ့်နှယ်တုံး.... (နာနည်းမှန်ဖို့ အရေးကြီးပါ တယ်ဘုရား)၊ အားလုံး ဒုက္ခဒုက္ခမတွေ စသသေချာချာ မှတ်ပါ ကာလ တရားနာနည်းကို အခုပြောတာ....(မှန်ပါ)၊

http://www.dhammadownload.com



ဘယ်သူ့ တရားနာနည်းပါလိမ့်.... (ကာလတရားနာနည်းပါ ဘုရား)၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ ဗြော်...နားက တရားနာရပါလား၊ နာတဲ့တရားကို ဉာဏ် က ခန္ဓာထဲမှာ စေလွှတ်ရမယ်....(မှန်ပါ့)။

ထိုသို့လွှတ်လိုက်တဲ့အခါကျတော့ နားကနာတဲ့ မှတ်သား မှုနဲ့ ဉာဏ်အမြင်နဲ့ သွားကိုက်ရမယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ....နားက.... (နားက မှတ်သားမှုနဲ့ ဉာဏ် အမြင်နဲ့သွားကိုက်ရပါမယ်ဘုရား)၊ ဘာ့ကြောင့်တုံးဆိုတော့ နားက ပဉ္စဒွါရ ဖြစ်နေတော့ နိဗ္ဗာန် မရောက်နိုင်ဘူး .... (မှန်လှပါ)။

ဉာဏ်က မနောဒွါရဖြစ်ပြီးသကာလ နေတော့ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ မဂ်ဉာဏ် ဖြစ်နိုင်တယ် .... (မှန်ပါ့ဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဗြော်-ဒီတရားဟာ ခုနက သုသိမ ဟောသလို နာနည်း ဟောတာ အတော် အရေးကြီးပါကလား ဆိုတာ ခင်ဗျားတို့ တစ်ပွဲလုံးမှတ်ပါ....(မှန်လှပါဘုရား)၊ အရေးမကြီး ဘူးလား....(ကြီးပါတယ်ဘုရား)။

နို့ မဟုတ်လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ဗြော်....တရားကို ဘုန်းကြီးက ပြောလဲ ပြောရှာတယ် .... ကောင်းလဲကောင်းပါတယ်၊ ကျင့်ဖို့လဲကောင်းပါတယ်၊ ကျုပ် တို့က မလုပ်နိုင်ဘူး၊ ဒါနဲ့ ပြန်ပြေးတာပဲ.... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တရားက ကောင်းလဲ ကောင်းပါပေတယ်၊ မှန်လဲ- မှန်ပါပေတယ်၊ ကိုယ်က မဘတ်နိုင်တာက ခက်တယ်၊ ဒါနဲ့ အားမထုတ်ဘူး၊ ပြန်တာပဲ သူကတော့....(မှန်ပါ)၊ခန္ဓာမှ မဟုတ်ဘဲ ကိုးဗျ....(မှန်ပါဘုရား)။

အခုတော့ဖြင့် ဒကာ ဒကာမတွေက ကြွေးကိုမထားပါနဲ့ တော့ဆိုတာ ပေါ်လာကြပလား .... (ပေါ်လာပါပြီဘုရား)၊ တရားနာရင်း နားကဘာတုံး.... (နားကနားထောင်ရပါမယ်)၊ အဲ....ဉာဏ်က ဘယ်လွှတ်ပါလိမ့်....(ခန္ဓာလွှတ်ပါတယ်ဘုရား)၊ အဲ အလုပ်ပါသွားပြီ၊ အလုပ်ပါသွားပြီ....(မှန်ပါ)။

ဒကာ ဒကာမတို့၊ အိမ်ကျမှ ခလုတ်တိုက်ပြီး ဘုန်းကြီးတရား အဖြုန်းတီးတော့ မခံနိုင်ဘူး ခင်ဗျားတို့.... (မှန်ပါ)။ ရိပ်မိပလား -(ရိပ်မိပါပြီဘုရား)။

သေးသေးချိန် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဆည်းပူးလို့ ရတဲ့ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့ တရားကို သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် ခလုတ်တိုက်တာနဲ့ ပျောက်ရမယ်ဆိုတော့ ဦးခင်မောင်....အင်မတန် မနာဘူးလားဗျာ.... (နာပါတယ်ဘုရား)။

အဲဒီတော့ အကြွေးတော့မပေးနိုင်ဘူး၊ လက်ငင်းပဲ ယူကြပေတော့....(မှန်ပါဘုရား)၊ရိပ်မိပလား....(ရိပ်မိပါပြီ)၊ဘာတဲ့တုံး....(အကြွေးတော့မပေးနိုင်ဘူး၊ လက်ငင်းပဲ ယူရပါမယ်)၊ လက်ငင်းကို ယူသွားမှ ဒကာဒကာမတို့၊ လက်ငင်း ဆိုတာကွ

http://www.dhammadownload.com



နှာသီးကဲ ဘာလုပ်ရမယ်....(နာရပါမယ်)၊ဉာဏ်က ခန္ဓာကိုယ်ထဲကို....(လွှတ်ရပါမယ်ဘုရား)။

လွှတ်ဖန်များလာရင် ဘာဖြစ်မယ် .... (ထက်ပါတယ်ဘုရား)။ အဲ့....တစ်နာရီအတွင်း လွှတ်လိုက်ရတဲ့ဉာဏ်သည်....တဲ့၊ အများကြီးထက်လိမ့်မယ်ဆိုတာ ဦးခင်မောင် ပေါ်လာရောပေါ့ဗျာ-(ပေါ်ပါတယ်ဘုရား)၊ မခပေါ်လာခဲ့ပဘူးလား-(ပေါ်လာပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်တော့ ခင်ဗျားတို့က စနေ၊အင်္ဂါတွေက သိပ်ရွှေ့တယ်၊ ဘယ်နေ့ကျမှ၊ ရက်ကလဲ မကောင်းသေးဘူး၊ ပြဿဒါးက စနေတယ်၊ ဘယ်နေ့ကျမှ၊ တရားအားထုတ်တာတောင် ပြဿဒါး ရွေးနေလို့မဖြစ်ပါဘူး....(မှန်လှပါဘုရား)။

တချို့ ဒကာဒကာမတွေက အခုတော့ အလကားနေဦးမယ်၊ တန်ခူးလလောက်မှ အို....ဖြစ်မှဖြစ်ရပလေ....(မှန်ပါ)၊ တန်ခူးလ သင်္ကြန်ကျတာနဲ့ ခင်ဗျားတို့က သင်္ကြန် မကျခင် သေနိုင်တဲ့ဥစ္စာ၊ ဒါလဲကြည့်တာမဟုတ်ဘူး။ သင်္ကြန်စောင့်ချင်စောင့်နေတာ-(မှန်ပါဘုရား)၊ အင်မတန်မဆိုးရွားဘူးလား....(ဆိုးရွားပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သဿတဒိဋ္ဌိ ကလဲ ရှိတယ် ဦးခင်မောင် .... (မှန်ပါဘုရား)၊ သင်္ကြန်ကျအောင် ကိုယ့်ခန္ဓာကိုယ်ကြီး ခိုင်တယ်၊ မြဲတယ်လို့ မယူလိုက်ဘူးလား....(ယူလိုက်ပါတယ်ဘုရား)၊ အဲဒါ ဘာဒိဋ္ဌိပါလိမ့်....(သဿတဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



ကြြော်....ခင်ဗျားတို့ ပြောတာဘော့ ဝမ်းသာရမလိုလို နဲ့ ဝမ်းထဲက ဒိဋ္ဌိ ကသဲ အပါယ်ချနေပါကလား .... (မှန်ပါ ဘုရား)။

ကြော်....တပည့်တော်တို့ သကြန်ကျယင် ဘုရာ့၊ ဟော.... သကြန်သိုးရက်၊ အစွန်းကလေးနဲ့ ထည့်လိုက်ဦးမယ်၊ အကြို ရက်နဲ့....(မှန်ပါ)၊ နောက်ကျတဲ့အခါကျတော့ သိကြားမင်း ကောင်းကင် တက်သွားတဲ့ နောက်တောင်မှ လိုက်ပို့ရတဲ့ တစ်ရက်နဲ့ ဘယ်နှစ်ရက် ကျသွားသလဲ၊ ငါးရက်....(မှန်ပါ)။

အဲဒီကျယင်ဘော့ သေသေချာချာ ကြိုးစားမယ်၊ ဆိုင်တွေ ဘာတွေ ပိတ်ပြီးသကြာလ ဦးခင်မောင် .... မသာဘူးလား.... (လာပါတယ်ဘုရား)။

သကြန်ကလဲ အဝေးကြီး ကျန်သေးတယ်၊ အဝေးကြီး ကျန်သေးတယ်....(မှန်ပါ)၊ မကျန်ဘူးလား ဗကာဒ်ကာမတို့- (ကျန်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ကြီးက အဲဒီကျအောင်ပဲ ခိုင်ပါတယ်၊ တည်တံ့ ပါမယ်လို့ တာဝန်ခံ ပေးထားသလား .... (မပေးထားပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အသင်နဲ့ ခန္ဓာဖြစ်စဉ်နဲ့ တခြားစီ.... (တခြားစီပါဘုရား)၊ ခင်ဗျားတို့ အသင်နဲ့.... (ခန္ဓာဖြစ်စဉ်နဲ့ တခြားစီပါဘုရား)။

အဲဒါ တခြားစီကိုလဲ မရိပ်မိတော့ ထင်ရာပြောနေတာပဲ- (မှန်ပါဘုရား)၊ ဦးခင်မောင်ကြီးတို့ ပြောမိသလား....(ပြောမိ

http://www.dhammadownload.com



ပါတယ်ဘုရား)၊ ဟာ....ခင်ဗျားတို့က စပြောယင် တစ်ပွဲလုံးပဲဗျာ၊ ဒီအတိုင်းကျနေတာပဲ....(မှန်ပါ)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ဒီအပြောတွေဟာ ဘယ်က လာသလဲဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ၊သဿတဒိဋ္ဌိက လာပါတယ်ဘုရား)။

အေး....သဿတဒိဋ္ဌိက သကြိန်ရက်ကျအောင် ဒီခန္ဓာကိုယ်ကြီးဟာ ခိုင်တယ်၊မြဲတယ်၊ တည်တံ့တယ်ဆိုတဲ့ ဒိဋ္ဌိပါ့မပါ-(ပါ့ပါတယ်ဘုရား)၊ ပါတော့ ဒါ ဘာဒိဋ္ဌိ ဆိုကြမလဲ....(သဿတဒိဋ္ဌိပါဘုရား)။

ဩော် .... ခင်ဗျားတို့ မသိတဲ့၊ ဒကာဒကာမတွေ မသိတဲ့ အခေါ်ကြီး ခေါ်လိုက်ကြတာ၊ ဩော်....ငါ့မြေးကလေးတွေ တော်လိုက်ကြတာ သကြိန်တွင်း ကြိုးစားမလို့တဲ့....(မှန်ပါ)။

ဦးခင်မောင် ဒီလိုပဲ သာဓုခေါ်ချင်လဲ ရမ်းခေါ်ချင်ခေါ်မိလိမ့်မယ် .... (မှန်ပါ့ဘုရား)၊ သူပြောနေတဲ့ဟာက ဘာဒိဋ္ဌိလဲ....(သဿတဒိဋ္ဌိပါ)၊ဟာ-သူ့ဒိဋ္ဌိသာဓုခေါ်မိရာရောက်နေတယ်-(မှန်ပါ)၊ သူ့ဒိဋ္ဌိက အပါယ်သွားမည့် ဒိဋ္ဌိ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊

အဲဒါကြောင့် ခင်ဗျားတို့ မှန်းခြေဟူသရွေ့ဟာ သဿတဒိဋ္ဌိက လာတာ- (မှန်ပါ့ဘုရား)၊မောင်မြ ဘယ်ကလာသတုံး-(သဿတဒိဋ္ဌိက လာပါတယ်ဘုရား)၊ ပေါ်ပလားကွ....(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ရက်ရွှေ့နေတဲ့ ပုဂ္ဂိုလ်များ ဘာဒိဋ္ဌိနဲ့ ရွှေ့သလဲ.... (သဿတဒိဋ္ဌိနဲ့ ရွှေ့ပါတယ်)၊ ဒါဖြင့် ဘယ်အလုပ်ကလေးမှ ဆိုတာကော....(သဿတဒိဋ္ဌိပါဘုရား)၊ အင်း....ဟင် ...ဘယ်သူကလေး ကျန်းမာလာမှဆိုတာကော-(သဿတဒိဋ္ဌိပါဘုရား)၊ ဘယ်အလုပ်ကလေး စာရင်းချုပ်ပြီးမှ ဆိုတာကော-(သဿတဒိဋ္ဌိပါပဲဘုရား)။

ဩော်....ခင်ဗျားတို့မှာ သဿတဒိဋ္ဌိက အတော်ကြောက်စရာကောင်းနေပါကလား....(မှန်လှပါဘုရား)။

ဩော်....ရက်ရွှေ့တာဟူသရွှေ့ ဘယ်သူပါလိမ့်-(သဿတဒိဋ္ဌိပါဘုရား)။

ကဲ....နောက်ကို ရွှေ့ စံ ယင်ရွှေ့ဗျာ၊ အဲဒါ အပါယ်သွားတဲ့ ဒိဋ္ဌိသာမှတ်ပေရော့....ရိပ်မိပလား....(ရိပ်မိပါပြီ)၊ သဿတဒိဋ္ဌိဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီဝဋ္ဋကို မဟုတ်ပါဘူး၊ အလွန်ရှည်နေမှာစိုးလို့နော်.... (မှန်ပါဘုရား)၊ ရှည်နေမှာစိုးလို့ ကာလဝဋ္ဋကိုပဲ ဆုံးအောင် နည်းနည်း ပြောလိုက်ပါဦးမယ်။

ကာလဟာ ဒကာဒကာမတို့၊ နားကတော့ တရားနာတာပဲနေ-(မှန်ပါ)၊ နာရင်း နာရင်းနဲ့ နားက နာရှိနဲ့ ပျောက်ပျောက်သွားတယ်-(မှန်ပါ)။

ခါနဲ့ မရပါဘူး၊ ခန္ဓာကိုယ်ပေါ်မှာမှတ်မှုပါပဲဆိုပြီး ကာလ မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား)၊ မှတ်ရင်းမတ္တညာဏ် ခန္ဓာ

http://www.dhammadownload.com



ကိုယ်ထဲ လွှတ်လိုက်တော့ မောင်မြရေ-ဒကာသစ်တို့ နေရာကျမသွားဘူးလား-(ကျသွားပါတယ်ဘုရား)။

ဉာဏ် ဘယ့်နှယ်ဖြစ်သွားလဲ.... (ထက်မြက်သွားပါတယ်)၊ ထက်မြက်သွားတဲ့အခါကျတော့ ဉာဏ်ထက်တယ်ဆိုတာ မဂ်ဆိုက်သွားတာ-(မှန်လှပါ)၊ မဂ်ဆိုက်သွားတော့ သောတာပန်တည်သွားတယ်....(မှန်ပါဘုရား)။

ဒကာဒကာမတို့၊ တေလေ သောတာပန် တည်သွားတာမြင်လိုက်ရဲ့လား-(မှန်ပါဘုရား)၊ ဘယ့်နှယ်ကြောင့် တည်ပါလိမ့်မတုံး-ဉာဏ် ခန္ဓာကိုယ်လွှတ်လို့-(မှန်ပါဘုရား)၊ ဘယ့်နှယ်ကြောင့်တုံး-(ဉာဏ်ခန္ဓာကိုယ်လွှတ်လို့ပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့၊ ဒီအထဲနာတဲ့ပုဂ္ဂိုလ်အပြင်ဘယ်က နာတဲ့ပုဂ္ဂိုလ်တွေ ဉာဏ်ကဖြင့် ခန္ဓာကိုယ်လွှတ်ပါဆိုတာကိုဖြင့် လေးစားစွာနဲ့ပဲ ခင်ဗျားတို့ အကျိုးကြည့်ပြီးသကာလ ကာလဝတ္ထု၊ သက်သေ သာဓက လုံလောက်သောကြောင့်ပဲ တိုက်တွန်းပါတယ်-(မှန်ပါဘုရား)၊ မတိုက်တွန်းသင့်ဘူးလား-(တိုက်တွန်းသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ရှေးနာနည်းနဲ့ ဆိုလို့ရှိယင်ဖြင့် လမ်းခလုတ်တိုက်တောင်မခံပါဘူး၊ ဦးခင်မောင်ခံသေးရဲ့လား(မခံပါဘုရား)၊အဲဒီလောက်ထိအောင်ပဲ အရုပ်ဆိုးတော့ကောင်းနိုင်သေးရဲ့လား-(မကောင်းနိုင်ပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့၊ ကိုယ့်ဆရာရေးကို ခင်ဗျားတို့ဖြုန်းတီးပစ်တာလော မရောက်ဘူးလား.... (ရောက်ပါတယ်

ဘုရား)၊ အဖိုးတန်တဲ့ ဓမ္မရတနာတွေကို ခလုတ်တိုက်တာနဲ့ ဖျောက်ဖျက်လွှတ်လိုက်လို့ရှိယင်လဲ ခင်ဗျားတို့ဆည်တဲ့ အဖိုးတန်မသုံးတတ်ဘူးဆိုတဲ့ အဓိပ္ပာယ်လဲရောက်ပါတယ်(မှန်ပါ)၊ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အေး....ဒီလိုလဲ မဖြစ်ကြပါစေနဲ့ ဆိုတာလဲ အားလုံးပဲ တောင်းပန်ရပြန်တယ်-(မှန်ပါ)၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)၊ ဒါနဲ့ ဦးခင်မောင် ကာလ ဘာဖြစ်သွားသတုံး....(သောတာပန် တည်သွားပါတယ်ဘုရား)။

အင်း....ဘယ်နှယ်ကြောင့် ဖြစ်သွားပါလိမ့်.... (ခန္ဓာကိုယ် ဉာဏ်စိုက်လို့ပါဘုရား)၊ ခန္ဓာထဲဉာဏ်လွှတ်လိုက်တာနဲ့ (မှန်ပါ)၊ ဉာဏ်ထက်ပြီး သကာလ ဘာဖြစ်သွားသလဲ.... (သောတာပန် ဖြစ်သွားပါတယ်ဘုရား)၊ သောတာပန် တည်သွားတယ်၊ ဒါနဲ့ ဒကာ ဒကာမတို့၊ ကာလ တရားနာနည်း သဘောကျပလား....(ကျပါပြီဘုရား)၊

ဒါနဲ့ပဲ မနက်မိုးလင်းယင် သောတာပန်တည်ပြီး ညက သူကောင်းကောင်းမှန်မှန်အိပ်လို့ တရားဓမ္မတွေ နှလုံးသွင်းလို့ ဒီလိုနေပြီး မနက်ကျလာတဲ့ အခါကျတော့ သံဃာငါးရ ဘုရားက ရှေ့ကနေပြီးသကာလ အနာထပိဏ်သူဌေးကြီးအိမ်ပဲ ထုံးစံအတိုင်း ဦးခင်မောင်....ဦးဝ....ကြွလာခဲ့တယ်....(မှန်လှပါဘုရား)။

ကြွလာတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ကတော့ [illegible] ဘဲကိုး....(မှန်ပါ)၊ အပြင်ဘက် ပြတင်းပေါက်ကို ထွက်ကြည့်

http://www.dhammadownload.com



တယ်၊ ဘုရားလဲ ပါလာပြီ....သံဃာ ငါးရာလဲ ကြွတယ်.... ငါ့သား ကာလ ကသဲ နောက်က ပါလာတယ်၊ သူ့သား ကာလ အရေးတကြီး ထကြည့်တာပါ-(မှန်လှပါဘုရား)၊ရိပ်မိ ပလား....(ရိပ်မိပါတယ်ဘုရား)၊

သူ့သားကာလ အရေးတကြီးထားပြီး ကြည့်လိုက်တော့ အို....ကာလ အလျှင်နဲ့မတူပါကလား၊ အလျှင်တုန်းကတော့ ငွေရတော့မှာပဲဆိုပြီး ပြုံးကာ ရွှင်ကာနဲ့ လာခဲ့တယ်၊ အခု အခါဖြင့် ကာလဟာ ဗုန္ဒေသိပ်ကောင်းပါလား၊ စက္ကုန္ဒြေ လဲ အောက်ချလို့၊ နေပုံ-ထိုင်ပုံလဲ သပ်သပ်ရပ်ရပ်၊ ကာလက တော့ဖြင့် နေရာကျလာပြီထင်တယ်၊ သူ့အဖေက အဲကဲ့ခတ် တယ်....(မှန်လှပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ကာလကို ပူလာတာက ဒကာဒကာမ တို့၊ ဒီပြင်ဟာ ဘာမှမပူဘူး၊ အိမ်ကျလို့ရှိယင် ကာလ၊ ရော့ ငွေတစ်ထောင်ယူတော့ဆိုပြီး လူသိနတ်ကြားပေးမှာ စိုးရိမ် တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အလျှင်တုန်းကတော့ ယာဂုဒတာင် မသောက်တဲ့လူ-(မှန် ပါ)၊ ဦးခင်မောင်ရေ အခု ပြောင်းသွားလိုက်တာ ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နှယ် ပြောင်းသွားသတုံးဗျ.... (လူသိနတ်ကြားပေး မှာကို ကြောက်ပါတယ်)၊ ပစ္စည်းပေးမှာကို ကြောက်တယ်.... (မှန်ပါ)။

http://www.dhammadownload.com



ပစ္စည်းပေးမှုကို အို .... ငါ့ကို ငွေတစ်ထောင် ယူချင်လို့ ကာလ တရားသွားအားထုတ်နေတယ် ဆိုလို့ရှိယင် ကိုယ်ကျိုး ဖြင့် နည်းပေါ့....(မှန်ပါဘုရား)။

ဒါနဲ့ သူ့စိတ်ထဲမှာဖြင့် ဒီ့ပြင်ဟာ ဒါလောက် မပူဘူး ဒကာဒကာမတို့၊ ကာလ ငွေယူတော့မသားဆိုတဲ့ အသံကြား ရမှာ သိပ်ကြောက်တယ်....(မှန်ပါ)၊

ဦးဝရေ....မထူးဘူးလားဗျာ....(ထူးပါတယ်ဘုရား)၊ ဒိဋ္ဌိ စိစိကိစ္ဆာကလေး ပယ်လိုက်ကာရှိသေးတယ်၊ ဟီရိဩတ္တပ္ပတွေ ကပ်လာတယ်....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ ဘုရား)၊

ဒိဋ္ဌိဝိစိကိစ္ဆာကလေး ပယ်လိုက်ကာရှိသေးတယ်၊ ဘာကပ် လာသတုံး—(ဟီရိဩတ္တပ္ပ ကပ်လာပါတယ်ဘုရား)၊ဟိရီဆိုတာ ရှက်တယ်၊ ဩတ္တပ္ပဆိုတာ သူများကြားသွားမှာ လန့်တယ်.... (မှန်ပါ)၊ သူ့ဟာသူရှက်၊ သူ့ဟာသူလန့်ပြီးသကာလ ဒကာ ဒကာမတို့ နေတယ်ဆိုတာကော ပေါ်ပလား .... (ပေါ်ပါပြီ ဘုရား)။

ဒါနဲ့ သူအရေးကြီးဆုံး ကြောက်လန့်နေတာ ပေါ်ကြပြီ နော်....(မှန်ပါ)၊အိမ်ပေါ်အဘက်မှာ သူ့အဖေ အနာထပိဏ် သူဌေးကြီးက ကာလ ငွေတစ်ထောင် ယူတော့မသားကွ၊ ဒါ.... မေးလိုက်မှာစိုးတယ်၊အဖေဆိုတော့လဲ မေးချင်မေးလိုက်မှာ.... (မှန်လှပါဘုရား)၊ အလျင်တုန်းက ယာဂု မသောက်ခဲ့တာ

http://www.dhammadownload.com



အလေးက ရှိနေတယ်....(မှန်ပါ)၊ ရိပ်မိမလား....(ရိပ်မိပါပြီ ဘုရား)။

အလျှင်တုန်းက သူ ငွေမရတော့၊ ဘာတဲ့-(ယာဂုမသောက် ပါဘုရား)၊ အေး....ယာဂုတောင် မသောက်ဘဲဖြစ်ပြီးသကာလ နေတော့ ဒီတစ်ခါတော့ဖြင့် အဖေကပဲ လောကွတ်မျှားမျှား ထားရပုံရနေတော့ ကာလ စားလဲစားကွ၊ ငွေတစ်ထောင် ယူချင်ယူကွ....လို့ အလျှင်မှ သူပျက်ထားတာကလေးကို ပြန် ပြီးတော့ လေ့ကွတ်လုပ်လိုက်လို့ရှိယင် သူ အရှက်ဆုံးပဲတဲ့.... (မှန်ပါ)။

ဒကာဒကာမတို့၊ ငွေရမှာ ဘာဖြစ်သလဲ.... (ရှက်ပါတယ် ဘုရား)၊ ငွေရမှာ ရှက်နေတယ်ဆိုတာ ဘာဖြစ်လို့ ရှက်တာ တုံးဗျာ....(သောတာပန် တည်လို့ပါဘုရား)၊ သောတာပန် တည်လို့၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငွေလိုက်ရှာနေတဲ့ပုဂ္ဂိုလ်များ မရှက် ပါဘူး၊ ဘာဖြစ်လို့တုံး၊ သောတာပန်မတည်သေးဘူး၊ ရိပ်မိ ပလား .... (ရိပ်မိပါပြီဘုရား)၊ ကဲ....ခင်ဗျားတို့ မရှက်တာလဲ ရှိပါစေတော့၊ နောက်တော့ ရှက်ပါလိမ့်မယ်၊ ကြိုးစား.... (မှန်ပါဘုရား)။

ကြိုးစားယင် ဘာဖြစ်လာမယ် ထင်သတုံး....(သောတာပန် တည်ပါမယ်)၊ ရှက်လာမယ်၊ကြောက်လာမယ်ဆိုတာ သဘော ကျပလား....(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် အဝတ်တွေဖုံးလွှမ်းပြီး သကာလနေတာ ဟိရီဩတ္တပ္ပရှိတယ်လို့ ဆိုတာမဟုတ်ဘူး....(မှန်ပါ့ဘုရား)၊ သူတော်ကောင်းအလုပ်တွေ၊ သူတော်ကောင်းမကြိုက်တဲ့ ပြောသံဆိုသံတွေ၊ ကိုယ်ကပြောမိဆိုမိမှာသိပ်ကြောက်တယ် (မှန်ပါ့ဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဝတ်တွေဖုံးတယ်၊ အုတ်တယ်ဆိုတာ လှချင်၊ ပချင်လို့ အုပ်တာ၊ ဟိရီဩတ္တပ္ပမှ ဒီဟာ မဟုတ်ဘဲ ဒကာ ဒကာမတို့-(မှန်ပါ့)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့၊ သောတာပန်တည်မှ ခဝ်ဗျားတို့ အကြောက်၊ အရှက် ဓာတ်သိမ်းမယ်....(မှန်ပါ့)၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ကာလကလဲ နောက်ကလိုက်လာ၊ ဘုရားကလဲ ရှေ့ကကြွလာ၊ အဖေလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ကာအငွေပေးချင်လို့ မျှော်နေတာနဲ့ဆိုတော့ ဦးခင်မောင် ကာလနဲ့ သူ့အဖေ ကန့်လန့်ဖြစ်ပြီ....(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီဘုရား)။

အလျှင်တုန်းကတော့ မပေးလို့ ကန့်လန့်....(မှန်ပါ့)၊ အခုဟာတော့ ပေးမှာကြောင့်....(ကန့်လန့်ပါဘုရား)၊ ဘယ့်နှယ် မထူးခြားဘူးလားဗျာ....(ထူးခြားပါတယ်ဘုရား)၊ အခုတော့ ကာလက ပေးမှာပဲ စိုးရိမ်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်လာပါပြီဘုရား)။

http://www.dhammadownload.com



ဒါနဲ့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ကဘော့ ပြောဆားတ:ဒေါ်လေး ကာလ လာပြီကွ၊မင်းတို့ အစေခံတော့ သေခသချာချာ ကာလကို လိုတာထုတ်ပေး၊လိုတာကျွေး၊ငါ့သွားဟာ အင်မတန်မှ တရား မှတ်လာလိမ့်မယ်ကွ၊ ဒီခနေ့ အင်မတန် နေရာကျနေပြီ၊ အလျှင် လာမုံနဲ့တော့ မူတော့အတော်ခြားနားတယ်၊ပျာရိပျာယာတော့ မဟုတ်တော့ဘူးဆိုပြီးသကာလ ဘုရားနဲ့ သူ့အဖေ၊ ဒကာကြီး ဦးခင်မောင် သွားပြီးစကားပြောတယ်.... (မှန်ပါ)၊ ထူးသွေး ခြားခြားလာတယ်ဘုရား။ အင်း—ဒီကာလဲ သောတာပန်ကိုးဗျ— (မှန်ပါ)၊ကာလ ထူးခြားလာဘယ်ဘုရာ့၊

ဘယ်နှယ်ထူးသတုံး ဒကာကြီးရ၊ ပြောစမ်းပါဦး၊ အလျှင် တုန်းကတော့ဘုရာ့-ကာလ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ငွေ တစ်ရာပေးပြီး မင်းသည်ကား ကျောင်းသွားပြီး တစ်ရက် ညပုယ်စောင့် တစ်ရှူးမေးပါမယ်ဆိုပြီးပြန်လာတဲ့အခါကျတော့ ယာဂုတွေ၊ ဘာတွေ တိုက်တဲ့အခါ သောက်ကိုမသောက်ဘူး ဘုရား၊ ဘာလို့မသောက်သတုံးမေးတော့ ငွေဘစ်ရာမပေးလို့ ကျုပ် မသောက်ဘူး၊ အခုဘော့ သူ့ဘာသူ မြိန်ရေရှက်ရေ သောက်ပြီးသကာလ နေ့လိုက်တာ ငွေအကြောင်း စကားကို မပြောတော့ဘူး....(မှန်ပါ)၊

ဟာ.... ဒကာကြီး ဘာပြောမတုံး၊ မပြောတော့ဘူးဆိုပြီး ဂါထာတစ်ခု ဘုရားက သောတာပန် တည်ယင် ဒီစိတ်ပေါ် တယ်ဆိုတဲ့ဂါထာ ရွတ်ပြလိုက်ဘယ်.... (မှန်ပါဘုရား)၊ ဒကာ ဒကာမတွေ သေသေချာချာမှတ်ရလိမ့်မယ်-(မှန်ပါ)၊သေသေ ချာချာမှတ်ရလိမ့်မယ် ဒကာဒကာမတို့....(မှန်ပါ)။

http://www.dhammadownload.com



ပထဗျာ ကေစရင္ဇ့ေန၊ သဂ္ဂဿ ဂမနေနဝါ။

သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ၊

ပထဗျာ၊ မြေတစ်ပြင်လုံးကို အစိုးရတဲ့ လေးကျွန်းသနင်း စကြာမင်းဖြစ်တဲ့၊ အဖြစ်ဆိုတဲ့ အကျိုးပေးတွေ ရှိတယ်တဲ့.... (မှန်ပါ)၊ လေးကျွန်းသနင်းစကြာမင်းအဖြစ်ဟာ အဲဒါ တော်တော်မြတ်တယ်လို့ ထားတာပဲ၊ အခု သူရထားတဲ့ သောတာပတ္တိဖိုလ်လောက် မမြတ်ဘူး ဒကာကြီးရ....တဲ့၊ ငွေတစ်ထောင်လောက်တော့ မဖြုံလောက်တော့ဘူး....တဲ့-(မှန်ပါဘုရား)

လေးကျွန်းသနင်း စကြာမင်းစည်းစိမ်ပေးတော့ မယူတော့ဘူးတဲ့....(မှန်ပါဘုရား)၊ အဲဒါထက် မြတ်နေတယ်.... (မှန်ပါဘုရား)၊

ဒကာဒကာမတို့၊ လေးကျွန်းသနင်း စကြာမင်းစည်းစိမ်ကြီးဟာ ဘာတဲ့....(မမြတ်ပါဘုရား)၊အဲ....သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်က မြတ်နေတယ်....(မှန်ပါဘုရား)။

သဂ္ဂဿ ဂမနေနဝါ၊ နတ်ပြည်ရောက်သည်ထက်လဲ၊ နတ်ပြည်က အင်မတန်ချမ်းသာ၊ အင်မတန်ကျန်းမာ၊ ပဒေသာပင် ဆွတ်စား၊ အဲဒီဟာတွေပေးလဲ ဒကာကြီးတဲ့၊မယူတော့ဘူးတဲ့၊ သူ့သောတာပတ္တိဖိုလ်လောက်မမြတ်ဘူး .... (မှန်ပါဘုရား)၊ နတ်စည်းစိမ်ပေးလဲ မယူတော့ဘူးတဲ့....(မှန်ပါ)။

သဗ္ဗလောကာဓိပစ္စေနတဲ့၊ အို....လောကကြီး တစ်ခုလုံး အကုန်အစိုးရတဲ့ စည်းစိမ်တွေ မင်းယူတော့၊ ပေးလဲ သူ့

http://www.dhammadownload.com



သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်လောက် ရှု သဘော မှုကျတော့ဘူးတဲ့ .... (မှန်ပါ့ဘုရား))၊ သဘောကျပလား.... (ကျပါပြီဘုရား)၊

သူကသာ မြတ်တော့တယ် ဒကာကြီးလို့ ဟောလိုက်ပါ တယ်၊ ဒီတော့ ငွေတစ်ဆောင်ဟာ ပျောက်မသွားဘူးလား- (ပျောက်သွားပါတယ်)၊ ဘာများ အသုံးကျသေးသလဲ.... (ဘာမှအသုံးမကျပါဘုရား)၊ဘာမှအသုံးမကျဘူးဆိုတာ ပေါ် လာပလား....(ပေါ်လာပါပြီ)။

အဲဒီတော့ ဒကာဒကာမတို့၊ ပဒေ့ါ ကေရငွေနဲ့၊ မြေ တစ်ပြင်လုံး အစိုးရတဲ့ စကြာမင်းစည်းစိမ်ထက်လဲ သောတာ ပတ္တိမဂ်က မြတ်တယ်.... (မှန်ပါ)၊ စကြာဝတေးမင်းက အခု စကြာဝတေးမင်းနက်ဖြန်ဒယ်အိုးထဲရောက်နိုင်တယ်....(မှန်ပါ)။

ဒီနေ့ စကြာဝတေးမင်း နက်ဖြန် ဒယ်အိုးထဲ မရောက်နိုင်ဘူး လား... (ရောက်နိုင်ပါတယ်)၊ ဘာတုံး၊သူ့မှာ ငါးပါးသီလ ရှိသေးတယ်-(မှန်ပါ)၊နိစ္စသီလရပလား-(မရသေးပါဘုရား)၊ မရသေးပါဘူး၊ အနိစ္စသီလ ရှိပါသေးတယ် ဦးခင်မောင်.... (မှန်လှပါဘုရား)။

အဲဒီစည်းစိမ်ထက်လဲ အများကြီးသာပါတယ်ဆိုတာ ပေါ် ကြပလား-(ပေါ်ပါပြီ)၊ထဂ္ဂသံဂမ်နေ့နဝါတဲ့၊နတ်ရွာသုဂတိ

http://www.dhammadownload.com



ပြဟ္မာပြည် ရောက်ရသည်ထက်လဲ ဘာတုံး.... (မြတ်ပါတယ်ဘုရား)။

ဟိုဘာတွေက နတ်ပြည်ကနေပြီး နတ်သမီးငါးရာနဲ့ ဒယ်အိုးထဲဆိုးကျတယ်-(မှန်ပါ့)၊ မကျဘူးသား-(ကျပါတယ်ဘုရား)၊ ပြဟ္မာကြီးတွေကကော ဒကာဒကာမတို့၊ ဝက်ဖြစ်ရတာတွေကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သောတာပတ္တိမဂ် ရှုပြီးသားပုဂ္ဂိုလ်က ဒီကမ်းနဲ့ ဒီလမ်းကို အကုန်ရှောင်ပြီးသား ရှားပြီးသား ဖြစ်ပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘာအားငယ်စရာရှိသလဲ(မရှိပါဘုရား)၊ဟိုဟာတွေထက် သာတယ်ဆိုတာကော ဒကာဒကာမတို့၊ (သာပါတယ်ဘုရား)၊ ထင်ရှားနေပြီဆိုတာ အားလုံး ဒကာဝတို့၊ ဦးခင်မောင်တို့၊ သချာပလား....(သေချာပါပြီဘုရား)။

ယုတ်စွအဆုံး အလုံးစုံလောက တစ်ခုလုံးကို တစ်ဦးတည်းမင်းပြုပြီးနေတဲ့ စည်းစိမ်ထက်လဲ အခုသောတာပတ္တိမဂ်သောတာပတ္တိဖိုလ်က သာတယ် ဒကာကြီးတဲ့၊ ဒါကြောင့် ဇာလဟာ ငွေမတော်ဓိးဘော့ဘူးတဲ့— (မှန်ပါ့ဘုရား)၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါက ဒကာဒကာမတို့၊ ဗဟုသုတလဲဖြစ်စေတော့၊ တရားနာနည်းလဲ ကိုက်စေတော့ဆိုပြီး အချိန် တော်တော်ကုန်သွား

http://www.dhammadownload.com



တယ်....(မှန်ပါ့ဘုရား)၊သို့သော် အဖိုးဘော့တန်သပေါ့ဗျာ—(မှန်ပါ့)၊ အဖိုးမတန်ဘူးလား.... (တန်ပါတယ်ဘုရား)။

အင်မတန် တန်ပါတယ်တဲ့၊ တရားနာတဲ့ နိဿရည်းမှာ ကာလနည်းကို လိုက်ရမယ်·(မှန်ပါ့ဘုရား)၊အားလုံးတစ်ပွဲလုံး ဘယ်နည်းလိုက်ကြမယ်.... (ကာလနည်းကို လိုက်ကြရပါမယ် ဘုရား)။

ကဲ....ဒါဖြင့် ပြောစမ်းပါဦး၊ နားက ဘာလုပ်ကြမယ်.... (တရားနာရပါမယ်)၊ နားက တရားနာမယ်၊ ဉာဏ်က....(ခန္ဓာ ကိုယ်လှည့်ရပါမယ်ဘုရား)။

လှည့်ဖန်များယင် ဘာဖြစ်မယ်.... (ဉာဏ်ထက်လာပါတယ် ဘုရား)၊ ဉာဏ်ထက်လာပြီး သောတာပန်တည်မယ်....(မှန်ပါ့ ဘုရား)၊ ကဲ....ကာလဒီအတိုင်းတည်တယ်-(မှန်ပါ့)၊ ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ကစပြီး သကာလ ဘုန်းကြီးကလဲ ပြောနေတယ်၊ ဒကာဒကာမတွေ ကလဲ ကြိုးကြိုးစားစားပဲ၊ ကိုယ့်အရေးကိုယ်သိပြီး သကာလ နာကြတော့၊ကိုင်း....ဒီနည်းပဲ လုပ်ကြစို့ရဲ့—(မှန်လှပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကာလနည်းပဲ....(လုပ်ကြစို့ရဲ့)၊ ကာလနည်းပဲ လုပ်ကြစို့ ဆိုတော့ ဒီထဲရောက်တယ်ဆိုလဲ ငြိမ်ငြိမ်နေ၊ ကာလလိုနေ.... (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ သိပ်ပြီးတော့ စကားတွေပြော မနေနဲ့၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



သိပ်ပြီးတော့ စကားတွေ ပြောမနေနဲ့၊ အချိန်စောစော လာဖို့လုပ်၊ အေးအေးချမ်းချမ်း ရှိတယ်ဆိုလဲ ဒီအတိုင်းပဲ၊ ကာလလိုမဲ့ ခန္ဓာထဲသာ ညာဏ်လွှတ်ထား-(မှန်ပါဘုရား)။

ဟောထားတဲ့တရားတွေ ခန္ဓာထဲ ညာဏ်လွှတ်ထားတာပေါ့ ဗျာ-(မှန်လှပါ)၊ တရားကတော့ စုံပြီမဟုတ်လား.... (စုံပါပြီ ဘုရား)။

အဲ....ညာဏ်လွှတ်တာကလေး လိုနေသေးလို့ သောတာပန် မတည်သေးဘာ(မှန်လှပါဘုရား)၊ ညာဏ်သာ လွှတ်ပြီးလို့ရှိယင် ဒကာဒကာမတို့၊ ဘာမှမပူနဲ့တော့....(မှန်ပါ)၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့၊ သုသိမပရိဗိုဇ် ဆက်ကြ ပါစို့၊ ဒကာဒကာမတို့၊ အချိန်က နည်းသွားပြီ.... (မှန်ပါ ဘုရား)။

ဦးခင်မောင်ရေ-မနေ့က သုသိမပရိဗိုဇ်က ရဟန္တာကြီးတွေ ပြောတာကျေနပ်ရဲ့လား-(မကျေနပ်ပါဘုရား)၊ ရဟန္တာကြီးတွေ တို့ပညာနဲ့ ကိလေသာမှ လွတ်သွားတယ်ကွတဲ့....(မှန်ပါ)။

ပညာနဲ့ ကိလေသာမှ လွတ်သွားတယ်ဆိုတော့ ဒကာ ဒကာမတို့၊ စသုံးဖြစ်နေတယ် (မှန်ပါ)၊ ပညာနဲ့ ဖြစ်ပျက် အားထုတ်လိုက်တာနဲ့ ဖြစ်ပျက် အဆုံးရောက်တဲ့ ဖြစ်ပျက် မြင်တဲ့ ရဟန္တာအဖြစ် ရောက်ခဲ့ပါတယ်ကွာ- (မှန်ပါဘုရား)၊ ပညာနဲ့ ဖြစ်ပျက်အဆုံး မြင်ခဲ့ပါတယ်-(မှန်ပါဘုရား)၊ ပညာနဲ့ (ဖြစ်ပျက်အဆုံးမြင်ခဲ့ပါတယ်ဘုရား)၊

http://www.dhammadownload.com



အဲ....ပညာနဲ့ ဖြစ်ပျက်အဆုံးမြင်ခဲ့ပါတယ်ဆိုသဖြင့် သမထ မပါဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ)၊ ကိုင်း-ဒါနဲ့ ဒီရဟန္တာကြီးတွေ ပြောတာကို ဦးဝ,ရေ သုသိမပရိဗိုဇ်က တရားသူခိုးက ကျေနပ်ပါရဲ့လား....(မကျေနပ်ပါဘုရား)။

မကျေနပ်တော့ အရှင်ဘုရားတို့၊ တပည့်တော်ကို ကျေနပ်အောင်မပြောဘူးဆိုပြီးသကာလ ကိုယ်တော်တွေက သူ့ရဲ့ စရိုက်ကိုလဲ သိပြီးသားနော်-(မှန်ပါ့)၊ သူ့ဘာဘယ်လိုပြောလို့မှ နားလည်မယ့်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဘုရားဆီသွားမှာပဲ....(မှန်ပါ့)။

အဲဒီတော့ သုသိမ နားလည်လို့လည်းတော့၊ မလည်ချင်လို့ နေတော့၊ တို့ဖြင့် ပညာနဲ့ ဝိပဿနာရှုပြီးသကာလ ကိလေသာ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့နိဗ္ဗာန် မြင်ပါတယ်ကွာ.... (မှန်လှပါ)၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပညာနဲ့ ဖြစ်ပျက်ရှုပြီး သကာလ ဖြစ်ပျက်အဆုံးဖြစ်တဲ့ ကိလေသာ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီး ငါတို့မြင်ပြီး သကာလ ရောက်ခဲ့၊ ရခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေပါကွာ.... မင်း သိချင်လဲသိ၊ မသိချင်လဲနေ ဒါပဲ....(မှန်လှပါဘုရား)၊ သဘော ပါပလား....(ပါ,ပါပြီဘုရား)။

ငါတို့မှာ ဈာန်မပါပါဘူးကွ၊ ဈာန်ခြောက်ပြီး သကာလ ဝိပဿနာနဲ့ ကိလေသာမှလွတ်တဲ့နိဗ္ဗာန်မြင်ရပါတယ် (မှန်ပါ့)၊ ဈာန်မပါဘူးလို့ သေသေချာချာဖြေတာပဲ....!(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ စျာန်မပါဘူးဆိုခြားသော်လည်း ဒကာဒကာမ တို့ မဂ္ဂင်ငါးပါးကို ဘုန်းကြီး နည်းနည်း ရှင်းပြလိုက်တော့ သေချာပါတယ်နော်-(မှန်ပါ)၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ-က ပညာမဂ္ဂင်- (မှန်ပါ)၊ ဝီရိယ-သတိ သမာဓိက သမာဓိမဂ္ဂင်- (မှန်လှပါဘုရား)။

သို့သော် တွဲဘက်အဖြစ်သာ ပါ,ပါတယ်တဲ့၊ သူတို့ မပြောနိုင်ပါဘူး၊ ဖြစ်ပျက်ရှုတဲ့အခါမှာ- (မှန်ပါ)၊ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ကသာ ပြောနိုင်တယ်....(မှန်ပါဘုရား)။

ဒီသုံးခု မပြောနိုင်ဘဲနဲ့ ဖြစ်ဖော်ဖြစ်ဘက်မို့ ပါတာပါတဲ့ (မှန်ပါ)၊ ကောင်းကင်ပျံ မြေလျှိုးတဲ့စျာန် မဟုတ်ပါဘူး.... (မှန်ပါ)၊ သမာဓိဘည်ကာမျှ ဥပစာရ သမာဓိလောက်နဲ့ဖြစ် ပါတယ်၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှုသာရှုပါ ရပါ တယ်....(မှန်ပါ)၊ အခု သေချာပြီမဟုတ်လား....(သေချာပါပြီ ဘုရား)။

ဒါနဲ့ သုသိမသည် ဒကာဒကာမတို့ ဒီကိုယ်တော်တွေ ဖြေ လိုက်တာလဲ ဦးခင်မောင် မှန်လိုက်တာနော်-(မှန်ပါ)၊မှန်ပင် မှန်ခြားသော်လည်း ကျေနပ်မှု သူ့မှာ ရပါရဲ့လား-(မရပါ ဘုရား)။

မရတော့ ဘုရားဆီသွားလိုက်တယ် ဒကာဒကာမတို့၊ ဘုရား ဆီသွားတဲ့ အခါကျတော့ အရှင်ဘုရား.... အရှင်ဘုရားဆီကျွ

http://www.dhammadownload.com



ခိဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ။လို့ လျှောက်သွားကြတဲ့ တပည့်တော်တို့ ပဋိသန္ဓေနေမှုကုန်ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလဲ ဘာမှမရှိတော့ဘူးလို့ လျှောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော်လိုက်ပြီး မေးပါတယ်ဘုရား၊ အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုယင် ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ပါရဲ့လား၊ အစရှိသည် ဖြင့် တပည့်တော် မေးတဲ့အခါကျတော့ သူတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတာလို့ ဖြေတော့ တပည့်တော်လဲ မကျေနပ်ဘူးဘုရား၊ ရဟန္တာဖြစ်ယင် သူက ကောင်းကင်ပျံနိုင်ရမယ်၊ မြေလျှိုးနိုင်ရမယ် အောက်မေ့ ထားတာကိုး.... (မှန်ပါ)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်၊ ဟော့....သုသိမ၊ ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာ နိဗ္ဗာနေဉာဏံ။ဆိုပြီး မနေ့က ပြောတာကိုပဲ ထပ်ပြောရတယ်- (မှန်လှပါဘုရား)။

နောက်ပိုင်းက မဂ္ဂင်ရှစ်ပါးပေါ့ဗျာ....(မှန်ပါ)၊ ရှေ့ပိုင်းက မဂ္ဂဗီဘယ်နှစ်ပါးတုံး... (ငါးပါးပါဘုရား)၊ အဲ....ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ။ပုဗ္ဗေ၊ရှေ့ပိုင်းက။ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်ကိုမြင်သည်။ ဟောတိ၊ ဖြစ်၏။ရှေ့ကဝိပဿနာဉာဏ် ဖြစ်ပျက်ကိုမြင်တာပဲ....(မှန်လှပါဘုရား)။

ပစ္ဆာနိဗ္ဗာနေ ဉာဏံ....တဲ့၊ ဝိပဿနာဉာဏ် ချုပ်သွားပြီး သင်္ခါရ ဇီဘက်ကဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်မြင်တာပဲ-(မှန်ပါ)။

http://www.dhammadownload.com



မဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင်တယ်....(မှန်ပါ)၊ ရှေ့ဉာဏ်ကဲ ဖြစ်ပျက်မြင်တယ်....(မှန်ပါ)။ နောက်ဉာဏ်က.... (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ အားထုတ်ကြည့်၊ တစ်ပွဲလုံး အားထုတ်ကြည့်၊ ဒကာ ဒကာမတို့၊ တစ်ပွဲလုံး အားထုတ်ကြည့်ပါ၊ ရှေ့ပိုင်းကသာဆိုယင် ဖြစ်ပျက်ပဲမြင်တယ်....(မှန်ပါဘုရား)။

ဟာ....တပည့်တော်တို့ ဖြစ်ပျက်ပဲ ရှိသေးတယ်ဆိုယင် မပူနဲ့တော့....(မှန်ပါ)။

ဖြစ်ပျက်ပဲ ရှိသေးတယ်ဘုရား၊ ဖြစ်မှုပျက်မှု ကလေးတွေ ခန္ဓာကိုယ်ယားတာကြည့်လိုက် မရှိတာပဲ တွေ့ပါတယ်၊ စိတ်ကလေးတွေပေါ်လာတာလဲ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ပြန်တွေးလိုက်တယ် မရှိဘူးဆိုတာ သိပါတယ်၊ အို....ဒါ ဖြစ်ပျက်မြင်ပြီဆိုတာ အောက်မေ့...(မှန်ပါဘုရား)။

ဒေါသကလေးဖြစ်လာတယ်၊ ဒါကလေး ရှိ့မရှိ ကြည့်လိုက်စမ်း-ဦးခင်မောင်... (မရှိပါဘုရား)၊ တွေးစိတ်ပေါ်လာယင် ရှိသေးရဲ့လား....(မရှိပါဘုရား)၊ မရှိတော့ မရှိတာကအနိစ္စ၊ သိတာက မဂ္ဂဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)၊ အဲ....ဝိပဿနာဉာဏ် လာလို့ရှိယင်လဲ သူ့နောက်က ဘာဉာဏ် လာမလဲ၊ မဂ်ဉာဏ်လာပါမယ် အနီးဆလေး....(မှန်ပါ)။

http://www.dhammadownload.com



ဒုက္ခာဒုက္ခာမတို့၊ဝေးသလား....(မဝေးပါဘုရား)၊ဒီစားပွဲ ပေါ်မှာပဲကြည့်ပါ ငါးခု....(မှန်ပါ)၊ ငါးခုနဲ့ ရှစ်ခုဆိုတော့ ဒုက္ခာဒုက္ခာမတွေ သိတဲ့အတိုင်း ငါးခုဆုံးလို့ရှိယင် ငါးခု ရင့် ကျက်ယင် ဘာဖြစ်မယ်....(ရှစ်ခုဖြစ်ပါမယ်ဘုရား)။

ရှစ်ခုဖြစ်လို့ရှိယင် သောတာပတ္တိမဂ်-(မှန်ပါဘုရား)၊ ရှစ်ခု ဖြစ်လို့ရှိယင်....(သောတာပတ္တိမဂ်ပါဘုရား)။

အဲ....ငါးခုရင့်ယင် ရှစ်ခုဖြစ်ရမယ်....(မှန်ပါဘုရား)၊ ငါးခု ရင့်ဖို့က ခင်ဗျားတို့တာဝန်—(မှန်ပါ)၊ ရှစ်ခုပေါ်မှုသည်ကား လို့ ဆိုယင် အနန္တရပစ္စည်း....(မှန်ပါဘုရား)။

အနန္တရ၏ သတ္တိ...(မှန်ပါ)၊ အနန္တရမစ္စယော၊ အခြား မရှိမှု၍ ကျေးဇူးပြုတယ်....(မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)၊ သူနဲ့သူ အခြားရှိသေးရဲ့သား....(မရှိပါဘုရား)၊ မရှိတော့ပါဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူရင့်ဖို့ရာသာ၊အရေးကြီးတယ်-(မှန်ပါ)၊ နောက် ဆုံးပိုတ်ရင့်တဲ့ ဝိပဿနာမဂ်နဲ့ သောဘာပတ္တိမဂ်ဟာ၊ အနန္တရ ပစ္စည်းပါ....(မှန်ပါ)။

သူက အနန္တရပစ္စည်း၊ ဦးခင်မောင်, ဦး၀—ဒီဘက်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတော့ အကြောင်းနဲ့ အကျိုး.... (မှန်ပါ)၊ အနန္တရပစ္စယော၊အခြားမရှိမှု၍ ကျေးဇူးပြုတယ်.... (မှန်ပါ)။

အနန္တရပစ္စယော ဘာတဲ့....(အခြားမရှိမှု၍ ကျေးဇူးပြု ပါတယ်)။

http://www.dhammadownload.com



အဲဒီဉာဏ်ရင့်လာလို့ရှိယင် ဒီဉာဏ်ပေါ်လာတော့ ကြား ထဲမှ ကိလေသာများ ခြားသေးသလား....(မခြားပါဘုရား)။

ဘာမှမခြားဘူးတဲ့၊ သံယုတ်အဋ္ဌကထာကလဲ သေသေ ချာချာ ဖွင့်တယ် ဒီဥစ္စာ၊ ဝိပဿနာဟာ အနန္တရပစ္စည်းပဲတဲ့၊ မဂ်ဉာဏ်ဟာ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် အကျိုးတရားပဲတဲ့ ဆိုတော့ မောင်ထွန်း၊လှိုင်တို့ အားငယ်စရာရှိရဲ့လား.... (မရှိပါ ဘုရား)၊ အင်မတန်ကျေးဇူးများပြီ...(များပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက် တယ်၊ မင်းက ဟို...ရဟန္တာ တွေပြောတာ မင်း မကျေနပ်ဘူး ဆိုတော့ ငါ့ကိုလာမေးတော့လဲ ငါပြောရမှာပေါ့ကွာ.... ဆိုပြီး ဘုရားက ပြောလိုက်တယ်။

သုသိမ၊ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ် ဉာဏ်ကွ....ဖြေလိုက်ပြီ.... (မှန်ပါ)၊ ဘာတဲ့တုံး.... (ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက....(မဂ်ဉာဏ်ပါဘုရား)။

အဲ....ဒါပဲကွတဲ့၊ ဟို....ကိုယ်တော်တွေ ဖြေတာလဲ ဒါပဲ.... (မှန်ပါ)၊ ဒကာဒကာမတို့၊ ကောင်းကောင်း ကျေနပ်ပလား (ကျေနပ်ပါပြီ)၊ ရှေ့ပိုင်းက ဘာတုံး....(ဝိပဿနာဉာဏ်ပါ)၊ နောက်ပိုင်းက....(မဂ်ဉာဏ်ပါဘုရား)။

အဲ....ဝိပဿနာဉာဏ်က ဖြစ်ပျက်ကိုမြင်တယ်၊ မဂ်ဉာဏ်က နိဗ္ဗာန်ကို မြင်တယ်....(မှန်လှပါဘုရား)၊ မြင်ပုံချင်း သွားပြီး ထူးဘူးလား....(ထူးပါတယ်ဘုရား)၊ အဲဒီတော့ ဖြစ်ပျက်

http://www.dhammadownload.com



မြင်ယင်ပဲ ခင်ဗျားတို့ ဘာပူစရာ ရှိတော့သတုံး.... (မရှိပါဘုရား)။

ရင့်လာလို့ရှိယင်ဖြင့် အပျက်မြင် အပျက်မှန်း၊ မလာဘူးလား-(လာပါတယ်ဘုရား)၊ ဒီအပျက်တွေဟာ ဒုက္ခသစ္စာတွေ ပါကလားဆိုယင် ဆုံးတော့မှာပဲ....(မှန်ပါ့ဘုရား)၊ မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)။

ဆုံးသွားလို့ ဒါ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲဆိုတော့ နိဗ္ဗာန်မဂ္ဂသာ သွားဖြစ်ပြီ....(မှန်ပါ့ဘုရား)၊ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါလဲ တပည့်တော် နားမလည်ဘူးတဲ့-(မှန်ပါ့)၊တယ်သူကပါလိမ့်-(သုသိမ္ဘကပါ)၊ ဒါလဲ နားမလည်ဘူးဘုရား.... တဲ့၊ ကဲ....မောင်မြ မခက်လားကွာ-(ခက်ပါတယ်ဘုရား)၊ ဦးဇံရင် ဒါလဲ နားမလည်ဘူးတဲ့၊ ကိုမြရွှေ-(မှန်ပါ့ဘုရား)၊ မခက်ဘူးလားဗျာ....(ခက်ပါတယ်ဘုရား)။

ခင်ဗျားတို့သာ အခု ဆရာဘုန်းကြီးက ခေါင်းဆောင်ပြီး သကာလ ပြလိုက်တဲ့အတွက် သြော်....တို့အလုပ်က ဝိပဿနာ အလုပ်၊ တို့က ဖြစ်ပျက်မြင်ဖို့အလုပ်က တို့အလုပ်.... (မှန်ပါ့ဘုရား)၊ ရှင်းပလား -(ရှင်းပါပြီ)၊ မဂ်သာဖို့အလုပ်က မဂ်အလုပ်-(မှန်ပါ့ဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်ဖို့ အလုပ်က.... (တပည့်တော်တို့ အလုပ်ပါဘုရား)၊ မဂ်လာဖို့အလုပ်က-(မဂ်အလုပ်ပါ့ဘုရား)၊ မဂ်အလုပ်

http://www.dhammadownload.com



ပါတဲ့၊ မဂ်ထပေါ်ပါစေလို့ ပေါ်တာမဟုတ်ဘူး၊ သူ့ရင့်လာယင် သူ့ဟာသူပေါ်တာ....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့၊ ဝါးနှစ်လုံးပွတ်တာ ပူဖို့ဟာသာ ပွတ်တဲ့ပုဂ္ဂိုလ်၏ အလုပ်-(မှန်ပါ့)၊ ပူလှမှကာ ပူယင် မီးထွက်လာတဲ့ဥစ္စာက ဝါးအလုပ်(မှန်ပါ့ဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊

ပထမပူအောင်လုပ်ရတာက ပွတ်သောသာပုဂ္ဂိုလ်၏ အလုပ်၊ သဘောကျပလား—(ကျပါပြီ)၊ အဲ....ပူလှ,မှာ ပူတဲ့အခါကျတော့ မီးထွက်လာတာသည် ဒကာဒကာမတို့၊ ပွတ်တဲ့ပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိ ကင်းပါရဲ့လား,...(မကင်းပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ပူအောင် မပွတ်သေးယင်ဖြင့် မီးမထွက်သေးဘူး....(မှန်ပါ့)၊ ဒါဖြင့် ဖြိုင်ဖြိုင် မရှုသေးယင် မဂ်မီး မထွက်သေးဘူး-(မှန်ပါ့)၊ ဖြိုင်ဖြိုင်ရှုယင်.... (မဂ်မီး ထွက်ပါတယ်ဘုရား)၊ သဘောပါပလား....(ပါ,ပါပြီဘုရား)၊ ဒါဖြင့် ခန္ဓာထဲသာ ဉာဏ်လွှတ်ပါဆိုတာ အင်မတန် အရေးကြီးတဲ့ စကားပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)၊ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ .... ဒါဖြင့် ဒကာ ဒကာမတို့၊ ဘုရားကလဲ ရှေ့ပိုင်းက "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာတိ၊ နိဗ္ဗာနေဉာဏံ"- (မှန်ပါ)၊ "ဓမ္မဋ္ဌိတိဉာဏန္တိ ဝိပဿနာ ဉာဏံ၊ တံ ပဌမတရံ ဥပ္ပဇ္ဇတိ" အဋ္ဌကထာ ဆရာကြ ဒါ....

http://www.dhammadownload.com



ပထမ သူအလျှင်ဖြစ်တာပဲကွ၊ ပစ္ဆာ နိဗ္ဗာန ဝိပဿနာယာ အာစိဏ္ဏတ္တ ဝိပဿနာ ရင့်ကျက်လာလို့ရှိယင်ကွာတဲ့ မဂ်ဉာဏ် ပေါ်လာတယ်တဲ့....(မှန်ပါဘုရား)။

သူရင့်ကျက်လာယင် ပေါ်လာတာတဲ့-(မှန်ပါ)၊ တံဒုတိယံ ဉပ္ပဇ္ဇတိတဲ့၊ မဂ်ဉာဏ်ကတော့ ဒုတိယမှ ဖြစ်မယ်တဲ့၊ သူ ရင့်ကျက်ယင် ဖြစ်တာပဲတဲ့-(မှန်ပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ခင်ဗျားတို့အလုပ်က မီးထိုးဖို့အလုပ်ပဲ၊ ဟင်းအိုးတွေ ဘာတွေ နူးနူးနပ်နပ်ရှိအောင် မီးထိုးဖို့အလုပ် ဟာ ခင်ဗျားတို့အလုပ်....(မှန်ပါဘုရား)။

နူးနူးနပ်နပ်ဖြစ်ဖို့အလုပ်သည်ကား၊လို့ဆိုလို့ရှိယင်ဒကာဒကာမ တို့ သူ့ဟာသူ ရေနွေးက လုပ်သွားမှာပဲ.... (မှန်ပါဘုရား)၊ မီးသာ ခင်ဗျားတို့က အဖန်ဖန်ထိုးဖို့ပဲ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ ဘုရား)၊ ဒီလို ဟောပြန်တော့လဲ နားမလည်ဘူး လို့ သုသိမက ဖြစ်နေပြန်တော့ ဦးခင်မောင် အတော်ခက် နေတယ်-(မှန်လှပါ)၊ ကဲ....သုသိမ၊ မင်းနားလည်ချင်လဲလည်၊ မလည်ချင်လဲနေတော့ လာရပြန်တာပဲ....(မှန်ပါ)၊

ငါဘုရား သာသနာတော်မှာကွာ...တဲ့၊ ''နာယံသုသိမ မဂ္ဂေါဝါ ဖလံဝါ သမာဓိ နိဿံသော'' မဂ်ဖိုလ်ရတာဟာ သမာဓိအကျိုးလဲ မဟုတ်ပါဘူးကွာ....တဲ့၊ သဘောကျပလား-(မှန်လှပါဘုရား)၊ သမာဓိကြောင့် ပြီးဖို့ယ်လို့လဲ မယူလိုက် ပါနဲ့....(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



သမာဓိကြောင့် ဖြစ်တယ်၊ သမာဓိ၏ အကျိုး၊ သမာဓိကြောင့် ပြီးဆုံးတယ်လို့ ဒီလို မယူလိုက်ပါနဲ့တဲ့....(မှန်ပါ)၊ ဝိပဿနာ ပနေသာ နိသံသော....တဲ့၊ အဋ္ဌကထာ ဆရာက၊ ဝိပဿနာ၏ အကျိုးဆက်ကြောင့်သာလျှင်တဲ့၊ နိဗ္ဗာန် ရတာပါတဲ့....(မှန်ပါဘုရား)၊ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)၊ ဘယ်သူ့ကြောင့် နိဗ္ဗာန်ရသလဲ.... (ဝိပဿနာ၏ အကျိုးဆက်ကြောင့်ပါဘုရား)၊

ဝိပဿနာကြောင့် နိဗ္ဗာန်ရတာကွ....တဲ့၊ မဂ်ဖိုလ်ဆိုတဲ့ဉစ္စာ သမာဓိ၏ စွမ်းရည်သတ္တိလဲ မဟုတ်ဘူး၊ သမာဓိကြောင့် ဖြစ်တယ်လို့လဲ မင်း ယူကိုမယူနဲ့ကွတဲ့....(မှန်ပါ)၊ဝိပဿနာကြောင့် ဖြစ်တယ်လို့မင်း သေသေချာချာယူ....(မှန်ပါဘုရား)၊ဆိုတော့ ဒီလိုပြောတာလဲ ဘုရားက ရှင်းမပြောဘူးလား .... (ပြောပါတယ်ဘုရား)။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတယ်ဆိုတာ ဘယ့်နှယ်ကြောင့်လဲ.... (ဝိပဿနာကြောင့်ပါ)၊ဝိပဿနာဉာဏ်ကြောင့်ရတာ၊ ဟောဒီ မဂ်ဉာဏ်သာ ဝိပဿနာကြောင့် ရတယ်....(မှန်ပါ)၊

နောက်ကမဂ္ဂင်ရှစ်ပါးဟာ ရှေ့က ဝိပဿနာဉာဏ်ကြောင့် ရတာ....(မှန်ပါ)၊ ဒီ့ပြင်နည်းကြောင့်ရတယ်လို့ ဘယ်တော့မှ မယူနဲ့....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

ဆဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ တိုက်တွန်းရတယ်၊ ဒီဉာဏ်အားထုတ်ယင် ဒီဉာဏ်ရမယ်....(မှန်ပါဘုရား)၊

ဒီဉာဏ်ရလို့ရှိယင် ခင်ဗျားတို့ ဘဝများစွာက မိုက်လာတဲ့ အကုသိုလ်တွေက အခု အပါယ်ပို့မလို့၊ ရှေးဘဝထွေက်

http://www.dhammadownload.com



ပါလာတာ တစ်ပုံကြီးနော်....(မှန်ပါ)၊ ဒီဘဝမသိလို့ မိုက်ထားတာတွေ၊ အပ္ပါယ်သွားဖို့တွေကော.... (တစ်ပုံကြီးပါဘုရား)၊ အဲဒါတွေကို ဒီဉာဏ်တွေက အကုန် မီးရှို့ပစ်လိုက်တယ်.... (မှန်ပါဘုရား)၊ အဲဒီအကုသိုလ်တွေ အကုန် မီးရှို့ပစ်လိုက်တယ်....(မှန်ပါ)၊သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကြွေးရှိတဲ့ ပုဂ္ဂိုလ်ဟာ အေးအေး မနေပါနဲ့၊ ဒီဉာဏ်ရအောင်လုပ်ပါ.... (မှန်ပါဘုရား)၊ ဒီဉာဏ်ရအောင်လုပ်ပါဆိုတာ ဒီဉာဏ်ကိုကြိုးစား၊ဒီဉာဏ်ကြိုးစားလို့ထက်သန်ယင် ဒုတိယဉာဏ်ဟာ.... (အလိုလိုရပါတယ်ဘုရား)၊ မရ·မရှိပါဘူးဆိုတာသဘောကျပလား....(ကျပါပြီ)၊ သေသေချာချာပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့၊ ဘယ်ဉာဏ်ကို ရှေ့ထားပြီးအားထုတ်ရမလဲ....(ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး အားထုတ်ရပါမယ်)၊ အဲ....ခင်ဗျားတို့ ရှေးဦးစွာ ဖြစ်ပျက်သာ မြင်အောင်ကြည့်....(မှန်ပါ)၊ယားလာယင် ယားတာလေးဟာ ရှိသေးသလား၊မရှိဘူးလားကြည့်စမ်း....(မရှိပါဘုရား)။

မရှိတာ ဘာခေါ်မယ်....(အနိစ္စပါဘုရား)၊သိတာက ဘာခေါ်မယ်....(မဂ္ဂပါဘုရား)၊ ဟော-သိတာ မဂ္ဂဆိုတာ ဒီငါးခုပေါ်တာ....(မှန်ပါ)၊ခင်ဗျားတို့ ဒီငါးခု ပေါ်ပြီ...(မှန်ပါ)။

ဦးခင်မောင်-ဒီငါးခု ပေါ်လာတဲ့ ဥစ္စာ သာသနာတွင်းတရားလို့၊ သဘောကျပလား....(ကျပါပြီဘုရား)၊ ကဲ....ဒကာဒကာမတို့၊ စားချင်တဲ့ စိတ်ကလေးပေါ်လာတယ်၊ ဆာလိုက်

http://www.dhammadownload.com



တာဆိုတော့ အို-ဆာတာကလေးပဲ ဒုက္ခာဓာတ်မတို့၊ ရှိ-မရှိ ကြည့်ပါဦး....(မှန်ပါ)၊မရှိဘူးဟုတ်လား....(မှန်ပါ)။

ဒါဖြင့် ဆာတာကလေးက အနိစ္စ၊ တွေးလုံးကလေးကော (မဂ္ဂပါဘုရား)၊ဟော....ဒီဉာဏ်ရတယ်၊မရဘူးလား .... (ရပါတယ်ဘုရား)၊ဝိပဿနာ့ဉာဏ်ပဲပြန်ပြန်ရတယ် (မှန်ပါ)၊ဒါဖြင့် ဒီဉာဏ်ကို ရဖန်များလို့ ရင့်လာလို့ရှိယင် ဒကာ ဒကာမတို့ ဒီဉာဏ်အလိုလိုပေါ်မယ်-(မှန်ပါဘုရား)၊သဘောကျပလား-(ကျပါပြီဘုရား)၊

အဲဒီတော့ ဒကာ ဒကာမတို့ တာဝန်က ၁ မှာတာဝန်ရှိတယ်၊ ၂-ဟာ အလိုလိုပေါ်မယ်....(မှန်ပါ)။

၁-ကြိုးစားယင်.... (၂-ဟာအလိုလိုပေါ်ပါမယ်)၊ ၂-အလိုလို ပေါ်မယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ်)၊ အဲဒီတော့ ဒကာဒကာမတို့တာဝန်က ၁-မှာတာဝန်ရှိတယ်၊ ၂-ဟာအလိုလိုပေါ်မယ်....(မှန်ပါဘုရား)၊

၁-ကြိုးစားယင်.... (၂-ဟာအလိုလိုပေါ်ပါတယ်ဘုရား)၊ ၂-အလိုလိုပေါ်မယ်ဆိုတာ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)၊ အဲဒီတော့ အားငယ်စရာရှိရဲ့လား.... (မရှိပါဘုရား)၊ ဒကာဒကာမတို့၊ ဒီသုသိမပရိဗိုဇ်သည် ဘုရားကိုက ၁-နဲ့ဟောလိမ့်ဦးမယ် သူ့ကို....(မှန်ပါ)၊ ၁-ဉာဏ်အလျှင် မေးပြီးပြဦးမယ်၊ပြတဲ့အခါ ၂-ဉာဏ် သူ့ဟာသူပေါ်ဦးမယ်.... (မှန်ပါဘုရား)၊ခိုးရင်းမတ္တနဲ့ကိုပေါ်ဦးမယ်....(မှန်ပါ)။

http://www.dhammadownload.com



အဲဒီဥစ္စာ သေချာတော့ တရားသူခိုးတောင် မဂ်ရသေးတာပဲ၊ တို့တာ တရားလိုချင်လို့၊ တရားလိုချင်လို့ ရအောင်လုပ်တဲ့ပုဂ္ဂိုလ် ဘယ်မှာ မရဘဲရှိမလဲ....(မှန်ပါ့)။

ခိုးတဲ့လူတောင် ရဟန္တာဖြစ်သေးတယ်၊ တကယ်လိုချင်တဲ့လူ ဒကာဒကာမတို့၊ ကိုယ်ကိစ္စ၊ ကိုယ့်ဉာဏ်နဲ့ စေလွှတ်ယင် မပြီးဘဲရှိပါ့မလား.... (မရှိပါဘုရား)၊ သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ သုသိမ တစ်နေ့က ကတည်းက တာဝန်ခံခဲ့တယ်၊ သူတည်ပုံပြောမယ်လို့ ဆိုတာက တာလ,ဝတ္ထုကိုပြောချင်တာနဲ့ ဦးခင်မောင်ရဲ့....အချိန်ကုန်သွားတယ်.... (မှန်ပါ့)။ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဗီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ဤတွင် အမှတ်စဉ် (၅) ပြီးဆုံးပါပြီ။